www.burmeseclassic.com

- စိတ်အညစ်အကြေးကို ဆေးကြောသုတ်သင်ရေး
- စိုးရိမ်ပူဆွေးမှု ငိုကြွေးမှုတို့ကို လွန်မြောက်ရေး
- ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို ချုပ်ငြိမ်းစေရေး
- အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးတို့အတွက်
- တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်သည့် မဂ်လမ်းမကြီးအတိုင်း လျှောက်လှမ်းကြပါစို့။

BURMESE CLASSIC .com

# အမြတ်ဆုံးပန်းတိုင်
# ဆီသို့

ဒု တိ ယ တွဲ

## ဒေါက်တာမင်းတင်မွန်

ပိဋကတ်ကျမ်းဂန်လမ်းညွှန်ချက်များနှင့်အညီ မှန်မှန်ကန်ကန် ကျင့်ကြံအားထုတ်နိုင်ပါမှ အရိယသစ္စာလေးပါးကို ထိုးထွင်းမြင်သိပြီး အမြဲအဲခုံချမ်းသာကို စောန်ရရှိမည်။

ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာ သာသနာနှင့် ကြုံဆုံခိုက်မှာ
မှန်ကန်စွာ ကျင့်ကြံအားထုတ်တတ်မှ အမှန်တရားကို သိမြင်ပြီး
အမြတ်ဆုံး ချမ်းသာကို ရရှိမည်။

# အမြတ်ဆုံးပန်းတိုင် ဧကန်ဝိုင်

(ဒုတိယတွဲ)

ဒေါက်တာမင်းတင်မွန်
အငြိမ်းစား တက္ကသိုလ်ပါမောက္ခ
အကြံပေးပုဂ္ဂိုလ်၊ သာသနာရေးဝန်ကြီးဌာန

မြမွန်ရတနာ စာပေဖြန့်ချိရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
အုတ်ကျင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၈၆၆၁၀

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၁၀/၂၀၀၀)(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၉၆/၂၀၀၀)(၅)

●

**ပုံနှိပ်ခြင်း**

၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ – ၅၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ကွန်ပျူတာစာစီ**

ခွန်မျိုး

●

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁–၂၈၆၆၁၀

●

တန်ဖိုး – ၁၇၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ကိလေသာဗိုလ်ခြေခပင်းကို နှိမ်နင်းချေမှုန်းရန်
သမထ ဝိပဿနာ ဒုံးယာဉ်ကြီးကို အမြန်စီးကာ
သြဃလေးဖြာ သံသရာသမုဒ္ဒရာပြင်ကျယ်ကို ကူးသန်းလျက်
ထာဝရငြိမ်းချမ်းရာ ခေမာသောင်ကမ်းသို့
အရောက်ကြွလှမ်းကြပါစို့။

BURMESE CLASSIC .com

**အမြတ်ဆုံးပန်းတိုင် ကောန်ပိုင်**

- *သတ္တဝါတို့၏ စိတ်အညစ်အကြေးကို ဆေးကြောပေးမည့်၊*
- *စိုးရိမ်ပူပန်ခြင်းနှင့် ငိုကြွေးခြင်းတို့ကို လွန်မြောက်စေမည့်၊*
- *ကိုယ်ဆင်းရဲနှင့် စိတ်ဆင်းရဲတို့ကို ချုပ်ငြိမ်းစေမည့်၊*
- *အရိယမဂ်ကို ရရှိစေမည့်၊*
- *နိဗ္ဗာန်ကို မျက်မှောက်ပြုစေမည့်၊*

*တစ်ကြောင်းတည်းသော ခရီးလမ်း၊ အမြတ်ဆုံးလမ်းဖြစ်သည့် မဇ္ဈိမပဋိပဒါမည်တွင် 'မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား' ကို ပြည့်ပြည့်ဝဝ တိတိပပ သိပွဲနည်းကျ ရှင်းလင်းတင်ပြပါအံ့။*

**လသာခိုက် ဗိုင်းငင်**

*ဗုဒ္ဓုပ္ပါဒ၊ နဝမ၊ ခဏကိုးချက်မြောက်။*

ရုပ်ပြစ်ရှစ်ပါးမှ လွန်မြောက်ရာ ဘုရားသာသနာလျှင် ၉ ခုမြောက်ဖြစ်သော ခေတ်အခါကောင်းကြီးနှင့် ကြုံဆုံခိုက်တွင် အကောင်းဆုံးဘဝဆုလာဘ်ကို လက်ဝယ် ပိုင်ပိုင် ရရှိနိုင်ရန် ဗုဒ္ဓမြတ်စွာ၏ မိန့်မှာချက်နှင့်အညီ ကျင့်ကြံနေထိုင်ကြပါလော့။

- *ငတ်မွတ်ဆာလောင်ခြင်းသည် အကြီးဆုံးသောရောဂါဖြစ်၏၊*
- *ခန္ဓာကိုယ်သည် အကြီးဆုံးသော ဆင်းရဲဖြစ်၏၊*
- *ရာဂနှင့်တူသောမီးသည် မရှိ၊ ဒေါသနှင့်တူသောအပြစ်သည်မရှိ၊*
- *နိဗ္ဗာန်ထက် လွန်မြောက်သောချမ်းသာသည် မရှိ၊*
- *မဂ္ဂင်ရှစ်ပါးသည် မသေရာနိဗ္ဗာန်သို့ ရောက်စေတတ်သော ဘေးအကင်းဆုံးအမြတ်ဆုံးလမ်းဖြစ်၏။*

(ဓမ္မပဒ၊ မဂ္ဂဝဂ်)

www.burmeseclassic.com

www.burmeseclassic.com



ဖားအောက်တောရဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| **နိဒါန်း** | | |
| ပုဂ္ဂိုလ်လေးမျိုး – | – | ၁၃ |
| မချိမပငိုပဒါဟူသော အလယ်လမ်းကျင့်စဉ် | – | ၁၅ |
| ဝိသုဒ္ဓိအဆင့်ဆင့်နှင့် ဝိပဿနာဉာဏ်အဆင့်ဆင့် | – | ၂၀ |
| အကြောင်းအကျိုးညီညွတ်သော ကျင့်စဉ် | – | ၃၀ |
| လမ်းရိုးဟောင်းတွင် လမ်းသစ်ထွင် | – | ၃၁ |
| **အခန်း (၁) စိတ်၏သဘာဝ** | | |
| စိတ်ဟူသည်မှာ | – | ၃၃ |
| နာမ်ဟူသည်မှာ | – | ၃၄ |
| ရုပ်နာမ်နှစ်ပါးသာ | – | ၃၅ |
| နာမ်ကမ္မဋ္ဌာန်းစီးဖြန်းခြင်း | – | ၃၆ |
| **ကာမာဝစရစိတ် ၅၄ ပါး** | – | ၃၇ |
| (၁) အကုသိုလ်စိတ် ၁၂ ပါး | – | ၃၈ |
| (က) လောဘမူစိတ် ၈ ပါး | – | ၃၈ |
| (ခ) ဒေါသမူစိတ် ၂ ပါး | – | ၄၁ |
| (ဂ) မောဟမူစိတ် ၂ ပါး | – | ၄၂ |
| တစ်နေ့တာအဖြစ်များသည့် စိတ်များ | – | ၄၃ |
| (၂) အဟိတ်စိတ် ၁၈ ပါး | – | ၄၄ |
| (က) အကုသလဝိပါက်စိတ် ၇ ပါး | – | ၄၅ |
| (ခ) အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ | – | ၄၆ |
| (ဂ) အဟိတ်ကြိယာစိတ် ၃ ပါး | – | ၄၆ |
| အဟိတ်စိတ်များ အရေးပါပုံ | – | ၄၇ |
| (၃) ကာမသောဘဏစိတ် ၂၄ ပါး၊ | – | ၄၉ |
| (က) မဟာကုသိုလ်စိတ် ၈ ပါး | – | ၄၉ |
| (ခ) မဟာဝိပါက်စိတ် ၈ ပါး | – | ၅၂ |
| (ဂ) မဟာကြိယာစိတ် ၈ ပါး | – | ၅၂ |
| **မဟဂ္ဂုတ်စိတ် ၂၇ ပါး** | – | ၅၂ |
| (၁) ရူပါဝစရစိတ် ၁၅ ပါး | – | ၅၂ |
| (က) ရူပါဝစရကုသိုလ်စိတ် ၅ ပါး | – | ၅၃ |
| (ခ) ရူပါဝစရဝိပါက်စိတ် ၅ ပါး | – | ၅၃ |
| (ဂ) ရူပါဝစရကြိယာစိတ် ၅ ပါး | – | ၅၃ |
| ဈာန်စိတ်များ ရှင်းလင်းချက် | – | ၅၄ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

(၂) အရူပါဝစရစိတ် ၁၂ ပါး - ၅၇
(က) အရူပါ ဝစရကုသိုလ်စိတ် ၄ ပါး - ၅၇
(ခ) အရူပါဝစရဝိပါက်စိတ် ၄ ပါး - ၅၈
(ဂ) အရူပါဝစရကြိယာစိတ် ၄ ပါး - ၅၈
**လောကီအဘိညာဉ်များ** - ၆၂
ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုး - ၆၆
ဒိဗ္ဗသောတ အဘိညာဉ်တန်ခိုး - ၇၂
ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုး - ၇၄
ပရစိတ္တဝိဇာနန အဘိညာဉ်တန်ခိုး - ၇၆
ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်တန်ခိုး - ၇၇
ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဖြစ်ပေါ်လာပုံ - ၈၀
အုံ့မခန်းဖွယ်ရာ နာမ်စွမ်းအားများ - ၈၂
ကိုယ်တိုင်ဆန်းစစ်နိုင်သည် - ၈၄
**လောကုတ္တရာစိတ်များ** - ၈၅
နိဗ္ဗာန်တက်ရန် လမ်းနှစ်သွယ် - ၈၇
ဘဝပန်းတိုင် - ၈၈

**အခန်း (၂) စေတသိက်များ**
စိတ်ကိုမှီတွယ် စိတ်ကို ခြယ် - ၉၁
စေတသိက် ၅၂ ပါး - ၉၄
(၁) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး - ၉၄
(၂) ပကိဏ်းစေတသိက် ၆ ပါး - ၉၅
(၃) အကုသိုလ်စေတသိက် ၁၄ ပါး - ၉၅
(၄) သောဘဏစေတသိက် ၂၅ ပါး - ၉၇
စိတ်အသီးသီး၌ စေတသိက်များ ယှဉ်ပုံ - ၁၀၀
ဝိထိစိတ်အစဉ်ကိုမြင်မှ စေတသိက်ယှဉ်ပုံကို သိ - ၁၀၁
ပဉ္စဒွါရဝိထိစိတ်အသီးသီး၌ စေတသိက်များ ယှဉ်ပုံ - ၁၀၃
ရူပါဝစရကုသိုလ်ဈာန် ၄ ပါး၌ စေတသိက်ယှဉ်ပုံ - ၁၀၆
စေတသိက်တို့ ခြယ်လှယ်လွှမ်းမိုးပုံ - ၁၀၈
အာသဝေါတရား ၄ ပါး၊ ဥပါဒါန် ၄ ပါး - ၁၀၉
နီဝရဏ ၆ ပါး - ၁၁၀
အနုသယ ၇ ပါး - ၁၁၁
သံယောဇဉ် ၁၀ ပါး၊ ကိလေသာ ၁၀ ပါး - ၁၁၂

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| မဂ်ဖိုလ်အင်အားစု | - | ၁၁၃ |
| အကြောင်းအကျိုးညီညွတ်သော ကျင့်စဉ် | - | ၁၁၅ |
| **အခန်း (၃) နာမ်ကမ္မဋ္ဌာန်းရှုနည်း** | | |
| ဝိပဿနာလုပ်ငန်း | - | ၁၂၃ |
| ဝတ္ထုနှင့်အာရုံ သိမ်းဆည်းရန် လိုပုံ | - | ၁၂၅ |
| ပဉ္စဒွါရနှင့် မနောဒွါရတို့၌ အာရုံပြိုင်တူထင်ပုံ | - | ၁၂၇ |
| စတင်သိမ်းဆည်းရမည့် နာမ်တရားများ | - | ၁၂၈ |
| နာမ်တရားများကို လက်တွေ့သိမ်းဆည်းရာဝယ် | - | ၁၂၉ |
| အာရုံယူသောစိတ်ဝီထိစဉ်များ | - | ၁၃၀ |
| ဝိပါက်အမှန် ဇောအပြန် | - | ၁၃၂ |
| နာမ်ကမ္မဋ္ဌာန်းလက်တွေ့ရှုနည်းစနစ် | - | ၁၃၄ |
| (က) ရူပါရုံလိုင်း – အကောင်းအုပ်စု | - | ၁၃၄ |
| (ခ) ရူပါရုံလိုင်း – မကောင်းအုပ်စု | - | ၁၃၉ |
| (ဂ) သဒ္ဒါရုံလိုင်း၊ ဂန္ဓာရုံလိုင်း၊ ရသာရုံလိုင်း၊ ဖောဋ္ဌဗ္ဗာရုံလိုင်း ရှုနည်းများ | - | ၁၄၅ |
| (ဃ) မနောရုံလိုင်း– အကောင်းအုပ်စုရှုနည်း | - | ၁၄၇ |
| (င) မနောရုံလိုင်း – မကောင်းအုပ်စုရှုနည်း | - | ၁၄၉ |
| (စ) မနောရုံလိုင်း – ဈာန်တရားများကို ရှုနည်း | - | ၁၅၀ |
| (ဆ) ဝိရတီစေတသိက်များနှင့် အပ္ပမညာစေတသိက်များကိုရှုနည်း | - | ၁၅၂ |
| နာမ်တရားဟု ရှုပုံ | - | ၁၅၂ |
| ရုပ်နာမ်ခွဲခြား၍ ရှုပုံ၊ အဇ္ဈတ္တရုပ်နာမ်ခွဲပုံနှင့်ရုပ်နာမ်ပိုင်းခြားပုံ | - | ၁၅၃ |
| ဣရိယာပထနှင့် သမ္ပဇဉ်ရှုကွက် | - | ၁၅၅ |
| စိတ်စေတသိက်တို့ကို တကယ်ဓာတ်ခွဲနိုင်သလား | - | ၁၅၇ |
| အရှင်သာရိပုတ္တရာ ရုပ်နာမ်ဓာတ်ခွဲပုံ | - | ၁၆၅ |
| အံ့မခန်းဖွယ်ရာ ဉာဏ်အလင်း၏စွမ်းရည် | - | ၁၆၇ |
| ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ရောက်ပြီ | - | ၁၆၈ |
| **အခန်း (၄) ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးစပ်ရှုနည်း** | | |
| ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ | - | ၁၇၀ |
| ပဋိစ္စသမုပ္ပါဒ်ကို သိဖို့လိုပုံ | - | ၁၇၁ |
| ပရိညာသုံးတန် ထူးသိဉာဏ် | - | ၁၇၂ |
| ပဋိစ္စသမုပ္ပါဒ်တရားတော် | - | ၁၇၄ |
| ပဋိစ္စသမုပ္ပါဒ် ရှုကွက် | - | ၁၇၆ |
| ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးစပ်ပုံ ၅ နည်း | - | ၁၇၇ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| အတိတ်ဖြစ်ရုပ်များကို မေ့ပျောက်စေသည့်အကြောင်းများ | - | ၁၇၈ |
| အတိတ်အကြောင်းများကို သိမြင်နိုင်သည့် နည်းလမ်း | - | ၁၈၀ |
| ထောက်တည်ရာကို ရယူကြ | - | ၁၈၂ |

**အခန်း (၅) လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ရှုခန်း**

| | | |
|---|---|---|
| ပရမတ်အမြင် စင်ကြယ်ဖို့လိုသည် | - | ၁၈၃ |
| လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟူသည်တို့ကား | - | ၁၈၆ |
| ရုပ် ၂၈ ပါးတို့၏ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် | - | ၁၈၇ |
| ရုပ်တရားများကို လက္ခဏ၊ ရသ စသည် ရှုပုံ | - | ၁၉၃ |
| နာမ်တရားများ၏ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် | - | ၁၉၄ |
| ဝေဒနာက္ခန္ဓာကို လက္ခဏ၊ ရသ စသည်ရှုခြင်း | - | ၁၉၈ |
| သညာက္ခန္ဓာကို လက္ခဏ၊ ရသ စသည် ရှုခြင်း | - | ၁၉၉ |
| သင်္ခါရက္ခန္ဓာကို လက္ခဏ၊ ရသ စသည် ရှုခြင်း | - | ၁၉၉ |
| သဗ္ဗစိတ္တသာဓာရဏစေတသိက်များ | - | ၂၀၀ |
| ပကိဏ်းစေတသိက် ၆ ပါး | - | ၂၀၁ |
| အကုသိုလ်စေတသိက် ၁၄ ပါး | - | ၂၀၂ |
| သောဘဏသာဓာရဏစေတသိက် ၁၉ ပါး | - | ၂၀၆ |
| ဝိရတိစေတသိက် ၃ ပါး၊ ပြဟ္မစိုရ်တရား ၄ ပါး | - | ၂၁၀ |
| ပညိန္ဒြေ ခေါ် အမောဟစေတသိက် | - | ၂၁၂ |
| နာမ်တရားများကို လက္ခဏ၊ ရသ စသည်ရှုပုံ | - | ၂၁၃ |
| ရုပ်နှင့်နာမ်တို့ကို တစ်လှည့်စီခွဲ၍ လက္ခဏ၊ ရသ စသည်ရှုပုံ | - | ၂၁၄ |
| ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ရပ်တို့၏ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် | - | ၂၁၅ |
| ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို လက္ခဏ၊ ရသ စသည်ရှုပုံ | - | ၂၁၉ |
| လက္ခဏ၊ ရသ စသည့်နည်းဖြင့် ရုပ်နာမ်သိမ်းဆည်းခြင်း၏ အကျိုး | - | ၂၂၁ |

**အခန်း (၆) ဝိပဿနာစခန်း**

| | | |
|---|---|---|
| ဝိပဿနာဆိုတာ ဘာလဲ | - | ၂၂၃ |
| ဝိပဿနာရှုအပ်သော တရားများ | - | ၂၂၇ |
| ဝိပဿနာရှုရန် အခြေခံလိုအပ်ချက်များ | - | ၂၂၈ |
| ဉာတပရိညာတွင်မည် ပရိဂ္ဂဟ ငါးလီ | - | ၂၃၇ |
| လက်တွေ့ ဝိပဿနာရှုနည်းများ | - | ၂၄၀ |
| (၁) ရုပ်တရားများကို ဝိပဿနာရှုနည်း | - | ၂၄၀ |
| (၂) အသုဘရှုနည်း (ရှင်အသုဘ+ သေအသုဘ) | - | ၂၄၃ |
| (၃) နာမ်တရားများကို ဝိပဿနာရှုနည်း | - | ၂၄၄ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


(၄) ရုပ်နှင့်နာမ် တွဲ၍ဝိပဿနာရှုနည်း - ၂၄၅
(၅) အဒ္ဓါပစ္စုပ္ပန်ဝိပဿနာရှုနည်း - ၂၄၆
(၆) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဝိပဿနာရှုနည်း - ၂၄၆
(၇) ဩဠာရိက–သုခုမ၊ ဟီန–ပဏီတ၊ ဒူရ–သန္တိက ရှုနည်း - ၂၄၇
(၈) ပစ္စုပ္ပန်ခန္ဓာငါးပါးကို ဝိပဿနာရှုနည်း - ၂၄၇
(၉) အတိတ်– ပစ္စုပ္ပန်– အနာဂတ် အဆက်ဆက်ခန္ဓာငါးပါးကို
ဝိပဿနာရှုနည်း - ၂၄၈
(၁၀)တော ၄၀ ရှုနည်း - ၂၄၉
(၁၁)ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးတရားများကို ဝိပဿနာရှုနည်း - ၂၅၅
(၁၂)ရူပသတ္တက ရှုနည်း - ၂၅၆
(၁၃)အရူပသတ္တက ရှုနည်း - ၂၅၉
သမ္မသနဉာဏ်တစ်ဖက်ကမ်းခတ်ပြီ - ၂၆၂
ဥဒယဗ္ဗယဉာဏ်စခန်း - ၂၆၃
(၁၄)ခဏပစ္စုပ္ပန်ဆိုက်အောင် ဝိပဿနာရှုနည်း - ၂၆၄
ဥဒယဗ္ဗယဉာဏ်ပိုင်း အကျယ်ရှုပွားနည်း - ၂၆၄
(၁၅)သမုဒယ ဓမ္မာနုပဿီ - ၂၆၄
(၁၆)ဝယဓမ္မာနုပဿီ - ၂၆၅
(၁၇)သမုဒယ–ဝယဓမ္မာနုပဿီ - ၂၆၇
သင်္ခါရနှင့် ကမ္မဘဝတို့၏ ထူးခြားချက် - ၂၆၉
ဥဒယဗ္ဗယအကျယ်ရှုပွားခြင်း၏ အကျိုးတရားများ - ၂၇၀
သစ္စာလေးပါး ထင်ရှားလာပုံ - ၂၇၀
ပဋိစ္စသမုပ္ပါဒ်သဘောတရားများ ထင်ရှားလာပုံ - ၂၇၁
အကြောင်းအကျိုးဆက်နည်း ၄ ပါး ထင်ရှားလာပုံ - ၂၇၂
လက္ခဏာ ၅ ပါး ထင်ရှားလာပုံ - ၂၇၃
ပစ္စုပ္ပန် ၃ မျိုးနှင့် တရုဏဝိပဿနာဉာဏ် - ၂၇၄
ဥပက္ကိလေသ ၁၀ ပါး - ၂၇၇
လမ်းမှန်နှင့် လမ်းမှား ပိုင်းခြား၍သိပြီ - ၂၈၁


### အခန်း (၇) နိဗ္ဗာန်ခရီး၏ ဉာဏ်လမ်းမကြီး


ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်း - ၂၈၃
(၁၈)အနုပဿနာ ၄ ပါး ရှုနည်း - ၂၈၃
(၁၉)ဣရိယာပထ–သမ္ပဇည ရှုနည်း - ၂၈၅
(၂၀)ဘင်္ဂါနုပဿနာရှုနည်း - ၂၈၅
ရုပ်ကလာပ်များ ပျောက်ကွယ်ပြီ - ၂၈၆


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

(၂၁)ဉာတ–ဉာဏဝိပဿနာရှုနည်း - ၂၈၈
(၂၂)ဦးစားပေး၍ရှုနည်း - ၂၈၉
(၂၃)ပဋိစ္စသမုပ္ပါဒ် အပျက်ရှုနည်း - ၂၉၀
ဘယတုပဋ္ဌာနဉာဏ် (ဘယဉာဏ်) ဖြစ်ပေါ်ခြင်း - ၂၉၀
အာဒီနဝါနုပဿနာဉာဏ် ဖြစ်ပေါ်ခြင်း - ၂၉၁
နိဗ္ဗိဒါနုပဿနာဉာဏ် ဖြစ်ပေါ်ခြင်း - ၂၉၂
မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်ခြင်း - ၂၉၃
(၂၄)ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့်ရှုနည်း - ၂၉၄
သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီ - ၂၉၇
အနုလောမဉာဏ်မှတစ်ဆင့်တက်ပြီ - ၃၀၁
ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် - ၃၀၃

### အခန်း (၈) အရိယာစခန်း

ဉာဏဒဿနဝိသုဒ္ဓိ၊ သောတာပတ္တိမဂ်ဉာဏ် - ၃၀၄
သောတာပန်ပုဂ္ဂိုလ် - ၃၀၆
သကဒါဂါမိမဂ်ဉာဏ်၊ သကဒါဂါမ်ပုဂ္ဂိုလ် - ၃၀၉
အနာဂါမိမဂ်ဉာဏ်၊ အနာဂါမ်ပုဂ္ဂိုလ် - ၃၁၀
အရဟတ္တမဂ်ဉာဏ်၊ ရဟန္တာပုဂ္ဂိုလ် - ၃၁၁
ဖလသမာပတ်ဝင်စားခြင်း - ၃၁၂
နိရောဓ သမာပတ် ဝင်စားခြင်း - ၃၁၄
အမြတ်ဆုံးပန်းတိုင်ဟူသည်ကား - ၃၁၇
ကေန်ပိုင်ပိုင် တက်လှမ်းနိုင် - ၃၁၉
သင်ရိုးကျေလျှင် ဘွဲ့ရမည် - ၃၂၀
ဘွဲ့နှင့် ထိုက်ထိုက်တန်တန် - ၃၂၅
ဝိမောက္ခ ၃ ပါး - ၃၂၈
အမြတ်ဆုံးပန်းတိုင် ကေန်ပိုင် - ၃၃၀
ဆန္ဒမွန် - ၃၃၂
ကျမ်းကိုးစာရင်း - ၃၃၃

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

## ဓမ္မစကြာ ဦးတရားတော်

ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ယိုနှစ် ဝါဆိုလပြည့်နေ့တွင် ဓမ္မဆော်ဦးတရားတော်ဖြစ်သည့် "ဓမ္မစကြာ တရားတော်" ကို ဟောကြားတော်မူ၏။

*ဒွေ မေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။*

*"ရဟန်းတို့ ... ရသေ့ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် အစွန်းရောက်သည့် အယုတ်တရားနှစ်ပါးကို မမှီဝဲအပ်ပေ။"*

ဤတရားဦး ဟောကြားတော်မူသောအခါ သမယသည် အနောက်ကောင်းကင်ဘက်၌ နေဝန်းကြီးက ဝင်လုဆဲဆဲ၊ အရှေ့ကောင်းကင်၌ လပြည့်ဝန်းကြီးက ပေါ်ထွန်းခါစအချိန်ဖြစ်၍ မိဂဒါဝုန်တောကြီးမှာ ရှုမငြီးဖွယ်ရာ တင့်မောသာယာလျက်ရှိသည်။ တရားနာယူကြသော လူပရိသတ်မှာ ပဉ္စဝဂ္ဂီငါးဦးသာရှိသော်လည်း နတ်ဗြဟ္မာပရိသတ်မှာ မရေတွက်နိုင်အောင် များပြားလှသည်။ စကြဝဠာတိုက်တစ်သောင်းမှ ခညောင်းရောက်ရှိလာကြသော ပါရမီရင့်ကျက်သည့် ဗြဟ္မာအရေအတွက်မှာ ၁၈ ကုဋေရှိသည်။

*ကတမေဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ*

*ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။*

*"ထိုအယုတ်တရားနှစ်ပါးကား အဘယ်နည်း၊ လိုချင်နှစ်သက်ဖွယ်ရာ ကာမဂုဏ်အာရုံတို့၌ နှစ်သက်သာယာလျက် ကာမချမ်းသာကို အဖန်ဖန်ခံစားခြင်း ဖြစ်စေခြင်းသည် အယုတ်တရားတစ်ပါး၊ ဤတရားသည် ယုတ်ညံ့၏၊ ရွာသူရွာသားတို့၏ အလေ့အကျင့်ဖြစ်၏၊ ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်၏၊*

www.burmeseclassic.com

www.burmeseclassic.com



အရိယာသူမြတ်တို့၏အလေ့အကျင့် မဟုတ်၊ အလိုရှိအပ်သော အကျိုးစီးပွား နှင့်လည်း မစပ်ဆိုင်ပေ။"

ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

"မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် အားထုတ်ခြင်းဟူသော အယုတ်တရား ကလည်း တစ်ပါး၊ ဤတရားသည် ဆင်းရဲခြင်းကိုဖြစ်စေသောတရားသာတည်း၊ အရိယာသူမြတ်တို့၏အကျင့်တရားမဟုတ်၊ အလိုရှိအပ်သောအကျိုးစီးပွားနှင့် လည်း မစပ်ဆိုင်ပေ။"

ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂ္ဂမ္မ မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

"ရဟန်းတို့...ဆိုခဲ့ပြီးသော အယုတ်တရားနှစ်ပါးတို့ကို မကပ်ရောက်မူ၍ ငါဘုရားသည် အလယ်လမ်းဖြစ်သောအကျင့်ကို ထိုးထွင်း၍သိခဲ့လေပြီ။ ထိုအကျင့်သည် ပညာမျက်စိကို ပြုတတ်ဖြစ်စေတတ်၏၊ အသိဉာဏ်ကိုပြုတတ် ဖြစ်စေတတ်၏၊ ကိလေသာခပ်သိမ်းတို့ကို ငြိမ်းအေးစေတတ်၏၊ သစ္စာလေးပါး ကို ထူးသောဉာဏ်ဖြင့် သိစေတတ်၏၊ ထိုးထွင်း၍သိစေတတ်၏၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုစေတတ်၏။"

အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ။
သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ
သမ္မာကမ္မန္တော သမ္မာအာဇီဝေါ
သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

"ထိုအလယ်လမ်းအကျင့်သည် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်အကျင့်မြတ်ပေ တည်း။" ထိုမဂ္ဂင်အကျင့်မြတ်သည် အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ = ကောင်းစွာမြင်သိမှု (ပညာ)
(၂) သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်မှု (ဝိတက်)
(၃) သမ္မာဝါစာ = ကောင်းစွာပြောဆိုမှု (သမ္မာဝါစာ)
(၄) သမ္မာကမ္မန္တော = ကောင်းစွာပြုလုပ်မှု (သမ္မာကမ္မန္တ)
(၅) သမ္မာအာဇီဝေါ = ကောင်းစွာအသက်မွေးမှု (သမ္မာအာဇီဝ)
(၆) သမ္မာဝါယာမော = ကောင်းစွာအားထုတ်မှု (ဝီရိယ)

www.burmeseclassic.com

www.burmeseclassic.com



*(၇) သမ္မာသတိ = ကောင်းစွာအမှတ်ရမှု (သတိ)*

*(၈) သမ္မာသမာဓိ = ကောင်းစွာတည်ကြည်မှု (ဧကဂ္ဂတာ)*

*ဤအင်္ဂါရှစ်ပါးရှိသော ကျင့်စဉ်တရားပေတည်း။"*

မြတ်စွာဘုရားသည် ဓမ္မစကြာတရားတော်၌ အလယ်လမ်းအကျင့်မြတ်ဖြစ်သည့် မဂ္ဂင်ရှစ်ပါးအကျင့်တရားဖြင့် အရိယာသစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် ထိုးထွင်း၍မြင်သိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်းကို ဟောကြားတော်မူ၏။ သို့သော် ထိုအကျင့်တရားကို အကျယ်ရှင်းပြတော်မမူချေ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့၏ အနက်သဘောနှင့် ဤသစ္စာလေးပါးတို့၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တို့ အသီးသီးဖြစ်ပေါ်ပုံကို ဆက်လက်ဟောကြားတော်မူ၏။

ပဉ္စဝဂ္ဂီတို့သည် ပါရမီဉာဏ်ရင့်သန်သူများ ဖြစ်ကြသဖြင့် သူတို့၏ အသိဉာဏ်နှင့် လျော်ညီအောင် မြတ်စွာဘုရား တရားဟောကြားတော်မူခြင်း ဖြစ်၏။ တရားတော်ပြီးဆုံးသည့်အခါ အရှင်ကောဏ္ဍညသည် သောတာပတ္တိမဂ်ဖိုလ်သို့ဆိုက်ရောက်၍ သောတာပန်ဖြစ်လေ၏။ အလားတူပင် ပါရမီရင့်ကျက်နေကြသော ဗြဟ္မာ ၁၈ ကုဋေတို့သည်လည်း တရားထူးသိမြင်၍ ရဟန္တာများ ဖြစ်ကြလေ၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များဖြစ်ကြသော နတ်ဗြဟ္မာတို့ကား မရေတွက်နိုင်အောင် များပြားလှပေ၏။

ဓမ္မစကြာတရားတော်၏ အကျိုးကျေးဇူးကား ကြီးမားလှပေစွ။

## ပုဂ္ဂိုလ်လေးမျိုး

**အင်္ဂုတ္တိုရ်ပါဠိတော်၊ ပုဂ္ဂလဝဂ်၊ ဥဂ္ဃဋိတညူသုတ်** ၌ လောကတွင် အောက်ပါ ပုဂ္ဂိုလ် ၄ မျိုးရှိကြောင်းကို မြတ်စွာဘုရားဟောကြားတော်မူသည်။

(၁) *ဥဂ္ဃဋိတညူပုဂ္ဂိုလ်* = အကျဉ်းမျှတရားဟောရုံဖြင့် တရားကိုသိ၍ အကျွတ်တန်းဝင်သူ၊

(၂) *ဝိပဉ္စိတညူပုဂ္ဂိုလ်* = အကျယ်ဟောကြားသော တရားကို နာကြားရသဖြင့် မဂ်ဖိုလ်ရသူ၊

(၃) *နေယျပုဂ္ဂိုလ်* = တရားတော်ကို နာယူမှတ်သားပြီး သမထ–ဝိပဿနာကျင့်ကြံပွားများမှ မဂ်ဖိုလ်ရသူ၊

(၄) *ပဒပရမပုဂ္ဂိုလ်* = တရားနာယူရုံမျှသာဖြစ်၍ ဤဘဝတွင် ကျင့်ကြံအားထုတ်သော်လည်း ဈာန်မဂ်ဖိုလ် မရထိုက်သူ။

www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာအလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် ပဥ္စဝဂ္ဂီ ၅ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် အရှင်အဿဇိမထေရ်ထံမှ အောက်ပါဂါထာကို ကြားနာရ၏။

*ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတောအာဟ။*
*တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီမဟာသမဏော။*

*"အကြင်ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့သည် တဏှာဟူသော သမုဒယသစ္စာလျှင် အကြောင်းရင်း ရှိကုန်၏။ ထိုဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါးကိုလည်းကောင်း၊ ထိုဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါးတို့ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိရောဓသစ္စာနှင့် မဂ္ဂသစ္စာနှစ်ပါးကိုလည်းကောင်း၊ ငါတို့ဆရာ မြတ်စွာဘုရားသည် ခွဲခြားစိတ်ဖြာ၍ ဟောကြားတော်မူပေ၏။ သုံးလူ့ဥက္ကဋ္ဌ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့သစ္စာလေးပါးအမှန်တရားကို ခွဲခြားစိတ်ဖြာတတ်သော ဝိဘဇ္ဇအယူဝါဒ ရှိတော်မူ၏။"*

ဥပတိဿပရိဗိုဇ်သည် အဆိုပါတရားဂါထာရေ့ထက်ဝက်ကို ကြားနာရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဥပတိဿပရိဗိုဇ်သည် အဆိုပါဂါထာကို သူငယ်ချင်းဖြစ်သော ကောလိတပရိဗိုဇ်အား ဟောကြားသည့်အခါ ဂါထာအဆုံး၌ ကောလိတပရိဗိုဇ်သည်လည်း သောတာပတ္တိဖိုလ်၌တည်လေ၏။ ကောလိတပရိဗိုဇ်သည် အရှင်မဟာမောဂ္ဂလာန်အလောင်းဖြစ်၏။

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်လောင်းလျာတို့သည် အနောမဒဿီမြတ်စွာဘုရားထံမှ အဂ္ဂသာဝကဖြစ်ရန် ဗျာဒိတ်ခံယူပြီးနောက် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းစီ ပါရမီဖြည့်ကျင့်ခဲ့ကြသည်။ ထို့ကြောင့် ဤနောက်ဆုံး (ပစ္ဆိမ) ဘဝတွင် ဥဃဋိတညူပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ပွင့်အံ့ဆဲဆဲဖြစ်သော ပဒုမ္မာကြာပန်းသည် နေအလင်းရောင်ရသည်နှင့်တစ်ပြိုင်နက် ပွင့်လန်းလာသကဲ့သို့ ဥဃဋိတညူပုဂ္ဂိုလ်တို့သည်လည်း တရားအကျဉ်းမျှ နာကြားကြရလျှင်ပင် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ကူးပြောင်းသွားကြလေ၏။

အရှင်ကောဏ္ဍညအလောင်းသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်၌ ပွင့်ထွန်းတော်မူသည့် ပဒုမုတ္တရမြတ်စွာဘုရားနှင့် သံဃာတော်တို့အား အလှူကြီးပေးပြီးလျှင် "နောင်ဘုရားတို့၏ သာသနာတော်၌ ရှေးဦးစွာ တရားတော်ကို သိရပါလို၏" ဟု ဆုတောင်း၏။ ဘုရားရှင်ကလည်း ဤဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ဖြဟ္မာ ၁၈ ကုဋေတို့နှင့် အတူတကွ ဓမ္မစကြာတရားဦးကို နာ၍ ရှေးဦးစွာ တရားသိရလတ္တံ့" ဟု ဗျာဒိတ်ပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘဝမှသည် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကျင့်ခဲ့သဖြင့် ဤဂေါတမမြတ်စွာဘုရား၏ သာသနာတွင် ရှေးဦးစွာတရားသိမြင်သော ကောဏ္ဍညအရှင် မဟာသာဝကဖြစ်လာရပေ၏။ ကျန်ပဉ္စဝဂ္ဂီ(၄)ဦးဖြစ်သော အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမနှင့် အရှင်အဿဇိတို့သည်လည်း အလားတူ ကမ္ဘာတစ်သိန်းစီ ပါရမီဖြည့်ကျင့်ခဲ့ကြသဖြင့် လွယ်ကူစွာ တရားသိမြင်ကြကာ မဟာသာဝက အဖြစ်သို့ ရောက်ရှိတော်မူကြသည်။

အကြောင်းနှင့်လျော်ညီသော အကျိုးသည် ဖြစ်ပေါ်ရစမြဲတည်း။ ဤဘုရားသာသနာ၌ ဥဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်များ အမြောက်အမြားပေါ်ထွန်းခဲ့ကြ၏။ နေယျပုဂ္ဂိုလ်များနှင့် ပဒပရမပုဂ္ဂိုလ်များလည်း အများအပြားပင် ရှိကြရာ နေယျပုဂ္ဂိုလ်တို့ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်နိုင်ရေးအတွက် မြတ်စွာဘုရားသည် ၄၅ ဝါပတ်လုံး တရားတော်ကို ချဲ့ထွင်ဟောကြားတော်မူခဲ့၏၊ လက်တွေ့ကျင့်ကြံအားထုတ်နည်းများကိုလည်း အသေးစိတ်ညွှန်ကြားတော်မူခဲ့၏။

သာသနာတော်နှစ် ၂၅၀၀ ကျော်လွန်လာပြီဖြစ်သော ယခုခေတ်၌ နေယျနှင့် ပဒပရမပုဂ္ဂိုလ်များသာ ရှိကြလိမ့်မည်ဟု ယူဆရ၏။ တရားအကြိမ်ကြိမ်နာယူဖတ်ရှုလေ့လာပြီးဖြစ်ပါလျက် တရားထူးမရကြသေးသောပုဂ္ဂိုလ်များသည် မဂ္ဂင်ရှစ်ပါး လက်တွေ့အကျင့်တရားကို အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းအားထုတ်ကြရမည်မလွဲတည်း။

## မဇ္ဈိမပဋိပဒါဟူသော အလယ်လမ်းကျင့်စဉ်

ပင်လယ်သမုဒ္ဒရာရေအားလုံးသည် ငန်သောအရသာတစ်မျိုးတည်းရှိသကဲ့သို့ မြတ်စွာဘုရားဟောကြားတော်မူသော တရားအလုံးစုံသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းဟူသည့် ဝိမုတ္တိရသတစ်မျိုးတည်းသာ ရှိပေ၏။

ပိဋကတ်သုံးပုံကို အနှစ်ထုတ်လိုက်လျှင် **ဗောဓိပက္ခိယ** (မဂ်ဉာဏ်၏ အသင်းအပင်း)၃၇ပါးကို ရ၏။ ဗောဓိပက္ခိယတရား ၃၇ ပါးကို တစ်ဖန်အနှစ်ထုတ်ယူလျှင် မဂ္ဂင်ရှစ်ပါးကို ရ၏။ မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံးလိုက်လျှင် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတည်းဟူသော အကျင့်တရား ၃ ပါးကို ရ၏။

(၁) **သီလသိက္ခာတွင်** အောက်ပါသီလမဂ္ဂင် ၃ ပါး ပါဝင်၏။

*သမ္မာဝါစာ* = ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြဉ်ခြင်း၊

*သမ္မာကမ္မန္တ* = ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်ခြင်း၊

*သမ္မာအာဇီဝ* = အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်၍ ဝစီဒုစရိုက်၄ပါးနှင့် ကာယဒုစရိုက် ၃ပါးတို့ကို ရှောင်ကြဉ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် လူဝတ်ကြောင်များအတွက် ကိုယ်နှုတ်နှစ်ပါးကို အပြစ်ကင်းစင်အောင် စောင့်ထိန်းခြင်းဟူသော ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းလျှင် သီလသိက္ခာနှင့်ပြည့်စုံသည်ဟု ဆိုနိုင်၏။ တရားရိပ်သာတစ်ခုခု၌ တရားအားထုတ်စဉ်အခါမှ ရှစ်ပါးသီလ သို့မဟုတ် ကိုးပါးသီလကို စောင့်ထိန်းနိုင်လျှင် ပို၍ကောင်းမွန်၏။ လောကုတ္တရာချမ်းသာကို ရည်မှန်းသော အဓိသီလဖြစ်ရန်လို၏။

ရဟန်းသံဃာများအတွက်မူ **စတုပါရိသုဒ္ဓိသီလ** ခေါ် အောက်ပါသီလ ၄ မျိုးကို လုံခြုံအောင် စောင့်ထိန်းကြရ၏။

| | | |
|---|---|---|
| *ပါတိမောက္ခသံဝရသီလ* | = | ဝိနည်းသိက္ခာပုဒ်များကို လုံခြုံစွာစောင့်ထိန်းခြင်း၊ |
| *ဣန္ဒြိယသံဝရသီလ* | = | မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တည်းဟူသော ဒွါရ(၆)ပါး၌ ဆိုင်ရာအာရုံများထိတိုက်လာသည့်အခါ ကိလေသာ မဖြစ်ပေါ်အောင် စောင့်ထိန်းခြင်း၊ |
| *အာဇီဝပါရိသုဒ္ဓိသီလ* | = | အသက်မွေးမှု သန့်ရှင်းစင်ကြယ်အောင် စောင့်စည်းခြင်း၊ |
| *ပစ္စယသန္နိဿိတသီလ* | = | ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တို့ကို သုံးဆောင်ရာတွင် ကိလေသာမဖြစ်ပေါ်အောင် ဆင်ခြင်သုံးစွဲခြင်း။ |

တရားအားထုတ်နေကြသော လူယောဂီများအတွက် ၈ ပါး သို့မဟုတ် ၉ ပါးသီလသည် ပါတိမောက္ခသံဝရသီလ ဖြစ်၏၊ ဣန္ဒြိယသံဝရသီလနှင့် ပစ္စယသန္နိဿိတ သီလတို့ကို လူယောဂီများလည်း စောင့်ထိန်းသင့်ကြ၏။ ဤသီလများလုံခြုံလျှင် သမာဓိလျင်မြန်စွာဖြစ်ပေါ်လာနိုင်သည်။

**သီလသိက္ခာ** ဖြင့် ဒုစရိုက်များကို ကျူးလွန်စေတတ်သော အကြမ်းစားကိလေသာ**(ဝီတိက္ကမကိလေသာ)** တို့ကို စိတ်အစဉ်၌ မဖြစ်ပေါ်အောင် ထိန်းချုပ်ထားနိုင်၏။

သို့အတွက် သီလစင်ကြယ်လျှင် ရွှင်လန်းဝမ်းမြောက်ခြင်းဟူသော ပီတိ–ပါမောဇ္ဇဖြစ်ပေါ်မည်။ ပီတိ–ပါမောဇ္ဇဖြစ်လျှင် ငြိမ်းအေးခြင်း–ပဿဒ္ဓိဖြစ်ပေါ်မည်။ ပဿဒ္ဓိဖြစ်ပေါ်လျှင် ချမ်းသာခြင်း–သုခ ဖြစ်ပေါ်မည်။ သုခဖြစ်ပေါ်လျှင် စိတ်တည်ကြည်ခြင်း– သမာဓိ ဖြစ်ပေါ်လာမည်။

ထို့ကြောင့် သီလသိက္ခာသည် သမာဓိသိက္ခာကို ကျေးဇူးပြုသည်။ သီလ

www.burmeseclassic.com

www.burmeseclassic.com



မစင်ကြယ်လျှင် သမာဓိသိက္ခာ မပြည့်စုံနိုင်ပါ။ သမာဓိသိက္ခာ မပြည့်စုံလျှင် ပညာသိက္ခာသို့ မတက်လှမ်းနိုင်ပါ။

(၂) **သမာဓိသိက္ခာ** တွင် အောက်ပါမဂ္ဂင် ၃ ပါး ပါဝင်၏။

| | | |
|---|---|---|
| *သမ္မာဝါယာမော* | = | သမ္မပ္ပဓာန် ၄ ပါးနှင့် ပြည့်စုံအောင် ကောင်းစွာအားထုတ်ခြင်း၊ |
| *သမ္မာသတိ* | = | သတိပဋ္ဌာန် ၄ ပါးနှင့် ပြည့်စုံအောင် ကောင်းစွာအောက်မေ့အမှတ်ရခြင်း၊ |
| *သမ္မာသမာဓိ* | = | အာရုံတစ်ခုတည်း၌ စိတ်စေတသိက် အစဉ်တို့ ငြိမ်ဝပ်တည်တံ့နေအောင် ကောင်းစွာ တည်ကြည်ခြင်း။ |

စိတ်တွင် အနန္တ တန်ခိုးရှိသည်ဆိုသော်လည်း ပျံ့လွင့်နေသောစိတ်သည် မထက်မြက်ပါ။ သမာဓိနှင့်ယှဉ်သော စိတ်ကသာလျှင် ပညတ်အကာကို ဖောက်ထွင်း၍ ပရမတ်အနှစ်အသားသို့ရောက်အောင် ထိုးဖောက်မြင်နိုင်စွမ်းရှိသည်။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တည်းဟူသော ပရမတ်တရားများတွင် အကောင်အထည်ပုံသဏ္ဍာန်တို့ မရှိကြပါ။ သို့အတွက် အထက်မြက်ဆုံး သိပ္ပံကိရိယာများဖြင့် စမ်းသပ်ကြည့်ရှုလျှင်လည်း မမြင်သိနိုင်ပါ။ အလွန်သိမ်မွေ့သော အလွန်နက်နဲသော ပရမတ်တရားများကို သိပ္ပံကိရိယာထက်သာလွန်သည့် **"သမာဓိမျက်မှန်"** ဖြင့် ကြည့်မှသာလျှင် မပင်မပန်းဘဲ ချမ်းသာလွယ်ကူစွာ မြင်တွေ့နိုင်သည်ဟု **လယ်တီဆရာတော်ဘုရား** က "ကမ္မဋ္ဌာန်းကျမ်းကြီး" စာမျက်နှာ ၂၄၀ တွင် ရေးသားမိန့်ဆိုထားပါသည်။

ဝိပဿနာလက်နက်ကောင်းအဖြစ် သမာဓိကို ထူထောင်ကြရန် မြတ်စွာဘုရားသည် ရဟန်းတို့အား အကြိမ်ကြိမ်တိုက်တွန်းတော်မူခဲ့သည်။

*သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော*
*ဘိက္ခဝေဘိက္ခု ယထာဘူတံ ပဇာနာတိ။*

(သံ၊ ၂၊ ၁၂။ သမာဓိသုတ္တန်)

*"ရဟန်းတို့ ... သမာဓိရှိလာအောင် ပွားများအားထုတ်ကြ၊ ရဟန်းတို့ ... သမာဓိရှိသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိမြင်၏။"*

သမာဓိထူထောင်ရန် အရေးကြီးသည့်အတွက် သမာဓိထူထောင်ရာ၌ အသုံးပြုရန် သမထကမ္မဋ္ဌာန်းအမျိုးပေါင်း (၄၀) ကို မြတ်စွာဘုရား ဟောဖော်ညွှန်ကြားတော်မူခဲ့သည်။ မိမိစရိုက်နှင့် လိုက်ဖက်ညီသော ကမ္မဋ္ဌာန်းတစ်ခုကို ရွေးချယ်၍ အနည်းဆုံး ဥပစာရသမာဓိသို့ရောက်အောင် ရှုပွားရမည်၊ ပိဋကကျမ်းဂန်

www.burmeseclassic.com

www.burmeseclassic.com



တွင် ညွှန်ပြထားသည့်အတိုင်း နည်းလမ်းမှန်ကန်စွာ ရှုပွားနိုင်ပါမှ ဘာဝနာ အဆင့်မှန်မှန်မြင့်တက်ကာ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့ ပုံမှန်ထင်ပေါ်၍ အလိုရှိသောသမာဓိအဆင့်သို့ တက်လှမ်းနိုင်ပေမည်။

ထိုသို့ရှုပွားရာတွင် ဗိုလ် ၅ ပါး၊ ဣန္ဒြေ ၅ ပါးဟု အမည်ရကြသော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ကို ရှေ့တန်းတင်ကာ ကမ္မဋ္ဌာန်းအာရုံ၌ သတိကပ်၍ တည်နေနိုင်ရန် ဝီရိယနှင့်ပံ့ပိုးပြီး ဖွဲကောင်းကောင်းနှင့် ကြိုးစားရှုရပေမည်။

*"စိတ္တဝိသုဒ္ဓိနာမ သဥပစာရာ အဋ္ဌသမာပတ္တိယော"*

*(ဝိသုဒ္ဓိမဂ်၊ ၂၊ ၂၂၂)*

*"ဥပစာရသမာဓိနှင့်တကွ လောကီဈာန်သမာပတ် ရှစ်ပါးတို့သည် စိတ္တဝိသုဒ္ဓိမည်ပေ၏။"*

ဥပစာရသမာဓိဆိုသည်မှာ ဈာန်အနီးအပါးသို့ ရောက်လာသော သမာဓိဖြစ်၏။ ဤသမာဓိသို့ရောက်လျှင် စိတ်၌နိုးကြားထကြွကာ စိတ်မတည်ငြိမ်အောင် စိတ်ဓာတ်ပျော့ညံ့အောင်ခြယ်လှယ်နေကြသည့် **ပရိယုဋ္ဌာနကိလေသာ** ခေါ် အလတ်စား ကိလေသာများကို ယာယီချိုးနှိမ်တွန်းလှန်ထားနိုင်ပေပြီ။ ထိုပရိယုဋ္ဌာန ကိလေသာများသည် ဈာန် မဂ် ဖိုလ်နှင့် ကုသိုလ်တရားတို့မဖြစ်ပေါ်အောင် တားဆီးပိတ်ဆို့တတ်သဖြင့် **"နီဝရဏများ"** ဟုလည်း အမည်ရ၏။

စိတ်အစဉ်မှ နီဝရဏတရားများ ကင်းစင်သွားခြင်းကိုပင် **"စိတ္တဝိသုဒ္ဓိ"** (စိတ်စင်ကြယ်ခြင်း) သို့ရောက်သည်ဟု ဆို၏။ ဤအဆင့်သို့ သမာဓိထူထောင်နိုင်လျှင်ပင် စိတ်၌ ပီတိ, ပဿဒ္ဓိ, သုခ, လဟုတာ, မုဒုတာ, ကမ္မညတာ စသည်တို့ အထူးအားကောင်းလာကြသည့်အတွက် စိတ်အလွန်ငြိမ်းအေးပေါ့ပါး၍ ချမ်းသာနေလေပြီ။ မိမိ၏ ခန္ဓာကိုယ်ကို စူးစိုက်ကြည့်လျှင် အသား, အကြော, အရိုး, အသည်း, အဆုတ်, နှလုံး စသည့် ကောဋ္ဌာသများကို ရှုမြင်နိုင်လေပြီ။ ဤသို့ ရှုမြင်ခြင်းသည် မံသစက္ခု ခေါ် အသားမျက်စိဖြင့် ရှုမြင်ခြင်းမဟုတ်။ သမာဓိယှဉ်သော စိတ်မျက်စိဖြင့် ရှုမြင်ခြင်းဖြစ်သည်။

ဖားအောက်တောရ၌ ယောဂီတို့အား ဓာတ်ကမ္မဋ္ဌာန်းကို နည်းမှန်စွာ ရှုတတ်အောင် စနစ်တကျသင်ပြပေး၏။ ထို့နောက် ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း ရှုနည်းများကို စနစ်တကျ ရှုတတ်အောင် ဆက်လက်သင်ပြပေး၏။ ထိုအခါ ယောဂီတို့သည် ဥပစာရသမာဓိဖြင့်ပင် ဝိပဿနာရှုနိုင်လာကြပါသည်။

သို့သော် ဥပစာရသမာဓိသည် မခိုင်မြဲပါ၊ လမ်းလျှောက်တတ်ခါစ ကလေးသူငယ်များ လမ်းလျှောက်သောအခါ မကြာခဏလဲကျသကဲ့သို့ ဝိပဿနာရှုရင်း

www.burmeseclassic.com

www.burmeseclassic.com



သမာဓိလျှော့ကျသွားနိုင်သည်။ ထို့အပြင် ဥပစာရသမာဓိနှင့်ယှဉ်သော ဘာဝနာ အလင်းရောင်မှာ အားပျော့သဖြင့် ပရမတ်ရုပ်နာမ်များဖြစ်ပျက်နေပုံကို ထိုးစိုက်၍ ရှုကြည့်သည့်အခါ ရှင်းလင်းပြတ်သားစွာ မမြင်ရဘဲ ရှိနေတတ်သည်။

ဈာန်သမာဓိသည် ဥပစာရသမာဓိထက် ပိုမိုခိုင်မြဲ၏။ ဈာန်သမာဓိနှင့် ယှဉ်သော ဘာဝနာအလင်းရောင်မှာ ပိုအားကောင်းသဖြင့် ပိုထိုးဖောက်၍မြင် သိစေနိုင်၏။ သို့အတွက် ဥပစာရသမာဓိသို့ရောက်လျှင် ဈာန်သမာဓိသို့ရောက် အောင် ဆက်လက်ရှုပွားသင့်၏။ ဖားအောက်တောရဆြာ မိတ်ကမ္မဋ္ဌာန်း, အဋ္ဌိက ကမ္မဋ္ဌာန်း,ဩဒါတကသိဏ်း, အာနာပါနဿတိစသည့်ကမ္မဋ္ဌာန်းတို့သည် သမာဓိ ထူထောင်ရန် အလွန်ထက်မြက်သော ကမ္မဋ္ဌာန်းများ ဖြစ်ကြသည်ကို တွေ့ရှိရ ၏။ ဩဒါတကမ္မဋ္ဌာန်းနှင့် အာနာပါနဿတိတို့သည် စတုက္ကနည်း(ဈာန် လေးပါး ရေတွက်နည်း) အရ စတုတ္ထဈာန်သို့ ဆိုက်ရောက်စေသော ကမ္မဋ္ဌာန်းများ ဖြစ်ကြ၏။

**မဟာသတိပဋ္ဌာနသုတ္တန်** – မဂ္ဂသစ္စာနိဒ္ဒေသပိုင်း၌ "ပထမဈာန်၊ ဒုတိယ ဈာန်၊ တတိယဈာန်နှင့် စတုတ္ထဈာန်ဟူသော ရူပါဝစရဈာန် ၄ ပါးကို သမ္မာ သမာဓိဟု ခေါ်ကြောင်း" ဖော်ပြထား၏။ ဤဖော်ပြချက်သည် **"သမ္မာသမာဓိ"** ဖြစ်ရန် ဈာန်တစ်ခုခုရအောင် အားထုတ်ပါဟု တိုက်တွန်းထားခြင်းပင် ဖြစ်၏။

**လယ်တီဆရာတော်ဘုရား** ကလည်း **ပဋ္ဌာန်ုဒ္ဒေသရုပါဋ္ဌီတော် ယောဓာစီဝေါ ပမသုတ်** ကို ကိုးကားလျက်... "ဈာန်သမာပတ်ရှစ်ပါးတို့တွင် တစ်ပါးပါးကို ဝင်စား၍ ဈာန်သမာပတ်မှ ထပြီးလျှင် ရုပ်တရား နာမ်တရားတို့ကို အနိစ္စ လက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာထင်အောင်ရှုရာ၏"ဟု "ကမ္မဋ္ဌာန်း ကျမ်းကြီး" စာမျက်နှာ ၂၃၉ တွင် ရေးသားထားပေ၏။

ဘုရားအလောင်းတော်သည်ပင် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ညဉ့်က မဟာဗောဓိပင်ရင်းရှိအပရာဇိတပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေ၍ တရားရှုပွားရာတွင် စတုတ္ထဈာန်ကိုအခြေခံလျက် ပုဗ္ဗေနိဝါသာနုဿတိနှင့် ဒိဗ္ဗ စက္ခုအဘိညာဉ်တို့ကို ဦးစွာဖြစ်ပေါ်စေပြီးနောက်မှ သင်္ခါရတရားဟူသည့်ပရမတ် ရုပ်နာမ်တို့ကို ဝိပဿနာတင်ရှုတော်မူသည်။

မြတ်စွာဘုရားလက်ထက်က အဘိညာဉ်ကို ဖြစ်ပွားစေပြီးနောက်မှ ဝိပဿနာရှုသည့် ရဟန်းသံဃာများ အများအပြားရှိခဲ့သည်။ ဈာန်အဆင့်မြင့် လေလေ သမာဓိလက်နက်က ပိုထက်မြက်လေလေဖြစ်သဖြင့် ဝိပဿနာရှုရန် ပိုကောင်းလေလေဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) **ပညာသိက္ခာ** တွင် အောက်ပါ မဂ္ဂင် ၂ ပါး ပါဝင်သည်။

*သမ္မာဒိဋ္ဌိ* = ကောင်းစွာသိမြင်မှု၊ အရိယာသစ္စာ ၄ ပါးကို ထိုးထွင်း၍ သိမြင်သော ပညာစေတသိက်၊

*သမ္မာသင်္ကပ္ပ* = ကောင်းစွာကြံစည်မှု၊ အရိယာသစ္စာ ၄ ပါးကို ထိုးထွင်း၍ သိမြင်ရန် ယှဉ်ဖက် စိတ် စေတသိက်တို့ကို သမထအာရုံနှင့် အရိယာ သစ္စာ ၄ ပါးအာရုံသို့ ရှေးရှုတင်ပေးသော ဝိတက်စေတသိက်။

**သမ္မာဒိဋ္ဌိ** သည် ၆ မျိုးရှိ၏။ (အံ-၄၊ တ-၄၅)

(၁) *ကမ္မဿကတာသမ္မာဒိဋ္ဌိ* = ကံနှင့်ကံ၏အကျိုးရှိသည်ကို ယုံကြည်သော အသိဉာဏ်၊

(၂) *ဈာနသမ္မာဒိဋ္ဌိ* = ဈာန်သမာဓိနှင့်ယှဉ်သော ဉာဏ်ပညာ၊

(၃) *ဝိပဿနာသမ္မာဒိဋ္ဌိ* = ပရမတ် ရုပ်နာမ်တရားများကို ပိုင်းပိုင်းခြားခြားမြင်သိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမြင်သော ဉာဏ်၊ ဝိပဿနာဉာဏ်၊

(၄) *မဂ္ဂသမ္မာဒိဋ္ဌိ* = မဂ်စိတ် ၄ ပါးနှင့် ယှဉ်သော ဉာဏ်၊ မဂ်ဉာဏ်၊

(၅) *ဖလသမ္မာဒိဋ္ဌိ* = ဖိုလ်စိတ် ၄ ပါးနှင့် ယှဉ်သောဉာဏ်၊ ဖိုလ်ဉာဏ်၊

(၆) *ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ* = မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ၊ ကြွင်းကျန်နေသည့် ကိလေသာတို့ကို ဆင်ခြင်သိမြင်နိုင်သော ဉာဏ်။

**သမ္မာသင်္ကပ္ပမဂ္ဂင်** သည် အထက်ပါ ဉာဏ်အဆင့်ဆင့်ဖြစ်ပေါ်ရန်အတွက် ကသိုဏ်အာရုံ၊ သမထဘာဝနာအာရုံနှင့် ပရမတ်ရုပ်နာမ်တရားအာရုံတို့အပေါ် သို့ ယှဉ်ဖက်စိတ်စေတသိက်တို့ကို တင်ပေးတတ်သည့် ဝိတက်စေတသိက် ဖြစ် သည်။ ဝိပဿနာဉာဏ်အဆင့်ဆင့်နှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြစ်ပေါ်နိုင်ရန် နှင့် ပရမတ်ရုပ်နာမ်တရားတို့၏ အကြောင်းအကျိုးဆက်နွယ်ကာ ဖြစ်ပျက်နေပုံ အမျိုးမျိုးကို ထိုးထွင်း၍ သိမြင်နိုင်ရန်အလို့ငှာ မြတ်စွာဘုရား ကောင်းစွာကြံစည်

www.burmeseclassic.com

www.burmeseclassic.com



ဟောကြားထားတော်မူသော ဝိပဿနာရှုနည်းပညာများသည် သမ္မာသက်ပွမဂ္ဂင်ကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

## ဝိသုဒ္ဓိအဆင့်ဆင့်နှင့် ဝိပဿနာဉာဏ်အဆင့်ဆင့်

ပိဋကတ်သုံးပုံမှ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့နှင့် သက်ဆိုင်သောကျင့်စဉ်တရားများကို **အရှင်မဟာဗုဒ္ဓဃောသ မထေရ်** သည် **"ဝိသုဒ္ဓိမဂ်"** ကျမ်းကြီးအဖြစ် စနစ်တကျပေါင်းစုကာ စီရင်ပေးထားသည်။ ဤဝိသုဒ္ဓိမဂ်ကျမ်းသည် မြတ်ဗုဒ္ဓအလိုတော်ကျ လက်တွေ့ကျင့်စဉ်ပိုင်းကို နည်းစနစ်ကျနစွာ အပြည့်အစုံဖော်ပြပေးထားသည့်အတွက် ပိဋကတ်သုံးပုံ၏ အနှစ်သာရကျမ်း ဖြစ်သည်ဟု ပညာရှင်တို့ အသိအမှတ်ပြုကြသည်။

ဝိသုဒ္ဓိမဂ်ကျမ်းတွင် မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို ကျင့်ကြံရှုပွားသည့်အခါ စိတ်၏အဆင့်ဆင့်စင်ကြယ်သောအဆင့် ၇ ဆင့်ကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့နှင့် ယှဉ်စပ်ကာ ဖော်ပြထားပါသည်။ ဤဝိသုဒ္ဓိအဆင့်ဆင့်ကို အစဉ်အတိုင်း ဖြစ်ပေါ်စေရန် ယောဂီများ အလေးပြု၍ ကြိုးပမ်းအားထုတ်ကြရမည်။

၁။ **သီလဝိသုဒ္ဓိ** = သီလစင်ကြယ်ခြင်း၊

စတုပါရိသုဒ္ဓိသီလကို လုံခြုံစွာစောင့်ထိန်းထားသည့်အခါ စိတ်အစဉ်မှ ဝီတိက္ကမ ကိလေသာ ခေါ် အကြမ်းစား ကိလေသာတို့ ကင်းရှင်းသွားကြသည့်အတွက် ပထမအဆင့်စိတ်၏ စင်ကြယ်မှုကို ရရှိသည်။ သီလဝိသုဒ္ဓိသည် သီလသိက္ခာ၏အကျိုးတရားဖြစ်သည်။

၂။ **စိတ္တဝိသုဒ္ဓိ** = စိတ်၏စင်ကြယ်ခြင်း၊

သမထဘာဝနာရှုပွားသဖြင့် ဥပစာရသမာဓိ သို့မဟုတ် ဈာန်သမာဓိကို ထူထောင်နိုင်သည့်အခါ စိတ်အစဉ်မှ ပရိယုဋ္ဌာနကိလေသာခေါ် နီဝရဏတရားတို့ ကင်းရှင်းသွားကြသဖြင့် ဒုတိယအဆင့်စိတ်စင်ကြယ်မှုကို ရရှိသည်။ စိတ္တဝိသုဒ္ဓိသည် သမာဓိသိက္ခာ၏ ရလဒ်ဖြစ်သည်။

၃။ **ဒိဋ္ဌိဝိသုဒ္ဓိ** = သက္ကာယဒိဋ္ဌိ အယူမှ စင်ကြယ်ခြင်း၊

ဒိဋ္ဌိဝိသုဒ္ဓိမှစ၍ ဉာဏဒဿနဝိသုဒ္ဓိတိုင်အောင် ဝိသုဒ္ဓိ ၅ ပါးသည် ပညာသိက္ခာဖြင့် ဖြည့်ကျင့်ရမည့်တရားများ ဖြစ်ကြသည်။

အဝိဇ္ဇာခေါ် မောဟအမိုက်မှောင်က မိမိ၏ခန္ဓာတွင် ရုပ်နာမ် ၂ ပါးသာ ရှိသည်ကို မမြင်သိအောင်၊ ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသဘောတို့ကို မမြင်သိအောင် ဖုံးကွယ်ထားသဖြင့် ရုပ်နာမ် ၂ ပါး (ဝါ) ခန္ဓာငါးပါးအစုကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ, ယောက်ျား, မိန်းမ စသည်ဖြင့် ထင်မြင်မိကြ၏။ ဤ

www.burmeseclassic.com

www.burmeseclassic.com



အမြင်မှားကြောင့် ခန္ဓာငါးပါး၏အစုအဖွဲ့ကို "ငါ၊ငါ"ဟု စွဲယူထားသည့် သက္ကာယဒိဋ္ဌိ အယူမှားသည် အနမတဂ္ဂသံသရာ=အစမထင်သည့်သံသရာမှ စတင်ခဲ့သဖြင့် အလွန်မြဲမြံခိုင်ခံ့လှသည်။

ဤသက္ကာယ အယူမှားကြီးကို ပယ်လှန်နိုင်ရန်အတွက် မိမိကိုယ်တွင် ခန္ဓာ ငါးပါးသာရှိသည်ကို အသေးစိတ်ထိုးထွင်း၍မြင်သိအောင် သမာဓိမျက်မှန်ဖြင့် ရှုကြည့်ရပေမည်။ ဥပါဒါန်တရား(လောဘနှင့် ဒိဋ္ဌိ)တို့၏ အာရုံဖြစ်သော ခန္ဓာ ငါးပါးမှာ–

(၁) *ရူပုပါဒါနက္ခန္ဓာ* = ရုပ် ၂၈ ပါးတို့၏အပေါင်းအစု၊
(၂) *ဝေဒနုပါဒါနက္ခန္ဓာ* = လောကီစိတ် ၈၁ ပါးတို့နှင့်ယှဉ်သော ဝေဒနာတို့၏အပေါင်းအစု၊
(၃) *သညုပါဒါနက္ခန္ဓာ* = လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သော သညာတို့၏ အပေါင်းအစု၊
(၄) *သင်္ခါရုပါဒါနက္ခန္ဓာ* = ဝေဒနာ, သညာတို့မှ ကြွင်းသော လောကီစေတသိက် ၅၀ တို့၏ အပေါင်းအစု၊
(၅) *ဝိညာဏုပါဒါနက္ခန္ဓာ* = လောကီစိတ် ၈၁ ပါးတို့၏ အပေါင်းအစု။

အထက်ပါ ခန္ဓာငါးပါးကို ပိုက်စိပ်တိုက်ကာ အသေးစိတ်ရှုမြင်ရန်အတွက် မိမိနှင့်သူတစ်ပါးတို့၏ ခန္ဓာတို့၌ရှိကြသော စိတ်, စေတသိက်, ရုပ်တို့ကို မြင်သိအောင် ရှုရပေမည်။ ဤသို့ရှုမြင်ရန်မှာ အလွန်မလွယ်ကူသောကိစ္စ ဖြစ်သည်။ သမာဓိမျက်မှန်မပါဘဲ ပိဋကတ်ကျမ်းဂန်တို့၏ လမ်းညွှန်ချက်ကို မလိုက်နာဘဲ ပညတ်အသိမျှဖြင့် ရှုမှတ်နေလျှင် သက္ကာယဒိဋ္ဌိစွဲကို ပယ်သတ်နိုင်မည်မဟုတ်ပါ။

ခန္ဓာအတွင်း၌ စိတ်, စေတသိက်နှင့် ပရမတ်ရုပ်တို့ကို ပိုင်းပိုင်းခြားခြား ခွဲခြား၍အသေးစိတ်ရှုမြင်နိုင်ပါမှ ဣဿရနိမ္မာနဝါဒ(ဖန်ဆင်းရှင်ဝါဒ)က ယူဆထားသော အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်, ဇီဝအတ္တတို့ မရှိကြောင်းကို တိတိကျကျ ယုံကြည်လက်ခံလာနိုင်ပေမည်။

စိတ်တစ်လုံးစီ၊ စေတသိက်တစ်လုံးစီ၊ ရုပ်တစ်ခုစီကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်အားဖြင့် လေးဖက်လေးတန်မှ ပိုင်းပိုင်းခြားခြားရှုမြင်ပါမှလည်း ရုပ်ဃန၊ နာမ်ဃနတို့ပြိုကွဲကာ အနတ္တသဘောထင်လာနိုင်ကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



**"အမြတ်ဆုံးပန်းတိုင် ကောန်ပိုင်"** ပထမတွဲတွင် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။

**လယ်တီဆရာတော်ဘုရား** ကလည်း ထိုသို့ပိုင်းခြား၍ ရှုသိနိုင်ပါမှ ဒိဋ္ဌိဝိသုဒ္ဓိအဆင့်သို့ ဆိုက်ရောက်ကြောင်းကို ကမ္မဋ္ဌာန်းကျမ်းကြီး (နှာ-၂၄၂) ၌ အောက်ပါအတိုင်း သံခိပ်လင်္ကာစပ်ဆိုပေးခဲ့သည်–

*(က) လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့် ရုပ်။*
*(ခ) လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိဝိသုဒ္ဓိ။*

ဤသို့ ပရမတ်ရုပ်နာမ်တို့ကို ပိုင်းပိုင်းခြားခြား တိတိကျကျ ရှုမြင်နိုင်သောဉာဏ်ကို **နာမရူပ ပရိစ္ဆေဒဉာဏ်** ဟု ခေါ်ပါသည်။ ဤဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိစခန်း၏ မှတ်တိုင်ဖြစ်သည်။ ဖားအောက်တောရ၌ ဤဉာဏ်ဖြစ်ပေါ်လာရေးအတွက် ရုပ်ကမ္မဋ္ဌာန်းနှင့် နာမ်ကမ္မဋ္ဌာန်းတို့ကို ကျမ်းဂန်လာအတိုင်း အသေးစိတ် ရှုပွားစေသည်။

၄။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ** = ယုံမှားသံသယများကို လွန်မြောက်သဖြင့် စိတ်အစဉ်မှ ယုံမှားသံသယ စင်ကြယ်သွားခြင်း။

သုတ္တန်ဒေသနာများ၌ **ကင်္ခါ** = ယုံမှားမှု ၁၆ ချက်နှင့် အဘိဓမ္မာဒေသနာတွင် **ဝိစိကိစ္ဆာ** = ယုံမှားသံသယဖြစ်မှု ၈ ချက်တို့ကို ဖော်ပြထားသည်။ ဤယုံမှားမှုများသည် အတိတ်ဘဝများ, ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝများ၌ ရုပ်နာမ်တရားတို့က အကြောင်းအကျိုးဆက်စပ်ကာ ဖြစ်ပျက်နေကြသည်တို့ကို မမြင်သိအောင် အဝိဇ္ဇာအမိုက်မှောင်က ဖုံးကွယ်ထားသောကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ရုပ်နာမ်တရားတို့သည် အကြောင်းမရှိဘဲလျက် ဖြစ်ပျက်နေကြသလော၊ ဖန်ဆင်းရှင်တစ်ဦးဦးက စီမံဖန်တီး၍ ဖြစ်ပျက်နေကြသလော၊ အတိတ်ဘဝများ ရှိသလော၊ မရှိသလော၊ ဤဘဝမှ စုတိပြတ်ကြွေသေလွန်သည့်အခါ နောက်ဘဝဖြစ်ရဦးမည်လော၊ မဖြစ်တော့ပြီလော၊ မည်သို့သော ဘဝအဆက်ဆက်ဖြစ်ခဲ့လေသလော စသည့်ယုံမှားမှုအမျိုးမျိုးကို ပယ်ရှင်းရန်အတွက် ရုပ်တရား, နာမ်တရားတို့ကို ဖြစ်ပေါ်စေသည့်အကြောင်းတရားများကို ရှာဖွေသိမ်းဆည်းရပေမည်။ ပဋိစ္စသမုပ္ပါဒ်တရားတော်အရ ရုပ်နာမ်တို့ကြောင်းကျိုးဆက်နွယ်ကာဖြစ်ပျက်နေသည်များကို ဂဃနဏမြင်သိအောင် ရှုကြည့်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးစပ်နွယ်မှုသဘောကို ဉာဏ်မျက်စိဖြင့် ထိုးထွင်း၍ ပိုင်းပိုင်းခြားခြားမရှုမြင်နိုင်ပါဘဲ သံသရာဝဋ်ဆင်းရဲကို လွန်မြောက်ကျော်လွှားသွားနိုင်သော ပုဂ္ဂိုလ်ဟူသည်မှာ အိပ်မက်ထဲ၌ပင်လျှင် မရှိနိုင်ကြောင်းကို **ဝိသုဒ္ဓိမဂ်** (၂၊ ၂၂၁) နှင့် **အဘိဓမ္မာအဋ္ဌကထာ** (၂၊ ၁၈၉) တို့တွင် အတိအလင်းဖွင့်ဆိုထားပါသည်။

**လယ်တီဆရာတော်ဘုရား** ကလည်း "ကမ္မဋ္ဌာန်းကျမ်းကြီး" (နှာ ၂၄၃) ၌ ကင်္ခါနှင့် ဝိစိကိစ္ဆာတို့ကို ဖယ်ရှားနိုင်ရန်အတွက် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးစပ်နွယ်မှုများကို ရှုမြင်အပ်ကြောင်း ဤသို့သံခိပ်လင်္ကာရေးစပ်ထားပါသည်–

*"နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စဓာတ်၊ သမုပ္ပါဒ်ကို၊*
*အတပ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ၁၆ ပါးနှင့်၊*
*၈ ပါး ဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိရတဏာဝိသုဒ္ဓိ။"*

အတိတ်ဘဝအဆက်ဆက်၊ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝအဆက်ဆက်တို့၌ ဖြစ်ပျက်နေကြသော ခန္ဓာ, အာယတန, ဓာတ် (ဝါ) ရုပ်နာမ်များကို တိတိကျကျရှုမြင်နိုင်မှသာလျှင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည် စသည့် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွယ်မှုကိုလည်းကောင်း၊ အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ ဟူသောအကြောင်း ၅ ပါးကြောင့် ပစ္စုပ္ပန်ဘဝ၌ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုး ၅ ပါး ဖြစ်ပေါ်နေသည်ကို လည်းကောင်း၊ တစ်ဖန် ပစ္စုပ္ပန်ဘဝ၌ အလားတူ အကြောင်း ၅ ပါးကို ပြုစုပျိုးထောင်သဖြင့် အနာဂတ်ဘဝ၌ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသည့် အကျိုးတရား ၅ ပါးဖြစ်ပေါ်ဦးမည်ကိုလည်းကောင်း သံသယကင်းရှင်းစွာ ရှုသိနိုင်ပေမည်။

အတိတ်ဘဝ, အနာဂတ်ဘဝတို့နှင့်စပ်ဆိုင်သော ရုပ်နာမ်များကို ရှုမြင်နိုင်ရန်မှာ အလွန်မလွယ်ကူသောအလုပ် ဖြစ်သည်။ ဝိသုဒ္ဓိမဂ်နှင့် ခဇ္ဇနီယသုတ္တန်စသည့် ပိဋကတ်ကျမ်းဂန်များ၏ အဆိုအမိန့်များကို မှီငြမ်း၍ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးစပ်နွယ်မှုများကို သိပွဲနည်းကျ အားရကျေနပ်စွာ ရှုမြင်နိုင်ရန် **ဖားအောက်တောရဆရာတော်** က စနစ်တကျ သွန်သင်ညွှန်ပြပေးနေသည်မှာ အလွန်စိတ်ဝင်စားစရာကောင်းလှပါသည်။

ရုပ်တရား, နာမ်တရားတို့ကို ဖြစ်ပေါ်စေသော အကြောင်းတရားများကို ပိုင်းပိုင်းခြားခြား သိနားလည်အောင် ရှုမြင်နိုင်သည့် ဉာဏ်သည် **ပစ္စယပရိဂ္ဂဟ**

www.burmeseclassic.com

www.burmeseclassic.com



**ဉာဏ်** ဖြစ်သည်။ ဤဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်း၏ မှတ်တိုင်ဖြစ်ပေသည်။

**၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ =** လမ်းမှန်နှင့် လမ်းမှားကို ခွဲခြား၍ သိမြင်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်း။

ဤဝိသုဒ္ဓိစခန်း၌ သမ္မသနဉာဏ်နှင့်ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်းတို့ ပါဝင်ကြ၏။ သမ္မသနဉာဏ်သည် ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်ရှုမြင်တတ်သောဉာဏ် ဖြစ်သည်။

ဤစခန်းသို့ဆိုက်ရောက်သောအခါမှ ရုပ်နာမ်တရားတို့ကို လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာစတင်ရှုပွားရပါသည်။ စောစောက ဖော်ပြခဲ့သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့သည် ဝိပဿနာဉာဏ်များ မဟုတ်ကြသေးပါ၊ ဝိပဿနာရှုမှတ်ရန် ကြိုတင်ဆည်းပူးထားရမည့် အရေးကြီးသော အခြေခံဉာဏ် ၂ ခုသာ ဖြစ်သည်။

ဝိပဿနာဉာဏ်သည် သမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ်အထိ (၁၀) ပါး ရှိပါသည်။ ဝိပဿနာရှုရာတွင် ရုပ်တစ်လုံး, နာမ်တစ်လုံးမျှကို ရှု၍ မရကြောင်း ကျမ်းဂန်များ၌ဖွင့်ဆိုထားပါသည်။ အဘိဓမ္မာ အဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၇၀–၂၇၁) နှင့် ဝိသုဒ္ဓိမဂ် (၂၊ ၃၀၀–၃၀၁) တို့အရ

(၁) ရုပ်သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့် မဂ်မဆိုက်နိုင်၊

(၂) နာမ်သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့်လည်း မဂ်မဆိုက်နိုင်၊

(၃) အဇ္ဈတ္တခန္ဓာငါးပါးသက်သက်မျှကို ဝိပဿနာရှုရုံမျှဖြင့်လည်း မဂ်မဆိုက်နိုင်၊

(၄) ဗဟိဒ္ဓခန္ဓာငါးပါးသက်သက်မျှကို ဝိပဿနာရှုရုံမျှဖြင့်လည်း မဂ်မဆိုက်နိုင်၊

(၅) သို့ဖြစ်လျှင် မည်သည့်အတိုင်းအတာအထိ ဝိပဿနာရှုရပါသနည်း။

**မဟာစည်ဆရာတော်** မြန်မာပြန် ဝိသုဒ္ဓိမဂ်ကျမ်း စတုတ္ထတွဲ (၂၈၂–၂၈၃)၊ **ပဋိသမ္ဘိဒါမဂ်ပါဠိတော်** (၅၁–၅၂)၊ **သံယုတ်ပါဠိတော်** (၂၊ ၂၅၈)၊ **ဝိသုဒ္ဓိမဂ်** (၂၊ ၂၆၆–၂၆၇)၊ **မူလပဏ္ဏာသ အဋ္ဌကထာ** (၁၊ ၂၈၁) တို့အရ...

(၁) အဇ္ဈတ္တရုပ်နာမ်အားလုံး၊

(၂) ဗဟိဒ္ဓရုပ်နာမ်အားလုံး၊

(၃) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ရုပ်နာမ်အားလုံး၊

(၄) အကြောင်းတရား၊ အကျိုးတရားအားလုံးဖြစ်ကြသော

www.burmeseclassic.com

www.burmeseclassic.com



လောကီ ပရမတ်တရားတို့ကို အနိစ္စတစ်လှည့်, ဒုက္ခတစ်လှည့်, အနတ္တတစ်လှည့်, အသုဘတစ်လှည့် တင်ရှုရပါမည်။

ဤသို့ စနစ်တကျ အကြိမ်ကြိမ် အဖန်ဖန် ရှုပွားဖန်များလာသောအခါ ရှုသိသော ဉာဏ်အမြင်သည် ပို၍ ပို၍ ထက်မြက်လာပါသည်။ ဤသို့ဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်း "ဥပါဒ်" နှင့် ပျက်ခြင်း "ဘင်" တို့ကို ပိုင်းပိုင်းခြားခြား မြင်သိလာပါသည်။

ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ပိုင်းခြားထင်ထင် ရှုမြင်နိုင်သောဉာဏ်သည် **ဥဒယဗ္ဗယဉာဏ်** ဖြစ်ပါသည်။ ဤဉာဏ်ရှေ့ပိုင်း၌ **ဥပက္ကိလေသ ၁၀ ပါး** တို့ ထူးထူးခြားခြား ဖြစ်ပေါ်ကြောင်း အဘိဓမ္မာ သင်္ဂြိုဟ်စသော ကျမ်းဂန်များ၌ ဖော်ပြထားသည်။ ဝိပဿနာကို ညစ်နွမ်းစေတတ်သောတရား (ဥပက္ကိလေသ) ၁၀ ပါးမှာ...

(၁) *ဩဘာသ* = ကိုယ်ရောင်ကိုယ်ဝါ၊
(၂) *ပီတိ* = နှစ်သက်ဝမ်းမြောက်ခြင်း – ပီတိ၊
(၃) *ပဿဒ္ဓိ* = စိတ်, စေတသိက်တို့၏ ငြိမ်းအေးခြင်း၊
(၄) *အဓိမောက္ခ* = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာယုံကြည်သော သဒ္ဓါ၊
(၅) *ပဂ္ဂဟ* = ဝိပဿနာရှုပွားမှု မတွန့်ဆုတ်အောင် အားပေးချီးမြှောက်ထားသည့် ဝီရိယ၊
(၆) *သုခ* = ချမ်းသာသော ခံစားမှု၊
(၇) *ဉာဏ* = သွက်လက်လျင်မြန်သော ဝိပဿနာဉာဏ်၊
(၈) *ဥပဋ္ဌာန* = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိ၊
(၉) *ဥပေက္ခာ* = ဗျာပါရမများဘဲ အသင့်ရှုစားတတ်သော တတြမဇ္ဈတ္တတာ၊
(၁၀) *နိကန္တိ* = သိမ်မွေ့သော တဏှာ။

ဤတရားတို့ ထူးထူးခြားခြားဖြစ်ပေါ်လာကြသောအခါ ပရိယတ္တိအကြားအမြင်မရှိသူသည် "ငါ မဂ်ရပြီ" ဟု အထင်လွဲတတ်၏၊ သို့မဟုတ် ထိုဥပက္ကိလေသတို့ကို နှစ်သက်သာယာကာ တဏှာ, မာန, ဒိဋ္ဌိတို့ ဖြစ်ပေါ်လာတတ်၏။ ထိုအခါ လှေပေါက်၍ ရေစိမ့်ဝင်လာသကဲ့သို့ ဝိပဿနာရှုပွားမှု ယိုယွင်းကာ ဆုတ်ယုတ်သွားပေမည်။

ပရိယတ္တိ အကြားအမြင် ဗဟုသုတ ရှိသူမှာ ဥပက္ကိလေသ တရားတို့ကို ဝိပဿနာညစ်ညူးကြောင်းတရားများဟု မှန်ကန်စွာသုံးသပ်ကာ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



ရှုပွားမှုကို တွင်တွင်ဆက်ပြု၏။ ဤသို့လမ်းမှားနှင့် လမ်းမှန်တို့ကို ခွဲခြားသိတတ်သည့် ဉာဏ်ကို "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" ဟု ခေါ်၏။

**၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** = မဂ်ဖိုလ်ရောက်ကြောင်း စင်ကြယ်သောဉာဏ်အမြင်။

ဤဝိသုဒ္ဓိစခန်းတွင် ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းမှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉ ပါး ပါဝင်ကြသည်။

**ဥဒယဗ္ဗယဉာဏ်**– လမ်းမှားနှင့် လမ်းမှန်တို့ကို ခွဲခြား၍ သိမြင်ပြီးသောအခါ ယောဂီသည် ရုပ်နာမ်သင်္ခါရတရားတို့ကို ဝိပဿနာတင်ရှုသဖြင့် ဉာဏ်အမြင် ထက်သန်လာသည်၊ ရုပ်နာမ်တို့၏ ဖြစ်ခြင်း 'ဥပါဒ်' နှင့် ပျက်ခြင်း 'ဘင်' တို့ကို ထင်ထင်ရှားရှား မြင်လာကာ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်လာသည်။

**ဘင်္ဂဉာဏ်**– ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို တွင်တွင်ရှုမှတ်ဖန်များလာသောအခါ ရှုမြင်နိုင်သောဉာဏ်သည် အလွန်လျင်မြန်လာ၏။ ထိုအခါ ရုပ်နာမ်တို့ အလွန်လျင်မြန်စွာဖြစ်ပျက်နေကြသည်ကို ရှုမြင်လာသဖြင့် အဖြစ်ကို အာရုံမပြုမိတော့ဘဲ အပျက်ကိုသာ ရှုမိလာ၏။ ရုပ်နာမ်တို့၏ အပျက်ကိုသာ ရှုမြင်သောဉာဏ်ကို ဘင်္ဂဉာဏ်ဟု ခေါ်၏။

**ဘယဉာဏ်**– ရုပ်နာမ်သင်္ခါရတို့၌ အပျက်သဘောချည်းကိုသာ ဆက်တိုက် ရှုမြင်နေရသောအခါ ရုပ်နာမ်တို့ကို ကြောက်စရာဘေးအဖြစ် ထင်မြင်လာသည့် ဘယဉာဏ် ဖြစ်ပေါ်လာ၏။

**အာဒီနဝဉာဏ်**– ရုပ်နာမ်သင်္ခါရတို့ကို ကြောက်စရာဘေးအဖြစ် ရှုမြင်လာသောအခါ ထိုသင်္ခါရတရားတို့၌ အပြစ်မြင်သည့်အာဒီနဝဉာဏ်လည်း ဖြစ်ပေါ်လာ၏။

**နိဗ္ဗိဒါဉာဏ်**– အပြစ်မြင်လာသည့်အခါ ထိုရုပ်နာမ်သင်္ခါရတို့၌ မပျော်ပိုက်နိုင်တော့ဘဲ ငြီးငွေ့သည့် နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်လာ၏။

**မုဉ္စိတုကမျတာဉာဏ်**– ရုပ်နာမ်သင်္ခါရတို့၌ ငြီးငွေ့လာသောအခါ ပိုက်ကွန်တွင်းမှ ငါးသည် ပိုက်ကွန်မှလွတ်မြောက်လိုသကဲ့သို့၊ မြွေ၏ခံတွင်း၌ အဖမ်းခံနေရသော ဖားငယ်သည် ထိုမြွေခံတွင်းမှ လွတ်မြောက်လိုသကဲ့သို့ ယောဂီ၏ စိတ်သန္တာန်၌ သင်္ခါရတရားတို့မှ လွတ်မြောက်လိုသည့် မုဉ္စိတုကမျတာဉာဏ်လည်း ဖြစ်ပေါ်လာ၏။

**ပဋိသင်္ခါဉာဏ်**– ရုပ်နာမ်သင်္ခါရတို့မှ လွတ်မြောက်လိုသော ယောဂီသည်

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်နိုင်ရေးအတွက် ရုပ်နာမ်သင်္ခါရတို့ကို အနိစ္စတစ်လှည့်၊ ဒုက္ခ တစ်လှည့်၊ အနတ္တတစ်လှည့်၊ အသုဘတစ်လှည့် တွင်တွင်ရှုမှတ်၏။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တစ်ဖန်သိမ်းဆည်းနိုင်သောဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟု ခေါ်၏။

**သင်္ခါရုပေက္ခာဉာဏ်–** ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ တပ်မက်တွယ်တာခြင်းလည်း မဖြစ်၊ ကြောက်လန့်ရွံမုန်းခြင်းလည်း မဖြစ်ဘဲ လျစ်လျူရှုတတ်သော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်ဟု ခေါ်၏။ ဤဉာဏ်သို့ရောက်သည့်အခါ ယောဂီသည် ကြောင့်ကြဗျာပါရမရှိဘဲ ပေါ်လာသမျှသော ရုပ်နာမ်အဖြစ်အပျက်တို့ကို ကောင်းစွာရှုမှတ်နိုင်နေပြီးလျှင် ယောဂီ၏ စိတ်သည် ရုပ်နာမ်အနှောင်အဖွဲ့မှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ညွတ်နေ၏။

**အနုလောမဉာဏ်–** သင်္ခါရုပေက္ခာဉာဏ် ရင့်သန်လာသောအခါ ယောဂီသည် မဂ်ဝီထိသို့တက်လှမ်းနိုင်လာ၏။ မဂ်ဝီထိ၌ပါသော ပရိကမ်, ဥပစာ,အနုလုံ စိတ်တို့နှင့်ယှဉ်သည့် ဝိပဿနာဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်၏။ ဤဉာဏ်သည် ဝိပဿနာဉာဏ်များနှင့် မဂ်ဉာဏ်တို့ကို ဆက်စပ်ပေါင်းကူးပေးတတ်သော ဉာဏ်ဖြစ်၏။ ဤဉာဏ်ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဂေါတြဘုဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ အဆင့်ဆင့်ဖြစ်ပေါ်လာကြ၏။

**ဂေါတြဘုဉာဏ်–** အနုလောမဉာဏ် ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ယောဂီ၏ စိတ်အစဉ်တွင် နိဗ္ဗာန်ကို လှမ်းမြင်သော ဂေါတြဘုစိတ်ဖြစ်၏။ ဤစိတ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်သော်လည်း နိဗ္ဗာန်ကိုမြင်နိုင်၏။ ဤစိတ်နှင့်ယှဉ်သော အသိဉာဏ်သည် လက္ခဏာရေးသုံးပါးကို အာရုံမပြုသည့်အတွက် ဝိပဿနာဉာဏ် ၁၀ ပါးတွင် မပါဝင်ပါ။ ယောဂီအား ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယအနွယ်ကိုဖြစ်စေတတ်သောကြောင့် ဂေါတြဘုဉာဏ်ဟု အမည်ရ၏။

**၇။ ဉာဏဒဿနဝိသုဒ္ဓိ–** ဂေါတြဘုစိတ်သည် 'မဂ်ရှေ့မှ နိဗ္ဗာန်ကိုညွှန်ပြတတ်သောကြောင့် မဂ်ဇောဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သည့် အာဝဇ္ဇန်းနှင့် တူ၏' ဟု ပညာရှင်တို့ မှတ်ချက်ချကြ၏။ ဂေါတြဘုစိတ်ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် သောတာပတ္တိမဂ်စိတ်နှင့် သောတာပတ္တိဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကာ အခြားမရှိဘဲ ရှေ့ဆင့်နောက်ဆင့်ဖြစ်ပျက်သွားကြ၏။

**သောတာပတ္တိမဂ်ဉာဏ်–** သောတာပတ္တိမဂ်နှင့်ယှဉ်သောပညာကို သောတာပတ္တိမဂ်ဉာဏ်ဟု ခေါ်၏။ ဤမဂ်ဉာဏ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော ကိလေသာ ၂ ပါးနှင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာနှင့် သီလဗ္ဗတပရာမာသ အမည်ရကြသည့် သံယောဇဉ် ၃ ပါးတို့ကို အမြစ်ပြတ်ပယ်သတ်လိုက်၏။ ဤမဂ်ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



သည် ယောဂီအား နိဗ္ဗာန်ရေအလျှင်သို့ အရိယာပုဂ္ဂိုလ်တစ်ဦးအဖြစ် ဝင်ရောက်စေပြီးလျှင် အပါယ်တံခါးကို ထာဝရပိတ်ဆို့လိုက်၏။

သောတာပတ္တိမဂ်စိတ်တစ်ချက် ဖြစ်ဆဲအချိန်တွင် ယောဂီအား သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်ဟု ခေါ်ရ၏။ ယောဂီသည် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိသွားပြီဖြစ်သဖြင့် ပုထုဇဉ်အဖြစ်သို့ တစ်ဖန်ပြန်လည်လျှောကျခြင်း မရှိတော့ချေ။

**သောတာပတ္တိဖိုလ်ဉာဏ်–** သောတာပတ္တိမဂ်စိတ်တစ်ချက် ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် သောတာပတ္တိဖိုလ်စိတ်သည် အခြားမလပ်ဘဲ နိဗ္ဗာန်ကို အာရုံပြုလျက် ၂ ချက် သို့မဟုတ် ၃ ချက်ဖြစ်၏။ သောတာပတ္တိဖိုလ်စိတ်သည် သောတာပတ္တိမဂ်စိတ်၏အကျိုးဖြစ်၏။ သောတာပတ္တိဖိုလ်စိတ်နှင့်ယှဉ်သော ပညာကို သောတာပတ္တိဖိုလ်ဉာဏ်ဟု ခေါ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ဉာဏ်ပေတည်း။

မဂ်စိတ်ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားမလပ်ဘဲ ဖိုလ်စိတ်ဖြစ်ပေါ်ခြင်းသည် တရားတော်၏ **အကာလိကောဂုဏ်တော်** ကို ဖော်ညွှန်း၏။ သောတာပတ္တိဖိုလ်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ယောဂီသည် **သောတာပန်** အဖြစ်သို့ရောက်၏။ သောတာပန်သည် အပါယ်လေးဘုံသို့လားရောက်ခြင်း မရှိတော့ဘဲ နိဗ္ဗာန်ချမ်းသာကို အလိုရှိသလို ခံစားနိုင်၏။ ကာမဘုံများတွင် အလွန်ဆုံး ခုနစ်ဘဝသာ ကျင်လည်ပြီးနောက် ရဟန္တာအဖြစ်သို့ **အဆင့်ဆင့်မြင့်တက်ကာ** ပရိနိဗ္ဗာန်စံရမည်ဖြစ်သည်။ သို့အတွက် သောတာပန်သည် လေးကျွန်းသနင်း စကြဝတေးမင်းထက်လည်းကောင်း၊ တာဝတိံသာကို စိုးမိုးသည့် သိကြားမင်းထက်လည်းကောင်း သာလွန်သူဖြစ်၏။

**သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်–** အကယ်၍ သောတာပန်ယောဂီသည် ဝိပဿနာထပ်မံရှုပွားသဖြင့် အရိယာသစ္စာလေးပါးကို တစ်ဖန်မြင်သိလျှင် သကဒါဂါမိမဂ်ဉာဏ်နှင့် ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်၏။ သကဒါဂါမိမဂ်သည် ကြွင်းကျန်သော ကိလေသာများကို ပိုမိုပါးလျားစေသည့်အတွက် ယောဂီ၏စိတ်သည် ပိုမိုစင်ကြယ်လာ၏။ ယောဂီသည်လည်း ပို၍အဆင့်မြင့်သော **သကဒါဂါမ်** အဖြစ်သို့ ရောက်၏။

**အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ် –** အကယ်၍ သကဒါဂါမ်ယောဂီသည် ဝိပဿနာထပ်မံရှုပွားသဖြင့် အရိယာသစ္စာလေးပါးကို တစ်ဖန်မြင်သိလေလျှင် အနာဂါမိမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်၏။ အနာဂါမိမဂ်သည် ဒေါသ ကိလေသာကိုလည်းကောင်း၊ ကာမရာဂ သံယောဇဉ်နှင့် ပဋိဃသံယောဇဉ်တို့ကိုလည်းကောင်း အကြွင်းမဲ့ပယ်သတ်လိုက်၏။ သို့အတွက် ယောဂီ၏စိတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုဖြူစင်လာပြီးလျှင် ယောဂီသည် သာလွန်မြင့်မြတ်သော **အနာဂါမ်** အဖြစ်သို့ ရောက်၏။

**အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်** – အကယ်၍ အနာဂါမ် ယောဂီသည် ဝိပဿနာထပ်မံရှုပွားသဖြင့် အရိယာသစ္စာလေးပါးကို တစ်ဖန်မြင်သိလေလျှင် အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်၏။ အရဟတ္တမဂ်သည် ကြွင်းကျန်ရစ်သည့် ကိလေသာများနှင့် သံယောဇဉ်များကို အကြွင်းမဲ့ပယ်သတ်လိုက်၏။ သို့ဖြစ်၍ ယောဂီ၏စိတ်သည် လုံးဝဖြူစင်သွားပြီးလျှင် ယောဂီသည်လည်း အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် **ရဟန္တာ** အဖြစ်သို့ ရောက်၏။

မဂ်ဉာဏ်လေးပါး ဖြစ်ပေါ်အောင် စွမ်းဆောင်နိုင်သူသည် ဉာဏဒဿန ဝိသုဒ္ဓိကို ပြည့်စုံစေပြီးသူဖြစ်၍ အမြတ်ဆုံး ဘဝပန်းတိုင်သို့ ရောက်ရှိပြီ ဖြစ်သည်။

## အကြောင်းအကျိုးညီညွတ်သော ကျင့်စဉ်

မဇ္ဈိမပဋိပဒါအမည်ရသော မဂ္ဂင်ရှစ်ပါးကျင့်စဉ်သည် အကြောင်းအကျိုး ညီညွတ်သော လက်ငင်းလက်တွေ့အကောင်အထည်ဖော်နိုင်သော အကျိုးအမြတ်အကြီးဆုံးဖြစ်သော အန္တိုင်းမဲ့ကျင့်စဉ်ဖြစ်၏။ ဤကျင့်စဉ်ဖြင့် အမြတ်ဆုံး ဘဝပန်းတိုင်ကို ဤလက်ရှိဘဝတွင်ပင် ဆွတ်လှမ်းယူနိုင်ခြင်းသည် တရားတော်၏ ကိုယ်တိုင်မျက်မှောက်ပြုနိုင်သည်ဟူသော **သန္ဒိဋ္ဌိက** ဂုဏ်တော်ကို ထွန်းပစေ၏။

အမြတ်ဆုံးပန်းတိုင်သို့ ရောက်ရှိပြီး အန္တိုင်းမဲ့ အမြိုက်ချမ်းသာကို အလိုရှိသမျှ ခံစားနိုင်သောအခါ တရားတော်၏ဂုဏ်တော်အားလုံးကို လှိုက်လှိုက်လှဲလှဲ ချီးမွမ်းနိုင်ပြီဖြစ်၏။ ဘုရားဂုဏ်တော်များနှင့် သံဃာဂုဏ်တော်များကိုလည်း စွဲစွဲမြဲမြဲ ကြည်ညိုလေးမြတ်နိုင်ပြီဖြစ်၏။

ကလျာဏမိတ္တဟူသော ဆရာသမားကောင်း၏ လမ်းညွှန်ကူညီမှုကို ရယူပြီး မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို မှန်မှန်ကန်ကန် ကြိုးကုတ်အားထုတ်သွားနိုင်မည်ဆိုလျှင် တစ်နေ့တစ်ရက်မျှဖြင့်ဖြစ်စေ၊ ခုနစ်ရက် တစ်လမျှဖြင့်ဖြစ်စေ၊ ခုနစ်လ သို့မဟုတ် ခုနစ်နှစ်အတွင်း၌ဖြစ်စေ၊ တရားထူးကို သိမြင်၍ အမြတ်ဆုံးဘဝပန်းတိုင်သို့ တက်လှမ်းနိုင်မည်ဟု **မဟာသတိပဋ္ဌာနသုတ်တော်** တွင် မြတ်စွာဘုရား အာမဝန်တာ ခံတော်မူထားပါသည်။

ပိဋကတ်ကျမ်းဂန်များနှင့် ဝိသုဒ္ဓိမဂ်တွင် ဖော်ပြထားသော လမ်းညွှန်ချက်များအတိုင်း မယိမ်းမယိုင် တိတိကျကျ ပြည့်ပြည့်စုံစုံ သီလ, သမာဓိ, ပညာ

www.burmeseclassic.com

www.burmeseclassic.com



ထူထောင်နိုင်ပုံကို ဖားအောက်တောရတွင် စနစ်တကျ တရားညွှန်ပြပေးနေပါသည်။

ဝိသုဒ္ဓိမဂ်ကျမ်းစာကို လေ့လာခဲ့ပြီးနောက် လက်တွေ့ရှုမှတ်ရန် အလိုဆန္ဒရှိသူများနှင့် ဝိသုဒ္ဓိမဂ်အတိုင်း အပြည့်အစုံ ဝိပဿနာမရှုပွားနိုင်ဟု ထင်မှတ်နေသူများသည် ဤစာအုပ်ကို လေ့လာပြီးသောအခါ ဖားအောက်တောရသို့ တစ်ခါတစ်ခေါက်လာရောက်၍ လေးလေးစားစား တရားရှုပွားပါရန် တိုက်တွန်းပါသည်။

မြတ်ဗုဒ္ဓသာသနာနှင့် ဆုံစည်းခိုက်တွင် မြတ်စွာဘုရား ဟောဖော်ညွှန်ပြထားတော်မူသည့်အတိုင်း မြတ်စွာဘုရား ရှုပွားစေလိုသော မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို တိတိကျကျ ပြည့်ပြည့်စုံစုံ ရှုပွားအားထုတ်ကြပါရန် အလေးအနက်နှိုးဆော်တိုက်တွန်းအပ်ပါသည်။

## လမ်းရိုးဟောင်းတွင် လမ်းသစ်ထွင်

*လိုလျှင်ကြံဆ နည်းလမ်းရမည်သာ။* (မြန်မာနှင့် အင်္ဂလိပ်စကားပုံ)

*ပညာရလွယ်သည် နည်းရရန် မလွယ်။* (မွန်စကားပုံ)

သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောဖော်ညွှန်ပြထားသည့်နည်းထက် သာလွန်သော နည်းသည် မရှိနိုင်။ အာစရိယဝါဒအမျိုးမျိုးထက် ဗုဒ္ဓဝါဒကို အလေးဂရုပြုရမည်။

*"ဓဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓ ဓမ္မာ အစိန္တိယာ"* (အပဒါန်ပါဠိတော်)

မြတ်စွာဘုရား ထိုးထွင်းမြင်သိထားသော သဘာဝတရားတို့သည် စိတ်ကူးဖြင့် ထိတွေ့၍ မမီ၊ ကြံစည်၍မရစကောင်းသောသဘော ရှိကုန်၏။

*"သတဉ္စ ဓမ္မော နဇရံ ဥပေတိ"* (မဟာသုတသောမဇာတ်)

သူတော်ကောင်းတရားကား မည်သည့်အခါတွင်မျှ ဟောင်းနွမ်းဆွေးမြည့်ပျက်စီးသွားသည်ဟူ၍ မရှိ၊ ခေတ်အဆက်ဆက် အစဉ်အမြဲ နုပျိုလန်းဆန်း ထွန်းသစ် တောက်ပနေမည်သာ။

*"တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရောတထာဂတာ"* (ဓမ္မပဒ)

ဘုရားရှင်တို့မည်သည် ဟောဖော်ညွှန်ပြရုံသာ ပြုနိုင်ကြကုန်၏။ ကြိုးစားအားထုတ်မှုကိုကား သင်တို့ကိုယ်တိုင် ပြုလုပ်ကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



*"ယထာဘူတံ ဉာဏာယသတ္ထာ ပရိယေသိတဗ္ဗော"* (မြတ်ဗုဒ္ဓ)

အမှန်ကို ထိုးထွင်းမြင်သိရန် နည်းညွှန်သင်ပြပေးနိုင်သော ဆရာသမားကောင်းကို ရှာပါ။ ဆရာသမားကောင်းကို မှီခိုရလျှင် ကိစ္စအလုံးစုံ ပြီးမြောက်၏။

*"နယိဒံ သိထိလ မာရဗ္ဘ"* (နိဒါနသုတ်၊ နဝသုတ် ပါဠိတော်)

ဒုက္ခအားလုံးတို့၏ လွတ်မြောက်ရာ ထာဝရချမ်းသာကြီးကို လျော့လျော့ရဲရဲ နည်းနည်းပါးပါး ကြိုးစားရုံဖြင့် မရနိုင်ပါ။

*"နတ္ထိခန္ဓသမာဒုက္ခာ၊ နတ္ထိသန္တိပရမံ သုခံ"* (ဓမ္မပဒပါဠိတော်၊ သုခဝဂ်)

ခန္ဓာနှင့်တူသော ဆင်းရဲသည်မရှိ၊ နိဗ္ဗာန်ထက်သာလွန်သော ချမ်းသာသည်မရှိ။

*"ဆင်းရဲကြီးကိုမြင်က ဆင်းရဲကလေးကို ကြိတ်မှိတ်ခံ၊ သုခကြီးကိုမြင်နေမှ သုခကလေးတွေကိုပြတ်ပြတ်စွန့်"* (စစ်ကိုင်းမဟာဂန္ဓာရုံဆရာတော်)

*အရင်လိုလမ်းအိုလိုက်၊ လမ်းရိုးဟောင်းတွင် လမ်းသစ်ထွင်၊ သုတ်သင်ခါမျှ လွယ်ကူရ။ ယုံမှားသံသယ မရှိကြလေနှင့်။*

မြတ်ဗုဒ္ဓအလိုတော်ကျ - ဗုဒ္ဓဝါဒလမ်းစဉ်ကို ပီပီပြင်ပြင် ထုတ်ဖော်ညွှန်ပြထားသည့် မဇ္ဈိမပဋိပဒါကျင့်စဉ်ကို **ဖားအောက်တောရ** တွင် အားရဝမ်းသာ မြန်မကြာ ရှုပွားကြပါကုန်လော့။



ဖားအောက်တောရဆရာတော်နှင့် နိုင်ငံခြားသားရဟန်းယောဂီများ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# စိတ်၏သဘာဝ

## စိတ်ဟူသည်မှာ

"စိတ်"သည် ပါဠိစကားလုံး "စိတ္တ"ကို မြန်မာမှုပြုထားသော ဝေါဟာရ ဖြစ်၏။ အဓိပ္ပာယ်မှာ "သိခြင်းသဘော" (consciousness) ဖြစ်၏။

ဘာကို သိသနည်းဟုမေးလျှင် "အာရုံ"ကို သိသည်ဟု ဖြေဆိုရပေမည်။ စိတ်၏ သိစရာအာရုံများသည် ၆ မျိုးရှိ၏။

## အာရုံ ၆ ပါးမှာ

| | | | | | |
|---|---|---|---|---|---|
| (၁) | ရူပါရုံ | = | ဝဏ္ဏ | = | အရောင်အဆင်း |
| (၂) | သဒ္ဒါရုံ | = | သဒ္ဒ | = | အသံ |
| (၃) | ဂန္ဓာရုံ | = | ဂန္ဓ | = | အနံ့ |
| (၄) | ရသာရုံ | = | ရသ | = | အရသာ |
| (၅) | ဖောဋ္ဌဗ္ဗာရုံ | = | ဖောဋ္ဌဗ္ဗ | = | အထိအတွေ့ |

ဖောဋ္ဌဗ္ဗ၏ တရားကိုယ်မှာ ပထဝီ = ခက်မာခြင်း, ပျော့ခြင်းသဘော၊ တေဇော = ပူခြင်း, အေးခြင်းသဘော၊ ဝါယော = တွန်းကန်ခြင်း, ထောက်ကန်ခြင်းသဘောတို့ ဖြစ်ကြ၏။

(၆) ဓမ္မာရုံ = စိတ်ကူးအကြံအစည် စသည့် သိမ်မွေ့သော အာရုံများ၊

ဓမ္မာရုံတွင် သဘောတရား ၆ မျိုး ပါဝင်ကြ၏ – (၁) ပသာဒရုပ်ခေါ် အကြည်ရုပ် ၅ ပါး၊ (၂) သုခုမရုပ် ခေါ် သိမ်မွေ့သောရုပ် ၁၆ ပါး၊ (၃) စိတ်အားလုံး၊

www.burmeseclassic.com

www.burmeseclassic.com



(၄) စေတသိက် အားလုံး၊ (၅) ကသိုဏ်းနိမိတ် စသည့် ပညတ်တရားများနှင့် (၆) နိဗ္ဗာန်တို့ဖြစ်ကြ၏။

ဓမ္မာရုံကို မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့ဖြင့် မမြင်မကြားနိုင်၊ မထိသိနိုင်၊ မနောဝိညာဏ်စိတ်ဖြင့်သာ သိနိုင်သည်။

အာရုံ ၆ ပါးတွင် ရုပ်အားလုံး၊ စိတ်အားလုံး၊ စေတသိက်အားလုံး၊ ပညတ်တရားများနှင့် နိဗ္ဗာန်တို့ ပါဝင်ကြသဖြင့် သိစရာအားလုံးပင် ပါဝင်သွားကြသည်။ ဤသိစရာအားလုံးတို့ကို သိရှိနိုင်သောစိတ်သည် အလွန်အစွမ်းထက်၏။

သို့အတွက် သံယုတ်ပါဠိတော်၊ **စိတ္တသုတ္တန်** ၌ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ–

*စိတ္တေန နီယတိလောကော။*

စိတ်သည် လောကကို ရှေ့ဆောင်နေ၏။

*စိတ္တေန ပရိကဿတိ။*

စိတ်သည် လောကကို ဆွဲငင်နေ၏။

*စိတ္တဿဧကဓမ္မဿ သဗ္ဗေဝဝသမန္ဂုတိ။*

အလုံးစုံသောတရားတို့သည် စိတ်ဟုဆိုအပ်သည့် တစ်ခုသောတရား၏ အလိုသို့ အစဉ်လိုက်ပါကြရကုန်၏။ (သံ၊ ၁၊ ၃၆၊ စိတ္တသုတ္တန်)

ကျွန်ုပ်တို့၏စိတ်အသီးသီးက ကျွန်ုပ်တို့၏ ဘဝအသီးသီးကို ဦးဆောင်နေသဖြင့် တစ်လောကလုံးကို စိတ်ကရှေ့ဆောင်နေသည်မှာ ယုံမှားဖွယ်မရှိချေ။ ယနေ့ အစွမ်းထက်မြက်လှသော သိပ္ပံပညာသည် လူ၏စိတ်မှ ပေါက်ဖွားလာပြီး စိတ်၏ချုပ်ထိန်းမှုအောက်တွင် ရှိနေသဖြင့် စိတ်တွင် အနန္တ တန်ခိုးသတ္တိရှိသည်ဟု ဆိုခြင်းကိုလည်း လက်ခံထိုက်ပေ၏။

## နာမ်ဟူသည်မှာ

စိတ်သည် သဘာဝတွင် မိမိတစ်ခုတည်းဖြစ်ပေါ်ရိုးမရှိချေ။ စေတသိက်များနှင့် အတူတကွ ပူးပေါင်း၍သာ ဖြစ်ပေါ်လေ့ရှိ၏။ စေတသိက်တို့၏ ပူးပေါင်းလုပ်ဆောင်မှုကို ရရှိမှသာလျှင် စိတ်၏အာရုံယူခြင်းကိစ္စ ပြီးမြောက်နိုင်၏။ ပဋ္ဌာန်းဒေသနာတော်အရ စိတ်နှင့်စေတသိက်တို့သည် အတူတကွ ဖြစ်ပေါ်ကြပြီး အညမညသဘောအရ တစ်ခုကိုတစ်ခု အပြန်အလှန်အထောက်အကူပြုကြ၏။

စေတသိက်တို့သည် စိတ်ကို မှီ၍သာဖြစ်ပေါ်နိုင်ကြပြီး စိတ်ကိုခြယ်လှယ်နိုင်သော သဘောတရားများ ဖြစ်ကြ၏။ စိတ်၏ စွမ်းရည်ထက်မြက်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ စေတသိက်တို့၏ စွမ်းရည်သတ္တိများ ပါဝင်ပေါင်းစပ်ထားခြင်းကြောင့် ဖြစ်၏။

လောကဉပမာနှင့် နှိုင်းရသော် အနော်ရထာမင်းစော တန်ခိုးကြီးရသည့်အကြောင်းသည် အနော်ရထာမင်းတစ်ဦးတည်း၏ အစွမ်းကြောင့် မဟုတ်ဘဲ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးစသော သူရဲကောင်းများ၏ ပါဝင်စွမ်းဆောင်ပေးမှုကြောင့် ဖြစ်သကဲ့သို့တည်း။

စိတ်နှင့် စေတသိက်တို့သည် အာရုံသို့ကိုင်းညွတ်ပြီး အာရုံကို ယူနိုင်, သိနိုင်ကြသည့်အတွက် "နာမ်"ဟု အမည်ရကြ၏။ နာမ်တရားများတွင် စိတ်သည် ပဓာနအကျဆုံးဖြစ်ပြီး ခေါင်းဆောင်အကြီးအကဲဖြစ်၏။ သို့အတွက် **ဓမ္မပဒ ဂါထာ** များတွင် မြတ်စွာဘုရား ဤသို့ဟောကြားထားတော်မူ၏ -

*(၁) စိတ်သည် နာမ်တရားတို့၏ ရှေ့ဆောင်အကြီးအမှူးဖြစ်၏။ အကြင်သူသည် ပြစ်မှားလိုသောစိတ်ဖြင့် ပြောဆိုလျှင်သော်လည်းကောင်း၊ ပြုလုပ်လျှင်သော်လည်းကောင်း၊ ကြံစည်လျှင်သော်လည်းကောင်း၊ ထိုပြောဆို, ပြုလုပ်, ကြံစည်မှုကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာနောက်သို့ အစဉ်လိုက်ဘိသကဲ့သို့ ဆင်းရဲခြင်းသည် ထိုသူ၏နောက်သို့ အစဉ်လိုက်လေ၏။*

(ဓမ္မပဒဂါထာ-၁)

*(၂) စိတ်သည် နာမ်တရားတို့၏ ရှေ့ဆောင်အကြီးအမှူးဖြစ်၏။ အကြင်သူသည် သန့်ရှင်းကြည်လင်သောစိတ်ဖြင့် ပြောဆိုလျှင်သော်လည်းကောင်း၊ ပြုလုပ်လျှင်သော်လည်းကောင်း၊ ကြံစည်လျှင်သော်လည်းကောင်း၊ ထိုပြောဆို, ပြုလုပ်, ကြံစည်မှုကြောင့် အရိပ်သည် လူ၏နောက်သို့ အစဉ်လိုက်နေဘိသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ အစဉ်လိုက်လေ၏။* (ဓမ္မပဒ ဂါထာ-၂)

## ရုပ်နာမ်နှစ်ပါးသာ

သုံးဆယ့်တစ်ဘုံတွင် သံသရာကျင်လည်နေကြသော ပရမတ်တရားများမှာ စိတ်, စေတသိက်နှင့် ရုပ်တို့သာဖြစ်ကြ၏။ စိတ်နှင့်စေတသိက်တို့ကို ပေါင်း၍ နာမ်ဟုခေါ်သဖြင့် ရုပ်နာမ်နှစ်ပါးသာရှိ၏။ ပရမတ်အားဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ ဟူ၍ မရှိချေ။

ရုပ်သည် အာရုံကို မသိတတ်သောသဘောဖြစ်သဖြင့် အကန်းနှင့်တူ၏။ နာမ်သည် အာရုံကိုသိတတ်သောသဘောဖြစ်သော်လည်း မသွားလာတတ်သောကြောင့် အကျိုးနှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင် မျက်လုံးစုံကန်းသူတစ်ဦးနှင့် ခြေနှစ်ဖက်ကျိုးသူတစ်ဦးတို့ ရွာပြင်ဇရပ်တစ်ခုတွင် တွေ့ဆုံကြ၏။ သူတို့သည် ရွာတွင်းမှ အသံချဲ့စက်ဖြင့် ဖိတ်ခေါ်နေသော စတုဒိသာဇရပ်သို့ သွားလိုကြ၏။ သူတို့ မည်သို့သွားကြမည်နည်း။

အကျိုးတစ်ဦးတည်းလည်း မသွားနိုင်၊ အကန်းတစ်ဦးတည်းလည်း သွားလို့မဖြစ်။ မျက်စိကောင်းသော အကျိုးက လမ်းလျှောက်နိုင်သောအကန်း၏ ပခုံးပေါ်တွင် ခွထိုင်လျက် အကျိုးက လမ်းညွှန်ပြသည့်အတိုင်း အကန်းက လမ်းလျှောက်သွားရာ စတုဒိသာဇရပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြ၏။

ထို့နည်းအတူ အကန်းနှင့်တူသော ရုပ်သည် အကျိုးနှင့်တူသည့် နာမ်၏ ညွှန်ကြားချက်အတိုင်း လှုပ်ရှားသွားလာရ၏။ ရုပ်တရားကို နာမ်တရားက အမြဲရှေ့ဆောင်နေပေ၏။ သို့သော် ရုပ်နှင့်နာမ် ဒွန်တွဲလျက် အလုပ်လုပ်ကြပါမှ လိုရာပြီးစီးနိုင်ပါသည်။

အရူပဗြဟ္မာဘုံလေးဘုံတွင် နာမ်တရားသာ ရှိ၏၊ အသညသတ် ဗြဟ္မာဘုံတွင် ရုပ်တရားသာ ရှိ၏။ ကြွင်းသည့် ၂၆ ဘုံတွင် ရုပ်နာမ် ၂ ပါးစုံရှိကြ၏။ ဤရုပ်နာမ် ၂ ပါးတို့၏ သဘာဝသဘောများနှင့် ကြောင်းကျိုးဆက်နွယ်ကာဖြစ်ပျက်နေကြသည့်သဘောများကို ပရမတ်ဆိုက်အောင် ရှင်းရှင်းလင်းလင်း မြင်သိမည်ဆိုလျှင် လောကအလုံးစုံ၌ ဖြစ်ပျက်နေသည့်သဘောများကို သိမြင်လာမည်ဖြစ်၏၊ အရိယသစ္စာလေးပါးတို့ကိုလည်း မြင်သိလာမည်ဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလာနိုင်မည်ဖြစ်သည်။

## နာမ်ကမ္မဋ္ဌာန်းစီးဖြန်းခြင်း

ဝိပဿနာလုပ်ငန်းသည် ရုပ်တရား နာမ်တရားတို့၏ သဘာဝများနှင့် ကြောင်းကျိုးဆက်နွယ်မှုများကို ထိုးထွင်းမြင်သိအောင် ရှုပွားရသော လုပ်ငန်း၊ ယင်းရုပ်နာမ်ကြောင်းကျိုးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတို့ကို ထင်ထင်လင်းလင်း မြင်သိလာအောင် အဖန်ဖန်ရှုပွားရသောလုပ်ငန်းဖြစ်ရာ ဝိပဿနာစခန်းတွင် ရုပ်တရားများကို ဉာဏ်ဖြင့်ပိုင်းခြား၍သိမှုဟူသော ရုပ်သိမ်းဆည်းခြင်းနှင့် နာမ်တရားများကို ဉာဏ်ဖြင့်ပိုင်းခြား၍သိမှုဟူသော နာမ်သိမ်းဆည်းခြင်းတို့ကို မလွဲမသွေလုပ်ဆောင်ရပါသည်။

ဤတွင် ရုပ်တရားတစ်လုံးစီတစ်လုံးစီကို ပရမတ္ထသဘာဝသို့ဆိုက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ဖြင့်ပိုင်းခြား၍မြင်သိအောင်ရှုပွားခြင်းကို **ရုပ်ကမ္မဋ္ဌာန်းစီးဖြန်းခြင်း** (ဝါ) **ရူပပရိဂ္ဂဟ** = ရုပ်တရားများကိုသိမ်းဆည်းခြင်းဟု ခေါ်ပါသည်။

နာမ်တရား တစ်လုံးစီတစ်လုံးစီကို ပရမတ္ထသဘာဝသို့ဆိုက်အောင် ဉာဏ်ဖြင့် ပိုင်းခြား၍မြင်သိအောင် ရှုပွားခြင်းကို **နာမ်ကမ္မဋ္ဌာန်းစီးဖြန်းခြင်း** (ဝါ) **အရူပပရိဂ္ဂဟ** = နာမ်တရားများကို သိမ်းဆည်းခြင်းဟု ခေါ်ပါသည်။

ရုပ်တရားများကိုသိမ်းဆည်းရာ၌ ဥပါဒါနက္ခန္ဓာ ၅ ပါးတွင်ပါဝင်ကြသော ရုပ် ၂၈ ပါးစလုံးကို သိမ်းဆည်းရကြောင်းနှင့် သိမ်းဆည်းပုံတို့ကို **"အမြတ်ဆုံးပန်းတိုင် ကေန်ပိုင်"** စာအုပ် ပထမတွဲ၌ အပြည့်အစုံရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။ အလားတူပင် နာမ်တရားများကို သိမ်းဆည်းရာ၌ ဥပါဒါနက္ခန္ဓာ ၅ ပါးတွင်ပါဝင်ကြသော နာမ်တရားအားလုံးကိုပင် သိမ်းဆည်းရပေလိမ့်မည်။

ဥပါဒါနက္ခန္ဓာ ၅ ပါးတွင်ပါဝင်ကြသော နာမ်တရားများကား လောကီစိတ်များနှင့် ထိုစိတ်တို့နှင့် အတူတကွယှဉ်၍ဖြစ်ကြသော စေတသိက်များ ဖြစ်ကြ၏။ လောကီစိတ်များဆိုသည်မှာ ကာမာဝစရစိတ် ၅၄ ပါးနှင့် မဟဂ္ဂုတ်စိတ်ခေါ် လောကီဈာန်စိတ် ၂၇ ပါးတို့ ဖြစ်ကြ၏။

ဝိပဿနာရှုပွားမှုကြောင့် သစ္စာလေးပါးကိုမြင်သိသောအခါ မဂ်စိတ် ဖိုလ်စိတ်တို့ ဖြစ်ပေါ်လာကြ၏။ မဂ်စိတ် ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုကြသဖြင့် လောကုတ္တရာစိတ်များဟု အမည်ရကြ၏။ ဤလောကုတ္တရာစိတ်များကား ဝိပဿနာဉာဏ်၏ အရှုခံအာရုံများ မဟုတ်ကြချေ။ ဤတွင် စိတ်၏ သဘာဝကို ပြည့်ပြည့်စုံစုံ သိမြင်ရန်အတွက် စိတ်အားလုံးတို့၏ အမည်များ, အဓိပ္ပာယ်များနှင့် သဘာဝအခြင်းအရာများကို ရှေးဦးစွာရေးသားတင်ဆက်ပါမည်။

## ကာမာဝစရစိတ် ၅၄ ပါး

ကာမဘုံများ၌အဖြစ်များသည့်စိတ်များကို ကာမာဝစရစိတ် (ဝါ) ကာမစိတ်များဟု ခေါ်၏။ ကာမဘုံဟူသည်မှာ ကာမဂုဏ်ခံစားတတ်သော လူ့ဘုံ၊ နတ်ဘုံများနှင့် အပါယ်ဘုံများ ဖြစ်ကြ၏။

ကာမာဝစရစိတ် ၅၄ ပါးရှိရာ ၎င်းတို့ကို အကျဉ်းအားဖြင့် ၃ စုခွဲခြားနိုင်၏ –

(၁) အကုသိုလ်စိတ် ၁၂ ပါး၊
(၂) အဟိတ်စိတ် ၁၈ ပါး၊
(၃) ကာမသောဘဏစိတ် ၂၄ ပါး။

www.burmeseclassic.com

www.burmeseclassic.com



ဤစိတ် ၃ စုတို့ကို တစ်စုစီရှင်းပြပါမည်။

## (၁) အကုသိုလ်စိတ် ၁၂ ပါး

ဤစိတ်တို့သည် အပြစ်ရှိပြီး မကောင်းကျိုးပေးနိုင်သောစိတ်များ ဖြစ်ကြ၏။ အကုသိုလ်စိတ်များကို တစ်ဖန် လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး နှင့် မောဟမူစိတ် ၂ ပါးဟူ၍ ထပ်မံခွဲခြားနိုင်ပါသည်။

## (က) လောဘမူစိတ် ၈ ပါး

'လောဘမူစိတ်'ဟူသည်မှာ လိုချင်တပ်မက်မှု 'လောဘ'အရင်းခံမူလဖြစ်သည့်စိတ်ဟု ဆိုလို၏။ လှသောအဆင်း, သာယာသည့်အသံ, မွှေးသော အနံ့, ကောင်းသည့်အရသာ, ကောင်းသောအထိအတွေ့တို့ကို လိုချင်လျှင် သာယာလျှင် တပ်မက်လျှင် လောဘမူစိတ်များ ဖြစ်ပေါ်သည်။ လောဘမူစိတ် ၈ ပါးတို့၏ အမည်များမှာ–

*၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၊*
*၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၊*
*၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၊*
*၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၊*
*၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၊*
*၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၊*
*၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၊*
*၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၊*

အောက်ပါ ပါဠိအခေါ်တို့၏ အဓိပ္ပာယ်ကို မှတ်သားလိုက်လျှင် အထက်ပါ စိတ်အမည်များ၏အဓိပ္ပာယ်ကို ဖော်ယူနိုင်ပါသည်။

| | |
|---|---|
| သောမနဿ | = စိတ်၌ချမ်းသာသော ခံစားမှု (ပီတိယှဉ်သဖြင့် ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်သည်)၊ |
| ဥပေက္ခာ | = ချမ်းသာသည်လည်း မဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်၊ အလယ်အလတ်ဖြစ်သော ရိုးရိုးခံစားမှု (ပီတိမယှဉ်၍ ဝမ်းမြောက်ဝမ်းနည်းမှု မဖြစ်ခြင်းကို ဆိုလိုသည်)၊ |
| သဟဂုတ် | = သဟဂတ = အတူတကွဖြစ်သည်၊ |
| ဒိဋ္ဌိ | = အယူလွဲမှားမှု (ကံ–ကံ၏အကျိုးမရှိ စသည်ကို ယူခြင်း)၊ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| သမ္မယုတ် | = | တစ်ပေါင်းတည်း ယှဉ်လျက် |
| ဝိပ္ပယုတ် | = | တစ်ပေါင်းတည်း မယှဉ်ဘဲ |
| အသင်္ခါရိကစိတ် | = | တိုက်တွန်းပြုပြင်မှုမပါဘဲ ထက်ထက်မြက်မြက် ဖြစ်သော စိတ်၊ |
| သသင်္ခါရိကစိတ် | = | တိုက်တွန်း ပြုပြင်မှုပါသော လေးလံ ထိုင်းမှိုင်း သည့်စိတ်၊ |

## လောဘမူစိတ်တို့၏ အဓိပ္ပာယ်များ

| | | | |
|---|---|---|---|
| ၁။ | ဝမ်းမြောက်ရွှင်လန်းခြင်း နှင့်တကွဖြစ်သော | + အယူလွဲမှု ဒိဋ္ဌိယှဉ်လျက် | + တိုက်တွန်းမှုမပါသည့် ထက်မြက်သောစိတ် |
| ၂။ | ဝမ်းမြောက်ရွှင်လန်းခြင်း နှင့်တကွဖြစ်သော | + အယူလွဲမှု ဒိဋ္ဌိယှဉ်လျက် | + ထိုင်းမှိုင်းသည့်စိတ် |
| ၃။ | ဝမ်းမြောက်ရွှင်လန်းခြင်း နှင့်တကွဖြစ်သော | + ဒိဋ္ဌိမယှဉ်ဘဲ | + ထက်မြက်သောစိတ် |
| ၄။ | ဝမ်းမြောက်ရွှင်လန်းခြင်း နှင့်တကွ ဖြစ်သော | + ဒိဋ္ဌိမယှဉ်ဘဲ | + ထိုင်းမှိုင်းသောစိတ် |
| ၅။ | ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ | + ဒိဋ္ဌိယှဉ်လျက် | + ထက်မြက်သောစိတ် |
| ၆။ | ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ | + ဒိဋ္ဌိယှဉ်လျက် | + ထိုင်းမှိုင်းသောစိတ် |
| ၇။ | ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ | + ဒိဋ္ဌိမယှဉ်ဘဲ | + ထက်မြက်သောစိတ် |
| ၈။ | ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ | + ဒိဋ္ဌိမယှဉ်ဘဲ | + ထိုင်းမှိုင်းသောစိတ် |

ဤစိတ်အသီးသီး၌ စေတသိက်များ ယှဉ်ပုံကို နောက်အခန်း၌ ဖော်ပြပါမည်။

## လောဘမူစိတ်များဖြစ်ပေါ်ပုံ

နံနက်အိပ်ရာမှထသည့်အခါ သွားတိုက်၍ မျက်နှာသစ်ကြသည်။ ထို့နောက် မှန်ရှေ့တွင်ရပ်၍ ဖြီးလိမ်းဝတ်ဆင်ကြသည်။ မှန်တွင် မိမိ၏ပုံရိပ်ကိုမြင်သည့်အခါ မိမိကိုယ်ကို နှစ်သက်တွယ်တာသော လောဘမူစိတ်များ ဖြစ်သည်။

"အတ္တသမံ ပေမံနတ္ထိ" "မိမိနှင့်တူသော မိမိချစ်သည့်သူ မရှိ"ဟု ဆိုခြင်းမှာ မိမိကို လောဘနှင့်ချစ်ခင်တပ်မက်တွယ်တာခြင်း ဖြစ်သည်။

မှန်ထဲကြည့်၍ 'ငါ...တော်တော်လှတာပဲ...ချောတာပဲ'ဟု သဘောကျနေလျှင် သောမနဿသဟဂုတ် လောဘမူစိတ်များ ဖြစ်ပေါ်နေကြ၏။ မိမိ၏ခန္ဓာငါးပါးကို 'ငါ'ဟု မှတ်ယူထားခြင်းသည် သက္ကာယဒိဋ္ဌိဖြစ်၍ ထိုလောဘမူစိတ်

www.burmeseclassic.com

www.burmeseclassic.com



များသည် ဒိဋ္ဌိသဟဂုတ် လောဘမူစိတ်များ ဖြစ်ကြသည်။ ထို့အပြင် ထိုလောဘမူစိတ်များသည် မည်သူ့မျှမတိုက်တွန်း မနှိုးဆော်ရဘဲနှင့် အာရုံနှင့်ဒွါရ ထိတိုက်မိကြသည်နှင့်တစ်ပြိုင်နက် အလိုအလျောက်ဖြစ်ပေါ်လာကြသောကြောင့် အသင်္ခါရိက လောဘမူစိတ်များ ဖြစ်ကြသည်။

တစ်နည်းဆိုသော် ဆံပင်ဖြီးစဉ် သနပ်ခါးမိတ်ကပ်လိမ်းကျံစဉ် အင်္ကျီလုံချည် သစ်သစ်လွင်လွင်ကို ဝတ်ဆင်စဉ် ကျေနပ်နှစ်သက်မှုဖြစ်နေလျှင် "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်များ" ဖြစ်ပေါ်နေကြသည်ဟု နားလည်ရပေမည်။

နံနက်စာစားသည့်အခါ ရေဒီယို–ကက်ဆက် နားထောင်သည့်အခါ ဝတ္ထုမဂ္ဂဇင်း ဖတ်ရှုသည့်အခါ စသည်တို့တွင်လည်း နှစ်သက်သာယာနေလျှင် "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်များ" ပင် ဖြစ်ပေါ်နေကြမည်။

ဈေးရောင်းသည့်အခါ အမြတ်အစွန်းရ၍ သို့မဟုတ် ဈေးဝယ်သည့်အခါ လိုချင်သည့်ပစ္စည်းရ၍ ဝမ်းမြောက်ဝမ်းသာနေလျှင်လည်း ဤလောဘမူစိတ်များပင် ဖြစ်နေကြမည်။

ဝတ်ဆင်စားသောက်စဉ် ရောင်းဝယ်ဖောက်ကားစဉ် ဝတ္ထုကာတွန်း စသည်ကို ဖတ်ရှုစဉ် သိသိသာသာ ဝမ်းမြောက်ပီတိမဖြစ်ဘဲ တော်ရုံတန်ရုံ နှစ်သက်သဘောကျနေလျှင်မူ "ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်များ" ဖြစ်ပေါ်နေကြမည်။

"လောဘမူစိတ်နှင့်ဝတ်ဆင်တာ စားသောက်တာ အပြစ်ရှိတာပဲ၊ အလေးတင်းတောင်း လျှော့ထားပြီး ရောင်းချတာ အဒိန္နာဒါနကံကို ကျူးလွန်တာပဲ၊ မကောင်းမှုကံဟာ မကောင်းကျိုးပေးတတ်တယ်..." စသည်ဖြင့် ကံ–ကံ၏ သဘောကို ဆင်ခြင်မိ၍ ဝမ်းမမြောက်သော်လည်း လိုချင်တပ်မက်သည့်လောဘကို မချုပ်ထိန်းနိုင်လျှင် "ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ်များ" ဖြစ်ပေါ်ကြမည်။

မိမိကိုမိမိ တိုက်တွန်း၍ဖြစ်စေ၊ သူတစ်ပါးက တိုက်တွန်း၍ဖြစ်စေ၊ လေးလံထိုင်းမှိုင်းသည့်စိတ်ဖြင့် ရုပ်ရှင်ကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း၊ အစားအသောက် သုံးဆောင်ခြင်း စသည့် ကာမဂုဏ်ခံစားမှုကို ပြုလျှင် "သသင်္ခါရိက လောဘမူစိတ်များ" ဖြစ်ပေါ်ကြမည်။

လိုရင်းကိုဆိုရသော် အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့ဟူသော ကာမဂုဏ်အာရုံတစ်ခုခုကို သဘောကျနှစ်သက်မိလျှင် လောဘမူစိတ်ဖြစ်ပြီဟု

www.burmeseclassic.com

www.burmeseclassic.com



မှတ်ယူနိုင်သည်။ ထိုသို့ဖြစ်နေစဉ် ကံ–ကံ၏သဘော, အနတ္တသဘောစသည်တို့ကို မဆင်ခြင်မိလျှင် ဒိဋ္ဌိပါ စိတ်မှာယှဉ်လာသဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်လောဘမူစိတ်ဖြစ်မည်။ ကံ–ကံ၏ သဘော, အနတ္တသဘော စသည်ကို ဆင်ခြင်မိလျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ဖြစ်မည်။

လောဘမူစိတ်ဖြစ်စဉ် ဝမ်းမြောက်ဝမ်းသာနေလျှင် ပီတိယှဉ်လာသဖြင့် သောမနဿသဟဂုတ်စိတ် ဖြစ်မည်၊ ဝမ်းမြောက်ဝမ်းသာမဖြစ်လျှင် ပီတိမယှဉ်သဖြင့် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်မည်။ စေတနာထက်ထက်သန်သန်နှင့်ဖြစ်သောစိတ်သည် အသင်္ခါရိကစိတ်ဖြစ်ပြီး စေတနာမထက်သန်ဘဲ တုံ့ဆိုင်းနေလျှင် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

မိမိ၏စိတ်ကိုသတိထား၍ရှုကြည့်နေလျှင် လောဘစိတ်ဖြစ်လာပါက ဖြစ်မှန်းသိပြီး မည်သည့်လောဘစိတ်အမျိုးအစားဖြစ်သည်ကိုလည်း ဆန်းစစ်ကာ သိရှိနိုင်ပါသည်။

## (ခ) ဒေါသမူစိတ် ၂ ပါး

ဒေါသအရင်းခံမူလဖြစ်သောစိတ်ကို 'ဒေါသမူစိတ်' (ဝါ) ဒေါသစိတ်ဟုခေါ်သည်။ အလိုမကျသောအခါ စိတ်ဆိုးစိတ်ပျက်သည့်အခါ စိုးရိမ်ပူပင်သောအခါ ဝမ်းနည်းပူဆွေးသည့်အခါများတွင် ဒေါသမူစိတ်များ ဖြစ်ပေါ်ကြသည်။ ဒေါသမူစိတ် ၂ မျိုးတို့၏ အမည်များမှာ–

*၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၊*
*၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်။*

ဒေါမနဿသဟဂုတ် = စိတ်ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော
ပဋိဃ = ဒေါသ = စိတ်ဆိုးစိတ်ပျက်မှု

သို့အတွက်· ဒေါသမူစိတ် ၂ ပါးတို့၏ အဓိပ္ပာယ်မှာ...

*၁။ စိတ်ဆင်းရဲခြင်းနှင့်တကွဖြစ်သော*
*ဒေါသယှဉ်လျက် ထက်မြက်သည့် စိတ်၊*
*၂။ စိတ်ဆင်းရဲခြင်းနှင့်တကွဖြစ်သော*
*ဒေါသယှဉ်လျက် ထိုင်းမှိုင်းသည့် စိတ်။*

## ဒေါသမူစိတ်များ ဖြစ်ပေါ်ပုံ

"လူ့အလို နတ်မလိုက်နိုင်"ဟု ဆိုသည့်အတိုင်း လောဘဦးစီး၍ တစ်နေ့တစ်နေ့ လိုချင်သောအရာများ၊ ဖြစ်စေလိုသည့်အရာများမှာ မရေမတွက်နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပင် များလှပေသည်။ ထိုလိုချင်မှုတစ်ခုခု ပြည့်စုံလာလျှင် ဝမ်းမြောက်မှုပီတိနှင့်တကွ လောဘမူစိတ်များ ထပ်မံဖြစ်ပွားကြသည်။ လိုချင်သည့်အရာများ မဖြစ်မြောက်လာလျှင်မူ အလိုမကျခြင်း, စိတ်ဆိုးခြင်း, စိတ်ပျက်ခြင်း, စိတ်ဆုတ်နစ်ခြင်း ဟူသော ဒေါသယှဉ်သည့်ဒေါသမူစိတ်များ ဖြစ်ပေါ်လာကြမည်။

မိမိ မမြင်လိုသော မုန်းသူကို မြင်ရခြင်း၊ မိမိ မကြားလိုသည့် အပြစ်တင်မောင်းမဲသံများကို ကြားရခြင်း၊ အပုပ်နံ့များကို ရှူရှိုက်ရခြင်း၊ မကောင်းသောအရသာ, မကောင်းသည့် အထိအတွေ့တို့နှင့် ဆုံတွေ့ရခြင်း၊ ဤအခါများတွင်လည်း စိတ်မချမ်းမသာဖြစ်ကာ ဒေါသမူစိတ်များ ဖြစ်ပေါ်ကြသည်။

စီးပွားဥစ္စာ, ဆွေမျိုးဂုဏ်သိန်ပျက်စီးခြင်းဟူသော ဗျသနတရားတို့နှင့် ဆုံတွေ့သောအခါ ပြင်းထန်စွာဝမ်းနည်းပူဆွေးခြင်းဟူသည့် ဒေါသစိတ်များ အပြင်းအထန်ဖြစ်ပေါ်ကြသည်။ မိမိအကျိုးကို ထိပါးပုတ်ခတ်လာလျှင်လည်း ဒေါသစိတ်များ ထောင်းခနဲထကြွလာတော့သည်။

တက်ကြွသောဒေါသဖြစ်စေ၊ ဆုတ်နစ်သောဒေါသဖြစ်စေ၊ ဒေါသအရင်းခံလိုက်သည်နှင့်တစ်ပြိုင်နက် ဒေါသစိတ်ဖြစ်ပေါ်လာတော့သည်။ ဒေါသစိတ် ဖြစ်ပေါ်တိုင်းလည်း ဒေါမနဿဝေဒနာဟူသည့် စိတ်မှာဆင်းရဲသောခံစားမှု ယှဉ်လာတော့သည်။ တိုက်တွန်းမှုမပါဘဲဖြစ်ပေါ်သည့် ထက်မြက်သောဒေါသစိတ်သည် အသင်္ခါရိကစိတ် ဖြစ်၏။ မိမိကို မိမိတိုက်တွန်း၍ဖြစ်စေ၊ သူတစ်ပါးတိုက်တွန်း၍ဖြစ်စေ ဖြစ်ပေါ်လာသော ထက်မြက်မှုမရှိသည့် ဒေါသစိတ်သည် သသင်္ခါရိကစိတ် ဖြစ်သည်။

လုပ်ငန်းကိစ္စတစ်ခုခုအတွက် စိုးရိမ်နေခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးပျက်စီးမည်ကို စိုးရိမ်ပူပန်နေခြင်း၊ သားသမီးများ ဘေးဒုက္ခရောက်မည်ကို စိုးရိမ်နေခြင်း၊ ဣဿာ = မနာလိုခြင်း၊ မစ္ဆရိယ = ဝန်တိုခြင်း၊ ကုက္ကုစ္စ = နောင်တတစ်ဖန်ပူပန်ခြင်း စသည်တို့ဖြစ်ပေါ်နေသည့်အခါများတွင်လည်း စိတ်ဆင်းရဲခြင်းနှင့်တကွ ဒေါသမူစိတ်များ ဖြစ်ပေါ်နေကြသည်ကို သတိပြုရာ၏။

## (ဂ) မောဟမူစိတ် ၂ ပါး

မောဟအရင်းခံမူလဖြစ်သောစိတ်ကို 'မောဟမူစိတ်' ဟု ခေါ်သည်။ မောဟသည် အာရုံ၏ အမှန်သဘောဖြစ်သည့် အနိစ္စ, ဒုက္ခ, အနတ္တသဘောတို့ကို မမြင်သိသဖြင့် အမြင်မှားသည့်သဘော, တွေဝေသောသဘောဖြစ်သည်။ အထူးသဖြင့် ရတနာသုံးပါး, ကံတရားစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယ (ဝိစိကိစ္ဆာ) ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသောအခါတွင်လည်းကောင်း၊ စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ) ဖြစ်ပေါ်နေသည့်အခါတွင်လည်းကောင်း မောဟမူစိတ်များ ဖြစ်ပေါ်ကြသည်။

မောဟမူစိတ် ၂ ပါးမှာ–

*၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၊*

*၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်။*

ဤစိတ် ၂ ပါးတို့၏ အဓိပ္ပာယ်မှာ...

*၁။ ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ ဝိစိကိစ္ဆာယှဉ်လျက် ယုံမှားသံသယဖြစ်သည့်စိတ်၊*

*၂။ ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ ဥဒ္ဓစ္စယှဉ်လျက် ပျံ့လွင့်နေသောစိတ်။*

## တစ်နေ့တာအဖြစ်များသည့် စိတ်များ

လူတစ်ယောက် အိပ်ရာမှနိုးလာသောအချိန်မှစ၍ သူ၏ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဒွါရ (တံခါး) ၆ ပေါက်တို့သည် အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့, အကြံအစည်ဟူသည့် အာရုံ ၆ ပါးတို့နှင့် အဆက်မပြတ် ထိတွေ့နေကြရသည်။

အာရုံနှင့်ဒွါရထိတွေ့တိုင်း 'ဝီထိ' ခေါ် စိတ်အစဉ်များ ဖြစ်ပေါ်ကြသည်။ မီးခြစ်အိမ်တွင် မီးခြစ်ဆံကို ခြစ်လိုက်သည့်အခါ မီးတောက်ဖြစ်ပေါ်လာသကဲ့သို့ ဒွါရ၌ အာရုံထိတိုက်သောအခါ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ် စသည်တို့ဖြစ်ပေါ်လာကြသည်။ ဤမြင်သိစိတ်, ကြားသိစိတ်စသော အာရုံကိုသိရုံမျှသိကြသည့်စိတ်များသည် ကုသိုလ်–အကုသိုလ်စိတ်များ မဟုတ်ကြပါ။ အတိတ်က ကုသိုလ်ကံ– အကုသိုလ်ကံအစွမ်းကြောင့်ဖြစ်ပေါ်ခွင့်ရကြသော ဝိပါက်စိတ် (အကျိုးစိတ်) များ ဖြစ်ကြ၏။

သို့သော် ထိုမြင်ရ, ကြားရ, နံသိရ, စားသိရ, ထိသိရသော အာရုံတစ်ခုခုကို သာယာနှစ်သက်မိလျှင်ကား လောဘစိတ်များသည် ဇောအဖြစ် အရှိန်အဟုန်နှင့် ဖြစ်ပေါ်လာကြတော့သည်။ အာရုံကို အလိုမကျလျှင်ကား ဒေါသစိတ်များသည် ဇောအဖြစ် အရှိန်အဟုန်နှင့်ဖြစ်ပေါ်လာကြသည်။ အာရုံကိုနှစ်သက်သည်လည်း မဟုတ်၊ မနှစ်သက်သည်လည်း မဟုတ်၊ တွေဝေငေးမောခြင်းဖြစ်နေလျှင် မောဟမူစိတ်များသည် ဇောအဖြစ် အရှိန်အဟုန်နှင့်ဖြစ်ပေါ်လာကြသည်။

အစ – အဆုံးမထင်သော အနမတဂ္ဂသံသရာတစ်ခွင်တွင် မသိမိုက်မဲမှုကြောင့် လောဘ, ဒေါသ, မောဟတို့က စိတ်ကိုအပိုင်စီးကာ ခြယ်လှယ်ခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com



နေကြသဖြင့် လောဘမူစိတ်, ဒေါသမူစိတ်, မောဟမူစိတ် ဟူသည့် အကုသိုလ်စိတ်များသာ တစ်နေ့တာအဖြစ်များကြပေသည်။ သာသနာတော်နှင့် ဆုံတွေ့၍ တရားဓမ္မကို သိနားလည်သဖြင့် သတိယှဉ်ကာ မှန်မှန်ကန်ကန် နှလုံးသွင်းမိသောအခါများ၌သာ ကုသိုလ်စိတ်များက ဇောအဖြစ်စောခွင့်ရကြသည်။

အကုသိုလ်စိတ်များသည် လောဘ, ဒေါသ, မောဟ စသော ကိလေသာများနှင့် ယှဉ်၍ဖြစ်ကြသဖြင့် ညစ်နွမ်း, ယုတ်ညံ့, ပူလောင်သောစိတ်များ ဧကန်စင်စစ် ဖြစ်ကြ၏။ ကုသိုလ်စိတ်များသည် ကိလေသာများမှ ကင်းစင်ကာ ကြည်လင်သန့်ရှင်းကြသဖြင့် အေးမြချမ်းသာကာ မြင့်မြတ်သောစိတ်များ ဖြစ်ကြ၏။

အကုသိုလ်စိတ်များသည် အကုသိုလ်ကံမျိုးစေ့များကို ချန်ရစ်ထားကြသဖြင့် နောင်တမလွန်တွင်လည်း မကောင်းကျိုးများကိုသာ ဖြစ်ပွားစေကြသည်။ ကုသိုလ်စိတ်များသည် ကုသိုလ်ကံမျိုးစေ့များကို ချန်ရစ်ထားကြသည့်အတွက် နောင်ဘဝများတွင်လည်း ကောင်းကျိုးချမ်းသာများကို ဆက်လက်ပေးဆောင်ကြလိမ့်မည်။

စိတ်အမျိုးမျိုးကို ခွဲခြားသိရှိပြီးသည့်နောက် မိမိ၏စိတ်အစဉ်တွင် မည်သည့်စိတ်များ ဖြစ်ပေါ်နေသည်ကို သတိယှဉ်လျက်ရှုသိနေခြင်းသည် **'စိတ္တာနုပဿနာ'** ဖြစ်ပါသည်။

သို့ရာတွင် မည်သည့်စိတ်သည် မည်သို့သောအကြောင်းကြောင့် မည်သည့်နေရာ၌ မည်သည့်စေတသိက်များနှင့် အတူယှဉ်လျက် ဖြစ်ပျက်သွားသည်ကို ပရမတ်ကျကျ ရှုသိနိုင်ရန်အတွက်မူ စိတ်အကြောင်းကို သုတမယဉာဏ်ဖြင့် ထပ်မံအသေးစိတ်၍ ပဏ္ဏာမလေ့လာထားရှိရန် လိုအပ်ပါသည်။

## (၂) အဟိတ်စိတ် ၁၈ ပါး

'ဟိတ်'သည် ပါဠိစကားလုံး 'ဟေတု'မှ ဆင်းသက်၍ 'အကြောင်းတရား' (ဝါ) 'အရင်းအမြစ်သဖွယ် ကျေးဇူးပြုသောတရား'ဟု အဓိပ္ပာယ်ရ၏။

အကုသိုလ်ဟိတ် ၃ ပါး = လောဘ၊ ဒေါသ၊ မောဟ၊
ကုသိုလ်ဟိတ် ၃ ပါး = အလောဘ၊ အဒေါသ၊ အမောဟ၊

အကုသိုလ်ဟိတ်များအကြောင်းခံလျှင် အကုသိုလ်စိတ်များဖြစ်သည်။
ကုသိုလ်ဟိတ်များအကြောင်းခံလျှင် ကုသိုလ်စိတ်များ ဖြစ်ပေါ်သည်။
အဟိတ်စိတ်များမှာ ဟိတ်တစ်ခုမျှမပါသော စိတ်များ ဖြစ်ကြသည်။
အဟိတ်စိတ် ၁၈ ပါးတွင် အောက်ပါစိတ် ၃ မျိုး ပါဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(က) အကုသလဝိပါက်စိတ် ၇ ပါး၊
(ခ) အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊
(ဂ) အဟိတ်ကြိယာစိတ် ၃ ပါး။

## (က) အကုသလဝိပါက်စိတ် ၇ ပါး
### (အတိတ်အကုသိုလ်ကံ၏အကျိုးဖြစ်သောစိတ်များ)

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ် | (မြင်သိစိတ်) |
| ၂။ | ဥပေက္ခာသဟဂုတ် | သောတဝိညာဏ် | (ကြားသိစိတ်) |
| ၃။ | ဥပေက္ခာသဟဂုတ် | ဃာနဝိညာဏ် | (နံသိစိတ်) |
| ၄။ | ဥပေက္ခာသဟဂုတ် | ဇိဝှာဝိညာဏ် | (စားသိစိတ်) |
| ၅။ | ဒုက္ခသဟဂုတ် | ကာယဝိညာဏ် | (ထိသိစိတ်) |
| ၆။ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုန်းစိတ် | (အာရုံလက်ခံစိတ်) |
| ၇။ | ဥပေက္ခာသဟဂုတ် | သန္တီရဏစိတ် | (အာရုံစူးစမ်းစိတ်) |

အထက်ပါ စိတ်တို့သည် အတိတ် အကုသိုလ်ကံကြောင့် မကောင်းသော အဆင်း– အသံ–အနံ့ – အရသာ – အထိအတွေ့ တို့နှင့် ဆုံတွေ့သည့်အခါ မြင်– ကြား– နံ – စား– ထိသိသော စိတ်များဖြစ်ကြ၏။

ဥပမာ– ခွေးသေပုပ်, မစင်ပုံစသည့်မကောင်းသောအဆင်းကိုမြင်တွေ့လျှင် အကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်၏၊ ဆူညံသံ,ဆဲရေးသံ စသည့် နားမခံသာသော အသံများကို ကြားလျှင် အကုသလဝိပါက် သောတဝိညာဏ် ဖြစ်၏၊ မကောင်းသော အနံ့အသက်များကို ရှူရှိုက်ရသည့်အခါ အကုသလဝိပါက် ဃာနဝိညာဏ်ဖြစ်၏၊ ဤသို့စသည်ဖြင့်သိပါ။

အထက်ပါစိတ်တို့သည် ဝီထိ ခေါ် စိတ်အစဉ်တစ်ခုစီတွင် တစ်ချက်စီသာ ဖြစ်ကြသဖြင့် ဆိုင်ရာအာရုံကို သိကာမျှသဘောသာ ရှိသေး၏၊ အာရုံ၏ အဆိုးအကောင်းကို မဆုံးဖြတ်နိုင်သေးချေ၊ သို့အတွက် ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ ဥပေက္ခာသဟဂုတ်စိတ်များသာ ဖြစ်ကြသည်။ ကာယဝိညာဏ်တစ်ခုသာလျှင် ဒုက္ခဝေဒနာ = ကိုယ်၌ဆင်းရဲသောခံစားမှုနှင့်ယှဉ်သဖြင့် ဒုက္ခသဟဂုတ်စိတ် ဖြစ်သည်။ ဥပမာ– ခြင်ကိုက်သောအခါ၊ ကြမ်းပိုးထိုးသောအခါ၊ လက်မီးလောင်သောအခါ စသည့်အခါများတွင် ကိုယ်ဆင်းရဲခြင်းနှင့်တကွ အာရုံသိခြင်းမျိုး ဖြစ်သည်။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်ဟူသော အာရုံငါးပါးကိုသိသည့်စိတ်များကို **"ပဉ္စဝိညာဏ်"** ဟု ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤစိတ်တို့သည် တစ်ချက်စီသာဖြစ်ပြီး အာရုံအဆိုးအကောင်းကိုမသိရသေးသည့်အတွက် ၎င်းတို့အသီးသီး ဖြစ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းတို့ယူသောအာရုံကို သမ္ပဋိစ္ဆိုန်းစိတ်က လက်ခံယူရသည်၊ ထို့နောက် သန္တီရဏစိတ်က အာရုံကို စူးစမ်းရသည်၊ ထို့နောက် မနောဒွါရာဝဇ္ဇန်းစိတ်က အာရုံအဆိုးအကောင်းကို ဆုံးဖြတ်ရသည်၊ ထိုနောက်မှ ဇောစိတ်တို့က အာရုံ၏အရသာကို ခံစားကြသည်၊ ဤသို့စသည်ဖြင့် ဝီထိခေါ်သောစိတ်အစဉ်များ ဖြစ်ပေါ်ကြရသည်။

## (ခ) အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး

**(အတိတ်ကုသိုလ်ကံ၏အကျိုးဖြစ်ပြီး ဟိတ်မပါသော စိတ်များ)**

၁။ *ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် (မြင်သိစိတ်)*
၂။ *ဥပေက္ခာသဟဂုတ် သောတဝိညာဏ် (ကြားသိစိတ်)*
၃။ *ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ် (နံသိစိတ်)*
၄။ *ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ် (စားသိစိတ်)*
၅။ *သုခသဟဂုတ် ကာယဝိညာဏ် (ထိသိစိတ်)*
၆။ *ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် (အာရုံလက်ခံစိတ်)*
၇။ *ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစူးစမ်းစိတ်)*
၈။ *သောမနဿသဟဂုတ် သန္တီရဏစိတ် (အာရုံစူးစမ်းစိတ်)*

အထက်ပါ စိတ်အမည်များသည် အကုသလဝိပါက် စိတ်အမည်များနှင့် ဆင်တူကြသည်။ အတိတ်ကုသိုလ်ကံကြောင့် ကောင်းသောအာရုံများနှင့် ဆုံတွေ့သည့်အခါ အဟိတ်ကုသလဝိပါက်စိတ်များ ဖြစ်ကြသည်။ ကုသလဝိပါက် ကာယဝိညာဏ်မှာ ကောင်းသော အထိအတွေ့အာရုံကြောင့် သုခဝေဒနာ= ကိုယ်၌ချမ်းသာသောခံစားမှုနှင့် ယှဉ်၍ဖြစ်သည်။

ကုသိုလ်အကျိုးဖြစ်သည့် ပဥ္စဝိညာဏ်နှင့် အကုသိုလ်အကျိုးဖြစ်သည့် ပဥ္စဝိညာဏ်တို့ကိုပေါင်းသော် **ဒွေပဥ္စဝိညာဏ် ၁၀** ဖြစ်ပါသည်။

## (ဂ) အဟိတ်ကြိယာစိတ် ၃ ပါး

**(ဟိတ်မပါသော ပြုကာမျှဖြစ်သည့်စိတ်များ)**

၁။ *ပဥ္စဒွါရာဝဇ္ဇန်းစိတ် = ပဥ္စဒွါရမည်သော မျက်စိ, နား, နှာ, လျှာ, ကိုယ် တို့၌ ထင်သောအာရုံများသို့ ဆင်ခြင်နှလုံးသွင်းသောစိတ်၊*

www.burmeseclassic.com

www.burmeseclassic.com



၂။ မနောဒွါရာဝဇ္ဇန်းစိတ် = မနောဒွါရမည်သော စိတ်တံခါးပေါက်၌ ထင်သည့်အာရုံများကို ဆင်ခြင်ပြီး ကောင်းမကောင်းကို ဆုံးဖြတ်သောစိတ်။ ပဉ္စဒွါရ၌ထင်သောအာရုံများကိုလည်း ကောင်းမကောင်း ဆုံးဖြတ်ပေးသည်၊ ဤသို့ဆုံးဖြတ်သည့်အခါ ဤစိတ်ကို 'ဝုဋ္ဌော'ဟုခေါ်သည်။

၃။ ဟသိတုပ္ပါဒ်စိတ် = မြတ်စွာဘုရားနှင့် ရဟန္တာတို့၏ ပြုံးရယ်သောစိတ်။ (ဤစိတ်သည် ပုထုဇဉ်တို့၌မဖြစ်ပါ။)

## အဟိတ်စိတ်များ အရေးပါပုံ

အဟိတ်စိတ်များသည် အာရုံအမျိုးမျိုးကို သိရှိအောင် ဆောင်ရွက်ပေးကြ၏။ မျက်စိ, နား, နှာ, လျှာ, ကိုယ် ဟူသော ဒွါရ (တံခါးပေါက်) ၅ ခုအနက် ဒွါရတစ်ခုခု၌ ဆိုင်ရာအာရုံထင်လာသော် ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ပထမဆင်ခြင် နှလုံးသွင်းရ၏၊ ထိုသို့နှလုံးသွင်းပြီးမှ ဆိုင်ရာပဉ္စဝိညာဏ်စိတ်ဖြစ်၏။

ဥပမာ–စက္ခုဒွါရ(မျက်စိ)၌ လှပသောအဆင်းအာရုံတစ်ခု ထင်လာသော် ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ထိုအာရုံကို ပထမဆင်ခြင်နှလုံးသွင်း၏၊ ထို့နောက် ကုသလဝိပါက်စက္ခုဝိညာဏ်က ထိုအာရုံကိုမြင်၏၊ မြင်ကာမျှသာဖြစ်ပြီး စက္ခုဝိညာဏ်ချုပ်သွားသဖြင့် မချုပ်မီ ထိုအာရုံကို ကုသလဝိပါက်သမ္ပဋိစ္ဆိုန်းစိတ်သို့ လက်ဆင့်ကမ်းပေး၏၊ ထိုသမ္ပဋိစ္ဆိုန်းက အာရုံကို လက်ခံယူပြီးနောက် မိမိ မချုပ်မီ ထိုအာရုံကို ကုသလဝိပါက်သန္တီရဏစိတ်သို့ လက်ဆင့်ကမ်းပေးပြန်၏။ သန္တီရဏစိတ်က အာရုံကိုစူးစမ်းပြီး မိမိသိရှိသောအချက်ကို မနောဒွါရာဝဇ္ဇန်းစိတ်သို့ လက်ဆင့်ကမ်း၏၊ မနောဒွါရာဝဇ္ဇန်းက အာရုံကောင်းမကောင်းကို ဆုံးဖြတ်၏၊ နှစ်သက်တပ်မက်ဖွယ်သောအာရုံအဖြစ် ဆုံးဖြတ်လိုက်လျှင် လောဘမူစိတ်များက ဇောအဖြစ် ၇–ကြိမ်ဆက်ဖြစ်ကြ၏၊ မနှစ်သက်ဖွယ် ရွံမုန်းဖွယ်အာရုံအဖြစ် ဆုံးဖြတ်သော် ဒေါသမူစိတ်များက ၇–ကြိမ်ဆက်ကာ ဇောအဖြစ်စောကြ၏၊ ထို့နောက် အာရုံက အလွန်ထင်ရှားအားကြီးလျှင် သန္တီရဏသို့မဟုတ် မဟာဝိပါက်စိတ်တစ်ခုခုက ဇောနောက်လိုက်၍ အာရုံကိုဆက်လက်ခံစားသော တဒါရုံအမည်ဖြင့် ၂ ကြိမ်ဆက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် **စက္ခုဒွါရ** ၌ အားကြီးသောရူပါရုံထင်ခြင်းအတွက်–

*ပဉ္စဒွါရာဝဇ္ဇန်း– စက္ခုဝိညာဏ်–သမ္ပဋိစ္ဆိုန်း– သန္တီရဏ– မနောဒွါရာဝဇ္ဇန်း (ဝုဋ္ဌော)– ဇော ခုနစ်ကြိမ် – တဒါရုံ နှစ်ကြိမ် ဖြစ်ပေါ်သည်။*

ဤစိတ်အစဉ်အတန်းတစ်ခုကို **"ဝီထိ"** တစ်ခုဟု ခေါ်၏။ ကောင်းသော အာရုံဖြစ်သော် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်းနှင့် သန္တီရဏတို့သည် အဟိတ်ကုသလ ဝိပါက်စိတ်များ ဖြစ်ကြ၏။ ဆိုးသောအာရုံဖြစ်သော် ၎င်းစိတ်တို့သည် အကုသလ ဝိပါက်စိတ်များ ဖြစ်ကြ၏။

ထိုနည်းအတူ သောတဒွါရ(နား)၌ အားကြီးသောအသံအာရုံ ထင်လာသည်ရှိသော်–

*ပဉ္စဒွါရာဝဇ္ဇန်း – သောတဝိညာဏ် – သမ္ပဋိစ္ဆိုန်း – သန္တီရဏ –*
*မနောဒွါရာဝဇ္ဇန်း (ဝုဋ္ဌော) – ဇော ၇–ကြိမ် – တဒါရုံ ၂–ကြိမ်တို့ ဖြစ်ပေါ်ကြ၏။*

ဃာနဒွါရ(နှာခေါင်း)၊ ဇိဝှာဒွါရ(လျှာ)၊ ကာယဒွါရ(ကိုယ်) အသီးသီး၌ အနံ့, အရသာ, အထိအတွေ့ အသီးသီးတို့ ထင်ပေါ်လာကြသောအခါများတွင်လည်း အထက်ပါနည်းတူ ဝီထိများဖြစ်ပေါ်ကြ၏။ သောတဝိညာဏ်နေရာ၌ ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်တို့ကို အလျဉ်းသင့်သလို ပြောင်းလဲပေးရန်သာ လိုသည်။

**မနောဒွါရ** (စိတ်)၌ စိတ်ကူးအကြံအစည် စသည့် ဓမ္မာရုံတစ်မျိုးမျိုး ထင်လာသောအခါ မနောဒွါရာဝဇ္ဇန်းစိတ်က ထိုအာရုံကို ပထမဆင်ခြင်နှလုံးသွင်းပြီး ကောင်းသည်, မကောင်းသည်ကို တစ်ခါတည်းဆုံးဖြတ်ပေးလိုက်၏၊ ထို့နောက် အာရုံ၏အရသာကို ခံစားသော ဇောစိတ် ၇–ကြိမ်နှင့် တဒါရုံ ၂–ကြိမ်တို့ ဖြစ်ပေါ်ကြ၏။

ဝီထိပုံစံမှာ–

*မနောဒွါရာဝဇ္ဇန်း– ဇော ၇–ကြိမ် – တဒါရုံ ၂–ကြိမ် ဖြစ်သည်။*

သို့အတွက် အာရုံတစ်မျိုးစီကို သိရှိရန်နှင့် ကောင်းမကောင်း ဆုံးဖြတ်ရန် အတွက် အဟိတ်စိတ်များက တာဝန်ယူဆောင်ရွက်ပေးကြသည်။ မနောဒွါရာဝဇ္ဇန်းက အာရုံကို သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး ဆုံးဖြတ်ပေးလျှင် ကုသိုလ်စိတ်များက ဇောအဖြစ်ဇောကြ၏၊ သင့်တင့်လျောက်ပတ်စွာနှလုံးမသွင်းလျှင် အကုသိုလ်စိတ်များက ဇောအဖြစ်ဇောကြ၏။

ဝီထိအမျိုးမျိုးအကြောင်းကို အခန်း(၃)တွင် ရှင်းလင်းတင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## (၃) ကာမသောဘဏစိတ် ၂၄ ပါး

### (ကာမဘုံ၌အဖြစ်များပြီး တင့်တယ်သောစိတ်များ)

ဤစိတ်များကို အောက်ပါအတိုင်း ၃ စု ခွဲခြားသည်။

(က) မဟာကုသိုလ်စိတ် ၈–ပါး၊

(ခ) မဟာဝိပါက်စိတ် ၈–ပါး၊

(ဂ) မဟာကြိယာစိတ် ၈–ပါး။

### (က) မဟာကုသိုလ်စိတ် ၈-ပါး

(ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ ကုသိုလ်ပြုသည့်စိတ်များ၊
သေက္ခပုဂ္ဂိုလ် = သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်)

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၂။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိကစိတ် |
| ၃။ | သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၄။ | သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိကစိတ် |
| ၅။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၆။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | သသင်္ခါရိကစိတ် |
| ၇။ | ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၈။ | ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | သသင်္ခါရိကစိတ်။ |

ဤစိတ်အမည်များသည် လောဘမူစိတ် ၈–ပါးတို့၏ အမည်များနှင့် ဆင်တူကြသည်။ 'ဒိဋ္ဌိဂတ' နေရာတွင် 'ဉာဏ' ထည့်လိုက်ခြင်းသာ ထူးသည်။ အဓိပ္ပာယ်များလည်း ဆင်တူကြပါသည်။

### မဟာကုသိုလ်စိတ် ၈-ပါးတို့၏ အဓိပ္ပာယ်များမှာ

| | | | |
|---|---|---|---|
| ၁။ | ဝမ်းမြောက်ရွှင်လန်းခြင်း နှင့်တကွဖြစ်သော + | အယူမှန်ကို သိသော ဉာဏ်နှင့် ယှဉ်လျက် + | တိုက်တွန်းမှုမပါသည့် ထက်မြက်သောစိတ် |
| ၂။ | ဝမ်းမြောက်ရွှင်လန်းခြင်း နှင့်တကွဖြစ်သော + | အယူမှန်ကို သိသော ဉာဏ်နှင့် ယှဉ်လျက် + | လေးလံသောစိတ် |
| ၃။ | ဝမ်းမြောက်ရွှင်လန်းခြင်း နှင့်တကွဖြစ်သော + | ဉာဏ်နှင့်မယှဉ်ဘဲ + | ထက်မြက်သောစိတ် |

www.burmeseclassic.com

www.burmeseclassic.com



၄။ ဝမ်းမြောက်ရွှင်လန်းခြင်း + ဉာဏ်နှင့်မယှဉ်ဘဲ + လေးလံသောစိတ် နှင့်တကွဖြစ်သော

၅။ ဝမ်းသာဝမ်းနည်း + ဉာဏ်နှင့်ယှဉ်လျက် + ထက်မြက်သောစိတ် မဖြစ်ဘဲ

၆။ ဝမ်းသာဝမ်းနည်း + ဉာဏ်နှင့်ယှဉ်လျက် + လေးလံသောစိတ် မဖြစ်ဘဲ

၇။ ဝမ်းသာဝမ်းနည်း + ဉာဏ်နှင့်မယှဉ်ဘဲ + ထက်မြက်သောစိတ် မဖြစ်ဘဲ

၈။ ဝမ်းသာဝမ်းနည်း + ဉာဏ်နှင့်မယှဉ်ဘဲ + လေးလံသောစိတ် မဖြစ်ဘဲ

## မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ပုံ

အပြစ်ကင်း၍ ကောင်းကျိုးပေးသောအမှုအလုပ်များကို 'ကုသိုလ်ကောင်းမှု' ဟု ခေါ်သည်။ ကောင်းကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကုသိုလ်ကောင်းမှုများသည် ၁၀ မျိုးရှိပြီး **'ပုညကြိယဝတ္ထု ၁၀ ပါး'** ဟု အမည်ရကြသည်။ အုပ်စုအလိုက်ခွဲခြားသော် ဒါန–သီလ–ဘာဝနာဟူ၍ သုံးစုရှိ၏။

*(က) ဒါနအုပ်စု*
- *(၁) ဒါန = ပေးကမ်းလှူဒါန်းမှု၊*
- *(၂) ပတ္တိဒါန = မိမိ၏ကုသိုလ်အဖို့ကို အမျှပေးဝေမှု၊*
- *(၃) ပတ္တာနုမောဒန = သူတစ်ပါးပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု။*

*(ခ) သီလအုပ်စု*
- *(၄) သီလ = ၅ ပါး, ၈ ပါး, ၁၀ ပါး စသော သီလကို ဆောက်တည်မှု၊*
- *(၅) အပစာယန = အသက်, သိက္ခာ, ဂုဏ် ကြီးမြင့်သူတို့အား ရိုသေမှု၊*
- *(၆) ဝေယျာဝစ္စ = အနန္တ ငါးပါးနှင့်ကုသိုလ်ရေး ကိစ္စများ၌ ပါဝင်ဆောင်ရွက်မှု။*

*(ဂ) ဘာဝနာအုပ်စု*
- *(၇) ဘာဝနာ = သမထဘာဝနာ, ဝိပဿနာ ဘာဝနာ စီးဖြန်းမှု၊*
- *(၈) ဓမ္မဿဝန = သူတော်ကောင်းတရားကို နာကြားမှု၊*

www.burmeseclassic.com

www.burmeseclassic.com



*(၉) ဓမ္မဒေသနာ = လာဘ်ကို မငဲ့ဘဲ*
*သူတော်ကောင်းတရားကို*
*ဟောကြားမှု၊*
*(၁၀) ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မှန်စွာယူမှု။*

အထက်ပါ ပုညကြိယဝတ္ထုတစ်ပါးပါးကို အာရုံယူပြီး ကြံစည်, ပြောဆို, ပြုလုပ်နေသည့်အခါများတွင် မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ကြသည်။

တစ်နည်းဆိုသော် မျက်စိ–နား–နှာ–လျှာ–ကိုယ်–စိတ်ဟူသော ဒွါရ(၆) ပါး၌ ဆိုင်ရာအာရုံအသီးသီးတို့ ထိတိုက်ကြသည့်အခါ လောဘ, ဒေါသ, မောဟ စသောကိလေသာများ မဖြစ်ပေါ်အောင် သတိယှဉ်၍ နှလုံးသွင်းစောင့်စည်းနိုင်လျှင် မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ကြမည်။

သမထ –ဝိပဿနာဘာဝနာများ ရှုပွားခြင်းသည် အကုသိုလ်တရားများ မဖြစ်ပွားအောင် တားဆီးပိတ်ဆို့၍ မဟာကုသိုလ်စိတ်များ အဆက်မပြတ်ဖြစ်ပေါ်အောင် ကြိုးပမ်းအားထုတ်ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်၍ အကုသိုလ်စိတ်များကို တားဆီးလျက် ကုသိုလ်စိတ်များ အစဉ်မပြတ် ဖြစ်ပေါ်နိုင်ရေးအတွက် ဘာဝနာတစ်မျိုးမျိုးကို အမြဲတစေ နှလုံးသွင်း ရှုပွားနေသင့်ပါသည်။

ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်သည့်အခါ ဝမ်းမြောက်ရွှင်လန်းနေလျှင် သောမနဿသဟဂုတ် မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ပြီး ဝမ်းမြောက်ဝမ်းနည်းမဖြစ်လျှင် ဥပေက္ခာသဟဂုတ် မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ကြမည်။ ကံ –ကံ၏ အကျိုးကို သိမြင်သော သို့မဟုတ် အနိစ္စ–ဒုက္ခ–အနတ္တသဘောတို့ကို သိမြင်သောဉာဏ်ယှဉ်လျှင် ဉာဏသမ္ပယုတ်မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ကြမည်။ ကံ–ကံ၏ အကျိုးစသည်ကို သိမြင်သောဉာဏ်နှင့် မယှဉ်လျှင် ဉာဏဝိပ္ပယုတ်မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ကြမည်။

ကုသိုလ်ကောင်းမှုလုပ်ဆောင်ရာတွင် မိမိနှင့်သူတစ်ပါးတို့၏ တိုက်တွန်းမှုမပါဘဲ ထက်ထက်မြက်မြက်ဆောင်ရွက်လျှင် အသင်္ခါရိကမဟာကုသိုလ်စိတ်များ ဖြစ်ပေါ်ပြီး အကျိုးပေးရာတွင် ထက်မြက်မည်။ မိမိ သို့မဟုတ် သူတစ်ပါးတို့၏ တိုက်တွန်းမှုဖြင့် တွန်းအားယူ၍ လုပ်ဆောင်ရသော မဟာကုသိုလ်စိတ်သည် ထက်မြက်မှုနည်းသောကြောင့် သသင်္ခါရိကမဟာကုသိုလ်စိတ်ဟု အမည်ရသည်။ သသင်္ခါရိကကုသိုလ်သည် အသင်္ခါရိကကုသိုလ်လောက် အကျိုးပေး မထက်သန်ချေ။

www.burmeseclassic.com

www.burmeseclassic.com



## (ခ) မဟာဝိပါက်စိတ် ၈-ပါး

**(အတိတ်ကုသိုလ်ကံတို့၏အကျိုးဖြစ်ပြီး ဟိတ်ပါသောစိတ်များ)**

ဤစိတ်တို့၏အမည်များနှင့် အဓိပ္ပာယ်များသည် မဟာကုသိုလ်စိတ် ၈ ပါး အတိုင်း ဖြစ်ကြသည်။ ဤစိတ်တို့သည် အတိတ်ကုသိုလ်ကံကြောင့် ဤဘဝ၌ ဖြစ်ကြသည့်စိတ်များ ဖြစ်ကြသည်။ ၎င်းစိတ်တို့သည် ယခုဘဝ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်နှင့် တဒါရုံစိတ်များအဖြစ် ကိစ္စဆောင်ရွက်ကြသည်။

## (ဂ) မဟာကြိယာစိတ် ၈-ပါး

**(ရဟန္တာတို့၏ကုသိုလ်ကောင်းမှုပြုသည့်စိတ်များ)**

ဤစိတ်တို့၏အမည်များနှင့် အဓိပ္ပာယ်များသည် မဟာကုသိုလ်စိတ် ၈ ပါး အတိုင်းပင် ဖြစ်ကြသည်။ ကိလေသာကင်းရှင်းကြသော ရဟန္တာအရှင်မြတ်များသည် ဒါန, သီလ, ဘာဝနာဟူသည့် ကုသိုလ်ကောင်းမှုများကို ပြုသင့်ပြုထိုက်၍ ပြုလုပ်ကြသော်လည်း ထိုကောင်းမှု၏ အကျိုးတစ်စုံတစ်ရာကိုမျှ မျှော်လင့်တောင့်တခြင်း မရှိကြချေ။ ရဟန္တာတို့သည် နောက်ထပ်တစ်ဖန်ဘဝဖြစ်ရခြင်းလည်း မရှိကြတော့ချေ။ သို့အတွက် ရဟန္တာတို့တွင် မဟာကုသိုလ်စိတ်များ မဖြစ်ဘဲ ပြုကာမတ္တမျှဖြစ်သော မဟာကြိယာစိတ်များ ဖြစ်ပေါ်ကြသည်။

## မဟဂ္ဂုတ်စိတ် ၂၇-ပါး

မဟဂ္ဂုတ်စိတ်တို့သည် ဈာန်စိတ်များ ဖြစ်ကြ၏။ ကာမစိတ်တို့ထက် ပို၍ မြင့်မြတ်သည့်အတွက် 'မဟဂ္ဂုတ်'ဟူသောအမည်ကိုရကြ၏။ မဟဂ္ဂုတ်စိတ်တို့တွင် အောက်ပါစိတ် ၂ - မျိုး ပါဝင်ကြ၏။

(၁) ရူပါဝစရစိတ် ၁၅ ပါး၊

(၂) အရူပါဝစရစိတ် ၁၂ ပါး။

ဤစိတ်တို့ကို တစ်မျိုးစီ ထပ်မံရှင်းပြပါမည်။

## (၁) ရူပါဝစရစိတ် ၁၅-ပါး

**(ရုပ်ပြဟ္မာဘုံများ၌အဖြစ်များသောစိတ်များ)**

ရူပါဝစရစိတ် (ဝါ) ရူပစိတ် ၁၅-ပါးကို ကာမသောဘဏစိတ်များကို ခွဲခြားသည့်နည်းအတိုင်း ၃-စု ထပ်မံခွဲခြားနိုင်သည်။

(က) ရူပါဝစရကုသိုလ်စိတ် ၅ ပါး၊

(ခ) ရူပါဝစရဝိပါက်စိတ် ၅ ပါး၊

(ဂ) ရူပါဝစရကြိယာစိတ် ၅ ပါး။

www.burmeseclassic.com

www.burmeseclassic.com



## (က) ရူပါဝစရကုသိုလ်စိတ် ၅-ပါး

**(ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်တို့၏ရူပဈာန်စိတ်များ)**

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော ပထမဈာန်ကုသိုလ်စိတ်၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ကုသိုလ်စိတ်၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၃- ပါးနှင့်ပြည့်စုံသော တတိယဈာန်ကုသိုလ်စိတ်၊

၄။ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂- ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်ကုသိုလ်စိတ်၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ပဥ္စမဈာန်ကုသိုလ်စိတ်။

အထက်ပါနည်းသည် ပဥ္စကနည်းအရ ဈာန် ၅-ပါး ရေတွက်သည့်နည်းဖြစ်သည်။ စတုက္ကနည်းအရ ရူပဈာန် ၄-ပါး ရေတွက်ရာတွင် အမှတ်စဉ်(၂) မပါဘဲ အမှတ်စဉ်(၃)ကို ဒုတိယဈာန်၊ အမှတ်စဉ်(၄)ကို တတိယဈာန်၊ အမှတ်စဉ်(၅)ကို စတုတ္ထဈာန်ဟု ခေါ်သည်။

## (ခ) ရူပါဝစရဝိပါက်စိတ် ၅-ပါး

**(အတိတ်ရူပါဝစရကုသိုလ်ကံ၏အကျိုးဖြစ်သောစိတ်များ)**

ဤစိတ်တို့၏အမည်များကို ရူပါဝစရကုသိုလ်စိတ်အမည်များနည်းတူ ခေါ်ဆိုနိုင်သည်၊ ကုသိုလ်စိတ်အစား ဝိပါက်စိတ်ဟုဆိုခြင်းသာ ထူးသည်။ ရူပါဝစရဝိပါက်စိတ်တို့သည် ရူပဗြဟ္မာများ၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်နှင့် စုတိစိတ်များအဖြစ် ကိစ္စဆောင်ရွက်ကြသည်။ လူတို့၌ မဖြစ်နိုင်ကြပါ။

## (ဂ) ရူပါဝစရကြိယာစိတ် ၅-ပါး

**(ရဟန္တာတို့၏ရူပဈာန်စိတ်များ)**

ရဟန္တာအရှင်မြတ်များသည် ဒါန, သီလ, ဘာဝနာဟူသော ကာမကုသိုလ်အမှုများကို လုပ်ဆောင်သည့်အခါ မဟာကုသိုလ်စိတ်များမဖြစ်ဘဲ မဟာကြိယာစိတ်များ ဖြစ်သည်ကို ရှင်းပြခဲ့ပြီးဖြစ်သည်။ ထို့နည်းအတူ ရဟန္တာအရှင်မြတ်တို့က သမထဘာဝနာရှုပွားသဖြင့် ဈာန်ရကြသည့်အခါ ရူပါဝစရကုသိုလ်စိတ်များ မဖြစ်ဘဲ ရူပါဝစရကြိယာစိတ်များ ဖြစ်ပေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရူပါဝစရကြိယာစိတ်တို့ကို ရူပါဝစရကုသိုလ်စိတ်များနည်းတူ အမည်ခေါ်နိုင်ပါသည်။ ကုသိုလ်စိတ်အစား ကြိယာစိတ်ဟုဆိုခြင်းသာ ထူးပါသည်။

## ဈာန်စိတ်များ ရှင်းလင်းချက်

**"ဈာန်"** ဟူသည်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါတို့၏ အပေါင်းအစုဖြစ်သည်။ ကိုယ်အင်္ဂါအပေါင်းအစုကို "ကိုယ်" ဟု ခေါ်သကဲ့သို့တည်း။

ဈာန်အင်္ဂါများတွင် စိတ်ကိုမတည်ငြိမ်စေဘဲ ပူလောင်ပျံ့လွင့်စေတတ်သော 'နီဝရဏ'အမည်ရသည့် ကိလေသာတရားများကို ရှို့မြိုက်ဖယ်ရှားနိုင်သော သတ္တိရှိကြသည်။ သို့အတွက် ကမ္မဋ္ဌာန်းရှုပွားသဖြင့် ဈာန်အင်္ဂါများ အားရှိလာကြသည့်အခါ စိတ်အစဉ်တွင် နိုးကြားထကြွနေကြသည့်ပရိယုဋ္ဌာနကိလေသာများ ကင်းရှင်းသွားကြပြီးလျှင် စိတ်ဖြူစင်အေးငြိမ်းလာသဖြင့် **'စိတ္တဝိသုဒ္ဓိ'** (စိတ်စင်ကြယ်ခြင်း) အခြေသို့ ဆိုက်ရောက်ပါသည်။

ထိုအခါတွင် ထက်သန်အားရှိနေကြသော ဈာန်အင်္ဂါများသည် စိတ်ကို မပျံ့လွင့်စေတော့ဘဲ ဘာဝနာအာရုံ၌ ၁– နာရီ, ၂–နာရီစသည်ဖြင့် ငြိမ်ဝပ်နေစေပါသည်။ ဤသို့စိတ်တည်ငြိမ်လာသောအခါ **'သမာဓိ'** ဟုလည်း အမည်ရသော ဧကဂ္ဂတာစေတသိက်က အထူးအားကောင်းလာသည့်အတွက် သမာဓိကောင်းလာသည်ဟု ဆိုကြသည်။

သမာဓိအဆင့်မီလာသဖြင့် ဈာန်သို့ဆိုက်ရောက်သွားသောသူသည် ထိုဈာန်ကို ထပ်ကာဖန်ဖန် ပြန်ဝင်စားနိုင်သည်။ ကောင်းစွာလေ့ကျင့်ပေးလျှင် ၁–နာရီ, ၂–နာရီမျှသာမဟုတ်တော့ဘဲ ၁–ရက်, ၂–ရက် စသည်ဖြင့် ၇–ရက်အထိ ဘာဝနာအာရုံတွင် စိတ်စူးစိုက်ကာ တည်ငြိမ်လာပေတော့သည်။ ဤသို့တည်နေခြင်းကို **'ဈာန်သမာပတ် ဝင်စားသည်'** ဟု ခေါ်ပါသည်။

သို့အတွက် မဟာစည်ဆရာတော်ဘုရားက *"စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန် ဟုခေါ်သတတ်"* ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဈာန်စိတ်များသည် အဆင့်မြင့်သော ကုသိုလ်စိတ်များ ဖြစ်ကြသဖြင့် ကိလေသာများ ကင်းစင်ကာ အလွန်ကြည်လင်အေးမြပါသည်။ သို့အတွက် ဈာန်သမာပတ် ဝင်စားနေသူသည် လူ့ချမ်းသာ နတ်ချမ်းသာဟူသော ကာမဂုဏ်ချမ်းသာတို့ထက် အဆပေါင်းများစွာ သာလွန်သည့် ဗြဟ္မာ့ချမ်းသာကို ခံစားနေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် *"စိတ္တေန နီယတိလောကော၊ စိတ္တေန ပရိကဿတိ..."* စသည်ဖြင့် ဘုရားရှင်ဟောကြားတော်မူခဲ့သည်နှင့်အညီ စိတ်သည် အရာရာကိုပြဋ္ဌာန်းနိုင်သော အနန္တ တန်ခိုးသတ္တိရှိသည်။ သို့သော် ပျံ့လွင့်နေသောစိတ်တွင် စိတ်၏ တန်ခိုးသတ္တိ မထင်ရှားချေ။ သမာဓိရှိလာသောစိတ်အစဉ်သည် အာရုံတစ်ခုတည်း၌ စုစုစည်းစည်း စူးစူးစိုက်စိုက် အဆက်မပြတ် ကျရောက်နိုင်သဖြင့် အစွမ်းသတ္တိပေါ်လွင်ထင်ရှားစွာ ထက်မြက်လာတော့သည်။

ဈာန်အနီးကပ်နေသည့် **ဥပစာရသမာဓိ** အဆင့်သို့ ရောက်လျှင်ပင် အဝတ်အစားနှင့် အရေအသားတို့ကို ထိုးဖောက်၍ အသည်း, အဆုတ်, နှလုံး စသည့် အတွင်းကောဋ္ဌာသများကို ရှင်းရှင်းလင်းလင်း မြင်တွေ့လာနိုင်ကြောင်းကို **'အမြတ်ဆုံးပန်းတိုင် ကေန်ပိုင်'** စာအုပ် ပထမတွဲတွင် ရှင်းပြခဲ့ပြီးဖြစ်ပါသည်။

ဥပစာရသမာဓိထက် ပိုမိုကြာရှည်စွာ တည်တံ့ခိုင်မြဲနိုင်သော ဈာန်သမာဓိသည် အသွင်သဏ္ဌာန်, အတုံးအခဲဟူသော ပညတ်အကာအဆီးများကိုထိုးဖောက်၍ အကောင်အထည်မရှိကြသည့် ပရမတ်ရုပ်တရား, နာမ်တရားများကို အရှိအရှိအတိုင်း တိတိကျကျ ရှုမြင်လာစေသည်။ သို့အတွက် ဈာန်သမာဓိသည် အထက်မြက်ဆုံး အကောင်းဆုံးသော ဘာဝနာလက်နက်ဖြစ်ပေသည်။

သို့အတွက် ဘုရားရှင်က **သမာဓိသုတ္တန်** တွင်–

*"သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော*
*ဘိက္ခဝေဘိက္ခု ယထာဘူတံ ပဇာနာတိ"*

*"ရဟန်းတို့...သမာဓိကို ထူထောင်ကြ၊ သမာဓိရှိသောရဟန်းသည် အရှိကို အရှိအတိုင်း ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍မြင်သိနိုင်သည်"*

ဟု ဟောတော်မူ၏။ အရှိကိုအရှိအတိုင်း ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍မြင်သိနိုင်သောဉာဏ်ကို **"ယထာဘူတဉာဏ်"** ဟု ခေါ်ပါသည်။

သမာဓိထူထောင်ရန် အရေးကြီးသဖြင့် မြတ်စွာဘုရားသည် သမာဓိထူထောင်ရန်အတွက် သမထကမ္မဋ္ဌာန်း(၄၀)ကိုလည်း နည်းညွှန်ပြပေးတော်မူခဲ့သည်။ ဤကမ္မဋ္ဌာန်း(၄၀)တွင် ကမ္မဋ္ဌာန်း(၁၀)ခုက ဥပစာရသမာဓိအထိ ပေါက်ရောက်စေပြီး၊ ကျန်ကမ္မဋ္ဌာန်း(၃၀)တို့က ဈာန်သမာဓိအထိ ပေါက်မြောက်စေကြသည်။

ရူပါဝစရစိတ် ၁၅–ပါးသည် ရူပဗြဟ္မာများ၌ဖြစ်ကြသော စိတ်များ ဖြစ်ကြ၏။ သို့သော် ရူပါဝစရကုသိုလ်စိတ် ၅–ပါးတို့သည် ဤလူ့ပြည်၌ (ပဋိသန္ဓေစိတ်တွင်ပညာယှဉ်ကြသော)တိဟိတ်ပုဂ္ဂိုလ်များက ကမ္မဋ္ဌာန်းတရားတို့ကိုမှန်မှန်

www.burmeseclassic.com

www.burmeseclassic.com



ကန်ကန် ရှုပွားလျှင် ထိုပုဂ္ဂိုလ်များ၌လည်း ဖြစ်ပေါ်နိုင်ကြ၏။ လူ့ပြည်၌ ရဟန္တာ အရှင်မြတ်များက ကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် ဈာန်ရသည့်အခါ ရူပါဝစရကုသိုလ်စိတ် ၅–ပါးအစား ရူပါဝစရကြိယာစိတ် ၅–ပါး ဖြစ်ကြသည်။

ကမ္မဋ္ဌာန်းစီးဖြန်းသောအခါ နီဝရဏတရားများက နှောင့်ယှက်ပိတ်ပင်တားဆီးပုံ၊ ထိုနီဝရဏတရားများကို ဈာန်အင်္ဂါများက တစ်စတစ်စ ဖယ်ရှင်းပုံ၊ ထို့နောက် နီဝရဏများ ကင်းရှင်းသွားကြပြီး ဈာန်အင်္ဂါများ အားရှိလာကာ ဥပစာရသမာဓိသို့ရောက်ပုံ၊ ထိုမှတစ်ဆင့် ပထမဈာန်, ဒုတိယဈာန်စသည်ဖြင့် ဈာန်အဆင့်ဆင့် မြင့်တက်သွားပုံတို့ကို "အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင်" ပထမတွဲနှင့် "မြတ်ဘာဝနာ" စာအုပ်များ၌ ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ပထမဈာန်တွင် ဈာန်အင်္ဂါ ၅–ပါးစလုံးရှိသည်။ ထို့နောက် ဧကဂ္ဂတာမှအပ အောက်ဈာန်အင်္ဂါ ၄–ပါးကို တစ်ခုစီဖြုတ်ပယ်သွားခြင်းဖြင့် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်သို့ အဆင့်ဆင့်မြင့်တက်သွားသည်။ လက်တွေ့ ကမ္မဋ္ဌာန်းရှုပွားရာတွင် ဉာဏ်နုံ့သောပုဂ္ဂိုလ်များကသာလျှင် ပထမဈာန်ရပြီးနောက် ဝိတက်, ဝိစာရတို့ကို တစ်ခုစီဖြုတ်ပယ်ရသည်။ ဤပုဂ္ဂိုလ်မျိုး အတွက် ရူပါဝစရကုသိုလ်ဈာန် ၅–ပါးရှိသည်။

ဉာဏ်ထက်သောပုဂ္ဂိုလ်များကမူ ဝိတက်နှင့်ဝိစာရတို့ကို တစ်ပြိုင်နက်တည်း ဖြုတ်ပယ်နိုင်ကြသဖြင့် ရူပါဝစရကုသိုလ်ဈာန် ၄–ပါးသာရှိသည်။ သို့အတွက် ရူပါဝစရကုသိုလ်ဈာန်များကို ၅–ပါးရေတွက်နည်း (ပဥ္စကနည်း) နှင့် ၄–ပါး ရေတွက်နည်း (စတုက္ကနည်း)ဟု နည်း၂–မျိုးရှိသည်။ စတုက္ကနည်းမှ ဒုတိယဈာန်သည် ပဥ္စကနည်း၏ တတိယဈာန်နှင့်တူညီပြီး၊ စတုက္ကနည်းမှ စတုတ္ထဈာန်သည် ပဥ္စကနည်း၏ ပဥ္စမဈာန်နှင့်တူညီ၏။

ပထမဈာန်ရထားသောသူသည် ထိုဈာန်မပျက်ဘဲ သေဆုံးလျှင် ရူပါဝစရပထမဈာန်ဝိပါက်စိတ်ဖြင့် ရူပဗြဟ္မာပထမဈာန်ဘုံတွင် ဥပပတ်ပဋိသန္ဓေနေရသည်။ ဒုတိယဈာန်ရထားသူက ဈာန်မပျက်ဘဲ သေဆုံးလျှင် ရူပါဝစရဒုတိယဈာန်ဝိပါက်စိတ်ဖြင့် ရူပဗြဟ္မာဒုတိယဈာန်ဘုံတွင် ဥပပတ်ပဋိသန္ဓေဖြစ်သည်။ စတုက္ကနည်းအရ တတိယဈာန်, စတုတ္ထဈာန် ရရှိထားကြသူများ အသီးသီးကလည်း သေလွန်သည့်အခါ တတိယဈာန်ဘုံ၊ စတုတ္ထဈာန်ဘုံတို့၌ အသီးသီး ဗြဟ္မာဖြစ်ကြရသည်။

ဗြဟ္မာများသည် ၁–ကမ္ဘာ, ၂–ကမ္ဘာ စသည်ဖြင့် ကမ္ဘာပေါင်းများစွာ အသက်ရှည်ကြသည့်အတွက် နောက်ပွင့်မည့်ဘုရားရှင်များနှင့် ဆုံတွေ့ဖို့ အခွင့်အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေးကောင်းပါသည်။ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသည့်အခါ ဗြဟ္မာများသည် ဈာန်သမာဓိရှိပြီးသူများဖြစ်၍ တရားအစဉ်ကိုလိုက်ကာ ရုပ်နာမ်ဖြစ်ပျက်အစဉ်ကို မြင်လျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်ရှိရန်လည်း လွယ်ကူကြပါသည်။

ဂေါတမမြတ်စွာဘုရားက ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသည့်အခါ လူပုဂ္ဂိုလ်ထဲမှ အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်ဖြစ်သွားသော်လည်း ဗြဟ္မာ ၁၈–ကုဋေတို့က ရဟန္တာဖြစ်သွားကြ၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်ကြသည့် နတ်ဗြဟ္မာများကလည်း မရေတွက်နိုင်အောင်များပြားသည်ဟု ကျမ်းဂန်တွင် ဖော်ပြထားပါသည်။

သို့ဖြစ်၍ ဤလူ့ဘဝတွင် ဈာန်သမာဓိကို ထူထောင်ကာ ဝိပဿနာရှုပွားသူများသည် ပရမတ်ရုပ်နာမ်သဘာဝနှင့် သစ္စာလေးပါးမြတ်တရားတို့ကို ပြတ်ပြတ်သားသား မြင်သိနိုင်ကြသဖြင့် အကျွတ်တမ်းဝင်ရန် အလားအလာ အလွန်ကောင်းသည့်အပြင် ဤဘဝတွင် မဂ်ဖိုလ်မရသေးလျှင်လည်း နောင်ဘဝ၌ဗြဟ္မာဖြစ်ပြီး မဂ်ဖိုလ်ရရန် အလွန်သေချာသွားပါသည်။

## (၂) အရူပါဝစရစိတ် ၁၂–ပါး
### (အရူပဗြဟ္မာတို့များ၌ အဖြစ်များသည့်စိတ်များ)

ရူပါဝစရစိတ်များနည်းတူ အရူပါဝစရစိတ် (ဝါ) အရူပစိတ်များကို အောက်ပါအတိုင်း ၃–စု ထပ်မံခွဲခြားနိုင်ပါသည်။

(က) အရူပါဝစရကုသိုလ်စိတ် ၄–ပါး၊
(ခ) အရူပါဝစရဝိပါက်စိတ် ၄–ပါး၊
(ဂ) အရူပါဝစရကြိယာစိတ် ၄–ပါး။

### (က) အရူပါဝစရကုသိုလ်စိတ် ၄–ပါး

ရူပါဝစရဈာန်၅–ပါးကို ရရှိထားပြီးကြသော ပုထုဇဉ်များနှင့် သေက္ခပုဂ္ဂိုလ်များ (သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်များ) သည် ပဉ္စမဈာန်ကို အခြေခံပြီး အာရုပ္ပကမ္မဋ္ဌာန်း ၄–ပါးကို ရှုပွားသော် အရူပါဝစရကုသိုလ်စိတ် ၄–ပါး (ဝါ) အရူပဈာန် ၄–ပါးကို ရရှိနိုင်ကြသည်။ အရူပဈာန်စိတ်အားလုံး၌ ရူပါဝစရပဉ္စမဈာန်ကဲ့သို့ ဥပေက္ခာနှင့် ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂–ပါးစီသာ ရှိကြသည်။

အရူပါဝစရကုသိုလ်စိတ် ၄–ပါးမှာ–

၁။ ဥပေက္ခာ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော အာကာသာနဉ္စာယတနကုသိုလ်စိတ်၊

www.burmeseclassic.com

www.burmeseclassic.com



၂။ ဥပေက္ခာ၊ ကေဂ္ဂတာစျာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတနကုသိုလ်စိတ်၊

၃။ ဥပေက္ခာ၊ ကေဂ္ဂတာစျာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော အာကိဉ္စညာယတနကုသိုလ်စိတ်၊

၄။ ဥပေက္ခာ၊ ကေဂ္ဂတာစျာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော နေဝသညာ နာသညာယတနကုသိုလ်စိတ်။

## (ခ) အရူပါဝစရဝိပါက်စိတ်၄–ပါး

**(အရူပါဝစရကုသိုလ်ကံ ၄–ပါးတို့၏ အကျိုးတရားဖြစ်သောစိတ်များ)**

ဤစိတ်တို့၏ အမည်များကို အရူပါဝစရကုသိုလ်စိတ်အမည်များနည်းတူ ခေါ်ဆိုနိုင်သည်။ ကုသိုလ်စိတ်အစား ဝိပါက်စိတ်ဟုဆိုခြင်းသာ ထူးသည်။ အရူပါဝစရဝိပါက်စိတ်တို့သည် အရူပဗြဟ္မာများ၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်နှင့် စုတိစိတ်များအဖြစ် ကိစ္စဆောင်ရွက်ကြသည်။ လူတို့၌မဖြစ်နိုင်ကြပါ။

## (ဂ) အရူပါဝစရကြိယာစိတ် ၄–ပါး

ရဟန္တာအရှင်မြတ်များက ရူပါဝစရပဉ္စမစျာန် ကြိယာစိတ်ကို အခြေခံပြီး အာရုပ္ပကမ္မဋ္ဌာန်း ၄–ပါးကို ရှုပွားသည့်အခါ အရူပါဝစရကြိယာစျာန် ၄–ပါးကို ရရှိနိုင်ကြသည်။ အရူပါဝစရကြိယာစိတ်တို့၏ အမည်များကို အရူပါဝစရကုသိုလ်စိတ်တို့၏ အမည်များနည်းတူ ခေါ်ဆိုပါသည်။ ကုသိုလ်စိတ်အစား ကြိယာစိတ်ဟုဆိုခြင်းသာ ထူးသည်။

## ပထမအရူပစျာန် ဖြစ်ပေါ်ပုံ

မြတ်စွာဘုရားနည်းညွှန်ပြထားတော်မူသော သမထကမ္မဋ္ဌာန်း (၄၀) အနက် ကသိုဏ်း ၁၀–ပါးတို့သည် ရူပါဝစရစျာန် ၅–ပါးစလုံးကို ရရှိစေနိုင်ကြ၏။ သို့အတွက် ဤကမ္မဋ္ဌာန်းတစ်ပါးပါးဖြင့် ရူပါဝစရစျာန် ၅–ပါးကိုရအောင် ပထမအားထုတ်ပါ။

ထိုနောက် ပို၍အဆင့်မြင့်သော အရူပစျာန်သို့တက်ရောက်လိုလျှင် ပဉ္စမစျာန်ကို အခြေခံပြီး တက်ရမည်ဖြစ်သဖြင့် ပဉ္စမစျာန်ကိုဝသီဘော်၅–ပါး နိုင်နင်းအောင် လေ့ကျင့်ရ၏။ ထိုနောက် ရုပ်၏ အပြစ်များထင်ပေါ်လာအောင် ရှုဆင်ခြင်ပြီး ရုပ်နှင့်ဆက်စပ်နေသော ရူပစျာန်ကို အောက်ကျသေးသည် ညံ့ဖျင်းသေးသည်ဟု နှလုံးသွင်းရ၏။

"ဤရုပ်ခန္ဓာသည် အနာမျိုး ၉၆–ပါးနှင့်ဆက်ဆံ၏၊ ဆာလောင်မွတ်သိပ်ခြင်း ရောဂါနှင့်လည်း အမြဲနှိပ်စက်နေလျက်ရှိ၏၊ ကိုယ်ခန္ဓာရှိသည့်အတွက် ပုဂ္ဂ,

www.burmeseclassic.com

www.burmeseclassic.com



အေးရ၏၊ မှက်ခြင် အကိုက်ခံရ၏၊ လူအချင်းချင်း ထိတိုက်မိကြပြီး ခိုက်ရန်ဖြစ်ကြရ၏။ ရုပ်တရားနှင့်ဆက်ဆံခြင်းမရှိသော အာကာသာနဉ္စာယတနဈာန်သည် ရူပါဝစရပဉ္စမဈာန်ထက် ပို၍ငြိမ်းအေးချမ်းသာ၏။"

ဤသို့ ဆင်ခြင်နှလုံးသွင်းပြီးနောက် အာကာသ ကသိုဏ်းမှ ကြွင်းသော ကသိုဏ်း ၉–ပါးတို့တွင် တစ်ပါးပါးကို အာရုံယူ၍ ပဉ္စမဈာန်သို့တက်၏။ ထို့နောက် ပဉ္စမဈာန်မှ ထ၏၊ ဈာန်၏အာရုံကို လွှတ်လိုက်ခြင်းကို ဈာန်မှထသည်ဟု ဆို၏၊ ဈာန်၏အာရုံဖြစ်သောကသိုဏ်းနိမိတ်ကိုအာရုံမပြုတော့ဘဲ ထိုကသိုဏ်းနိမိတ်ကွယ်ပျောက်သွားလျှင် ထင်ပေါ်လာမည့် အာကာသ (ကောင်းကင်၊ဟင်းလင်းပြင်) နိမိတ်ကို အာရုံပြုလျက် 'အာကာသ ... အာကာသ' ဟု အကြိမ်ကြိမ်ရှုပွား၏။ ကသိုဏ်းနိမိတ်၌ တပ်မက်တွယ်တာသော နိကန္တိ တဏှာ (သိမ်မွေ့သည့် တဏှာ) ကင်းကွာသွားသည့်အခါ ကသိုဏ်းနိမိတ်ကွယ်ပျောက်ပြီး အာကာသနိမိတ် ထင်ပေါ်လာ၏။ အာကာသနိမိတ် တည်ငြိမ်လာသည့်အခါ ထိုနိမိတ်ကို အဆုံးအစမရှိကျယ်ပြန့်ပြီး အနန္တ ကောင်းကင်ဖြစ်အောင် ဖြန့်ကျက်ပေးရ၏။

ထိုအနန္တ ကောင်းကင် (ဝါ) အာကာသနိမိတ်ကို 'အာကာသ ... အာကာသ' ဟု အကြိမ်ကြိမ်ရှုပွားသဖြင့် နီဝရဏကင်းကွာပြီး စိတ်တည်ငြိမ်သွားသောအခါ ဉပစာရဈာန်သို့ရောက်၏။ အာကာသနိမိတ်ကိုပင် ဆက်လက်ရှုပွားသဖြင့် အပ္ပနာ (ဈာန်) သို့ရောက်သည့်အခါ အာကာသကို အာရုံပြုသော **အာကာသာနဉ္စာယတနကုသိုလ်စိတ်** ဖြစ်ပေါ်၏။ ဤစိတ်ဖြစ်ပေါ်လျှင် ပထမအရူပဈာန်ဖြစ်သည့် အာကာသာနဉ္စာယတနဈာန်ကို ရရှိပြီဖြစ်သည်။ ပထမ ရအပ်, ရောက်အပ်သော အရူပဈာန်ဖြစ်၍ '*ပထမာရုပ္ပဈာန်*' ဟုလည်း ခေါ်၏။

## ဒုတိယအရူပဈာန်တက်ပုံ

ဆက်လက်၍ ဒုတိယအရူပဈာန်သို့တက်လိုသည်ရှိသော် အာကာသာနဉ္စာယတနဈာန်ကို ဝသီဘော်ငါးပါးနိုင်နင်းအောင် လေ့ကျင့်ရ၏။ ထို့နောက် "ဤအာကာသာနဉ္စာယတနဈာန်သည် ရူပါဝစရဈာန်ဟူသော ရန်သူနှင့်နီး၏၊ ဝိညာဏဉ္စာယတနဈာန်ကဲ့သို့လည်း မငြိမ်သက်ချေ"ဟူ၍ အာကာသာနဉ္စာယတနဈာန်၌ အပြစ်မြင်၍ ထိုဈာန်၌တပ်မက်ခြင်းတဏှာကင်းရန် ဆင်ခြင်၏၊ အထက်အရူပဈာန်ဖြစ်သော ဝိညာဏဉ္စာယတနဈာန်၏ ပိုမိုငြိမ်သက်မှုကိုလည်း နှလုံးသွင်း၏။ အောက်ဈာန်မှ ဖဲခွာ၍ အထက်ဈာန်သို့တက်လှမ်းရန် ဦးတည်နေသည့်သဘောဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အနန္တကောင်းကင် (ဝါ) အာကာသနိမိတ်ကိုအာရုံယူ၍ ဖြစ်နေသော အာကာသာနဉ္စာယတနစိတ်ကို "ဝိညာဏံ...ဝိညာဏံ" ဟူ၍ အထပ်ထပ် အဖန်ဖန်ရှုပွား၏။ ရှေ့စိတ်ကို နောက်စိတ်ဖြင့်ရှုသည့်နည်းဖြစ်၏၊ ရှုဖန်များသော် နီဝရဏတို့ကင်းကွာပြီး သတိကောင်းစွာတည်လာ၏၊ ဥပစာရရှုချာန်သို့ ရောက်၏၊ "ဝိညာဏံ...ဝိညာဏံ" ဟု ဆက်လက်ရှုပွားသဖြင့် အပ္ပနာသို့ရောက်သည့် အခါ **ဝိညာဏဉ္စာယတနကုသိုလ်စိတ်** ဖြစ်ပေါ်လာ၏။ ဤကား ဒုတိယအရူပဈာန်ဖြစ်သည့် ဝိညာဏဉ္စာယတနဈာန်ကို ရရှိခြင်းပင်တည်း။ ဤဈာန်ကို *'ဒုတိယာရုပ္ပဈာန်'* ဟုလည်း ခေါ်၏။

လယ်တီဆရာတော်ဘုရားက ရှေ့စိတ်နောက်စိတ်တို့ စီတန်း၍ဖြစ်နေပုံကို "ကမ္မဋ္ဌာန်းကျမ်းကြီး" စာမျက်နှာ–၂၁၂ ၌ ဤသို့ရေးသားထား၏–

*"နီဝရဏကင်း၍ စိတ်ဉာဏ်ကြည်သောအခါမှုကား မိမိ၏စိတ်ဖြစ်နေပုံကို လင်းလင်းချင်းချင်း ထင်မြင်ရသည်၊ စိတ်တွေက ရှေ့စိတ်နောက်စိတ် အဆက်အစပ် အလွန်စေ့လျက် အလွန်မြန်စွာဖြစ်၍နေကြသည်ဖြစ်ခြင်းကြောင့် ညဥ့်အခါ မီးစကိုယမ်းရာ၌ကဲ့သို့ အတောင့်ကြီး အတန်းကြီး စက်ဝိုင်းကြီး ထင်သကဲ့သို့ ထင်မြင်ရသည်။*

*ထိုပထမာရုပ္ပဝိညာဉ် (စိတ်) ချုပ်၍သွားပြီးဖြစ်သော်လည်း ဝင်စား၍နေစဉ်အခါက ကောင်းကင်ဟင်းလင်းကွက်ကို စိပ်ပုတီးကုံးကို ပုတီးစေ့များ ထိုးသီထားဘိသကဲ့သို့ အာရုံပြု၍ စွဲတွယ်ပြီး မတုန်မလှုပ် ငြိမ်သက်စွာ တန်းပြီးဖြစ်၍နေပုံအတိုင်းကို ဤဒုတိယာရုပ္ပဝိညာဉ်သည် လင်းလင်းချင်းချင်း ထင်မြင်၍ အာရုံပြု၍ စွဲတွယ်ပြီးဖြစ်သည်။"*

## တတိယအရူပဈာန်ဖြစ်ပေါ်ပုံ

တစ်ဖန်ဆက်၍ တတိယအရူပဈာန်သို့ တက်လိုသည်ရှိသော် ဝိညာဏဉ္စာယတနဈာန်ကို ဝသီဘော်ငါးပါးနိုင်နင်းအောင် ပထမလေ့ကျင့်၏။ ထို့နောက် "ဤငါရသောဝိညာဏဉ္စာယတနဈာန်သည် အာကာသာနဉ္စာယတနဈာန် ဟူသော ရန်သူနှင့်နီး၏၊ အာကိဉ္စညာယတနဈာန်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်" ဟု ဝိညာဏဉ္စာယတနဈာန်၌ အပြစ်မြင်၍ တပ်ခြင်းတဏှာကုန်စေပြီး အထက်အရူပဈာန်ဖြစ်သည့် အာကိဉ္စညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၏။

ထို့နောက် ဝိညာဏဉ္စာယတနဈာန်၏ အာရုံဖြစ်သော အာကာသာနဉ္စာယတနစိတ်ကို လျစ်လျူရှု၍ အာရုံမပြုတော့ဘဲ ထိုစိတ်၏မရှိခြင်း ဟူသည့်

www.burmeseclassic.com

www.burmeseclassic.com



နတ္ထိဘောပညတ်ကို နှလုံးသွင်း၏။ "နတ္ထိ...နတ္ထိ...မရှိ...မရှိ..."ဟူ၍ လည်းကောင်း၊ "သုည်...သုည်...ဆိတ်၏...ဆိတ်၏"ဟူ၍လည်းကောင်း၊ "ဝိဝိတ္တံ...ဝိ ဝိတ္တံ...ကင်း၏...ကင်း၏..."ဟူ၍လည်းကောင်း၊ အကြိမ်ကြိမ်ရှုပွား၏။ နီဝရဏကင်းကွာပြီး သတိကောင်းစွာတည်လာသောအခါ ဥပစာရဈာန်သို့ ရောက်၏။ ထိုနတ္ထိဘောပညတ်ဟူသော နိမိတ်အာရုံကိုပင် အဖန်တလဲလဲ ဆက်လက်ရှုပွားသဖြင့် အပ္ပနာသို့ရောက်သည့်အခါ အာကိဉ္စညာယတန ကုသိုလ်စိတ် ဖြစ်ပေါ်လာ၏။ ဤကား တတိယအရူပဈာန် (ဝါ) တတိယာရုပ္ပဈာန်ဖြစ်သည့် **အာကိဉ္စညာယတနဈာန်** ကို ရရှိခြင်းပင်တည်း။

## စတုတ္ထအရူပဈာန် ဖြစ်ပေါ်ပုံ

တစ်ဖန်ဆက်ကာ စတုတ္ထအရူပဈာန်သို့ တက်လိုသည်ရှိသော် အာကိဉ္စညာယတနဈာန်ကို ဝသီဘော်ငါးပါးနိုင်နင်းအောင် လေ့ကျင့်၏။ ထိုနောက် "ဤငါရသော တတိယအရူပဈာန်သည် ဒုတိယအရူပဈာန်ဟူသော ရန်သူနှင့် နီးကပ်လျက်ရှိ၏၊ စတုတ္ထ အရူပဈာန်ဖြစ်သည့် နေဝသညာနာသညာယတနဈာန်ကဲ့သို့လည်း ငြိမ်သက်ခြင်းမရှိ"ဟူ၍လည်းကောင်း၊ "မှတ်သားခြင်းသဘောဖြစ်သည့် သညာသည် ရောဂါနှင့်တူ၏၊ အိုင်းအမာနှင့်တူ၏၊ မြားငြောင့်နှင့်တူ၏၊ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်းမဟုတ်ဟု ဆိုရသည့် နေဝသညာနာသညာသဘောသည်ရှိ၏၊ ထိုသဘောကိုဆောင်သော နေဝသညာနာသညာယတနဈာန်သည် ငြိမ်သက်၏၊ မြတ်၏"ဟူ၍လည်းကောင်း၊ အထပ်ထပ် အခါခါဆင်ခြင်၏။ ဤသို့ဆင်ခြင်သည့်ရည်ရွယ်ချက်မှာ အာကိဉ္စညာယတနဈာန်၏ အပြစ်ကိုလည်းကောင်း၊ နေဝသညာနာသညာယတနဈာန်၏ အကျိုးကိုလည်းကောင်း၊ မြင်သိ၍ အာကိဉ္စညာယတနဈာန်၌တပ်ခြင်း ကင်းကာ နေဝသညာနာသညာယတနဈာန်သို့ ဦးတည်သွားနိုင်ရန်ဖြစ်၏။

ထို့နောက် အာကိဉ္စညာယတနဈာန်ကို ဝင်စား၍ ဈာန်မှထပြီးလျှင် ထိုဆခုဝင်စား၍ ဖြစ်၍ချုပ်လေပြီးသော အတိတ်တတိယာရုပ္ပဈာန်စိတ်ကိုပင် ဤစိတ်သည် "ငြိမ်သက်ပေစွ၊ ငြိမ်သက်ပေစွ"ဟု အကြိမ်ကြိမ်ရှုပွား၏၊ နီဝရဏတို့ကင်းကွာပြီး သတိကောင်းစွာတည်လာသောအခါ ဥပစာရဈာန်သို့ရောက်၏။ ထပ်ဖန်တလဲလဲ ဆက်လက်ရှုပွားသဖြင့် အပ္ပနာသို့ရောက်သည့်အခါ နေဝသညာနာသညာယတနစိတ်ဖြစ်ပေါ်၏။ ဤကား အမြင့်ဆုံးအရူပဈာန်ဖြစ်သည့် နေဝသညာနာသညာယတနဈာန်ကို ရရှိခြင်းပင်ဖြစ်သည်။

အရူပဈာန်တို့သည် ရူပဈာန်တို့ထက် ပို၍သိမ်မွေ့ကြ၏။ ရူပါဝစရပထမ

www.burmeseclassic.com

www.burmeseclassic.com



ဈာန်မှစ၍ အရူပါဝစရစတုတ္ထဈာန်အထိ အဆင့်ဆင့် မြင့်တက်သွားရာတွင် သမာဓိပို၍ပို၍ကြီးမားလာပြီး ငြိမ်သက်မှု အေးချမ်းမှုလည်း ပိုမိုကြီးမားလာ၏။ ရူပါဝစရပဉ္စမဈာန်သို့ရောက်သည့်အခါ အသက်ရှူနေမှန်းပင် မသိအောင် ငြိမ်ဝပ်သိမ်မွေ့သွားပြီးလျှင် နေဝသညာနာသညာယတနဈာန်သို့ ရောက်သောအခါ၌မူ စိတ်ဖြစ်နေမှန်းတောင်မသိအောင် ငြိမ်သက်သိမ်မွေ့သွားပေ၏။

(ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ၂၊၆၈–၉၇၊ အာရုပ္ပနိဒ္ဒေသပိုင်း။
လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး၊ နှာ ၂၁၀–၂၁၄)

## လောကီအဘိညာဉ်များ

"အဘိညာဉ်"ဟူသည် "အထူးသိသောဉာဏ်" ဖြစ်၏။ ဤအထူးသိသော ဉာဏ်သည် ရူပါဝစရပဉ္စမဈာန် (စတုက္ကနည်းအရ– စတုတ္ထဈာန်) နှင့်ယှဉ်သော ပညာစေတသိက်ဖြစ်သည်။

ရူပါဝစရဈာန် ၅–ပါး (၄–ပါး) နှင့် အရူပါဝစရဈာန် ၄–ပါးတို့ကို ရရှိပြီးကြသောသူတို့သည် ဤဈာန်တို့ကို ကောင်းစွာနိုင်နင်းအောင် လေ့ကျင့်ပြီးသောအခါ လောကီအဘိညာဉ်များသို့ တက်လှမ်းနိုင်ကြသည်။ ဉာဏ်ထက်သူတို့အတွက် ရူပါဝစရဈာန် ၄–ပါးသာ ရှိသည့်အတွက် ဤဈာန် ၄–ပါးနှင့် အရူပဈာန် ၄–ပါးဟူသော ဈာန်သမာပတ် ၈–ပါးကို ကောင်းစွာနိုင်နင်းအောင် လေ့ကျင့်ရပေမည်။

ဝိသုဒ္ဓိမဂ် (မြန်မာပြန်၊ ၂၊ ၁၆၅–၁၆၈) ၌ အောက်ပါနည်း ၁၄–မျိုးတို့ဖြင့် စိတ်ကို ထက်ဝန်းကျင်စင်ကြယ်အောင် နူးညံ့အောင် ခံ့အောင် မတုန်မလှုပ် ခိုင်မြဲအောင် လေ့ကျင့်ဆုံးမပေးရန် ညွှန်ပြထားသည်။

၁။ ပထဝီကသိုဏ်း– အာပေါကသိုဏ်း– တေဇောကသိုဏ်း–ဝါယောကသိုဏ်း – နီလ (အညိုရောင်အဆင်း) ကသိုဏ်း – ပီတ (ရွှေရောင်အဆင်း) ကသိုဏ်း– လောဟိတ (အနီရောင်အဆင်း) ကသိုဏ်း– ဩဒါတ (အဖြူရောင်အဆင်း) ကသိုဏ်းတို့၏ အစဉ်အတိုင်း အနုလုံနည်းဖြင့် ဈာန်ဝင်စားနိုင်ရန် လေ့ကျင့်၏။ ဆိုလိုသည်မှာ ပထမပထဝီကသိုဏ်း (မြေအဝန်း) ကို အာရုံယူ၍ စတုက္ကနည်းအရ ရူပါဝစရဈာန် ၄–ပါးတွင် တစ်ပါးပါးကိုဝင်စား၏။ ထို့နောက် အာပေါကသိုဏ်း (ရေအဝန်း) ကို အာရုံယူ၍ ရူပါဝစရဈာန်တစ်ပါးပါးကို ဝင်စား၏။ ထို့နောက် တေဇောကသိုဏ်း (မီးအဝန်း)၊ ဝါယောကသိုဏ်း (လေကသိုဏ်း) စသည်တို့၌ အစဉ်အတိုင်း ဈာန်တစ်ပါးပါးကို ဝင်စား၏။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com



ကသိုဏ်း ၈-ပါး၌ အနုလုံနည်းဖြင့် လျှင်မြန်စွာ ဈာန်ဝင်စားနိုင်အောင် လေ့ကျင့်ရမည်ဟု ဆိုလိုသည်။

၂။ ဩဒါတကသိုဏ်းမှစ၍ ပထဝီကသိုဏ်းအထိ နောက်ပြန်အစီအစဉ်အတိုင်း ပဋိလုံနည်းဖြင့် ရူပါဝစရဈာန် တစ်ပါးစီ လျှင်မြန်စွာ ဝင်စားနိုင်ရန် အဖန်ဖန်လေ့ကျင့်၏။

၃။ ပထဝီကသိုဏ်းမှစ၍ ဩဒါတကသိုဏ်းတိုင်အောင်လည်းကောင်း၊ ဩဒါတကသိုဏ်းမှစ၍ ပထဝီကသိုဏ်းတိုင်အောင်လည်းကောင်း၊ အနုလုံ-ပဋိလုံနည်းတို့ဖြင့် ရှေ့တိုးနောက်ဆုတ် အပြန်ပြန်အလှန်လှန် လျှင်မြန်စွာဈာန် ဝင်စားနိုင်ရန် အဖန်ဖန်လေ့ကျင့်၏။

၄။ ကသိုဏ်းတစ်ခုခု၌ ရူပါဝစရပထမဈာန်မှစ၍ ဒုတိယဈာန်-တတိယဈာန်-စတုတ္ထဈာန်-အာကာသာနဉ္စာယတနဈာန် - ဝိညာနဉ္စာယတနဈာန်-အာကိဉ္စညာယတနဈာန် - နေဝသညာနာသညာယတနဈာန်တို့ကို အစဉ်အတိုင်း အနုလုံနည်းဖြင့် လျှင်မြန်စွာ ဈာန်အဆင့်ဆင့်ဝင်စားနိုင်ရန် အဖန်ဖန်လေ့ကျင့်၏။

၅။ နေဝသညာနာသညာယတနဈာန်မှ စ၍ ရူပါဝစရ ပထမဈာန်တိုင်အောင် နောက်ပြန်အစဉ်အားဖြင့် တစ်နည်း ပဋိလုံနည်းဖြင့် လျှင်မြန်စွာ ဈာန်ဝင်စားနိုင်အောင် အဖန်ဖန်လေ့ကျင့်၏။

၆။ ရူပါဝစရ ပထမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန် တိုင်အောင်လည်းကောင်း၊ နေဝသညာနာသညာယတနဈာန်မှစ၍ ရူပါဝစရပထမဈာန်တိုင်အောင်လည်းကောင်း၊ အနုလုံ-ပဋိလုံနည်းအရ ရှေ့တိုးနောက်ဆုတ် အပြန်ပြန်အလှန်လှန် ဈာန်ဝင်စားနိုင်အောင် အဖန်ဖန်လေ့ကျင့်၏။

၇။ ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးနောက် ထိုကသိုဏ်း၌ပင် တတိယဈာန်ကိုဝင်စား၏။ ထို့နောက် ပထဝီကသိုဏ်းနိမိတ်ကို အာရုံမပြုတော့ဘဲ ထိုနိမိတ်ကိုခွာ၍ရအပ်သော အာကာသနိမိတ်၌ အာကာသာနဉ္စာယတနဈာန်ကိုဝင်စား၏။ ထို့နောက် အာကိဉ္စညာယတနဈာန်ကို ဝင်စား၏။ ဤသို့ဈာန်တို့ကို တစ်ခုစီခြားလျက် လျှင်မြန်စွာဝင်စားနိုင်အောင် လေ့ကျင့်၏။ အာပေါကသိုဏ်း စသည့် ကျန်ကသိုဏ်း ၇-ပါး၌လည်း ဈာန်တစ်ခုခြားစီ ဝင်စားနိုင်အောင် လေ့ကျင့်၏။ ဤသို့ရှုပွားခြင်းသည် ဈာန်အစဉ်ကို ခုန်ကျော်သော "ဈာနုက္ကန္တိကနည်း"ဟု အမည်ရ၏။

၈။ ကသိုဏ်းအစဉ်ကိုခုန်ကျော်သော "ကသိဏုက္ကန္တိကနည်း"ဖြင့် တစ်ဖန်လေ့ကျင့်၏။ လေ့ကျင့်ပုံမှာ ပထဝီကသိုဏ်း၌ပထမဈာန်ကိုဝင်စားပြီးသော်

www.burmeseclassic.com

www.burmeseclassic.com



ထိုပထမစျာန်ကိုပင် ပီတကသိုဏ်း၌ဝင်စား၏၊ ထို့နောက် နီလကသိုဏ်း၌ ဝင်စား၏၊ ထို့နောက် လောဟိတကသိုဏ်း၌ဝင်စား၏။ ဤသို့ဖြင့် ဈာန်အစဉ်ကို မခုန်ကျော်ဘဲ ကသိုဏ်းအစဉ်ကိုသာ တစ်ခုခြားစီခုန်ကျော်၍ လျင်မြန်စွာ ဈာန်ဝင်စားနိုင်အောင် လေ့ကျင့်၏။

၉။ ဈာန်အစဉ်ကိုလည်းကောင်း ကသိုဏ်းအစဉ်ကိုလည်းကောင်း ခုန်ကျော်သောနည်းဖြင့် တစ်ဖန်လေ့ကျင့်၏။ လေ့ကျင့်ပုံမှာ ပထဝီကသိုဏ်း၌ ပထမစျာန်ကိုဝင်စားပြီးနောက် ပီတကသိုဏ်း၌ တတိယဈာန်ကိုဝင်စား၏၊ ထို့နောက် နီလကသိုဏ်းကိုခွာ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၏၊ ထို့နောက်တစ်ဖန် လောဟိတကသိုဏ်းမှတစ်ဆင့်တက်၍ အာကိဉ္စညာယတန ဈာန်ကို ဝင်စား၏။

၁၀။ ပထဝီကသိုဏ်းတစ်ခုတည်း၌ပင် ပထမဈာန်–ဒုတိယဈာန်–တတိယ ဈာန်–စတုတ္ထဈာန်တို့ကို အဆင့်ဆင့်ဝင်စား၏။ ဤနည်းသည် ဈာန်အင်္ဂါတို့ ကို·တစ်ခုစီဖြုတ်သွားရသဖြင့် အင်္ဂါကိုလွန်သော "အင်္ဂသင်္ကန္တိကနည်း" မည်၏။

၁၁။ ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးသော် အာပေါကသိုဏ်း စသည့်ကျန်ကသိုဏ်းတစ်ခုစီ၌လည်း ပထမဈာန်ကိုပင် တစ်လှည့်စီဝင်စား၏။ ဤသို့ ကသိုဏ်းအားလုံး၌ပင် ဈာန်တစ်ခုတည်းကို ဝင်စားခြင်းသည် အာရုံကို လွန်သော "အာရမ္မဏသင်္ကန္တိကနည်း" မည်၏။

၁၂။ ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးနောက် အာပေါကသိုဏ်း ၌ ဒုတိယဈာန်ကိုဝင်စား၏။ ထို့နောက် တေဇောကသိုဏ်း၌ တတိယဈာန်ကို လည်းကောင်း၊ ဝါယောကသိုဏ်း၌ စတုတ္ထဈာန်ကိုလည်းကောင်း၊ နီလကသိုဏ်း ကို ခွာ၍ အာကာသာနဉ္စာယတနဈာန်ကိုလည်းကောင်း၊ ပီတကသိုဏ်းမှတစ် ဆင့် ဝိညာဏဉ္စာယတနဈာန်ကိုလည်းကောင်း၊ လောဟိတကသိုဏ်းမှတစ်ဆင့် အာကိဉ္စညာယတနဈာန်ကိုလည်းကောင်း၊ ဩဒါတကသိုဏ်းမှတစ်ဆင့် နေဝ သညာနာသညာယတနဈာန်ကိုလည်းကောင်း ဝင်စား၏။ ဤသို့ ဈာန်အင်္ဂါကို လည်းကောင်း အာရုံကိုလည်းကောင်း ပြောင်းရွှေ့၍ဝင်စားခြင်းသည် အင်္ဂါနှင့် အာရုံတို့ကို လွန်သော "အင်္ဂါရမ္မဏသင်္ကန္တိကနည်း" မည်၏။

၁၃။ ဈာန်အင်္ဂါကိုမှတ်သော "အင်္ဂဝဝတ္ထာပနနည်း" ဖြင့် လေ့ကျင့်၏။ လေ့ကျင့်ပုံမှာ ပထမဈာန်၌ အင်္ဂါ ၅–ပါး၊ ဒုတိယဈာန်၌ အင်္ဂါ ၃–ပါး၊ တတိယ ဈာန်၌ အင်္ဂါ ၂–ပါး၊ စတုတ္ထဈာန်၌ အင်္ဂါ ၂–ပါး၊ ထို့အတူ အရူပဈာန်အသီးသီး၌ ဥပေက္ခာ–ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၂–ပါးစီရှိ၏ဟု ဈာန်အင်္ဂါမျှကိုသာ ပိုင်းခြား၍မှတ်သား၏။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ အာရုံကိုမှတ်သော "အာရမ္မဏဝ ဝတ္ထာပနနည်း"ဖြင့် လေ့ကျင့်၏။ လေ့ကျင့်ပုံမှာ ဤအာရုံကား ပထဝီကသိုဏ်းတည်း၊ ဤအာရုံကား အာပေါကသိုဏ်းတည်း... ... ... ဤအာရုံကား ဩဒါတကသိုဏ်းတည်းဟု အာရုံမျှကိုသာ ပိုင်းခြား၍ မှတ်သား၏။

အထက်ဖော်ပြပါ ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို မဆုံးမရသေးသော လောကီပုဂ္ဂိုလ်သည် တန်ခိုးဖန်ဆင်းနိုင်ရန်အကြောင်းမရှိ၊ ထိုနည်းတို့ဖြင့် စိတ်ကို ကောင်းစွာဆုံးမပြီးသူတို့ကား ရူပါဝစရစတုတ္ထဈာန် (စတုက္ကနည်း) ကို အခြေခံ ပါဒကပြု၍ ကြီးမားသောစိတ်စွမ်းအားဖြင့် အဓိဋ္ဌာန်သည့်အခါ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်လာ၏။

မြတ်စွာဘုရားသည် သမာဓိထူထောင်မှုဟူသည့် သမထဘာဝနာ၏ အကျိုးဖြစ်သော အဘိညာဉ်ကို ပြတော်မူခြင်းငှာ မွန်မြတ်သည်ထက် အလွန်မွန်မြတ်သော တရားကို ဟောတော်မူခြင်းငှာ လောကီအဘိညာဉ်ငါးပါးတို့ကို ဟောကြားတော်မူခဲ့၏။

## လောကီအဘိညာဉ်၅-ပါးမှာ

၁။ ဣဒ္ဓိဝိဓအဘိညာဉ် = တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အသိဉာဏ်အထူး၊

၂။ ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်မျက်စိကဲ့သို့ မြင်နိုင်သော အသိဉာဏ်အထူး၊

၃။ ဒိဗ္ဗသောတ အဘိညာဉ် = နတ်နားကဲ့သို့ ကြားနိုင်သော အသိဉာဏ်အထူး၊

၄။ ပရစိတ္တဝိဇာနနအဘိညာဉ် = သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သော အသိဉာဏ်အထူး၊

၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်= ရှေးက မိမိဖြစ်ခဲ့ဖူးသော ဘဝများကို ပြန်ပြောင်း၍အောက်မေ့ သိမြင်နိုင်သော အသိဉာဏ် အထူး။

အထက်ပါ လောကီအဘိညာဉ် ၅-ပါးတွင် အရဟတ္တမဂ်ဉာဏ်ဟူသော လောကုတ္တရာအဘိညာဉ် ၁-ပါးကို ထည့်ပေါင်းလျှင် **အဘိညာဉ် ၆-ပါး** ဖြစ်သည်။

အကယ်၍ အတိတ်ဘဝတစ်ခုခု၌ လောကီအဘိညာဉ် ၅-ပါးကို ပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



အောင် အားထုတ်ခဲ့ဖူးသူသည် ယခုဘဝ၌ သမထ–ဝိပဿနာကို ရှုပွားသဖြင့် အရဟတ္တမဂ်ဉာဏ်ကို ရရှိသော် လောကီအဘိညာဉ် ၅–ပါးကိုပါ အထွေအထူး မလေ့ကျင့်ရဘဲလျက် တစ်ပြိုင်နက် ရရှိပေတော့သည်။ ဤသို့သော ပုဂ္ဂိုလ်ကို **ဆဠဘိည** = အဘိညာဉ် ၆–ပါးရသည့် ရဟန္တာဟု ခေါ်ဆိုရသည်။

## ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုး

ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သည်ဆိုရာ၌ တစ်ဦးတည်းဖြစ်လျက် ကိုယ်ခွဲတစ်ရာ, တစ်ထောင်, တစ်သောင်း စသည်ဖြစ်အောင် ဖန်ဆင်းနိုင်၏၊ နဂါး, ဂဠုန်စသည်အဖြစ်သို့ ပြောင်းလဲသွားခြင်းကိုလည်း ပြုလုပ်နိုင်၏၊ အနည်းကို အများ, အများကို အနည်းဖြစ်အောင် ပြုလုပ်နိုင်၏၊ စားစရာ အမျိုးမျိုးနှင့် အသုံးအဆောင်အမျိုးမျိုးတို့ကိုလည်း ဖန်ဆင်းယူနိုင်၏၊ မြေလျှိုး မိုးပျံနိုင်၏၊ ခန္ဓာကိုယ်ပျောက်ကွယ်အောင်လည်း ပြုလုပ်နိုင်၏၊ အဘိညာဉ်တန်ခိုးသည် မယုံကြည်နိုင်လောက်အောင် သိပ္ပံပညာထက် သာလွန်၍ ဆန်းကြယ်လှပေ၏။

ကိုယ်ခွဲ တစ်ရာ, တစ်ထောင် စသည် ဖန်ဆင်းခြင်းကို **အရှင်စူဠပန်** က လက်တွေ့ပြခဲ့၏။ စူဠပန်သည် နောင်တော် မဟာပန်ထေရ်ထံ ရှင်ရဟန်းဝတ်ပြီး ဂါထာတိုတစ်ပုဒ်ကို သင်အံ၏။ ထိုဂါထာကို ၄–လကြာအောင် ရှင်စူဠပန် ကျက်အံပါသော်လည်း မရသည့်အတွက် နောင်တော်က "သင်သည် သာသနာတော်နှင့် မထိုက်မတန်၊ နက်ဖြန်လူဝတ်လဲချေတော့"ဟု မိန့်ဆိုလိုက်၏။

ထိုနေ့တွင် သမားတော်ကြီးဇီဝကသည် ဆွမ်းညွှန်းရဟန်းဖြစ်သော မဟာပန် ထေရ်သို့ချဉ်းကပ်၍ "အရှင်ဘုရား... နက်ဖြန်ခါ၌ မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ကို ပင့်ဆောင်၍ အကျွန်ုပ်တို့၏အိမ်တွင် ဆွမ်းအလှူခံတော်မူပါ"ဟု လျှောက်ထား၏။ မဟာပန်ထေရ်သည် ရှင်စူဠပန်ကို ချန်ထား၍ ကြွင်းသော ရဟန်းတို့၏ ဆွမ်းဘဉ်းပေးရန်ကို ဝန်ခံ၏။ ဤအကြောင်းကို ရှင်စူဠပန် နားနှင့်ဆတ်ဆတ်ကြားသိရသဖြင့် မိမိ အမှန်တကယ်လူထွက်ရမည်ကို သိရသောကြောင့် တစ်ညဉ့်ပတ်လုံး ငိုကြွေးနေရှာ၏။

နောက်နေ့ နံနက်စောစောတွင် ရှင်စူဠပန်သည် ငိုယို၍ ကျောင်းတံခါးမုခ်သို့ သွား၏။ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်သိ၍ ရှင်စူဠပန်ထံ ကြွတော်မူလာ၏။

"ချစ်သား... သင် အဘယ့်ကြောင့် ငိုသနည်း"

"ဂါထာတစ်ပုဒ်ကို မကျက်အံနိုင်၍ လူဝတ်လဲရမည့်အဖြစ်ကြောင့် ငိုပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"အိုရဟန်း...သင် မစိုးရိမ်လင့်၊ သရဏ္ဍာယ်ခြင်းကို မပြုနိုင်ရုံမျှဖြင့် ငါဘုရား၏ သာသနာတော်နှင့် မထိုက်မတန်သောသူဟူ၍ မရှိ"

မြတ်စွာဘုရားသည် ရှင်စူဠပန်၏လက်မောင်းကို ကိုင်၍ ကျောင်းဆီသို့ ခေါ်ဆောင်တော်မူ၏၊ ထို့နောက် အဝတ်ဖြူပိုင်းတစ်ခုကို ဖန်ဆင်းတော်မူပြီး

"အို...ရဟန်း၊ ဤပုဆိုးပိုင်းကို ဆုပ်နယ်လျက် 'ရဇောဟရဏံ...ရဇောဟရဏံ...မြူကိုဆောင်ခြင်း...မြူကိုဆောင်ခြင်း' ဟူ၍ အဖန်တလဲလဲ သရဏ္ဍာယ်ပေလော့"ဟု မိန့်တော်မူ၏။

ရှင်စူဠပန်သည် အဝတ်ဖြူပိုင်းကိုဆုပ်နယ်ပွတ်သပ်လျက် "ရဇောဟရဏံ ရဇောဟရဏံ..." ဟူ၍ အထပ်ထပ်အခါခါ ဘာဝနာစီးဖြန်းနေ၏။ မြတ်စွာဘုရားနှင့် ကျန်သံဃာတော်များကား သမားတော်ဇီဝကအိမ်သို့ ကြွသွားတော်မူကြလေပြီ။ အလှူတော်အတွက် ရေစက်ချပြီးသည့်အဆုံး၌ ယာဂုယက်မန်းရည်ကို ကပ်လှူသည့်အခါ မြတ်စွာဘုရားသည် သပိတ်တော်ကို လက်တော်ဖြင့် ပိတ်ထားတော်မူ၏။

"အရှင်ဘုရား...အဘယ်အကြောင်းကြောင့် သပိတ်တော်ကို ပိတ်ထားပါသလဲ"

"ကျောင်း၌ ရဟန်းတစ်ပါးကျန်ရှိသေးသည်"

ဆရာဇီဝက၏ အမေးကို ဘုရားရှင်က ဖြေကြားတော်မူ၏။ ထို့ကြောင့် ဆရာဇီဝကသည် အစေခံတစ်ဦးကို ထိုကျန်ရစ်သောရဟန်းကို ပင့်ရန် ကျောင်းတော်သို့ စေလွှတ်၏။

ရှင်စူဠပန်ကား အဝတ်ဖြူပိုင်းကို ဆုပ်နယ်ဖန်များသည့်အခါ အဝတ်မည်းညစ်လာသည်ကို မြင်တွေ့ရ၏၊ မတည်မြဲသောသင်္ခါရတို့၏သဘောကို မြင်သိပြီး ခန္ဓာကိုယ်အတ္တဘောကို ဆင်ခြင်၏။ ရုပ်နာမ်တို့၏မတည်မြဲခြင်း, ပျက်စီးခြင်းဟူသော အနိစ္စသညာ, အသုဘသညာတို့ကို ရရှိ၏။ ထို့နောက် ရုပ်တရားနာမ်တရားတို့ကို သိမ်းဆည်း၍ ဝိပဿနာရှု၏၊ သမ္မသန–ဥဒယဗ္ဗယ စသည့် ဉာဏ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်ပြီး ဝေါတြဘုဉာဏ်အနီးသို့ ရောက်လာ၏။ ထိုအခါ မြတ်စွာဘုရားသည် ရောင်ခြည်တော်ကို စေလွှတ်ပြီး တရားဟောတော်မူ၏–

"သာသနာတော်၌ ရာဂကို ရဇ=မြူဟု ဆိုအပ်၏၊ မြူဟူသောအမည်သည် ရာဂ၏ အမည်တည်း၊ ပညာရှိတို့သည် ဤရာဂဟူသောမြူကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်စွန့်၍ ရာဂစသည့်ကိလေသာမြူအညစ်အကြေးများ ကင်းစင်တော်မူသော မြတ်စွာဘုရား၏သာသနာတော်၌ နေကြကုန်၏"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့စသည်ဖြင့် ယောကြားတော်မူသောအခါ အရှင်စူဠပန်သည် လေးမင် လေးဖိုလ်ရပြီး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ဆဠဘိညာရဟန္တာဖြစ်တော်မူ၏။

ဇီဝကာ၏အစေခံက ဆွမ်းလာပင့်သောအချိန်တွင် အရှင်စူဠပန်သည် ကိုယ်ခွဲ တစ်ထောင် ဖန်ဆင်း၍ ပျော်မွေ့ဖွယ်ရာကောင်းသည့် သရက်တောကျောင်း၌ နေတော်မူ၏။ အစေခံယောကျ်ားသည် ရဟန်းများစွာကိုမြင်သဖြင့် မည်သူ့ကို ပင့်ဆောင်ရမှန်းမသိ၍ လှည့်ပြန်သွားပြီးလျှင် ဆရာဇီဝကအား ပြောကြား၏။ ဇီဝက က မြတ်စွာဘုရားအား တစ်ဖန်လျှောက်ထားလေလျှင် ဘုရားရှင်က–

"အချင်းယောကျ်ား...သင်သွားချေဦး၊ လက်ဦးမြင်သော ရဟန်း၏သင်္ကန်း စွန်းကို ကိုင်ပြီးလျှင် အရှင့်ကို မြတ်စွာဘုရားခေါ်တော်မူသည်ဆို၍ ပင့်ဆောင် ခဲ့လေ"ဟု မိန့်တော်မူ၏။

အစေခံယောကျ်ားသည် ကျောင်းသို့တစ်ဖန်သွား၍ အရှင်စူဠပန်၏သင်္ကန်း စွန်းကို ကိုင်မိလျှင်ပင် ဖန်ဆင်းထားသည့် "နိမ္မိတ"ရဟန်းများအားလုံး ကွယ် ပျောက်ကြကုန်၏။

အရှင်စူဠပန်သည် ထိုယောကျ်ားအား သွားနှင့်ရန် ပြောကြားပြီးနောက် မျက်နှာသစ်ခြင်း စသည့်အမှုများကိုပြုပြီးမှ ကြွလာ၏။ သို့သော် ထိုသူမရောက်မီ ဆရာဇီဝကအိမ်သို့ အရှင်စူဠပန်ရောက်၍ မိမိနေရာတွင် နေနှင့်၏။

အဘိညာဉ်တန်ခိုးရှင်သည် မိမိရုပ်သွင်နှင့်မတူသော အခြားပုံသဏ္ဌာန် အမျိုးမျိုးကိုလည်း ဖန်ဆင်းနိုင်၏။ **အရှင်ဒေဝဒတ်** သည် အဇာတသတ်မင်း သားကိုသိမ်းသွင်းရာ၌ သူငယ်အသွင်ကို ဖန်ဆင်းပြီးနောက် မိမိအသွင်ကို တစ် ဖန်ပြ၏။

**အရှင်မဟာမောဂ္ဂလာန်** သည် နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမရာ၌ ဧရာမ နဂါးအသွင်ကိုဖန်ဆင်း၍ မြင်းမိုရ်တောင်ကို ခုနစ်ပတ် ရစ်ပတ်ထားသည့် နဂါး မင်း၏ ကိုယ်ခန္ဓာကို ၁၄–ပတ် ရစ်ပတ်လျက် နဂါးမင်း၏ပါးပျဉ်းကို မိမိ၏ ပါးပျဉ်းအောက်ထား၍ မြင်းမိုရ်တောင်နှင့်ဖိညှပ်၏။ နဂါးမင်းက အခိုးအလျှံ လွှတ်သည့်အခါ အရှင်မဟာမောဂ္ဂလာန်လည်း အခိုးအလျှံလွှတ်၏။ နဂါးမင်း ၏ အခိုးအလျှံသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏အခိုးအလျှံသည် နဂါး မင်းကို နာကျင်ပင်ပန်းစေ၏။ နဂါးမင်းကြောက်၍ထွက်ပြေးသည့်အခါ မထေရ် သည် ဂဠုန်အသွင်ဖန်ဆင်းလျက် လိုက်၏။ နဂါးမင်း အရှုံးပေးပြီး သူငယ် အသွင် ဖန်ဆင်းကာ "အရှင်ဘုရားတို့ကို ဆည်းကပ်ပါ၏"ဟု ရှိခိုးရ၏။

အဘိညာဉ်တန်ခိုးရှင်သည် **အနည်းကို အများဖြစ်အောင်၊ အများကို အနည်းဖြစ်အောင်** လည်း တတ်နိုင်စွမ်း၏။ တစ်ကြိမ်၌ **အရှင်မဟာကဿပ**

www.burmeseclassic.com

www.burmeseclassic.com



**မထေရ်** သည် နိရောဓသမာပတ် ၇–ရက် ဝင်စားပြီးနောက် ဆင်းရဲသူတို့အား ချီးမြှောက်လို၍ "အိုးတစ်လုံး ဖျာမရှိ၊ ဘူမိကမ္ပလာ၊ မြေမွေ့ရာထက်" စံပျော်ကြရရှာသော ကာကဝလိယမောင်နှံတို့၏ အိမ်တံခါးဝ၌ ရပ်တော်မူ၏။ မောင်ကာက၏ဇနီးသည် ဆားကင်းသည့် ဟင်းစပ်ယာဂုကို သပိတ်၌ လောင်း၏။ မထေရ်သည် ထိုယာဂုကို မြတ်စွာဘုရား၏ ရွှေလက်တော်သို့ကပ်၏။ မြတ်စွာဘုရားသည် ကျောင်းတော်ရှိ ရဟန်းအားလုံး အလောက်အင ဘုဉ်းပေးနိုင်အောင် ပြုတော်မူ၏။ ခုနစ်ရက်မြောက်သောနေ့၌ မောင်ကာကသည် သူဌေးအရာကို ရလေ၏။

ရာဇဂြိုဟ်ပြည်တွင် နက္ခတ်ပွဲသဘင်နေ့၌ အမျိုးသမီး ၅၀၀ တို့သည် လမုန့်များကိုယူ၍ နက္ခတ်ပွဲသဘင်ဆင်နွှဲရန် သွားကြသည့်အခါ မြတ်စွာဘုရားနှင့် ဆုံတွေ့ရပါသော်လည်း တစ်စုံတစ်ရာမျှ မလောင်းလှူကြချေ။ နောက်မှကြွလာသော အရှင်မဟာကဿပကို မြင်သောအခါ "ငါတို့၏သခင်မထေရ်ကြွလာပြီ၊ မုန့်လှူကုန်အံ့"ဟု သူငယ်မတို့သည် ကိုယ်စီကိုယ်စီ မုန့်တောင်းများကို ချီလျက် မထေရ်အား မုန့်လှူကြ၏။ မထေရ်သည် သပိတ်ကို ထုတ်၍ မုန့်အားလုံးကို အလှူခံယူပါသော်လည်း အများကို နည်းအောင်ပြုတော်မူသဖြင့် သပိတ်ပြည့်ရုံမျှသာရှိပေ၏။

အဘိညာဉ်တန်ခိုးရှင်တို့သည် **အနီးကို ဝေးအောင်၊ အဝေးကို နီးအောင်** လည်း စွမ်းဆောင်နိုင်ကြ၏။ မြတ်စွာဘုရားကို **အင်္ဂုလိမာလ** ဓားဆွဲ၍လိုက်သည့်အခါ လိုက်၍မမီအောင် မြတ်စွာဘုရားနှင့် အင်္ဂုလိမာလအကြားရှိ ခရီးကို ရှည်ဝေးအောင် ဘုရားရှင်ပြုတော်မူ၏။

မဟာသက္ကရာဇ် ၁၀၈–ခုနှစ်၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင် ရောမီးအစုံအစုံဖြစ်သော **ယမိုက်ပြာဋိဟာ** ကို ပြတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၏။ ထိုသို့ကြွချီရာတွင် လက်ဝဲခြေဖဝါးတော်ဖြင့် မြေပြင်ကို နင်း၍ လက်ယာခြေဖဝါးတော်ကို ယုဂန္ဓိုရ်တောင်ထိပ်၌ တည်စေတော်မူ၏။ ထို့နောက်တစ်ဖန် လက်ဝဲခြေဖဝါးတော်ကို ကြွချီ၍ မြင်းမိုရ်တောင်ထိပ်၌နင်းတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်၏ ပဏ္ဍုကမ္ဗလာကျောက်ဖြာအပြင်ဝယ် သီတင်းသုံးတော်မူ၏။ ဤကား အဝေးကို အနီးဖြစ်အောင် ဖန်ဆင်းခြင်းပင်တည်း။

တစ်ဖန် တာဝတိံသာနတ်ပြည်မှ လူ့ပြည်ရှိ **သင်္ကဿနဂိုရ်မြို့** သို့ မြတ်စွာဘုရား ဆင်းသက်လာတော်မူသော သီတင်းကျွတ်လပြည့်နေ့တွင် သာဝတ္ထိပြည်၌ မြတ်စွာဘုရားအား စောင့်မျှော်နေကြသော ၃၆–ယူဇနာအဝန်းရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကြီးသည် နံနက်ချိန်တွင် ထမင်းစားသောက်ပြီးကြသည့်အခါ ယူဇနာ ၃၀ (မိုင် ၃၀၀ ခန့်) ဝေးကွာသော သင်္ကဿနဂိုရ်မြို့သို့ သွားကြ၏။ ထိုအခါ ခရီးအဝေးကို နီးအောင် အရှင်မဟာမောဂ္ဂလာန်က တန်ခိုးတော်ဖြင့် ကျုံ့ထားသည့်အတွက် လူထုပရိသတ်အပေါင်းတို့သည် မြို့ထဲ၌ထမင်းစားပြီး၍ မြို့ပြင်ရှိမြို့ဦးကျောင်းသို့ တရားထွက်နာကြသည့်အလား မပင်မပန်းဘဲ ခဏချင်းပင် သင်္ကဿနဂိုရ်မြို့သို့ ဆိုက်ရောက်ကြကုန်၏။

ဤသို့ ခရီးအဝေးကိုနီးအောင် သီဟိုဠ်သာသနာအတွင်း၌လည်း **စူဠသမုဒ္ဒမထေရ်** ဖန်ဆင်းဖူး၏။ သီဟိုဠ်ကျွန်း၌ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေစဉ် တစ်နေ့ နံနက်စောစော၌ စူဠသမုဒ္ဒမထေရ်ထံသို့ ရဟန်း ၇၀၀ ရောက်လာကြကုန်၏။

"ဤမျှများပြားသော မထေရ်အပေါင်းသည် မည်သည့်အရပ်၌ ဆွမ်းခံရှာဖြစ်ပါအံ့နည်း"ဟု မထေရ်ရှုဆင်ခြင်ရာ သီဟိုဠ်ကျွန်း၌မမြင်ဘဲ "ဇမ္ဗူဒိပ်ကျွန်း ပါဋလိပုတ်ပြည်၌ ဆွမ်းခံရှာဖြစ်လတ္တံ့"ဟု မြင်တော်မူ၏။

ထို့ကြောင့် ရဟန်းတို့အား မိမိတို့၏ သပိတ်သင်္ကန်းတို့ကိုယူစေ၍ "အိုငါ့ရှင်တို့ လာကြ၊ ဆွမ်းခံရှာသို့ကြွအံ့"ဟု ခေါ်ဆောင်သွားရာ မြေကြောကို ရှုံ့လိုက်သည့်အတွက် ပါဋလိပုတ်ပြည်သို့ ချက်ချင်းရောက်သွားကြလေ၏။

ရဟန်းတို့က "အရှင်ဘုရား... ဤမြို့သည်အဘယ်မြို့နည်း"ဟု မေးလျှောက်ရာ "ပါဋလိပုတ်ပြည်တည်း"ဟု ဖြေကြားတော်မူ၏။

"အရှင်ဘုရား...ပါဋလိပုတ်ပြည်သည် ဝေးလှသည်မဟုတ်လော"

"အို...ငါ့ရှင်တို့၊ ခေါင်းဆောင်ဦးစီး မထေရ်ကြီးတို့မည်သည်ကား ဝေးသောအရပ်ကိုလည်း နီးအောင်ပြုတတ်ကုန်၏"

"အရှင်ဘုရား...မဟာသမုဒ္ဒရာ အဘယ်မှာနည်း"

"အို...ငါ့ရှင်တို့၊ ခရီးအကြား၌ အဆင်းညိုပြာသော မြောင်းတစ်ခုကိုဖြတ်ကျော်ခဲ့ရသည်မဟုတ်လော"

"အရှင်ဘုရား...မြောင်းငယ်တစ်ခုကို ကျော်ဖြတ်ခဲ့ရသည် မှန်ပါ၏၊ သို့စေကာမူ မဟာသမုဒ္ဒရာသည် အလွန်ကြီးသည်မဟုတ်လော"

"အို...ငါ့ရှင်တို့၊ သက်ကြီးရဟန်းတို့မည်သည်ကား ကြီးသည်ကိုလည်း ငယ်အောင် ပြုနိုင်ကုန်၏"

သို့အတွက် အဘိညာဉ်တန်ခိုးသည် အလွန်အံ့သြဖွယ်ကောင်းလှ၏။

ထိုမျှသာမကသေး၊ ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုးဖြင့် မြေပြင်ကိုရေပြင်လုပ်၍ မြေ၌ ပေါ်နိုင်ငုပ်နိုင်၏၊ ရေပြင်ကို မြေပြင်လုပ်၍ မပြိုမကွဲဘဲ နင်းလျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



နိုင်၏၊ အတောင်ရှိသော ငှက်ကဲ့သို့ ကောင်းကင်၌ ပျံသန်းသွားနိုင်၏၊ နံရံ, တံတိုင်း, တောင်ကြီးစသည်တို့ကိုလည်း ဖောက်ထွင်း၍သွားနိုင်၏၊ နတ်ပြည်, ဗြဟ္မာပြည်သို့လည်း ကြွသွားနိုင်၏။ အလွန်စွမ်းလှချေကလားဟု အံ့ဩဖွယ်ကောင်းလှပေ၏။

ဤထူးခြားသောတန်ခိုးသတ္တိတို့သည် ကြီးမားသည့်သမာဓိ, ပညာတို့နှင့်ယှဉ်သော စိတ်၏စွမ်းရည်ထူးများ ဖြစ်ကြ၏။ အဘိညာဉ်ရပုဂ္ဂိုလ်သည် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းရာ၌ သင့်လျော်ရာကသိုဏ်းတစ်ပါးပါးတွင် ပဥ္စမဈာန်ကို ခေတ္တဝင်စားပြီးနောက် ထိုဈာန်မှထ၏၊ ထို့နောက် မိမိဖန်ဆင်းလိုသည်ကို အဓိဋ္ဌာန်၏။ ထိုဖန်ဆင်းသည့်နိမိတ္တရုပ်ကို အာရုံပြု၍ အဘိညာဉ်ကိစ္စတပ်သော ပဥ္စမဈာန်ကို တစ်ကြိမ်ဖြစ်စေ၏။ ထိုအဘိညာဉ်ကိစ္စတပ်သော ပဥ္စမဈာန်ဇော ဖြစ်သည်နှင့်တစ်ပြိုင်နက် နိမိတ္တရုပ်တို့လည်း ဖြစ်ပေါ်လာကြ၏။

ဥပမာ ကိုယ်ခွဲတစ်ထောင်ဖန်ဆင်းလိုသော တန်ခိုးရှင်သည် ပထဝီကသိုဏ်းတွင် ပဥ္စမဈာန်ကို ခေတ္တဖြစ်စေပြီး ဈာန်မှထ၏၊ ထို့နောက် "ငါ၏ကိုယ်သည် ထပ်တူကိုယ်ခွဲတစ်ထောင်ဖြစ်စေသတည်း" ဟု ဓိဋ္ဌာန်လိုက်, စေလိုက်၏၊ ထို့နောက် ထိုဖြစ်လတ္တံ့သော နိမိတ္တရုပ်တစ်ထောင်ကို အာရုံပြု၍ အဘိညာဉ်ကိစ္စတပ်သော ပဥ္စမဈာန်စိတ်ကို တစ်ကြိမ်ဖြစ်စေ၏။ ထိုဈာန်စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် နိမိတ္တရုပ်တစ်ထောင်တို့လည်း ဖြစ်ပေါ်လာကြ၏။

**မြေပြင်ကို ရေပြင်ဖြစ်စေ** လိုသော တန်ခိုးရှင်သည် အာပေါကသိုဏ်းကို ဝင်စားပြီးလျှင် ပဥ္စမဈာန်ကို ခေတ္တဖြစ်စေ၏၊ ထို့နောက် ထိုဈာန်မှထကာ "ဤမှုလောက်သောအရပ်၌ မြေသည် ရေဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်ရ၏။ ထို့နောက် ဖြစ်စေလိုသည့်ရေပြင်ကိုအာရုံပြုလျက် အဘိညာဉ်ကိစ္စတပ်သော ပဥ္စမဈာန်စိတ်ကိုဖြစ်စေ၏။ ထိုဈာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ရေပြင်ဖြစ်လာသဖြင့် ထိုရေပြင်တွင် ငုပ်နိုင်, ပေါ်နိုင်, ရေချိုးနိုင်, လျှော်ဖွပ်နိုင်၏။

**ရေပြင်ကို မြေပြင်ဖြစ်စေ** ရာ၌ ပထဝီကသိုဏ်းကိုအခြေခံ၍ ရေပြင်ကိုမြေပြင်ဖြစ်အောင် အဓိဋ္ဌာန်ရ၏၊ ထို့နောက် ရေပြင်သည် မြေပြင်အသွင်ပြောင်းသွားသဖြင့် တန်ခိုးရှင်က ထိုရေပြင်ပေါ်တွင် ထိုင်နိုင်, လျောင်းနိုင်, လမ်းလျှောက်သွားနိုင်၏။ ကောင်းကင်တွင် မြေပြင်, စောင်းတန်းစသည်ကို ဖန်ဆင်းပြီးတော့လည်း လမ်းလျှောက်သွားနိုင်၏။

ကောင်းကင်၌သွားသကဲ့သို့ နံရံတစ်ဖက်သို့လည်းကောင်း၊ တံတိုင်းတစ်ဖက်သို့လည်းကောင်း၊ တောင်တစ်ဖက်သို့လည်းကောင်း မငြိမယှက်ဘဲ သွားနိုင်၏။ ထိုသို့သွားလိုသောတန်ခိုးရှင်သည် အာကာသကသိုဏ်း၌ ပဥ္စမဈာန်ကို

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားပြီးသော် ဈာန်မှထလျက် နံရံကိုဖြစ်စေ တံတိုင်းကိုဖြစ်စေ တောင်ကိုဖြစ်စေ ဆင်ခြင်၍ ပရိကံပြု၏၊ "ဟင်းလင်းပြင်ကောင်းကင်ဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်၏။ ထိုအဓိဋ္ဌာန်သည့်အရာကို အာရုံယူ၍ အဘိညာဉ်ကိစ္စတပ်သော ပဉ္စမဈာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် အခေါင်းအပေါက် စသည့် ဟင်းလင်းပြင်ဖြစ်လာသဖြင့် မငြိမစွန်းဘဲ ဖြတ်သန်းသွားနိုင်၏။

အဘိညာဉ်တန်ခိုးရှင်သည် အာလောက ကသိုဏ်းကို အခြေခံ၍ **အမှောင်ကို လင်းအောင်** ပြုနိုင်၏၊ နီလကသိုဏ်းကို ဝင်စား၍ **အလင်းကို အမှောင်ဖြစ်အောင်** ပြုနိုင်၏၊ ပထဝီကသိုဏ်းကို အခြေခံ၍ စားသောက်စရာအမျိုးမျိုးနှင့် အသုံးအဆောင်အမျိုးမျိုးကိုလည်း ဖန်ဆင်းနိုင်၏။ ဤသို့ပြုဖူးသော သာဓကများသည် ကျမ်းဂန်၌ လာရှိပါသည်။

မဇ္ဈိမဒေသဝယ် တစ်နေ့သ၌ ရဟန်းများစွာတို့သည် ဆွမ်းခံရာတွင် ဟင်းလျာ မရဘဲ ဆွမ်းထမင်းချည်းသာရသဖြင့် ထိုဆွမ်းထမင်းတို့ကို ဂင်္ဂါမြစ်ကမ်း၌ ဆွမ်းဘုဉ်းပေးနေကြ၏။ ဤအခြင်းအရာကို **အရှင်မဟာအနုရုဒ္ဓမထေရ်** မြင်သော် "ဤဂင်္ဂါမြစ်ရေသည် ထောပတ်ကြည်ဖြစ်စေ" ဟု အဓိဋ္ဌာန်၍ ထိုထောပတ်ကြည်ကို သာမဏေတို့မြင်တွေ့အောင် အမှတ်သညာပေး၏။ သာမဏေတို့သည် ထောပတ်ကြည်ကို ခွက်တို့ဖြင့်ယူဆောင်၍ ရဟန်းတို့အား ဆက်ကပ်ကုန်၏။ ရဟန်းသာမဏေအားလုံးတို့သည် ကောင်းမွန်သောထောပတ်ကြည်နှင့် ဆွမ်းဘုဉ်းပေးကြရလေ၏။

ဝိဇ္ဈာဋဝီတောကျောင်း၌ ဟင်းလျာမပါဘဲ ဆွမ်းထမင်းချည်းသက်သက်ကိုသာ ဘုဉ်းပေးနေကြသော ရဟန်းတို့ကို **အရှင်အဿဂုတ္တမထေရ်** မြင်တွေ့လေလျှင် မထေရ်သည် ဤသို့အဓိဋ္ဌာန်၏ -

"ဤထုံးအိုင်ရေသည် နေ့စဉ်နံနက်တိုင်း နို့ဓမ်းအရသာဖြစ်စေသတည်း"

ထိုထုံးအိုင်ရေကို သာမဏေများက နံနက်ချိန်တွင် ခပ်ယူလျှင် ထိုရေသည် နို့ဓမ်းအရသာရှိ၏၊ မွန်းလွဲချိန်၌ခပ်ယူသော် ရေပကတိသာဖြစ်၏။

(ဣဒ္ဓိဝိဓအဘိညာဉ်အကြောင်းအကျယ်ကို ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ၂၊ ၁၆၄-၂၃၂၊ ဣဒ္ဓိဝိဓနိဒ္ဒေသပိုင်း၌ ဖတ်ရှုနိုင်ပါသည်။)

## ဒိဗ္ဗသောတအဘိညာဉ်တန်ခိုး

နတ်နားကဲ့သို့ ကြားနိုင်သည့် စွမ်းရည်ထူးကို ဒိဗ္ဗသောတအဘိညာဉ်ဟုခေါ်၏။ နတ်တို့သည် နတ်ဘဝ ရအောင် အကျိုးပေးလိုက်သော ကုသိုလ်၏

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကြောင့် နတ်တို့၏သောတပသာဒသည် အလွန်ကြည်လင်သိမ်မွေ့ကာ သည်းခြေ, သလိပ်, သွေး, လေ စသည့် ညစ်ညူးကြောင်းအပြစ်ဒေါသမှ ကင်းစင်၏။ သို့အတွက် နတ်တို့သည် အလွန်ဝေးလံသောအရပ်တို့မှအသံများကို ကြားနိုင်ကြ၏။

လူသားတန်ခိုးရှင်များ၏ ဒိဗ္ဗသောတအဘိညာဉ်သည်ကား ဝီရိယဘာဝနာ၏ အစွမ်းကြောင့်ရရှိသော စတုက္ကနည်း စတုတ္ထဈာန်စိတ်နှင့်ယှဉ်သည့် အသိဉာဏ်အထူးဖြစ်၏။ ဤဒိဗ္ဗသောတအဘိညာဉ်ဟူသော နာမ်ဓာတ်သည် ကိလေသာ မြူအညစ်အကြေးများ ကင်းစင်သည့် စတုတ္ထဈာန်သမာဓိနှင့် ယှဉ်၍ ဖြစ်ပေါ်လာခြင်းဖြစ်ရာ နတ်တို့၏သောတပသာဒနှင့်တူ၏။ နတ်တို့၏သောတဓာတ် (သောတပသာဒ) နှင့်တူသောကြောင့်လည်း ဒိဗ္ဗသောတဟု အမည်ရ၏။

ဒိဗ္ဗသောတနားသည် လူတို့၏ပကတိနားထက် ကြားနိုင်သောစွမ်းရည်ပိုကောင်း၏။ အနီးအဝေးမှ အသံအမျိုးမျိုးကို ကြားသိနိုင်၏။ နီးသော်အသံဟူသည်မှာ ကြမ်းပိုး, သန်း, ပုရွက်ဆိတ်တို့၏ မြည်တွန်သံမျိုးတည်း။ မိမိခန္ဓာကိုယ်ကို မှီဝဲနေထိုင်ကြသော ပိုးမျိုး ၈၀ တို့၏အသံများကိုပင် ကြားနိုင်၏။ ဝေးသောအသံဟူသည်မှာ ဤကမ္ဘာမြေပြင်ရှိဒေသအမျိုးမျိုးမှအသံများကိုသာမက နတ်ပြည်မှအသံ၊ ဗြဟ္မာပြည်မှအသံ၊ ငရဲပြည်မှအသံ၊ အခြား စကြဝဠာတို့မှအသံများကိုပင် တန်ခိုးရှင်က ဆင်ခြင်နှလုံးသွင်း၍ အဓိဋ္ဌာန်ပြုလျှင် ကြားသိနိုင်စွမ်းရှိ၏။

အခြေပါဒကဖြစ်သည့်ကသိုဏ်း ၈–ပါးတွင် ဈာန်သမာပတ် ၈–ပါးကို နည်း ၁၄–မျိုးတို့ဖြင့် အထက်၌ဖော်ပြခဲ့သည့်အတိုင်း ကောင်းစွာလေ့ကျင့်ပြီးသော ယောဂီသည် ဒိဗ္ဗသောတအဘိညာဉ်ကိုဖြစ်စေလိုလျှင် ဤသို့ဆက်လက်လေ့ကျင့်ရ၏–

ရှေးဦးစွာ စတုတ္ထဈာန်ကိုဝင်စားပြီး ဈာန်မှထကာ သမာဓိနှင့်ယှဉ်နေသည့်စိတ်ဖြင့် ပကတိနားဖြင့်ကြားနိုင်သောအသံများကို အာရုံယူ၍ နားထောင်၏။ ပကတိနားနှင့်ကြားနိုင်သောအသံများကို သမာဓိယှဉ်သောစိတ်ဖြင့် နားထောင်သည့်အခါ အလွန်ထင်ရှားစွာကြားနိုင်ပေ၏။ ထို့နောက် ပကတိနားနှင့်မကြားနိုင်သော အနီးအနားမှတိုးသည့်အသံ၊ ဝေးလံသောအရပ်မှအသံများကို ကြားနိုင်အောင် အဆင့်ဆင့်တိုးချဲ့၍ အာရုံယူ၏။

အသံအာရုံမထင်ရှားလျှင် စတုတ္ထဈာန်ကိုပြန်ဝင်စားပြီး ဈာန်မှထကာ "ဤမျှလောက်သောအရပ်အတွင်းရှိအသံကို ကြားလို၏" ဟု အဓိဋ္ဌာန်ပြီးလျှင် ကြားလိုသောအသံကို အာရုံပြုလျက် စတုတ္ထဈာန်ကိုတစ်ဖန်ဖြစ်စေ၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထဈာန်ဓောကျသည်နှင့်တစ်ပြိုင်နက် ထိုဈာန်စိတ်နှင့်ယှဉ်ကာ ဒိဗ္ဗသောတ အဘိညာဉ် ဖြစ်ပေါ်ပြီး အသံကို ထင်ထင်ရှားရှားကြားသိရလေ၏။

အကယ်၍ နတ်ပြည်၌ပြောဆိုနေကြသောစကားသံကိုကြားလိုလျှင် ပေါ် သောကသိုဏ်းတစ်ခုခုကို ရှုပွား၍ ကသိုဏ်းနိမိတ်ကို မိမိကြားလိုသောအရပ် ဒေသတိုင်အောင် ပျံ့နှံ့စေ၏၊ ထို့နောက် စတုတ္ထဈာန်ကို ခေတ္တဝင်စားပြီး ဈာန် မှထကာ "ဤနတ်တို့၏အသံကို ငါကြားစေသတည်း"ဟု အဓိဋ္ဌာန်၏၊ စိတ် ကိုစေလိုက်၏၊ ထို့နောက် ထိုစကားသံတို့ကိုအာရုံပြုလျက် သောတအဘိညာဉ် နှင့်ယှဉ်သည့် စတုတ္ထဈာန်စိတ်ကို တစ်ဖန်ဖြစ်စေ၏။ ဤစိတ်ကို အဓိဋ္ဌာန် အဘိညာဉ်ဇောဟုခေါ်၏။ ဤဇောကျသည်နှင့်တစ်ပြိုင်နက် နတ်တို့၏အသံ ကိုကြားလာရ၏။ အကယ်၍ မကြားသေးလျှင် ဤနည်းအတူ ထပ်ကာဖန်ဖန် အဓိဋ္ဌာန်ပြုအပ်၏။

နတ်တို့၏အသံကိုကြားရာ၌ မိမိနားမလည်သည့်ဘာသာကွဲစကားဖြစ် လျှင် အသံကိုသာကြားရပြီး အဓိပ္ပာယ်မသိသေးချေ။ ထိုအခါ ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့် ထိုနတ်တို့၏စိတ်အလိုကိုသိအောင်ပြု၍ စကားသံ၏အဓိပ္ပာယ် ကိုသိအောင်ပြုအပ်၏။

(ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ၂၊ ၂၆၀–၂၆၃။ လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး ၂၃၅– ၂၃၆)

## ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုး

နတ်မျက်စိကဲ့သို့မြင်နိုင်သော အသိဉာဏ်အထူးကို ဒိဗ္ဗစက္ခုအဘိညာဉ် ဟု ခေါ်၏။ ဤဉာဏ်ဖြင့် သတ္တဝါတို့၏ စုတိနှင့်ပဋိသန္ဓေကို မြင်သိနိုင်သည့် အတွက်ကြောင့် ဤဉာဏ်ကို **စုတူပပါတအဘိညာဉ်** ဟုလည်း ခေါ်၏။

နတ်တို့သည် နတ်ဘဝဖြစ်အောင် အကျိုးပေးလိုက်သော ကုသိုလ်ကံ၏ အစွမ်းကြောင့် နတ်တို့၏ စက္ခုပသာဒသည် အလွန်ကြည်လင်သိမ်မွေ့ကာ သည်းခြေ, သလိပ်, လေ, ရောဂါစသည်တို့၏ နှိပ်စက်ဖြူးယှက်ခြင်းမှ ကင်းစင် သဖြင့် အလွန်ကြည်လင်သိမ်မွေ့၏။ သို့အတွက် နတ်တို့သည် အလွန်ဝေးလံ သောအဆင်းတို့ကို မြင်နိုင်ကြ၏။

လူသားတန်ခိုးရှင်များ၏ ဒိဗ္ဗစက္ခုအဘိညာဉ်သည်ကား ဝီရိယဘာဝနာ၏ အစွမ်းကြောင့် ရရှိသော စတုတ္ထဈာန်စိတ်နှင့်ယှဉ်သည့် အသိဉာဏ်အထူးဖြစ် ၏။ ဤဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော စက္ခုဓာတ်သည် ကိလေသာမြူအညစ် အကြေး ကင်းစင်သည့် စတုတ္ထဈာန်သမာဓိနှင့်ယှဉ်၍ ဖြစ်ပေါ်လာခြင်းဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



နတ်တို့၏ စက္ခုပသာဒ (ဝါ) စက္ခုဓာတ်နှင့်တူ၏၊ ဤအကြောင်းကြောင့် ဒိဗ္ဗစက္ခု ဟု အမည်ရ၏။

• ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လူတို့၏ ပကတိမျက်စိဖြင့် မြင်နိုင်သော ရှန့်ရင်းသည့် ရူပါရုံကို ကျော်လွန်၍ ငရဲ၌ဖြစ်သော ရူပါရုံ၊ နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်သော ရူပါရုံ၊ အလွန်သိမ်မွေ့သည့် ရူပါရုံများကို မြင်နိုင်၏။ နံရံ, တံတိုင်း စသည်တို့ ကွယ်ကာထားသည့် ရူပါရုံများ၊ သံသေတ္တာ, မြေတိုက်, အုတ်တိုက် စသည်တို့အတွင်း၌ရှိသည့် ဝတ္ထုပစ္စည်းများ၊ မြေအောက်၌ရှိသော ရေ, ရေနံ, ကျောက်သံပတ္တမြားစသည့် ဝတ္ထုပစ္စည်းများကိုလည်း မြင်နိုင်၏။

သိပ္ပံပညာရှင်များသည် ရုပ်၏စွမ်းရည်သတ္တိများကို အသုံးပြု၍ အဝေးပြော တယ်လီဖုန်းစနစ်၊ ဆက်သွယ်ရေးဂြိုဟ်တုများမှတစ်ဆင့် ရုပ်မြင်သံကြား လွှင့်ပေးသည့်စနစ် စသည်တို့ကို တီထွင်ဖန်တီးကာ တစ်ကမ္ဘာလုံး၌ ဖြစ်ပျက်နေသော အကြောင်းခြင်းရာများကို တစ်ခဏအတွင်း သိမြင်နိုင်ကြ၏။ သို့သော် ဤရုပ်၏ စွမ်းရည်သတ္တိထူးများသည် နာမ်၏ စွမ်းရည်သတ္တိထူးများဖြစ်ကြသည့် ဒိဗ္ဗသောတ အဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်တို့ကို မယှဉ်တုနိုင်ကြချေ။

ဒိဗ္ဗစက္ခုအဘိညာဉ်ကို အခြေခံ၍ **ယထာကမ္မူပဂအဘိညာဉ်** နှင့် **အနာဂတံသ အဘိညာဉ်** ၂-ပါးကိုလည်း ထပ်ဆင့်ပွားယူနိုင်၏။

ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိထားသောပုဂ္ဂိုလ်သည် အောက်အဖို့၌ ငရဲပြည်သို့ ရှေးရှု၍ အလင်းကိုပွားစေ၏၊ ထို့နောက် စတုတ္ထဈာန်ဝင်စားပြီး ဈာန်မှထ ကာ "ငရဲပြည်ကို မြင်စေသတည်း၊ ငရဲပြည်ကို မြင်စေသတည်း"ဟု အဓိဋ္ဌာန်၏၊ ငရဲပြည်ကို အာရုံပြုလျက် အဓိဋ္ဌာန်အဘိညာဉ်ဇောကျစေသောအခါ ဆင်းရဲဒုက္ခအကြီးအကျယ်ခံစားနေကြရသော ငရဲသူ ငရဲသားတို့ကို မြင်တွေ့ရ၏။ ဤသို့ မြင်ခြင်းကား ဒိဗ္ဗစက္ခုအဘိညာဉ်၏ စွမ်းရည်ဖြစ်၏။ ထို့နောက် "ဤငရဲသူ ငရဲသားတို့သည် မည်သို့သောကံများကို ပြုမိကြသဖြင့် ဆင်းရဲကြီးကို ခံစားနေရသနည်း"ဟု နှလုံးသွင်းဆင်ခြင်၍ "ကံကိုမြင်စေသတည်း"ဟု အဓိဋ္ဌာန် အဘိညာဉ်ဇောကျစေသောအခါ ထိုသူတို့အား ငရဲသို့ကျရောက်စေသည့် ကံများကိုပါ သိမြင်လာ၏။ ဤသို့ ငရဲဖြစ်စေတတ်သောကံကို သိမြင်ခြင်းသည် ယထာကမ္မူပဂအဘိညာဉ်၏ အစွမ်းဖြစ်၏။

ထို့နည်းအတူ အထက်အဖို့၌ နတ်ပြည်သို့ရှေးရှု၍ အလင်းကိုပွားစေပြီး အဓိဋ္ဌာန်အဘိညာဉ်ဇောကျစေသောအခါ နန္ဒဝန်ဥယျာဉ်, မိဿကဥယျာဉ်, ဖာရုသကဥယျာဉ် စသည့်နတ်ဥယျာဉ်များ၌ နတ်စည်းစိမ်ကြီးကို ခံစားနေကြသော နတ်များကို မြင်တွေ့ရ၏။ ဤသို့မြင်တွေ့ခြင်းကား ဒိဗ္ဗစက္ခုအဘိညာဉ်၏ အစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့နောက် "ဤနတ်တို့သည် မည်သို့သောကံများကို ပြုခဲ့ကြသဖြင့် ဤနတ်စည်းစိမ်များကို ခံစားရသနည်း"ဟု နှလုံးသွင်းဆင်ခြင်လျက် အဓိဋ္ဌာန် အဘိညာဉ်ဈာန်ကို ကျစေသည့်အခါ နတ်ပြည်၌ဖြစ်စေတတ်သောကံများကို သိမြင်လာ၏။ ဤသို့သိမြင်ခြင်းကား ယထာကမ္မူပဂအဘိညာဉ်၏ အစွမ်းဖြစ်၏။

ထို့အပြင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို အခြေခံ၍ နောင်အနာဂတ်ကာလများ၌ ဖြစ်ပေါ်လာမည့် အကြောင်းခြင်းရာများကို နှလုံးသွင်းဆင်ခြင်သည့်အခါ အနာဂတံသအဘိညာဉ်ဖြစ်ပေါ်လာပြီးလျှင် အနာဂတ်အကြောင်းခြင်းရာများကို သိမြင်နိုင်သည်။ **ဒီပင်္ကရာမြတ်စွာဘုရား** သည် သုမေဓာရသေ့၏ ဘုရားဖြစ်ရန် ဆုပန်သည့်အတိုင်း ပြည့်စုံလာမည် မပြည့်စုံမည်ကို အာရုံယူ၍ကြည့်ရှုသည့်အခါ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော အနာဂတ်ကာလကို ဖြတ်သန်းလျက် ဤဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်ပေါ်လာမည်ကို မြင်သိတော်မူ၏။ သို့အတွက် အနာဂတ်ကိုမြင်သိနိုင်သောမြတ်စွာဘုရားတို့၏ ဉာဏ်တော်သည် အလွန်အံ့ချီးဖွယ်ရာကောင်းလှပေ၏။

ယထာကမ္မူပဂ အဘိညာဉ်နှင့် အနာဂတံသ အဘိညာဉ်တို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်၌ ထည့်သွင်းရေတွက်လျှင် လောကီအဘိညာဉ် ၅-ပါးရှိသည်ဟု ဆိုရ၏။ ထိုအဘိညာဉ် ၂-ပါးကို သီးခြားရေတွက်လျှင်မူ လောကီအဘိညာဉ် ၇-ပါး ရှိသည်ဟုဆိုရ၏။

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ၂၊ ၂၆၂-၂၆၆။ လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး၊ ၂၃၈-၂၃၉)

## ပရစိတ္တဝိဇာနနအဘိညာဉ်တန်ခိုး

သူတစ်ပါးတို့၏ စိတ်အကြံကို မိမိစိတ်ဖြင့်ပိုင်းခြား၍ အထူးထူး အပြားပြား သိမြင်နိုင်သောစွမ်းရည်ထူးကို ပရစိတ္တဝိဇာနနအဘိညာဉ်ဟု ခေါ်၏၊ **စေတောပရိယအဘိညာဉ်** (ဝါ) စေတောပရိယဉာဏ်ဟုလည်း ခေါ်၏။

စေတောပရိယဉာဏ်ကို မည်သို့ရရှိသနည်းဟူမူ ဒိဗ္ဗစက္ခုအဘိညာဉ်၏ အစွမ်းဖြင့် ရရှိ၏။ ဒိဗ္ဗစက္ခုဉာဏ်ကို ပရိကံပြုပြီး စေတောပရိယဉာဏ်ကို ဖြစ်ပေါ်စေရ၏။

ဒိဗ္ဗစက္ခုရှိသောပုဂ္ဂိုလ်သည် အလင်းကိုပျံ့နှံ့စေပြီး သူတစ်ပါး၏ နှလုံးသွေးအဆင်းကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့်ကြည့်ရှုပြီးလျှင် ဟဒယဝတ္ထုကိုမှီ၍ဖြစ်သောစိတ်ကို ရှာဖွေ၏။

သောမနဿသဟဂုတ်စိတ် ဖြစ်နေသူ၏ နှလုံးသွေးသည် နီမြန်းသပြေ ပညောင်သီးမှည့်အဆင်းရှိ၏၊ ဒေါမနဿသဟဂုတ်စိတ်ဖြစ်နေသောအခါ နှလုံး

www.burmeseclassic.com



သွေး၏အဆင်းသည် မည်းသဖြင့် သပြေသီးမှည့်အဆင်းနှင့်တူ၏။ ဥပေက္ခာ သဟဂုတ်စိတ်ဖြစ်နေသည့်အခါ နှလုံးသွေးသည်ကြည်လင်သဖြင့် ချက်ပြီးသော နမ်းဆီနှင့်တူ၏၊ သဒ္ဓါယှဉ်သည့်စိတ်ဖြစ်လျှင် နှလုံးသွေးအရောင်ဝါ၏၊ ပညာယှဉ်သည့်စိတ်ဖြစ်လျှင် နှလုံးသွေးအရောင် ဖြူ၏။

ဤသို့ သူတစ်ပါး၏နှလုံးသားကိုမှီ၍တည်သော သွေး၏အဆင်းကို ရှု၍ သူတစ်ပါး၏စိတ်ကို သိအောင်ပြု၏။ ဤသို့သိခြင်းကား သာမညအနုမာနအားဖြင့် သိခြင်းဖြစ်၏။ ထို့နောက် "ဤသူ၏စိတ်အကြံကို ငါသိစေသတည်း"ဟု အဓိဋ္ဌာန်အဘိညာဉ်စောကို ဖြစ်စေ၏။ ဤအဓိဋ္ဌာန်အဘိညာဉ်စော ကျသည်နှင့် တစ်ပြိုင်နက် ထိုသူ၏စိတ်အကြံကို သိ၏။ လေ့ကျင့်ဖန်များသော် စေတောပရိယဉာဏ် ခိုင်ခံ့လာသဖြင့် အလုံးစုံသော ကာမာဝစရစိတ် ၅၄-ပါးနှင့် ရူပါဝစရစိတ်၊ အရူပါဝစရစိတ်တို့ကို အထူးထူးအပြားပြား သိမြင်လာနိုင်၏။ နှလုံးသွေး၏အဆင်းကို မရှုဘဲလျက်လည်း စိတ်ကိုသိမြင်လာနိုင်၏။ နှလုံးသွေးမရှိသော အရူပဗြဟ္မာများ၏စိတ်တို့ကိုလည်း သိနိုင်၏။

(ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ၂၊ ၂၃၇။ လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး၊ ၂၃၆-၂၃၇)

အဘိညာဉ်ရပုဂ္ဂိုလ်များသည် အလင်းကိုဖြစ်ပွားစေပြီးနောက် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် နတ်များနှင့်ဗြဟ္မာများကို မြင်တွေ့နိုင်ကြ၏၊ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် နတ်နှင့်ဗြဟ္မာတို့၏ ပြောဆိုနေကြသော စကားသံကို ကြားနိုင်ကြ၏၊ စေတောပရိယအဘိညာဉ်ဖြင့် နတ်နှင့်ဗြဟ္မာတို့၏စိတ်အကြံအစည်များကို သိနိုင်ကြ၏၊ ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကိုယ်ဖျောက်၍လည်းကောင်း၊ ကိုယ်ထင်ရှား ပြ၍လည်းကောင်း၊ နှေးနှေးဖြစ်စေ လျင်မြန်စွာဖြစ်စေ စိတ်အလိုဆန္ဒအတိုင်း ကြွသွားနိုင်ကြ၏။ ကာရဇကာယကို စိတ်အလိုသို့လိုက်ပါစေပြီး စိတ်၏အလွန် လျင်မြန်သောသွားခြင်းဖြင့် သွားနိုင်ကြ၏။

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ၂၊ ၂၂၈-၂၂၉)

## ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်တန်ခိုး

'ပုဗ္ဗေနိဝါသာနုဿတိ'ဟူသည်မှာ ရှေးဘဝများ၌ မှီဝဲသုံးဆောင်ခဲ့ဖူးသော ခံစားခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့သည့်သတိ ဖြစ်၏။ ထိုသတိနှင့် ယှဉ်သောဉာဏ်ကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (ဝါ) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဟု ခေါ်၏။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်သည် အခြားမဲ့ လွန်ခဲ့သောအတိတ်ဘဝမှ စ၍ အတိတ်ဘဝပေါင်းထောင်သောင်းများစွာကို အမျိုး၊ အမည်၊ အနွယ်၊ အဆင်း၊

www.burmeseclassic.com

www.burmeseclassic.com



အသွင်ပုံသဏ္ဌာန် အခြင်းအရာအလုံးစုံနှင့်တကွ ပိုင်းခြား၍မြင်သိနိုင်သည့် အသိဉာဏ်အထူးဖြစ်ပေ၏။

ရှေးက ဖြစ်ခဲ့ဖူးသောခန္ဓာအစဉ်ကို မည်သို့သောပုဂ္ဂိုလ်များက ဆင်ခြင်အောက်မေ့သိမြင်နိုင်ကြသနည်း။

တိတ္ထိ၊ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါ၊ သဗ္ဗညုတမြတ်စွာဘုရားဟူသော ပုဂ္ဂိုလ် ၆–မျိုးတို့သည် အတိတ်ဘဝများကို ဆင်ခြင်အောက်မေ့နိုင်ကြကုန်၏။

ကမ္မဝါဒီရသေ့, ကိရိယဝါဒီရသေ့ စသော ဘုရားသာသနာဖြင့်ပရှိ တိတ္ထိတို့သည် ပညာစွမ်းအား နည်းပါးကြသောကြောင့် ကမ္ဘာ ၄၀ တိုင်အောင်သော အတိတ်ဘဝများကိုသာ ဆင်ခြင်အောက်မေ့နိုင်ကြ၏။ တိတ္ထိတို့သည် နာမ်ရုပ်တို့ကိုပိုင်းခြား၍ ဝိပဿနာရှုခြင်းကင်းသောကြောင့် ပညာအားနည်းကြ၏။ သို့အတွက် ကမ္ဘာ ၄၀ ထက် ကျော်လွန်ပြီး မိမိတို့၏အတိတ်ဘဝများကို မမြင်သိနိုင်ကြချေ။

မြတ်စွာဘုရား၏ တပည့်သားများဖြစ်ကြသော ပကတိသာဝကတို့သည် ရုပ်နာမ်တို့ကိုပိုင်းခြား၍ ဝိပဿနာရှုခဲ့ကြသဖြင့် ဉာဏ်ပညာအားကြီးကြ၏။ သို့အတွက် ပကတိသာဝကတို့သည် ကမ္ဘာ ၄၀ ထက် ကျော်လွန်လျက် ကမ္ဘာတစ်ရာ, ကမ္ဘာတစ်ထောင် စသည့်ကာလအတွင်း၌ ဖြစ်ပျက်ခဲ့ဖူးသော မိမိတို့၏ ဘဝများကို ဆင်ခြင်မြင်သိကြကုန်၏။

မဟာသာဝက ရှစ်ကျိပ်တို့သည် မိမိတို့ပါရမီဖြည့်ခဲ့ရာ ကာလအပိုင်းအခြားဖြစ်သည့် ကမ္ဘာတစ်သိန်းအထိ မိမိတို့၏အတိတ်ဘဝများကို ဆင်ခြင်မြင်သိကြကုန်၏။ အဂ္ဂသာဝကနှစ်ပါးတို့သည်လည်း မိမိတို့ပါရမီဖြည့်ခဲ့ရာ ကာလအပိုင်းအခြားဖြစ်သည့် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင်သော မိမိတို့၏ အတိတ်ဘဝများကို ဆင်ခြင်မြင်သိကြ၏။

ပစ္စေကဗုဒ္ဓါတို့သည် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ကျင့်ခဲ့ကြသဖြင့် ထိုကာလအပိုင်းအခြားအတွင်းရှိ မိမိတို့၏အတိတ်ဘဝများကို ဆင်ခြင်မြင်သိတော်မူကြ၏။ သဗ္ဗညုဘုရားရှင်တို့၏ဆင်ခြင်မြင်သိနိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်စွမ်းအားကား ကာလအပိုင်းအခြားမရှိချေ။

ထို့အပြင် တိတ္ထိတို့သည် ပဌမ အတိတ်ဘဝ – ဒုတိယ အတိတ်ဘဝ – တတိယအတိတ်ဘဝ စသည်ဖြင့် ဘဝအစဉ်အတိုင်း ခန္ဓာအစဉ်အတိုင်းသာ ဆင်ခြင်အောက်မေ့နိုင်ကြ၏၊ ခန္ဓာအစဉ်ကိုလွှတ်၍ စုတိ–ပဋိသန္ဓေတို့၏ အစွမ်းဖြင့် ကြိုက်ရာဘဝကို ကောက်ကာငင်ကာ မဆင်ခြင်နိုင်ကြချေ။ ပမာဆိုသော်

www.burmeseclassic.com

www.burmeseclassic.com



သူကန်းတို့သည် ကြိုးတန်းတောင်ဝှေးစသည်ကို အစဉ်လိုက်၍သာ သွားနိုင်ကြပြီး ကြိုးတန်းတောင်ဝှေးကို လွှတ်၍ လွတ်လွတ်လပ်လပ် မသွားနိုင်သကဲ့သို့တည်း။

ပကတိသာဝကတို့သည် ခန္ဓာအစဉ်ကိုလည်း အောက်မေ့နိုင်ကြ၏၊ စုတိ–ပဋိသန္ဓေတို့၏ အစွမ်းဖြင့်လည်း ပြောင်းကာပြောင်းကာ အောက်မေ့နိုင်ကြ၏။ ထို့အတူ မဟာသာဝကတို့သည်လည်း ခန္ဓာအစဉ်ကိုလည်းကောင်း စုတိ–ပဋိသန္ဓေတို့ကိုလည်းကောင်း ဆင်ခြင်အောက်မေ့နိုင်ကြကုန်၏။

အဂ္ဂသာဝကနှစ်ပါးတို့ကား ခန္ဓာအစဉ်ကို အောက်မေ့စရာမလိုချေ၊ ဘဝတစ်ခု၏ စုတိကိုမြင်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုဘဝ၏ ပဋိသန္ဓေကိုလည်း မြင်နိုင်စွမ်းရှိ၏။ ဤသို့ စုတိ–ပဋိသန္ဓေအစွမ်းဖြင့်သာလျှင် ပြောင်းကာပြောင်းကာ ဆင်ခြင်အောက်မေ့သွားနိုင်ကြ၏။ ပစ္စေကဗုဒ္ဓါတို့သည်လည်း အဂ္ဂသာဝကတို့ကဲ့သို့သာလျှင် ဆင်ခြင်အောက်မေ့နိုင်ကြ၏။

သဗ္ဗညုဘုရားရှင်တို့ကား ခန္ဓာအစဉ်ကို လျှောက်လိုက်ရန် မလို၊ စုတိ–ပဋိသန္ဓေအစွမ်းဖြင့် ဘဝတစ်ခုမှတစ်ခုသို့ ပြောင်းကာပြောင်းကာဆင်ခြင်အောက်မေ့ရန်လည်း မလို၊ ကုဋေပေါင်းများစွာသော ကမ္ဘာတို့၌ အောက်သို့လည်းကောင်း အထက်သို့ လည်းကောင်း အောက်မေ့လိုသမျှသော အကြောင်းအရာတို့သည် ထင်ရှားစွာ ထင်ပေါ်လာကြလေ၏။

ဥပမာသော်ကား ပေယျာလရှိသော ပါဠိကို ရွတ်ဆိုသူသည် ချုံး၍ရွတ်ဆိုသကဲ့သို့ ဘုရားရှင်တို့သည် ကုဋေပေါင်းများစွာသော ကမ္ဘာတို့ကို ချုံး၍မြင်သိနိုင်၏။ ထို့နောက် ခြင်္သေ့မင်းသည် အလိုရှိရာအရပ်သို့ ခုန်ကျော်သွားနိုင်သကဲ့သို့ ဗုဒ္ဓ၏ဉာဏ်တော်သည် အလိုရှိရာကမ္ဘာ အလိုရှိရာဘဝသို့ ခုန်ကျော်ပြီး အာရုံယူနိုင်၏။ ထိုသို့ခုန်ကျော်၍ အာရုံယူရာ၌လည်း သရဘင်္ဂအမည်ရသည့် လေးသမားကျော် ပစ်လွှတ်လိုက်သော မြားသည် လမ်းခရီးအကြားရှိ သစ်ရွက် သစ်ခက်တို့၌ မငြိတွယ်မူဘဲ ပစ်မှတ်ပေါ်သို့ တည့်တည့်မတ်မတ်ကျရောက်သကဲ့သို့ ဘုရားရှင်၏ဉာဏ်တော်သည် အကြားအကြားဖြစ်ကုန်သောဘဝတို့၌ မငြိမတွယ်မူဘဲ အလိုရှိသည့်ဘဝသို့ တန်းတန်းမတ်မတ်ကျရောက်လေ၏။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရရှိကြသော ပုဂ္ဂိုလ် ၆–မျိုးတို့၏ ဉာဏ်အမြင်များကို နှိုင်းယှဉ်သော် တိတ္ထိတို့၏ ပုဗ္ဗေနိဝါသဉာဏ်အမြင်သည် ပိုးစုန်းကြူးအရောင်မျှ တောက်ပသည်ဆိုလျှင် ပကတိသာဝကတို့၏ ဉာဏ်အမြင်သည် ဆီမီးအရောင်တမျှ တောက်ပ၏၊ မဟာသာဝကတို့၏ဉာဏ်အမြင်သည် မီးရှူးတန်ဆောင် အရောင်တမျှ တောက်ပ၏၊ အဂ္ဂသာဝကတို့၏ဉာဏ်အမြင်သည်

www.burmeseclassic.com

www.burmeseclassic.com



သောက်ရှုးကြယ်အရောင်တမျှ ထွန်းလင်း၏၊ ပစ္စေကဗုဒ္ဓါတို့၏ဉာဏ်အမြင်သည် လရောင်တမျှထွန်းလင်း၏၊ ဘုရားရှင်တို့၏ပုဗ္ဗေနိဝါသဉာဏ်အမြင်သည် ရောင်ခြည်တစ်ထောင်တို့ဖြင့် တန်ဆာဆင်လျက် တန်ဆောင်မုန်းလအခါ ထွန်းလင်း တောက်ပသော နေမင်း၏ ရောင်ခြည်တမျှ ထွန်းလင်းတောက်ပ၏။

## ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဖြစ်ပေါ်လာပုံ

ယောဂီသည် အဘိညာဉ်၏အခြေခံဖြစ်သော ကသိုဏ်း ၈–ပါးနှင့် ဈာန်သမာပတ် ၈–ပါးတို့၌ နည်း ၁၄–မျိုးတို့ဖြင့် နိုင်နိုင်နင်းနင်း ဦးစွာလေ့ကျင့်ထားရမည်။ ထို့နောက် ယောဂီသည် ရဟန်းဖြစ်သော် ဆွမ်းစားပြီးနောက် ဆိတ်ငြိမ်ရာ အရပ်၌ထိုင်၍ ကသိုဏ်းတစ်ပါးပါး၌ ဈာန် ၄–ပါးကို ဝင်စား၏။ ရူပါဝစရစတုတ္ထဈာန် (စတုက္ကနည်း) သည် အဘိညာဉ်၏ အခြေခံဖြစ်၏။

ယောဂီသည် စတုတ္ထဈာန်မှထပြီးလျှင် မိမိနောက်ဆုံးပြုလုပ်ခဲ့သော ထိုင်ခြင်း ဣရိယာပုထ်ကို ဆင်ခြင်၏၊ ထို့နောက် ထိုထိုင်ခြင်းဣရိယာပုထ်မတိုင်မီ နေရာခင်းခြင်း၊ ကျောင်းသို့ဝင်ခြင်း၊ သပိတ်သင်္ကန်းသိုမှီးခြင်း၊ ဆွမ်းစားခြင်း၊ ရွာမှ ကျောင်းသို့ပြန်လာခြင်း၊ ရွာ၌ဆွမ်းခံခြင်း၊ ကျောင်းမှရွာသို့ ဆွမ်းခံထွက်သွားခြင်း၊ ဘုရားရှိခိုးခြင်း၊ သပိတ်ဆေးခြင်း၊ မျက်နှာသစ်ခြင်း၊ အိပ်ရာမှထခြင်း စသည့် မိမိပြုလုပ်ခဲ့သည်များကို တဖြည်းဖြည်း နောက်ပြန်ဆုတ်၍ ဆင်ခြင်အပ်၏။ ဆင်ခြင်နိုင်လျှင် တစ်ဆင့်တိုးပြီး မိုးသောက်ယံ၌လုပ်ဆောင်ချက်၊ မဇ္ဈိမယံ၌ လုပ်ဆောင်ချက်၊ ပထမယံ၌ လုပ်ဆောင်ချက်၊ အလုံးစုံသော ညဉ့်နေ့ပတ်လုံး လုပ်ဆောင်ခဲ့သည်များကို ဆင်ခြင်အပ်၏။

ဤမျှသောအကြောင်းအရာတို့ကို ပကတိစိတ်ဖြင့်လည်း ဆင်ခြင်နိုင်၏၊ ပရိကံ ဖြစ်သော သမာဓိစိတ်ဖြင့် ဆင်ခြင်လျှင် အလွန်ပေါ်လွင်ထင်ရှားမည်ဖြစ်၏။ အကယ်၍ အကြောင်းအရာတစ်ခုသည် မထင်ပေါ်ဘဲ မြုပ်ကွယ်နေပါလျှင် ပါဒကဈာန် (စတုတ္ထဈာန်) ကိုတစ်ဖန်ဝင်စားပြီး ဈာန်မှထကာ ဆင်ခြင်အပ်၏။ ပါဒကဈာန်ကို ဝင်စားလိုက်သောအခါ မြုပ်ကွယ်နေခဲ့သော အကြောင်းအရာသည် ဆီမီးထွန်းညှိလိုက်သည့်အခါ လင်းထိန်လာသလို ထင်ရှားစွာထင်ပေါ်လာ၏။

တစ်ရက်အတွင်း ဖြစ်ပျက်ခဲ့သည်များကို အကုန်ဆင်ခြင်နိုင်ပြီးသောအခါ ဒုတိယနေ့၊ တတိယနေ့၊ စတုတ္ထနေ့၊ ပဥ္စမနေ့၊ လွန်ခဲ့သော ၁၀–ရက်၊ ၁၅–ရက်၊ ၁–လ၊ ၂–လ စသည်ဖြင့် တစ်နှစ်ပတ်လုံး၌ဖြစ်ပျက်ခဲ့သည်များကို ဆင်ခြင်အပ်၏။ ထို့နောက် လွန်ခဲ့သော ၅–နှစ်၊ ၁၀–နှစ်၊ နှစ် ၂၀ စသည်ဖြင့် ပဋိသန္ဓေတည်နေသောကာလတိုင်အောင် တဖြည်းဖြည်းနောက်ဆုတ်၍ ဆင်ခြင်အပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤဘဝပဋိသန္ဓေတည်ဆဲခဏ၌ ဖြစ်ပျက်ခဲ့သော နာမ်ရုပ်ကို မြင်အောင်ရှုဆင်ခြင်ပြီးသော် အခြားမဲ့သောအတိတ်ဘဝ၏ စုတိခဏဝယ် ဖြစ်ပျက်ခဲ့သော နာမ်ရုပ်များကိုမြင်အောင် လှမ်းရှု၏။ ဤသို့လှမ်းကြည့်ရာတွင် အဘိညာဉ်ဘာဝနာကို ကောင်းစွာလေ့လာပြီးသောပုဂ္ဂိုလ်သည် ပထမတစ်ကြိမ်တည်းဖြင့်ပင် ပဋိသန္ဓေကို ခွာလှစ်၍ စုတိခဏရှိနာမ်ရုပ်တို့ကို အာရုံပြုနိုင်၏။

အကယ်၍ အတိတ်ဘဝ စုတိခဏရှိရုပ်နာမ်တို့ မထင်ပေါ်လာသည်ရှိသော် "အတိတ်ဘဝနာမ်ရုပ်တို့သည် ချုပ်ငြိမ်းခဲ့လေပြီ၊ မကျန်ရှိတော့ပါ၊ တစ်ပါးသောကြောင့် ဤဘဝ၏ရုပ်နာမ်များ ဖြစ်ပေါ်လာကြသည်၊ ထို့ကြောင့် အတိတ်ဘဝ ရုပ်နာမ်ကိုမရှုမြင်နိုင်၊ ငါသည် ဤဘဝပဋိသန္ဓေကိုခွာ၍ အတိတ်ဘဝစုတိခဏ၌ ဖြစ်သော နာမ်ရုပ်ကို အာရုံပြုခြင်းငှာ မစွမ်းနိုင်"ဟု ဝန်ချခြင်းကို မပြုသင့်။ ပါဒကဈာန်ကို အဖန်တလဲလဲ ဝင်စားပြီး ရှုဆင်ခြင်အပ်၏။

ပမာဆိုသော် စုလစ်မွမ်းချွန်များနှင့်တကွ ပြာသာဒ်အထွတ်ကိုပြုလုပ်ရန် အလို့ငှာ ယောကျ်ားတစ်ယောက်သည် သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲလေရာ အကိုင်းအခက်များကို ခုတ်ပိုင်းရာတွင်ပင် ပုဆိန်သွား ပဲ့သွားသဖြင့် လက်လျှော့လိုက်မည်ဆိုလျှင် ပြာသာဒ်အထွတ်ကို ပြုလုပ်နိုင်တော့မည်မဟုတ်ချေ။ အကယ်၍ ပုဆိန်သွား ပဲ့သွားသည်ကို အလေးမမူဘဲ ပန်းပဲဖိုသို့သွားပြီး ပုဆိန်သွားကို ချွန်ထက်အောင် ပြုပြင်စေပြီးလျှင် သစ်ပင်ကြီးကိုတစ်ဖန်ခုတ်ဖြတ်၏။ ပုဆိန်သွား ပဲ့သွားတိုင်း ပြန်လည်ပြုပြင်၍ မလျှော့သောဇွဲဖြင့် အကြိမ်ကြိမ် ခုတ်ဖြတ်၏၊ ဤသို့ကြိုးစားအားထုတ်လျှင် မကြာမြင့်မီပင် သစ်ပင်ကြီးပြိုလဲပြီး မိမိအလိုရှိရာ ပြာသာဒ်အထွတ်ကို ဆက်လက်ပြုလုပ်ယူနိုင်မည်ဖြစ်သည်။

ထို့နည်းအတူ ပါဒကဈာန်ကို အဖန်ဖန်ဝင်စား၍ ဈာန်မှထတိုင်း ရှေးကဆင်ခြင်ပြီးသောအရာများကို ပြန်မဆင်ခြင်ဘဲ ပဋိသန္ဓေကိုသာလျှင် ဆင်ခြင်သည်ရှိသော် မကြာမြင့်မီပင် ပဋိသန္ဓေကို ခွာလျက် အတိတ်ဘဝစုတိခဏ၌ဖြစ်သော နာမ်ရုပ်ကို အာရုံပြုနိုင်မည်ဖြစ်သည်။

အထက်ပါစကားအစဉ်၌ နောက်ဆုံး ထိုင်ခြင်းကိုစွမှစ၍ ဤဘဝပဋိသန္ဓေတိုင်အောင် အတိတ်အကြောင်းအရာများကို ဆင်ခြင်နှလုံးသွင်းသဖြင့် ဖြစ်ပေါ်လာသော ဉာဏ်သည် ပုဗ္ဗေနိဝါသဉာဏ် မဟုတ်သေး။ ထိုဉာဏ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၏ ပရိကံအဖြစ် အကျိုးဆောင်သော သမာဓိနှင့်ယှဉ်သည့် ဉာဏ်သာ ဖြစ်သေး၏။

အကြင်အခါ၌ ထိုရဟန်းသည် ဤဘဝပဋိသန္ဓေကိုလွန်၍ အတိတ်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



စုတိခဏာ၌ဖြစ်သော နာမ်ရုပ်ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်၏၊ ထိုစိတ်ချုပ်ပြီးနောက် ထိုနာမ်ရုပ်ကိုပင်လျှင် အာရုံပြုလျက် (ဉာဏ်ထက်သူအတွက်) ဇောစိတ် ၄–ကြိမ် သို့မဟုတ် (ဉာဏ်နုံ့သူအတွက်) ဇောစိတ် ၅–ကြိမ် ဖြစ်၏။ ဇောစိတ် ၄–ကြိမ်တွင် ရှေ့ဇော ၃–ခုသည် ဥပစာ–အနုလုံ–ဂေါတြဘု ဟု အမည်ရကြ၏၊ ဇောစိတ် ၅–ကြိမ်တွင် ရှေ့ဇော ၄–ခုသည် ပရိကံ–ဥပစာ–အနုလုံ– ဂေါတြဘုဟု အမည်ရကြ၏၊ ဤရှေ့ဇောစိတ်တို့သည် ကာမာဝစရ မဟာကုသိုလ်စိတ်များ ဖြစ်ကြ၏။ နောက်ဆုံးဇောစိတ်တစ်ခုသည်သာ ရူပါဝစရ စတုတ္ထဈာန်စိတ် ဖြစ်၏။ ဈာန်စိတ်ကို အပ္ပနာဇောစိတ်ဟုလည်း ခေါ်၏။

ထိုအပ္ပနာဇောစိတ်နှင့်ယှဉ်သော ဉာဏ်သည်သာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟု အမည်ရ၏။ ထိုဉာဏ်နှင့် အတူယှဉ်သောသတိဖြင့် ရဟန်းသည် အတိတ်၌ ဖြစ်ခဲ့သော ခန္ဓာအစဉ်ကို အဖန်တလဲလဲအောက်မေ့၏၊ ပထမအတိတ်ဘဝ၌ဖြစ်ခဲ့သော ခန္ဓာအစဉ်ကို အောက်မေ့ပြီးသော် ဒုတိယအတိတ်ဘဝ၌ဖြစ်ခဲ့သော ခန္ဓာအစဉ်ကို ဆက်လက်အောက်မေ့၏၊ ထို့နောက် တတိယ ဘဝ – စတုတ္ထဘဝ စသည်ဖြင့် အတိတ်ဘဝပေါင်းမြောက်မြားစွာ၌ ဖြစ်ခဲ့သော ခန္ဓာအစဉ်တို့ကို အဖန်တလဲလဲ အောက်မေ့၏၊ ထို့နောက် တစ်ကမ္ဘာပြီး တစ်ကမ္ဘာ ကမ္ဘာပေါင်းများစွာ၌ ဖြစ်ခဲ့ဖူးသော ဘဝများ၏ ခန္ဓာအစဉ်တို့ကို အောက်မေ့၏။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် ဘဝအသီးသီး၌ ဖြစ်ခဲ့ဖူးသော အမျိုးအနွယ်၊ အမည်၊ အဆင်းသဏ္ဌာန်၊ ဥစ္စာစည်းစိမ်၊ အသက်အပိုင်းအခြား စသည်တို့ကို အကုန်အစင် သိမြင်နိုင်၏၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ, ငရဲသားဘဝ စသည်ဖြင့် ဘဝအထွေထွေကိုလည်း သိမြင်နိုင်ပေ၏။

စိတ်ဉာဏ်ထက်သန်ကြီးထွားသော ပုဂ္ဂိုလ်တို့သည် မိမိ၏ ဘဝအစဉ်ကို သာမက သူတစ်ပါးတို့၏ ဘဝအစဉ်များကိုလည်း အောက်မေ့အမှတ်ရနိုင်, သိနိုင်ကြ၏။ အလွန်အံ့သြဖွယ်ကောင်းစွတကား။

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ၂၊ ၂၆၇–၂၆၁။ လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး၊ ၂၃၇–၂၃၈)

## အံ့မခန်းဖွယ်ရာ နာမ်စွမ်းအားများ

လောကီအဘိညာဉ်တန်ခိုးများသည် သိပ္ပံနယ်ကို လွန်မြောက်ပြီး သိပ္ပံပညာထက် ပို၍ဆန်းကြယ်ကြ၏။ ဤအဘိညာဉ်တန်ခိုးများသည် အမှန်တကယ် ရှိပါ၏လော၊ ယခုခေတ်လူများကော အဘိညာဉ်တန်ခိုးရအောင် လေ့ကျင့်နိုင်ပါ သလောဟု သံသယယှဉ်ကာ မေးမြန်းစောကြောလိုသူများ ရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်နှင့် ဘဂဝါဂုဏ်ရည်တို့ကို ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတွက် အဘိညာဉ်တန်ခိုးများ ရှိသည်ကို အကြွင်းမဲ့ယုံကြည်ကြ၏။ မြတ်စွာဘုရား၏ ဉာဏ်တော်ဘုန်းတန်ခိုးတော်၌ သံသယရှိကြသော ခေတ်လူငယ်လူရွယ်များကား ကျမ်းဂန်များကို မိုးပြမ်းကိုးကား၍ ရေးသားသည်များကို အလေးမထားလိုကြပေ။ လက်တွေ့သာစကေပြနိုင်သော အထောက်အထားများကို ပိုစိတ်ဝင်စားကြ၏။

မြတ်စွာဘုရား၏ တရားတော်သည် သိပ္ပံပညာကဲ့သို့ လက်တွေ့စမ်းသပ်နိုင်သော သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံပါသည်။ စိတ်တွင် အနန္တ စွမ်းအားရှိသည်မှာလည်း စိတ်သည် ယနေ့သိပ္ပံပညာကို ဦးဆောင်နေသည်ဖြစ်၍ ယုံမှားသံသယမရှိသင့်ချေ။ ပျံ့လွင့်သောစိတ်သည် စွမ်းအားမထက်ဘဲ စုစည်းတည်ကြည်သော စိတ်သည်သာ စွမ်းအားထက်သည်ကိုလည်း လက်တွေ့စမ်းသပ်ကြည့်နိုင်၏။ မြတ်စွာဘုရား နည်းညွှန်ပြထားတော်မူသည့် ကမ္မဋ္ဌာန်း ၄၀ တွင် ကမ္မဋ္ဌာန်းတစ်ပါးပါးကို နည်းလမ်းမှန်ကန်စွာ ရှုပွားသဖြင့် ဈာန်သမာဓိအောက်နား ကပ်နေသည့် ဥပစာရသမာဓိမျှကို ထူထောင်မိလျှင်ပင် မိမိ၏ အသည်း, အဆုတ်, နှလုံး စသည်တို့ကိုလည်းကောင်း၊ သူတစ်ပါးတို့၏ အသည်း, အဆုတ်, နှလုံး စသော ကောဋ္ဌာသတို့ကိုလည်းကောင်း ထင်ထင်ရှားရှား ထိုးထွင်းမြင်သိနိုင်ကြောင်းကို ကျွန်တော်ရေးသားသည့် 'မြတ်ဘာဝနာ' (နှာ–၁၇၄–၁၇၈) နှင့် 'အမြတ်ဆုံးပန်းတိုင် နေကန်ပိုင်' စာအုပ် ပထမတွဲတို့မှာ ဖတ်ရှုနိုင်ပါ၏။

ထိုစာအုပ်များ၌ပင် စတုတ္ထဈာန်အထိ သမာဓိကို မြင့်တင်နိုင်သောအခါ အလွန်စူးရှထက်မြက်သော ဉာဏ်အလင်းရောင်ထွက်ပေါ်လာပြီး ထိုအလင်းရောင်၏ အကူအညီဖြင့် ခန္ဓာကိုယ်ထဲက အလွန်သိမ်မွေ့သော ပရမတ်ရုပ်တရား, နာမ်တရားတို့ကိုပင် ထိုးထွင်းမြင်သိနိုင်ကြောင်းကို ရှင်းလင်းဖော်ပြထား၏။ ဤသို့ထိုးထွင်းမြင်သိနိုင်သော စွမ်းရည်သည် သိပ္ပံက တီထွင်ထားသည့် နောက်ဆုံးပေါ် ကိရိယာများဖြစ်ကြသော အီလက်ထရွန်မိုက်ကရိုစကုပ်နှင့် အာလ်ထရာဆောင်း (Ultrasound) တို့၏ စွမ်းရည်ထက် သာလွန်ပေသည်။

ကသိုဏ်း ၁၀–ပါးတွင် ဈာန်သမာပတ် ၈–ပါးသို့ ပေါက်ရောက်အောင် ရှုပွားသည့်နည်းသည်လည်းကောင်း၊ ထိုမှတစ်ဆင့် နည်း ၁၄–မျိုးတို့ဖြင့် လေ့ကျင့်၍ လောကီအဘိညာဉ် ၅–ပါး (၇–ပါး) တက်ရောက်သည့်နည်းလမ်းသည်လည်းကောင်း၊ မြတ်စွာဘုရားနည်းညွှန်ဟောကြားတော်မူခဲ့သဖြင့် ကျမ်းဂန်များတွင် အထင်အရှားရှိနေကြပါသည်။ ဤနည်းညွှန်မှုများကို လိုက်နာကျင့်ကြံ

www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတစ်လျှောက်လုံးတွင် ဈာန်အဘိညာဉ်ရသူများသည် မပြတ်မစဲဘဲ အလျှိုအလျှိုပေါ်ပေါက်ခဲ့ကြ၏။

## ကိုယ်တိုင်ဆန်းစစ်နိုင်သည်

အဘိညာဉ်တန်ခိုးများနှင့် အဘိညာဉ်ရသည့်အထောက်အထားများကို ကျွန်တော်ရေးသားတင်ပြခြင်းမှာ စိတ်၏စွမ်းရည်ထူးများကို သိရှိစေလို၍ဖြစ်ပါသည်။

## စိတ္တဝတော ကိံနာမကပ္ပံ နသိဇ္ဈတိ

*စိတ်ထက်သန်ပြင်းပြသောသူအား အဘယ်မည်သောအမှုကိစ္စသည် မအောင်မြင်ဘဲ ရှိရာသနည်း။*

လူတစ်ဦးစီ၏ ဘဝအောင်မြင်ရေး၊ ကြီးပွားရေး၊ ချမ်းသာရေး၊ မြင့်မြတ်ရေး၊ လွတ်မြောက်ရေးတို့အတွက် သူ၏စိတ်သည်သာ အရေးအပါဆုံး အထက်မြက်ဆုံး လက်နက်ဖြစ်သည်မဟုတ်လော။

ကသိုဏ်း ၁၀–ပါး၌ ဈာန်သမာပတ် ၈–ပါးသို့ ပေါက်မြောက်အောင် ကျမ်းဂန်လာ နည်းနိသယများအတိုင်း မှန်မှန်ကန်ကန် ကိုယ်တိုင်ရှုပွားလိုပါလျှင် ဖားအောက်တောရ စကြံကျောင်းသို့ လာရောက်ပြီး တရားရှုပွားလှည့်ပါဟု ဖိတ်ခေါ်လိုပါသည်။ အကြောင်းမူကား ဖားအောက်တောရစကြံကျောင်း၌ ဆရာတော်ကျေနပ်သည်အထိ ဝိပဿနာရှုပြီးကြသော တက္ကသိုလ်ကျောင်းသူကျောင်းသား အချို့နှင့် ဆရာမအချို့တို့ကို ဆရာတော်ကသိုဏ်းရှုနည်း ညွှန်ပြပေးနေသည်ကို ကျွန်တော်မြင်တွေ့ခဲ့ရသောကြောင့် ဖြစ်သည်။

ကျမ်းဂန်လာနည်းများအတိုင်း သေသေချာချာ လိုက်နာကျင့်ကြံလျှင် ဈာန်အဘိညာဉ်များကို မုချရရှိနိုင်သည်ဟု ခိုင်ခိုင်မြဲမြဲ ယုံကြည်လျက် ကိုယ်တိုင်နည်းညွှန်ပြပေးနေသော ဆရာတော်ကို ဖူးတွေ့ရသည်မှာ ကျွန်တော်အလွန်အားရမိပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသောတရားတော်များသည် မဖောက်မပြန် မသွေမလွဲ အမြဲမှန်ကန်နေသည်ကို အချိန်အခါမရွေး စမ်းသပ်ကြည့်လိုသူတို့အား လက်တွေ့ပြသပေးနိုင်ပါမှ တရားတော်၌ သံသယယုံမှားမှုကို ဖြေဖျောက်နိုင်မည်မဟုတ်လော။

သို့သော် တရားတော်၏ ဦးတည်ချက်သည် လောကီအဘိညာဉ်တန်ခိုးများကို ရရှိရေးမဟုတ်ပေ။ ဈာန်သမာဓိ သို့မဟုတ် စွမ်းနိုင်လျှင် ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်တို့ကို အခြေပါဒကပြုပြီး ဝိပဿနာရှုပွား၍ မဂ်လေးတန်၊ ဖိုလ်လေးတန်နှင့် နိဗ္ဗာန်တို့ကို ရရှိရေးသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**လယ်တီဆရာတော်ဘုရားကြီး** သည်လည်း 'ပဋ္ဌာန်းတွင်ရပါဠိတော် ယောဇနာ ဝိုဝေါပမသုတ်' ကို ကိုးကား၍ မိမိ၏ 'ကမ္မဋ္ဌာန်းကျမ်းကြီး' စာမျက်နှာ ၂၃၉ တွင်–

"တန်ခိုးအဘိညာဉ်တို့နှင့်တကွ ဈာန်သမာပတ်တို့ကို ရပြီး၍ စိတ်ဉာဏ် အလွန်ထက်သန်ကြည်လင်လတ်သော်... အာသဝေါတရားတို့၏ ကုန်ရာ ကုန် ကြောင်းဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်အလို့ငှာ စိတ်ကို ဝိပဿနာလမ်းသို့ ညွတ် စေ တက်စေအပ်၏"ဟု ရေးသားထားတော်မူ၏။

**ဂေါတမမြတ်စွာအလောင်းတော်** သည်ပင် မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့်နေ့၌ မဟာဗောဓိပင်ရင်းရှိ အပရာဇိတ ပလ္လင်ထက်ဝယ် "ဘုရား အဖြစ်သို့ မရောက်မချင်း ငါမထတော့"ဟူသည့် အဓိဋ္ဌာန်ဖြင့် တရားရှုဆင်ခြင် ရာတွင် စတုတ္ထဈာန်ကို အခြေခံလျက် ညဦးယံတွင် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုဖြစ်စေခဲ့၏၊ သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုဖြစ်စေပြီး လျှင် မိုးသောက်ယံ၌ ထိုအဘိညာဉ်တို့၏ အထောက်အပံ့ဖြင့် အာသဝက္ခယ အဘိညာဉ်အမည်ရသည့် အရဟတ္တမဂ်ဉာဏ်နှင့်အတူတကွ သဗ္ဗညုတ ဉာဏ် တော်ကို ရရှိကာ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပေသည်။

ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းတော်အမြောက်အမြား တို့သည် ဈာန်အဘိညာဉ်တို့မှတစ်ဆင့် ဝိပဿနာလမ်းဘက်သို့ ကူးပြောင်းကာ အရဟတ္တမဂ်ဉာဏ်ကို ရရှိလျက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည်။

ဈာန် အဘိညာဉ်သည် ပရမတ် ရုပ်နာမ်တို့ကို ပဋိစ္စသမုပ္ပါဒ်အကြောင်း အကျိုးဆက်နွယ်မှုတို့နှင့်တကွ ထင်ထင်လင်းလင်းထိုးထွင်းမြင်သိစေ၍ အရိယာ သစ္စာလေးပါးမြတ်တရားတို့ ပေါ်လွင်ထင်ရှားလာအောင်လည်း မီးမောင်းထိုး ပြပေးနိုင်သည် မဟုတ်ပါလော။

ဝိပဿနာရှုပွားရာတွင် ဥပစာရသမာဓိသည် အလွန် ထက်မြက်သော လက်နက်ကောင်းတစ်ဆူဖြစ်သည်၊ ဥပစာရသမာဓိထက် ဈာန်သမာဓိက ပို၍ ထက်မြက်သည်၊ ဈာန်သမာဓိထက် ဈာန်အဘိညာဉ်က အဆပေါင်းမြောက်မြား စွာ ပို၍ထက်မြက်သည်မှာ ယုံမှားဖွယ်မရှိချေ။

## လောကုတ္တရာစိတ်များ

သမထကမ္မဋ္ဌာန်း ၄၀ တွင် မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းတစ်ပါးပါးကို နည်း လမ်းမှန်ကန်စွာရှုပွားသဖြင့် ဥပစာရသမာဓိသို့ရောက်လျှင် စိတ်အစဉ်၌ နီဝရဏ

www.burmeseclassic.com

www.burmeseclassic.com



များနှင့်တကွ ပရိယုဋ္ဌာနကိလေသာများကင်းစင်သွားကြသဖြင့် စိတ္တဝိသုဒ္ဓိခေါ် စိတ်စင်ကြယ်ခြင်း ဖြစ်ပေါ်လာသည်။

ထိုအခါ 'အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင်'စာအုပ် ပထမတွဲတွင် ရှင်းလင်း ဖော်ပြခဲ့သလို ဥပစာရသမာဓိနှင့်ယှဉ်သော ဉာဏ်အလင်း(ဝါ)ဘာဝနာအလင်း ရောင် ဖြစ်ပေါ်လာသဖြင့် ထိုအလင်းရောင်၏ အကူအညီဖြင့် ပရမတ်ရုပ်နာမ် တို့ကို ထိုးထွင်းမြင်သိလာနိုင်သည်။ ထိုပရမတ်ရုပ်နာမ်တို့ကို လက္ခဏာ–ရသ– ပစ္စုပဋ္ဌာန်–ပဒဋ္ဌာန်အားဖြင့် တစ်ခုစီတစ်ခုစီ ပိုင်းပိုင်းခြားခြားသိအောင် ရှုပွား ခြင်း၊ ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဆက်နွယ်မှုနှင့်တကွ အကြောင်းတရားများကို သိမ်းဆည်းခြင်း၊ ပရမတ်ရုပ်နာမ်တို့ကို အကြောင်းတရားများနှင့်တကွ အနိစ္စ– ဒုက္ခ–အနတ္တ ဟူသော လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုပွားခြင်းတို့ကို ကျမ်းဂန်နှင့်အညီ ဆရာညွှန်ပြသည့်အတိုင်း မှန်မှန်ကန်ကန် ရှုပွားသွားလေ လျှင် ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်မြင့်တက်ပြီးကာ သောတာပတ္တိမဂ်စိတ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်ဖြစ်သည်။

သောတာပတ္တိမဂ်ဉာဏ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်၏။ သောတာပတ္တိမဂ်စိတ် ချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် အခြားမလပ်ဘဲ ထိုမဂ်စိတ်၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဖြစ်ပေါ်လာ၏။ ထိုအခါ ယောဂါဝစရပုဂ္ဂိုလ် (ဝါ)ယောဂီသည် **သောတာပန်** အဆင့်သို့ ရောက်၏။

ထိုယောဂီသည် ပရမတ်ရုပ်နာမ်များနှင့် အကြောင်းတရား အကျိုးတရား တို့ကို လက္ခဏာရေးသုံးပါးတင်ကာ တစ်ဖန်ဝိပဿနာရှုပွားသဖြင့် ဒုတိယ အကြိမ် မဂ်ဝီထိဖြစ်ပေါ်လာသော် ဤမဂ်ဝီထိ၌ပါသော မဂ်စိတ်ကို သကဒါဂါမိ မဂ်စိတ်ဟု ခေါ်၏။ ဤမဂ်စိတ်၏ အကျိုးအဖြစ် အခြားမလပ်ဖြစ်ပေါ်လာသော စိတ်ကို သကဒါဂါမိဖိုလ်စိတ်ဟု ခေါ်၏။ ထိုအခါ ယောဂီသည် **သကဒါဂါမိ** အဆင့်သို့ရောက်၏။

ထိုယောဂီသည် ပရမတ်ရုပ်နာမ်များနှင့် အကြောင်းတရား အကျိုးတရား တို့ကို တစ်ဖန်ဝိပဿနာရှုပွားသဖြင့် တတိယအကြိမ်မဂ်ဝီထိဖြစ်ပေါ်လာသော် ဤမဂ်ဝီထိ၌ပါသည့် မဂ်စိတ်ကို အနာဂါမိမဂ်စိတ်ဟု ခေါ်၏။ ဤမဂ်စိတ်၏ အကျိုးအဖြစ် အခြားမလပ်ဖြစ်ပေါ်လာသောစိတ်ကို အနာဂါမိဖိုလ်စိတ်ဟု ခေါ်၏။ ထိုအခါ ယောဂီသည် **အနာဂါမိ** အဆင့်သို့ရောက်၏။ အနာဂါမ်၌ ဒေါသကိလေသာလည်း မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုယောဂီသည် ပရမတ်ရုပ်နာမ်များနှင့် အကြောင်းတရား အကျိုးတရားတို့ကို တစ်ဖန်ဝိပဿနာရှုပွားသဖြင့် စတုတ္ထအကြိမ်မဂ်ဝီထိဖြစ်ပေါ်လာသော် အရဟတ္တမဂ်စိတ်နှင့် ထိုစိတ်၏အကျိုးဝိပါက်ဖြစ်သော အရဟတ္တဖိုလ်စိတ်တို့ ဖြစ်ပေါ်လာကြ၏။ ထိုအခါ ယောဂီ၏စိတ်အစဉ်တွင် ကိလေသာအညစ်အကြေးများ လုံးဝကင်းစင်သွားပြီးဖြစ်၍ ထိုပုဂ္ဂိုလ်သည် အမြတ်ဆုံးပုဂ္ဂိုလ်စာရင်းတွင် ပါဝင်သည့် **ရဟန္တာ** အဆင့်သို့ မြင့်တက်သွားလေပြီ။

မဂ်လေးတန်နှင့် ဖိုလ်လေးတန်တို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုကြသော စိတ်များ ဖြစ်ကြ၏။ နိဗ္ဗာန်သည် ကိလေသာခပ်သိမ်း ချုပ်ငြိမ်းခြင်း၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းခြင်းနှင့် သန္တိသုခ ခေါ် ထာဝရ ငြိမ်းအေးချမ်းသာခြင်းတို့၏ အမည်ဖြစ်သည်။ မဂ်လေးတန်၊ ဖိုလ်လေးတန်နှင့် နိဗ္ဗာန်တို့သည် လောကအလုံးစုံမှ လွန်မြောက်သော လောကုတ္တရာတရား ၉-ပါးဖြစ်ကြ၏။ မဂ် ၄-ပါးကို လောကုတ္တရာ ကုသိုလ်စိတ် ၄-ပါးဟု ခေါ်ပြီး ဖိုလ် ၄-ပါးကို လောကုတ္တရာ ဝိပါက်စိတ် ၄-ပါးဟုခေါ်သည်။

| **မဂ်လေးတန်** (လောကုတ္တရာ ကုသိုလ်စိတ် ၄-ပါး) | **ဖိုလ်လေးတန်** (လောကုတ္တရာ ဝိပါက်စိတ် ၄-ပါး) |
|---|---|
| ၁။ သောတာပတ္တိမဂ် | ၁။ သောတာပတ္တိဖိုလ် |
| ၂။ သကဒါဂါမိမဂ် | ၂။ သကဒါဂါမိဖိုလ် |
| ၃။ အနာဂါမိမဂ် | ၃။ အနာဂါမိဖိုလ် |
| ၄။ အရဟတ္တမဂ် | ၄။ အရဟတ္တဖိုလ် |

## နိဗ္ဗာန်တက်ရန် လမ်းနှစ်သွယ်

မဂ် ၄-ပါးနှင့် ဖိုလ် ၄-ပါးတို့ကို လောကုတ္တရာစိတ် အကျဉ်း ၈-ပါးဟု ခေါ်၏။ ဈာန်ကိုအခြေမခံဘဲ ဉပစာရသမာဓိမျှဖြင့် ဝိပဿနာရှုသူသည် **ဝိပဿနာယာနိကလမ်းစဉ်** ဖြင့် နိဗ္ဗာန်သို့ သွားသူ မည်၏။ သူ၏ ဝိပဿနာယာဉ်က နိဗ္ဗာန်အရောက် သယ်ဆောင်သွားလျှင် မဂ် ၄-တန်နှင့် ဖိုလ် ၄-တန်တို့ကိုဖြစ်ပေါ်စေ၏။

ဈာန်တစ်ပါးပါးကို အခြေခံပြီး ဝိပဿနာရှုပွားသူသည် **သမထယာနိကလမ်းစဉ်** ခေါ် သမထယာဉ်ဖြင့် နိဗ္ဗာန်သို့သွားသူမည်၏။ ရူပါဝစရဈာန် ၅-ပါး ရှိရာ ထိုဈာန်အသီးသီးနှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် ၅-ပါးနှင့် သော တာပတ္တိဖိုလ်စိတ် ၅-ပါးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုသည်မှာ ပထမဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာရှုသဖြင့် မဂ်ဆိုက်လျှင် ထိုမဂ်သည် ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်ဖြစ်ပြီး ထိုမဂ်၏ အကျိုးသည်လည်း ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ်ဖြစ်၏။ ဒုတိယဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာရှုလျှင်မူ ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်နှင့် ဖိုလ်စိတ်တို့ ဖြစ်ပေါ်ကြ၏။ တတိယဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာရှုလျှင်မူ တတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်နှင့် ဖိုလ်စိတ်တို့ ဖြစ်ပေါ်ကြ၏။ ဤသို့စသည်ဖြင့် သိပါ။

အလားတူပင် ရူပါဝစရဈာန် ၅-ပါးတို့နှင့် အသီးသီးယှဉ်ကြသော သကဒါဂါမိမဂ် ၅-ပါး, သကဒါဂါမိဖိုလ် ၅-ပါး, အနာဂါမိမဂ် ၅-ပါး, အနာဂါမိဖိုလ် ၅-ပါး, အရဟတ္တမဂ် ၅-ပါး, အရဟတ္တ ဖိုလ် ၅-ပါးရှိကြ၏။ စုစုပေါင်းဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် ၄၀ ရှိသည်။

## လောကုတ္တရာဈာန်စိတ် ၄၀

*၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅- ပါးနှင့် ပြည့်စုံသော ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁။*

*၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁။*

*၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော တတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁။*

*၄။ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁။*

*၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁။*

ထိုအတူ သောတာပတ္တိမဂ်နေရာတွင် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့ကို တစ်လှည့်စီထည့်သွားလျှင် စုစုပေါင်း လောကုတ္တရာဈာန်စိတ် ၄၀ တို့၏ အမည်များကို ရရှိမည်။

## ဘဝပန်းတိုင်

ရုပ်နာမ် ၂-ပါးသည် ခဏမစဲ တသဲသဲဖြစ်ပျက်နေကြသောတရားများဖြစ်၍ အနိစ္စတရားများ ကေန်စင်စစ်ဖြစ်ကြသည်။ ခဏမစဲတသဲသဲဖြစ်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပျက်သွားသည့် ဒဏ်ချက်ဖြင့် အနှိပ်စက် အညှဉ်းပန်းခံရခြင်းသည် ဧကန် စင်စစ် ဆင်းရဲလှပေ၏။ သို့အတွက် ရုပ်နာမ် ၂–ပါးတို့နှင့် ဖွဲ့စည်းထားသော လောကီခန္ဓာ ၅–ပါးအစုသည် ဆင်းရဲခြင်းအမှန်တရားဖြစ်၍ **ဒုက္ခသစ္စာ** ဟု အမည်ရပေသည်။ ဓမ္မစကြာတရားတော်၌ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ဟု ဟောတော်မူသည်။

အဝိဇ္ဇာ ခေါ် မောဟဖုံးလွှမ်းသဖြင့် ပရမတ်ရုပ်နာမ်သို့ဆိုက်အောင် မမြင်နိုင်ကြသော ပုထုဇဉ်သတ္တဝါတို့သည် ရုပ်နာမ်တို့က အကြောင်းအကျိုးဖွဲ့ယှက်ကာ ခဏမစဲဖြစ်ပျက်နေသည့် ခန္ဓာ ၅–ပါးအစုကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ငါ, သူတစ်ပါးဟု မှတ်ယူနေကြ၏။ ထိုအဝိဇ္ဇာဦးဆောင်သည့် တဏှာ လောဘ, ဒေါသ, ဒိဋ္ဌိ, မာန စသော ကိလေသာတရားတို့၏ ခြယ်လှယ်မှုကြောင့် တစ်ဘဝပြီးတစ်ဘဝ ကူးပြောင်းကာ သတ္တဝါတို့ သံသရာလည်နေကြရပေသည်။

သတ္တဝါတို့ သံသရာကျင်လည်ရာတွင် **နခသိခသုတ်တော်, ကာဏကစ္ဆ ပေါပမသုတ်တော်** တို့အရ အပါယ်လေးဘုံ၌သာ ကျင်လည်ရခြင်းက များ၍ တစ်ခါတစ်ရံသာ လူ နတ် ဗြဟ္မာဟူသော သုဂတိဘဝကို ရရှိကြသည်။ လူ နတ် ဗြဟ္မာတို့၏ ဘဝသည်လည်း ရုပ်နာမ်အစုမျှသာဖြစ်သဖြင့် ဆင်းရဲအစုသာ ဧကန် အမှန်ဖြစ်တော့သည်။ သို့အတွက် သံသရာဝဋ်ဆင်းရဲသည်လည်း ကြောက်စရာ ကောင်းလှပေ၏။ ရုပ်နာမ်ဆင်းရဲသည်လည်း ငြီးငွေ့စဖွယ် ကြောက်လန့်စဖွယ် ကောင်းလှပေ၏။

ထိုသံသရာဆင်းရဲ, ရုပ်နာမ်ဆင်းရဲတို့ကို မပြတ်မလပ်ရရှိအောင် ဖန်တီး နေသူတို့မှာ အဝိဇ္ဇာနှင့် တဏှာဦးစီးသည့် ကိလေသာတရားများပင် ဖြစ်ကြသည်။ ထို့ကြောင့် ဤကိလေသာတရားတို့သည် ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန် တရား **"သမုဒယသစ္စာ"** ဧကန်စင်စစ် ဖြစ်ကြသည်။

ဘဝဟူသည်မှာ ဒုက္ခသစ္စာသာဟု သိနားလည်ပြီးသည့်နောက် ထိုဝဋ်ဆင်းရဲ ကြီးမှ လွတ်မြောက်ရေးအတွက် ဆင်းရဲဒုက္ခကို ဖြစ်စေသော ကိလေသာတရား များကို နှိမ်နင်းပယ်သတ်ရပေမည်။ ဤကိလေသာတရားတို့ကို မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဟု အမည်ရသော "သီလ–သမာဓိ–ပညာ" သိက္ခာသုံးပါးကျင့်စဉ်တရား ဖြင့်သာ ပယ်သတ်နိုင်ပါသည်။

ထိုသိက္ခာသုံးပါးကို အဆင့်မီအောင် ထူထောင်နိုင်လာသောအခါ မဂ်လေး တန်–ဖိုလ်လေးတန်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကာ ကိလေသာရန်အပေါင်း တို့ ထောင်းထောင်းညက်ကြေ ချေမှုန်းပယ်ရှင်းနိုင်မည်ဖြစ်သည်။ ထိုအခါ ထာဝရ ချမ်းသာကို ရရှိခြင်းဟူသည့် ဘဝပန်းတိုင်သို့ ရောက်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံသဘာဝအရ စွမ်းအင်ကို အသွင်ပြောင်းလဲအောင်သာ ပြုလုပ်နိုင်သည်၊ စွမ်းအင်ကို လုံးဝပျောက်ပျက်သွားအောင် မပြုလုပ်နိုင်ချေ။

ထို့နည်းအတူ ရုပ်နာမ်အသစ်အသစ်တို့ကို အဖန်တလဲလဲဖြစ်ပေါ်စေသော ကိလေသာတရားများကို ပယ်သတ်လိုက်သည့်အခါ အကြောင်းတရားချုပ်၍ အကျိုးတရားချုပ်ရသဖြင့် ဆင်းရဲခြင်းချုပ်ငြိမ်း၏၊ ခန္ဓပရိနိဗ္ဗာန်ပြုပြီးသည့်အခါ ရုပ်နာမ်လည်း ချုပ်ငြိမ်း၏၊ ရုပ်နာမ်ချုပ်ငြိမ်းသည့်အတွက် လုံးဝဥဿုံချုပ်ဆုံးခြင်း (total annihilation) ဖြစ်ပြီး ဘာမျှမကျန်တော့ဟု မယူဆပါနှင့်။ စွမ်းအင်ကို ဖျောက်ဖျက်၍ မရသော သဘောအတိုင်း **သန္တိသုခ** ဟူသည့် ထာဝရချမ်းသာ ကျန်ရှိပေသည်။ ထိုထာဝရချမ်းသာသည် နိဗ္ဗာန်ပင်ဖြစ်သည်။

ကိလေသာချုပ်ငြိမ်းသဖြင့် ဆင်းရဲချုပ်ငြိမ်းခြင်းသည် **နိရောဓသစ္စာ** ဖြစ်သည်၊ ကိလေသာတို့ကို ချုပ်ငြိမ်းစေသော မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံသော သိက္ခာသုံးပါးကျင့်စဉ်သည် **မဂ္ဂသစ္စာ** ဟု အမည်ရ၏။

ဆီမီးသည် မီးစာကိုလောင်၊ အမှောင်ပယ်ခွင်း၊ အလင်းရောင်လွှမ်း၊ ဆီကုန်ခန်းစေမှု၊ ဤကိစ္စ လေးခုကို တစ်ပြိုင်တည်းပြုနိုင်သကဲ့သို့ ထို့အတူ မဂ်လေးတန်တို့သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက်တည်း ပြီးစီးစေကြ၏။

ကိလေသာတရားတို့က စိတ်ကို မည်သို့ခြယ်လှယ်ပုံ၊

သံသရာဝဋ်ဆင်းရဲမှ မရုန်းထွက်နိုင်အောင် တုပ်နှောင်ထားပုံ၊

တင့်တယ်ကောင်းမြတ်သော စေတသိက်များက ကိလေသာတရားတို့ကို တိုက်ခိုက်နှိမ်နင်းပုံ၊

အောင်ပွဲရအောင် သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄ ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးဟူသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့ အလုပ်လုပ်ပုံအလုံးစုံကို ရှေ့အခန်း၌ ရှုစားတော်မူကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
# စေတသိက်များ

### စိတ်ကိုမှီတွယ် စိတ်ကိုခြယ်

စိတ်သည် မိမိတစ်ခုတည်း သီးခြားဖြစ်ရိုးမရှိ၊ စေတသိက်များနှင့် အတူတကွ ပေါင်းယှဉ်လျက်သာ ဖြစ်ပေါ်လေ့ရှိသည်။

စေတသိက်များသည်လည်း သီးခြားဖြစ်ပေါ်ရိုးမရှိ၊ စိတ်၌မှီတွယ်လျက် စိတ်နှင့်အတူတကွသာ ဖြစ်ပေါ်ကြသည်။

စေတသိက်တို့သည် စိတ်ကိုမှီတွယ်၍ စိတ်ကိုခြယ်လှယ်နိုင်သော သဘောတရားများ ဖြစ်ကြ၏။ စေတသိက်ဟု အမည်သတ်မှတ်နိုင်ရန်အတွက် အောက်ပါ အင်္ဂါ ၄-ရပ်နှင့် ပြည့်စုံရသည်။

(၁) စိတ်နှင့်အတူဖြစ်၏၊ စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် စေတသိက်တို့လည်း အတူတကွယှဉ်တွဲ၍ဖြစ်ပေါ်ကြ၏။

(၂) စိတ်နှင့်အတူချုပ်၏၊ စိတ်ချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် စေတသိက်တို့လည်း ချုပ်ငြိမ်းကြ၏။

(၃) စိတ်ယူသောအာရုံကို ယူကြ၏၊ စိတ်က အာရုံကိုယူနိုင် သိနိုင်သလို စေတသိက်တို့ကလည်း အာရုံကို ယူနိုင်, သိနိုင်ကြ၏။

(၄) စိတ်မှီသော ဝတ္ထုရုပ်ကို မှီကြ၏၊ စက္ခုဝိညာဏ် (မြင်သိစိတ်) က စက္ခုဝတ္ထု (စက္ခုပသာဒရုပ်) ကိုမှီသလို စက္ခုဝိညာဏ်နှင့်အတူယှဉ်၍ဖြစ်ကြသော စေတသိက် ၇-ခုတို့ကလည်း ထိုစက္ခုဝတ္ထုကိုပင် မှီကြ၏။ မနောဝိညာဏ်က နှလုံးသွေးအတွင်းရှိ ဟဒယဝတ္ထုရုပ်ကို မှီသလို မနောဝိညာဏ်နှင့်အတူယှဉ်၍ဖြစ်ကြသော စေတသိက်များကလည်း ထိုဟဒယဝတ္ထုကိုပင် မှီကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အင်္ဂါ (၁) နှင့် (၂) တို့အရ စေတသိက်တို့သည် စိတ်နှင့်အတူ ဖြစ်ချုပ်ကြသဖြင့် စိတ်နှင့်သက်တမ်းတူကြ၏။

အင်္ဂါ (၃)အရ စေတသိက်တို့သည် စိတ်နည်းတူ အာရုံကို ယူနိုင်, သိနိုင်ကြ၏။ သို့အတွက် စိတ်နှင့် စေတသိက်တို့ကို ပေါင်းစု၍ **"နာမ်"** ဟုခေါ်၏။

အင်္ဂါ (၄) အရ စိတ်နှင့် စေတသိက်တို့သည် တစ်နေရာတည်း၌ စုပေါင်းလျက် ဖြစ်ကြ၏။ စိတ်နှင့် စေတသိက်တို့သည် တစ်ပေါင်းတည်း ခွဲခြား၍မရအောင် အတူတကွ ယှဉ်တွဲ၍ဖြစ်ပေါ်ကြသည့်အတွက် **"သမ္ပယုတ်တရားများ"** ဟု ခေါ်ဆိုရ၏။

တစ်ဖန် ပဋ္ဌာန်းဒေသနာတော်အရစိတ်နှင့်စေတသိက်တို့သည် 'သဟဇာတ' သဘောအားဖြင့် အတူတကွဖြစ်ကြပြီး 'အညမည' သဘောအရ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုကြ၏။ 'နိဿယပစ္စည်း' အဖြစ် တစ်ခုကိုတစ်ခု အပြန်အလှန် မှီ၍သာ ဖြစ်ပေါ်ကြ၏။

စိတ်သည် လောကကို ရှေ့ဆောင်လွှမ်းမိုးနေသည့်တရားဖြစ်ပြီး စိတ်ကို တစ်ဖန် စေတသိက်တို့က ခြယ်လှယ်နိုင်ကြသည့်အတွက် စေတသိက်တို့သည် ကမ္ဘာလောကကို ခြယ်လှယ်နိုင်ကြသော တရားများ ဖြစ်ကြ၏၊ လူတစ်ဦးစီ၏ ဘဝကို ခြယ်လှယ်နိုင်သောတရားများလည်း ဖြစ်ကြ၏။

သစ်လုံးကြီးများကို ဆွဲမ,နိုင်အောင် ခွန်အားကြီးသော ဆင်ပြောင်ကြီးကို ဆင်ဦးစီးက ထိန်းကွပ်၍ အလုပ်လုပ်ခိုင်းသလို ခွန်အားကြီးသောစိတ်ကို စေတသိက်များက ခြယ်လှယ်လွှမ်းမိုး၍ အလုပ်လုပ်စေကြ၏။ သို့အတွက် စေတသိက်တို့သည် အလွန်အရေးပါသောတရားများ ဖြစ်ကြ၏။

စိတ်သည် အာရုံကို သိတတ်သော သဘောမျှသာဖြစ်ပါလျက် အဘယ်ကြောင့် 'စိတ်ဆိုးခြင်း၊ စိတ်ကောင်းခြင်း၊ စိတ်တိုခြင်း၊ စိတ်ရှည်ခြင်း၊ စိတ်ပျော်ခြင်း၊ စိတ်မာခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ကြည်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ချမ်းသာခြင်း' စသည်ဖြင့် စိတ်အမျိုးမျိုးပြောင်းလဲနေရသနည်း။ စေတသိက်များ ခြယ်လှယ်သောကြောင့် ဖြစ်ပါသည်။

သတ္တဝါများ၌ ပဋိသန္ဓေတည်ကတည်းက အစဉ်မပြတ် ဖြစ်ပေါ်လာခဲ့ကြသော စိတ်တို့သည် ပင်ကိုသဘာဝအားဖြင့် ညစ်ကြေးမထင် အလွန်စင်ကြယ်သန့်ရှင်း၏။ ယင်းသို့ ဖြူစင်သန့်ရှင်းသောသဘောရှိခြင်းကြောင့် ထိုစိတ်ကို *"ပဏ္ဍရ = ဖြူစင်သော သဘော"* ဟု **ဓမ္မသင်္ဂဏီပါဠိတော်** ၌ ဟောကြားအား၏။

www.burmeseclassic.com

www.burmeseclassic.com



*"သဗ္ဗမ္ပိစိတ္တံ သဘာဝတော ပဏ္ဍရမေဝ"* (မူလဋီ၊၁၊၉၅)

*"စိတ်အားလုံးသည် သဘာဝအားဖြင့် ဖြူစင်ကြ၏"*

သို့သော် စိတ်သည် အမြဲဖြူစင်နေခြင်း မရှိ။ လောဘ, ဒေါသ, မောဟ စသည့် ကိလေသာတရားတို့နှင့်ပေါင်းယှဉ်မိသည့်အခါ ညစ်နွမ်းသွားရ၏။ သို့အတွက် **အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဏိဟိတအစ္ဆဝဂ်** ၌ ဤသို့ဟောတော်မူ၏။

*"ရဟန်းတို့... ဤဘဝင်စိတ်သည် ဖြူစင်သန့်ရှင်းသောကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ရှိ၏။ ထိုစိတ်သည်ပင် (ဇောခဏ၌) ဧည့်သည် အာဂန္တုကဖြစ်ကုန်သော (ဝါ) အခိုက်အတန့်အားဖြင့် မိုလာကြကုန်သော ညစ်ညူးကြောင်း ကိလေသာတရားတို့ကြောင့် ညစ်နွမ်းရပေသည်"*

ထို့အပြင် **ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်** (၂၃)၌လည်း

*"ရဟန်းတို့ ... ဤစိတ်ကို ရာဂ, ဒေါသ, မောဟတို့က ညစ်ညူးအောင် ပြုထားသည်မှာ အချိန်ကြာလှပြီ။ အမြဲမပြတ် မိမိစိတ်ကို ဆင်ခြင်ရမည်"* ဟူ၍လည်း ဟောကြားတော်မူ၏။

သို့ဖြစ်၍ မူလဖြူစင်သောစိတ်သည် ကြည်လင်သော ရေတစ်ခွက်နှင့်တူ၏။ ရာဂ, ဒေါသ, မောဟစသည့် ကိလေသာတရားတို့က မင်နီ, မင်နက်, မင်ပြာ, မင်စိမ်း စသည်တို့နှင့်တူ၏။ ကြည်လင်သော ရေတစ်ခွက်တွင် မင်နီတစ်စက် ထည့်လိုက်လျှင် ရေတစ်ခွက်လုံး နီသွား၏၊ မင်နက်တစ်စက်ထည့်လိုက်လျှင်လည်း တစ်ခွက်လုံးမည်းနက်သွား၏။ ထို့အတူ ဖြူစင်နေသောစိတ်တွင် မောဟ ယှဉ်လျှင် မောဟမူစိတ်ဖြစ်၏၊ လောဘယှဉ်လျှင် လောဘမူစိတ်ဖြစ်၏၊ ဒေါသ ယှဉ်လျှင် ဒေါသမူစိတ်ဖြစ်၏။

သို့သော် ထိုရာဂ, ဒေါသ, မောဟ စသည့် ကိလေသာတရားတို့သည် စိတ်တွင် အမြဲယှဉ်နေကြသည်ကား မဟုတ်ချေ။ အလောဘ, အဒေါသ, အမောဟ ဟူသော ကုသိုလ်ဟိတ်များက စိတ်တွင်ယှဉ်လာကြသောအခါ ထိုကိလေသာ တရားတို့သည် စိတ်၌မယှဉ်နိုင်ကြတော့ချေ။

သို့အတွက် ကိလေသာတရားတို့သည် ဧည့်သည်သဖွယ် အခိုက်အတန့် အားဖြင့်သာ စိတ်၌ယှဉ်နိုင်ကြကုန်၏။ အိမ်ရှင်စိတ်က လက်မခံသည့်အခါ ၎င်းတို့ထွက်ခွာသွားကြရသည်။ ကုသိုလ်ဟိတ်တရားများကလည်း ဧည့်သည် သဖွယ် အခိုက်အတန့်အားဖြင့်သာ စိတ်၌ယှဉ်နိုင်ကြကုန်၏။ ကုသိုလ်ရေးကို မေ့လျော့ကာ ပေါ့ပေါ့ဆဆ နေထိုင်လျှင် အကုသိုလ်ဟိတ်တရားတို့ကသာ စိတ်ကို လွှမ်းမိုးခြယ်လှယ်သွားကြသဖြင့် ကုသိုလ်ဟိတ်များ ရှောင်ရှားသွားကြရ၏။

ထို့ကြောင့် စေတသိက်တို့သည် စိတ်၏အစိတ်အပိုင်းများမဟုတ်ဘဲ စိတ်

www.burmeseclassic.com

www.burmeseclassic.com



၌ယှဉ်လိုက်, ခွာလိုက် ပြုနိုင်ကြသော စိတ်ကိုမှီတွယ်၍ စိတ်ကိုခြယ်လှယ်နေကြသည့် သီးခြားသဘောတရားများသာ ဖြစ်ကြပေသတည်း။

## စေတသိက် ၅၂-ပါး

စိတ်ကိုမှီတွယ်ကာ စိတ်ကို ခြယ်လှယ်နိုင်ကြသော စေတသိက် အရေအတွက်ပေါင်းမှာ ၅၂-ပါး ရှိ၏။ ဤစေတသိက်တို့သည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသော သီးခြား သဘောတရားများ ဖြစ်ကြ၏။ ဤစေတသိက်တို့၏ အမည်များနှင့် သဘောအဓိပ္ပာယ်တို့ကို **အဘိဓမ္မာသင်္ဂြိုဟ်** တွင် လာရှိသည့် အတိုင်း ဦးစွာဖော်ပြပါမည်။

ရှေးဦးစွာ စေတသိက်တို့ကို ၄-စု ခွဲ၍မှတ်သားနိုင်၏။

(၁) *သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး = စိတ်အားလုံးနှင့် ဆက်ဆံသော (ဝါ) စိတ်တိုင်း၌ယှဉ်သော စေတသိက်များ၊*

(၂) *ပကိဏ်းစေတသိက် ၆-ပါး = ယှဉ်သင့်သောစိတ်တို့၌ ပြိုးပြွမ်း၍ ယှဉ်ကြသော စေတသိက်များ၊*

(၃) *အကုသိုလ်စေတသိက် ၁၄-ပါး = အပြစ်ရှိသော စေတသိက်များ၊ အကုသိုလ်စိတ်များ၌သာ ယှဉ်ကြ၏၊*

(၄) *သောဘဏစေတသိက် ၂၅-ပါး = တင့်တယ်ကောင်းမြတ်သော စေတသိက်များ၊ သောဘဏစိတ်များ၌သာ ယှဉ်ကြ၏။*

### (၁) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

*၁။ ဖဿ = အာရုံကို တွေ့ထိခြင်းသဘော၊ အာရုံနှင့် အသိစိတ်ကို ဆက်စပ်ပေး၏။*

*၂။ ဝေဒနာ = အာရုံ၏ အရသာကို ခံစားခြင်းသဘော၊*

*၃။ သညာ = အာရုံကို မှတ်သားခြင်းသဘော၊*

*၄။ စေတနာ = ယှဉ်ဖက်စိတ်စေတသိက်တို့အား မိမိဆိုင်ရာကိစ္စများကို ဆောင်ရွက်ကြဖို့ရန် စေ့ဆော်နှိုးဆော်ခြင်းသဘော၊*

*၅။ ဧကဂ္ဂတာ = တစ်ခုတည်းသော အာရုံပေါ်သို့ စိတ်ကျရောက်တည်ငြိမ်နေခြင်းသဘော၊*

*= ယှဉ်ဖက်စိတ်စေတသိက်တို့ကို ,ဖရိုဖရဲ မပြန့်ကွဲစေခြင်း သဘော၊*

www.burmeseclassic.com

www.burmeseclassic.com



၆။ စီဝိတိန္ဒြေ = ယှဉ်ဖက် စိတ်စေတသိက်တို့ကို သက်တမ်းပြည့် တည်တံ့အောင် စောင့်ရှောက်ပေးခြင်း သဘော (နာမ်အသက်)၊

၇။ မနသိကာရ = အာရုံကို နှလုံးသွင်းခြင်းသဘော၊
= ယှဉ်ဖက် စိတ် စေတသိက်တို့ကို အာရုံဘက်သို့ ဦးလှည့်တွန်းပို့ပေးခြင်းသဘော။

## (၂) ပကိဏ်းစေတသိက် ၆-ပါး

၁။ ဝိတက် = ယှဉ်ဖက် စိတ်စေတသိက်တို့ကို အာရုံသို့ ရှေးရှု တင်ပေးခြင်း သဘော၊(ကြံစည်ခြင်းသဘော)၊

၂။ ဝိစာရ = အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်း သဘော၊

၃။ အဓိမောက္ခ = အာရုံကို ဆုံးဖြတ်ခြင်းသဘော၊

၄။ ဝီရိယ = ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် အားထုတ်ခြင်း သဘော၊

၅။ ပီတိ = အာရုံကို နှစ်သက်ခြင်းသဘော၊

၆။ ဆန္ဒ = အာရုံကို လိုလားတောင့်တခြင်းသဘော၊
= ပြုလုပ်လိုခြင်းသဘော။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးနှင့် ပကိဏ်းစေတသိက် ၆-ပါးတို့ကို ပေါင်း၍ **အညသမာန်းစေတသိက်** ၁၃-ပါးဟု ခေါ်သည်။ သောဘဏစိတ်များနှင့်ရော၊ အသောဘဏစိတ်များနှင့်ပါ၊ ယှဉ်နိုင်ကြသည့် နှစ်ဖက်ရစေတသိက်များဟု အဓိပ္ပာယ်ရသည်။

## (၃) အကုသိုလ်စေတသိက် ၁၄ - ပါး

### (က) အကုသလသာဓာရဏစေတသိက် ၄-ပါး
### (အကုသိုလ်စိတ်အားလုံး၌ယှဉ်ကြသည်)

၁။ မောဟ = အာရုံ၏သဘောမှန်ကိုမသိခြင်းသဘော၊
= အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဖြစ်ကြသော ရုပ်နာမ်တရားတို့ကို နိစ္စ, သုခ, အတ္တ, သုဘဟု အသိမှားခြင်း သဘော။

www.burmeseclassic.com

www.burmeseclassic.com



၂။ အဟိရိက = ဒုစရိုက်မကောင်းမှု ပြုလုပ်ရန် မရှက်ခြင်းသဘော၊
= လောဘ, ဒေါသ စသည့် အကုသိုလ်တရားတို့မှ မရှက်ခြင်းသဘော၊

၃။ အနောတ္တပ္ပ = ဒုစရိုက် မကောင်းမှုပြုလုပ်ရန် မကြောက်ခြင်းသဘော၊
= လောဘ, ဒေါသ စသည့် အကုသိုလ်တရားတို့မှ မကြောက်ခြင်းသဘော၊

၄။ ဥဒ္ဓစ္စ = အာရုံပေါ်၌ စိတ်မငြိမ်မသက်, ပျံ့လွင့်နေခြင်းသဘော။

### (ခ) လောဘအုပ်စု စေတသိက် ၃-ပါး

၅။ လောဘ = ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ခြင်းသဘော၊
= ကာမဂုဏ်အာရုံ၌ ကပ်ငြိခြင်းသဘော၊
= အာရုံကို 'ငါ့ဟာ' ဟု စွဲယူခြင်းသဘော၊

၆။ ဒိဋ္ဌိ = အာရုံကို နိစ္စ-သုခ-အတ္တ-သုဘဟု စွဲလမ်း ယုံကြည်ခြင်းသဘော၊
= အယူမှားခြင်းသဘော၊

၇။ မာန = ငါငါဟု စိတ်တက်ကြွမြင့်မောက်ခြင်းသဘော၊
= ထောင်လွှားခြင်းသဘော၊
= အသာယူလိုခြင်းသဘော။

### (ဂ) ဒေါသအုပ်စု စေတသိက် ၄-ပါး

၈။ ဒေါသ = စိတ်ခက်ထန်ကြမ်းတမ်းခြင်းသဘော၊
= ဖျက်ဆီးလိုခြင်းသဘော၊

၉။ ဣဿာ = သူတစ်ပါး၏ ဂုဏ်သိန်စည်းစိမ်ချမ်းသာကို ငြူစူခြင်းသဘော၊
= ကိုယ့်ထက်သာ မနာလိုမှုသဘော၊

၁၀။ မစ္ဆရိယ = မိမိ စည်းစိမ်ကို လျှို့ဝှက်ခြင်း, သူတစ်ပါးနှင့် မဆက်ဆံစေလိုခြင်းသဘော၊
= နှမြောတွန့်တိုခြင်းသဘော၊

၁၁။ ကုက္ကုစ္စ = ပြုခဲ့မိသော ဒုစရိုက်ကို နောင်တတစ်ဖန် ပူပန်ခြင်းသဘော၊

www.burmeseclassic.com

www.burmeseclassic.com



(ဃ) သသင်္ခါရိကအုပ်စုဝင် စေတသိက် ၂-ပါး

၁၂။ ထိန = စိတ်ထိုင်းမှိုင်းခြင်းသဘော၊
= စိတ်မရွှင်မလန်း မထက်သန်ခြင်းသဘော၊

၁၃။ မိဒ္ဓ = ယှဉ်ဖက် စေတသိက်တို့ ထိုင်းမှိုင်းခြင်းသဘော၊
= စေတသိက်တို့ မရွှင်လန်းမထက်သန်ခြင်းသဘော၊

(င) မောဟအုပ်စုဝင် စေတသိက် ၁-ပါး

၁၄။ ဝိစိကိစ္ဆာ = (၁) ဘုရား၊ (၂) တရား၊ (၃) သံဃာ၊ (၄) သီလ - သမာဓိ- ပညာ သိက္ခာ ၃-ပါး၊ (၅) သံသရာ၏ ရှေ့အစွန်းဟူသော အတိတ်ဘဝ = အတိတ်ခန္ဓာ၊ (၆) သံသရာ၏ နောက်အစွန်းဟူသော အနာဂတ် ဘဝ = အနာဂတ်ခန္ဓာ၊ (၇) သံသရာ၏ ရှေ့နောက် အစွန်း ၂-ပါးဟူသော အတိတ် + အနာဂတ် ဘဝ ခန္ဓာ၊ (၈) ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဆက်နွယ်မှု သဘော၊ ဤ ၈-ဌာနတို့၌ ယုံမှားသံသယရှိခြင်း သဘော။

(ကံ-ကံ၏ အကျိုး၌ သံသယရှိခြင်းသည် ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးစပ်မှု အပေါ် သံသယရှိမှုတွင် အကျုံးဝင်သည်။)

## (၄) သောဘဏစေတသိက် ၂၅-ပါး

### (က) သောဘဏသာဓာရဏစေတသိက် ၁၉-ပါး
### (သောဘဏစိတ်အားလုံးတွင် ယှဉ်ကြသည်)

၁။ သဒ္ဓါ = ဝိစိကိစ္ဆာ၌ ဖော်ပြခဲ့သော ၈-ဌာနတို့၌ ယုံကြည်ခြင်းသဘော၊

၂။ သတိ = ဘုရား, တရား, သံဃာ စသည့် ကုသိုလ်အာရုံ၌ ယှဉ်ဖက်စိတ်စေတသိက်တို့ကို အောက်မေ့အမှတ်ရစေခြင်းသဘော၊

၃။ ဟိရီ = ဒုစရိုက်နှင့် အကုသိုလ်တရားတို့မှ ရှက်ခြင်းသဘော၊

၄။ ဩတ္တပ္ပ = ဒုစရိုက်နှင့် အကုသိုလ်တရားတို့မှ ကြောက်ခြင်းသဘော၊

www.burmeseclassic.com

www.burmeseclassic.com



၅။ အလောဘ = ကာမဂုဏ် အာရုံကို မလိုချင် မတပ်မက်ခြင်း သဘော၊
= အာရုံကို 'ငါ့ဟာ'ဟု မစွဲယူခြင်းသဘော၊
၆။ အဒေါသ = စိတ်မခက်ထန် မကြမ်းတမ်းခြင်းသဘော၊
= မဖျက်ဆီးလိုခြင်းသဘော၊
၇။ တတြမဇ္ဈတ္တတာ= ယှဉ်ဖက်စိတ်စေတသိက်တို့ကို မယုတ်မလွန်မျှတစွာ ဆောင်ရွက်ကြရန် ထိန်းသိမ်းပေးခြင်းသဘော၊
= အာရုံကို လျစ်လျူရှုခြင်းသဘော (ဥပေက္ခာ)၊
၈။ ကာယပဿဒ္ဓိ = စေတသိက်တို့ ငြိမ်းအေးခြင်းသဘော၊
၉။ စိတ္တပဿဒ္ဓိ = စိတ်ငြိမ်းအေးခြင်းသဘော၊
၁၀။ ကာယလဟုတာ= စေတသိက်တို့ လျင်မြန်ပေါ့ပါးခြင်းသဘော၊
၁၁။ စိတ္တလဟုတာ= စိတ်လျင်မြန်ပေါ့ပါးခြင်းသဘော၊
၁၂။ ကာယမုဒုတာ= စေတသိက်တို့ နူးညံ့ခြင်းသဘော၊
၁၃။ စိတ္တမုဒုတာ = စိတ်နူးညံ့ခြင်းသဘော၊
၁၄။ ကာယကမ္မညတာ= ကုသိုလ်မှု၌ စေတသိက်တို့ ခံ့ညားခြင်းသဘော = အချိုးကျ အဆင်ပြေခြင်း သဘော၊
၁၅။ စိတ္တကမ္မညတာ= ကုသိုလ်မှု၌ စိတ်ခံ့ညားခြင်းသဘော၊
၁၆။ ကာယပါဂုညတာ = ကုသိုလ်မှု၌ စေတသိက်တို့ ပြွမ်းတီးလေ့လာနိုင်နင်းခြင်းသဘော=ကျွမ်းကျင်လိမ္မာခြင်းသဘော၊
= ကိလေသာ အနာကင်းခြင်းသဘော၊
၁၇။ စိတ္တပါဂုညတာ= ကုသိုလ်မှု၌ စိတ်ပြွမ်းတီးလေ့လာနိုင်နင်းခြင်း သဘော၊
= ကိလေသာအနာကင်းခြင်းသဘော၊
၁၈။ ကာယုဇုကတာ= စေတသိက်တို့ ဖြောင့်မတ်ခြင်းသဘော၊
= မာယာ–သာဌေယျ အကွေ့အကောက်ကင်းခြင်း သဘော၊
၁၉။ စိတ္တုဇုကတာ = စိတ်ဖြောင့်မတ်ခြင်းသဘော၊
= မာယာ–သာဌေယျကင်းခြင်းသဘော။
(မာယာ= ထင်ရှားရှိသောအပြစ်ကို ဖုံးကွယ်ထားခြင်းသဘော၊
သာဌေယျ= ထင်ရှားမရှိသောဂုဏ်ကို ထင်ရှားပြခြင်းသဘော)

www.burmeseclassic.com

www.burmeseclassic.com



(ခ) ဝိရတိစေတသိက် ၃-ပါး
(ဒုစရိုက်မှ ရှောင်ကြဉ်ခိုက်၌ စိတ်တွင်ယှဉ်သည့် စေတသိက်များ)

၂၀။ သမ္မာဝါစာ = ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊
= ဝစီဒုစရိုက် ၄-ပါးကို မလွန်ကျူးခြင်းသဘော၊

၂၁။ သမ္မာကမ္မန္တ = ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊
= ကာယဒုစရိုက်၃-ပါးကို မလွန်ကျူးခြင်းသဘော၊

၂၂။ သမ္မာအာဇီဝ = အသက်မွေးဝမ်းကျောင်းနှင့်စပ်၍ ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ခြင်းသဘော၊
= ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ကို မလွန်ကျူးခြင်းသဘော၊

(ဂ) အပ္ပမညာစေတသိက် ၂-ပါး
(သတ္တဝါတစ်ဦးကိုဖြစ်စေ အများကိုဖြစ်စေ
အကန့်အသတ်မရှိ အာရုံပြုနိုင်သော စေတသိက်များ)

၂၃။ ကရုဏာ = ဒုက္ခိတသတ္တဝါကို အာရုံပြု၍ သနားကြင်နာခြင်းသဘော၊
= ဒုက္ခိတသတ္တဝါကို အာရုံပြု၍ ကယ်တင်လိုခြင်းသဘော၊

၂၄။ မုဒိတာ = သုခိတသတ္တဝါကိုအာရုံပြု၍ ကြည်သာဝမ်းမြောက်ခြင်းသဘော၊
= မငြူစူခြင်းသဘော၊

(ဃ) ပညိန္ဒြေစေတသိက် ၁-ပါး

၂၅။ ပညိန္ဒြေ = ပညာ=ရုပ်နာမ်တို့၏သဘောမှန်ကို ထိုးထွင်းသိမြင်ခြင်းသဘော၊
= သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခြင်းသဘော၊

(ဉာဏ်, အမောဟ, ဝိဇ္ဇာ, သမာဒိဋ္ဌိ, ဓမ္မဝိစယဟု အမည်အမျိုးမျိုးရသော ပညာကိုပင် သစ္စာလေးပါးကို သိမှုကိစ္စ၌ အစိုးတရဖြစ်ခြင်းကြောင့် ပညိန္ဒြေဟု ခေါ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## စိတ်အသီးသီး၌ စေတသိက်များ ယှဉ်ပုံ

၁။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး (ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ) တို့သည် စိတ်အားလုံး၌ ယှဉ်ကြသည်။

၂။ ပကိဏ်းစေတသိက် ၆–ပါး (ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ) တို့သည် အသောဘဏ (မတင့်တယ်သော) စိတ်များနှင့် သောဘဏ (တင့်တယ်သော) စိတ်များဟူသည့် စိတ်အားလုံးအနက်က ယှဉ်သင့်သောစိတ်များ၌ ယှဉ်ကြသည်။

၃။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးနှင့် ပကိဏ်းစေတသိက် ၆–ပါးတို့ကို ပေါင်း၍ အညသမာန်း (နှစ်ဖက်ရ) စေတသိက် ၁၃–ပါးဟု ခေါ်၏။ သောမနဿသဟဂုတ်ဖြစ်ကြသော လောဘမူစိတ် ၄–ပါး၊ မဟာကုသိုလ်စိတ် ၄–ပါး၊ မဟာဝိပါက်စိတ် ၄–ပါး၊ မဟာကြိယာစိတ် ၄–ပါးတို့တွင် အညသမာန်းစေတသိက် ၁၃–ပါးလုံး ယှဉ်ကြသည်။ ဥပေက္ခာသဟဂုတ်ဖြစ်ကြသော လောဘမူစိတ် ၄–ပါး၊ မဟာကုသိုလ်စိတ် ၄–ပါး၊ မဟာဝိပါက်စိတ် ၄–ပါး၊ မဟာကြိယာစိတ် ၄–ပါးနှင့် ဒေါမနဿသဟဂုတ်ဖြစ်သည့် ဒေါသမူစိတ် ၂–ပါးတို့တွင် ပီတိကြဉ်သော (ကြဉ်ဖယ်ထားသော) အညသမာန်း စေတသိက် ၁၂–ပါး ယှဉ်ကြသည်။

*တစ်နည်းဆိုသော် သောမနဿ သဟဂုတ် ဖြစ်လျှင် အညသမာန်း စေတသိက် ၁၃–ပါးလုံးယှဉ်ကြပြီး၊ ဥပေက္ခာသဟဂုတ် သို့မဟုတ် ဒေါမနဿ သဟဂုတ်ဖြစ်လျှင် ပီတိကြဉ်သည့် အညသမာန်း စေတသိက် ၁၂–ပါးယှဉ်ကြသည်။*

ဟိတ်မရှိသော အဟိတ်စိတ် ၁၈–ပါးတို့တွင် အညသမာန်း စေတသိက်များသာ ယှဉ်သင့်သလို ယှဉ်ကြ၏။

၄။ အကုသလသာဓာရဏ စေတသိက် ၄–ပါး (မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ) တို့သည် အကုသိုလ်စိတ် ၁၂–ပါးလုံး၌ ယှဉ်ကြ၏။ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ လောဘ၊ ဒိဋ္ဌိတို့ယှဉ်ကြပြီး လောဘမူ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄–ပါး၌ လောဘနှင့်အတူ မာနယှဉ်သင့်သည့်အခါ ယှဉ်၏။

၅။ သောဘဏသာဓာရဏစေတသိက် ၁၉–ပါးတို့သည် သောဘဏစိတ်အားလုံး၌ တစ်ပေါင်းတည်းယှဉ်ကြ၏။ အကုသိုလ်စိတ် ၁၂–ပါးနှင့် အဟိတ်စိတ် ၁၈–ပါး၊ ပေါင်း စိတ် ၃၀ တို့ကို အသောဘဏစိတ်များ = မတင့်တယ်သော

www.burmeseclassic.com

www.burmeseclassic.com



စိတ်များဟု ခေါ်၏။ ကျန်စိတ် ၅၉-ပါးတို့ကို သောဘဏစိတ်များ = တင့်တယ်သော စိတ်များဟု ခေါ်၏။

၆။ ကာမသောဘဏစိတ် ၂၄-ပါးအနက် ဉာဏသမ္ပယုတ်စိတ် ၁၂-ပါး၌ ပညာယှဉ်ပြီး ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး၌ ပညာမယှဉ်ပါ။ မဟဂ္ဂုတ်စိတ်များနှင့် လောကုတ္တရာစိတ်များအားလုံး၌ ပညာယှဉ်ကြ၏။

## ဝီထိစိတ်အစဉ်ကို မြင်မှ စေတသိက်ယှဉ်ပုံကို သိ

ယောဂီများသည် နာမ်ကမ္မဋ္ဌာန်းရှုသည့်အခါ ဒွါရတစ်ခုစီ၌ အာရုံထိတိုက်သဖြင့် ဖြစ်ပေါ်လာကြသော ဝီထိစိတ်များကို ရှေးဦးစွာမြင်အောင်ရှုရသည်။ ထို့နောက် စိတ်တစ်လုံးစီ၌ယှဉ်၍ဖြစ်ကြသော စေတသိက်များကို ပိုင်းခြား၍ သိအောင် ရှုရသည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော ၅-ဒွါရ၌ အာရုံထင်လာလျှင်

(၁) အာရုံကိုဆင်ခြင်ခြင်း (အာဝဇ္ဇန်းကိစ္စ)

(၂) အာရုံကိုမြင်-ကြား-နံ-စား-ထိသိခြင်း (ပဉ္စဝိညာဏ်) ကိစ္စ

(၃) အာရုံကို လက်ခံခြင်း (သမ္ပဋိစ္ဆိုန်း) ကိစ္စ

(၄) အာရုံကို စုံစမ်းခြင်း (သန္တီရဏ) ကိစ္စ

(၅) အာရုံ ကောင်း-မကောင်း ဆုံးဖြတ်ခြင်း (ဝုဋ္ဌော) ကိစ္စ

(၆) အာရုံကို ခံစားခြင်း (ဇော) ကိစ္စ

(၇) အာရုံအားကြီးသော် ဇောနောက်လိုက်၍ အာရုံဆက်ခံစားခြင်း (တဒါရုံ) ကိစ္စတို့ကို အစဉ်လိုက် ဆောင်ရွက်ကြသောစိတ်များ ဖြစ်ပေါ်ကြရ၏။

မနောဒွါရဟူသည့်စိတ်တံခါး၀၌ အာရုံထင်လာသော်

(၁) အာရုံကို ဆင်ခြင်-ဆုံးဖြတ်ခြင်း (အာဝဇ္ဇန်း) ကိစ္စ

(၂) အာရုံကို ခံစားခြင်း (ဇော) ကိစ္စ

(၃) အာရုံအားကြီးလျှင် ဇောနောက်လိုက်၍ အာရုံဆက်ခံစားခြင်း (တဒါရုံ) ကိစ္စတို့ကို အစဉ်လိုက်ဆောင်ရွက်ကြသည့်စိတ်များ ဖြစ်ပေါ်ကြရ၏။

ထိုစိတ်အစဉ်တစ်ခုစီကို **ဝီထိ** ဟု ခေါ်၏။ ဝီထိစိတ်အသီးသီး၌ ယှဉ်ကြသော စေတသိက်အရေအတွက်ကို ဇယားပြုလုပ်၍ဖော်ပြပါမည်၊ ထို့နောက် စေတသိက်အမည်များကို ဖော်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဇယား ၇-၁။ ပဋ္ဌိသန္ဓိ ဝီထိစိတ်များ၌ စေတသိက်ယှဉ်ပုံ

| ဌာန | ပါဝင်နိုင်သော စိတ်များ | | စေတသိက် |
|---|---|---|---|
| အာဝဇ္ဇန်း (အာရုံဆင်ခြင်) | ပဥ္စဒွါရာဝဇ္ဇန်း | ၁ | ၁၀ |
| ပဥ္စဝိညာဏ် (မြင်သိ–ကြားသိ နံ့သိ–စားသိ ထိသိ) | အကုသလဝိပါက်စက္ခုဝိညာဏ် | ၁ | ၇ |
| | ကုသလဝိပါက်စက္ခုဝိညာဏ် | ၁ | ၇ |
| | ထို့အတူသောတဝိညာဏ် | ၂ | ၇ စီ |
| | ဃာနဝိညာဏ် | ၂ | ၇ စီ |
| | ဇိဝှာဝိညာဏ် | ၂ | ၇ စီ |
| | ကာယဝိညာဏ် | ၂ | ၇ စီ |
| သမ္ပဋိစ္ဆိုန်း (အာရုံလက်ခံ) | အကုသလဝိပါက်သမ္ပဋိစ္ဆိုန်း | ၁ | ၁၀ |
| | ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း | ၁ | ၁၀ |
| သန္တီရဏ (အာရုံစုံစမ်း) | အကုသလဝိပါက်ဥပေက္ခာသန္တီရဏ | ၁ | ၁၀ |
| | ကုသလဝိပါက်ဥပေက္ခာသန္တီရဏ | ၁ | ၁၀ |
| | ကုသလဝိပါက်သောမနဿသန္တီရဏ | ၁ | ၁၁ |
| ဝုဋ္ဌော (ကောင်း–မကောင်း ဆုံးဖြတ်) | မနောဒွါရာဝဇ္ဇန်း | ၁ | ၁၁ |
| ဇော (အာရုံခံစား) | အကုသိုလ်စိတ် | ၁၂ | ၁၅–၂၁ |
| | မဟာကုသိုလ်စိတ် | ၈ | ၃၃,၃၂, ၃၂,၃၁ |
| တဒါရုံ (ဇောနောက်လိုက်၍ အာရုံခံစား) | အဟိတ်မှ သန္တီရဏစိတ် | ၃ | ၁၀–၁၁ |
| | မဟာဝိပါက်စိတ် | ၈ | ၃၃,၃၂, ၃၂, ၃၁ |

www.burmeseclassic.com

www.burmeseclassic.com



ဇယား ၇-၂။ မနောဒွါရ ဝီထိစိတ်များ

| ဌာန | ပါဝင်နိုင်သော စိတ်များ | | စေတသိက်ယှဉ် |
|---|---|---|---|
| အာဝဇ္ဇန်း (ဆင်ခြင်-ဆုံးဖြတ်) | မနောဒွါရာဝဇ္ဇန်း | | ၁၁ |
| ဇော (အာရုံခံစား) | အကုသိုလ်စိတ် | ၁၂ | ၁၅-၂၁ |
| | မဟာကုသိုလ်စိတ် | ၈ | ၃၃,၃၂,<br>၃၂,၃၁ |
| | မဟာကြိယာကုသိုလ်စိတ် | ၉ | ၃၃,၃၁,<br>၃၀,၃၀ |
| တဒါရုံ (ဇောနောက်လိုက်၍ အာရုံခံစား) | သန္တီရဏစိတ် | ၃ | ၁၀-၁၁ |
| | မဟာဝိပါက်စိတ် | ၈ | ၃၃,၃၂,<br>၃၂,၃၁ |

## ပဉ္စဒွါရဝီထိစိတ်အသီးသီး၌ စေတသိက်များယှဉ်ပုံ

၁။ **ပဉ္စဝိညာဏ်စိတ်** - စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်စိတ်အသီးသီး၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးစီ ယှဉ်ကြသည်။

၂။ **အဟိတ်စိတ်** - ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုန်း ၂၊ ဥပေက္ခာသန္တီရဏ ၂၊ ပေါင်း စိတ် ၅-ပါးတို့၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးနှင့် ဝိတက်၊ ဝိစာရ၊ အဓိမောက္ခဟူသော စေတသိက် ၁၀-ပါးစီ ယှဉ်ကြသည်။

သောမနဿသန္တီရဏစိတ်၌ အထက်ပါစေတသိက် ၁၀-ပါးအပြင် ပီတိပါယှဉ်သဖြင့် စုစုပေါင်း စေတသိက် ၁၁-ပါးယှဉ်ပါသည်။

မနောဒွါရာဝဇ္ဇန်းစိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယဟူ၍ စေတသိက် ၁၁-ပါးယှဉ်ပါသည်။

၃။ **ဇောစိတ်** - ဇောဌာနတွင် အကုသိုလ်စိတ် သို့မဟုတ် ကုသိုလ်စိတ် သို့မဟုတ် မဟာကြိယာစိတ်တို့ ဖြစ်နိုင်ကြ၏။ အကုသိုလ်စိတ် ဖြစ်သည့်အခါ အကုသိုလ်ဇော ဇောသည်ဟုဆို၏၊ ကုသိုလ်စိတ် ဖြစ်သည့်အခါ ကုသိုလ်ဇော ဇောသည်ဟု ဆို၏၊ မဟာကြိယာစိတ်ဖြစ်သည့်အခါ အပ္ပနာဇော(ဝါ) ဈာန်ဇော ဇောသည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ဇောတွင် လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါးနှင့် မောဟမူစိတ် ၂-ပါး တို့ ပါဝင်ကြ၏။

## (က) လောဘမူစိတ် ၈-ပါး၌ စေတသိက်ယှဉ်ပုံ

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃-ပါး၊ အကုသလသာဓာရဏစေတသိက် ၄-ပါး၊ လောဘ၊ ဒိဋ္ဌိဟူ၍ စေတသိက် ၁၉-ပါးယှဉ်ကြသည်။

(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃-ပါး၊ အကုသလသာဓာရဏစေတသိက် ၄-ပါး၊ လောဘ၊ မာန်ဟူ၍ စေတသိက် ၁၉-ပါးယှဉ်ကြသည်။ (မာနသည် ဤစိတ်ဖြစ်တိုင်း မယှဉ်ဘဲ ထောင်လွှားဝင့်ကြွားနေသည့် အခါ၌သာ ယှဉ်သည်။)

(၃) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ လောဘ၊ ဒိဋ္ဌိဟူ၍ စေတသိက် ၁၈-ပါး ယှဉ်ကြသည်။

(၄) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊ အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ လောဘ၊ မာနဟူ၍ စေတသိက် ၁၈-ပါး ယှဉ်ကြသည်။

(၅-၈) အထက်၌ ဖော်ပြခဲ့သော လောဘမူ အသင်္ခါရိကစိတ် ၄-ပါးတွင် စေတသိက်ပေါင်း ၁၉, ၁၉, ၁၈, ၁၈ အသီးသီးယှဉ်ကြ၏။ လောဘမူသသင်္ခါရိကစိတ် ၄-ပါးတွင် အထက်ပါ စေတသိက်အသီးသီး အပြင် ထိန-မိဒ္ဓ ထပ်မံတိုးလာသဖြင့် စေတသိက်ပေါင်း ၂၁, ၂၁, ၂၀, ၂၀ အသီးသီး ယှဉ်ကြသည်။

## (ခ) ဒေါသမူစိတ် ၂-ပါး၌ စေတသိက်ယှဉ်ပုံ

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ ဒေါသဟူ၍ စေတသိက် ၁၇-ပါး ယှဉ်ကြသည်။ မနာလိုမှုဖြစ်နေလျှင် ဣဿာတစ်ပါးတိုး၍ ၁၈-ပါးဖြစ်၏။ ဝန်တို

www.burmeseclassic.com

www.burmeseclassic.com



နေလျှင် ဣဿာအစား မစ္ဆရိယတို့၏။ နောင်တတစ်ဖန်ပူပန်နေလျှင် ဣဿာအစား ကုက္ကုစ္စတစ်ပါးတို့၍ ၁၈-ပါးဖြစ်၏။

## (ဂ) မောဟမူစိတ် ၂-ပါး၌ စေတသိက်ယှဉ်ပုံ

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊ ဝိတက်၊ ဝိစာရ၊ ဝီရိယ၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ ဝိစိကိစ္ဆာ ဟူ၍ စေတသိက် ၁၅-ပါး ယှဉ်ပါသည်။

(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ အကုသလသာဓာရဏစေတသိက် ၄-ပါးဟူ၍ စေတသိက် ၁၅-ပါး ယှဉ်ပါသည်။

(သို့ဖြစ်၍ အကုသိုလ်စိတ်များတွင် စေတသိက် ၁၅-ပါး မှ ၂၁-ပါးအထိ ယှဉ်ကြသည်။)

## မဟာကုသိုလ်စိတ် ၈-ပါး၌ စေတသိက်ယှဉ်ပုံ

(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်

(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်

ဤပထမတစ်စုံသည် **ပီတိယှဉ် – ဉာဏ်ယှဉ်** သော စိတ်များဖြစ်ကြ၏။ ၎င်းတို့တွင် အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉-ပါး၊ ပညိန္ဒြေ ၁-ပါးဟူ၍ စေတသိက် ၃၃ ပါးစီ ယှဉ်ကြသည်။

(ထိန–မိဒ္ဓတို့သည် အကုသိုလ်စေတသိက်များဖြစ်ကြသဖြင့် ကုသိုလ်စိတ်များတွင် မယှဉ်ကြပါ။)

(၃) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်

(၄) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်

ဤဒုတိယတစ်စုံသည် **ပီတိယှဉ်–ဉာဏ်မယှဉ်** သောစိတ်များ ဖြစ်ကြ၏။ ၎င်းတို့တွင် အညသမာန်းစေတသိက်၁၃-ပါး၊သောဘဏသာဓာရဏစေတသိက် ၁၉-ပါးဟူ၍ စေတသိက် ၃၂-ပါးစီ ယှဉ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်
(၆) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်
ဤတတိယတစ်စုံသည် **ပီတိမယှဉ်–ဉာဏ်ယှဉ်** သောစိတ်များဖြစ်ကြ၏။ ၎င်းတို့၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉–ပါး၊ ပညိန္ဒြေစေတသိက် ၁–ပါးဟူ၍ စေတသိက် ၃၂–ပါးစီ ယှဉ်ကြသည်။
(၇) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်
(၈) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်
ဤစတုတ္ထတစ်စုံသည် **ပီတိမယှဉ်–ဉာဏ်မယှဉ်** သောစိတ်များဖြစ်ကြ၏။ ၎င်းတို့၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉–ပါးဟူ၍ စေတသိက် ၃၁ ပါးစီ ယှဉ်ကြသည်။
(ဇယား၌ ဖော်ပြထားသော ၃၃၊ ၃၂၊ ၃၂၊ ၃၁ တို့၏ အဓိပ္ပာယ်ကို သိလောက်ပါပြီ။)

သောဘဏစေတသိက်စာရင်းဝင်ဖြစ်ကြသော ဝိရတိစေတသိက် ၃–ပါးနှင့် အပ္ပမညာစေတသိက် ၂–ပါးတို့သည် မိမိတို့၏ ဆိုင်ရာဆိုင်ရာကိစ္စကိုပြုလုပ်နေသည့်အခါ၌သာ အသီးသီးယှဉ်ကြ၏။ ထိုသို့ယှဉ်သည့်အခါ၌လည်း ဆိုင်ရာ ၁–ပါးသာယှဉ်ပြီး ကျန် ၄–ပါးတို့ မယှဉ်ကြချေ။

ဥပမာ ကံ–ကံ၏အကျိုးကိုသိသော ဉာဏ်ယှဉ်၍ ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ လိမ်ပြောခြင်းမှ ရှောင်ကြဉ်ဆဲတွင် ဉာဏ်ယှဉ်–ပီတိမယှဉ်စိတ်ဖြစ်ပြီး ထိုစိတ်အတွက် စောစောက ဖော်ပြခဲ့သည့် စေတသိက် ၃၂–ပါးအပြင် သမ္မာဝါစာစေတသိက်ပါ ယှဉ်သည့်အတွက် စုစုပေါင်း စေတသိက် ၃၃–ပါးယှဉ်မည်။

တစ်ဖန် ဉာဏ်ယှဉ်လျက် ဝမ်းမြောက်စွာ ကရုဏာဘာဝနာပွားများနေသူ၌ ဉာဏ်ယှဉ်–ပီတိယှဉ်စိတ်ဖြစ်၏။ ထိုစိတ်၌ ပီတိယှဉ်–ဉာဏ်ယှဉ်ကုသိုလ်စိတ်၌ယှဉ်သည့် စေတသိက် ၃၃–ပါးအပြင် ကရုဏာစေတသိက်ပါယှဉ်သည့်အတွက် စုစုပေါင်း စေတသိက် ၃၄–ပါး ယှဉ်ကြမည်။

## ရူပါဝစရကုသိုလ်စျာန် ၅–ပါး၌ စေတသိက်ယှဉ်ပုံ

(၁) ရူပါဝစရပထမစျာန်ကုသိုလ်စိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး၊ သောဘဏ သာဓာရဏ စေတသိက် ၁၉–ပါး၊ ပညိန္ဒြေ စေတသိက် ၁–ပါးဟူ၍ စေတသိက် ၃၃–ပါး ယှဉ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ရူပါဝစရဒုတိယဈာန်ကုသိုလ်စိတ်၌ ဝိတက်, ဝိစာရကြဉ်သော အညသမာန်းစေတသိက် ၁၁-ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး၊ ပညိန္ဒြေစေတသိက် ၁-ပါးဟူ၍ စေတသိက် ၃၁ ယှဉ်ကြသည်။

(၃) ရူပါဝစရတတိယဈာန်ကုသိုလ်စိတ်၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀-ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး၊ ပညိန္ဒြေစေတသိက် ၁-ပါးဟူ၍ စေတသိက် ၃၀ ယှဉ်ကြသည်။

(၄) ရူပါဝစရ စတုတ္ထဈာန် ကုသိုလ်စိတ်၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀-ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး၊ ပညိန္ဒြေစေတသိက် ၁-ပါးဟူ၍ စေတသိက် ၃၀ ယှဉ်ကြသည်။

(မှတ်ချက်။ ။ ကရုဏာ သို့မဟုတ် မုဒိတာ ဘာဝနာပွားများသူ၏ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် အသီးသီး၌ ကရုဏာ သို့မဟုတ် မုဒိတာစေတသိက် ၁-ပါး ထပ်တိုးမည်။ သို့အတွက် ထိုဈာန်စိတ် ၃-ပါး၌ စေတသိက် ၃၄၊ ၃၂၊ ၃၁ အသီးသီး ယှဉ်ကြမည်။)

၄။ **တဒါရုံစိတ်** – တဒါရုံကိစ္စဆောင်ရွက်ကြသော သန္တီရဏစိတ် ၃ ပါး နှင့် မဟာဝိပါက်စိတ် ၈-ပါးတို့အနက် သန္တီရဏစိတ် ၃-ပါး၌ စေတသိက် ယှဉ်ပုံမှာ အဟိတ်စိတ်ကဏ္ဍ၌ ဖော်ပြခဲ့သည့်အတိုင်းဖြစ်၏။ မဟာဝိပါက်စိတ် ၈-ခုံ၌ယှဉ်ကြသော စေတသိက်များသည် မဟာကုသိုလ်စိတ်များတွင် ဖော်ပြခဲ့သည့်အတိုင်း ၃၃, ၃၂, ၃၂, ၃၁ အသီးသီး ဖြစ်ကြ၏။

၅။ **ဘဝင်စိတ်** – ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့၏ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်တို့သည် အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဖြစ်၏။ ဤစိတ်တွင် အထက်က ဖော်ပြခဲ့သည့်အတိုင်း စေတသိက် ၁၀-ပါး ယှဉ်ပါသည်။

လူစဉ်မမီသော ဆွံ့, အ, သူ၊ မွေးကတည်းက မျက်စိကန်းသူ၊ နားပင်းသူ၊ ကြီးစုံသူတို့နှင့် အောက်တန်းစား စတုမဟာရာဇ်နတ်တို့သည် အဟိတ်ကုသိုလ်ဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေတည်ကြ၏။ ထိုသူတို့၏ ဘဝင်စိတ်သည်လည်း ဤစိတ်ပင်ဖြစ်၍ စောစောကအတိုင်း စေတသိက် ၁၀-ပါး ယှဉ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါစုံသော လူများနှင့် နတ်များသည် မဟာဝိပါက်စိတ် ၈–ပါးတွင် ကံ အကျိုးအားလျော်စွာ တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြ၏။ သူတို့၏ဘဝင်စိတ် သည် ပဋိသန္ဓေစိတ်အတိုင်းပင်ဖြစ်၏။ မဟာဝိပါက်စိတ် ၄–စုံ၌ယှဉ်ကြသော စေတသိက်များမှာ ၃၃, ၃၂, ၃၂, ၃၁ အသီးသီးဖြစ်ကြ၏။

## စေတသိက်တို့ ခြယ်လှယ်လွှမ်းမိုးပုံ

စိတ်တစ်လုံးစီ ဖြစ်ပေါ်သည့်အခါ ယှဉ်သင့်သော စေတသိက်များပါ တစ် ပြိုင်တည်း ဖြစ်ပေါ်ကြသည်ကို ရှင်းပြခဲ့လေပြီ။ စေတသိက်တို့၏ အရောင်ခြယ် မှု, လွှမ်းမိုးမှုကြောင့်လည်း စိတ်အမျိုးမျိုးကွဲပြားသွားကြရသည်။

စေတသိက်တို့သည် အလွန်သိမ်မွေ့သော သဘောတရားများ ဖြစ်ကြသော် လည်း ၎င်းတို့ သိမ်သိမ်မွေ့မွေ့ ခြယ်လှယ်လိုက်သည်နှင့်တစ်ပြိုင်နက် စိတ်၏ ဦးတည်ချက် ပြောင်းလဲသွားရသည်။ စိတ်၏ဦးတည်ချက်ပြောင်းလဲသွားသည် နှင့်အညီ ဘဝလမ်းကြောင်းသည်လည်း ပြောင်းလဲသွားပေသည်။

စိတ်ကို အကုသိုလ်စေတသိက်များက ခြယ်လှယ်လွှမ်းမိုးထားသည့်အခါ လူသည် မိုက်မဲ၏၊ ဆိုးသွမ်း၏၊ ယုတ်မာ၏၊ ရိုင်းစိုင်း၏၊ မကောင်းမှုဒုစရိုက် များကို ကျူးလွန်ဝံ့၏။ စိတ်ကို သောဘဏစေတသိက်များက ခြယ်လှယ်လွှမ်းမိုး ထားသောအခါ လူသည် နူးညံ့သိမ်မွေ့၏၊ ယဉ်ကျေး၏၊ ကိုယ်ချင်းစာနာတတ် ၏၊ သူတစ်ပါးကို ကူညီနိုင်၏၊ ကုသိုလ်ကောင်းမှုများကို ပြုနိုင်၏။

အမြတ်ဆုံးပန်းတိုင်သို့ ချီတက်ရာလမ်းခရီးတစ်လျှောက်တွင် စေတသိက် ကောင်းတို့ကို စွမ်းအားထက်သန်အောင် ပျိုးထောင်၍ စေတသိက်ဆိုးများကို တိုက်ဖျက်သွားရမည်ဖြစ်ရာ စေတသိက်အသီးသီးတို့၏ ထူးခြားသော စွမ်းရည် များကို လေ့လာမှတ်သားကာ အသုံးချသွားရမည်ဖြစ်သည်။

## ဟိတ် ၆–ပါး

ရေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခံ့စည်ပင်ကြီးပွားအောင် ထောက်ပံ့ သကဲ့သို့ ထိုအတူ မိမိနှင့်အတူဖြစ်ဖက်တရားတို့ကို ခိုင်ခံ့စည်ပင်ကြီးပွားအောင် ထောက်ပံ့တတ်သောတရားကို "ဟေတု = ဟိတ်" ဟု ခေါ်၏။

ဟိတ်ဟု အမည်ရကြသော စေတသိက် ၆–ပါး ရှိ၏။ ၎င်းတို့အနက် ၃– ပါးသည် အကုသိုလ်ဟိတ်များဖြစ်ကြပြီး ကျန် ၃–ပါးသည် ကုသိုလ်ဟိတ်များ ဖြစ်ကြ၏။

အကုသိုလ်ဟိတ် ၃–ပါး = လောဘ၊ ဒေါသ၊ မောဟ

ကုသိုလ်ဟိတ် ၃–ပါး = အလောဘ၊ အဒေါသ၊ အမောဟ

www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ဒေါသ၊မောဟတို့ကို အကုသိုလ်မူလတရား ၃-ပါးဟုလည်း ခေါ်၏။ ဤတရားတို့က စိတ်၌ယှဉ်လာကြသည်နှင့်တစ်ပြိုင်နက် အကုသိုလ်စိတ်ဖြစ်ပေါ်ပြီး ယှဉ်သင့်သည့် စေတသိက်များလည်း ထိုစိတ်တွင် ယှဉ်လာကြတော့သည်။

အလောဘ၊အဒေါသ၊အမောဟတို့သည် ကုသိုလ်မူလတရားများ ဖြစ်ကြ၏။ ဤတရားတို့က စိတ်၌ယှဉ်လိုက်ကြသည့်အခါ ကုသိုလ်စိတ်ဖြစ်ပေါ်ပြီးလျှင် ယှဉ်သင့်သည့်စေတသိက်များလည်း ထိုစိတ်တွင် ယှဉ်လာကြတော့သည်။

## အာသဝေါတရား ၄-ပါး

အလွန်မူးယစ်စေတတ်သော စိမ်ရည်အရက်ကဲ့သို့ သံသရာဝဋ်ဆင်းရဲမှ မရုန်းထွက်နိုင်အောင် သတ္တဝါတို့အား အလွန်ယစ်မူးတွေဝေစေကြသည့်တရား ၄-ပါးရှိ၏။ ၎င်းတို့ကို အာသဝေါ (ဝါ) အာသဝတရား ၄-ပါးဟုခေါ်၏။ ၎င်းတို့မှာ-

(၁) *ကာမာသဝ* = *ဝတ္ထုအာရုံကာမဂုဏ်ကို တပ်မက်တွယ်တာတတ်သော တဏှာလောဘ၊*

(၂) *ဘဝါသဝ* = *ရုပ်နာမ်ချမ်းသာနှင့်ပြည့်စုံသောဘဝတို့ကို နှစ်သက်တွယ်တာတတ်သော တဏှာလောဘ၊*

(၃) *ဒိဋ္ဌာသဝ* = *အယူလွဲမှုမိစ္ဆာဒိဋ္ဌိ (ဒိဋ္ဌိစေတသိက်)၊*

(၄) *အဝိဇ္ဇာသဝ* = *သစ္စာလေးပါး စသည့် အမှန်သဘောကို မသိမှု မောဟ။*

အထက်ပါတရား ၄-ပါးတို့၏ တရားကိုယ်မူလမှာ လောဘ၊ဒိဋ္ဌိနှင့် မောဟ စေတသိက်တို့ဖြစ်ကြ၏။ ဤတရားတို့သည် သတ္တဝါတို့ကို အလွန်ယစ်မူးစေပြီး သံသရာမှ မလွတ်ထွက်နိုင်အောင် ဖွဲ့နှောင်ထားကြ၏။ ၎င်းတို့ကို ချိုးနှိမ်ပယ်သတ်နိုင်လျှင် သစ္စာလေးပါးကို မြင်သိပြီး အရဟတ္တမဂ်ဖိုလ်တိုင်အောင် အဆင့်မြင့်တက်သွားလိမ့်မည်။

## ဥပါဒါန် ၄-ပါး

မြွေက ဖားကို ဖမ်းခဲထားသကဲ့သို့ မစွန့်လွှတ်နိုင်အောင် ပြင်းပြစွာစွဲလမ်းဆွဲတွယ်ထားသည့်သဘောကို ဥပါဒါန်ဟုခေါ်၏။ ပြင်းထန်စွာစွဲလမ်းတတ်သည့်တရား ၂-ပါးရှိ၏။ ၎င်းတို့သည် လောဘနှင့် ဒိဋ္ဌိစေတသိက်တို့ဖြစ်ကြ၏။ စွဲယူပုံအခြင်းအရာ ကွဲပြားမှုကိုလိုက်၍ ဥပါဒါန် ၄-ပါးဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



(၁) ကာမုပါဒါန် = ကာမဂုဏ်၌ ပြင်းထန်စွာစွဲလမ်းတပ်မက်သော တဏှာလောဘ၊

(၂) ဒိဋ္ဌုပါဒါန် = သီလဗ္ဗတပရာမာသနှင့် အတ္တဝါဒတို့မှကြွင်းသော မိစ္ဆာဒိဋ္ဌိအမျိုးမျိုး၊

(၃) သီလဗ္ဗတုပါဒါန်= နွားအကျင့်, ခွေးအကျင့်စသည်ကို ကျင့်ကြံလျှင် ကိလေသာမှစင်ကြယ်ကာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မည်ဟု အယူလွဲမှားမှု၊

(၄) အတ္တဝါဒုပါဒါန်='အတ္တရှိ၏'ဟု စွဲယူသော သက္ကာယဒိဋ္ဌိအမျိုးမျိုး။

## နီဝရဏ ၆-ပါး

ဈာန်, မဂ်, ဖိုလ်နှင့် ကုသိုလ်တရားများ မဖြစ်ပေါ်အောင် တားမြစ်ပိတ်ပင်တတ်သောတရားတို့ကို နီဝရဏဟုခေါ်၏။ သမထ–ဝိပဿနာ ဘာဝနာ စီးဖြန်းသည့်အခါ ကုသိုလ်စိတ်မဖြစ်အောင် သမာဓိမဖြစ်အောင် နီဝရဏတရားတို့က တားဆီးပိတ်ပင်ကြ၏။

(၁) ကာမစ္ဆန္ဒနီဝရဏ = ကာမဂုဏ်ကို လိုချင်နှစ်သက်သောတဏှာလောဘ။
ဘာဝနာရှုပွားသည့်အခါ ရေဒီယို၊ ကက်ဆက်၊ တီဗွီ၊ ရုပ်ရှင်စသည်တို့သို့ စိတ်ကူးရောက်သွားခြင်းသည် ကာမစ္ဆန္ဒနီဝရဏကြောင့်ဖြစ်၏။ ဘာဝနာအာရုံ၏ အပြင်ဘက်သို့ စိတ်ထွက်သွားသည်ဟု ဆို၏။

(၂) ဗျာပါဒနီဝရဏ= စိတ်တိုခြင်း၊ အလိုမကျခြင်း၊ သည်းမခံနိုင်ခြင်းသဘော။
ဘာဝနာအားထုတ်သည့်အခါ ညောင်းညာကိုက်ခဲလာလျှင် အလိုမကျခြင်း, သည်းမခံနိုင်ခြင်းဖြစ်၏၊ တရားကိုယ်မှာ ဒေါသစေတသိက်ဖြစ်၏။

(၃) ထိန–မိဒ္ဓနီဝရဏ= ငိုက်မျဉ်းထိုင်းမှိုင်းခြင်းသဘော၊ တရားကိုယ်မှာ ထိနစေတသိက်နှင့် မိဒ္ဓစေတသိက်တို့ဖြစ်ကြ၏။ ၎င်းတို့သည် ဘာဝနာမရှုပွားနိုင်ဘဲ အကုသိုလ်စိတ်ဖြစ်အောင် လုပ်ဆောင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



(၄) ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏ = စိတ်ပျံ့လွင့်ခြင်းသဘောနှင့် နောင်တ တစ်ဖန်ပူပန်ခြင်းသဘော၊ တရားကိုယ်မှာ ဥဒ္ဓစ္စ စေတသိက်နှင့် ကုက္ကုစ္စစေတသိက်တို့ဖြစ်ကြ၏။ ဤတရားတို့သည်လည်း ကုသိုလ်စိတ်ကို မဖြစ်စေကြဘဲ အကုသိုလ်စိတ်များကို ဖြစ်စေကြ၏။

(၅) ဝိစိကိစ္ဆာနီဝရဏ = ဘုရား, တရား, သံဃာ စသည့်ကုသိုလ်တရားများ၌ ယုံမှားသံသယဖြစ်ခြင်းသဘော၊ တရားကိုယ်မှာ ဝိစိကိစ္ဆာစေတသိက်ဖြစ်၏။ ၎င်းသည်လည်း အကုသိုလ်စိတ်ကို ဖြစ်ပေါ်စေ၏။

(၆) အဝိဇ္ဇာနီဝရဏ = အာရုံ၏သဘောမှန်ကို မသိခြင်း, တွေဝေခြင်းသဘော၊ တရားကိုယ်မှာ မောဟစေတသိက်ဖြစ်၏။ မောဟယှဉ်နေသောစိတ်သည် အကုသိုလ်စိတ်သာဖြစ်၏။

သို့အတွက် နီဝရဏ ၆–ပါးတို့သည် ကုသိုလ်တရားတို့မဖြစ်ပေါ်အောင် ပိတ်ပင်တားဆီးပြီး အကုသိုလ်တရားတို့ ဖြစ်ပေါ်အောင် အကျိုးဆောင်ကြ၏။

## အနုသယ ၇–ပါး

သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ဘဝအဆက်ဆက် အမြဲမပြတ်ကိန်းဝပ်လျက် လိုက်ပါနေသော ကိလေသာမျိုးစေ့ကို အနုသယဟု ခေါ်၏။

(၁) ကာမရာဂါနုသယ = ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်သော တဏှာ၊

(၂) ဘဝရာဂါနုသယ = ဈာန် ချမ်းသာနှင့် ဗြဟ္မာ့ဘဝကို နှစ်သက်တွယ်တာသော တဏှာ၊

(၃) ပဋိဃာနုသယ = ဒေါသစေတသိက်၊

(၄) မာနာနုသယ = မာနစေတသိက်၊

(၅) ဒိဋ္ဌာနုသယ = ဒိဋ္ဌိစေတသိက်၊

(၆) ဝိစိကိစ္ဆာနုသယ = ဝိစိကိစ္ဆာစေတသိက်၊

(၇) အဝိဇ္ဇာနုသယ = မောဟစေတသိက်။

ပထမအနုသယ ၂–ပါးတို့၏တရားကိုယ်မှာ လောဘစေတသိက်ဖြစ်၏။ စေတသိက်အသီးသီးတို့၏ အဓိပ္ပာယ်ကို အထက်၌ ဖော်ပြခဲ့ပြီးဖြစ်၏။ အနုသယ ၇–ပါးတို့သည် ကျွန်တော်တို့ပဋိသန္ဓေတည်စမှစ၍ ကျွန်တော်တို့၏စိတ်အစဉ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကိန်းအောင်းပါရှိလာကြ၏၊ အထည်ကိုယ်ဒြပ်အဖြစ်ကား မထင်ရှားကြသေးချေ။ ဆိုင်ရာအာရုံအသီးသီးနှင့် ဆုံတွေ့မိကြသည့်အခါ ဤအနုသယတို့သည် မထင်ရှားသည့်မျိုးစေ့ဓာတ်အဖြစ်မှ သိသာသော ကိလေသာအဖြစ်သို့ နိုးကြားထကြွလာကြသည်။

## သံယောဇဉ် ၁၀-ပါး

သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ မရုန်းထွက်နိုင်အောင် ကြိုးဖြင့် တုပ်နှောင်ထားသကဲ့သို့ ချည်နှောင်ထားတတ်သောတရားကို သံယောဇဉ်ဟု ခေါ်၏၊ **'သံယောဇဉ်နှောင်ကြိုး'** ဟူ၍ ဝေါဟာရပြုထားကြ၏။

*(၁) ကာမရာဂသံယောဇဉ် = ကာမဂုဏ်အာရုံကို နှစ်သက်တပ်မက်သော တဏှာ၊*

*(၂) ဘဝရာဂသံယောဇဉ် = စျာန်ချမ်းသာနှင့် ဗြဟ္မာ့ဘဝကို နှစ်သက်တွယ်တာသော တဏှာ၊*

*(၃) ပဋိဃသံယောဇဉ် = အမျက်ဒေါသ၊*

*(၄) မာနသံယောဇဉ် = ထောင်လွှားမှုမာန၊*

*(၅) ဒိဋ္ဌိသံယောဇဉ် = အယူလွဲမှုဒိဋ္ဌိအမျိုးမျိုး၊*

*(၆) သီလဗ္ဗတပရာမာသသံယောဇဉ် = နွားအကျင့်၊ ခွေးအကျင့် စသည်ကို ကျင့်လျှင် သံသရာမှ လွတ်မြောက်နိုင်၏ဟု စွဲလမ်းသည့် ဒိဋ္ဌိ၊*

*(၇) ဝိစိကိစ္ဆာသံယောဇဉ် = ယုံမှားသံသယဖြစ်မှု ဝိစိကိစ္ဆာ၊*

*(၈) ဣဿာသံယောဇဉ် = ကိုယ့်ထက်သာ မနာလိုသော ဣဿာ၊*

*(၉) မစ္ဆရိယသံယောဇဉ် = နမြောတွန့်တို၊ ဝန်တိုမှုမစ္ဆရိယ၊*

*(၁၀) အဝိဇ္ဇာသံယောဇဉ် = အာရုံ၏သဘောမှန်ကို မသိမှုမောဟ။*

## ကိလေသာ ၁၀-ပါး

စိတ်ကို ညစ်နွမ်းစေတတ်သော တရားကို ကိလေသာဟု ခေါ်၏။ ကိလေသာတို့သည် စိတ်ကို ပူလောင်ဆင်းရဲစေကြ၏၊ ယုတ်ညံ့စေကြ၏၊ အကုသိုလ်အမှုများကို ပြုလုပ်မိအောင် လှုံ့ဆော်ကြပြီး အပါယ်သို့တွန်းပို့တတ်ကြ၏။ ကိလေသာ ၁၀-ပါးမှာ

(၁) လောဘ၊ (၂) ဒေါသ၊ (၃) မောဟ၊ (၄) မာန၊ (၅) ဒိဋ္ဌိ၊ (၆) ဝိစိကိစ္ဆာ၊ (၇) ထိန၊ (၈) ဥဒ္ဓစ္စ၊ (၉) အဟိရိက၊ (၁၀) အနောတ္တပ္ပ တို့ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ဒေါသအုပ်စုတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့လည်း ပါဝင်ပြီး စိတ်ကိုညစ်နွမ်းစေကြ၏။ တစ်ဖန် ထိနယှဉ်လျှင် မိဒ္ဓလည်း တစ်ပေါင်းတည်း ယှဉ်လာတော့၏။

သို့ဖြစ်၍ အကုသိုလ်စေတသိက် ၁၄-ပါးစလုံးသည်ပင် **စိတ်ကိုညစ်နွမ်းပူလောင်, ဆင်းရဲစေကြသော ကိလေသာတရားများဖြစ်သည်ဟု မှတ်ယူနိုင်၏။**

အထက်တွင် ဖော်ပြခဲ့သော အကုသိုလ်ဟိတ် ၃-ပါး၊ **အာသဝေါတရား ၄** ပါး၊ ဥပါဒါန် ၄-ပါး၊ နီဝရဏ ၆-ပါး၊ အနုသယ ၇-ပါး၊ **သံယောဇဉ် ၁၀-ပါး၊** **ကိလေသာ ၁၀-ပါး**တို့သည် အကုသိုလ်စေတသိက်များသာ ဖြစ်ကြ၏။ **သို့ဖြစ်၍** အကုသိုလ်စေတသိက်တို့သည် အကုသိုလ်တရားတို့၏ **အရင်းခံမူလ** ဖြစ်ကြပြီး သတ္တဝါတို့အား ဆင်းရဲအောင် သံသရာဝဋ်ဆင်းရဲမှ မလွတ်ထွက်နိုင်အောင် **အမျိုးမျိုး** အဖုံဖုံ နှိပ်စက်ညှဉ်းပန်းခြယ်လှယ်နေကြ၏။

ထိုအကုသိုလ်တရားတို့ကို နှိမ်နင်းပယ်သတ်နိုင်ပါမှ အမြတ်ဆုံးပန်းတိုင်သို့ အပြီးအပိုင် ချီတက်နိုင်မည်။ နှိမ်နင်းပယ်သတ်ပေးမည့် အင်အားစုကား **ဗောဓိပက္ခိယတရား ၃၇-ပါး** တို့ ဖြစ်ကြ၏။

## မဂ်ဖိုလ်အင်အားစု

မဂ်ဉာဏ်၏ အသင်းအပင်း ဘက်တော်သားများကို **"ဗောဓိပက္ခိယ"** ဟု ခေါ်၏။ ဗောဓိပက္ခိယအမည်ရသော တရား ၃၇-ပါးရှိရာ ဤတရားတို့သည် အကုသိုလ်တရားတို့ကို စနစ်တကျနှိမ်နင်းပယ်သတ်ပြီး မဂ်လေးတန်, ဖိုလ်လေးတန်နှင့် နိဗ္ဗာန်တို့ကို လက်ဝယ်ပိုင်ပိုင် ရရှိစေနိုင်သောတရားများ ဖြစ်ကြ၏။

ထို့ကြောင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုကြသော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည် ဗောဓိပက္ခိယတရား ၃၇-ပါးကို စနစ်တကျ ပြုစုပျိုးထောင်ကြရန်သာ လို၏။ ဤတရားတို့အင်အားပြည့်မီလာကြသည်နှင့် တစ်ပြိုင်နက် မဂ်ဖိုလ်တို့ကို ရရှိလာမည်ဖြစ်ရာ ဤတရားတို့သည် ပိဋကတ်သုံးပုံ၏ လိုရင်းအနှစ်ချုပ်လည်း ဖြစ်ကြ၏။

**ဗောဓိပက္ခိယ ၃၇-ပါး** ကို "အမြတ်ဆုံးပန်းတိုင် ကေန်ပိုင်" ပထမတွဲ၌ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤတွင် အကျဉ်းမျှဖော်ပြရသော်

(က) **သတိပဋ္ဌာန် ၄-ပါး။** ။ (၁) ကာယ၊ (၂) ဝေဒနာ၊ (၃) စိတ်နှင့် (၄) ဓမ္မ ခေါ်သဘောတရားတို့၌ စွဲမြဲစွာတည်၍ ရှုတတ်သော သတိစေတသိက်ကို သတိပဋ္ဌာန် ၄-ပါးအဖြစ် မြတ်စွာဘုရား ဟောကြားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



(ခ) **သမ္မပ္ပဓာန် ၄–ပါး။** ။ (၁) မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်ပွားအောင်၊ (၂) ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ဖယ်ရှားနိုင်အောင်၊ (၃) မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ပွားလာအောင်၊ (၄) ဖြစ်ပြီးသော ကုသိုလ်တရားများ တိုးပွားခိုင်ခံ့လာအောင် ကောင်းစွာအားထုတ်ခြင်း ဟူသည့် ဝီရိယစေတသိက်ကို သမ္မပ္ပဓာန် ၄–ပါးအဖြစ် မြတ်စွာဘုရားဟောကြားတော်မူသည်။

(ဂ) **ဣဒ္ဓိပါဒ် ၄–ပါး။** ။ ဈာန်, မဂ်, ဖိုလ်တရားတို့ကို ပြီးမြောက် အောင်မြင်စေနိုင်သော အခြေခံတရား ၄–ပါးကို ဣဒ္ဓိပါဒ် ၄–ပါးဟုခေါ်၏။ ဤတရားတို့မှာ (၁) ထက်မြက်သောဆန္ဒ၊ (၂) မဆုတ်မနစ်သော ဝီရိယ၊ (၃) ပြင်းပြသော စိတ်ဓာတ်နှင့် (၄) တရားသဘောကို စူးစမ်းဆင်ခြင်တတ်သောပညာ (ဝီမံသ) တို့ ဖြစ်ကြ၏။

(ဃ) **ဣန္ဒြေ ၅–ပါး။** ။ မိမိ၏ဆိုင်ရာကိစ္စ၌ ဆန့်ကျင်ဘက်တရားများကို လွှမ်းမိုးနှိမ်နင်း၍ အစိုးရတတ်သောတရားကို ဣန္ဒြေဟုခေါ်၏။ မဂ်ဖိုလ် ရရှိရေးအတွက် ပြုစုပျိုးထောင်ပေးရမည့် ဣန္ဒြေ ၅–ပါးမှာ (၁) သဒ္ဓိန္ဒြေ၊ (၂) ဝီရိယိန္ဒြေ၊ (၃) သတိန္ဒြေ၊ (၄) သမာဓိန္ဒြေနှင့် (၅) ပညိန္ဒြေတို့ဖြစ်ကြ၏။ တရားကိုယ်စေတသိက်များမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ ခေါ် ဧကဂ္ဂတာနှင့် ပညာတို့ဖြစ်ကြ၏။

(င) **ဗိုလ် ၅–ပါး။** ။ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ကြံ့ကြံ့ခိုင်ခိုင် နှိမ်နင်းတိုက်ခိုက်နိုင်စွမ်းသော တရားကို 'ဗိုလ်'ဟု ခေါ်၏။ ဗိုလ် ၅–ပါးမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိနှင့် ပညာတို့ပင် ဖြစ်ကြ၏။

(စ) **ဗောဇ္ဈင် ၇–ပါး။** ။ မဂ်ဉာဏ်၏ အစိတ်အပိုင်းများ ဖြစ်ကြသော တရားတို့တည်း။ မဂ်ဉာဏ်၏အတောင်အလက်နှင့်တူ၍ ဤအတောင်အလက်တို့ စုံလင်သောအခါ မဂ်ဉာဏ်သို့ ဆိုက်ရောက်၏။

ဗောဇ္ဈင်၇–ပါးဟုအမည်ရကြသော စေတသိက်တို့မှာ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ (ဧကဂ္ဂတာ) နှင့် ဥပေက္ခာ (တတြမဇ္ဈတ္တတာ) တို့ ဖြစ်ကြ၏။

(ဆ) **မဂ္ဂင် ၈–ပါး။** ။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်၍ နိဗ္ဗာန်ခေမာသောင်ကမ်းသို့ ဖြောင့်ဖြောင့်တန်းတန်း ပို့ဆောင်ပေးတတ်သော အကျင့်လမ်းစဉ်၏ အင်္ဂါ ၈–ပါးကို မဂ္ဂင် ၈–ပါးဟု ခေါ်၏။

**မဂ္ဂင် ၈–ပါး** ကို **သိက္ခာ ၃–ပါး** အဖြစ် ပိုင်းခြားစုစည်းနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁) **သီလသိက္ခာ** ဟု အမည်ရသော မဂ္ဂင် ၃–ပါး

သမ္မာဝါစာ = ကောင်းစွာပြောဆိုမှု။ ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းဖြစ်သော သမ္မာဝါစာ စေတသိက်။

သမ္မာကမ္မန္တ = ကောင်းစွာပြုလုပ်မှု။ ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်းဖြစ်သော သမ္မာကမ္မန္တ စေတသိက်။

သမ္မာအာဇီဝ = ကောင်းစွာအသက်မွေးမှု။ အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်၍ ဝစီဒုစရိုက် ၄–ပါးနှင့် ကာယဒုစရိုက် ၃–ပါးတို့မှ ရှောင်ကြဉ်ခြင်းဖြစ်သော သမ္မာအာဇီဝစေတသိက်။

(၂) **သမာဓိသိက္ခာ** ဟု အမည်ရသော မဂ္ဂင် ၃–ပါး

သမ္မာဝါယာမ= ကောင်းစွာအားထုတ်မှု။ သမ္မပ္ပဓာန် ၄– ပါးနှင့် ပြည့်စုံရန်အားထုတ်ခြင်းဟူသော ဝီရိယစေတသိက်။

သမ္မာသတိ = ကောင်းစွာ အောက်မေ့မှု။ သတိပဋ္ဌာန် ၄–ပါးနှင့် ပြည့်စုံရန် သမ္မယုတ်တရားတို့ကို ဘာဝနာအာရုံ၌ စွဲကပ်၍ ရှုမှတ်စေသော သတိစေတသိက်။

သမ္မာသမာဓိ = ကောင်းစွာတည်ကြည်မှု။ အရိယသစ္စာလေးပါးကို ထိုးထွင်း၍မြင်သိရန် သမ္မယုတ်တရားတို့ကို ဘာဝနာအာရုံ၌ စုစည်းတည်တံ့စေသော ဧကဂ္ဂတာ စေတသိက်။

(၃) **ပညာသိက္ခာ** ဟု အမည်ရသော မဂ္ဂင် ၂–ပါး

သမ္မာဒိဋ္ဌိ = ကောင်းစွာသိမြင်မှု။ အရိယသစ္စာ ၄–ပါးကို ထိုးထွင်း၍ သိမြင်သော ပညာစေတသိက်။

သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်မှု။ အရိယသစ္စာ ၄–ပါးကို ထိုးထွင်း၍ သိမြင်ရန် သမ္မယုတ်တရားတို့ကို သမထအာရုံနှင့် သစ္စာ၄–ပါးတည်းဟူသော အာရုံသို့ ရှေးရှုတင်ပေးသည့် ဝိတက်စေတသိက်။

## အကြောင်းအကျိုးညီညွတ်သောကျင့်စဉ်

သံသရာဝဋ်ဆင်းရဲမှထွက်မြောက်လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မဂ္ဂင် ၈–ပါးကျင့်စဉ်တရားကို ရိုရိုသေသေ မှန်မှန်ကန်ကန် ကျင့်ကြံ အားထုတ်ကြရမည်ဖြစ်သည်။ ဤကျင့်စဉ်တရားသည် အကြောင်းအကျိုး

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်သော သိပ္ပံနည်းကျ စမ်းသပ်ခံနိုင်သော မျက်မှောက်ဘဝ၌ ဒိဋ္ဌအကျိုးရသော ကျင့်စဉ်တရားဖြစ်၏။

စိတ်ကိုညစ်နွမ်းစေသော ယုတ်ညံ့စေသော ဆင်းရဲပူလောင်စေသောတရားတို့မှာ ကိလေသာအမည်ရသည့် အကုသိုလ်စေတသိက်များဖြစ်ကြ၏။ ဤစေတသိက်တို့ကြောင့် စိတ်သည် ယုတ်မာရိုင်းစိုင်းပြီး လူသည်လည်း ခက်ထန်ကြမ်းကြုတ်၏။ ဤစေတသိက်ဆိုးတို့ကို ချိုးနှိမ်ပယ်သတ်ခြင်းသည် စိတ်ကိုစင်ကြယ်အောင် ပြုလုပ်ခြင်းမည်၏၊ စိတ်ကို ယဉ်ကျေးအောင်ဆုံးမခြင်းလည်းမည်ပေ၏၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိစေသောနည်းလမ်းမှန်လည်း ဖြစ်၏။

စိတ်၌ မှီတွယ်ပြီး စိတ်ကိုညစ်နွမ်းပူလောင်စေကြသော လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိစသည့် ကိလေသာတရားတို့ကို ဂင်္ဂါမြစ်ရေ, ယမုံနာမြစ်ရေစသည်တို့ဖြင့် ဆေးကြော၍ မစင်ကြယ်သွားနိုင်ပါ။ နေမွန်းတည့်အချိန် ကွင်းပြောင်ပြောင်ထဲဝယ် မီးပုံလေးပုံတို့၏အလယ်၌နေ၍ မိမိ၏ခန္ဓာကိုယ်ကို ကင်မြိုက်ခြင်းဖြင့်လည်း ထိုကိလေသာတရားဆိုးတို့ မခန်းခြောက်သွားနိုင်ပါ။

ရေစိမ်ခြင်း၊ မီးလှုံခြင်း၊ ဆူးပုံပေါ်အိပ်ခြင်း စသည့်ခန္ဓာကိုယ်ပင်ပန်းဆင်းရဲအောင် ကျင့်ဆောင်သော **"အတ္တကိလမထာနုယောဂ"** အကျင့်တို့သည် ကိုယ်စိတ် နှစ်ပါးကို ဆင်းရဲညှိုးနွမ်းစေရုံမျှသာ တတ်စွမ်းနိုင်ကြ၏။ ကိလေသာတရားတို့ကို မြူမှုန်ကလေးပမာဏသော်မျှ မလျော့ပါးစေနိုင်ကြပါ။

တစ်ဖန် ကာမဂုဏ်စည်းစိမ်များကို အမျိုးမျိုး အဖုံဖုံ ခံစားခြင်းဟူသည့် **"ကာမသုခလ္လိကာနုယောဂ"** အကျင့်တို့သည်လည်း မီးပုံကြီးထဲသို့ လောင်စာများကို ထည့်ပေးသည့်နှယ် ကိလေသာမီးတောက်မီးလျှံတို့ကို အရှိန်အဟုန် တိုးပွားစေခြင်းကိုသာ ဖြစ်ပွားစေကြ၏၊ ကိလေသာမီးတောက်မီးလျှံတို့ကို မငြိမ်းအေးစေနိုင်ကြပါ။

အစွန်းတစ်ဖက်စီသို့ ရောက်နေကြသော အထက်ပါအကျင့်လမ်းစဉ် နှစ်မျိုးသို့ မလိုက်မူဘဲ အလယ်ဗဟိုမှ အကြောင်းအကျိုးညီညွတ်စွာ ဆေးသမားအကျော်သည် ရောဂါ၏ဇာစ်မြစ်နှင့် လျော်ကန်သော ဆေးဝါးကို ညွှန်ကြားပေးသကဲ့သို့ ဗုဒ္ဓမြတ်စွာသည် ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ကို မြင်သိတော်မူသဖြင့် ထိုအကြောင်းရင်းကို ဖယ်ရှားနိုင်ရန် **"မဇ္ဈိမပဋိပဒါလမ်းစဉ်"** ဟု အမည်ရသည့် မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို ပြဋ္ဌာန်းပေးတော်မူခဲ့သည်။

ရေကြောင့်ဖြစ်သော ရွံ့ညွှန်တို့ကို ရေဖြင့်သာ ဆေးကြောရသကဲ့သို့ စိတ်ကြောင့်ဖြစ်သော ကိလေသာအညစ်အကြေးတို့ကို စိတ်ဖြင့်ပင် ဆေးကြောပယ်

www.burmeseclassic.com

www.burmeseclassic.com



ရှားရမည်ဖြစ်သည်။ မဂ္ဂင်ရှစ်တန် အကျင့်လမ်းမှန်သည် စိတ်အစဉ်၌ ဗောဓိပက္ခိယတရား ၃၇–ပါးတို့ ရှင်သန်ကြီးထွားလာအောင် ပြုစုပျိုးထောင်ပေးသော အကျင့်လမ်းစဉ်ဖြစ်ပြီး တစ်ချိန်တည်းတွင်ပင် ကိလေသာတရားဆိုးများကို တစ်စပြီးတစ်စ ချိုးနှိမ်ပယ်သတ်ပေးသောအကျင့်လမ်းစဉ်လည်း ဖြစ်ပေသည်။

တစ်နည်းဆိုသော် စိတ်ဟူသော စစ်တလင်းဝယ် ဆူပူသောင်းကျန်းနေကြသည့်ကိလေသာတရားများ (ဝါ) အကုသိုလ်စေတသိက် ၁၄–ပါးကို ဗောဓိပက္ခိယ ၃၇–ပါးဟူသော စစ်တပ်ကြီးဖြင့် နှိမ်နင်းတိုက်ခိုက်ရသော အကျင့်လမ်းစဉ် ဖြစ်ပေသည်။

ထိုသို့တိုက်ခိုက်ရာတွင် စစ်အင်္ဂါများကို စနစ်တကျဖွဲ့စည်းစီမံတတ်ပြီး ရှုပ်ရှုပ်ချွံချွံ ဦးဆောင်တိုက်ခိုက်တတ်သော ဣန္ဒြေတရား၊ ဗိုလ်တရား အမည်ရကြသည့် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့ကို ညီညီမျှမျှပြုစုပျိုးထောင်ပေးရပေမည်။ အကြီးအကဲ ခေါင်းဆောင်အဖြစ် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (ပညာ) ဟူသော အဓိပတိတရား ၄–ပါးအနက် တစ်ပါးပါးကို ရှေ့တန်းတင်ပေးရပေသည်။

အကုသိုလ်တရားများဘက်၌ ဦးစီးခေါင်းဆောင်၍ ဒါရိုက်တာအဖြစ် စီမံညွှန်ကြားပေးနေသူမှာ "အဝိဇ္ဇာ"အမည်ရသည့် မောဟစေတသိက်ဖြစ်၏။ မောဟစေတသိက်သည် ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဟူသည့် သဘာဝအမှန်သဘောများနှင့် ရုပ်နာမ်တို့၏ အကြောင်းအကျိုးစပ်ကာ ဖြစ်ပျက်နေကြသည့် တံ–ကံ၏ အကျိုးသဘော၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးစပ်ခြင်းသဘော၊ သစ္စာ ၄–ပါးတို့၏ သဘောမှန်များကို မသိမမြင်အောင် ဖုံးကွယ်ထား၏။ ဤသို့ သဘောမှန်များကို မသိမမြင်ခြင်းကြောင့် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိစသည့် ကိလေသာတရားများ ထကြွသောင်းကျန်း လွှမ်းမိုးနေကြခြင်းဖြစ်၏။

ထိုသို့ စိတ်ဟူသည့်စစ်တလင်းတွင် မောဟ၊ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိသည့် ကိလေသာဗိုလ်ပါတို့ လွှမ်းမိုးသောင်းကျန်းနေကြသည့်အခါ ဣန္ဒြေတရား၊ ဗိုလ်တရားတို့က ချက်ချင်း ခြေကုပ်မယူနိုင်ကြပါ။ သူတော်ကောင်းတရားကို နာကြားခြင်း၊ ဗုဒ္ဓဓမ္မကိုဆည်းပူးလေ့လာခြင်းတို့ဖြင့် သုတမယပညာ၊ စိန္တာမယပညာတို့ကို ဦးစွာပျိုးထောင်ရပါသည်။ ဤပညာတို့ဖြစ်ပေါ်လာကြသည့်အခါ ပညာမဂ္ဂင်ဖြစ်သည့် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဘဝမီးရှူးတန်ဆောင်ပြုကာ သီလသိက္ခာဖြင့် အကြမ်းစားကိလေသာ **(ဝီတိက္ကမ ကိလေသာ)** တို့ကို စတင်ချိုးနှိမ်တိုက်ခိုက်ရပါသည်။

သီလကို ထက်ဝန်းကျင်လုံခြုံအောင် စောင့်ထိန်းနိုင်လာသောအခါ **သီလ**

www.burmeseclassic.com

www.burmeseclassic.com



**ဝိသုဒ္ဓိ** (သီလစင်ကြယ်ခြင်း) စခန်းသို့ရောက်၍ ကိုယ့်အပြုအမူနှင့် နှုတ်အပြော အဆိုတို့ အပြစ်ကင်းသွားကြပေပြီ၊ ယဉ်ကျေးသိမ်မွေ့သွားကြပေပြီ။ ထိုအခါ ဝီတိက္ကမကိလေသာများလည်း ငြိမ်ဝပ်သွားကြသည့်အတွက် သမာဓိထူထောင် ရန် အချိန်အခါကောင်းပင် ဖြစ်ပါသည်။

သမာဓိသိက္ခာပြည့်စုံလာရေးအတွက် သမာဓိမဂ္ဂင်သုံးပါးဖြစ်သည့် သတိ, ဝီရိယနှင့် သမာဓိတို့ကို စနစ်တကျပြုစုပျိုးထောင်ပေးရမည်။ စနစ်ကျသော နည်းဟူသည်မှာ သမထကမ္မဋ္ဌာန်း ၄၀–တွင် မိမိစရိုက်နှင့် လိုက်လျောညီထွေ သည့် ကမ္မဋ္ဌာန်းတစ်ပါးပါးကို ဗုဒ္ဓမြတ်စွာ ညွှန်ကြားထားသည့်အတိုင်း နည်း မှန် လမ်းမှန် ရှုမှတ်ခြင်း ဖြစ်ပါသည်။

လမ်းရိုးလမ်းမှန်အတိုင်း လျှောက်သွားသူသည် လိုရာခရီးပန်းတိုင်သို့ မနှေးမကြာ ဆိုက်ရောက်သကဲ့သို့ ဗုဒ္ဓနည်းကျကမ္မဋ္ဌာန်းရှုပွားသူသည် ဥပစာရ သမာဓိ, ဈာန်သမာဓိတို့သို့ ဖြောင့်ဖြောင့်မတ်မတ် အလွယ်တကူ ဆိုက်ရောက် သွားနိုင်ပါသည်။ သမာဓိထူထောင်သည့်နည်းလမ်းကို "အမြတ်ဆုံးပန်းတိုင် ကောန်ပိုင်" ပထမတွဲတွင် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

သမာဓိသိက္ခာ ထူထောင်နိုင်လာသည့်အခါ၌ စိတ်အစဉ်တွင် နိုးကြားထကြွ လာကြသော **ပရိယုဋ္ဌာနကိလေသာ** (အလတ်စားကိလေသာ) တို့လည်း မသောင်း ကျန်းနိုင်တော့ဘဲ ငြိမ်ဝပ်သွားပေပြီ။ ဤသို့ အကြမ်းစားနှင့် အလတ်စား ကိ လေသာ ၂–မျိုးတို့ ကင်းစင်နေသော စိတ်အခြေအနေသည် **စိတ္တဝိသုဒ္ဓိ** (စိတ် စင်ကြယ်ခြင်း) သို့ဆိုက်ရောက်နေသော အခြေအနေကောင်းဖြစ်ပေသည်။

ကြည်လင်ငြိမ်သက်နေသော ရေပြင်တွင် မိမိ၏ မျက်နှာရိပ်ကို လည်း ကောင်း၊ ကူးသန်းသွားလာနေကြသော ငါးပုစွန်တို့ကိုလည်းကောင်း ထင်ထင် ရှားရှား ပြတ်ပြတ်သားသား မြင်တွေ့နိုင်သကဲ့သို့ တည်ကြည်ငြိမ်သက်သော စိတ် အစဉ်ဖြင့် ရုပ်နာမ်တို့၏ သဘာဝမှန်ကို ပြတ်ပြတ်သားသား ထိုးထွင်းကာမြင် သိနိုင်ပါသည်။

စိတ်တွင် အနန္တစွမ်းအားရှိသည်ဆိုခြင်းမှာ တည်ငြိမ်သော စိတ်, သမာဓိ ယှဉ်သော စိတ်၌သာ အနန္တစွမ်းအားရှိပေသည်။ သမာဓိယှဉ်သော စိတ်အစဉ် ဖြင့်သာ ပရမတ်ရုပ်နာမ်များနှင့်တကွ ထိုရုပ်နာမ်တို့၏ သဘောမှန်များကို ထိုး ထွင်း၍ မြင်သိနိုင်ပါသည်။

ဘက်တီးရီးယားခေါ် ရောဂါပိုးအမျိုးမျိုးကို ပကတိမျက်စိဖြင့် ကြည့်လျှင် မည်သို့ကြည့်ကြည့် မမြင်နိုင်ပါ။ မိုက်ကရိုစကုပ် ခေါ် အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်လျှင်မူ မပင်မပန်းဘဲ အလွယ်တကူမြင်နိုင်သည်။ အလားတူပင် အလွယ်

www.burmeseclassic.com

www.burmeseclassic.com



တရာဝေးလံသော ကြယ်တာရာစုများကို ပကတိမျက်စိဖြင့် ကြည့်၍ မမြင်နိုင်ပါ၊ တယ်လီစကုပ် ခေါ် အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်လျှင်မူ ထိုဝေးလံသော အရာတို့သည် မိမိရှေ့မှောက်သို့ ရောက်လာပြီး ထင်ထင်ရှားရှားမြင်လာနိုင်ပေတော့သည်။

ထို့နည်းတူစွာ ပရမာဏုမြူထက်ပို၍ သေးငယ်ကြသော ရုပ်ကလာပ်များကို ပကတိမျက်စိနှင့် ကြည့်မြင်ဖို့ရန် ဝေးစွ၊ အဏုကြည့်မှန်ပြောင်းဖြင့်လည်း ကြည့်၍မမြင်နိုင်ပါ။ သို့သော် သမာဓိမျက်မှန်တပ်၍ကြည့်လျှင်မူ မပင်မပန်းဘဲ အလွယ်တကူမြင်လာနိုင်ပါသည်။

ရုပ်ကလာပ်တို့ထက်ပို၍ သိမ်မွေ့ကြသော ပရမတ်ရုပ်တရားနှင့်နာမ်တရားတို့မှာ အကောင်အထည်လည်းမရှိ၊ ပုံသဏ္ဌာန်လည်း မရှိကြသည့်အတွက် ၎င်းတို့ကို မည်သည့်သိပ္ပံကိရိယာအကူအညီနှင့်မျှ ကြည့်၍မမြင်နိုင်ပါ။ သမာဓိလက်နက်အကူအညီဖြင့်ကြည့်လျှင်မူ မြင်နိုင်ပါသည်။ ထိုသို့ အထည်ကိုယ်သဏ္ဌာန်မရှိကြသော ပရမတ်ရုပ်နာမ်တို့ကို မြင်သိပါမှလည်း ထိုရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တဟူသော သဘာဝမှန်တို့ကို မြင်သိနိုင်ပါသည်။

ထို့ကြောင့်လည်း မဇ္ဈိမပဋိပဒါဟူသော မဂ်လမ်းစဉ်တွင် "သမာဓိမဂ္ဂင်" ကို အတိအကျထည့်သွင်းထားပါသည်။ သမာဓိမဂ္ဂင်မပါလျှင် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ရုပ်နာမ်တို့၏သဘာဝနှင့် ကြောင်းကျိုးဆက်နွယ်မှုများကို မလှန်လှော မကြည့်ရှုနိုင်သည့်အတွက် သမ္မာဒိဋ္ဌိမဂ္ဂင်(ပညာ)သည်လည်း မဂ်ဖိုလ်ပညာအဆင့်သို့ တိုးမြင့်သွားနိုင်မည် မဟုတ်ပါ။

ယုတ်စွအဆုံး ဥပစာရသမာဓိအဆင့်သို့ ရောက်ပါမှ စိတ္တဝိသုဒ္ဓိဖြစ်ပြီး သမာဓိသိက္ခာပြည့်စုံသည်။ ပို၍တည်ကြည်ခိုင်မြဲသော စတုတ္ထဈာန်သမာဓိကို အခြေခံပါဒကပြု၍ ဝိပဿနာရှုပွားလျှင် ပို၍ထက်မြက်ထိရောက်သည်။ ဥပစာရသမာဓိနှင့် ဈာန်သမာဓိတို့၏ အမှတ်လက္ခဏာများနှင့် အရည်အသွေးများကို "အမြတ်ဆုံးပန်းတိုင် ကေန်ပိုင်" ပထမတွဲ၌ ဖတ်ရှုနိုင်ပါသည်။

သမာဓိထူထောင်ပြီးသည့်အခါ သမာဓိလက်နက်ကို မှန်မှန်ကန်ကန် ကျွမ်းကျွမ်းကျင်ကျင် အသုံးချတတ်ဖို့ လိုပါသေးသည်။ မိုက်ကရိုစကုပ် ရှိပါသော်လည်း ထိုမိုက်ကရိုစကုပ်ကို အသုံးမချတတ်သောသူသည် လူနာတစ်ဦး၏သွေး၌ မည်သည့်ရောဂါပိုးအမျိုးအစား ပါသည်ကို စူးစမ်းနိုင်မည်မဟုတ်ပါ။ လူနာ၏ သွေးတစ်စက်ကို ဖန်ပြားပေါ်တင်၍ မိုက်ကရိုစကုပ်ဖြင့်ကြည့်မြင်နေပြီထားပေဦးတော့၊ သိကျွမ်းသူတစ်ဦးဦးက မရှင်းပြပေးလျှင် မည်သည့်အစိတ်အပိုင်း

www.burmeseclassic.com

www.burmeseclassic.com



က မည်သည့်ရောဂါပိုးအမျိုးအစားကို ဖော်ညွှန်းကြောင်း ခွဲခြားတတ်မည်မဟုတ်သေးပါ။

ထို့နည်းအတူပင် သမာဓိလက်နက်ကို ပိုင်ဆိုင်ထားသူသည် တတ်ကျွမ်းသည့်ဆရာသမားက နည်းမပြပေးလျှင် ပရမတ်ရုပ်နာမ်တို့ကိုရှုတတ်မည်မဟုတ်ပေ။ ပရမတ်ရုပ်နာမ်တို့ကို ရှုမြင်သည်ပင်ထားဦးတော့၊ ဤရုပ်ကား ပထဝီ၊ ဤနာမ်ကား စက္ခုဝိညာဏ်စသည်ဖြင့် ခွဲခြားတတ်မည်မဟုတ်ချေ။

ထိုသို့ ရုပ်တရားနာမ်တရားတို့ကို ကွဲကွဲပြားပြား ပိုင်းခြား၍မသိလျှင် ရုပ်နာမ်တို့၏ ကြောင်းကျိုးစပ်၍ဖြစ်ပေါ်နေကြပုံများ၊ ပဋိစ္စသမုပ္ပါဒ်ဆက်သွယ်မှုများနှင့် အရိယသစ္စာ ၄–ပါးတို့ကို ပိုင်းခြား၍မသိနိုင်ပါ။

သို့ဖြစ်၍ တတ်ကျွမ်းလိမ္မာသော ဆရာသမားကောင်း၏ ညွှန်ကြားပေးမှုသည် အလွန်အရေးကြီးပါသည်။ ဆရာသမားက ညွှန်ပြပေးသည့်အတိုင်း သမာဓိလက်နက်ကို သုံး၍ ပရမတ်ရုပ်နာမ်တို့၏ သဘောသဘာဝများကို ထိုးထွင်းမြင်သိလာအောင် နည်းအမျိုးမျိုးဖြင့် ရှုပွားမှုသည် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် အမှန်တရားများကို ရှာဖွေစိစစ်နေခြင်းဖြစ်ပါသည်။

"သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်ခြင်း"ဟူသည်မှာ ပရမတ်ရုပ်နာမ်တို့ကို မသိမြင်ဘဲ အသားလွတ်တွေးခေါ်ကြံစည်နေခြင်းမျိုး မဟုတ်ပါ။ သဘာဝသဘောတရားမှန်များကို မမြင်တွေ့ရဘဲနှင့် ကြံစည်တွေးခေါ်နေခြင်းမျိုးလည်း မဟုတ်ပါ။ အမှန်တရားများ ပေါ်လွင်ထင်ရှားလာအောင် သိပ္ပံပညာရှင်တို့က လက်တွေ့သုတေသနပြု၍ စူးစမ်းရှာဖွေနေကြသကဲ့သို့ ရှုနည်းပညာအမျိုးမျိုးတို့ဖြင့် ရုပ်နာမ်တို့၏ သဘောမှန်များ ထင်ပေါ်လာအောင် လှန်လှောရှာဖွေရှုမှတ်နေခြင်းသာ ဖြစ်သည်။

ကိုယ်ပိုင်ဉာဏ်မျက်စိဖြင့် ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မြင်သိလာသောအခါ ယုံမှားသံသယများ ကင်းစင်ကာ သမ္မာဒိဋ္ဌိဟူသည့် ပညာမဂ္ဂင်ဖြစ်ပေါ်လာတော့သည်။ မောဟဖုံးကွယ်ထားသည့် ပရမတ်ရုပ်နာမ်တို့၏ သဘောမှန်တို့ကို တစ်ခုပြီးတစ်ခု ထိုးထွင်းမြင်သိလာသောအခါ နောက်ဆုံး၌ အရိယသစ္စာ ၄–ပါးတို့ ထင်ရှားပေါ်လွင်လာကြပြီးလျှင် မဂ်ဉာဏ်ဖြစ်ပေါ်လာတော့သည်။ မဂ်ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် မဂ်၏အကျိုးဖြစ်သော ဖိုလ်ဉာဏ်ဖြစ်ပေါ်လာသည်။ ထိုအခါ ဖိုလ်ဉာဏ်ဖြင့် (ဖိုလ်ဝင်စားခြင်းဖြင့်) နိဗ္ဗာန်၏ အတုမရှိသော ငြိမ်းချမ်းမှုအရသာကို အလိုရှိသမျှခံစားနိုင်ပြီ ဖြစ်သည်။

စိတ်ဟူသော စစ်တလင်းပြင်ဝယ် သီလသိက္ခာ, သမာဓိသိက္ခာတို့ကိုတည်ဆောက်နိုင်ပြီးသောအခါ၌ ကိလေသာရန်သူအပေါင်းတို့သည် မနှုပ်မရှား,

www.burmeseclassic.com

www.burmeseclassic.com



မသောင်းကျန်းနိုင်တော့ဘဲ ပုန်းအောင်းကာငြိမ်ဝပ်နေကြရပေပြီ။ စစ်ပွဲတစ်ဝက် အောင်နိုင်နေပြီ။ ထိုအချိန်၌ စိတ်အစဉ်တွင် အထည်ကိုယ်အားဖြင့် မထင်ရှားသော ကိလေသာမျိုးစာတ်သည် **"အနုသယကိလေသာ"** အဖြစ် ကျန်ရှိနေပါသေးသည်။ မေ့မေ့လျော့လျော့နေလိုက်လျှင် ဤအနုသယကိလေသာတို့မှတစ်ဆင့် ပရိယုဋ္ဌာနကိလေသာနှင့် ဝီတိက္ကမကိလေသာတို့ ပြန်လည်စည်ပင်ကြီးထွားလာကြပေဦးမည်။

အကိုင်းအခက်နှင့် ပင်စည်တို့ကို ခုတ်ပိုင်းလိုက်ပါသော်လည်း အမြစ်များ ကျန်ရစ်နေသေးသည့် သစ်ငုတ်တိုသည် ရေလေမြေဩဇာတို့ကို မှီဝဲရသည့်အခါ အညွန့်အညှောက်များထွက်ကာ အပင်သစ်အဖြစ် ပြန်လည်စည်ပင်လန်းဆန်းလာသကဲ့သို့လည်းကောင်း၊ ငှက်ဖျားရောဂါပျောက်ကင်းသွားသော်လည်း ငှက်ဖျား ရောဂါမျိုး မကင်းပြတ်သေးသောသူသည် အနေအထိုင်မှားသည်နှင့် တစ်ဖြိုင်နက် ငှက်ဖျားရောဂါ ပြန်ဖြစ်လာသကဲ့သို့လည်းကောင်း၊ အနုသယကိလေသာ မကင်းပြတ်သေးသူသည် ကာမဂုဏ်အာရုံများနှင့် ကြုံတွေ့သည့်အခါ ကိလေသာ အပင်သစ်များက ပြန်လည်စည်ပင်လန်းဆန်းလာကြပါသည်။

အနုသယကိလေသာသည် မည်သည့်အခါတွင် အမြစ်ပြတ်ပယ်ခွာသွားသနည်း။ ကိလေသာခေါင်းချုပ်ဖြစ်သည့် အဝိဇ္ဇာခေါ် မောဟတရားကို အမြစ်ပြတ်ပယ်သတ်နိုင်သောအခါ အနုသယကိလေသာတို့လည်း အမြစ်ပြတ် ပယ်ခွာသွားကြသည်။ အမှောင်ထုကို အလင်းနှင့် ပယ်ခွင်းနိုင်သကဲ့သို့ မောဟအမိုက်မှောင်ကို ပညာအလင်းဖြင့် ပယ်ခွင်းရသည်။ မောဟအမိုက်မှောင်ကို ပယ်ခွင်းနိုင်ရေးအတွက် မောဟတရားက ဖုံးကွယ်ထားသော ရုပ်နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကိုလည်းကောင်း၊ (၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာ၊ (၅) ပုဗ္ဗန္တ ခေါ် အတိတ်ခန္ဓာ၊ အာယတနအဖို့အစု၊ (၆) အပရန္တ ခေါ် အနာဂတ်ခန္ဓာ၊ အာယတနအဖို့အစု၊ (၇) ပုဗ္ဗန္တာပရန္တ ခေါ် ခန္ဓာ အာယတန၏ ရှေ့နောက်အစွန်းနှစ်ပါး၊ (၈) ပဋိစ္စသမုပ္ပါဒ်တရားတို့ကို လည်းကောင်း၊ ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း ပေါ်လွင်အောင် ဝိပဿနာရှုရသည်။ ထိုသို့ရှုပွားသဖြင့် ပထမ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာသည့်အခါ ထိုမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာ ၂-ပါးကို အမြစ်ပြတ် ပယ်သတ်လိုက်တော့သည်။

သကဒါဂါမိမဂ်ဉာဏ်သည် နောက်ထပ်ကိလေသာအသစ်ကို မပယ်သတ်နိုင်သော်လည်း ကျန်ကိလေသာတို့ကို ပိုမိုအားနည်းသွားအောင် ချေမှုန်းပေးသည်။ အနာဂါမိမဂ်ဉာဏ်သည် ဒေါသကိလေသာကို အမြစ်ပြတ်ပယ်ရှားပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် အရဟတ္တမဂ်ဉာဏ်သည် ကြွင်းကျန်နေသည့် ကိလေသာအားလုံးတို့ကို အမြစ်ပြတ် ဖယ်ရှားသည်။

ထိုကိလေသာတရားတို့ကို အကြွင်းအကျန်မရှိ ချေမှုန်းပယ်သတ်နိုင်သူသည် အကြီးကျယ်ဆုံးသော စစ်ပွဲကို အောင်နိုင်လိုက်သူပင်တည်း။

ဤသို့လျှင် ကိလေသာတရားတို့ကို တစ်ဆင့်ပြီးတစ်ဆင့် နှိမ်နင်းပယ်သတ်နိုင်ရန်အတွက် သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာတို့ကို ဗုဒ္ဓမြတ်စွာ စနစ်တကျ ပြဋ္ဌာန်းပေးထားသည်မှာ အလွန်သဘာဝကျလှပါသည်။ ပညာသိက္ခာကို တည်ဆောက်ရာတွင် ရုပ်နာမ်တို့၏ သဘာဝအမှန်နှင့် ကြောင်းကျိုးဆက်နွယ်မှု သဘောများကို ပေါ်လွင်ထင်ရှားလာအောင် ရှုရမည်ဖြစ်သည့်အတွက် ရှေးဦးစွာ ရုပ်တစ်လုံးစီ, နာမ်တစ်လုံးစီကို ပိုင်းခြား၍မြင်သိအောင် ရှုရပါမည်။

ရုပ် ၂၈–ပါးကို ပိုင်းပိုင်းခြားခြားမြင်သိအောင် ရှုပွားခြင်းကို **"ရုပ်ကမ္မဋ္ဌာန်း"** ရှုသည်ဟု ဆိုပါသည်။ ဝီထိစိတ်အစဉ်နှင့် ထိုစိတ်အစဉ်တွင် ယှဉ်တွဲဖြစ်ပေါ်ကြသော စေတသိက်များကို တစ်လုံးစီ ပိုင်းပိုင်းခြားခြားမြင်သိအောင် ရှုပွားခြင်းကို **"နာမ်ကမ္မဋ္ဌာန်း"** ရှုသည်ဟု ဆိုပါသည်။

ရုပ်ကမ္မဋ္ဌာန်းရှုနည်းကို "အမြတ်ဆုံးပန်းတိုင်ကေန်ပိုင်" ပထမတွဲ၌ ရှင်းလင်း တင်ပြခဲ့ပြီးပေပြီ။ နာမ်ကမ္မဋ္ဌာန်းရှုနည်းကို လာမည့်အခန်းတွင် ရေးသားတင်ဆက်ပါအံ့။

နာမ်ကမ္မဋ္ဌာန်းရှုရာတွင် စိတ်နှင့် စေတသိက်တို့ကို တစ်လုံးစီ တစ်လုံးစီ ထင်ရှားပေါ်လွင်လာအောင် ရှုရမည်ဖြစ်သည့်အတွက် စိတ်နှင့် စေတသိက်တို့၏ အကြောင်းကို ဤစာအုပ်တွင် ရှေးဦးစွာရေးသားတင်ဆက်ခဲ့ခြင်းဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

# နာမ်ကမ္မဋ္ဌာန်းရှုနည်း

## ဝိပဿနာလုပ်ငန်း

ဝိပဿနာလုပ်ငန်းတွင် ပရမတ်ရုပ်တရား, နာမ်တရားတို့၏ တစ်ရံမစဲ ဖြစ်ပျက်ပြောင်းလဲနေသည်ကို သမာဓိနှင့်ပညာယှဉ်သော ဘာဝနာစိတ်အစဉ်ဖြင့် ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား မြင်သိအောင် အာရုံယူလျက် အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့်၊ အကြိမ်ကြိမ် အဖန်ဖန်ရှုပွားရပါသည်။

ထိုသို့ ရှုပွားရာတွင် ရုပ်တရား–နာမ်တရားတို့သည် အကြောင်းအကျိုး ဆက်နွယ်ကာ ဖြစ်ပျက်နေကြသည့်အတွက် ထိုအကြောင်းအကျိုးဆက်နွယ်မှုများကို သဘောပေါက်သိရှိပြီးကာ ပရမတ်ရုပ်နာမ်တို့ကို အကြောင်းတရား၊ အကျိုးတရားများအနေဖြင့်လည်း အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တ တစ်လှည့်၊ လက္ခဏာတင်ရှုရပါသည်။

ရုပ်နာမ်တရားတို့၏ အကြောင်းအကျိုး ဆက်နွယ်ကာ ဖြစ်ပျက်နေပုံများကို သဘောပေါက်နားလည်ရန်အတွက် ပရမတ်ရုပ်တရားအသီးသီးကို ဉာဏ်ဖြင့် ပိုင်းခြား၍ ထင်ထင်လင်းလင်းမြင်သိအောင် ရှုပွားခြင်း (ဝါ) ရုပ်သိမ်းဆည်းခြင်းဟူသည့် **ရုပ်ကမ္မဋ္ဌာန်းရှုပွားမှု** နှင့် နာမ်တရားအသီးသီးကို ဉာဏ်ဖြင့်ပိုင်းခြား၍ ထင်ထင်ရှားရှားမြင်သိအောင်ရှုပွားခြင်း (ဝါ) နာမ်သိမ်းဆည်းခြင်းဟူသည့် **နာမ်ကမ္မဋ္ဌာန်း စီးဖြန်းမှု** တို့ကို မလွဲမသွေလုပ်ဆောင်ရပါသည်။

ရုပ်တရားနှင့် နာမ်တရား ၂–မျိုးတို့တွင် ရုပ်သည် ပို၍ရုံ့ကြမ်းပြီး ပိုသိလွယ်၏၊ နာမ်သည် ပိုသိမ်မွေ့ပြီး သိရန်ပိုခက်၏။ သို့အတွက် **"လွယ်ရာမှ ခက်ရာသို့၊ သိရာမှ မသိရာသို့"** ဟူသော ပညာသင်ကြားမှု ဥပဒေသနှင့်အညီ **ဖားအောက်**

www.burmeseclassic.com

www.burmeseclassic.com



တောရရိပ်သာများတွင် ရုပ်သဘောများကို ဦးစွာရှုမှတ်စေပြီးမှ နာမ်သဘောများကို ရှုမှတ်စေပါသည်။ အဋ္ဌကထာ၌လည်း ဤမူအတိုင်းပင် "ရုပ်တရားများကို သိမ်းဆည်းပြီးမှ နာမ်တရားများကို သိမ်းဆည်းပါ။ နာမ်တရားများကို သိမ်းဆည်းရာ၌လည်း ရုပ်တရားများကို အာရုံပြု၍ ဖြစ်ပေါ်လာကြသော နာမ်တရားများကို စ၍သိမ်း ဆည်းပါ"ဟု ညွှန်ကြားထား၏။ (မ–ဋ္ဌ၊၁၊၂၈၀)

ဤသို့ ရုပ်ကစ၍သိမ်းဆည်းရသော သတ်မှတ်ချက်မှာ ယေဘုယျသတ်မှတ်ချက်ဖြစ်၏။ ဝိပဿနာယာနိကပုဂ္ဂိုလ်များသည် ရုပ်တရားကစ၍ သိမ်းဆည်းရန် လိုအပ်ပါသော်လည်း သမထယာနိက ပုဂ္ဂိုလ်များသည် နာမ်တရားကစ၍လည်း သိမ်းဆည်းနိုင်ပါသည်။ (ဝိသုဒ္ဓိ၊၂၊၂၂၁)

ဤတွင် ရုပ်ကိုသိမ်းဆည်းခဲ့ပြီးသော ယောဂီသည် ယခု နာမ်ကိုသိမ်းဆည်းရတော့မည်ဆိုလျှင် "စိတ်"တစ်မျိုးတည်းကို သိမ်းဆည်းရမလား။ မဟုတ်ပါ။ စိတ်အမျိုးမျိုးနှင့်တကွ ထိုစိတ်အသီးသီးတွင် ယှဉ်ကြသည့် "စေတသိက်"များကိုပါ သိမ်းဆည်းရလိမ့်မည်။ သို့ဖြစ်လျှင် သိမ်းဆည်းရမည့်စိတ်နှင့်စေတသိက်တို့၏ အကြောင်းအရာများကို ကြိုတင်သိရှိထားရန် လိုပါသည်။ ဤအကြောင်းကြောင့် စိတ်နှင့်စေတသိက်တို့၏အကြောင်းအရာများကို ဤစာအုပ် အခန်း (၁)နှင့် (၂) တို့တွင် ဖော်ပြခဲ့ပါသည်။

တစ်ဖန် "ထိုနာမ်တရားတို့ကို ဘယ်လိုသိမ်းဆည်းရမလဲ"ဟူသောမေးခွန်း၏ အဖြေအတွက် **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** (ဒုတိတွဲ၊ စာမျက်နှာ ၂၂၆–၂၂၇)နှင့် **မဟာသတိပဋ္ဌာနအဋ္ဌကထာ** (မ၊ဋ္ဌ၊၁၊၂၈၀–၂၈၁)တို့တွင် အောက်ပါနည်းစနစ် ၃–ခုကို ချပြထားကြ၏။

(၁) ဖဿ ထင်ရှားသောယောဂီအတွက် ဖဿကစ၍ သိမ်းဆည်းသောနည်း၊

(၂) ဝေဒနာထင်ရှားသော ယောဂီအတွက် ဝေဒနာကစ၍သိမ်းဆည်းသော နည်း၊

(၃) အသိစိတ်ထင်ရှားသော ယောဂီအတွက် အသိစိတ်ဝိညာဏ်ကစ၍ သိမ်းဆည်းသောနည်းတို့ ဖြစ်ကြ၏။

ဤနည်းစနစ် ၃–သွယ်အနက် ပထမနည်းကို ရွေးချယ်သော ယောဂီသည် ဖဿတစ်လုံးတည်းကိုရှုမှတ်ရသည်မဟုတ်။ ဖဿနှင့် ယှဉ်ဖက်စိတ်စေတသိက်အားလုံး(သမ္ပယုတ်တရား) ကို ရှုမှတ်ရ၏။ အဘယ်ကြောင့်ဆိုသော် ဖဿက အာရုံတစ်ခုနှင့်တွေ့ဆုံပေးသည့်အခိုက်၌ ဝေဒနာက ထိုအာရုံ၏ အရသာကို ခံစား၏၊ သညာက ထိုအာရုံကို မှတ်သား၏၊ စေတနာက သမ္ပယုတ်တရားတို့ကို

www.burmeseclassic.com

www.burmeseclassic.com



အာရုံပေါ်သို့ရောက်အောင် လွှဲဆောင်ပေး၏၊ အသိစိတ်ဝိညာဏ်က ထိုအာရုံကို ခွဲခြား၍သိ၏၊ ပိုင်းခြားယူ၏။

ဤတွင် ဖဿ–ဝေဒနာ–သညာ–စေတနာ–ဝိညာဏ်တို့ကို "ဖဿပဉ္စမကာ= ဖဿလျှင် ၅–ခုမြောက်ရှိသောတရား" ဟုခေါ်၏။ ဤတရား ၅–ပါးကို ရွေးနုတ်၍ ဖော်ပြခြင်းမှာလည်း ပဓာနနည်းအားဖြင့် အဋ္ဌကထာဆရာတို့က ဖွင့်ဆိုနေခြင်းဖြစ်၏။ ဖဿနှင့်စေတနာတို့သည် သင်္ခါရက္ခန္ဓာတွင် ပါဝင်ကြသဖြင့် ပဓာန ဖြစ်သော ဖဿနှင့် စေတနာတို့ကို သိမ်းဆည်းပါဟု ဆိုခြင်းသည် သင်္ခါရက္ခန္ဓာတွင် အကျုံးဝင်သည့် အပဓာနဖြစ်ကြသော ကျန်ယှဉ်ဖက်သမ္ပယုတ်တရားတို့ကိုပါ သိမ်းဆည်းရမည်ဟုဆိုခြင်းဖြစ်သည်။

အလားတူပင် ဝေဒနာ၊ သညာ၊ ဝိညာဏ်တို့သည်လည်း ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ အသီးသီးတို့ကို ရည်ညွှန်းကြ၏။ သို့ဖြစ်၍ ဖဿ–ဝေဒနာ–သညာ–စေတနာ–ဝိညာဏ်တို့ကို သိမ်းဆည်းရန်အတွက် နာမ်ခန္ဓာ ၄–ပါးစလုံးကိုပင် အကုန်အစင်သိမ်းဆည်းရမည်ကို ယောဂီတို့သဘောပေါက်ထားကြရမည်ဖြစ်သည်။

ထို့နည်းအတူ ဝေဒနာကစ၍သိမ်းဆည်းသောယောဂီသည် ဝေဒနာနှင့်အတူယှဉ်ကြသော ဖဿ–စေတနာ–သညာ–ဝိညာဏ်တို့နှင့်တကွ နာမ်ခန္ဓာ ၄–ပါးစလုံးကို သိမ်းဆည်းရပေမည်။ အသိစိတ်ဝိညာဏ်ကစ၍ သိမ်းဆည်းသော ယောဂီသည်လည်း ထိုဝိညာဏ်နှင့် အတူယှဉ်ကြသော ဖဿ–ဝေဒနာ–စေတနာ–သညာတို့နှင့်တကွ နာမ်ခန္ဓာ ၄ပါးစလုံးကိုပင် သိမ်းဆည်းရမည် ဖြစ်သည်။

## ဝတ္ထုနှင့်အာရုံ သိမ်းဆည်းရန်လိုပုံ

နာမ်ကမ္မဋ္ဌာန်းစီးဖြန်းမည့်ယောဂီသည် မည်သည့်နာမ်တရားများကို မည်သို့ သိမ်းဆည်းရမည်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ နောက်ဆက်တွဲမေးခွန်းတစ်ခုမှာ "ထိုနာမ်တရားတို့ကို မည်သည့်နေရာ မည်သည့်အခါ၌ စောင့်ဆိုင်း၍ရှုမှတ်ရမည်နည်း" ဟု ဖြစ်၏။

နာမ်တရားတို့သည် ဆွဲတွယ်ရာအာရုံနှင့် မှီရာဝတ္ထုရုပ်တို့မရှိဘဲ ဖြစ်ပေါ်ရိုးမရှိကြချေ။ မသန်စွမ်းသော လူနာတစ်ဦးသည် ကြိုးတန်းကိုဆွဲတွယ်၍ တောင်ဝှေးကို ထောက်မှီ၍ ထကြွလှုပ်ရှားရသကဲ့သို့ နာမ်တရားတို့သည် အာရုံကို ဆွဲတွယ်၍ ဆိုင်ရာဝတ္ထုရုပ်အသီးသီးကို ထောက်မှီ၍ ဖြစ်ပေါ်ကြရ၏။

အာရုံတစ်ခုခုက ဒွါရတစ်ခုခု၌ ထိတိုက်သည့်အခါ ထိုအာရုံကိုယူ၍ ထိုဒွါရ၌ရှိသည့် ဝတ္ထုရုပ်ကိုမှီလျက် စိတ်စေတသိက်တို့ဖြစ်ပေါ်ကြရ၏။ သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



နာမ်တရားတို့ကိုရှုမှတ်လိုသောယောဂီသည် အာရုံဝင်ရောက်ရာဒွါရ၌ စောင့်ဆိုင်း၍ အာရုံနှင့်ဒွါရတို့ ထိတိုက်သည့်အခါ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်တစ်ခုမှ စိတ်စေတသိက်တို့ကို ရှုမှတ်ရမည်ဖြစ်သည်။

ထိုစိတ်စေတသိက်တို့တွင် ဖဿပဉ္စမက တရားစုဖြစ်သည့် ဖဿ–ဝေဒနာ–သညာ–စေတနာ–ဝိညာဏ်တို့က ဦးဆောင်နေကြမည်ဖြစ်သည်။ ဤစိတ်စေတသိက်တို့သည် အဘယ်ကိုမှီ၍ ဖြစ်ကြသနည်းဟု စူးစမ်းဆင်ခြင်လတ်သော် ဝတ္ထုရုပ်များကို မှီ၍ဖြစ်ကြကြောင်း ယောဂီတို့သည် ကွဲကွဲပြားပြား သိလာကြ၏။ ထိုဝတ္ထုရုပ်ဟူသည်မှာ ကရဇကာယဖြစ်၍ တရားကိုယ်အားဖြင့် ဘူတရုပ်နှင့် ဥပါဒါရုပ်တို့ ဖြစ်ကြ၏။ (မ၊ ဋ္ဌ၊ ၁၊ ၂၈၁)

ဤတွင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ ဝင်ရောက်ရာ ဒွါရတံခါးပေါက်များသည် မျက်စိအကြည် (စက္ခုပသာဒ)၊ နားအကြည် (သောတပသာဒ)၊ နှာအကြည် (ဃာနပသာဒ)၊ လျှာအကြည် (ဇိဝှာပသာဒ)၊ ကိုယ်အကြည် (ကာယပသာဒ) တို့ အသီးသီးဖြစ်ကြ၏။ ဤပသာဒရုပ် ၅–ပါးသည် သက်ဆိုင်ရာ ပဉ္စဝိညာဏ်စိတ်စေတသိက်တို့၏ မှီရာဝတ္ထုရုပ်များလည်း ဖြစ်ကြ၏။ ဤဝတ္ထုရုပ်တို့နှင့် အတူယှဉ်ဖြစ်နေကြသည့် ဘူတရုပ်–ဥပါဒါရုပ်တို့ကို သိမ်းကျုံး၍ ရှုရမည်ဆိုရာ၌ ရုပ်ကမ္မဋ္ဌာန်း စီးဖြန်းစဉ်က အာယတနဒွါရအလိုက် ၆–ဌာနခွဲ၍ ရှုမှတ်သိမ်းဆည်းခဲ့သည့် ကလာပ် ၆–စည်းမှ ရုပ် ၅၄–ခုကို တစ်ဖန်ပြန်၍ သိမ်းဆည်းခြင်းပင် ဖြစ်သည်။

ဓမ္မာရုံဝင်ရောက်ရာ တံခါးပေါက်မှာ မနောအကြည် (ဘဝင်စိတ်) ဖြစ်ပြီး ထိုနာမ်အကြည်သည် ဟဒယဝတ္ထုရုပ်ကိုမှီ၍ဖြစ်၏။ ကျန်မနောဝိညာဏ်စိတ်များနှင့် ယှဉ်ဖက်စေတသိက်များသည်လည်း ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ဖြစ်ကြ၏။ ဟဒယဝတ္ထုရုပ်တစ်ခုတည်းကို မှီခြင်းကား မဟုတ်ချေ။ မနောဝိညာဏ်စိတ်တစ်ခုနှင့် ၎င်း၏ယှဉ်ဖက်စေတသိက်တို့သည် ထိုစိတ်၏ ရှေ့အခြားမဲ့၌ ဖြစ်၍ ချုပ်သွားခဲ့သောစိတ်နှင့် ပြိုင်၍ ဥပါဒ်သည့် ဟဒယဝတ္ထုရုပ်ကိုသာ မှီကြ၏။ နှလုံးဌာနရှိ ဘူတရုပ်နှင့် ဥပါဒါရုပ်အရေအတွက်မှာ ရုပ်သိမ်းဆည်းစဉ်က ရှုမှတ်ခဲ့သည့် ကလာပ် ၆–စည်းမှ ရုပ်ပေါင်း ၅၄–ခုပင် ဖြစ်သည်။

သို့ဖြစ်၍ နာမ်တရားများကို သိမ်းဆည်းလိုသော ယောဂီသည်–

(၁) ဆိုင်ရာနာမ်တရားတို့၏ မှီရာဖြစ်ရာဝတ္ထုရုပ်၊

(၂) ထိုနာမ်တရားတို့ အာရုံပြုသော အာရုံရုပ်၊

ထိုရုပ် ၂–မျိုးတို့ကို ပူးတွဲ၍သိမ်းဆည်းရမည်ဖြစ်သည်။ ဤသို့သိမ်းဆည်း၍ရှုမှတ်ခြင်းသည် **အနုပဒသုတ္တန်** ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့နှင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်ပါသည်။ အနုပဒသုတ္တန်အဋ္ဌကထာ၌ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် ဈာန်တရား၌ပါဝင်ကြသည့် နာမ်တရားများကို တစ်လုံးစီ ပိုင်းခြား၍ ဝိပဿနာရှုရာဝယ်

ဝတ္ထာရမ္မဏာနံ ပရိဂ္ဂဟိတတာယ (မ၊ဋ္ဌ၊၃၊၆၀)

ဝတ္ထုနှင့်အာရုံတို့ကို ပူးတွဲ၍သိမ်းဆည်းပြီးမှသာလျှင် ရှုမှတ်ခဲ့ပေ၏။

## ပဉ္စဒွါရနှင့် မနောဒွါရတို့၌ အာရုံပြိုင်တူထင်ပုံ

တတ္ထဧကေကံ အာရမ္မဏံ ဒွိသုဒွိသုဒွါရေသု အာပါထမာဂစ္ဆတိ၊ ရူပါရမ္မဏဉှိ စက္ခုပသာဒံ ဃဋ္ဋေတွာ တင်္ခဏညေဝ မနောဒွါရေ အာပါထမာဂစ္ဆတိ။ ဘဝင်္ဂစလနဿ ပစ္စယော ဟောတီတိ အတ္ထော၊ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရမ္မဏေသုပိ ဧသေဝနယော။

(အဘိ၊ဋ္ဌ၊၁၊၁၁၄)

ဤအဘိဓမ္မာအဋ္ဌကထာ၏ သတ်မှတ်ချက်အရ–

၁။ ရူပါရုံသည် စက္ခုဒွါရနှင့် မနောဒွါရတို့၌ ပြိုင်တူထင်၏။

၂။ သဒ္ဒါရုံသည် သောတဒွါရနှင့် မနောဒွါရတို့၌ ပြိုင်တူထင်၏။

၃။ ဂန္ဓာရုံသည် ဃာနဒွါရနှင့် မနောဒွါရတို့၌ ပြိုင်တူထင်၏။

၄။ ရသာရုံသည် ဇိဝှာဒွါရနှင့် မနောဒွါရတို့၌ ပြိုင်တူထင်၏။

၅။ ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရနှင့် မနောဒွါရတို့၌ ပြိုင်တူထင်၏။

ဥပမာကား ညောင်ကိုင်းထက်၌ ငှက်တစ်ကောင် ဆင်းနားလိုက်သည့်အချိန်တွင် ငှက်၏အရိပ်သည် မြေပြင်ပေါ်၌လည်း တစ်ပြိုင်နက်ထင်သကဲ့သို့တည်း။

စက္ခုဒွါရ, သောတဒွါရစသည့် ပဉ္စဒွါရ၌ ထင်လာသောအာရုံကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဆင်ခြင်နှလုံးသွင်းသည်မှစ၍ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိစသည့် ပဉ္စဒွါရဝီထိစိတ်အစဉ်တို့ ဖြစ်ပေါ်ကြ၏။

–ဘဝင်–"ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"–ဘဝင်–

–ဘဝင်–"ဆင်ခြင်–မြင်သိ–လက်ခံ–စုံစမ်း–ဆုံးဖြတ်–ဇော(၇)ကြိမ်–တဒါရုံ(၂)ကြိမ်"–ဘဝင်–

သောတဒွါရဝီထိစသည်တို့အတွက် စက္ခုဝိညာဏ်(စ)နေရာတွင် သောတဝိညာဏ်(သော=ကြားသိ)၊ ဃာနဝိညာဏ်(ဃာ=နံသိ)စသည်ကို အစားထိုးသွားရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်ဒွါရဝီထိတစ်ခုဖြစ်ပြီးတိုင်း ဘဝင်စိတ်များ အနည်းငယ်ခြားလျက် တဒနုဝတ္တက(နောက်လိုက်) မနောဒွါရဝီထိနှင့် သုဒ္ဓမနောဒွါရဝီထိများ ဖြစ်ကြ၏။ ထို့အပြင် မနောဒွါရသက်သက်၌ ဓမ္မာရုံထင်သည့်အတွက် သုဒ္ဓ(သန့်စင်သော)မနောဒွါရဝီထိများလည်း ဖြစ်ကြ၏။ မနောဒွါရဝီထိစိတ်အစဉ်မှာ-

-ဘဝင်-"မ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဒါ-ဒါ"-ဘဝင်-

-ဘဝင်-ဆင်ခြင်ဆုံးဖြတ်-ဇော(၇)ကြိမ်-တဒါရုံ(၂)ကြိမ်"-ဘဝင်-

အထက်ပါ ပဋ္ဌာန်ဒွါရဝီထိများနှင့် မနောဒွါရဝီထိများတွင် အာရုံအလွန်ထင်ရှားသောအခါများ၌သာ တဒါရုံဖြစ်သည်။ အာရုံသည် သင့်ရုံထင်ရှားအားကြီးလျှင် တဒါရုံမဖြစ်ချေ။

## စတင်သိမ်းဆည်းရမည့် နာမ်တရားများ

တသ္မာတံရူပံ အာရမ္မဏံ ကတွာ ဥပ္ပန္နံ ဝေဒနံ သညံ သင်္ခါရေ ဝိညာဏဉ္စ ဣဒံ အရူပန္တိ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ။

(အဘိ၊ ဋ္ဌ၊၁၊၂၇၁)

ဤအဘိဓမ္မာအဋ္ဌကထာ၏ ညွှန်ကြားချက်အရ နာမ်တရားကို စတင်သိမ်းဆည်းလိုသော ယောဂီသည် ရုပ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားများကစ၍ သိမ်းဆည်းရမည်။ နာမ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားများကိုလည်း သိမ်းဆည်းနိုင်ပါသည်။ သို့သော် နာမ်ကမ္မဋ္ဌာန်းကို စတင်အားထုတ်စ ယောဂီအဖို့ နာမ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာကြသော နာမ်တရားတို့ကို သိမ်းဆည်းရန်မှာ *ဒုပရိဂ္ဂါဟ* = ဉာဏ်ဖြင့် ပိုင်းခြားယူရန် ခက်ခဲသောကြောင့် ဤသို့စတင်၍ မသိမ်းဆည်းစေခြင်းဖြစ်သည်။

တစ်ဖန် ယောက်ျား, မိန်းမ, တိရစ္ဆာန်, ရွှေ, ငွေ, အဝတ်အစား စသော ပညတ်တရားတစ်ခုခုကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားများကိုလည်း သိမ်းဆည်းနိုင်, ရှုပွားနိုင်သည်သာဖြစ်၏။ ပညတ်ကို ရှုနေသည်ကား မဟုတ်၊ ပညတ်ကိုအာရုံပြု၍ ဖြစ်ပေါ်လာကြသော နာမ်ပရမတ်တို့ကိုသာ ရှုနေခြင်းဖြစ်သည်။

သို့သော် ဝိပဿနာရှုရာတွင် အာရုံအာရမ္မဏိကဟူသည့် အာရုံကိုရော အာရုံကို အကြောင်းပြု၍ ဖြစ်လာကြသော နာမ်တရားများကိုရော ဝိပဿနာရှုရသဖြင့် ရုပ်တရားကို အာရုံပြု၍ဖြစ်ပေါ်လာသော နာမ်တရားတို့က စတင်ကာ သိမ်းဆည်းရန် ညွှန်ကြားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကသိုဏ်းနိမိတ်စသော ပညတ်တို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဈာန်တရားနှင့် သမ္ပယုတ်တရားတည်းဟူသည့် ဈာနဓမ္မ ခေါ် ဈာန်နာမ်တရားများကိုလည်း သမထယာနိကပုဂ္ဂိုလ်တို့ သိမ်းဆည်းနိုင်, ရှုပွားနိုင်သည်၊ သိမ်းဆည်းရမည် ရှုပွားရမည်ဖြစ်သည်။

## နာမ်တရားများကို လက်တွေ့သိမ်းဆည်းရာဝယ်

၁။ ရောယှက်ရှုပ်ထွေးမှုကင်းစေရန် နာမ်တရားများကို အာယတနဒွါရ အလိုက် သိမ်းဆည်းရမည်၊ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရ, မနောဒွါရတို့သည် အာယတနဒွါရများ ဖြစ်ကြ၏။ (ဝိသုဒ္ဓိ၊ ၂၊ ၂၂၃)

၂။ စက္ခုဒွါရ၌ဖြစ်ကြသော နာမ်တရားများကို သိမ်းဆည်းရန် စက္ခုအကြည် နှင့် မနောအကြည်တို့ကို ပူးတွဲ၍သိမ်းဆည်းထားရမည်။ ထို့နောက် ဣဋ္ဌ- အနိဋ္ဌ (အကောင်း- အဆိုး) စသည်ဖြင့် ကွဲပြားသော ရူပါရုံကိုပါ ပူးတွဲ၍ သိမ်းဆည်းရမည်။

၃။ သောတဒွါရ၌ဖြစ်ကြသော နာမ်တရားများကို သိမ်းဆည်းသည့်အခါ သောတအကြည်နှင့် မနောအကြည်တို့ကို ဦးစွာပူးတွဲ၍ သိမ်းဆည်းရမည်။ ထို့ နောက် ဣဋ္ဌ-အနိဋ္ဌ စသည်ဖြင့် ကွဲပြားသော သဒ္ဒါရုံကိုလည်း ပူးတွဲကာ သိမ်း ဆည်းရမည်။

၄။ ဃာနဒွါရ၌ဖြစ်ကြသော နာမ်တရားများကို သိမ်းဆည်းလိုသော် ဃာန အကြည်နှင့် မနောအကြည်တို့ကို ပူးတွဲသိမ်းဆည်းရမည်။ ထို့နောက် ဣဋ္ဌ- အနိဋ္ဌစသည်ဖြင့် ကွဲပြားသော ဂန္ဓာရုံကိုလည်း ပူးတွဲသိမ်းဆည်းရမည်။

၅။ ဇိဝှာဒွါရ၌ဖြစ်ကြသော နာမ်တရားများကို သိမ်းဆည်းလိုသော် ဇိဝှာ အကြည်နှင့် မနောအကြည်တို့ကို ပူးတွဲ၍သိမ်းဆည်းရမည်။ ထို့နောက် ဣဋ္ဌ- အနိဋ္ဌ စသည်ဖြင့် ကွဲပြားသော ရသာရုံကိုပါ ပူးတွဲသိမ်းဆည်းရမည်။

၆။ ကာယဒွါရ၌ ဖြစ်ကြသော နာမ်တရားများကို သိမ်းဆည်းလိုသော် ကာယအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲ၍သိမ်းဆည်းရမည်။ ထို့နောက် ဣဋ္ဌ-အနိဋ္ဌ စသည်ဖြင့် ကွဲပြားသော ဖောဋ္ဌဗ္ဗာရုံကိုပါ ပူးတွဲသိမ်းဆည်းရမည်။

၇။ **ဖားအောက်တောရဆရာတော်သည်** နာမ်တရားများကို အထက်ပါ အတိုင်း အာယတနဒွါရအလိုက် ခွဲခြား၍ ရှုမှတ်စေ၏။ ဒွါရ ၆-ပါး၌ ဖြစ်ပေါ် ကြသည့် နာမ်တရားများကိုလည်း ယောဂီတို့သိမှတ်လွယ်အောင် (၁) ရူပါရုံ လိုင်းနာမ်တရားများ၊ (၂) သဒ္ဒါရုံလိုင်း နာမ်တရားများ၊ (၃) ဂန္ဓာရုံလိုင်း နာမ်

www.burmeseclassic.com

www.burmeseclassic.com



တရားများ၊ (၄) ရသာရုံလိုင်း နာမ်တရားများ၊ (၅) ဖောဋ္ဌဗ္ဗာရုံလိုင်း နာမ်တရားများ၊ (၆) ဓမ္မာရုံလိုင်း နာမ်တရားများဟူ၍ ခွဲခြားကာ အမည်ပေးထားသည်။

ဤတွင် ဓမ္မာရုံသည် အကြည်ရုပ် ၅-ပါးနှင့် သုခုမရုပ် ၁၆-ပါး၊ ပေါင်း ရုပ် ၂၁-ပါးတို့ကို ရည်ညွှန်း၏။ တစ်ဖန် ရူပါရုံလိုင်းတွင် ရူပါရုံကို အာရုံပြု၍ ကုသိုလ်ဇောများ ပါဝင်ကြသည့် စက္ခုဒွါရဝီထိနှင့် မနောဒွါရဝီထိစိတ်များ ဖြစ်နိုင်ကြ၏။ ဤဝီထိစဉ်များ၌ ပါဝင်ကြသော နာမ်တရားများကို အကောင်းအုပ်စု နာမ်တရားများဟု ခေါ်ဝေါ်သုံးစွဲထားသည်။

ရူပါရုံကိုအာရုံပြု၍ အကုသိုလ်ဇောများ ပါဝင်ကြသော စက္ခုဒွါရဝီထိနှင့် မနောဒွါရဝီထိစိတ်များလည်း ဖြစ်နိုင်ကြ၏။ ဤဝီထိစဉ်များ၌ ပါဝင်ကြသော နာမ်တရားများကို မကောင်းအုပ်စုနာမ်တရားများဟု ခေါ်ဝေါ်သုံးစွဲထား၏။

## အာရုံယူသော စိတ်ဝီထိစဉ်များ

လူတစ်ယောက်တွင် အိပ်ပျော်နေသည့်အခါနှင့် မည်သည့်အာရုံမျှ မသိသည့် အခါများ၌ ဘဝင်စိတ်အစဉ် ဖြစ်ပေါ်နေသည်။ ဘဝင်စိတ်သည် အခြားမဲ့သော အတိတ်ဘဝ၌ သေခါနီးအချိန် မရဏာသန္နဇောစောနေသည့်အခိုက်ဝယ် ဤလက်ရှိဘဝဖြစ်ပေါ်လာအောင် အကျိုးပေးသည့်ကံ၏ အစွမ်းဖြင့် ထင်လာသော အာရုံကိုယူသည်။ ထိုသို့အာရုံယူနေသည်ကို ကျွန်တော်တို့မသိရှိရပါ။

ဒွါရတစ်ခုခုတွင် အာရုံထင်လာသောအခါ ထိုအာရုံကို သိရှိရန်အတွက် ဘဝင်စိတ်အစဉ်ပြတ်ပြီး ထိုအာရုံကို နှလုံးသွင်းဆင်ခြင်သည့်စိတ်မှစ၍ စိတ်အစဉ်အတန်းတစ်ခု ဖြစ်ပေါ်ရ၏။ ထိုသို့ထင်လာသော အာရုံကို သိရှိရန် ဖြစ်ပေါ်နေသည့် စိတ်အစဉ်အတန်းတစ်ခုစီကို "ဝီထိ"ဟု ခေါ်၏။ စက္ခုဒွါရ၌ အာရုံထင်ထင်ရှားရှားဖြစ်ပေါ်သောအခါ အောက်ပါဝီထိအစဉ်ဖြစ်၏။

ပ = ပဉ္စဒွါရာဝဇ္ဇန်း = အာရုံကို နှလုံးသွင်းဆင်ခြင်သောစိတ် (ဆင်ခြင်)

စ = စက္ခုဝိညာဏ်= အာရုံကို မြင်သိသောစိတ် (မြင်သိ)
(အာရုံကို စိတ်တစ်ချက်ဖြင့် မြင်သိခါမျှသာရှိသေး၏၊ မည်သို့သော အာရုံဖြစ်သည်ကို မသိသေးပါ။)

သံ = သမ္ပဋိစ္ဆိုန်း = အာရုံကို လက်ခံယူသောစိတ် (လက်ခံ)
(စက္ခုဝိညာဏ်မချုပ်ငြိမ်းမီ ၎င်းမြင်သိခဲ့သောအာရုံကို သမ္ပဋိစ္ဆိုန်းသို့ လက်ဆင့်ကမ်းပေးသည်။)

ဏ = သန္တီရဏ = အာရုံကို စုံစမ်းသည့်စိတ် (စုံစမ်း)

www.burmeseclassic.com

www.burmeseclassic.com



(သမ္ပဋိစ္ဆိုန်းလက်ခံယူခဲ့သောအာရုံကို သန္တီရဏသို့ လက်ဆင့်ကမ်းပေးသဖြင့် သန္တီရဏက ထိုအာရုံကို စုံစမ်းခြင်းဖြစ်သည်။)

ဝု = ဝုဋ္ဌောအမည်ရသောမနောဒွါရာဝဇ္ဇန်း = အာရုံကိုဆုံးဖြတ်သောစိတ် (ဆုံးဖြတ်)

(သန္တီရဏစုံစမ်းပြီးသောအာရုံကို ကောင်းသည် ဆိုးသည် စသည်ဖြင့် ဆုံးဖြတ်ပေးသည်။)

ဇ = ဇော = အာရုံ၏အရသာကို ခံစားသောစိတ် (ဇော)

(အရှိန်အဟုန်ဖြင့် ဇောစိတ် (၇) ကြိမ်ဖြစ်သည်။ ဝုဋ္ဌော၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်စိတ်တို့က ဤဇောကိစ္စကို ဆောင်ရွက်သည်။)

ဒါ = တဒါရုံ = ဇောနောက်သို့လိုက်ကာ အာရုံ၏အရသာကို ဆက်လက်ခံစားသောစိတ် (တဒါရုံ)

(အာရုံထင်ပုံ အလွန်ထင်ရှားမှ တဒါရုံဖြစ်သည်။ မထင်ရှားလျှင် တဒါရုံ မဖြစ်ချေ။)

အထက်ဖော်ပြပါ ဘဝင်စိတ်နှင့် ဝီထိစိတ်များကို အောက်ပါအတိုင်း "ဝီထိပုံစံ" ရေးသားနိုင်၏။

**–ဘဝင်–"ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ"–ဘဝင်–**

**–ဘဝင်–"ဆင်ခြင်–မြင်သိ–လက်ခံ–စုံစမ်း–ဆုံးဖြတ်–ဇော (၇) ကြိမ်–တဒါရုံ (၂) ကြိမ်"–ဘဝင်–**

အထက်ပါအတိုင်း "ဝီထိ"ခေါ် "စိတ်အစဉ်အတန်း"တစ်ခု ဖြစ်ပေါ်ပြီးသည့်အခါ ဒွါရ၌ ထင်နေသောအာရုံ ချုပ်ငြိမ်းသွားပြီဖြစ်၍ အတိတ်အာရုံကို ယူသော ဘဝင်စိတ်အစဉ်ဆက်ဖြစ်သည်။

စက္ခုဒွါရ၌ နောက်တစ်ကြိမ် အာရုံထင်လာလျှင် အထက်ပါနည်းတူ စက္ခုဒွါရဝီထိတစ်ခု ထပ်ဖြစ်သည်။

သောတဒွါရ၌ အသံအာရုံထင်လာလျှင် အထက်ပါအတိုင်းပင် ဝီထိတစ်ခုဖြစ်သည်။ ဤသောတဒွါရဝီထိ၌ စက္ခုဝိညာဏ်အစား သောတဝိညာဏ် (ကြားသိစိတ်) ဖြစ်သည်။

ဃာနဒွါရ၌ အနံ့အာရုံထင်လာလျှင်လည်း အလားတူ ဝီထိတစ်ခုဖြစ်သည်။ ဤဃာနဒွါရဝီထိ၌ စက္ခုဝိညာဏ်အစား ဃာနဝိညာဏ် (နံသိစိတ်) ဖြစ်သည်။

ဇိဝှာဒွါရ၌ အရသာအာရုံထင်လာလျှင် အလားတူပင် ဇိဝှာဝိညာဏ် (စားသိစိတ်) ပါသော ဇိဝှာဒွါရဝီထိဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကာယဒွါရ၌ အထိအတွေ့အာရုံထင်လာလျှင်လည်း အလားတူပင် ကာယဝိညာဏ် (ထိသိစိတ်) ပါသော ကာယဒွါရဝီထိဖြစ်သည်။

ပဉ္စဒွါရဝီထိတစ်ခုဖြစ်ပြီးတိုင်း ဘဝင်စိတ်များ အနည်းငယ်ခြားလျက် တဒနုဝတ္တက (နောက်လိုက်) မနောဒွါရစိတ်များစွာဖြစ်၏။ ထို့အပြင် မနောဒွါရ၌ ထင်သော အာရုံကို ဆင်ခြင်နှလုံးသွင်း၍ သုဒ္ဓ (သန့်စင်သော) မနောဒွါရဝီထိများလည်း ဖြစ်ကြ၏။ မနောဒွါရဝီထိအစဉ်များတွင် အများဆုံး ဝီထိစိတ် ၃-မျိုးသာ ပါဝင်ကြ၏။ ၎င်းတို့မှာ-

**-ဘဝင်-"မ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဒါ-ဒါ"-ဘဝင်-**

မ = မနောဒွါရာဝဇ္ဇန်း = ဆင်ခြင်-ဆုံးဖြတ် (ကိစ္စ ၂-ခုကို ဆောင်ရွက်၏)

ဇ = ဇော (၇) ကြိမ် = အာရုံ၏ အရသာကို ခံစားလျက် အဟုန်ပြင်းစွာဖြစ်၏။

ဒါ = တဒါရုံ (၂) ကြိမ် = ဇောနောက်သို့လိုက်၍ အာရုံဆက်ခံစား၏။

ဤတွင်လည်း အာရုံအလွန်ထင်ရှားစွာ ထင်သည့်အခါ၌သာ တဒါရုံဖြစ်၏။ အာရုံထင်မှုအားနည်းသွားလျှင် တဒါရုံမဖြစ်တော့ချေ။ အာရုံထင်မှု ပို၍အားပျော့သွားလျှင်ကား ဇောပင်မဖြစ်တော့ချေ။

## ဝိပါက်အမှန် ဇောအပြန်

ဝီထိစိတ်များကို ဆန်းစစ်ကြည့်လျှင် ပဉ္စဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုန်းစိတ်၊ သန္တီရဏစိတ်နှင့် တဒါရုံစိတ်တို့သည် ဝိပါက်စိတ်များဖြစ်ကြ၏။ ဝိပါက်တို့မည်သည်မှာ အကျိုးတရားမျိုးဖြစ်၍ ကြေးမုံမှန်၌ မျက်နှာ၏ ပုံရိပ်ထင်သကဲ့သို့ ကံ၏ အစွမ်းသတ္တိအားလျော်စွာ ဖြစ်ပေါ်ကြရ၏။

ဆိုလိုသည်မှာ အရုပ်ဆိုးသူတစ်ဦးက ကြေးမုံမှန်ရှေ့တွင်ရပ်လျှင် အရုပ်ဆိုးသော ပုံရိပ်ထင်လာပြီး အရုပ်ချောသူတစ်ဦးက ကြေးမုံမှန်ရှေ့တွင်ရပ်သော် အရုပ်ချောသောပုံရိပ် ထင်လာမည်ဖြစ်သည်။ ထို့အတူ မစင်ပုံ, ခွေးကောင်ပုပ်စသည့် အနိဋ္ဌာရုံတစ်ခုခုကို မြင်တွေ့ရခြင်းသည် အတိတ်အကုသိုလ်ကံ၏ အကျိုးပေးမှုဖြစ်သဖြင့် အကုသလဝိပါက်စက္ခုဝိညာဏ်၊ အကုသလဝိပါက်သမ္ပဋိစ္ဆိုန်း၊ အကုသလဝိပါက်သန္တီရဏနှင့် အကုသလဝိပါက်တဒါရုံတို့သာလျှင် ဝီထိစိတ်အစဉ်၌ ဖြစ်ပေါ်ကြရ၏။

သင့်ရုံကောင်းသောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ) သို့မဟုတ် ကောင်းသောအာရုံ (ဣဋ္ဌာရုံ) တစ်ခုခုနှင့် ဆုံတွေ့ရခြင်းသည် အတိတ်ကုသိုလ်ကံ၏ အကျိုးပေးမှုအရ ဆုံတွေ့ရခြင်းဖြစ်သဖြင့် အဟိတ်ကုသလဝိပါက်စက္ခုဝိညာဏ် (မြင်သာတဝိညာဏ်စသည်)၊ အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်၊ အဟိတ်ကုသလ

www.burmeseclassic.com

www.burmeseclassic.com



ဝိပါက်သန္တီရဏစိတ်နှင့် အဟိတ်ကုသလဝိပါက်တဒါရုံ သို့မဟုတ် မဟာဝိပါက်တဒါရုံတို့ ဖြစ်ကြရ၏။

တဒါရုံကိစ္စ ဆောင်ရွက်သည့် စိတ် ၁၁-ပါး ရှိသည့်အနက် အကုသလဝိပါက်စိတ် ၁-ပါးသာ ပါဝင်၏။ ၎င်းစိတ်သည် အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဖြစ်၏။ သို့အတွက် အနိဋ္ဌာရုံနှင့် ဆုံတွေ့သည့်အခါ ဤစိတ်သာ တဒါရုံကိစ္စ ဆောင်ရွက်ရ၏။ ဣဋ္ဌမဇ္ဈတ္တာရုံနှင့် ဆုံတွေ့သည့်အခါ ကုသလဝိပါက်ဥပေက္ခာသန္တီရဏတဒါရုံကျ၏။ အလွန်ကောင်းသော အတိဣဋ္ဌာရုံနှင့် ဆုံတွေ့သည့်အခါ ကုသလဝိပါက်သောမနဿသန္တီရဏတဒါရုံကျ၏။ မဟာကုသိုလ်ဇောများနောက်၌မှ မဟာဝိပါက်တဒါရုံများ ထိုက်သလိုကျနိုင်၏။

ယေဘုယျအားဖြင့် ဇောနှင့် တဒါရုံတို့သည် သောမနဿ-သောမနဿချင်း၊ ဥပေက္ခာ-ဥပေက္ခာချင်း လိုက်ဖက်ညီရ၏။ ဒေါမနဿဇောနောက်၌မူ ဥပေက္ခာတဒါရုံသာ ကျနိုင်၏။ သောမနဿတဒါရုံမကျနိုင်ပါ။ တိဟိတ်ပုဂ္ဂိုလ်များအတွက်

မဟာကုသိုလ်ဇော ၈-ပါး နောင် တဒါရုံ ၁၁-မျိုးလုံးကျနိုင်၏။

လောဘမူဇော ၈-ခု နောင် တဒါရုံ ၁၁-မျိုးလုံး ကျနိုင်၏။

ဒေါသမူဇော ၂-ခု နောင် ဥပေက္ခာတဒါရုံ ၆-မျိုး ကျနိုင်၏။

မောဟမူဇော ၂-ခု နောင် တဒါရုံ ၁၁-မျိုးလုံး ကျနိုင်၏။

ထို့အပြင် **"ကာမဇော-ကာမသတ္တဝါ-ကာမအာရုံ-သုံးချက်ဆုံမှ တဒါရုံကျနိုင်၏"**။ ကာမသတ္တဝါဆိုသည်မှာ ကာမဂုဏ်ခံစားတတ်သည့် လူ နတ်တို့နှင့် အပါယ်သတ္တဝါတို့ကို ဆိုလို၏။ ကာမသတ္တဝါက ကာမအာရုံဖြစ်သည့် ရုပ် ၂၈-ပါး၊ ကာမစိတ် ၅၄-ပါး၊ ၎င်းစိတ်တို့နှင့်ယှဉ်ကြသော စေတသိက် ၅၂-ပါး တို့အနက် တစ်ပါးပါးကို အာရုံပြု၍ ကာမဇောစောသည့်အခါမှ တဒါရုံဖြစ်နိုင်၏။ ဤတွင်လည်း ပဉ္စဒွါရဝီထိ၌ အတိမဟန္တာရုံ၊ မနောဒွါရဝီထိ၌ အတိဝိဘူတာရုံဖြစ်မှသာ တဒါရုံကျနိုင်ပါသည်။

ဇောဌာနမှာ ကုသိုလ်-အကုသိုလ်ဖြစ်နိုင်သည့်ဌာနဖြစ်၏။ အာရုံဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဝုဋ္ဌော ခေါ် မနောဒွါရာဝဇ္ဇန်း၏ ဆုံးဖြတ်ချက်က ယောနိသော မနသိကာရဖြစ်လျှင် (သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး ဆုံးဖြတ်လျှင်) ကုသိုလ်ဇောစော၏။ အယောနိသောမနသိကာရဖြစ်လျှင် (သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီးမဆုံးဖြတ်လျှင်) အကုသိုလ်ဇော စော၏။

ရုပါရုံတစ်ခုကို (၁) အရောင်အဆင်းဟု၊ (၂) ရုပ်တရားဟု၊ (၃) အနိစ္စဟု၊ (၄) ဒုက္ခဟု၊ (၅) အနတ္တဟု၊ (၆) အသုဘဟု နည်းတစ်မျိုးမျိုးဖြင့် အမှန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အာဝဇ္ဇန်းနှင့် ဝုဋ္ဌောတို့က ဆင်ခြင်–ဆုံးဖြတ်လျှင် ယောနိသောမနသိကာရဖြစ်ပြီး ကုသိုလ်ဇောစော၏။

ထိုသို့မဟုတ်ဘဲ ထိုရူပါရုံကို

(၁) သုဘ–တင့်တယ်တပ်မက်ဖွယ်ဟု၊ (၂) မှန်းစရာဟု၊ (၃) နိစ္စဟု၊ (၄) သုခဟု၊ (၅) အတ္တဟု စသည်ဖြင့် အာဝဇ္ဇန်းနှင့် ဝုဋ္ဌောတို့က မမှန်မကန် ဆင်ခြင်–ဆုံးဖြတ်သော် အယောနိသောမနသိကာရဖြစ်ပြီး အကုသိုလ်ဇောစော၏။ ဤဆင်ခြင်–နှလုံးသွင်းပုံတို့ကို လက်တွေ့ရှုနည်းစနစ်၌ ထပ်မံအသေးစိတ်၍ဖော်ပြပါမည်။

ဝိပါက်စိတ်တို့သည် ကြေးမုံပြင်တွင် ပုံရိပ်ထင်သကဲ့သို့ အာရုံနှင့် လိုက်လျောညီထွေ အမြဲဖြစ်ကြရသောကြောင့် "ဝိပါက်အမှန်"ဟု ဆိုကြ၏။ ဇောစိတ်တို့မှာ အာရုံပေါ်မူမတည်ဘဲ ဆင်ခြင်–နှလုံးသွင်းမှုအပေါ်တွင်သာ မူတည်သောကြောင့် "ဇောအပြန်"ဟု ဆိုကြ၏။ ကုသိုလ်ဇောစောလျှင် ကုသိုလ်ကံများ ဖြစ်ပေါ်၍ အကုသိုလ်ဇောစောလျှင် အကုသိုလ်ကံများ ဖြစ်ပေါ်ကြသောကြောင့် ပရမတ်အမြင်ဖြင့် မှန်ကန်လျောက်ပတ်စွာ ဆင်ခြင်–ဆုံးဖြတ်တတ်ဖို့ အလွန်အရေးကြီး၏။ တရားမနှယ်ဘဲ ပညတ်အမြင်အတွေးလောက်ဖြင့်သာ ဆင်ခြင်–ဆုံးဖြတ်နေမည်ဆိုလျှင် အကုသိုလ်ကံ တိုးပွားဖို့သာ အလားအလာများပေတော့သည်။

## နာမ်ကမ္မဋ္ဌာန်း လက်တွေ့ရှုနည်းစနစ်
### (က) ရူပါရုံလိုင်း - အကောင်းအုပ်စု

၁။ စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူလိုလို ထင်နေအောင် ပူးတွဲသိမ်းဆည်းပါ။

၂။ ရုပ်ကလာပ်တစ်ခုခု (သို့မဟုတ် ရုပ်ကလာပ်အများစု) ၏ ရူပါရုံ အရောင်ကို လှမ်းအာရုံယူပါ။

၃။ ထိုရူပါရုံအရောင်က စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူ ရှေးရှုရိုက်ခတ်သောအခါ ပဉ္စဒွါရာဝဇ္ဇန်း–စက္ခုဝိညာဏ်စသည့် ဝီထိစိတ်အစဉ်များ ဖြစ်ပေါ်လာကြမည်။

၄။ အာဝဇ္ဇန်းနှင့် ဝုဋ္ဌောတို့က ရူပါရုံ=အရောင်ဟုသာ ဆင်ခြင်–ဆုံးဖြတ်လျှင် ယောနိသောမနသိကာရဖြစ်သဖြင့် ကုသိုလ်ဇောများ စောမည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ရှေးဦးစွာ အသိစိတ်တစ်လုံးစီကို ဝီထိစိတ်အစဉ်အတိုင်း စိတ္တက္ခဏ တိုင်း စိတ္တက္ခဏတိုင်း မြင်အောင်လေ့ကျင့်ပါ။

"ဆင်ခြင်–မြင်သိ–လက်ခံ–စုံစမ်း–ဆုံးဖြတ်–ဇော(၇)ကြိမ်– တဒါရုံ(၂) ကြိမ်"ဟူ၍ ပဉ္စဒွါရဝီထိကိုလည်းကောင်း၊ "ဆင်ခြင် ဆုံးဖြတ်–ဇော(၇)ကြိမ်–တဒါရုံ(၂)ကြိမ်"ဟူ၍ နောက်လိုက်မနောဒွါရဝီထိနှင့် သုဒ္ဓမနောဒွါရဝီထိတို့ ကိုလည်းကောင်း၊ စိတ်တိုင်း စိတ်တိုင်းကို မြင်အောင်ရှုပါ။

(ရူပါရုံအရောင်က စက္ခုအကြည်နှင့် မနောအကြည်တို့ကို ရှေးရှုရိုက်ခတ် နေလျှင် စက္ခုဒွါရဝီထိ–မနောဒွါရဝီထိတို့ ထပ်ကာထပ်ကာဖြစ်နေလိမ့်မည်။ ဝီထိစဉ်တစ်ခု၌ စိတ်တစ်လုံးကို သိသွားလျှင် နောက်ဝီထိစဉ်တစ်ခု၌ နောက် စိတ်တစ်လုံးကို တိုး၍သိအောင် ရှုရှုသွားပါ။)

၆။ စိတ်တိုင်းကို ရှုနိုင်လာသောအခါ ဖဿ=အာရုံနှင့် အသိစိတ်ထိတွေ့ ခြင်းသဘောကို စိတ်တိုင်း၌ မြင်အောင်တိုးရှုပါ။

ထို့နောက် ဝေဒနာ = အာရုံ၏အရသာကို သုံးဆောင်ခံစားသည့်သဘော ကို စိတ်တိုင်း၌ မြင်အောင်တိုးရှုပါ။

ထို့နောက် သညာ= အာရုံကို မှတ်သားသည့်သဘောကို စိတ်တိုင်း၌ မြင် အောင် တိုးရှုပါ။

ဤနည်းဖြင့် ကျန်သဗ္ဗစိတ္တသာဓာရဏစေတသိက်များ၊ ပကိဏ်းစေတသိက် များ၊ သောဘဏသာဓာရဏစေတသိက်များနှင့် ပညိန္ဒြေစေတသိက်တို့ကို တစ် လုံးချင်း တိုး၍ မြင်နိုင်သည့်စိတ်အသီးသီး၌ မြင်သိအောင် ရှုမှတ်သွားပါ။

(စိတ်အသီးသီး၌ ယှဉ်နိုင်သည့် စေတသိက်များကို စက္ခုဒွါရ–ရူပါရုံလိုင်း– အကောင်းအုပ်စုဇယားတွင် ဖော်ပြထားပါသည်။)

၇။ ကုသိုလ်ဇောများ ဇောရာ၌ ရုံခါ ပီတိနှင့်ဉာဏ် ပါသည်လည်းရှိ၏။ သောမနဿ – ဉာဏသမ္ပယုတ်စိတ်ဖြစ်ပြီး စေတသိက် ၃၃–ပါး ယှဉ်၏။ (အသိစိတ်ကိုပါ ပေါင်းထည့်လျှင် ၃၄–ပါးသော နာမ်အစု (ဝါ) နာမ်ကလာပ်ဖြစ်၏။)

ရုံခါ ပီတိမပါဘဲ ဉာဏ်ပါသည်လည်း ရှိ၏။ ဥပေက္ခာ–ဉာဏသမ္ပယုတ် စိတ်ဖြစ်ပြီး စေတသိက် ၃၂–ပါး ယှဉ်၏။ (အသိစိတ်ကိုပါ ပေါင်းထည့်လျှင် ၃၃–ပါးသော နာမ်ကလာပ်ဖြစ်၏။)

ရုံခါ ပီတိပါ၍ ဉာဏ်မယှဉ်သည်လည်း ရှိ၏။ သောမနဿ– ဉာဏဝိပ္ပယုတ် စိတ်ဖြစ်ပြီး စေတသိက် ၃၂–ပါးယှဉ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရံခါ ပီတိနှင့်ဉာဏ်တို့ မယှဉ်သည်လည်းရှိ၏။ ဥပေက္ခာ–ဉာဏဝိပ္ပယုတ် စိတ် ဖြစ်ပြီး စေတသိက် ၃၁–ပါးယှဉ်၏။

၈။ စက္ခုဒွါရဝီထိစိတ်များအနက် စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်၏။ ကျန်စိတ်များသည် ဟဒယဝတ္ထုကိုသာ မှီကြ၏။ ယင်း နာမ်တရား (စိတ်စေတသိက်) တို့၏ မှီ၍ဖြစ်ရာဝတ္ထုရုပ်ကိုလည်း အာရုံရုပ်နှင့်အတူ ကြိုတင်သိမ်းဆည်းထားရမည်။

၉။ စက္ခုဒွါရ–ရူပါရုံလိုင်း–အကောင်းအုပ်စုဇယားတွင် ဝီထိစိတ်အသီး သီးနှင့် ယှဉ်ဖက်စေတသိက်များကို မှီရာဝတ္ထုရုပ်နှင့်အတူ ဖော်ပြ ထား၏။ စိတ်တစ်လုံးစီနှင့် ၎င်း၏ ယှဉ်ဖက်စေတသိက်များ၏ အစု တစ်ခုစီကို နာမ်ကလာပ်ဟုမှတ်ပါ။

၁၀။ စက္ခုဒွါရဝီထိ၏ နောက်လိုက် မနောဒွါရဝီထိ–သုဒ္ဓမနောဒွါရဝီထိ တို့၌ စိတ်အစဉ်များ သိမ်းဆည်းပုံကို မနောဒွါရ–ရူပါရုံလိုင်း– အကောင်းအုပ်စုဇယားတွင် ဆက်ကြည့်ပါ။

၁၁။ အထက်၌ ဖော်ပြခဲ့သော ဝီထိအစဉ်များသည် ရူပါရုံကို အရောင် ဟု ရှုပြီး အရောင်ဟုသိသော ဝီထိအစဉ်များဖြစ်ကြ၏။ ဆက်လက် ၍–

ထိုရူပါရုံကို ရုပ်တရားဟုရှုပါ။ ထိုအခါ ရုပ်တရားဟုသိသော မနောဒွါရ ဝီထိစိတ်အစဉ်များ ဖြစ်မည် (ပဉ္စဒွါရဝီထိမဖြစ်ပါ)။ ဤစိတ်တို့ကို အထက်က နည်းအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ရှုပါ။

၁၂။ ထိုအတူ ရူပါရုံ၏ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အာရုံယူလျက် ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုခဲ့သော် အနိစ္စဟုသိသော မနောဒွါရဝီထိစိတ်အစဉ်များ ဖြစ်မည်။ ဤစိတ်တို့ကို အထက်က နည်းအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ရှုပါ။

၁၃။ ထိုရူပါရုံ၏ ဖြစ်ခြင်း ပျက်ခြင်းဒဏ်ချက်ဖြင့် အမြဲနှိပ်စက်ခံနေရသည့် သဘောကို အာရုံယူလျက် ဉာဏ်ဖြင့်မြင်အောင်ရှု၍ ဒုက္ခဟု ရှုခဲ့ သော် ဒုက္ခဟုသိသော မနောဒွါရဝီထိအစဉ်များ ဖြစ်မည်။ ဤဝီထိ အစဉ်တို့၌ စိတ်စေတသိက်တို့ကို အထက်က နည်းအတိုင်းရှုပါ။

၁၄။ ထိုရူပါရုံ၌ ခိုင်မာသည့် အနှစ်သာရ မရှိမှုသဘောကို အာရုံယူလျက် ဉာဏ်ဖြင့်မြင်အောင်ရှု၍ အနတ္တဟုရှုခဲ့သော် အနတ္တဟုသိနေသော

www.burmeseclassic.com

www.burmeseclassic.com



## စက္ခုဒွါရ-ရူပါရုံလိုင်း - အကောင်းအုပ်စုငယ်း ၃-၁။

| ရုပ် = ဟဒယ = ၅၄ | စက္ခုဝတ္ထု = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ |
|---|---|---|---|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | စက္ခုဝိညာဏ် | သမ္ပဋိစ္ဆိုန်း | သန္တီရဏ | ဝုဋ္ဌော | ဇော (၇) | တဒါရုံ (၂) |
| ဆင်ခြင် | မြင်သိ | လက်ခံ | စုံစမ်း | ဆုံးဖြတ် | ဇော (၇) | တဒါရုံ (၂) |
| ရူပါရုံ = အရောင် | | | | ရူပါရုံ = အရောင် | | မဟာဝိပါက် |
| ၁၁ | ၈ | ၁၁ | ၁၂ | ၁၂ | ၃၄ | ၃၄ |
| ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၃၃ | ၃၃ |
| ၁၁ | ၈ | ၁၁ | ၁၂ | ၁၂ | ၃၃ | ၃၃ |
| ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၃၂ | ၃၂ |
| ၁။ အသိစိတ်<br>၂။ ဖဿ<br>၃။ ဝေဒနာ<br>၄။ သညာ<br>၅။ စေတနာ<br>၆။ ဧကဂ္ဂတာ<br>၇။ ဇီဝိတိန္ဒြေ<br>၈။ မနသိကာရ<br>ဝိတက်<br>ဝိစာရ<br>အဓိ<br>မောက္ခ | ၁။ အသိစိတ်<br>၂။ ဖဿ<br>၃။ ဝေဒနာ<br>၄။ သညာ<br>၅။ စေတနာ<br>၆။ ဧကဂ္ဂတာ<br>၇။ ဇီဝိတိန္ဒြေ<br>၈။ မနသိကာရ | အသိစိတ်<br>ဖဿ<br>ဝေဒနာ<br>သညာ<br>စေတနာ<br>ဧကဂ္ဂတာ<br>ဇီဝိတိန္ဒြေ<br>မနသိကာရ<br>ဝိတက်<br>ဝိစာရ<br>အဓိမောက္ခ | အသိစိတ်<br>ဖဿ<br>ဝေဒနာ<br>သညာ<br>စေတနာ<br>ဧကဂ္ဂတာ<br>ဇီဝိတိန္ဒြေ<br>မနသိကာရ<br>ဝိတက်<br>ဝိစာရ<br>အဓိမောက္ခ<br>• ပီတိ | အသိစိတ်<br>ဖဿ<br>ဝေဒနာ<br>သညာ<br>စေတနာ<br>ဧကဂ္ဂတာ<br>ဇီဝိတိန္ဒြေ<br>မနသိကာရ<br>ဝိတက်<br>ဝိစာရ<br>အဓိမောက္ခ<br>ဝီရိယ | အသိစိတ်<br>အညသမာန်း<br>သဒ္ဓါ-ပညာ<br>အုပ်စု<br>(အသိစိတ် ၁<br>အညသမာန်း ၁၃<br>သောဘဏ<br>သာဓာရဏ<br>၁၉<br>ပညာ ၁) | အသိစိတ်<br>အညသမာန်း<br>သဒ္ဓါပညာ<br>အုပ်စု<br>(အသိစိတ် ၁<br>အညသမာန်း ၁၃<br>သောဘဏ<br>သာဓာရဏ<br>၁၉<br>ပညာ ၁) |

www.burmeseclassic.com

www.burmeseclassic.com



## မနောဒွါရ - ရူပါရုံလိုင်း - အကောင်းအုပ်စုဇယား ၃-၂

| ရုပ်=ဟဒယ=၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ |
|---|---|---|---|
| ဘဝင် | မနောဒွါရာဝဇ္ဇန်း | ဇော (၇) | တဒါရုံ (၂) |
| | ၁။ ရူပါရုံကို အရောင်ဟု ဆင်ခြင်ဆုံးဖြတ် | | |
| ၃၄ | ၁၂ | ၃၄ | ၃၄ |
| ၃၄ | ၁၂ | ၃၃ | ၃၃ |
| ၃၄ | ၁၂ | ၃၃ | ၃၃ |
| ၃၄ | ၁၂ | ၃၂ | ၃၂ |
| အသိစိတ် အညသမာန်း သဒ္ဒါ-ပညာ အုပ်စု | ၂။ ရူပါရုံကို ရုပ်ဟု ဆင်ခြင်ဆုံးဖြတ် ၁၂(၄ ချက်) | ၃၄၊၃၃ ၃၃၊၃၂ | ၃၄၊၃၃ ၃၃၊၃၂ |
| (သောမနဿ-တိဟိတ်ပုဂ္ဂိုလ် အတွက်) | ၃။ ရူပါရုံကို အနိစ္စဟု ဆင်ခြင်ဆုံးဖြတ် ၁၂(၄ ချက်) | ၃၄၊၃၃ ၃၃၊၃၂ | ၃၄၊၃၃ ၃၃၊၃၂ |
| (ဥပေက္ခာ-တိဟိတ်ဖြစ်လျှင် ပီတိလျှော့ပါ) | ၄။ ရူပါရုံကို ဒုက္ခဟု ဆင်ခြင်ဆုံးဖြတ် ၁၂(၄ ချက်) | ၃၄၊၃၃ ၃၃၊၃၂ | ၃၄၊၃၃ ၃၃၊၃၂ |
| | ၅။ ရူပါရုံကို အနတ္တဟု ဆင်ခြင်ဆုံးဖြတ် ၁၂(၄ ချက်) | ၃၄၊၃၃ ၃၃၊၃၂ | ၃၄၊၃၃ ၃၃၊၃၂ |
| | ၆။ ရူပါရုံကို အသုဘဟု ဆင်ခြင်ဆုံးဖြတ် ၁၂ (၄ ချက်) | ၃၄၊၃၃ ၃၃၊၃၂ | ၃၄၊၃၃ ၃၃၊၃၂ |

မနောဒွါရဝီထိအစဉ်များဖြစ်မည်။ ဤဝီထိစဉ်တို့၌ စိတ်စေတသိက်တို့ကို အထက်ကနည်းအတိုင်း ရှုပါ။

၁၅။ ထိုရူပါရုံ၏ စက်ဆုပ်ရွံရှာဖွယ် အသုဘသဘောကို အာရုံယူလျက် ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ အသုဘဟုရှုခဲ့သော် အသုဘဟု သိနေသော မနောဒွါရဝီထိအစဉ်များဖြစ်မည်။ ဤဝီထိစဉ်တို့၌ စိတ်စေတသိက်တို့ကို အထက်ကနည်းအတိုင်း ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအတိုင်း ရူပါရုံကို (၁) အရောင်၊ (၂) ရုပ်၊ (၃) အနိစ္စ၊ (၄) ဒုက္ခ၊ (၅) အနတ္တ၊ (၆) အသုဘအဖြစ် ၆-ကြိမ်ရှုမှတ်စေခြင်းမှာ ယောနိသော မနသိကာရဖြစ်သည့်အခါ ကုသိုလ်ဇောများ စောပုံကို သဘောပေါက်စေလိုသည်က အကြောင်းတစ်ကြောင်း ဖြစ်ပါသည်။

ထို့အပြင် ဘင်္ဂဉာဏ်ပိုင်းတွင်-

*ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ*

ဟူသည်နှင့်အညီ **'ဉာတ'** အမည်ရသော ဝိပဿနာ၏ အရှုခံအာရုံခန္ဓာ ၅-ပါးနှင့် **'ဉာဏ'** အမည်ရသော ယင်းခန္ဓာ ၅-ပါးကို ဝိပဿနာရှုနေသည့် ဝိပဿနာဉာဏ်ဦးဆောင်သည့် နာမ်တရားစုဟူသော **(ဉာတ+ဉာဏ)** ၂-မျိုးလုံးကို ဝိပဿနာရှုမှတ်ရမည်ဟု သတ်မှတ်ချက်ရှိ၏။ ဤသတ်မှတ်ချက်အရ-

ရှုနေသော ဝိပဿနာဉာဏ်ပါသည့် မနောဒွါရိကဇောစိတ်စေတသိက်များကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုရမည်ဖြစ်သဖြင့် ရှုသည့်ဉာဏ်ကို ဝိပဿနာရှုတတ်ရန် ကြိုတင်ပြင်ဆင်သည်ကလည်း အကြောင်းတစ်ကြောင်းဖြစ်ပါသည်။

ရူပါရုံကို လက္ခဏာရေး ၃-ပါးတင်ကာ ရှုမှတ်သည့် ဝိပဿနာဇောစိတ်များ၏ နောက်၌ တဒါရုံကျသည် မကျသည်နှင့် ပတ်သက်၍...

*တိလက္ခဏာရမ္မဏိက ဝိပဿနာယ တဒါရမ္မဏံ*

*နလဗ္ဘတိ။ (အဘိ၊ဋ္ဌ၊၂၊၁၄၇)*

= သင်္ခါရတရားတို့၏ လက္ခဏာရေးသုံးတန်ကို အာရုံပြုသော ဝိပဿနာဇောနောင် တဒါရုံကို မရနိုင် ဟူသောအဆိုလည်း ရှိ၏။

နသော တရဏဝိပဿနာဇောနောင် တဒါရုံကျနိုင်သည်ဟုဆိုသော အခြားအဆိုအမိန့်များလည်းရှိ၏။

သို့အတွက် အနိစ္စ-ဒုက္ခ-အနတ္တ သဘောအသီးသီးကို အာရုံယူလျက် ရှုမှတ်သည့်အခါများ၌ တဒါရုံကျသည် မကျသည်ကို ယောဂီများကိုယ်တိုင် လက်တွေ့ရှု၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

## (၁) ရူပါရုံလိုင်း-မကောင်းအုပ်စု

၁။ စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူလိုလို မြင်နေအောင် ပူးတွဲသိမ်းဆည်းပါ။

၂။ ဣဋ္ဌဖြစ်သော ရုပ်ကလာပ်တို့၏ ရူပါရုံ သို့မဟုတ် သက်ရှိသက်မဲ့ ဣဋ္ဌရူပါရုံကို လှမ်းအာရုံယူပါ။

၃။ ထိုရူပါရုံက စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်သည့်အခါ အာဝဇ္ဇန်း-ဇဝနတို့က (၁) နိစ္စ-တည်မြဲသည်၊ (၂) သုခ-

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည်၊(၃)အတ္တ–သတ္တဝါ, ငါရှိသည်၊(၄)သုဘ–တင့်တယ်သည်ဟု တစ်လှည့်စီ ဆင်ခြင်ဆုံးဖြတ်သော် အယောနိသော မနသိကာရဖြစ်သည်။ ထို့ကြောင့် ဤဋ္ဌရူပါရုံကို လွန်စွာသာယာတပ်မက်နှစ်သက်သော လောဘ–ဒိဋ္ဌိ ဦးဆောင်သည့် အကုသိုလ်ဇောများပါဝင်ကြသော စက္ခုဒွါရဝီထိနှင့် နောက်လိုက် မနောဒွါရဝီထိ၊ သုဒ္ဓမနောဒွါရဝီထိများ ဖြစ်ပေါ်ကြသည်။

ထိုအခါ လောဘမူဒိဋ္ဌိကတသမ္ပယုတ်စိတ် ၄–ပါးအနက် တစ်ပါးပါးသည် ဇောအဖြစ်ဇော၏။ ထိုလောဘမူစိတ် ၄–ပါးတွင် စေတသိက် ၁၉, ၁၈, ၂၁, ၂၀ အသီးသီး ယှဉ်နိုင်ကြောင်းကို စာမျက်နှာ (၁၀၄) တွင် ဖော်ပြခဲ့၏။ အသိစိတ်ကိုပါ ပေါင်းထည့်သော် ၂၀, ၁၉, ၂၂, ၂၁ ဟူသော နာမ်ကလာပ် ၄–မျိုးကို ရရှိမည်။

လောဘမူစိတ်ဖြစ်သည့်အခါ သောမနဿ (ဝမ်းမြောက်ရွှင်လန်းမှု) ဖြစ်လျှင် ပီတိပါ၏။ ဥပေက္ခာဖြစ်လျှင် ပီတိမပါ။ အသင်္ခါရိက = တိုက်တွန်းမှုမရှိလျှင် ထိနမိဒ္ဓမပါ။ သသင်္ခါရိက = တိုက်တွန်းမှုရှိလျှင် ထိနမိဒ္ဓပါ၏။ ဤတိုက်တွန်းမှုသည် လောဘဖြစ်အောင် မိမိကိုယ်ကို မိမိတိုက်တွန်းရမှု သို့မဟုတ် သူတစ်ပါးတို့က တိုက်တွန်းရမှုဖြစ်၏။

လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–မျိုးက ဇောစိတ်အဖြစ် ပါဝင်ကြသော စက္ခုဒွါရဝီထိ–နောက်လိုက် မနောဒွါရဝီထိ–သုဒ္ဓမနောဒွါရဝီထိတို့၌ ဖြစ်ပေါ်သည့် စိတ်များနှင့်ယှဉ်သည့် စေတသိက်များ၏ အရေအတွက်အသီးသီးကို ရူပါရုံလိုင်း–မကောင်းအုပ်စုဇယားတွင် ဖော်ပြထားသည်။ ပဉ္စဒွါရာဝဇ္ဇန်း – စက္ခုဝိညာဏ်–သမ္ပဋိစ္ဆိုန်း– သန္တီရဏ–ဝုဋ္ဌော–ဘဝင်စိတ် အသီးသီး၌ ယှဉ်ကြသည့် စေတသိက်အမည်များမှာ ဇောဇောက ရူပါရုံလိုင်း–အကောင်းအုပ်စု ဇယားတွင် ဖော်ပြခဲ့သည့်အတိုင်းဖြစ်သည်။

ဇောစိတ်တို့မှာ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–မျိုးအနက် တစ်မျိုးမျိုးဖြစ်လျှင် ယှဉ်သောစေတသိက်တို့မှာ လောဘ–ဒိဋ္ဌိအုပ်စုဖြစ်သည်။ အညသမာန်းစေတသိက် ၁၃ + မောစတုက် ၄+ လောဘ + ဒိဋ္ဌိဟူ၍ ပီတိမပါလျှင် ၁၈ ဖြစ်သည်။ သသင်္ခါရိကစိတ် ၂–ပါးတွင် ထိန–မိဒ္ဓထည့်ပေါင်းသဖြင့် ၂၁, ၂၀ ဖြစ်လာသည်။ ဤစေတသိက်အရေအတွက် ၁၉, ၁၈, ၂၁, ၂၀ အသီးသီးတွင် အသိစိတ်ကို ထည့်ပေါင်းသော် ၂၀, ၁၉, ၂၂, ၂၁ ဟူသော နာမ်ကလာပ် ၄–မျိုးကို ရသည်။ ဤနာမ်ကလာပ်အသီးသီး၌ပါရှိသည့် စိတ်စေတသိက်အရေအတွက်တို့ကို ဇယား ၃–၃ ၌ ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တဒါရုံမှာ ၂-မျိုး ကျနိုင်သည်။ သောမနဿဇောနောက်၌ သောမနဿ သန္တီရဏတဒါရုံကျသဖြင့် စေတသိက် ၁၁-ပါး(နာမ်ကလာပ်=၁၂)ယှဉ်သည်။ ဥပေက္ခာဇောနောက်၌ ဥပေက္ခာသန္တီရဏတဒါရုံကျသဖြင့် စေတသိက် ၁၀ ပါး (နာမ်ကလာပ်=၁၁)ယှဉ်သည်။ ဤတဒါရုံ၌ယှဉ်သည့်စေတသိက်များမှာ ဇော ဇောက သန္တီရဏစိတ်တွင်ယှဉ်သည့် စေတသိက်များအတိုင်းပင် ဖြစ်ကြသည်။

သို့ဖြစ်၍ ရူပါရုံလိုင်း-မကောင်းအုပ်စုဇယားနှင့် ဇောဇောက အကောင်း အုပ်စုဇယားတို့ကို မှီငြမ်း၍ ဝီထိစိတ်အစဉ်များနှင့် ထိုစိတ်အသီးသီး၌ယှဉ်ကြ သည့် စေတသိက်များကို ဉာဏ်ဖြင့်ပိုင်းခြား၍သိမြင်အောင် ယခင်ဖော်ပြခဲ့သည့် နည်းအတိုင်း ရှုပါ။

၄။ အထက်ပါအတိုင်း စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲ သိမ်းဆည်း၍ ဣဋ္ဌရူပါရုံကိုလှမ်းယူ၍ ထိုရူပါရုံက စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်သောအခါ "ငါမို့ရှုရတာ"ဟု အထင်ကြီးမှုဖြစ်လျှင် လောဘ-မာနအုပ်စု အကုသိုလ်ဇောများဖြစ် ၏။ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါးဖြစ်၍ စေတသိက် ၁၉- ၁၈-၂၁-၂၀ အသီးသီးယှဉ်ကြမည်။ ယှဉ်သောစေတသိက်များမှာ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ်အတိုင်းပင်ဖြစ်၍ ဒိဋ္ဌိအစား မာန ပြောင်းပေးရန်သာ လို၏။ ထို့ကြောင့် အသိစိတ်ကိုပါ ပေါင်းထည့် သော် ဇော၌ ၂၀-၁၉-၂၂-၂၁ ဟူသော နာမ်ကလာပ်များကို မြင် သိရမည်။

သတိချပ်ရန်မှာ မာနသည် အနိယတယောဂီ=ယှဉ်ပုံမမြဲသော စေတသိက် ဖြစ်သဖြင့် ထောင်လွှားဝင့်ကြွားမှု မဖြစ်သည့်အခါ မာနမယှဉ်ပါ။ ထိုသို့ မာန မပါသော်(ဒိဋ္ဌိလည်း မပါသော်) ဇော၏ နာမ်ကလာပ်များမှာ ၁၉၊ ၁၈၊ ၂၁၊ ၂၀ ဖြစ်သွားပေလိမ့်မည်။

ရူပါရုံလိုင်း-မကောင်းအုပ်စုဇယားနှင့် အကောင်းအုပ်စုဇယားတို့ကို မှီ ငြမ်း၍ ဝီထိစိတ်အစဉ်များနှင့် ထိုစိတ်အသီးသီးတွင် ယှဉ်ကြသော စေတသိက် များကို ဉာဏ်ဖြင့် ပိုင်းခြား၍ သိမြင်အောင် ယခင်အတိုင်းရှုပါ။

၅။ အထက်ပါအတိုင်း စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲ သိမ်းဆည်း၍ အနိဋ္ဌဖြစ်သော ရူပါရုံ(ဥပမာ-မုန်းသူ၏ ရူပါရုံ)ကို လှမ်းအာရုံယူပါ။ ဒေါသဖြစ်သော် ဒေါသဇော ဇော၏။ ဒေါသမူ စိတ် ၂-ပါးသည် ဇောအဖြစ် ဇော၍ စေတသိက် ၁၇-ဝါးနှင့် ၁၉- ပါး အသီးသီးယှဉ်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



(ယှဉ်သောစေတသိက် ၁၇–ပါးမှာ ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၂–ပါး၊ မောစတုက် ၄–ပါးနှင့် ဒေါသတို့ ဖြစ်ကြ၏။ ထိန–မိဒ္ဓတို့ကို ထည့်ပေါင်းလျှင် ဒေါသမူသသင်္ခါရိကစိတ်အတွက် စေတသိက် ၁၉–ပါးကို ရ၏။)

ယှဉ်သောစေတသိက်များတွင် ဇောစိတ်ကိုပါ ထည့်ပေါင်းသော် ဇော၌ နာမ်တရား ၁၈ နှင့် ၂၀ ပါဝင်ကြသည့် နာမ်ကလာပ် ၂–မျိုးကို ရ၏။ ဤနာမ်ကလာပ်များ၌ပါဝင်သည့် ဝီရိယသည် ဒေါသဖြစ်ရန်ကြိုးစားမှုဖြစ်ပြီး ဆန္ဒသည် ဒေါသဖြစ်လိုသည့်သဘောဖြစ်၏။

ဒေါသမူဇောစောသည့် ဝီထိစဉ်များကို ရူပါရုံလိုင်း မကောင်းအုပ်စုဇယားတွင် ဖော်ပြထားသည်။ ပါဝင်ကြသည့် စိတ်အသီးသီးနှင့် စေတသိက်များကို ယခင်နည်းအတိုင်း ဆက်ရှုပါ။

၆။ အထက်ပါအတိုင်း စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲသိမ်းဆည်းပါ။ ဣဋ္ဌဖြစ်သောရုပ်ကလာပ်တို့၏ ရူပါရုံကို လှမ်းယူ၍ "ဤရူပါရုံကို ငါမှတစ်ပါး အခြားသူတို့ မမြင်မတွေ့ရလျှင် ကောင်းလေစွ" ဟု မိမိစိတ်၌ ဝန်တိုငြူစူမှုဖြစ်အောင် ကြိုးစားပါ။ ငြူစူမှုဖြစ်လျှင် ဒေါသ–ဣဿာအုပ်စု အကုသိုလ်ဇော စောမည်။ ဆိုလိုသည်မှာ ဣဿာပါဝင်သည့် ဒေါသမူဇောများ စောမည်။

ဤအခါ၌ ဒေါသမူဇောစိတ် ၂–မျိုးတွင် ပါဝင်ယှဉ်တွဲကြသည့်စေတသိက်များမှာ စောစောက (၁၇) နှင့် (၁၉) တို့အပြင် ဣဿာပါဝင်လာသဖြင့် စေတသိက် (၁၈) နှင့် (၂၀) အသီးသီး ဖြစ်လာကြမည်။ ထို့ကြောင့် ဇောနာမ်ကလာပ်တွင် တရားသဘော ၁၉ နှင့် ၂၁ အသီးသီးပါဝင်ကြမည်။

ရူပါရုံလိုင်း–မကောင်းအုပ်စုဇယားတွင် ဒေါသ–ဣဿာအုပ်စုအကုသိုလ်ဇောများ ပါဝင်သည့် ဝီထိစဉ်များနှင့် စိတ်စေတသိက်များကို ဖော်ပြထားပါသည်။ ဤနာမ်တရားတို့ကို တစ်ခုချင်းသိမြင်ရန် ယခင်နည်းအတိုင်း ရှုမှတ်ပါ။

၇။ အထက်ပါအတိုင်း စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲသိမ်းဆည်းပါ။ ဣဋ္ဌဖြစ်သောရုပ်ကလာပ်တို့၏ ရူပါရုံကို လှမ်းယူပါ။ ထိုရူပါရုံက စက္ခုအကြည်–မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်သည့်အခါ "မိမိရထားသည့် ရူပါရုံသည် သူတစ်ပါးတို့နှင့် မဆက်ဆံလျှင် ကောင်းလေစွ" ဟု ဝန်တိုမှုဖြစ်လာအောင် နှလုံးသွင်းပါ။ ဝန်တိုမှုဖြစ်သော် ဒေါသ–မစ္ဆရိယအုပ်စု အကုသိုလ်ဇောများ ဖြစ်၏။

www.burmeseclassic.com

## ရူပါရုံလိုင်း - မကောင်းအုပ်စု ဇယား ၃-၃

စက္ခုဒွါရဝီထိ — နောက်လိုက်မနောဒွါရဝီထိ/သုဒ္ဓမနောဒွါရဝီထိ

| မှီရာဝတ္ထုရုပ် | ဟာဒယ-၅၄ | စက္ခု-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ | ဟာဒယ-၅၄ |
|---|---|---|---|---|---|---|---|---|---|---|---|
| အုပ်စု | ပဉ္စဒွါရ ဝဇ္ဇန်း ဆင်ခြင် | စက္ခု ဝိညာဏ် မြင်သိ | သမ္ပဋိစ္ဆိုင်း လက်ခံ | သန္တီရဏ စုံစမ်း | ဝုဋ္ဌော ဆုံးဖြတ် | ဇော (၇) | တဒါရုံ (၂) | ဘဝင် | မနောဒွါရ ဝဇ္ဇန်း ဆင်ခြင် ဆုံးဖြတ် | ဇော (၇) | တဒါရုံ (၂) |
| ၁။ လောဘ-ဒိဋ္ဌိ | ၁၁ | ၈ | ၁၁ | ၁၂ | ၁၂ | ၂၀ | ၁၂ | ၃၄ | ၁၂ | ၂၀ | ၁၂ |
| ၂။ လောဘ-ဒိဋ္ဌိ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၉ | ၁၁ | ၃၄ | ၁၂ | ၁၉ | ၁၁ |
| ၃။ လောဘ-ဒိဋ္ဌိ | ၁၁ | ၈ | ၁၁ | ၁၂ | ၁၂ | ၂၂ | ၁၂ | ၃၄ | ၁၂ | ၂၂ | ၁၂ |
| ၄။ လောဘ-ဒိဋ္ဌိ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၂၁ | ၁၁ | ၃၄ | ၁၂ | ၂၁ | ၁၁ |
| ၅။ လောဘ-မာန | ၁၁ | ၈ | ၁၁ | ၁၂ | ၁၂ | ၂၀ | ၁၂ | ၃၄ | ၁၂ | ၂၀ | ၁၂ |
| ၆။ လောဘ-မာန | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၉ | ၁၁ | ၃၄ | ၁၂ | ၁၉ | ၁၁ |
| ၇။ လောဘ-မာန | ၁၁ | ၈ | ၁၁ | ၁၂ | ၁၂ | ၂၂ | ၁၂ | ၃၄ | ၁၂ | ၂၂ | ၁၂ |
| ၈။ လောဘ-မာန | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၂၁ | ၁၁ | ၃၄ | ၁၂ | ၂၁ | ၁၁ |
| ၉။ ဒေါသ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၈ | ၁၁ | ၃၄ | ၁၂ | ၁၈ | ၁၁ |
| ၁၀။ ဒေါသ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၂၀ | ၁၁ | ၃၄ | ၁၂ | ၂၀ | ၁၁ |
| ၁၁။ ဒေါသ-ဣဿာ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၉ | ၁၁ | ၃၄ | ၁၂ | ၁၉ | ၁၁ |
| ၁၂။ ဒေါသ-ဣဿာ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၂၁ | ၁၁ | ၃၄ | ၁၂ | ၂၁ | ၁၁ |
| ၁၃။ ဒေါသ-မစ္ဆရိယ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၉ | ၁၁ | ၃၄ | ၁၂ | ၁၉ | ၁၁ |
| ၁၄။ ဒေါသ-မစ္ဆရိယ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၂၁ | ၁၁ | ၃၄ | ၁၂ | ၂၁ | ၁၁ |
| ၁၅။ ဒေါသ-ကုက္ကုစ္စ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၉ | ၁၁ | ၃၄ | ၁၂ | ၁၉ | ၁၁ |
| ၁၆။ ဒေါသ-ကုက္ကုစ္စ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၂၁ | ၁၁ | ၃၄ | ၁၂ | ၂၁ | ၁၁ |
| ၁၇။ ဥဒ္ဓစ္စ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၆ | ၁၁ | ၃၄ | ၁၂ | ၁၆ | ၁၁ |
| ၁၈။ ဝိစိကိစ္ဆာ | ၁၁ | ၈ | ၁၁ | ၁၁ | ၁၂ | ၁၆ | ၁၁ | ၃၄ | ၁၂ | ၁၆ | ၁၁ |

www.burmeseclassic.com

www.burmeseclassic.com



ဤအခါ၌ ဒေါသမူစိတ် ၂–ပါးတို့သည်ပင် အလျဉ်းသင့်သလို ဇောအဖြစ် စောကြမည်။ ယှဉ်သည့်စေတသိက်များမှာ ဒေါသမူစိတ် ၂–ပါးတွင် ယှဉ်ကြသော စေတသိက် ၁၇–ပါးနှင့် ၁၉–ပါးတို့အပြင် မစ္ဆရိယပါဝင်လာသည့်အတွက် ၁၈ နှင့် ၂၀ အသီးသီးဖြစ်လာကြသည်။ ဇော၏နာမ်ကလာပ် ၂–မျိုးမှာ ၁၉ နှင့် ၂၁ ဖြစ်ကြ၏။

ရူပါရုံလိုင်း–မကောင်းအုပ်စုဇယားတွင် ဒေါသ–မစ္ဆရိယအုပ်စုအတွက် ဖော်ပြထားသောဝီထိစိတ်များနှင့် စေတသိက်များကို ယခင်နည်းအတိုင်းရှုမှတ်ပါ။

၈။ အထက်ပါအတိုင်း စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲသိမ်းဆည်းပါ။ ရူပါရုံနှင့် ဆက်စပ်သည့် ပြုပြီးသောဒုစရိုက် သို့မဟုတ် မပြုလိုက်မိသော သုစရိုက် (ကုသိုလ်) တစ်ခုခုကို အာရုံယူပါ။

ရူပါရုံက စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်သောအခါ "ဒုစရိုက်အကုသိုလ်ကို ငါ ပြုမိလေခြင်း" သို့မဟုတ် "သုစရိုက်ကုသိုလ်ကို ငါ မပြုမိခဲ့လေခြင်း"ဟု နောင်တတစ်ဖန် ပူပန်မှုဖြစ်အောင် နှလုံးသွင်းပါ။ ပူပန်မှုဖြစ်သော် ဒေါသ–ကုက္ကုစ္စ အုပ်စု အကုသိုလ်ဇောများ ဖြစ်၏။

ဒေါသမူစိတ် ၂–ပါးသည်ပင် အလျဉ်းသင့်သလို ဇောအဖြစ်စော၍ စေတသိက် ၁၈ နှင့် ၂၀ (မစ္ဆရိယအစား ကုက္ကုစ္စပြောင်းပါ) ယှဉ်ကြမည်။ ထို့ကြောင့် ဇော၏နာမ်ကလာပ် ၂–မျိုးမှာ ၁၉ နှင့် ၂၁ ဖြစ်ကြ၏။

ပြုပြီးခဲ့သော ဒုစရိုက်ကို အာရုံပြု၍ ၂–ချက်၊ မပြုလိုက်မိသော သုစရိုက်ကို အာရုံပြု၍ ၂–ချက် ရှုပါ။ ရူပါရုံလိုင်း–မကောင်းအုပ်စုဇယားတွင် ဒေါသ–ကုက္ကုစ္စ အုပ်စုအတွက် ဖော်ပြထားသော ဝီထိစိတ်များနှင့် စေတသိက်များကို ယခင်နည်း အတိုင်း ရှုမှတ်သွားပါ။

၉။ အထက်ပါအတိုင်း စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူ လိုလို ထင်အောင် ပူးတွဲ၍သိမ်းဆည်းပါ။ ရုပ်ကလာပ်တို့၏ ရူပါရုံကို လှမ်းယူပါ။ ထိုရူပါရုံက စက္ခုအကြည်–မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်စဉ် စိတ်ပျံ့လွင့်နေပါစေ။ စိတ်ပျံ့လွင့်သော် အယောနိသောမနသိကာရဖြစ်၏။ စိတ်ပျံ့လွင့်သော် မောဟမူ–ဥဒ္ဓစ္စ သမ္ပယုတ်စိတ်က ဇောအဖြစ်စော၏။ ဇော၌ နာမ်တရား ၁၆–ပါး ပါဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



နာမ်တရား ၁၆–ပါးမှာ အသိစိတ် ၁၊ ပီတိနှင့်ဆန့်ကြဉ်သော အညသမာန်း ၁၁၊ မောစတုက် ၄–ပါးတို့ ဖြစ်ကြ၏။ ရူပါရုံလိုင်း–မကောင်းအုပ်စုဇယားကို မှီငြမ်း၍ ယခင်အတိုင်း ရှုမှတ်သွားပါ။

၁၀။ အထက်ပါအတိုင်း စက္ခုအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူ လိုလို ထင်အောင် ပူးတွဲ၍သိမ်းဆည်းပါ။ ရုပ်ကလာပ်တို့၏ရူပါရုံ ကို လှမ်းယူပါ။ ထိုရူပါရုံက စက္ခုအကြည်–မနောအကြည်တို့ကို ပြိုင်တူ ရိုက်ခတ်သောအခါ "ဤရူပါရုံသည် သတ္တဝါလော၊ အတ္တ လော၊ သတ္တဝါ၏ဥစ္စာလေလော၊ အတ္တ၏ဥစ္စာလေလော"ဟု ယုံ မှား သံသယ ဖြစ်အောင် နှလုံးသွင်းပါ။ ယုံမှားသံသယဖြစ်သော် မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်က ဇောအဖြစ်ဇောမည်။ ဇော၌ နာမ်တရား ၁၆–ပါး ပါဝင်၏။

နာမ်တရား ၁၆–ပါးမှာ အသိစိတ် ၁၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇–ပါး၊ ဝိတက်၊ ဝိစာရ၊ ဝီရိယ၊ မောစတုက် ၄–ပါးနှင့် ဝိစိကိစ္ဆာစေတသိက်တို့ ဖြစ်ကြ၏။ ရူပါရုံလိုင်း–မကောင်းအုပ်စုဇယားကို မှီငြမ်း၍ ယခင်အတိုင်း ရှု မှတ်သွားပါ။

အထက်ပါ ရှုကွက်အသီးသီး၌ ဖြစ်ပေါ်ကြသော စိတ်များတွင် ဆင်ခြင်–မြင်သိ– လက်ခံ– စုံစမ်း– ဆုံးဖြတ် ဟူသော စိတ်အသီးသီးတို့နှင့် ယှဉ်ကြသည့် စေ တသိက်များသည် ရူပါရုံလိုင်း– အကောင်းအုပ်စုဇယားတွင် ဖော်ပြထားသည့် အတိုင်း ဖြစ်ကြ၏။ တဒါရုံမှာ သန္တီရဏတဒါရုံဖြစ်၍ ဇောနှင့် သောမနဿ–သောမနဿချင်း၊ ဥပေက္ခာ– ဥပေက္ခာချင်း လိုက်ဖက်ညီလေ့ရှိ၏။

ဒေါသဇောနောက်တွင် ဥပေက္ခာတဒါရုံကျရသည်။ အကုသိုလ်ဇောများ နောင် ကုသလ ဝိပါက် တဒါရုံများ ထိုက်သလို ဖြစ်နိုင်သည်ဟုလည်း အဆိုရှိ သည်။

ရူပါရုံလိုင်း – မကောင်းအုပ်စု ဇယားတွင် ရုပ်တရား၊ နာမ်တရားများကို ဖော်ပြထား၏။ ယောဂီများကိုယ်တိုင် ရှုမှတ်၍ ညှိနှိုင်းဆန်းစစ်သွားရန် ဖြစ် သည်။

## (ဂ) သဒ္ဒါရုံလိုင်း၊ ဂန္ဓာရုံလိုင်း၊ ရသာရုံလိုင်း၊ ဖောဋ္ဌဗ္ဗာရုံလိုင်း ရှုနည်းများ

ရူပါရုံလိုင်း၌ အကောင်းအုပ်စု၊ မကောင်းအုပ်စုများကို ရှုမှတ်ခဲ့သည့်အတိုင်း သဒ္ဒါရုံလိုင်း စသည်တို့၌လည်း နည်းတူရှုရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ သဒ္ဒါရုံလိုင်း၌ သောတအကြည်ဓာတ်နှင့် မနောအကြည်ဓာတ်တို့ကို ပူးတွဲ၍သိမ်းဆည်းပါ။ ဣဋ္ဌသဒ္ဒါရုံ= ကောင်းသောအသံ၊ အနိဋ္ဌသဒ္ဒါရုံ= မကောင်းသော အသံ စသည်တို့ကို လှမ်းအာရုံယူပါ။

ထိုသဒ္ဒါရုံက သောတအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်သောအခါ အာဝဇ္ဇန်းနှင့် ဝုဋ္ဌောတို့က ထိုသဒ္ဒါရုံကို (၁) အသံ၊ (၂) ရုပ်၊ (၃) အနိစ္စ၊ (၄) ဒုက္ခ၊ (၅) အနတ္တ၊ (၆) အသုဘ ဟု အသီးသီးဆင်ခြင်ဆုံးဖြတ်သော် ယောနိသော မနသိကာရဖြစ်သဖြင့် ကုသိုလ်ဇောများ ပါဝင်သည့် သောတဒွါရဝီထိ၊ နောက်လိုက်မနောဒွါရဝီထိ၊ သုဒ္ဓမနောဒွါရဝီထိများ ဖြစ်မည်။

ထိုသဒ္ဒါရုံက သောတအကြည်နှင့် မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်သည့်အခါ အာဝဇ္ဇန်းနှင့် ဝုဋ္ဌောတို့က ထိုသဒ္ဒါရုံကို (၁) နိစ္စ၊ (၂) သုခ၊ (၃) အတ္တ၊ (၄) သုဘ– ဟု အသီးသီး ဆင်ခြင်ဆုံးဖြတ်သော် အယောနိသော မနသိကာရဖြစ်သဖြင့် အကုသိုလ်ဇောများ ပါဝင်သည့် သောတဒွါရဝီထိ၊ နောက်လိုက် မနောဒွါရဝီထိ၊ သုဒ္ဓမနောဒွါရဝီထိများ ဖြစ်မည်။

ရူပါရုံလိုင်း– အကောင်းအုပ်စုဇယားနှင့် မကောင်းအုပ်စုဇယားတို့ကို နည်းမှီ၍ ဝီထိစဉ်အသီးသီးရှိ နာမ်တရားများကို ရှုမှတ်သွားရမည်။ (စက္ခုဝိညာဏ် နေရာ၌ သောတဝိညာဏ်ဖြစ်ခြင်းသာ ထူးသည်။)

၂။ ဂန္ဓာရုံလိုင်း၌ ဃာနအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲ သိမ်းဆည်း၍ ဣဋ္ဌ–အနိဋ္ဌ စသည်ပြားသော ရုပ်ကလာပ်တို့၏ အနံ့ = ဂန္ဓာရုံကို အာရုံယူ၍ ရှုပါ။ ရှုနည်းမှာ အထက်ပါနည်းအတိုင်း ဖြစ်သည်။

၃။ ရသာရုံလိုင်း၌ ဇိဝှာအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲ သိမ်းဆည်း၍ ဣဋ္ဌ–အနိဋ္ဌ စသည်ပြားသော ရုပ်ကလာပ်တို့၌ အရသာ= ရသာရုံကို အာရုံယူ၍ ရှုပါ။

၄။ ဖောဋ္ဌဗ္ဗာရုံလိုင်း၌ ကာယအကြည်နှင့် မနောအကြည်တို့ကို ပူးတွဲ သိမ်းဆည်း၍ ဣဋ္ဌ–အနိဋ္ဌ စသည်ပြားသော ရုပ်ကလာပ်တို့၏ အထိအတွေ့= ဖောဋ္ဌဗ္ဗာရုံကို အာရုံယူ၍ရှုပါ။

ထိုသို့ရှုရာ၌ ရုပ်ကလာပ်တို့၏ ပထဝီဓာတ်ကို အာရုံယူ၍ အကောင်းအုပ်စု– မကောင်းအုပ်စု၊ တေဇောဓာတ်ကို အာရုံယူ၍ အကောင်းအုပ်စု– မကောင်းအုပ်စု၊ ဝါယောဓာတ်ကို အာရုံယူ၍ အကောင်းအုပ်စု–မကောင်းအုပ်စုဟူ၍ ဖောဋ္ဌဗ္ဗာရုံကို ၃–မျိုး ခွဲ၍ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



## (ဃ) ဓမ္မာရုံလိုင်း-အကောင်းအုပ်စုရှုနည်း

ဓမ္မာရုံလိုင်း၌ ဓမ္မာရုံသည် မနောအကြည်၌သာ ထင်နိုင်၏။ ထို့ကြောင့် မနောအကြည်ကို သိမ်းဆည်း၍ ပသာဒရုပ် ၅–ပါး၊ သုခုမရုပ် ၁၆–ပါး၊ ပေါင်း ၂၁–ပါးသော ရုပ်တရားတို့ကို တစ်လုံးစီ တစ်လှည့်စီ အာရုံယူပြီးရှုပါ။ ယောနိသော မနသိကာရဖြစ်လျှင် ကုသိုလ်ဇောအုပ်စုများ ပါဝင်သည့် မနောဒွါရိက ဇောဝီထိများ ဖြစ်မည်။ အယောနိသော မနသိကာရဖြစ်လျှင် အကုသိုလ်ဇော အုပ်စုများ ပါဝင်သည့် မနောဒွါရိကဝီထိများ ဖြစ်မည်။

စက္ခုပသာဒ = စက္ခုအကြည်ကို အာရုံယူ၍ ရှုပုံစနစ်တစ်ခုကို ဖော်ပြပါမည်။

၁။ မနောအကြည်ကို သိမ်းဆည်းပါ။ (မြင်အောင်ရှုပါ။)

၂။ စက္ခုအကြည်ကို လှမ်းအာရုံယူပါ။ စက္ခုဒသကကလာပ်ကို ဦးစွာ မြင်အောင် ကြည့်ပြီး မှတ်ခွဲပါ။ စက္ခုအကြည်ကို ရွေးထုတ်ပြီး အာရုံယူပါ။

၃။ စက္ခုအကြည်က မနောအကြည်ကို ရိုက်ခတ်သောအခါ သို့မဟုတ် စက္ခုအကြည်က မနောအကြည်၌ ထင်လာသောအခါ မနောဒွါရိကဝီထိများ ဖြစ်မည်။ ထိုဝီထိများ၌ပါဝင်သည့် မနောဒွါရာဝဇ္ဇန်းက–

(၁) စက္ခုအကြည်ကို စက္ခုအကြည်ဟု ဆင်ခြင်ဆုံးဖြတ်သောအခါ၊
(၂) စက္ခုအကြည်ကို ရုပ်တရားဟု ဆင်ခြင်ဆုံးဖြတ်သောအခါ၊
(၃) စက္ခုအကြည်၏ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အာရုံယူ၍ အနိစ္စဟု ဆင်ခြင်ဆုံးဖြတ်သောအခါ၊
(၄) စက္ခုအကြည်၏ ဖြစ်ခြင်းပျက်ခြင်းဒဏ်ချက်ဖြင့် နှိပ်စက်ခံရမှုကို အာရုံယူ၍ ဒုက္ခဟု ဆင်ခြင်ဆုံးဖြတ်သောအခါ၊
(၅) ထိုစက္ခုအကြည်၏ ခိုင်မာသည့် အနှစ်သာရမရှိမှုသဘောကို အာရုံယူ၍ အနတ္တဟု ဆင်ခြင်ဆုံးဖြတ်သောအခါ၊
(၆) စက္ခုအကြည်ကို ရွံရှာစက်ဆုပ်ဖွယ်ဟု ဆင်ခြင်ဆုံးဖြတ်သောအခါ၊

ဤဆင်ခြင်ဆုံးဖြတ်မှု အသီးသီးတွင် ယောနိသော မနသိကာရဖြစ်၍ ကုသိုလ်ဇောစောမည်။ ထိုအခါ–

(၁) ဉာဏ်ယှဉ် ပီတိယှဉ်လျှင် နာမ်တရား ၃၄–ပါး၊
(၂) ဉာဏ်ယှဉ် ပီတိမယှဉ်လျှင် နာမ်တရား ၃၃–ပါး၊
(၃) ဉာဏ်မယှဉ် ပီတိယှဉ်လျှင် နာမ်တရား ၃၃–ပါး၊
(၄) ဉာဏ်မယှဉ် ပီတိမယှဉ်လျှင် နာမ်တရား ၃၂–ပါး၊

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ၄–ချက်ရှုပါ။ အာရုံထင်ရှား၍ ဝိဘူတာရုံဖြစ်သည့်အခါ တဒါရုံကျ၏။ အဝိဘူတာရုံဖြစ်လျှင် တဒါရုံမကျပါ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုသော် ဝိပဿနာကုသိုလ်ဇောနောက်၌ တဒါရုံကျသည်ဟူသော အဆိုနှင့် မကျဟုဆိုသော အဆို ၂–မျိုးရှိရာ ယောဂီကိုယ်တိုင်ရှု၍ စစ်ဆေးကြည့်ပါ။

**ဓမ္မာရုံလိုင်း-သုဒ္ဓမနောဒွါရဝီထိ-အကောင်းအုပ်စုဇယား ၃-၄။**

| ဓိရာဝတ္ထုရုပ် | ဟဒယ = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ |
|---|---|---|---|
| ရှုကွက် | မနောဒွါရာဝဇ္ဇန်း | ဇော (၇) | တဒါရုံ (၂) |
| ၁။ စက္ခုအကြည်ဟု | ၁၂ | ၃၄၊၃၃၊၃၃၊၃၂ | ၃၄၊၃၃၊၃၃၊၃၂ |
| ၂။ ရုပ်ဟု | ၁၂ | –။– | –။– |
| ၃။ အနိစ္စဟု | ၁၂ | –။– | –။– |
| ၄။ ဒုက္ခဟု | ၁၂ | –။– | –။– |
| ၅။ အနတ္တဟု | ၁၂ | –။– | –။– |
| ၆။ အသုဘဟု | ၁၂ | ၃၄၊၃၃၊၃၃၊၃၂ | ၃၄၊၃၃၊၃၃၊၃၂ |

**ပုံစံတူရှုရန်**

၁။ သောတအကြည် ၆။ ဣတ္ထိဘာဝရုပ်
၂။ ဃာနအကြည် ၇။ ပုရိသဘာဝရုပ်
၃။ ဇိဝှာအကြည် ၈။ ဟဒယဝတ္ထုရုပ်
၄။ ကာယအကြည် ၉။ ဇီဝိတရုပ်
၅။ အာပေါဓာတ် ၁၀။ သြဇာရုပ်

**မှတ်ချက်။** ။ အစ္ဈတ္တ၌ အမျိုးသားယောဂီများသည် ပုရိသဘာဝရုပ်=ပုမ္ဘာဝရုပ်ကို ရှုပါ။ အမျိုးသမီးယောဂီများက ဣတ္ထိဘာဝရုပ်ကို ရှုပါ။

## အနိပ္ဖန္နရုပ်များကိုရှုနည်း

အာကာသဓာတ်၊ ဝိညတ်ရုပ် ၂–ပါး၊ ဝိကာရရုပ် ၃–ပါး၊ လက္ခဏာရုပ် ၄–ပါး ဟူသော အနိပ္ဖန္နရုပ်၁၀–ပါးကို–

(၁) အာကာသဓာတ် စသည်အနေဖြင့် ၁–ကြိမ်ရှုပါ။

(၂) ရုပ်အနေဖြင့် ၁–ကြိမ်ထပ်ရှုပါ။

တစ်ကြိမ်တစ်ကြိမ်တွင် ဉာဏ်–ပီတိလဲလှယ်၍ ၄–ချက်စီရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်အတုများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာမရှုကောင်းပါ။ ရှုလျှင်လည်း ဝိပဿနာဇော မဖြစ်ပါ။

**ဓမ္မာရုံလိုင်း-မနောဒွါရဝီထိ-ရုပ်အတုရှုနည်း ဇယား ၃-၅။**

| မိုရာဝတ္တုရုပ် | ဟဒယ = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ |
|---|---|---|---|
| ရှုကွက် | မနောဒွါရာဝဇ္ဇန်း | ဇော (၇) | တဒါရုံ (၂) |
| ၁။ အာကာသ ဓာတ်ဟု | ၁၂ | ၃၄၊၃၃၊၃၃၊၁၂ | ၃၄၊၃၃၊၃၃၊၁၂ |
| ၂။ ရုပ်ဟု | ၁၂ | ၃၄၊၃၃၊၃၃၊၁၂ | ၃၄၊၃၃၊၃၃၊၁၂ |

**ပုံစံတူရှုရန်**

၁။ ကာယဝိညတ်
၂။ ဝစီဝိညတ်
၃။ လဟုတာရုပ်
၄။ မုဒုတာရုပ်
၅။ ကမ္မညတာရုပ်
၆။ ဥပစယရုပ်
၇။ သန္တတိရုပ်
၈။ ဇရတာရုပ်
၉။ အနိစ္စတာရုပ်

**မှတ်ချက်။** ။ ဥပစယရုပ်ကို ကလလရေကြည်အခိုက်ရှိ ရုပ်-နာမ်တို့ကို သိမ်းဆည်းနိုင်သောအခါ၌ ထပ်ရှုပါ။

ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာတို့သည် ကာယဝိညတ္တိနဝကကလာပ်စသည့် ရုပ်ကလာပ်များ၌ ပါရှိရာ ဆိုင်ရာရုပ်ကလာပ်ကို မြင်အောင် ပထမရှုပါ။ ထိုရုပ်ကလာပ်ကို ဓာတ်ခွဲပြီးနောက် မိမိရှုလိုသည့် ဝိညတ်ရုပ်ကို ရွေးထုတ်၍ အာရုံပြုပါ။ ထိုရုပ်တရားက မနောအကြည်၌ ထင်လာသည့်အခါ မနောဒွါရဝီထိဖြစ်လာမည်။ ထိုဝီထိရှိ နာမ်တရားများကို ရှုပါ။

သန္တတိ၊ ဇရတာ၊ အနိစ္စတာရုပ်တို့မှာ ရုပ်အစစ်တို့၏ ဥပါဒ်၊ ဌီ၊ ဘင် အခိုက်အတန့်တို့ကို ရည်ညွှန်းကြသဖြင့် ရုပ်ကလာပ်တစ်ခုအတွင်းရှိ ရုပ်အစစ်တို့၏ ထိုအခိုက်အတန့်တို့ကို ရှုရမည်။

## (င) ဓမ္မာရုံလိုင်း-မကောင်းအုပ်စုရှုနည်း

ရူပါရုံကို အာရုံပြု၍ မကောင်းအုပ်စု အကုသိုလ်ဇောများ ပါဝင်သည့် နာမ်တရားများ ဖြစ်ပုံကို ရှေ့၌ ရှုပွားခဲ့ပြီးဖြစ်သည်။ ဤရှုနည်းကို နည်းမှီ၍ စက္ခုအကြည်စသည့် ဓမ္မာရုံရုပ်တရားတို့ကို အာရုံယူကာ မနောဒွါရဝီထိ၌ အကုသိုလ်အုပ်စုနာမ်တရားများ ဖြစ်လာပုံကို ရှုပါ။ အောက်ပါဇယားကို အသုံးပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



### ဓမ္မာရုံလိုင်း-မနောဒွါရဝီထိ-မကောင်းအုပ်စုဇယား ၃-၆။

| | ဟဒယ = ၅၄ | ဟဒယ = ၅၄ | ဟဒယ = ၅၄ |
|---|---|---|---|
| ဇောအုပ်စု | မနောဒွါရာဝဇ္ဇန်း | ဇော (၇) ကြိမ် | တဒါရုံ (၂) ကြိမ် |
| ၁။ လောဘ–ဒိဋ္ဌိ | ၁၂ | ၂၀၊၁၉၊၂၂၊၂၁ | ၁၂၊၁၁၊၁၂၊၁၁ |
| ၂။ လောဘ–မာန | ၁၂ | ၂၀၊၁၉၊၂၂၊၂၁ | ၁၂၊၁၁၊၁၂၊၁၁ |
| ၃။ ဒေါသ | ၁၂ | ၁၈၊၂၀ | ၁၁ |
| ၄။ ဒေါသ–ဣဿာ | ၁၂ | ၁၉၊၂၁ | ၁၁ |
| ၅။ ဒေါသ–မစ္ဆရိယ | ၁၂ | ၁၉၊၂၁ | ၁၁ |
| ၆။ ဒေါသ–ကုက္ကုစ္စ | ၁၂ | ၁၉၊၂၁ | ၁၁ |
| ၇။ ဥဒ္ဓစ္စ | ၁၂ | ၁၆ | ၁၁ |
| ၈။ ဝိစိကိစ္ဆာ | ၁၂ | ၁၆ | ၁၁ |

### (စ) ဓမ္မာရုံလိုင်း-ဈာန်တရားများကို ရှုနည်း

ဈာန်ရထားသော ယောဂီများသည် မိမိရရှိထားသည့် ဈာန်တရားများကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ရှုမှတ်ရမည်ဖြစ်သည်။ ဖားအောက်တောရဆွဲ ယောဂီများအား ရုပ်ကမ္မဋ္ဌာန်းနှင့် နာမ်ကမ္မဋ္ဌာန်းမတိုင်မီက အောက်ပါရှုကွက်များကို ညွှန်ကြားထားခဲ့ပြီးဖြစ်သည်။ "အမြတ်ဆုံးပန်းတိုင် နေဗ္ဗာန်ပိုင်" ပထမတွဲ၌ ဖတ်ရှုပါ။

၁။ အဖြူရောင်ကသိုဏ်း၏ ပဋိဘာဂနိမိတ်ကို အာရုံယူ၍ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်။

၂။ ပဋိကူလ မနသိကာရ ကမ္မဋ္ဌာန်း၌ အရိုးကို အာရုံယူ၍ ပထမဈာန်။

၃။ မေတ္တာ ကမ္မဋ္ဌာန်း၌ သတ္တပညတ်ကို အာရုံယူ၍ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်။

၄။ အသုဘကမ္မဋ္ဌာန်း၌ အသုဘကောင်ကို အာရုံယူ၍ ပထမဈာန်။

၅။ ဗုဒ္ဓါနုဿတိနှင့် မရဏာနုဿတိကမ္မဋ္ဌာန်းများ၌ ဥပစာရဈာန် ခေါ် ဥပစာရသမာဓိကိုသာ ရပါသည်။ ကာမကုသိုလ်စိတ်များကသာ ဇောအဖြစ်စော၏။ ရူပါဝစရကုသိုလ်စိတ် မဖြစ်ပါ။

ဈာနသမာပတ္တိဝီထိ၌ မနောဒွါရာဝဇ္ဇန်းနောက်တွင် မန္ဒပညာပုဂ္ဂိုလ် ဖြစ်လျှင် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ကာမကုသိုလ်ဇော ၄–ကြိမ် (တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ကာမကုသိုလ်ဇော ၃–ကြိမ်) စော၏။ ထိုနောက်မှ ရူပါဝစရကုသိုလ်စိတ်တို့သည် ဈာန်ဇောအဖြစ် အကြိမ်များစွာ စော၏။

www.burmeseclassic.com

www.burmeseclassic.com



ယောဂီသည် ရှုလိုသောဈာန်ကို ဝင်စားပြီး ဈာန်မှထ၍ ဈာန်အင်္ဂါများမှ စတင်ကာ နာမ်တရားများကို သိမ်းဆည်းပါ။ ၎င်းနောက် နာမ်တရားတို့၏ မှီရာဝတ္ထုဖြစ်ကြသည့် ဘူတရုပ်, ဥပါဒါရုပ်ဟူသော ရုပ် ၅၄-မျိုးနှင့် ရနိုင်သမျှသော ရုပ်အတုတို့ကို ရောနှောသိမ်းဆည်းပါ။

နာမ်တရားစုတို့တွင် အသိစိတ်သည် ပဋိဘာဂနိမိတ်အာရုံကို ရယူခြင်းသဘောဖြစ်၏။ သဒ္ဓါသည် ဈာန်သမာဓိသိက္ခာကို ယုံကြည်ခြင်းသဘောဖြစ်၏။ ပညာသည် ဈာနသမ္မာဒိဋ္ဌိ ဖြစ်၏၊ ပဋိဘာဂနိမိတ်ကို ထိုးဖောက်သိမြင်ခြင်းသဘောဖြစ်၏။

**မနောဒွါရ-ဈာနသမာပတ္တိဝီထိဇယား ၃-၇။**

| မှီရာဝတ္ထုရုပ် | ဟဒယ - ၅၄ | ဟဒယ - ၅၄ | မှတ်ချက် |
|---|---|---|---|
| ဈာန် | မနောဒွါရာဝဇ္ဇန်း | ဇော (အကြိမ်များစွာ) | |
| ၁။ အဖြူရောင်ကသိုဏ်း | | ပ၊ဥ၊နု၊ဂေါ/ဈာန်---၊ | |
| ပထမဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၄-- | |
| ဒုတိယဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၂-- | ဝိတက်၊ဝိစာရပြုတ်။ |
| တတိယဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၁-- | ပီတိပြုတ်။ |
| စတုတ္ထဈာန် | ၁၂ | ၃၃၊၃၃၊၃၃၊(၃၃)/၃၁-- | သုခပြုတ်၊ ဥပေက္ခာထည့်။ |
| ၂။ ပဋိကူလအရိုး | | | |
| ပထမဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၄-- | |
| ၃။ မေတ္တာကမ္မဋ္ဌာန်း | | | |
| ပထမဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၄-- | |
| ဒုတိယဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၂-- | ဝိတက်၊ဝိစာရပြုတ်။ |
| တတိယဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၁-- | ပီတိပြုတ်။ |
| ၄။ အသုဘကမ္မဋ္ဌာန်း | | | |
| ပထမဈာန် | ၁၂ | ၃၄၊၃၄၊၃၄၊(၃၄)/၃၄-- | |

www.burmeseclassic.com

www.burmeseclassic.com



## (ဆ) ဝိရတိစေတသိက်များနှင့် အပ္ပမညာစေတသိက်များကိုရှုနည်း

**၁။ သမ္မာဝါစာ** – မနောအကြည်ကို သိမ်းဆည်း၍ မိမိရှောင်ကြဉ်ခဲ့ဖူးသည့် မုသားပြောခြင်း စသည့် ဝစီဒုစရိုက်တစ်ခုကို အာရုံယူ၍ ရှုပါ။ မနောဒွါရ ဝီထိဖြစ်ပြီး ဇော၌နာမ်တရားသည် သဒ္ဓါ–ပညာအုပ်စု ၃၄+သမ္မာဝါစာ=၃၅ ဖြစ်သည်။ ဉာဏ်–ပီတိလဲလှယ်၍ ၄–ချက်ရှုပါ။

**၂။ သမ္မာကမ္မန္တ** – မနောအကြည်ကို သိမ်းဆည်း၍ မိမိရှောင်ကြဉ်ခဲ့ဖူးသည့် ခြင်ရိုက်ခြင်းစသော ကာယဒုစရိုက်တစ်ခုကို အာရုံယူ၍ရှုပါ။ မနောဒွါရ ဝီထိဖြစ်ပြီး ဇော၌ နာမ်တရားသည် သဒ္ဓါ–ပညာအုပ်စု + သမ္မာကမ္မန္တ = ၃၅ ဖြစ်သည်။ ဉာဏ်–ပီတိ လဲလှယ်၍ ၄–ချက်ရှုပါ။

**၃။ သမ္မာအာဇီဝ**– အသက်မွေးဝမ်းကျောင်းနှင့်သက်ဆိုင်သော ဝစီဒုစရိုက်–ကာယဒုစရိုက် (ဥပမာ–ဈေးရောင်းရာ၌ လိမ်ပြောခြင်း၊ ကိုက်ခိုးခြင်း၊ ပစ္စည်းအတုပေးခြင်း) မှ ရှောင်ကြဉ်မှုတစ်ခုကို အာရုံယူ၍ ရှုပါ။ ဇော၌ နာမ်တရားသည် သဒ္ဓါ–ပညာအုပ်စု + သမ္မာအာဇီဝ = ၃၅ ဖြစ်သည်။ ဉာဏ်–ပီတိလဲလှယ်၍ ၄–ချက် ရှုပါ။

**၄။ ကရုဏာ** – ဒုက္ခိတသတ္တဝါတစ်ဦး (ဥပမာ–ဖျားနာနေသူတစ်ဦး) ကို အာရုံယူ၍ ထိုဆင်းရဲဒုက္ခမှ လွတ်မြောက်စေလိုသည့်သဘောကို မြင်အောင် ရှုပါ။ ဇော၌ နာမ်တရားသည် သဒ္ဓါ–ပညာအုပ်စု + ကရုဏာ = ၃၅ ဖြစ်သည်။ ဉာဏ်–ပီတိလဲလှယ်၍ ၄–ချက်ရှုပါ။

**၅။ မုဒိတာ**– သုခိတ သတ္တဝါတစ်ဦးကို အာရုံယူ၍ မိမိဝမ်းမြောက်နေသည့်သဘောကို မြင်အောင်ရှုပါ။ ဇော၌ နာမ်တရားသည် သဒ္ဓါ–ပညာအုပ်စု + မုဒိတာ = ၃၅ ဖြစ်သည်။ ဤ၌ ဘာဝနာမြောက် မုဒိတာမဟုတ်က သောမနဿ ဝေဒနာသာ ဖြစ်သင့်သောကြောင့် ပီတိယှဉ်၍ ဉာဏ် ပါ,မပါ ၂–ချက်သာ ရှုပါ။

(အထက်ပါ ဝိရတိ–အပ္ပမညာရှုကွက်၌ သဒ္ဓါသည် ကံ–ကံ၏အကျိုးကို ယုံကြည်မှုဖြစ်သည်။ ပညာသည် ကံ–ကံ၏အကျိုးကို နားလည်မှု=ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်သည်။)

## နာမ်တရားဟုရှုပုံ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နာမ်တရားများကို အာယတန–ဒွါရ အလိုက် စိတ္တက္ခဏတိုင်း၌ ကုန်စင်အောင် သိမ်းဆည်းနိုင်သောအခါ ထိုနာမ်တရားတို့၏ ထိုထိုအာရုံသို့ ညွတ်ကိုင်းရှိုင်းနေသည့် သဘောကို အာရုံယူ၍ နာမ်တရားအားလုံးကို တစ်ပေါင်းတည်းပြုလျက် "ဤကား နာမ်တရား" (ဝါ) "နာမ်တရား–နာမ်တရား" ဟု ရှုပါ။ သိမ်းဆည်းပါ။ (ဝိသုဒ္ဓိ၊ ၂၊၂၃၃)

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်-နာမ်ခွဲခြား၍ရှုပုံ

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ(ဝိသုဒ္ဓိ၊ ၂၊ ၂၂၂-၂၂၅)၏ ညွှန်ကြားချက်အရ ယောဂါဝစရပုဂ္ဂိုလ်သည်-

(၁) ရုပ်သက်သက်ကို သိမ်းဆည်းရ၏ (ရူပ ပရိဂ္ဂဟဉာဏ်တည်း)

(၂) နာမ်သက်သက်ကို သိမ်းဆည်းရ၏ (နာမ ပရိဂ္ဂဟဉာဏ်တည်း)

(၃) ထို့နောက် ရုပ်-နာမ် ခွဲရ၏ (နာမရူပ ပရိဂ္ဂဟဉာဏ်တည်း)

ရုပ်-နာမ်ခွဲရာ၌ နာမ်မှီရာဝတ္ထုရုပ်များကို ရုပ်အစစ်တို့ကို ပဓာနထား၍ ရုပ်အတုတို့ကိုပါ ရောနှောသိမ်းဆည်းပြီးလျှင် ရုပ်-နာမ်ခွဲပါ။ ဇယားအသီးသီး၌ ဖော်ပြထားသော ရုပ်-နာမ်တရားများကို အောက်ပါနမူနာအတိုင်း ခွဲရှုပါ။ ဇယားများတွင် ဝိပဿနာရှုကောင်းသော ရုပ်အစစ်တို့ကိုသာ ပဓာနထား၍ ဖော်ပြထား၏။ စက္ခုဒွါရဝီထိအတွက် နမူနာရှုနည်းမှာ-

(၁) ပဉ္စဒွါရာဝဇ္ဇန်း၌ ဟဒယရှိမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၁၁-လုံးတို့က နာမ်တရား။

(၂) စက္ခုဝိညာဏ်၌ စက္ခုရှိမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၈-လုံးက နာမ်တရား။

(၃) သမ္ပဋိစ္ဆိုန်း၌ ဟဒယရှိမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၁၁-လုံးက နာမ်တရား။

(၄) သန္တီရဏ၌ ဟဒယရှိမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက်(၁၂၊၁၁၊၁၂၊၁၁)လုံးက နာမ်တရား။

(၅) ဝုဋ္ဌော၌ ဟဒယရှိမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၁၂-လုံးက နာမ်တရား။

(၆) ဇော၌ ဟဒယရှိမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက်(၃၄၊၃၃၊၃၃၊၃၂)လုံးတို့က နာမ်တရား။

(၇) တဒါရုံ၌ ဟဒယရှိမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက်(၃၄၊၃၃၊၃၃၊၃၂)လုံးက နာမ်တရား။

ဤသို့စသည်ဖြင့် ၆-လိုင်းစလုံး ကုန်စင်အောင် ရုပ်နာမ်ခွဲပါ။

## အဇ္ဈတ္တ-ဗဟိဒ္ဓရုပ်နာမ်ခွဲပုံနှင့် ရုပ်နာမ်ပိုင်းခြားပုံ

မိမိ၏ခန္ဓာကိုယ်ဟူသော အဇ္ဈတ္တ၌ ရုပ်-နာမ်များကို သိမ်းဆည်းပြီးသော် ခန္ဓာကိုယ်ပြင်ပဖြစ်သည့် ဗဟိဒ္ဓ၌လည်း ရုပ်-နာမ်များကို သိမ်းဆည်းနိုင်ပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။ သိမ်းဆည်းပုံမှာ ရှေးဦးစွာ အရှူတ္တ၌ ရုပ်တရားတို့ကို သိမ်းဆည်းပါ။ ထို့နောက် ဝတ်ထားသောအဝတ်မှစ၍ ရှုနေသော ဉာဏ်အလင်းရောင်ဖြင့် ထိုးစိုက်လျက် ခတ်ကြီး ၄-ပါးကို ရှုပါ။ အဝတ်သည် ရုပ်ကလာပ်မှုန်များ ဖြစ်သွားလိမ့်မည်။ ထိုရုပ်ကလာပ်မှုန်တို့သည် ဥတုဇ-အဋ္ဌကကလာပ်များ ဖြစ်ကြ၏။ ရုပ် ၈-မျိုးကို ခတ်ခွဲ၍ ရှုပါ။

ဤနည်းဖြင့် သက်မဲ့လောကတစ်ခုလုံးသို့ တဖြည်းဖြည်းဖြန့်၍ ခတ် ၄-ပါး စိုက်၍ရှုပါ။ ရုပ်ကလာပ်မှုန်များသာ ဖြစ်သွားကြမည်။ ဥတုဇ-အဋ္ဌကကလာပ်များနှင့်အသံပါသော သဒ္ဒနဝက ကလာပ်များ ဖြစ်ကြ၏။ ဤရုပ်ကလာပ် ၂-မျိုးတို့၌ ရုပ် ၈-မျိုး၊ ၉-မျိုး မြင်အောင် ခတ်ခွဲ၍ ရှုပါ။

တစ်ဖန် သက်ရှိလောကကိုလည်း အရှူတ္တ၌ရှုသည့်ပုံစံအတိုင်း ၆-ဒွာန၊ ၄၂-ကောဋ္ဌာသရှိ ရုပ်အစစ်များနှင့် ရုပ်အတုများကို ဆက်ရှုပါ။ ထို့နောက် နာမ်တရားများကိုလည်း အရှူတ္တ၌ရှုသည့်နည်းစနစ်အတိုင်း ၆-လိုင်းလုံး ကုန်စင်အောင် ရှုပါ။ ဗဟိဒ္ဓကို ရှုရာ၌ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟု သန္တာန်မခွဲခြားဘဲ ဗဟိဒ္ဓချင်း တူသောအားဖြင့် သာမန်ခြုံ၍ ရှုပါ။

ရုပ်တရားများကို ရှုရာ၌ကား ဗဟိဒ္ဓ၌ တစ်ဦးချင်းရှုသော် ရနိုင်သေး၏။ နာမ်တရား၌ကား ဝိပဿနာအရာတွင် တစ်ဦး၏ စိတ်ကို အခြားတစ်ဦးက ဝိပဿနာဉာဏ်ဖြင့် အတိအကျမသိနိုင်ပါ။ အတိအကျသိမှုမှာ ပရစိတ္တဝိဇာနန အဘိညာဉ်၏ အရာသာဖြစ်သည်။ ဝိပဿနာအရာ၌မူ ဗဟိဒ္ဓ၌ ပုဂ္ဂိုလ်၊ သတ္တဝါ မခွဲခြားဘဲ ခြုံ၍သာ ရှုမှတ်ခြင်းသည် သာဝကတို့၏ သမ္မသနာစာရခေတ် ဖြစ်သည်။ (ဥပရိပဏ္ဏာသ၊ အနုပဒသုတ္တန်ဋီကာ)

အရှူတ္တနှင့် ဗဟိဒ္ဓတို့၌ ရုပ်တရား-နာမ်တရားတို့ကို တွင်တွင်ကြီး သိမ်းဆည်းနိုင်သောအခါ ရုပ်-နာမ်ခွဲခြင်းနှင့် ရုပ်-နာမ် ပိုင်းခြားခြင်းတို့ကို ပြုလုပ်ရ၏။

ဥပမာ- ဆင်ခြင်စိတ်၌ ဟဒယရှိမိုရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၁၁-လုံးတို့က နာမ်တရား၊ မြင်သိစိတ်၌ စက္ခုမှီရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၈-လုံးတို့က နာမ်တရား၊ လက်ခံစိတ်၌ ဟဒယရှိမိုရာဝတ္ထုရုပ် ၅၄-မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၁၁-လုံးက နာမ်တရား၊ ဤသို့ စသည်ဖြင့် ရှုမှတ်သွားခြင်းကို ရုပ်-နာမ် ခွဲသည်ဟု ခေါ်၏။ အာယတနဒွါရအလိုက် ၆-လိုင်းစလုံး ရုပ်-နာမ် ခွဲရ၏။

ထို့နောက် "ပုဂ္ဂိုလ်-သတ္တဝါ- ဇီဝ-အတ္တမရှိ ရုပ်နာမ်များသာရှိ၏။ ပုဂ္ဂိုလ်-

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါ– ဇီဝ– အတ္တမရှိ၊ ရုပ်နာမ်များသာရှိ၏”ဟု ဆက်ရှု၏။ ဤသို့ရှုခြင်းကို ရုပ် နာမ်ပိုင်းခြားသည်ဟု ခေါ်၏။

ရုပ်– နာမ်တို့ကို ဉာဏ်မျက်စိဖြင့် ပြတ်ပြတ်သားသား မြင်လျက် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားနိုင်သောအခါ ခန္ဓာ ၅–ပါးကိုစွဲ၍ “ဇီဝ၊ အတ္တ၊ ငါ”ဟု မှတ်ယူသော သက္ကာယဒိဋ္ဌိသည် တဒင်္ဂပဟာန်အားဖြင့် ကွာလေတော့၏။

## ဣရိယာပထနှင့် သမ္ပဇဉ်ရှုကွက်

ဣရိယာပထသည် သွား၊ ရပ်၊ ထိုင်၊ လျောင်း ဟူသည့် ဣရိယာ ၄–ပါးကို ရည်ညွှန်း၏။ သမ္ပဇဉသည် ဆင်ခြင်ဉာဏ်ဖြစ်၏။

**မဟာသတိပဋ္ဌာနသုတ်**– ကာယနုပဿနာ–ဣရိယာပထပဗ္ဗခေါ် ဣရိယာပုထ် ၄–ပါးကို ဆင်ခြင်သည့်အပိုင်း၌ ဤသို့အကျဉ်းဖော်ပြထား၏။

*“ရဟန်းတို့ …တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် သွားလျှင်လည်း ‘သွားသည်’ဟု သိ၏။ ရပ်လျှင်လည်း ‘ရပ်သည်’ ဟု သိ၏။ ထိုင်လျှင်လည်း ‘ထိုင်သည်’ဟု သိ၏။ လျောင်းလျှင်လည်း ‘လျောင်းသည်’ဟု သိ၏။ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင် အကြင် အမူအရာအားဖြင့် တည်နေ၏။ ထိုရုပ် အပေါင်းကို ထိုထို အမူအရာအားဖြင့် သိ၏။*

*“ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ မိမိသူတစ်ပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့အပြင် ‘ရုပ်အပေါင်းသည်သာလျှင် ရှိ၏’ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဝိပဿနာဉာဏ်နှင့်ယှဉ်သော သတိတိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိ တို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ၊ ငါ၏ ဥစ္စာ) ဟု စွဲလည်း မစွဲလမ်း၊ ရဟန်းတို့ … ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၏ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။”*

ထို့နောက် ကာယာနုပဿနာ–သမ္ပဇာနပဗ္ဗခေါ် သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း အပိုင်းကို ဤသို့ဆက်လက်ဖော်ပြထား၏။

*“ရဟန်းတို့ … တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့တိုးရာ နောက်*

www.burmeseclassic.com

www.burmeseclassic.com



*သို့ ဆုတ်ရာ၌ သိလျက်ပြုလေ့ရှိ၏။ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက်ပြုလေ့ရှိ၏။ ကွေးရာ ဆန့်ရာ၌ သိလျက်ပြုလေ့ရှိ၏။ စားရာသောက်ရာ ခဲရာလျက်ရာ၌ သိလျက်ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ သိလျက်ပြုလေ့ရှိ၏။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောရာ၊ ဆိတ်ဆိတ်နေရာ၌ သိလျက် ပြုလေ့ရှိ၏။*

*"ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း။ ပ ။ (အထက်က ဒုတိယအပိုဒ် အတိုင်း) ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။"*

အထက်ပါ သတိပဋ္ဌာနသုတ်တော်၏ ညွှန်ကြားချက်ကို လိုရင်းထုတ်နုတ်သော် မည်သည့်ဣရိယာပုထ်ဖြင့် နေနေ၊ ဘာပဲလုပ်လုပ်၊ ထိုသို့နေကြောင်း၊ လုပ်ကြောင်းကို သတိယှဉ်၍ မှတ်သိနေရမည်။ တစ်ချိန်တည်း၌ အဇ္ဈတ္တ−ဗဟိဒ္ဓ ၂−ဌာန၌ ရုပ်တရားများသာ ရှိသည်၊ ရုပ်တရားများ ဖြစ်ပျက်နေကြသည်၊ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောတို့လည်း ရှိသည်၊ ဤသည်တို့ကို မြင်အောင် အကြိမ်ကြိမ်ရှုမှတ်နေရမည်ဖြစ်သည်။

တစ်ဖန် မဟာသတိပဋ္ဌာနသုတ်တော်၏ ဝေဒနာနုပဿနာခန်း၌ အဇ္ဈတ္တ−ဗဟိဒ္ဓရှိ ဝေဒနာကို၊ စိတ္တာနုပဿနာခန်း၌ အဇ္ဈတ္တ − ဗဟိဒ္ဓရှိ စိတ်ကို၊ ဓမ္မာနုပဿနာခန်း၌ အဇ္ဈတ္တ−ဗဟိဒ္ဓရှိကျန်စေတသိက်သဘောတရားတို့ကို အလားတူ ရှုမှတ်နေရမည်ဟု ညွှန်ကြားထား၏။

အားလုံးကိုပေါင်း၍ဆိုရသော် အဇ္ဈတ္တ−ဗဟိဒ္ဓ ၂−ဌာန၌ ခန္ဓာငါးပါးသာ ရှိကြသည်၊ ဤခန္ဓာငါးပါးသည် တစ်ရံမစဲ ဖြစ်ပျက်နေကြသည်၊ ခန္ဓာငါးပါးတို့၏ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောတို့လည်း ရှိသည်၊ ဤသည်တို့ကို မြင်သိနေအောင် အမြဲမပြတ် ရှုမှတ်နေရမည်ဟု အကျဉ်းဆိုနိုင်ပါသည်။

ဤသို့ရှုမှတ်စေခြင်း၏ ရည်ရွယ်ချက်ကို စာရှုသူတို့ မြော်မြင်နိုင်ပါလိမ့်မည်။ ၃၁−ဘုံလုံး၌ ရုပ်နာမ်တရား (ဝါ) ခန္ဓာငါးပါးသာရှိပြီး ဤရုပ်နာမ်တရားတို့သည် တစ်ရံမစဲ ဖြစ်ပျက်နေကြသည်ကို ကြောင်းကျိုးဆက်နွယ်မှုနှင့်တကွ မြင်သိလာပါမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ ထင်ရှားလာပြီး ရုပ်နာမ်ကို တပ်မက်တွယ်တာသည့် 'တဏှာ' အားနည်းလာပြီးကာ ရုပ်နာမ်အစုကို "ငါ၊ သတ္တဝါ" ဟု အယူမှားနေသော 'ဒိဋ္ဌိ' က အကြွင်းမဲ့ပြတ်စဲကွာကျသွားမည် ဖြစ်ပါသည်။

ထိုမဟာသတိပဋ္ဌာနသုတ်တော်၏ ညွှန်ကြားချက်ကိုဖြည့်ဆည်းသည့်အနေဖြင့် ဖားအောက်တောရဆရာတော်သည် ယောဂီအပေါင်းတို့အား သွား၊ ရပ်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုင်၊ လျောင်း၊ ကွေး၊ ဆန့် စသည့်အမူကိစ္စအားလုံး၌ အမှတ်သတိယှဉ်၍သိအောင် ရှုမှတ်စေသည့်အပြင် ဓာတ်ကြီး ၄-ပါးကို ရှုနိုင်သောအခါ သွားခိုက်၊ ရပ်ခိုက်၊ ထိုင်ခိုက်၊ လျောင်းခိုက်၊ ရှေ့သို့တက်ခိုက် စသည့်အခါတို့၌ ဓာတ်ကြီး ၄-ပါးကို ပင် ရှုစေ၏။ အဇ္ဈတ္တ-ဗဟိဒ္ဓတို့၌ ရုပ်တရားများကို ရှုမှတ်နိုင်လာသောအခါ ဣရိယာပထ-သမ္ပဇဉ်ရှုကွက်တို့၌လည်း ရုပ်တရားအားလုံးကို ရှုမှတ်စေ၏။

တစ်ဖန် ယခုဖော်ပြခဲ့ပြီးသည့်အဆင့်အထိ နာမ်တရားများကို သိမ်းဆည်း နိုင်လာသောအခါ ဣရိယာပထ-သမ္ပဇဉ်ရှုကွက်တို့၌လည်း နာမ်တရားများ ကိုပင် ရှုစေ၏။ ရုပ်နာမ်ခွဲနိုင်၊ သိမ်းဆည်းနိုင်လာသောအခါ ဣရိယာပထ-သမ္ပ ဇဉ်ရှုကွက်တို့၌လည်း ရုပ်နာမ်ခွဲရန် သိမ်းဆည်းရန် ညွှန်ကြား၏။

ရုပ်နာမ်အားလုံးကို ရှုနိုင်လာသောအခါ ခန္ဓာငါးပါးရှုကွက်ထဲသို့ ဝင်သွား ပြီဖြစ်၏။ သွားလျှင် ခန္ဓာငါးပါး၊ ရပ်လျှင် ခန္ဓာငါးပါး၊ ထိုင်လျှင် ခန္ဓာငါးပါး၊ လျောင်းလျှင် ခန္ဓာငါးပါး၊ ရှေ့သို့တက်ရာ၌ ခန္ဓာငါးပါး၊ နောက်သို့ဆုတ်ရာ၌ ခန္ဓာငါးပါး၊ တည့်တည့်ကြည့်ရာ၌ ခန္ဓာငါးပါး၊ စောင်းငဲ့ကြည့်ရာ၌ ခန္ဓာငါးပါး၊ ကွေးရာ၌ ခန္ဓာငါးပါး၊ ဆန့်ရာ၌ ခန္ဓာငါးပါး စသည်ဖြင့် ခန္ဓာငါးပါးရှုကွက်များ ကို ဉာဏ်မျက်စိဖြင့် ထင်ထင်ရှားရှားသိမြင်လျက် ပိုင်ပိုင်နိုင်နိုင်ကြီး ရှုမှတ်နိုင် ပြီဖြစ်သည်။ ဤသို့ရှုနိုင်ပါမှလည်း အထက်၌ ဖော်ပြခဲ့သည့် မဟာသတိပဋ္ဌာန သုတ် အဆိုအမိန့်နှင့် ကိုက်ညီမည်ဖြစ်သတည်း။

BURMESE CLASSIC .com

## စိတ်စေတသိက်တို့ကို တကယ်ဓာတ်ခွဲနိုင်သလား

ရုပ်ကလာပ်များ ဓာတ်ခွဲနိုင်သည်ကို သံသယရှိသူတို့က ပို၍သိမ်မွေ့သော နာမ်ကလာပ်များ ဓာတ်ခွဲနိုင်ခြင်းကို မယုံကြည်နိုင်အောင် ရှိကြပေလိမ့်မည်။ ဤသူတို့၏ သံသယကို ပယ်ဖျောက်နိုင်ရေးအတွက် ဖားအောက်တောရယောဂီ များစွာကို ကျွန်တော်သေသေချာချာ မေးမြန်းကြည့်ပါသည်။

အချို့က ရုပ်တွင် အကောင်အထည်ပုံသဏ္ဌာန်ရှိသဖြင့် ရုပ်ကိုရှုမြင်နိုင် သည်။ စိတ်စေတသိက်ဟူသော နာမ်တရားတွင် အကောင်အထည်မရှိသဖြင့် နာမ်ကို မရှုမြင်နိုင်။ ထို့ကြောင့် ရုပ်ကိုဓာတ်ခွဲနိုင်သည်ဟုပင် ထားဦးတော့၊ နာမ် ကို မည်သည့်နည်းနှင့်မျှ ဓာတ်မခွဲနိုင်ဟု ထင်မှတ်ကြသည်။

အမှန်မှာ "အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင်" ပထမတွဲ၌ တင်ပြရှင်းပြခဲ့သလို ခန္ဓာကိုယ်သည် ရုပ်ကလာပ်များနှင့် ဖွဲ့စည်းထားပြီး ရုပ်ကလာပ်များသည် သိပ္ပံ က သိရှိထားသော အီလက်ထရွန်, ပရိုတွန် အစရှယ်တို့မျှလောက်သာ ရှိသည်။ ထို အီလက်ထရွန်တို့ကို ချဲ့အားအကြီးဆုံး အဏုကြည့်မှန်ပြောင်း (မိုက်ကရိုစကုပ်)

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ပင် ကြည့်၍မမြင်နိုင်သဖြင့် ရုပ်ကလာပ်များကိုလည်း နောက်ဆုံးပေါ် အီလက်ထရွန် မိုက်ကရိုစကုပ်ဖြင့် ကြည့်လျှင်ပင် မမြင်နိုင်ပါ။ သို့ဖြစ်၍ ပကတိမျက်စိဖြင့်ကြည့်လျှင် အဘယ်မှာမြင်နိုင်ပါအံ့နည်း။

ရုပ်ကလာပ်များကိုပင် ကြည့်၍မမြင်နိုင်လျှင် ထိုရုပ်ကလာပ်များတွင် ပါရှိသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ စသည့် ပရမတ်ရုပ်တရားတို့မှာ အကောင်အထည်, ပုံသဏ္ဍာန် လုံးဝမရှိသဖြင့် ၎င်းတို့ကို သာ၍ပင် ကြည့်၍ မမြင်နိုင်ပါ။ ပရမတ်ရုပ်တရားများတွင် အကောင်အထည်မရှိကြောင်းကို **လယ်တီဆရာတော်ဘုရား** က **"ကမ္မဋ္ဌာန်းကျမ်းကြီး"** စာမျက်နှာ ၂၈၃ တွင် ဤသို့ရေးသားခဲ့ပါသည်–

*"မြင်းမိုရ်တောင်ကြီးတစ်ခုလုံး၌လည်းကောင်း၊ မဟာပထဝီမြေကြီး တစ်ခုလုံး၌လည်းကောင်း၊ ပရမတ်ပထဝီသက်သက်ကိုကြည့်လိုသည်ရှိသော် အဏုမြူမျှအထည်ဒြပ်မရှိ၊ ခက်မာသောအခြင်းအရာကြီယာသဘောသက်သက်ကို ကွက်ခြား၍ သိရသည်၊ အဏုမြူမျှအထည်ဒြပ်မရှိဘဲ မှန်ထဲ၌ ထင်သော အရိပ်ကြီးကဲ့သို့ ရေထဲ၌ထင်သော အရိပ်ကြီးကဲ့သို့ မြင်ရလိမ့်မည်၊ အဏုမြူမျှလောက် အရှည်, အတို, အကြီး, အငယ် အခဲအမာထင်၍လာလျှင် ပရမတ်ပထဝီအစစ် မဟုတ်ပြီ။ သဏ္ဍာန်ပညတ်ဒြပ်အထည်နှင့် ရောခဲ့လျှင် ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။"*

လယ်တီဆရာတော်၏ အဆိုအမိန့်အရ ပုံသဏ္ဍာန်ဒြပ်အထည်မရှိသော ပရမတ်ရုပ်များကို ရှုမြင်နိုင်လျှင် ထိုသို့ရှုမြင်သည့်နည်းတူ ပုံသဏ္ဍာန်အထည်ဒြပ် မရှိကြသော စိတ်စေတသိက်များကိုလည်း ရှုမြင်နိုင်ရပေမည်။

အဘိဓမ္မာသင်္ဂြိုဟ် (ဒေါက်တာ မင်းတင်မွန်၊ ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်၊ နှာ ၁၀၃ ရှု)၌ ပသာဒရုပ်၅–ပါး၊ သုခုမရုပ်၁၆–ပါး၊ စိတ်၊ စေတသိက် ၅၂–ပါး၊ ပညတ်နှင့် နိဗ္ဗာန်တို့သည် မနောဒွါရ၌ အာရုံထင်နိုင်ကြောင်းကို မိန့်ဆိုထားပါသည်။ သို့အတွက် မနောဒွါရိက စိတ်ဖြင့် ပရမတ်ရုပ်နာမ်တရားများအပြင် ကသိုဏ်းနိမိတ် စသည့် ပညတ်တရားနှင့် နိဗ္ဗာန်တို့ကိုပါ ရှုမြင်နိုင်သည်ဟု ယုံကြည်ရပေမည်။

အဘိဓမ္မာ–အာရမ္မဏပိုင်းတွင် 'ဂေါတြဘု'အမည်ရသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် သို့မဟုတ် မဟာကြိယာဉာဏသမ္ပယုတ်စိတ်ဖြင့် လည်းကောင်း၊ မနောဒွါရာဝဇ္ဇန်း စိတ်ဖြင့်လည်းကောင်း၊ မဂ်စိတ် ဖိုလ်စိတ်တို့ဖြင့်လည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ဟု အတိအလင်း ဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတသိက်တို့ထက် ပို၍သိမ်မွေ့ပြီး အသိမ်မွေ့ဆုံးဖြစ်သည့် နိဗ္ဗာန်တရားကိုပင် ရှုမြင်နိုင်သည်ဆိုလျှင် စိတ်စေတသိက်တို့ကို မရှုမြင်နိုင်ဘဲ အဘယ်မှာရှိပါအံ့နည်း။

တစ်ဖန် ခန္ဓာငါးပါးအစုကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ အတ္တအဖြစ် သံသရာ တစ်လျှောက်လုံး စွဲယူထားခဲ့သည့် သက္ကာယဒိဋ္ဌိကို တွန်းလှန်ဖြိုဖျက်ပြီး ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ တက်လှမ်းနိုင်ရေးအတွက် ပရမတ်ရုပ်တရား၊ နာမ်တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် ရှုသိရန်လိုအပ်ပါသည်။ ဤသို့ လိုအပ်ကြောင်းကို **လယ်တီဆရာတော်ဘုရား** က **ကမ္မဋ္ဌာန်းကျမ်းကြီး** (နှာ ၂၄၂) ၌ ဤသို့သံခိပ်လင်္ကာဖွဲ့စပ်ပေးထားပါသည်–

*(က) လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့်ရုပ်။*

*(ခ) လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိဝိသုဒ္ဓိ။*

မြတ်စွာဘုရား၏ တရားတော်သည် အကြောင်း – အကျိုး ညီညွတ်သော သဘာဝတရား ဖြစ်ပါသည်။ မှန်ကန်ကြောင်းကို မျက်မြင်ဒိဋ္ဌ–သိပ္ပံနည်းကျ ကိုယ်တိုင်လက်တွေ့စစ်ဆေးနိုင်သော သန္ဒိဋ္ဌိကဂုဏ်တော်နှင့်လည်း ပြည့်စုံပါသည်။

BURMESE CLASSIC .com

သို့အတွက် စိတ်၊ စေတသိက်နှင့် ပရမတ်ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ဆန်းစစ်ဖို့ကို ထားဦးတော့၊ ရှုကြည့်၍ပင် မမြင်နိုင်ဟု ယူဆလျှင် တရားတော်၏ သန္ဒိဋ္ဌိကဂုဏ်တော်ကို ငြင်းပယ်ရာရောက်သွားပေလိမ့်မည်။

**လက္ခဏာ** (ဝါ) လက္ခဏာဟူသည်မှာ ပရမတ်တရားတစ်ခုစီကို သိကြောင်းဖြစ်သည့် အမှတ်အသားဖြစ်ပါသည်။

**ရသ** ဟူသည်မှာ ပရမတ်တရားတစ်ခုစီ၏ ပြုဖွယ်ကိစ္စ ဖြစ်သည်။

**ပစ္စုပဋ္ဌာန်** သည် ထိုပြုဖွယ်ကိစ္စကြောင့် ရထိုက်သည့်အကျိုး ဖြစ်သည်။

**ပဒဋ္ဌာန်** သည် ပရမတ်တရားတစ်ခုစီကို ဖြစ်ပေါ်စေသည့် အနီးကပ်ဆုံး အကြောင်းတရား ဖြစ်သည်။

ရုပ်နာမ်တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် လေးချက် ပိုင်ပိုင် ပိုင်းခြားကာ ရှုနိုင်ဖို့အတွက် ရုပ်ကလာပ်ကို ခွဲခွဲ၍ ပရမတ်ရုပ်တစ်ခုစီကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ပေါ်လွင်အောင် ရှုရပေမည်၊ နာမ်ကလာပ် (ဝါ) နာမ်အဖွဲ့အစုကို ခွဲခွဲ၍ စိတ်စေတသိက်တစ်လုံးစီကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ထင်ပေါ်အောင် ရှုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ရှုနိုင်ပါမှလည်း ရုပ်တရားများနှင့် နာမ်တရားများကို ပိုင်းပိုင်းခြား ခြား ကွဲကွဲပြားပြား ရှုသိနိုင်သည်ဟု ဆိုရပေမည်။ ဤသို့ ရုပ်တစ်လုံးစီ နာမ် တစ်လုံးစီကို ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား ရှုသိနိုင်ပါမှလည်း **နာမရူပ ပရိစ္ဆေဒဉာဏ်** ရသည်ဟု ဆိုနိုင်ပါသည်။

နာမရူပ ပရိစ္ဆေဒဉာဏ်သည် ခန္ဓာကိုယ်၌ရှိသော ရုပ်တစ်လုံးစီ နာမ် တစ် လုံးစီကို ပိုင်းပိုင်းခြားခြားရှုမြင်သည့်အတွက် ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသော ခန္ဓာငါးပါးကို စေ့စေ့စပ်စပ် ပြတ်ပြတ်သားသား ရှုမြင်သည်ဟု ဆိုနိုင်ပါသည်။

ဤသို့ ခန္ဓာငါးပါးကို ရှုမြင်ပြီး ဤတစ်လံမျှသောကိုယ်၌ ခန္ဓာငါးပါးသာ ရှိသည်၊ ခန္ဓာငါးပါးအပြင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ အတ္တ၊ ဇီဝကောင်၊ လိပ်ပြာကောင် ဟူ၍မရှိ၊ မပျက်မစီးဘဲ အမြဲတည်သော အတ္တ၊ ဇီဝ၊ လိပ်ပြာ၊ ဝိညာဉ်ဟူ၍ ဘာမျှ မရှိဟု ဂဃနဏ တိတိကျကျသိမြင်သဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်သည် သက္ကာ ယ ဒိဋ္ဌိကို ဖြိုခွင်းကာ **"ဒိဋ္ဌိဝိသုဒ္ဓိ = သက္ကာယဒိဋ္ဌိအယူအစွဲမှ စင်ကြယ်ခြင်း"** ကို ဖြစ်ပေါ်စေနိုင်ပါသည်။

အကယ်၍ ရှုပါရုံကိုမြင်သိရာ၌ 'ပဋ္ဌဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်' စသည်ဖြင့် ဝီထိစိတ်အစဉ် ဖြစ်သွားသည်ကို စိတ်တစ်လုံးစီ ပိုင်းခြား၍မမြင်သိပါက 'သန္တတိဃန' မပြိုကွဲ ပါ။

ထို့အပြင် ထိုဝီထိစိတ်တစ်လုံးစီ၌ စေတသိက် ၇-ပါးမှ ၃၄-ပါးအထိ တစ် ပေါင်းတည်း ယှဉ်စပ်၍ ဖြစ်ပွားသွားသည်ကို နာမ်ကို ခွာတ်ခွဲပြီး နာမ်တရား တစ် လုံးစီကို မရှုသိနိုင်ပါက **"သမူဟဃန"** မပြိုကွဲပါ။

ထို့အပြင်လည်း စိတ်စေတသိက်တို့ စုပေါင်းပြီး ဖြစ်ပေါ်ကြသည့်အခိုက်၌ ဖဿက အာရုံနှင့် အသိစိတ်ကို ဆက်စပ်ထိတွေ့ပေး၏၊ ဝေဒနာက အာရုံ၏ အရသာကို ခံစား၏၊ သညာက အာရုံကိုမှတ်သား၏၊ စေတနာက အာရုံယူခြင်း ကိစ္စပြီးစီးရန် စေ့ဆော်ခြင်း၊ ကြောင့်ကြစိုက်ခြင်းကိုပြု၏၊ စက္ခုဝိညာဏ်၊ သောတ ဝိညာဏ် စသည်က အာရုံကိုသိ၏ စသည်ဖြင့် မိမိတို့ဆိုင်ရာကိစ္စအသီးသီးကို ဆောင်ရွက်ကြ၏။

ဤသို့ ပရမတ်တရားတို့က ကိစ္စအသီးသီး ဆောင်ရွက်နေသည်ကို ခွဲခြမ်း စိတ်စိတ်၍ မရှုမြင်နိုင်လျှင် စိတ်တစ်ခုတည်းက အာရုံသိခြင်းကိစ္စတစ်ခုတည်းကို ဆောင်ရွက်နေသည်ဟု ထင်မြင်မိသဖြင့် **"ကိစ္စဃန"** မပြိုကွဲနိုင်ပါ။

တစ်ဖန် ထို့ပြင်လည်း စက္ခုဒွါရဝီထိတစ်ခုတွင် ပါဝင်ကြသော စိတ် စေ တသိက် အားလုံးတို့သည် ထင်ဆဲ ရှုပါရုံတစ်ခုတည်းကို အာရုံပြုကြ၏။ ဤသို့

www.burmeseclassic.com



အာရုံတစ်ခုတည်းကို တစ်ပြိုင်တည်းအာရုံပြုကြသည့်အတွက် စိတ်စေတသိက်တို့သည် တစ်ခုတည်းပဲ ဖြစ်သည်ဟု ထင်မှတ်ရခြင်းကို **"အာရမ္မဏဃန"** ဟု ခေါ်ပါသည်။ ပရမတ်တရားတစ်ခုစီက ထင်ဆဲအာရုံကို တစ်သီးတခြားစီ အာရုံပြုနေကြသည်ကို ခွဲခြမ်းစိတ်ဖြာ၍ မရှုမြင်နိုင်လျှင် အာရမ္မဏဃန မပြိုကွဲပါ။

အထက်ပါ ဃနလေးပါး မပြိုကွဲလျှင် **အနတ္တလက္ခဏာ** မထင်သဖြင့် ပရမတ်ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာရေးသုံးပါး မတင်ရှုနိုင်ပါ၊ ထို့ကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ပါ။ အနတ္တလက္ခဏာကို ဃနလေးပါး ဖုံးလွှမ်းထားကြောင်းကို "အမြတ်ဆုံးပန်းတိုင် ကောန်ပိုင်" ပထမတွဲ၊ စာမျက်နှာ ၃၁–၃၄ တွင် တင်ပြရှင်းပြထားပါသည်။ BURMESE CLASSIC .com

သို့အတွက် စိတ်စေတသိက်တို့ကို အဖွဲ့အစု အနေဖြင့် ရှုမြင်နိုင်ရုံမျှမက တစ်လုံးစီကို ခွဲခြား၍ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့်လည်း ပိုင်းပိုင်းခြားခြား ရှုမြင်ရန် လိုအပ်ကြောင်းကို သဘောပေါက်နားလည်ပြီးလျှင် ထိုသို့ ရှုမြင်၍ ရရမည်ဆိုသည်ကိုလည်း တစ်ထစ်ချယုံကြည်အပ်ပါသည်။

ပုံသဏ္ဍာန် အထည်ဒြပ်မရှိကြသော စိတ်စေတသိက်တို့ကို ရှုမြင်နိုင်ဖို့ အတွက် အရည်အသွေးမှီသည့် အထောက်အကူကိရိယာနှင့် ရှုနည်းပညာတို့ လိုအပ်ပါသည်။ အရည်အသွေးမှီသည့် အထောက်အကူကိရိယာမှာ ဈာန်သမာဓိ ဖြစ်ကြောင်းကို **လယ်တီဆရာတော်ဘုရား** က **'ကမ္မဋ္ဌာန်းကျမ်းကြီး'** စာမျက်နှာ ၂၄၀ တွင် ဤသို့ အားရစဖွယ်ရေးသားထားခဲ့ပါသည်–

*"မျက်မှန် မှန်ပြောင်းဖြင့် တပ်ချိန်၍ကြည့်သောအခါ ပကတိမြင်နိုင်ခဲသော သိမ်မွေ့သော ဝေးသောအာရုံတို့ကိုပင် အလွယ်တကူ ချမ်းသာစွာ ထင်ထင်ရှားရှား မြင်ရဘိသကဲ့သို့ ထို့အတူ ဈာန်ကိုဝင်စား၍ ဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာရှုသည်ရှိသော် အလွန်နက်နဲသိမ်မွေ့သော အလွန်ဝေးသော အလွန်ထင်မြင်နိုင်ခဲသော အနိစ္စ လက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ အာရုံတို့ကိုလည်း မပင်မပန်း ချမ်းသာလွယ်ကူစွာ ထင်မြင်နိုင်တော့၏၊ အာသဝေါတရားတို့ကို အကြွင်းမဲ့ကုန်စေတတ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည် ဖြစ်ပေါ်လာတော့သည်၊ အလွန်နက်နဲသိမ်မွေ့သော အလွန်ဝေးသော အလွန်ထင်မြင်နိုင်ခဲသော သစ္စာလေးပါး အာရုံ, နိဗ္ဗာန်အာရုံတို့ကို ထင်မြင်နိုင်တော့၏။"*

ဖားအောက်တောရတွင် ကျင့်သုံးသော ရှုနည်းပညာမှာ အလွန်စနစ်ကျပြီး ထက်မြက်လှ၏၊ သို့သော် အလွန်အနုစိတ်ပြီး ရှုကွက်များပြားလှသည့်အတွက် အကုန်အစင် ရှုနိုင်ပါမည်လားဟု သံသယဝင်စရာဖြစ်၏။ အချို့က ဤမျှအသေးစိတ်ပြီး ရှုစရာမလိုဟု စောဒကတက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"စိတ္တေန နီယတိ လောကော" ဟူသည်နှင့်အညီ သမာဓိယှဉ်သောစိတ်တွင် အနန္တစွမ်းအား ရှိသည်။ သမာဓိယှဉ်သောစိတ်ဖြင့် ပရမတ်ရုပ်နာမ်တို့ကို ထိုးထွင်း၍ မြင်သိနေသည့်အခါ ထိုပရမတ်တရားတို့၏ သဘာဝအမှန်ကို သိမြင်လာရန် ရှုနည်းအမျိုးမျိုးဖြင့် လှန်လှောကြည့်ရှုရန်မှာ မခဲယဉ်းလှတော့ပေ။

ကိုယ်ကာယကို လှုပ်ရှား၍ပြုလုပ်ရသော တင်းနစ်၊ ဘက်မင်တန် (ကြက်တောင် ရိုက်ခြင်း)၊ ဂေါက်သီးရိုက်ခြင်း၊ ဘောလုံးကန်ခြင်း စသည့်ကစားနည်းတစ်ခုခုကို အထပ်ထပ်အဖန်ဖန် စနစ်တကျ လေ့ကျင့်ပေးလျှင် ပို၍ပို၍ လျင်မြန်သွက်လက်စွာ ကျွမ်းကျင်စနစ်ကျစွာ ကစားနိုင်လာသကဲ့သို့ သမာဓိယှဉ်နေသည့် ဘာဝနာစိတ်ကို ရှုနည်းပညာအမျိုးမျိုးဖြင့် လေ့ကျင့်ပေးလေလေ ပို၍ထက်မြက်လာလေလေဖြစ်ကာ ပို၍လျင်မြန်သွက်လက်စွာ ရှုလာနိုင်သည်ကို ယောဂီတို့ကိုယ်တိုင် သိရှိခံစားလာရပါသည်။ ကစားနည်းတစ်မျိုးမျိုးကို နည်းမျိုးစုံဖြင့် ပို၍လေ့ကျင့်ပေးနိုင်လေလေ ကောင်းလေလေဖြစ်သကဲ့သို့ ဘာဝနာစိတ်အစဉ်ကိုလည်း ကမ္မဋ္ဌာန်းရှုကွက် များများဖြင့် ပို၍လေ့ကျင့်ပေးနိုင်လေလေ ပို၍ထက်မြက်လာလေလေ ဖြစ်ပါသည်။ BURMESE CLASSIC .com

စိတ်သည် အလွန်လျင်မြန်ရကား ကောင်းစွာလေ့ကျင့်ပေးထားသော ဘာဝနာစိတ်သည် အထူးအံ့ဩစဖွယ်ကောင်းအောင် သွက်သွက်လက်လက် ထက်ထက်မြက်မြက် ရှုမြင်လာနိုင်သည်ကို ယောဂီတို့ တွေ့ရှိရပါသည်။

သို့အတွက် အထက်၌ ဖော်ပြခဲ့သော နာမ်ကမ္မဋ္ဌာန်း ရှုကွက်များကို ဖားအောက် တောရယောဂီများသည် အများအားဖြင့် ၃-ရက်မှ ၇-ရက်အတွင်း၌ပင် အကုန်အစင် ရှုနိုင်ကြသည်ဟု စုံစမ်းသိရှိရပါသည်။

မည်မျှတိတိကျကျရှုသိနေသည်ဆိုသည့်အချက်မှာ ယောဂီတစ်ဦးစီအပေါ်မှာ တည်ပါလိမ့်မည်။ ဆရာတော်က တစ်ချိန်တွင် ရှုကွက်တစ်မျိုးပေးပြီး ရှုစေပါသည်။ ယောဂီက သူကိုယ်တိုင်ရှုမြင်ပုံကို ဆရာတော်အား လျှောက်ထားရပါသည်။ ဆရာတော်က ကျေနပ်လျှင် နောက်ရှုကွက်တစ်ခုကို ချပေးပါသည်၊ မကျေနပ်သေးလျှင် ယခင်ရှုကွက်ကိုပင် မည်သို့ထပ်မံရှုရမည်ကို ညွှန်ကြားပါသည်။ ဤသို့လျှင် ကျောင်းသူကျောင်းသားများက ဂဏန်းသင်္ချာပုစ္ဆာများကို တစ်ပုဒ်ပြီးတစ်ပုဒ် တွက်ချက်ရန် သင်တန်းဆရာထံမှ လမ်းညွှန်မှုကို ရယူကာ တွက်ချက်သွားကြသလို ဖားအောက်ယောဂီများလည်း နာမ်ကမ္မဋ္ဌာန်းရှုကွက်များကို တစ်ကွက်ပြီးတစ်ကွက် ရှုမှတ်သွားကြပါသည်။

ကျွန်တော်၏ အဘိဓမ္မာသင်တန်းကို တက်ခဲ့ဖူးသော တက္ကသိုလ်ဆရာမ အချို့အား သူတို့ရှုမြင်ပုံကို ကျွန်တော်မေးမြန်းခဲ့ပါသည်—

www.burmeseclassic.com

www.burmeseclassic.com



"မမြင်ရတဲ့ စိတ်စေတသိက်တွေကို ဘယ်လိုမြင်ရသလဲ"

"အသိဉာဏ်ထဲမှာ စိတ်စေတသိက်တို့ရဲ့သဘောကို သိသိသွားတာပါပဲ"

"ပုံသဏ္ဌာန်အထည်ဒြပ်မရှိဘဲနဲ့ ဖြစ်ပျက်သွားတာကိုဘယ်လိုသိရသလဲ"

"ဥပမာ–စက္ခုအကြည်နဲ့ မနောအကြည်တို့ကို ပူးတွဲပြီး အာရုံယူထားတယ် ဆိုပါတော့၊ ရူပါရုံက စက္ခုအကြည်နဲ့ မနောအကြည်တို့ကို ပြိုင်တူရိုက်ခတ်တဲ့ အခါ ပဉ္စဒွါရာဝဇ္ဇန်းက မနောအကြည်မှာဖြစ်သွားတာ သိရတယ်၊ အာရုံကို ဆင် ခြင် နှလုံးသွင်းတယ်ဆိုတဲ့သဘောကို သိလိုက်တာပါပဲ၊ ပြီးတော့ စက္ခုဝိညာဏ် က စက္ခုအကြည်မှာဖြစ်သွားတာကိုသိရတယ်၊ ရူပါရုံကိုမြင်သိလိုက်တဲ့သဘော ထင်လာတာပါပဲ။ အဲဒီနောက် သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့က မနောအကြည် ကိုမှီပြီး ဖြစ်သွားကြတာ သိရတယ်၊ အာရုံကိုလက်ခံတဲ့သဘော၊ စုံစမ်းတဲ့သဘော၊ ဆုံးဖြတ်တဲ့သဘောတို့ကို သိရတာပါပဲ။"

"ပြီးတော့...ဇောစိတ်တွေဖြစ်ပုံကို ဘယ်လိုသိရသလဲ"

"ဝုဋ္ဌောစိတ်က အာရုံဟာ ရုပ်ပဲ၊ အနိစ္စပဲ စသည်ဖြင့် သင့်တင့်လျောက်ပတ် စွာ ဆုံးဖြတ်လိုက်ရင် မဟာကုသိုလ်စိတ်တစ်မျိုးမျိုးက ဇောအဖြစ် ၇–ကြိမ်စော သွားတာကို သိရတယ်။ ဝုဋ္ဌောက အာရုံဟာ လှတယ်, နှစ်သက်စရာကောင်း တယ် စသည်ဖြင့် မသင့်မတင့် ဆုံးဖြတ်လိုက်ရင် လောဘမူစိတ် တစ်မျိုးမျိုးက ဇောအဖြစ် ၇–ကြိမ် စောသွားတာကို သိရပါတယ်"

"ဝီထိစိတ်တွေ တစ်လုံးပြီးတစ်လုံး ဖြစ်သွားတာကို မြင်သိတဲ့အခါ ယှဉ် ဖက် စေတသိက်တွေကိုပါ တစ်ခါတည်း မြင်သိသွားရောလား"

"အစကနဦးတော့ မသိရသေးပါဘူး၊ ဆရာတော်ပြပေးတဲ့နည်းအတိုင်း စိတ်အသီးသီးမှာ ဖဿတစ်လုံးပါတာကို အရင်ရှုရပါတယ်။ အာရုံနဲ့ စိတ် အသီးသီး ထိတွေ့တဲ့သဘောဖြစ်သွားတာကို သိလာပါတယ်။ ဝေဒနာတစ်လုံး ကို ထပ်တိုးပြီး ရှုပြန်တော့ ဝေဒနာနဲ့အာရုံခံစားတဲ့သဘောက စိတ်အသီးသီး မှာယှဉ်ဖြစ်သွားတာကိုသိလာရပါတယ်။ သညာကိုတိုးရှုပြန်တော့ စိတ်အသီးသီး မှာ သညာရဲ့မှတ်သားတဲ့သဘောပါပါသွားတာကို သိလာရပြန်တယ်။ ဒီလို တစ်စတစ်စ တိုးပြီးရှုမှတ်သွားလို့ ပါဝင်တဲ့စေတသိက်တွေကို အကုန်ရှုသိပြီးတဲ့ အခါ စိတ်တစ်လုံးတစ်လုံးမှာ ဘာစေတသိက်တွေ ယှဉ်ဖြစ်သွားကြတာကို ရှု နိုင်လာပါတယ်"

"အင်း...စိတ်က တစ်ချိန်မှာ အာရုံတစ်ခုတည်းကိုပဲ ယူနိုင်တာမို့ မဟာ ကုသိုလ်စိတ်တစ်ခုမှာ စေတသိက် ၃၃ လုံး, ၃၄ လုံး စသည်ဖြင့် ယှဉ်ဖြစ်သွား တာကို မြင်သိဖို့အတွက် ဘာဝနာစိတ်တွေက အင်မတန်မြန်မြန်ကြီးကိုရှုသွား

www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ။ ကိုယ်သိကျွမ်းခင်မင်နေတဲ့ လူတစ်စု လျှောက်လာတာကို ကြည့်လိုက်တဲ့အခါ ဘယ်သူဘယ်ဝါတွေ ပါဝင်တာကို ချက်ချင်းလိုလို သိလိုက်တာမျိုး ဖြစ်ပါလိမ့်မယ်နော်"

"ဟုတ်ပါတယ်"

"ပြီးတော့ စိတ်တွေက လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်းကျော်ဖြစ်ပျက်သွားနိုင်တယ်ဆိုထားတော့ကာ ဝီထိတစ်ခုမှာ စိတ်တစ်လုံးပြီး တစ်လုံး စီတန်းဖြစ်သွားတာရယ်၊ ယှဉ်ဖက်စေတသိက်တွေ ဖြစ်သွားတာရယ်၊ ဒါတွေကို မြင်သိဖို့ဆိုတာ မလွယ်ဘူး ထင်ပါတယ်"

"ဟုတ်ပါတယ်၊ ဝီထိတစ်ခုက ဖျတ်ခနဲ ချက်ချင်းပြီးဆုံးသွားတော့ အသေးစိတ် မသိနိုင်ပါဘူး။ အဲဒီဖြစ်သွားတဲ့ စိတ်အစဉ်ကို ပြန်အာရုံယူပြီး တစ်လုံးစီ ဆန်းစစ်ရပါတယ်"

"ဟုတ်ပြီ...ဟုတ်ပြီ၊ တဒနုဝတ္တကမနောဒွါရဝီထိဖြစ်သွားတဲ့ပုံစံမျိုး ဖြစ်ပေလိမ့်မယ်၊ ဘာဝနာစိတ်က ဖြစ်ပြီးသွားတဲ့ စိတ်အစဉ်ကို ပြန်အာရုံယူနိုင်တာကိုး။ ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားတွေမှာ ဘောလုံးပွဲနဲ့ အခြား အားကစားပွဲတွေကို ပြသသလို ဂိုးသွင်းသွားတဲ့အချိန်ပိုင်းကလေးကို ပြန်ဆန်းစစ်ချင်တော့ တစ်ကွက်ချင်း **slow motion** နည်းနဲ့ ဖြည်းဖြည်းပြန်ပြတာမျိုးနဲ့ ဆင်တူမယ်ထင်တယ် နော်"

BURMESE CLASSIC .com

"ဆရာပြောတဲ့ ဥပမာ ကောင်းပါတယ်"

"ဒါနဲ့...အဇ္ဈတ္တဆိုတဲ့ မိမိသန္တာန်မှာ စိတ်ဖြစ်စဉ်တွေကို ကောင်းကောင်း ရှုမြင်ပြီးရင် ဗဟိဒ္ဓဆိုတဲ့ သူတစ်ပါးသန္တာန်မှာလည်း စိတ်ဖြစ်စဉ်တွေကို ရှုရတယ်ဆိုတော့...အဲဒါ တကယ်သေသေချာချာ ရှုမြင်ရဲ့လား"

"ဗဟိဒ္ဓကို ရှုတဲ့အခါ အဇ္ဈတ္တမှာ ရှုတဲ့ပုံစံအတိုင်း ပထမရုပ်အစစ်များနဲ့ ရုပ်အတုများကို ရှုရပါတယ်။ စက္ခုအကြည်, သောတအကြည်စတဲ့ အကြည်ရုပ်များနဲ့ မနောအကြည်တို့ကို သိမ်းဆည်းနိုင်လာတဲ့အခါ အဲဒီအကြည်ရုပ်များနဲ့ မနောအကြည်တို့မှာ ဖြစ်သွားကြတဲ့ စိတ်စေတသိက်များကို ရှုရပါတယ်။ ဘာစိတ်တွေ ဖြစ်သွားတာကို တိတိကျကျမသိရပေမယ့် ကုသိုလ်စိတ်တွေ ဖြစ်နေရင် ဖြစ်မှန်းသိတယ်၊ ဒေါသစိတ်တွေ ဖြစ်နေရင်လည်း ဖြစ်မှန်းသိတယ်၊ အဇ္ဈတ္တမှာ ရှုတဲ့နည်းတူ ခြုံငုံပြီး ရှုရပါတယ်"

"ဟုတ်ပြီ...မှတ်မိပြီ၊ **ဥပရိပဏ္ဏာသ– အနုပဒသုတ္တန်ဋီကာ** ရဲ့ဆိုကို ဆရာတော်ကိုးကားပြထားတာ ရှိတယ်၊ ဗဟိဒ္ဓမှာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ရုပ်

www.burmeseclassic.com

www.burmeseclassic.com



တရားများကို ရှုနိုင်ကောင်းပေမယ့် နာမ်တရားများကိုတော့ အတိအကျမသိနိုင်ဘူးတဲ့။ အတိအကျသိမှုက ပရစိတ္တဝိဇာနနအဘိညာဉ်နဲ့မှ သိနိုင်တယ်။ ဝိပဿနာဉာဏ်နဲ့ရှုတာက ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ, မခွဲခြားဘဲ ခြုံငုံပြီး ရှုမှတ်ရမယ်ဆိုတာကိုး။ ဒါလောက်ရှုနိုင်တာပဲကို အင်မတန်အံ့သြစရာကောင်းနေပါပြီ။ ဒီလိုရှုမြင်ပါမှလည်း **မဟာသတိပဋ္ဌာနသုတ်တော်** မှာ ညွှန်ကြားထားသလို အဇ္ဈတ္တမှာ ခန္ဓာငါးပါးဖြစ်ပျက်နေတာကိုရော၊ ဗဟိဒ္ဓမှာ ခန္ဓာငါးပါးဖြစ်ပျက်နေတာကိုရော၊ ရှုနိုင်တော့မှာပေါ့။"

## အရှင်သာရိပုတ္တရာ ရုပ်-နာမ်ဓာတ်ခွဲပုံ

ဖားအောက်တောရ၌ ယောဂီများသည် ရုပ်ကလာပ်၊ နာမ်ကလာပ်များကို ဓာတ်ခွဲနိုင်ကြသည့်အကြောင်းကို မမွှာစရိယဘွဲ့ရ စာတတ်ပုဂ္ဂိုလ်အချို့ကို ကျွန်တော် ပြောပြသည့်အခါ–

"ဆရာပဟာ ဟုတ်မှ ဟုတ်ပါ့မလား၊ အရှင်သာရိပုတ္တရာကိုယ်တော်တောင် နာမ်တရားအားလုံးကို ဓာတ်မခွဲနိုင်ဘူး"ဟု မယုံသင်္ကာဖြစ်ကြပါသည်။

အရှင်သာရိပုတ္တရာသည် စိတ်–စေတသိက်များကို ခွဲခြမ်းစိတ်ဖြာ၍ ရှုမှတ်နိုင်ခဲ့ကြောင်းကို **ဥပရိပဏ္ဏာသပါဠိတော်** မြန်မာပြန်၊ အနုပဒဝဂ်၊ **အနုပဒသုတ်တော်** တွင် လာရှိပါသည်။ ထိုမူရင်းစာကို ကောက်နုတ်တင်ပြရသော်–

*"အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် 'ရဟန်းတို့ ... သာရိပုတြာသည် (အကြောင်းဟုတ်မဟုတ်ကို) သိသောပညာရှိ၏။ ရဟန်းတို့ ... သာရိပုတြာသည် မြတ်သောပညာရှိ၏၊ မြေကြီးကဲ့သို့ ကြီးသောပညာရှိ၏၊ ရွှင်သောပညာ ရှိ၏၊ လျင်သောပညာရှိ၏၊ ထက်မြက်သောပညာ ရှိ၏၊ ကိလေသာကို ဖောက်ခွဲနိုင်သောပညာရှိ၏၊ လခွဲမျှဖြင့် အစဉ်အတိုင်းဖြစ်သော ရှုဖွယ်သဘာဝတရားကို ရှု၏။ ရဟန်းတို့ ...ထို အစဉ်အတိုင်းဖြစ်သော ရှုဖွယ်သဘောတရားတို့ကို ရှုခြင်း၌ ဤဆိုလတ္တံ့သည်ကား သာရိပုတြာ၏ ရှုခြင်းတည်း။*

*"ရဟန်းတို့ ...သာရိပုတြာသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော၊ သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော၊ နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ', ချမ်းသာခြင်း 'သုခ'ရှိသော ပထမဈာန်သို့ ရောက်၍ နေ၏။ ပထမဈာန်သမာပတ်အတွင်း၌ ကြံစည်ခြင်း 'ဝိတက်'၊ သုံးသပ်ဆင်ခြင်*

www.burmeseclassic.com

www.burmeseclassic.com



*ခြင်း 'ဝိစာရ'၊ နှစ်သိမ့်ခြင်း 'ပီတိ'၊ ချမ်းသာခြင်း 'သုခ'၊ စိတ်တည်ကြည်ခြင်း 'ဧကဂ္ဂတာ'၊ တွေ့ထိခြင်း 'ဖဿ'၊ ခံစားခြင်း 'ဝေဒနာ'၊ မှတ်သားခြင်း 'သညာ'၊ တိုက်တွန်းခြင်း 'စေတနာ'၊ အာရုံကိုသိခြင်း 'စိတ်'၊ ပြုလိုခြင်း 'ဆန္ဒ'၊ အာရုံကို ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၊ လုံ့လပြုခြင်း 'ဝီရိယ'၊ အောက်မေ့ခြင်း 'သတိ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် နှလုံးသွင်းခြင်း 'မနသိကာရ'၊ ထိုသဘောတရားတို့ကို သာရိပုတြာသည် အစဉ်အတိုင်း ပိုင်းခြား၍သိ၏။ ထိုသဘောတရားတို့သည် ထိုသာရိပုတြာမှာ ထင်ထင်ရှားရှားဖြစ်ကုန်၏၊ ထင်ထင်ရှားရှား တည်ကုန်၏၊ ထင်ထင်ရှားရှား ချုပ်ကုန်၏။ 'ဤသဘောတရားတို့သည် ရှေးက ထင်ရှားမရှိဘဲ အသစ်ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးလျှင် ခဏတိုင်းပျက်ကုန်၏' ဟု သာရိပုတြာသည် ဤသို့သိ၏။ ထိုသာရိပုတြာသည် ထိုသဘောတရားတို့၌ (ရာဂဖြင့်) တပ်ခြင်းမရှိ၊ (ဒေါသဖြင့်) ဖဲခြင်းမရှိ၊ (တဏှာဒိဋ္ဌိဖြင့်) မမှီ၊ (ဆန္ဒရာဂဖြင့်) မဖွဲ့၊ (ကာမရာဂမှ) လွတ်၏၊ (ဆန့်ကျင်ဘက်တရားတို့နှင့်) မယှဉ်၊ အမိုင်းအခြားမရှိသော စိတ်ဖြင့်နေ၏။ ထိုသာရိပုတြာသည် 'ထို့ထက်အလွန် လွတ်မြောက်ရာရှိ၏' ဟု သိ၏။ ထိုသိခြင်းကို အထပ်ထပ်ပြုအပ်ခြင်းကြောင့် ထိုသာရိပုတြာအား ထို့ထက်အလွန် ထွက်မြောက်ရာရှိသည်သာတည်းဟု မြဲစွာဖြစ်၏။"*

ဤကား ပထမဈာန်၌ရှိသော စိတ်စေတသိက်များကို အရှင်သာရိပုတ္တရာ ပိုင်းခြား၍သိခြင်းကိုပြ၏။ ထို့နောက်ဆက်လက်၍ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်အသီးသီး၌ပါရှိသော စိတ်စေတသိက်များကို အရှင်သာရိပုတ္တရာ ပိုင်းခြား၍ သိအောင်ရှု၏။ ထို့နောက် တစ်ဖန် အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ အသီးသီး၌ပါရှိကြသည့် စိတ်စေတသိက်တို့ကို ပိုင်းခြား၍ ရှုမှတ်၏။ ထို့နောက် အလွန်တရာသိမ်မွေ့သော နေဝသညာနာသညာယတနဈာန်၌ရှိသော စိတ်စေတသိက်တို့ကို "ဤသဘောတရားတို့သည် ရှေးကထင်ရှားမရှိဘဲ အသစ်ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏"ဟု အပေါင်းအားဖြင့်ရှု၏။

ထို့နောက်တစ်ဖန် အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှ သတိ (ပညာ) နှင့် ပြည့်စုံ၍ထပြီးလျှင် လွန်ကုန်ပြီး၊ ချုပ်ကုန်ပြီး၊ ဖောက်ပြန်ကုန်ပြီးသော တရားတို့ကို "ဤသို့လျှင် ဤသဘောတရားတို့သည် ရှေးက ထင်ရှားမရှိဘဲ အသစ်ဖြစ်ပေါ်လာ၏။ ဖြစ်ပြီးလျှင် ခဏတိုင်း ပျက်ကုန်၏"ဟု အပေါင်းအားဖြင့်ရှု၏။

ဤနောက်ဆုံးစာပိုဒ်ကို ထောက်ရှုလျှင် လွန်ကုန်ပြီး၊ ချုပ်ကုန်ပြီးသော တရားတို့ကိုပင် ပြန်အာရုံယူ၍ ရှုမှတ်နိုင်ကြောင်းကို သိနိုင်၏။ အရှင်သာရိ

www.burmeseclassic.com

www.burmeseclassic.com



ပုတ္တရာသည် အထက်ပါသဘောတရားတို့ကို ၁၅–ရက်ကြာ တရားအားထုတ်စဉ်အတွင်း ရှုမှတ်သွားခြင်း ဖြစ်ပေ၏။

သို့အတွက် စိတ်စေတသိက်တို့ကို ပိုင်းခြားဝေဖန်၍ ရှုသိခြင်းသည် မြတ်စွာဘုရား၏ အရာသာမဟုတ်၊ သာဝကတို့၏ အရာလည်း ဖြစ်ပေ၏။ ယောဂါဝစရပုဂ္ဂိုလ်များလည်း ရှုသိနိုင်ကြရန်အတွက် ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာ အဋ္ဌကထာ စသည်တို့၌ ရှုမှတ်ရန် ညွှန်ကြားထားခြင်း ဖြစ်ပေ၏။ ယခုအခါ **ဖားအောက်တောရ၌** ဤသို့ ရှုသိနိုင်ရန် စာပေကျမ်းဂန်နှင့် အညီ ရှုမှတ်သည့်နည်းကို အသေးစိတ်စနစ်တကျ ပြန်လည်ဖော်ထုတ်ပေးနိုင်ခြင်းအတွက် ဝမ်းမြောက်၍မဆုံး ဖြစ်ရပေတော့သည်။

## အုံ့မခန်းဖွယ်ရာ ဉာဏ်အလင်း၏စွမ်းရည်

ဥပစာရသမာဓိ၊ ဈာန်သမာဓိတို့နှင့်ယှဉ်သော ဉာဏ်အလင်းသည် အုံ့မခန်းဖွယ်ရာ ထက်မြက်စူးရှလှဘိ၏။ အီလက်ထရွန်မိုက်ကရိုစကုပ်ဖြင့်ပင် ကြည့်၍မမြင်နိုင်သော ရုပ်ကလာပ်များကို ဉာဏ်အလင်းက ကွဲကွဲပြားပြား မြင်သိစေသည်။ အကောင်အထည်မရှိသော နာမ်ကလာပ်များကိုလည်း မြင်သိစေသည်။ ထို့အပြင် ထိုရုပ်ကလာပ်–နာမ်ကလာပ်တို့၌ ပါဝင်ကြသော ပရမတ်ရုပ်တရားများနှင့် ပရမတ်နာမ်တရားများကိုလည်း တစ်လုံးချင်း ပိုင်းခြား၍ သိမြင်နိုင်အောင် ဓာတ်ခွဲစေနိုင်ပါသည်။

အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့၌ ရုပ်နာမ်များကို သိမ်းဆည်းသောအခါ၌လည်း ဉာဏ်အလင်းသည် ကြည့်လေရာရာတိုင်း၌ သက်မဲ့ဝတ္ထုများတွင် ရုပ်ကလာပ်များကို ထင်မြင်စေ၍ သက်ရှိသန္တာန်များတွင်မူ ရုပ်ကလာပ်+ နာမ်ကလာပ်များကို မြင်သိစေ၏။ ထို့အပြင် ဉာဏ်အလင်း၏အကူအညီဖြင့်ပင် ရုပ်ကလာပ်–နာမ်ကလာပ်များကို ဓာတ်ခွဲနိုင်ကာ ပရမတ်ရုပ်တရား–နာမ်တရားများကို ပိုင်းပိုင်း ခြားခြား သိရှိစေပါသည်။

သို့အတွက် ဉာဏ်အလင်းသည် ထူးခြားသော အရောင်အလင်း အဖြစ်ထွန်းလင်းစေသည်သာမက တိမ်မြုပ်နေသည့် ရုပ်နာမ်တို့၏ သဘောတရားများကိုပါ ထင်ပေါ်လာစေသော ထိုးထွင်း၍မြင်သိလာစေသော အသိဉာဏ်ပွင့်လင်းခြင်း သဘောကိုလည်း ဆောင်ပေ၏။ တစ်နည်းဆိုသော် "*စက္ခုံကရဏီ–ဉာဏကရဏီ*" ဟူသည့် ပညာမျက်စိနှင့် အသိဉာဏ်တို့ ပွင့်လင်းသွားခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤထူးခြားသော ဉာဏ်အလင်းသည် ရုပ်နာမ်တို့၏ ပရမတ်သဘောတရားများကို ကြောင်းကျိုးဆက်နွယ်မှုများနှင့်တကွ ပရမတ္ထသို့ဆိုက်အောင် ထင်ထင်ရှားရှား မြင်သိစေပြီးလျှင် အဆင့်ဆင့်တိုးတက်ကာ မောဟအမိုက်မှောင်ကို ဖယ်ရှား၍ သိစ္စာလေးပါးကို ထိုးထွင်းမြင်သိစေလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုစေမည် ဖြစ်သတည်း။

## ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ရောက်ပြီ

ဤတစ်လံမျှသော ခန္ဓာကိုယ်၌ ရုပ်တရား နာမ်တရားတို့သာ ရှိကြသည်။ ရုပ်တရား နာမ်တရားတို့ဟူသည်မှာ ခဏမစဲဖြစ်၍ ခဏမစဲ ပျက်နေကြသော သင်္ခါရတရားများသာ ဖြစ်ကြ၏။

မိမိ၏ခန္ဓာကိုယ်နှင့် သူတစ်ပါးတို့၏ ခန္ဓာကိုယ်များ၌ ရုပ်တရား နာမ်တရားတို့ကို ဃနလေးပါးပြိုကွဲအောင် အသေးစိတ် ဓာတ်ခွဲလျက်ရှုသိခဲ့ပြီးသော ယောဂီသည် ခန္ဓာကိုယ်ထဲ၌ မပျက်စီးဘဲ အမြဲတည်ရှိသော အတ္တ, ဇီဝ, လိပ်ပြာကောင်, ဝိညာဉ်ကောင် စသည်ဖြင့် အမည်အမျိုးမျိုးပေးထားသော အနှစ်အသားဟူ၍ တစ်စုံတစ်ရာမျှမရှိသည်ကို ဉာဏ်မျက်စိဖြင့် ထင်ထင်ရှားရှား တိတိကျကျ မြင်သိပြီးဖြစ်သည်။

ထို့အပြင် ပရမတ်ရုပ်တရား နာမ်တရားတို့၌ အထည်ကိုယ်ဒြပ်, ပုံသဏ္ဌာန်စသည်တို့ မရှိဘဲ သဘောတရားသက်သက်သာ ရှိကြသဖြင့် ပရမတ်ရုပ်နာမ်တို့ကို ရှုမြင်နေသော ယောဂီသည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ စသည်တို့မရှိကြောင်းကို ကောင်းစွာသိမြင်နေပြီဖြစ်သည်။

သို့ဖြစ်၍ ရုပ်ကမ္မဋ္ဌာန်း–နာမ်ကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် ရုပ်တရားများနှင့် နာမ်တရားများကို ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြားရှုသိပြီးသော ယောဂီသည် **နာမရူပ ပရိစ္ဆေဒဉာဏ်** = နာမ်ရုပ်တို့ကို ပိုင်းခြား၍သိသောဉာဏ်နှင့် အထိုက်အလျောက် ပြည့်စုံပြီဖြစ်ရုံမျှမက ဤတစ်လံမျှသော ကိုယ်၌ ရုပ်နာမ်နှစ်ပါးသာ ရှိသည်၊ ရုပ်နာမ်နှစ်ပါးမှလွဲ၍ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, အတ္တ, ဇီဝ စသည်တို့ မရှိကြောင်းကို ကောင်းစွာသိပြီးဖြစ်သည်။

ထိုအခါ ရုပ်နာမ်နှစ်ပါး (ဝါ) ခန္ဓာငါးပါးတို့၏ အစုအပုံမျှသာဖြစ်သော ဤကိုယ်ကောင်ကို ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ၊ ငါပဲ၊ အတ္တပဲ စသည်ဖြင့် လွဲမှားစွာ စွဲယူထားသော သက္ကာယဒိဋ္ဌိသည် ယာယီကွယ်ပျောက်သွားလေ၏။

ထိုသို့ သက္ကာယဒိဋ္ဌိအယူအစွဲမှ ကင်းစင်သွားသောဉာဏ်အမြင်ကို ရလျှင် ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်ပြီဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောဂီသည်–(၁)သီလဝိသုဒ္ဓိစခန်း၌ ဒုစရိုက်များကို လွန်ကျူးသည်အထိ ပြင်းထန်ကြသော ဝိတိက္ကမကိလေသာ ခေါ် အကြမ်းစား ကိလေသာတို့ကို ချိုးနှိမ်ခဲ့သည်။

(၂) စိတ္တဝိသုဒ္ဓိစခန်း၌ စိတ်ထဲဝယ် နိုးကြားထကြွနေကြသော ပရိယုဋ္ဌာနကိလေသာ ခေါ် အလတ်စား ကိလေသာများကို နှိမ်နင်းနိုင်ခဲ့သည်။

(၃) ယခု ဒိဋ္ဌိဝိသုဒ္ဓိစခန်း၌ ခန္ဓာငါးပါးအစုကို 'အတ္တ=ငါ' ဟု လွဲမှားစွာ စွဲယူထားသော သက္ကာယဒိဋ္ဌိအမျိုးမျိုးမှ ယာယီကင်းစင်သွားပြီဖြစ်သည်။

(၄) တစ်ဖန် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ တက်လှမ်း၍ ဝိစိကိစ္ဆာ ခေါ် ယုံမှားမှုအမျိုးမျိုးကို ကျော်လွန်ရပေဦးမည်။

ထိုယုံမှားမှုအမျိုးမျိုးနှင့်တကွ ထိုယုံမှားမှုတို့ကို ဖယ်ရှားနိုင်သော ဘာဝနာ ရှုပွားနည်းများကို လာမည့်အခန်းများ၌ ဆက်လက်ရှုစားတော်မူကြပါကုန်။



ဖားအောက်တောရဆရာတော် နိုင်ငံခြားသားရဟန်းယောဂီ အချို့တို့တရားစစ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

# ပဋ္ဌာသမုပ္ပါဒ် ကြောင်းကျိုးဆက်ရှုနည်း

### ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့

အဇ္ဈတ္တနှင့် ဗဟိဒ္ဓ ၂–ဌာနတို့၌ ရုပ်နာမ်များကို ခွတ်ခွဲ၍လည်းကောင်း၊ ပိုင်းခြား၍လည်းကောင်း သိမြင်ပြီးသောယောဂီသည် **နာမရူပ ပရိစ္ဆေဒဉာဏ်**= နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိသောဉာဏ်နှင့် ပြည့်စုံပြီးဖြစ်၏။

ထို့အပြင် အဇ္ဈတ္တ–ဗဟိဒ္ဓ၌ရှိကြသော သက်ရှိသက်မဲ့အားလုံးသည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, မဟုတ်၊ ရုပ်နာမ် ၂–ပါး(ဝါ) ခန္ဓာငါးပါးမျှဖြစ်သည်ဟုလည်း ဉာဏ်အမြင်ရှင်းလင်းစွာ သိမြင်ခဲ့ရပြီးဖြစ်သဖြင့် ခန္ဓာငါးပါးအစုကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး စသည်အဖြစ်ဖြင့် စွဲယူထားသော ဒိဋ္ဌိ = အယူမှားခြင်းမှ စင်ကြယ်သွား၏။ ထို့ကြောင့် ယောဂီသည် ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်ခဲ့ပြီးဖြစ်သည်။

ယခုတစ်ဖန် ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ခရီးဆက်ရပေဦးမည်။ ဤခရီးတွင် ရုပ်–နာမ်တို့နှင့် ပတ်သက်သော အကြောင်းအကျိုး ဆက်နွယ်မှုများကို သိမ်းဆည်းသွားရမည်ဖြစ်သည်။

ကွေးလိုသောစိတ်ကြောင့် ကွေးရုပ်များဖြစ်၏၊ ဆန့်လိုသောစိတ်ကြောင့် ဆန့်ရုပ်များဖြစ်၏ စသည့် စိတ်ကြောင့် စိတ္တဇရုပ်များ ဖြစ်ပုံကိုလည်းကောင်း၊ ရုပ်ကလာပ် အသီးသီးတို့၌ ပါရှိသော တေဇောကြောင့် ဥတုဇရုပ်များ ဖြစ်ပုံကိုလည်းကောင်း၊ အာဟာရကြောင့် အာဟာရဇရုပ်များ ဖြစ်ပုံကိုလည်းကောင်း၊ ကံကြောင့် ကမ္မဇရုပ်များ တဖွားဖွားဖြစ်နေပုံကိုလည်းကောင်း ဉာဏ်မျက်စိဖြင့် ကွက်ကွက်ကွင်းကွင်းကြီး မြင်သိအောင် ရုပ်သိမ်းဆည်းသောကဏ္ဍ၌ ယောဂီတို့ ရှုသိခဲ့ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် စက္ခုအကြည်နှင့် ရူပါရုံတို့ ထိတိုက်ကြသည့်အခါ စက္ခုဒွါရဝီထိ–စိတ်စေတသိက်များ ဖြစ်ကြသည်။ သောတအကြည်နှင့် သဒ္ဒါရုံတို့ ထိတိုက်ကြသည့်အခါ သောတဒွါရဝီထိ – စိတ်စေတသိက်များ ဖြစ်ကြသည်၊ မနောအကြည်နှင့် ဓမ္မာရုံ ထိတိုက်သည့်အခါ မနောဒွါရဝီထိ–စိတ်စေတသိက်များဖြစ်ကြသည်။ ယောနိသော မနသိကာရကြောင့် ကုသိုလ်ဇောများ ဖြစ်ကြသည်စသည်ဖြင့် နာမ်တရားများကို ဖြစ်ပေါ်စေသောအကြောင်းများကိုလည်း နာမ်သိမ်းဆည်းသည့်ကဏ္ဍ၌ ယောဂီတို့ ရှုမှတ်၍ မြင်သိခဲ့ရပြီးဖြစ်သည်။

ရုပ်နာမ်တို့၏ အကြောင်းတရားများကို ဤမျှသိရုံဖြင့် အကြောင်းတရားအားလုံးကို သိမ်းဆည်းနိုင်ပြီဟု မမှတ်ယူသင့်ပါ။ အနမတဂ္ဂသံသရာမှ မဆုံးနိုင်သော အနာဂတ်အထိ ၃၁–ဘုံ၌ သတ္တဝါများ ကျင်လည်နေရပုံကို ကြောင်းကျိုးဆက်နွယ်၍ ရှင်းပြထားသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအရ အကြောင်းအကျိုးများကို သိမ်းဆည်းနိုင်မှသာလျှင် **ပစ္စယပရိဂ္ဂဟဉာဏ်** ပြည့်စုံသည်ဟု မှတ်ယူနိုင်၏။

ထိုအခါ ဆိုင်ရာဆိုင်ရာအကြောင်းများကြောင့် ရုပ်နှင့် နာမ်တို့ ဖြစ်ပေါ်ကြရသည်။ ဣဿရဖန်ဆင်းရှင်၊ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းသည့်အကြောင်းကြောင့် ဖြစ်လာကြသည်မဟုတ်၊ အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်ပေါ်လာသည်လည်း မဟုတ်ဟူ၍ အကြောင်းအကျိုး ဆက်နွယ်မှုနှင့် ပတ်သက်သည့် ကင်္ခါ = ယုံမှားခြင်းကို၊ ဝိတရဏ = လွန်မြောက်လျက်၊ ဝိသုဒ္ဓိ = ဉာဏ်အမြင် စင်ကြယ်ခြင်းတည်းဟူသော ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်မည် ဖြစ်သည်။

## ပဋိစ္စသမုပ္ပါဒ်ကို သိဖို့လိုပုံ

**မဟာနိဒါနသုတ်တော်** ၌ အရှင်အာနန္ဒာအား မြတ်စွာဘုရား မိန့်ကြားတော်မူသည့် မိန့်ခွန်းတော်ကို ကောက်နုတ်၍ ဖော်ပြလိုပါသည်။

*"အာနန္ဒာ ...ပဋိစ္စသမုပ္ပါဒ်ဟူသော ကြောင်းကျိုးဆက်နွယ်မှုသဘောတရားသည် နက်လည်း နက်နဲ၏၊ နက်နဲသည့်အကြောင်းကြောင့် နက်နဲယောင်လည်း ထင်ရ၏။ အာနန္ဒာ ...ဤပဋိစ္စသမုပ္ပါဒ်တရားကို (၁) ဉာတပရိညာ၊ (၂) တီရဏပရိညာ၊ (၃) ပဟာနပရိညာ ဟူသော ပရိညာဉာဏ်သုံးချက်တို့ဖြင့် လျော်စွာ ထိုးထွင်း၍ မသိခြင်း၊ မဂ်ဖိုလ်ဆိုက်အောင် ထိုးထွင်း၍ မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ဤသို့ကလောက် ယက်ကန်းသည်၏ ရှုပ်ထွေးပွေလီလှသော ချည်ခင်ထွေးကဲ့သို့ ရှုပ်ထွေးပွေလီ၍ နေကြရ၏။ စာပေါင်းသောင်းငှက်မ၏*

www.burmeseclassic.com

www.burmeseclassic.com



*အသိုက်သဖွယ်ဖြစ်၍ ရှုပ်ထွေးနေကြရ၏။ ဖြူဆံမြက်, မြိတ်မြက်ဖြင့် ပြုလုပ်ထားသော ခြေသုတ်ကြိုးဝန်း၏ အရင်းအဖျား ရှာမရအောင် ရှုပ်ထွေး၍နေသကဲ့သို့ ဤသံသရာကြီးထဲ၌ ရုပ်ထွေးပွေလီ၍နေကြရ၏။ အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော အပါယ်ဒုဂ္ဂတိသံသရာကိုလည်းကောင်း၊ အပါယ်မှကြွင်းသော သုဂတိသံသရာသို့လည်းကောင်း၊ မလွန်မြောက်နိုင်ကြချေ။" (ဒီ၊ ၂၊ ၄၇။ သံ၊ ၁၊ ၃၁၈)*

ဤမိန့်ခွန်းတော်ကို ထောက်ချင့်လျှင် ပဋိစ္စသမုပ္ပါဒ် တရားတော်သည် အလွန်နက်နဲပြီး အလွန်အရေးပါလှ၏။ ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ပရိညာသုံးတန်ဖြင့် မင်္ဂဖိုလ်ဆိုက်အောင် လျော့စွာထိုးထွင်း၍မသိလျှင် သံသရာဝဲဂယက်မှ ရုန်းထွက်နိုင်မည်မဟုတ်ကြောင်းကို ကောင်းစွာသိရှိရ၏။

ထို့အပြင် ပဋိစ္စသမုပ္ပါဒ်သဘောတရားများကို ဖောက်ခွဲထိုးထွင်း၍ မသိမြင်ဘဲနှင့် မဂ်ဖိုလ်ဆိုက်သွားသော ပုဂ္ဂိုလ်ဟူ၍ အိပ်မက်ထဲတွင်ပင် တစ်စုံ တစ်ယောက်မျှ မရှိခဲ့ဖူးကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, သမ္မောအဋ္ဌကထာတို့၌ ဤသို့ပြဆိုထား၏။

*"သမာဓိတည်းဟူသော မြတ်သောကျောက်ဖျာထက်၌ မြမြထက်အောင် ကောင်းစွာသွေး၍ထားအပ်သော ဉာဏ်သန်လျက်ဖြင့် မိုးကြိုးစက်ဝန်းကဲ့သို့ သတ္တဝါတို့ကို အမြဲမပြတ်ညှဉ်းပန်းနှိပ်စက်တတ်သော ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက် သံသရာဘဝစက်ကို မဖောက်ခွဲနိုင်ဘဲ သံသရာဝဋ်ဆင်းရဲဘေးဆိုးကြီးကို လွန်မြောက်ကျော်လွှားသွားသော တစ်စုံတစ်ယောက်သောသူ မည်သည် အိပ်မက်၏အတွင်း၌သော်မျှလည်း မရှိခဲ့စဖူးပေ။" (ဝိသုဒ္ဓိ၊ ၂၊ ၂၂၁။ အဘိ၊ ဠ၊ ၂၁၈၉)*

သို့ဖြစ်၍ နိဗ္ဗာန်ကို လိုလားကြသော အကြင်သူတော်ကောင်းတို့သည် ပဋိစ္စသမုပ္ပါဒ်သဘောတရားကို မှန်းဆ၍သိသည့် အနုမာနအသိမျှသာမဟုတ်ဘဲ အနုဗောဓ အပ္ပဋိဝေဓာဟု (ဒီ၊ ၂၊ ၄၇။ သံ၊ ၁၊ ၃၁၈) တွင် ဟောတော်မူခြင်းကြောင့် စေ့စေ့ငငဉာဏ်မျက်စိဖြင့် ထိုးထွင်းလျက် ပရိညာဉာဏ် ၃–ချက်ဖြင့် ပိုင်းခြား၍ သိအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သတည်း။

## ပရိညာသုံးတန် ထူးသိဉာဏ်

ပရိညာ ၃–ပါးမှာ ဉာတပရိညာ၊ တီရဏပရိညာနှင့် ပဟာနပရိညာတို့ ဖြစ်ကြ၏။

**၁။ ဉာတပရိညာ** – ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ရုပ်တရား နာမ်တရားအားလုံးကို ပိုင်းခြား၍သိခြင်း (နာမရူပ ပရိစ္ဆေဒဉာဏ်) နှင့် ရုပ်တရား

www.burmeseclassic.com

www.burmeseclassic.com



နာမ်တရားတို့၏အကြောင်းတရားတို့ကို ဟုတ်တိုင်းမှန်စွာသိခြင်း (ပစ္စယပရိဂ္ဂဟ ဉာဏ်) တို့ကို ဉာတပရိညာဟု ခေါ်၏။

**၂။ တီရဏပရိညာ** – အကြောင်းတရားနှင့်တကွသော အလုံးစုံသော ရုပ်တရား နာမ်တရား၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို စူးစမ်းဆင်ခြင်ဆုံးဖြတ်သည့် လုပ်ငန်းကိစ္စကို ပြုလုပ်သော သမ္မသနဉာဏ်နှင့် ထိုရုပ်တရား နာမ်တရားတို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို ပိုင်းပိုင်း ခြားခြား သိသည့် ဥဒယဗ္ဗယဉာဏ်တို့ကို တီရဏပရိညာဟု ခေါ်၏။

**၃။ ပဟာန ပရိညာ** – ဘင်္ဂဉာဏ်မှစ၍ အထက်ပိုင်း ဝိပဿနာဉာဏ်တို့သည် အကြောင်းတရားနှင့်တကွသော ထိုအလုံးစုံသော ရုပ်တရား နာမ်တရားတို့၏ အပျက်သက်သက်ကိုလည်း သိ၏၊ ယင်းတရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကိုလည်း သိ၏၊ ပယ်သင့်ပယ်ထိုက်သော ကိလေသာတို့ကိုလည်း တဒင်္ဂအားဖြင့် ပယ်၏။ သို့အတွက် ယင်းဉာဏ်တို့သည် ပဟာနပရိညာဟု အမည်ရကြ၏။

အရိယမဂ်လေးတန်သည် အသခ်တ–နိဗ္ဗာန်ကို အာရုံပြုလျက်= မျက်မှောက်ပြုလျက် ထိုအလုံးစုံသော ရုပ်တရား နာမ်တရားဟူသော ဒုက္ခသစ္စာ၊ ထိုအလုံးစုံသော ရုပ်နာမ်တို့၏ အကြောင်းတရားဟူသည့် သမုဒယသစ္စာနှင့် ယင်းဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ (မောဟ) ကို အပြီးအပိုင် အကြွင်းမဲ့ပယ်သတ်၏။

ထိုအခါ ရုပ်နာမ်တရားတို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို စူးစမ်းဆင်ခြင်ဆုံးဖြတ်ခြင်း လုပ်ငန်းကိစ္စသည် ပြည့်စုံပြီးစီးခြင်းသို့ ရောက်၏။ ဤအကြောင်းကြောင့် အရိယမဂ်ဉာဏ်သည် ဉာတပရိညာ၊ တီရဏပရိညာဟုလည်း အမည်ရ၏။ ပယ်သင့်ပယ်ထိုက်သော ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်တတ်သောကြောင့် ပဟာနပရိညာဟုလည်း အမည်ရ၏။

ယခု ဤအခန်း၌ ရုပ်တရား နာမ်တရားတို့၏ အကြောင်းတရားများကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟဉာဏ်အမြင်ပေါက်အောင် အားထုတ်နည်းကို ဖော်ပြသွားမည်ဖြစ်သည်။ ဤအားထုတ်နည်းကို ပြီးပြည့်စုံအောင် အားထုတ်နိုင်သော ယောဂီသည် ဉာတပရိညာဟူသော နာမရူပ ပရိစ္ဆေဒဉာဏ်–ပစ္စယပရိဂ္ဂဟဉာဏ်တို့နှင့် ပြည့်စုံလျက် စစ်မှန်သော **စူဠသောတာပန်** အဆင့်သို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။

နောက်အခန်းများ၌ ပရိညာသုံးတန်စလုံး ပြီးပြည့်စုံအောင် ဝိပဿနာ ရှုမှတ်သည့် နည်းနိဿယကို ဖတ်ရှုကြရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပဋိစ္စသမုပ္ပါဒ်တရားတော်

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၏ မူရင်းခေါင်းစဉ်ပါဠိကို နှုတ်တက်ရကြသူများ၏။ ၎င်းပါဠိတော်မှာ–

*"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊*
*ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊*
*သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊*
*ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊*
*ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ*
*ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု*
*ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ*
*သမုဒယော ဟောတိ။"*

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် အကြောင်းပစ္စည်းတရားကို အစွဲပြု၍ အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်လာပုံကို ဖော်ပြ၏။ အထက်က ပါဠိတော်ကို **မဟာစည်ဆရာတော်ဘုရား** က ဤသို့ပြန်ဆိုထား၏ –

*"အဝိဇ္ဇာကြောင့် အားထုတ်မှုသင်္ခါရတို့ဖြစ်ကြသည်၊ သင်္ခါရကြောင့် ဘဝသစ် ဝိညာဏ်ဖြစ်သည်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်၊ နာမ်ရုပ်ကြောင့် အာယတန ၆–ပါးဖြစ်သည်၊ အာယတနကြောင့် အာရုံတွေ့မှု ဖဿဖြစ်သည်၊ ဖဿကြောင့် အကောင်းအဆိုးခံစားမှု ဝေဒနာဖြစ်သည်၊ ဝေဒနာကြောင့် တပ်မက် ဆာလောင်မှု တဏှာဖြစ်သည်၊ တဏှာကြောင့် စွဲလမ်းမှုဥပါဒါန်ဖြစ်သည်၊ ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံဘဝဖြစ်သည်၊ ဖြစ်ကြောင်းကံကြောင့် ဘဝအသစ်ဖြစ်မှု ဇာတိပေါ်လာသည်၊ ဇာတိကြောင့် အိုခြင်း, သေခြင်း ပေါ်လာသည်၊ စိုးရိမ် ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, စိတ်နှလုံး၏ ပြင်းစွာ ပူပန်ခြင်းတို့ ဖြစ်ပေါ်လာကြသည်။ ဤအစဉ်ဖြင့် ချမ်းသာနှင့် မရောမယှက်၊ သက်သက်ဆင်းရဲအစုမျှသာလျှင် ဖြစ်ပေါ်လျက်ရှိချေသည်။"*

ဤတရားသားကို ဆန်းစစ်လိုက်လျှင် အကြောင်းတရား, အကျိုးတရားတို့သည် စိတ်, စေတသိက်, ရုပ်(ဝါ) ရုပ်နာမ်တို့သာဖြစ်ကြသည်။ ဤတရားစုသည် ဆင်းရဲအစုအဖြစ် သံသရာလည်နေခြင်းဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်၏ သိမှတ်ဖွယ်အချို့ကို ထုတ်ပြရသော်–

**၁။ အင်္ဂါ ၁၂–ပါး** – ပဋိစ္စ သမုပ္ပါဒ် စက်ဝိုင်း၌ လှည်းဘီးစက်ဝိုင်း၏ ဒေါက်ဆန်များကဲ့သို့ မပါလျှင်မပြီး အရေးကြီးသည့် အင်္ဂါ ၁၂–ပါးရှိ၏။

၎င်းတို့မှာ (၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ၊ (၃) ဝိညာဏ်၊ (၄) နာမ်ရုပ်၊ (၅) သဠာ

www.burmeseclassic.com

www.burmeseclassic.com



ယတန၊(၆)ဖဿ၊(၇)ဝေဒနာ၊(၈)တဏှာ၊(၉)ဥပါဒါန်၊(၁၀)ဘဝ၊(၁၁)ဇာတိ၊ (၁၂)ဇရာမရဏ တို့ဖြစ်ကြ၏။

**၂။ အခွန့် ၃–ပါး –** အခွန့်ဟူသောကာလအနေဖြင့် ပိုင်းခြားသော်

အတိတ်အခွန့် = အဝိဇ္ဇာနှင့် သင်္ခါရ။

ပစ္စုပ္ပန်အခွန့် = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။

အနာဂတ်အခွန့် = ဇာတိနှင့် ဇရာမရဏ။

**၃။ အခြင်းအရာ ၂၀ –** အကြောင်းအကျိုးအားဖြင့် ခွဲသော်

အတိတ်အကြောင်းငါးပါး = အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။

ပစ္စုပ္ပန်အကျိုးငါးပါး = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

ပစ္စုပ္ပန်အကြောင်းငါးပါး = တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။

အနာဂတ်အကျိုးငါးပါး = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

**ရှင်းချက်။** ။ အတိတ်အခွန့်၌ အဝိဇ္ဇာနှင့်သင်္ခါရ–၂–ပါးသာရှိသော်လည်း အကြောင်းတရားကို ထုတ်ယူသောအခါ အဝိဇ္ဇာနှင့် ကိလေသာဝင့်တရားချင်းတူသော တဏှာနှင့်ဥပါဒါန်တို့ကိုလည်းကောင်း၊ သင်္ခါရနှင့် ကမ္မဝင့်တရားချင်းတူသော ကမ္မဘဝကိုလည်းကောင်း ပေါင်းယူရ၏။

အလားတူပင် ပစ္စုပ္ပန်အခွန့်၌ အကြောင်းတရားအဖြစ် တဏှာ၊ဥပါဒါန်၊ ကမ္မဘဝဟူ၍ သုံးပါးသာရှိသော်လည်း တဏှာ၊ဥပါဒါန်တို့နှင့် ကိလေသာဝင့် တရားချင်းတူသော အဝိဇ္ဇာကိုလည်းကောင်း၊ ကမ္မဘဝနှင့် ကမ္မဝင့်သဘောချင်းတူသော သင်္ခါရကိုလည်းကောင်း ထည့်ပေါင်းရသဖြင့် ပစ္စုပ္ပန်အကြောင်းတရား ငါးပါးဖြစ်လာ၏။

ပစ္စုပ္ပန်အကျိုး ၅–ပါးမှာ ရှင်းပါသည်။ ပစ္စုပ္ပန် အခွန့်တရား ၈–ပါးမှ အကြောင်းတရား ၃–ပါးကို နုတ်၍ ကျန်သောတရား ၅–ပါးပင် ဖြစ်သည်။

အနာဂတ်အကျိုးကို ယူသောအခါ ဇာတိ=ဖြစ်ခြင်းနှင့် ဇရာမရဏ= ရင့်ရော်ခြင်း, သေခြင်းတရားတို့၏ တရားကိုယ်များကို ယူရသည်။ ထိုတရားကိုယ်တို့မှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ကြသည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com



တရားတို့၏ဖြစ်ခြင်းကို ဇာတိ၊ ဤတရားတို့၏ ရင့်ရော်ခြင်း, ချုပ်ပျက်ခြင်းတို့ကို ဇရာမရဏဟု ခေါ်ဆိုပါသည်။

သို့အတွက် အတိတ်အကြောင်း ၅–ပါးနှင့် ပစ္စုပ္ပန်အကြောင်း ၅–ပါးတို့သည် တရားကိုယ်ချင်း တူကြ၏။ ပစ္စုပ္ပန်အကျိုး ၅–ပါးနှင့် အနာဂတ်အကျိုး ၅–ပါးတို့သည် တရားကိုယ်ချင်း တူကြ၏။

အကြောင်းတရား ၅–ပါးတွင် သင်္ခါရဟူသည်မှာ ကုသိုလ်အမှု သို့မဟုတ် အကုသိုလ်အမှုကို အားထုတ်ပြုလုပ်စဉ်က ဇောတွင်ပါရှိသော နာမ်တရားစုဖြစ်၏။ ဤနာမ်တရားစုဟူသော စိတ်စေတသိက်တို့သည် အနိစ္စတရားတို့သာဖြစ်ကြသဖြင့် ဖြစ်ပြီးလျှင် ချက်ချင်းချုပ်ပျက်သွားကြ၏။ သို့သော် နောင်တစ်ချိန်ချိန်၌ ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဖြစ်စေနိုင်သော **ကမ္မသတ္တိ**ကို ရုပ်နာမ်အစဉ်၌ မြှုပ်နှံပြီးမှသာ ချုပ်ပျောက်သွားကြ၏။ ယင်းကမ္မသတ္တိကား **ကမ္မဘဝ** ခေါ် **ကံတရား** ပေတည်း။

## ပဋိစ္စသမုပ္ပါဒ်ရှုကွက်

**ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** (ဝိသုဒ္ဓိ၊ ၂၊ ၂၁၄)၌ ညွှန်ကြားထားချက်အရ–

(၁) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံဟူသော အတိတ်အကြောင်းတရား ၅–ပါးကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုးတရား ၅–ပါးဖြစ်ပုံကို ဉာဏ်ဖြင့်မြင်အောင် ရှုရမည်။

(၂) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ ဟူသော ပစ္စုပ္ပန်အကြောင်းတရား ၅–ပါးကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော အနာဂတ်အကျိုးတရား ၅–ပါးဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုရမည်။

ဤတွင် အကြောင်းတရားတို့ကား သမုဒယသစ္စာတရားတို့တည်း။ အကျိုးတရားတို့ကား ဒုက္ခသစ္စာတရားတို့တည်း။ သို့အတွက် ယောဂီပုဂ္ဂိုလ်သည်–

(၁) အတိတ်သမုဒယသစ္စာကြောင့် ပစ္စုပ္ပန်ဒုက္ခသစ္စာဖြစ်ပုံနှင့်

(၂) ပစ္စုပ္ပန်သမုဒယသစ္စာကြောင့် အနာဂတ်ဒုက္ခသစ္စာဖြစ်ပုံတို့ကိုဉာဏ်ဖြင့် မြင်အောင်ရှုရမည်ဖြစ်သည်။

**ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ** (ပဋိသံ၊ ဋ္ဌ၊ ၁၊ ၁၈)၌ သတ်မှတ်ထားချက်အရ ပစ္စယပရိဂ္ဂဟ ဟူသော အကြောင်းတရားကို ဉာဏ်ဖြင့် ပိုင်းခြားကာ သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com



လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စုယ်သမုပ္ပန်ဟု ခေါ်ဆိုအပ်သည့် အကျိုးရုပ်တရား နာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားကာ သိမ်းဆည်းခြင်းဟူသော နာမရူပပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာ ရရှိအောင် ကြိုးစားရမည်။ (ပြီးခဲ့သောအခန်းများ၌ ပစ္စုပ္ပန်ဝယ် အကျိုးရုပ်တရား နာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားကာ သိမ်းဆည်းခြင်းကို ယောဂီတို့စွမ်းဆောင်ခဲ့ပြီး ဖြစ်သည်။)

အတိတ်အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားကာ သိမ်းဆည်းလိုသော ယောဂီသည် အတိတ်အကြောင်းတရားတို့ စွဲမှီ၍ဖြစ်ခဲ့ရာ အတိတ် ရုပ်တရား နာမ်တရားတို့ကို လွယ်ကူစွာသိမ်းဆည်းနိုင်ရမည် ဖြစ်သည်။ သို့မှသာလျှင် ယင်းရုပ်တရား နာမ်တရား, ခန္ဓာ ၅-ပါးတို့ကို စွဲမှီ၍ဖြစ်ခဲ့ရာ အတိတ်အကြောင်းတရားများကို လွယ်ကူစွာ ရှာဖွေနိုင်မည် ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးစပ်ပုံ ၅-နည်း

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၂၊၁၅၄-၁၅၅)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၁၂၄-၁၂၅)၊ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဖွင့်တို့၌ မြတ်စွာဘုရားသည် နွယ်ခွေယောက်ျားဥပမာဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို နည်း ၄-မျိုးဖြင့် ဟောကြားထားပုံကို ရှင်းပြထား၏။ ထိုနည်းတို့မှာ-

(၁) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံမှစ၍ ဇာတိကြောင့် ဇရာမရဏဖြစ်ပုံသို့တိုင်အောင် (အစမှ အဆုံးသို့တိုင်အောင်) ဟောတော်မူ၏။ နွယ်ခွေယောက်ျားက နွယ်ပင်ကို အရင်းမှဖြတ်၍ အဖျားသို့တိုင်အောင် ခွေယူသည်နှင့်တူ၏။

(၂) ဝေဒနာမှ စ၍ ဘဝကြောင့် ဇာတိဖြစ်ပုံသို့တိုင်အောင် (အလယ်မှ အဆုံးသို့တိုင်အောင်) လည်း ဟောတော်မူ၏။ နွယ်ခွေယောက်ျားက နွယ်ပင်ကို အလယ်မှပိုင်းဖြတ်၍ အဖျားသို့တိုင်အောင် ခွေယူပုံနှင့်တူ၏။

(၃) ဇာတိကြောင့် ဇရာမရဏဖြစ်ပုံက အစပြု၍ ပဋိလောမအားဖြင့် ပြောင်းပြန် လှန်၍ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံသို့တိုင်အောင် (အဆုံးမှ အစသို့ တိုင်အောင်) လည်း ဟောတော်မူ၏။ နွယ်ခွေယောက်ျားက နွယ်ပင်ကို အဖျားမှ စတင်ကာ အရင်းအထိ ခွေယူပုံနှင့်တူ၏။

(၄) အာဟာရ ၄-ပါးသည် တဏှာကြောင့်ဖြစ်ပုံ၊ တဏှာသည် ဝေဒနာကြောင့်ဖြစ်ပုံမှစ၍ သင်္ခါရသည် အဝိဇ္ဇာကြောင့် ဖြစ်ပုံသို့တိုင်အောင် (အလယ်မှစ၍ အစသို့တိုင်အောင်) ပြောင်းပြန်လှန်၍လည်း ဟောတော်မူ၏။ နွယ်ခွေယောက်ျားက နွယ်ပင်ကို အလယ်မှပိုင်းဖြတ်၍ အရင်းသို့တိုင်အောင် အထက်အောက် လှန်ကာ ခွေယူပုံနှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



(၅) အတီတေ ဟေတဝေါပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ...စသည်ဖြင့်
(က) အတိတ်အကြောင်းတရား ၅-ပါးကြောင့် ပစ္စုပ္ပန်အကျိုးတရား ၅-ပါး ဖြစ်၏၊
(ခ) ပစ္စုပ္ပန်အကြောင်းတရား ၅-ပါးကြောင့် အနာဂတ် အကျိုးတရား ၅-ပါးဖြစ်၏ ဟူ၍ဖြစ်သတည်း။

အထက်ပါ နည်း ၅-မျိုးအနက် ယောဂီသည် ကြိုက်သည့်နည်းဖြင့် အကြောင်းတရားများကို ရှာဖွေနိုင်၏။ ဖားအောက်တောရ၌ ပဉ္စမနည်းကို အဓိကထား၍ အသုံးပြု၏။ သို့သော် ဖားအောက်တောရဆရာတော်သည် ကျန်သည့်နည်းများကိုလည်း ယောဂီတို့အား သင်ကြားပြသပေးပါသည်။

## အတိတ်ဖြစ်ရပ်များကို မေ့ပျောက်စေသည့် အကြောင်းများ

အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူ၏။ ထိုအခါ **သင်္ဂါရဝပုဏ္ဏား** သည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ဘုရားရှင်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီးနောက် ဘုရားရှင်အား ဤသို့လျှောက်ထား၏။

"အရှင်ဂေါတမ၊ ဗေဒင်ကျမ်းစာတို့ကို ကာလရှည်စွာ ရွတ်အံသရဇ္ဈာယ်ထားပါသော်လည်း ထိုဗေဒင်တို့သည် တစ်ခါတစ်ရံ ဉာဏ်၌ မထင်ကြကုန်၊ ရွတ်အံသရဇ္ဈာယ်မှုကို မပြုပါမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။ ယင်းသို့ဖြစ်ရခြင်းအကြောင်းကား အဘယ်နည်း"

၁။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား ချိတ်နှင့်ဖြစ်စေ၊ နနွင်းနှင့်ဖြစ်စေ၊ မဲနယ်နှင့်ဖြစ်စေ၊ ထန်းကျင့်မှုန့်နှင့်ဖြစ်စေ ရောနှောထားသည့် ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိ၏မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်ရသကဲ့သို့ ထို့အတူပင် **'ကာမရာဂ'** ထကြွနှိပ်စက်နေသည့်အခါ ထိုဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာမသိသောအခါ မိမိ၏အကျိုး၊ သူတစ်ပါး၏အကျိုး၊ မိမိနှင့် သူတစ်ပါးတို့၏အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ချေ။ ဗေဒင်ကျမ်းစာတို့ကို ကာလရှည်ကြာစွာ ရွတ်အံသရဇ္ဈာယ်ထားပါသော်လည်း ထိုဗေဒင်တို့သည် ဉာဏ်၌မထင်ကုန်။ ရွတ်အံသရဇ္ဈာယ်မှုကို မပြုပါသော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"

၂။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား မီးအပူတိုက်ထားသဖြင့် ဆူပွက်၍ ရေခိုးရေငွေ့ဖြစ်နေသော ရေခွက်၌ မျက်စိအမြင်ရှိသည့် ယောကျ်ားသည် မိမိ

www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာရိပ်ကိုကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမြင်ရသကဲ့သို့ ထို့အတူပင် **'ဗျာပါဒ'** ထကြွနှိပ်စက်နေသောအခါ ထိုဖြစ်ပေါ်လာသည့် ဗျာပါဒ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိ၏ အကျိုး၊ သူတစ်ပါး၏အကျိုး၊ မိမိနှင့် သူတစ်ပါးတို့၏ အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ချေ။ ဗေဒင်ကျမ်းစာတို့ကို ကာလရှည်ကြာစွာ ရွတ်အံသရဇ္ဈာယ်ထားပါသော်လည်း ထိုဗေဒင်တို့သည် ဉာဏ်၌မထင်ကုန်။ ရွတ်အံသရဇ္ဈာယ်မှုကို မပြုပါသော်ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။

၃။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား မှော်ငယ်ရေညှိတို့ဖြင့် မြွေးယှက်ဖုံးလွှမ်းနေသော ရေခွက်၌ မျက်စိအမြင်ရှိသည့် ယောကျ်ားသည် မိမိ၏ မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်ရသကဲ့သို့ ထို့အတူပင် **'ထိန-မိဒ္ဓ'** ထကြွနှိပ်စက်နေသောအခါ ထိုဖြစ်ပေါ်လာသည့် ထိန-မိဒ္ဓ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိ၏ အကျိုး၊ သူတစ်ပါး၏အကျိုး၊ မိမိနှင့် သူတစ်ပါးတို့၏ အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ချေ။ ဗေဒင်ကျမ်းစာတို့ကို ကာလရှည်ကြာစွာ ရွတ်အံသရဇ္ဈာယ်ထားပါသော်လည်း ထိုဗေဒင်တို့သည် ဉာဏ်၌မထင်ကုန်။ ရွတ်အံသရဇ္ဈာယ်မှုကို မပြုပါသော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၄။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား လေတိုက်သဖြင့် လှုပ်ရှားတုန်လှုပ်၍ လှိုင်းထနေသည့် ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိ၏ မျက်နှာရိပ်ကိုကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်ရာသကဲ့သို့ ထို့အတူပင် **'ဥဒ္ဓစ္စ-ကုက္ကုစ္စ'** ထကြွနှိပ်စက်နေသည့်အခါ ထိုဖြစ်ပေါ်လာသော ဥဒ္ဓစ္စ-ကုက္ကုစ္စတို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသည့်အခါ မိမိ၏ အကျိုး...(အထက်ပါအတိုင်း) ......အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၅။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား နောက်လည်းနောက်ကျု၊ မငြိမ်လည်း မငြိမ်သက်၊ ရွှံ့နှစ်ရေလည်းဖြစ်၊ အမှောင်ထဲ၌လည်းရှိသော ရေခွက်တွင် မျက်စိအမြင်ရှိသည့် ယောကျ်ားသည် မိမိ၏ မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်သကဲ့သို့ ထို့အတူပင် **'ဝိစိကိစ္ဆာ'** ထကြွနှိပ်စက်နေသည့်အခါ ထိုဖြစ်ပေါ်လာသော ဝိစိကိစ္ဆာ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသည့်အခါ မိမိ၏ အကျိုး...(အထက်ကအတိုင်း) ......အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။"

အထက်ပါ ဒေသနာတော်ကို ထောက်ရှုလျှင် ကျွန်တော်တို့ သိရှိထားပြီး

www.burmeseclassic.com

www.burmeseclassic.com



သည့် အကြောင်းအရာများကို ကာလရှည်ကြာလျှင် အလိုအလျောက်မေ့ပျောက်သွားတတ်ကြသော်လည်း လတ်တလောအချိန်၌ ထိုအကြောင်းအရာများကို မသိမမြင်ရခြင်း၏ အကြောင်းရင်းများမှာ **နီဝရဏတရား ၅ ပါး** ပင်ဖြစ်ကြသည်။

နီဝရဏတရားတို့သည် ကုသိုလ်တရားမဖြစ်အောင် သမာဓိမဖြစ်ပေါ်နိုင်အောင် ပိတ်ဆို့တားဆီးတတ်သည့် အဖျက်တရားများ ဖြစ်ကြသည်။ ၎င်းတို့၏ တရားကိုယ်များမှာ လောဘ၊ ဒေါသ၊ ထိန–မိဒ္ဓ၊ ဥဒ္ဓစ္စ–ကုက္ကုစ္စနှင့် ဝိစိကိစ္ဆာ စေတသိက်တို့ ဖြစ်ကြ၏။ ဤစေတသိက်တို့သည် စိတ်ကို တုန်လှုပ်ပျံ့လွင့် ညစ်နွမ်း ပူလောင်စေကြပြီး ကုသိုလ်စိတ်မဖြစ်အောင် စိတ်မတည်ငြိမ်အောင် အမြင်မကြည်လင်အောင် ပိတ်ပင်တားဆီးကြသည်။

ဤနီဝရဏတရား ၅–ပါးတို့၏ အကြောင်းကိုလည်းကောင်း၊ ၎င်းတို့ကို 'ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ' ဟူသော ဈာန်အင်္ဂါ ၅–ပါးတို့ဖြင့် နှိမ်နင်း ဖယ်ရှား လောင်မြိုက်စေနိုင်ကြောင်းနှင့် ဥပစာရသမာဓိအဆင့်သို့ ရောက်လျှင် ဈာန်အင်္ဂါတို့ အားကောင်းလာကြသည့်အတွက် နီဝရဏများ ငြိမ်ဝပ်သွားကြကြောင်းတို့ကိုလည်းကောင်း၊ 'အမြတ်ဆုံးပန်းတိုင် နေန်ပိုင်–ပထမတွဲ'၊ စာမျက်နှာ ၁၈၅–၁၉၀ တွင် ရှင်းပြထားပါသည်။

## အတိတ်အကြောင်းများကို သိမြင်နိုင်သည့် နည်းလမ်း

တစ်ဖန် အထက်ပါဒေသနာတော်အရ နီဝရဏများ ငြိမ်သက်ဝပ်စင်း၍ ဥပစာရသမာဓိ သို့မဟုတ် ဈာန်သမာဓိရှိလျှင် မေ့ပျောက်နေသော အကြောင်းအရာများကို ပြန်လည်မြင်သိလာနိုင်မည်ဟု ယူဆရန်ရှိသည်။ သင်္ဂါရဝပုဏ္ဏား၏ ထပ်ဆင့်မေးမြန်းချက်နှင့် မြတ်စွာဘုရား၏ ဖြေကြားချက်တို့က ဤအချက်ကို ဖော်ညွှန်းသည်။

"အရှင်ဂေါတမ၊ ကာလရှည်စွာ ရွတ်အံသရဇ္ဈာယ်မှုကို မပြုပါသော်လည်း တစ်ခါတစ်ရံ သင်အံထားခဲ့သည့် ဗေဒင်တို့သည် ဉာဏ်၌ထင်ကြကုန်၏။ ရွတ်အံ သရဇ္ဈာယ်ခြင်းကိုပြုပါသော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဤအကြောင်း၏ အထောက်အပံ့ကား အဘယ်နည်း"

၁။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား ချိတ်နှင့်ဖြစ်စေ၊ နနွင်းနှင့်ဖြစ်စေ၊ ထန်းကျင့်မှုန့်နှင့်ဖြစ်စေ မရောနှောသော ရေခွက်၌ မျက်စိအမြင်ရှိသည့်ယောကျ်ားသည် မိမိ၏ မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် **'ကာမရာဂ'** ထကြွနှိပ်စက်မှု မရှိသည့်အခါ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ မိမိ၏အကျိုး၊ သူတစ်ပါး၏အကျိုးနှင့် မိမိနှင့်သူတစ်ပါးတို့၏အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံသရဇ္ဈာယ်ခြင်းကို မပြုပါသော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏။ ရွတ်အံသရဇ္ဈာယ်ခြင်းကိုပြုပါသော်ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။"

၂။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား မီးအပူမတိုက်သဖြင့် မဆူမပွက်, ရေခိုးရေငွေ့မထွက်သော ရေခွက်၌ မျက်စိအမြင်ရှိသည့်ယောကျ်ားသည် မိမိ၏ မျက်နှာရိပ်ကိုကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်ရာသကဲ့သို့ ထို့အတူပင် **'ဗျာပါဒ'** ထကြွနှိပ်စက်မှုမရှိသည့်အခါ ဖြစ်ပေါ်လာသောဗျာပါဒ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိသောအခါ မိမိ၏အကျိုး၊ သူတစ်ပါး၏အကျိုး၊ မိမိနှင့် သူတစ်ပါးတို့၏အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာသိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံသရဇ္ဈာယ်ခြင်းကို မပြုပါသော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏။ ရွတ်အံသရဇ္ဈာယ်ခြင်းကို ပြုပါသော်ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။

၃။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား မှော်ငယ်ရေညှိတို့နှင့် မရောယှက်သောရေခွက်၌ မျက်စိအမြင်ရှိသည့် ယောကျ်ားသည် မိမိ၏ မျက်နှာရိပ်ကိုကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာသိမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် **'ထိန–မိဒ္ဓ'** ထကြွနှိပ်စက်မှုမရှိသည့်အခါ ဖြစ်ပေါ်လာသောထိန–မိဒ္ဓ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိသောအခါ မိမိ၏အကျိုး... (အထက်ကအတိုင်း)......အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၄။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား လေမတိုက်၍ မလှုပ်မရှား, မတုန်လှုပ်, လှိုင်းမထသော ရေခွက်၌ မျက်စိအမြင်ရှိသည့်ယောကျ်ားသည် မိမိ၏ မျက်နှာရိပ်ကိုကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာသိမြင်နိုင်သကဲ့သို့ ထို့အတူပင် **'ဥဒ္ဓစ္စ–ကုက္ကုစ္စ'** ထကြွနှိပ်စက်ခြင်းမရှိသည့်အခါ ဖြစ်ပေါ်လာသော ဥဒ္ဓစ္စ–ကုက္ကုစ္စတို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိသည့်အခါ မိမိ၏အကျိုး...(အထက်ကအတိုင်း)......အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၅။ "သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား နောက်လည်းမနောက်ကျူ၊ ကြည်လည်း ကြည်လင်၊ အလင်းရောင်၌လည်းရှိသော ရေခွက်၌ မျက်စိအမြင်ရှိသည့်ယောကျ်ားသည် မိမိ၏မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာသိမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် **'ဝိစိကိစ္ဆာ'** ထကြွနှိပ်စက်ခြင်း မရှိသည့်အခါ ဖြစ်ပေါ်လာသောဝိစိကိစ္ဆာ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း မှန်စွာသိသည့်အခါ မိမိ၏အကျိုး... (အထက်ကအတိုင်း)...... အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။"

သို့ဖြစ်၍ နီဝရဏများ ငြိမ်သက်ဝပ်စင်းသွားကြလျှင် စိတ်တည်ငြိမ်မှုသမာဓိဖြစ်လာမည်။ ဤသမာဓိနှင့်ယှဉ်သောစိတ်သည် အရှိကိုအရှိအတိုင်း ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍မြင်သိနိုင်ကြောင်းကို

*'သမာဟိတော ယထာဘူတံ ပဇာနာတိ'*

ဟု ဗုဒ္ဓရှင်တော် ဟောကြားတော်မူသည်။

သာသနာတော်နှင့်ကြုံဆုံခိုက်မှာ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ရေးအတွက် ကြိုးပမ်းကြဖို့ လိုသည်။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်လိုလျှင် သံသရာ ကျင်လည်နေသော ရုပ် နာမ် တရားတို့သည် အမှန်တကယ် ဆင်းရဲကြောင်း၊ မတည်မြဲကြောင်း၊ အတ္တမဟုတ်ကြောင်းတို့ကို ကွက်ကွက်ကွင်းကွင်းအမြင်ရှင်းဖို့ လိုသည်။ အမြင်ရှင်းရန်အတွက် သမာဓိ ထူထောင်ရန် လိုအပ်ကြောင်းကို ဗုဒ္ဓရှင်တော် အကြိမ်ကြိမ်နှိုးဆော်တိုက်တွန်းတော်မူခဲ့သည်။

*သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော*
*ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။*

(သံ၊ ၂၊ ၁၂။ သမာဓိသုတ္တန်)

*"ရဟန်းတို့ ... သမာဓိကို ထူထောင်နိုင်အောင် ပွားများအားထုတ်ကြ။ ရဟန်းတို့ ... သမာဓိရှိသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား ထိုးထွင်း၍ မြင်သိနိုင်၏"*

## ထောက်တည်ရာကို ရယူကြ

*"ဘုရားရှင်၏သာသနာတော်၌ ပညာရှိသူတော်ကောင်းသည် နက်နဲလှစွာသော အကြောင်းတရားအသီးသီးကြောင့် အကျိုးတရားအသီးသီးတို့ဖြစ်ပေါ်လာပုံကို တိကျရှင်းလင်းစွာ ဖော်ပြထားသော ပဋိစ္စသမုပ္ပါဒ်သဘောတရား၌ ဉာဏ်၏ထောက်တည်ရာကို ရနိုင်လေအောင် သတိသမ္ပဇဉ်ဉာဏ်နှင့်ပြည့်စုံသည် ဖြစ်၍ အဖန်ဖန်အားထုတ်သင့်လှပေတော့၏။"* (ဝိသုဒ္ဓိ၊ ၂၊ ၂၂၁။ အဘိ၊ ဋ္ဌ၊ ၂၊ ၁၈၉)

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

# လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှုခြင်း

## ပရမတ်အမြင် စင်ကြယ်ဖို့လိုသည်

ဝိပဿနာအလုပ်သည် ပရမတ်တရားတို့၏ သဘာဝအမှန်သဘောကို သိမြင်အောင် ရှာဖွေစူးစမ်းရှုပွားရသောအလုပ် ဖြစ်သည်။

ပရမတ်တရားဟူသည်မှာ သဘာဝတွင် အမှန်တကယ်ရှိသော အဆုံးစွန်မှန်ကန်သည့်သဘောတရား (ultimate reality) ဖြစ်သည်။ ဩကာသလောက၊ သတ္တလောကနှင့် သင်္ခါရလောကတည်းဟူသော လောကသုံးပါး၌ အမှန်တကယ်ရှိသော ပရမတ်တရားများမှာ စိတ်၊ စေတသိက်၊ ရုပ် တို့သာ ဖြစ်ကြသည်။

စိတ်နှင့် စေတသိက်တို့သည် အာရုံကိုသိတတ်ပြီး အာရုံသို့ကိုင်းညွတ်တတ်သော သဘောကြောင့် 'နာမ်'ဟု အမည်ရသည်။ 'ရုပ်'သည် အာရုံကို မသိတတ်၊ အပူအအေးစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်တတ်သဖြင့် 'ရူပ = ရုပ်'ဟု အမည်ရသည်။

လူတစ်ဦးတွင် ရုပ်နာမ် ၂–ပါးသာ ရှိသည်၊ ဤတရား ၂– ပါးထက် အပိုအလိုမရှိ။ ရုပ်တရား နာမ်တရားတို့က အကြောင်းအကျိုးစပ်ကာ အချင်းချင်း ဖွဲ့ယှက်၍ ဖြစ်ပျက်နေကြပုံကို ပြီးခဲ့သောအခန်း၌ ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်အညီ ရုပ်နာမ်တရားတို့ အကြောင်းအကျိုးစပ်ကာ အချင်းချင်းဖွဲ့ယှက်၍ ဖြစ်ပျက်နေပုံများကို ကွက်ကွက်ကွင်းကွင်း ရှုမြင်ရသည့်အခါ ဒိဋ္ဌိအဖြာဖြာမှ ကင်းကွာ၍ အနန္တ တန်ခိုးရှင်–ဖန်ဆင်းရှင် တစ်ဦးဦး၏ အခြယ်လှယ်ခံဘဝမှ ကင်းရှင်းလွတ်မြောက်ပုံကိုလည်း စာရှုသူတို့ ဖတ်ရှုလေ့လာခဲ့ရပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဆက်လက်၍ ပရမတ်ရုပ်တရား နာမ်တရားတို့၏ ခဏမစဲ ဖြစ်ပျက်နေကြသည်ကို အာရုံယူ၍ အနိစ္စဟုတစ်လှည့်၊ ဒုက္ခဟု တစ်လှည့်၊ အနတ္တဟု တစ်လှည့်၊ လက္ခဏာရေးသုံးပါး တစ်လှည့်စီတင်၍ ဝိပဿနာမရှုမီ ထိုပရမတ်တရားတစ်ခုစီကို ပိုင်းပိုင်းခြားခြား ရှင်းရှင်းလင်းလင်း မြင်သိရန် ရှုပွားဖို့ လိုပါသေးသည်။

အမြင်ရှင်းမှ အာရုံစူးစိုက်ကာ လေးလေးနက်နက် ရှုပွားနိုင်လိမ့်မည်။ ပုထုဇဉ် လူသားတစ်ဦး၌ ဖြစ်ပျက်နေကြသော ပရမတ်ရုပ်နာမ်တို့ကား အဘယ်အရာတို့နည်း။

အကုသိုလ်စိတ် ၁၂–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး၊ ပေါင်းစိတ် ၄၅–ပါးတို့ ဖြစ်ကြသည်။ ၎င်းနောက် ဤစိတ်တို့နှင့် ယှဉ်၍ဖြစ်ကြသော စေတသိက် ၅၂–ပါး ရှိသည်။ ရုပ်တရားများမှာ ယောက်ျားဖြစ်လျှင် ဣတ္ထိဘာဝကို ချန်လှန်၍ ကျန်ရုပ် ၂၇–ပါး ရှိသည်။ မိန်းမဖြစ်လျှင် ပုမ္ဘာဝရုပ်ကို ချန်လှပ်၍ ကျန်ရုပ် ၂၇–ပါး ရှိသည်။ (ဈာန်ရသည့် ယောဂီများမှာ မိမိတို့ ရရှိထားသော ကုသိုလ်ဈာန်စိတ်များနှင့် ယှဉ်ဖက်စေတသိက်တို့ကိုလည်း ရှုပွားကြရသည်။)

ဤရုပ်တရား နာမ်တရားတို့ကို တစ်ခုစီ တစ်ခုစီ ပိုင်းပိုင်းခြားခြား မြင်သိသည် ဆိုရာ၌ ဘာဝနာမယဉာဏ်ဖြင့် ရုပ်တစ်လုံးစီ နာမ်တစ်လုံးစီကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် လေးဖက်လေးတန်မှ ပိုင်းခြား၍ ရှုမြင်ခြင်းကို ဆိုလိုသည်။

ဤသို့ရှုသိရန် လိုအပ်ကြောင်းကို **လယ်တီဆရာတော်ဘုရားကြီး** က ကမ္မဋ္ဌာန်း ကျမ်းကြီး (နှာ–၂၄၂) ၌ ဤသို့အညွှန်းဆောင်ပုဒ် ရေးပေးထား၏ –

*(က) လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့်ရုပ်။*

*(ခ) လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိဝိသုဒ္ဓိ။*

ရုပ်တရား နာမ်တရားအသီးသီးကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် အားဖြင့် လေးချက်စီ ပိုင်ပိုင်နိုင်နိုင် ရှုသိနိုင်ပါမှ အတ္တအယူစွဲနှင့် သက္ကာယဒိဋ္ဌိ အယူလွဲတို့ ကင်းစင်ကွာပြီး၊ ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ကျကျနန ဆိုက်ရောက်နိုင်ကြောင်းကို ဆရာတော် ညွှန်ကြားထားပါသည်။

ဤညွှန်ကြားချက်သည် ပိဋကတ်ကျမ်းဂန် အဆိုအမိန့်များနှင့် ကိုက်ညီသည့်အပြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသူအပေါင်းတို့က နှစ်ထောင်းအားရစွာ လက်ခံနိုင်ကြသော အဆိုအမိန့်လည်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**မဟာသတိပဋ္ဌာနသုတ်** – ဓမ္မာနုပဿနာပိုင်း၊ ခန္ဓပဗ္ဗ (မ၊၁၊၇၈) တွင်–

၁။ ဣတိရူပံ၊ ဣတိရူပဿသမုဒယော၊ ဣတိရူပဿ အတ္ထင်္ဂမော။

၂။ ဣတိဝေဒနာ၊ ဣတိဝေဒနာယ သမုဒယော၊ ဣတိဝေဒနာယအတ္ထင်္ဂမော။

၃။ ဣတိသညာ၊ ဣတိသညာယသမုဒယော၊ ဣတိသညာယအတ္ထင်္ဂမော။

၄။ ဣတိသင်္ခါရာ၊ ဣတိသင်္ခါရာနံသမုဒယော၊ ဣတိသင်္ခါရာနံအတ္ထင်္ဂမော။

၅။ ဣတိဝိညာဏံ၊ ဣတိဝိညာဏဿသမုဒယော၊ ဣတိဝိညာဏဿ အတ္ထင်္ဂမော။

ဤသို့စသည်ဖြင့် ဘုရားရှင်ဟောကြားတော်မူခဲ့၏။ ဆိုလိုရင်းအဓိပ္ပာယ်ကား...

၁။ ဤကား ရုပ်(ဝေဒနာ–သညာ– သင်္ခါရ–ဝိညာဏ်) တည်း။

၂။ ဤကား ရုပ်(ဝေဒနာ–သညာ–သင်္ခါရ–ဝိညာဏ်)၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောတည်း။

၃။ ဤကား ရုပ်(ဝေဒနာ–သညာ–သင်္ခါရ–ဝိညာဏ်)၏ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတည်း။

ဤသို့ ဘုရားရှင်အကျဉ်းမျှ ညွှန်ပြထားသည်ကို **အဋ္ဌကထာများ** (ဒီ၊ဋ္ဌ၊၂၊ ၅၃။ သံ၊ဋ္ဌ၊၂၊၄၄–၄၅) က ဤသို့အကျယ်ဖွင့်ဆိုကြပါသည်။

၁။ ဘူတရုပ် ၄–ပါး၊ ဥပါဒါရုပ် ၂၄–ပါး၊ ပေါင်း ရုပ် ၂၈–ပါးကိုလည်းကောင်း၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော စသည့် ရုပ် တစ်ပါးစီ တစ်ပါးစီ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုလည်းကောင်း သိအောင်ရှုရမည်။

၂။ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ကိုလည်းကောင်း၊ ယင်းဝေဒနာအသီးသီး၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုလည်းကောင်း သိအောင်ရှုရမည်။

၃။ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသ သညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ ဟူသော၊ သညာအပြားကိုလည်းကောင်း၊ ယင်းသညာ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုလည်းကောင်း သိအောင်ရှုရမည်။

၄။ ဖဿ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတ၊ မနသိကာရ စသော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည့် စေတသိက် ၅၀ ကို လည်းကောင်း၊ ယင်း စေတသိက် အသီးသီး၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ကိုလည်းကောင်း သိအောင် ရှုရမည်။

၅။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ဟူသော ဝိညာဏ် (စိတ်) အမျိုးမျိုးကို လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ယင်းဝိညာဏ်အသီးသီး၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ကိုလည်းကောင်း သိအောင်ရှုရမည်။

အထက်ပါ ပါဠိတော်၌ "အနဝသေသ ရူပ ပရိဂ္ဂဟောဝုတ္တော...အနဝသေသ ဝေဒနာ၊ သညာသင်္ခါရ ဝိညာဏပရိဂ္ဂဟောဝုတ္တော" ဟု ပါရှိနေရာ ရုပ်နာမ်အားလုံးကို အကြွင်းအကျန်မရှိ ကုန်စင်အောင် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် နည်းအားဖြင့် သိမ်းဆည်းရပေမည်။ ရုပ်ခတ်တစ်လုံး၊ နာမ်ခတ်တစ်လုံးမျှ လောက်ကိုရှုပွားလျှင် ခန္ဓာငါးပါးကို ပိုင်းပိုင်းခြားခြားမသိမြင်နိုင်သဖြင့် သက္ကာယ ဒိဋ္ဌိကို ပယ်ခွာနိုင်မည်မဟုတ်ကြောင်း သတိမူသင့်ပါသည်။

## လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဟူသည်တို့ကား

အကောင်အထည်လည်း မရှိ၊ ပုံသဏ္ဌာန်လည်း မရှိကြသော ပရမတ် ရုပ်တရား နာမ်တရား တစ်လုံးစီကို ပိုင်းပိုင်းခြားခြား မြင်သိအောင် မည်သို့ရှုရအံ့ နည်းဟု အမေးရှိခဲ့သော် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြားပြီး ရှုပါဟု ဖြေကြားရပေမည်။

**၁။ လက္ခဏ=လက္ခဏာ=အမှတ်အသား**

'လက္ခဏ'ဟူသော ပါဠိစကားလုံးကို မြန်မာတို့က 'လက္ခဏာ'ဟု ဝေါ ဟာရ ပြုထားပါသည်။ အဓိပ္ပာယ်မှာ 'သိကြောင်း အမှတ်အသား' ဖြစ်သည်။ လက္ခဏာ ၂–မျိုး ရှိသည်။

(၁) **သာမည လက္ခဏာ**= အများနှင့် ဆိုင်သော အမှတ်အသား၊ အပူအအေး စသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ရှေ့ကဖြစ်သွားသော ရုပ်သန္တတိ အစဉ်နှင့် နောက်မှဖြစ်သော ရုပ်သန္တတိအစဉ်တို့ မတူညီဘဲ ဖောက်ပြန်ပြောင်းလဲ သွားခြင်းကို **ရုပ္ပနလက္ခဏာ** ဟုခေါ်သည်။ ဤလက္ခဏာသည် ရုပ်အားလုံးနှင့် သက်ဆိုင်သော သာမညလက္ခဏာဖြစ်သည်။

နာမ်တရား အားလုံးတို့၏ သက်ဆိုင်ရာ အာရုံဆီသို့ ညွှတ်ကိုင်းနေခြင်း သဘောကို **နမနလက္ခဏာ** ဟုခေါ်သည်။ ဤလက္ခဏာသည် နာမ်တရားအား လုံးနှင့် သက်ဆိုင်သော သာမညလက္ခဏာဖြစ်သည်။

**အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ** တို့ကား ရုပ်အားလုံး၊ နာမ်အားလုံးတို့နှင့် သက်ဆိုင်ကြသော သာမညလက္ခဏာများ ဖြစ်ကြသည်။

(၂) **သဘာဝလက္ခဏာ** = ပရမတ်တရားတစ်ခုစီနှင့် သီးခြားသက်ဆိုင် သော ပင်ကိုယ်အမှတ်အသား။ ပုံစံအားဖြင့် ခက်မာခြင်းသဘောသည် ပထဝီ ၏ သဘာဝလက္ခဏာဖြစ်သည်။ ယိုစီးခြင်းသဘောသည် အာပေါ၏ သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာဖြစ်သည်။ ပူခြင်း၊ အေးခြင်းသည် တေဇော၏ သဘာဝလက္ခဏာ ဖြစ်သည်။

**၂။ ရသ = ပြုဖွယ်ကိစ္စ သို့မဟုတ် အကြောင်းစုံညီ၍ဖြစ်ပေါ်လာခြင်း**

(၁) ပရမတ်တရားတစ်ခုစီ၏ ပြုဖွယ်ကိစ္စကို **ကိစ္စရသ** ဟု ခေါ်၏။

(၂) ပရမတ်တရားတစ်ခုစီ၏ အကြောင်းပြည့်စုံ၍ ဖြစ်ပေါ်လာခြင်းကို **သမ္ပတ္တိရသ** ဟု ခေါ်၏။

**၃။ ပစ္စုပဋ္ဌာန် = ပရမတ်ရုပ်တရား နာမ်တရား၏ ထင်ရှားရှိသည့် အဖြစ်ကြောင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်၌ထင်မြင်လာပုံ အခြင်းအရာ။**

(၁) ပရမတ်တရား တစ်ခုစီ၏ ကိစ္စ ဆောင်ရွက်မှုကြောင့် ရထိုက်သည့် အကျိုးတရားကို **ဖလပစ္စုပဋ္ဌာန်** ဟု ခေါ်၏။

(၂) ပရမတ်တရားတစ်ခုစီကို ရှုဆင်ခြင်သည့်အခါ ယောဂီ၏ အံသိဉာဏ်တွင် ထင်မြင်လာသော အခြင်းအရာကို **ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်** ဟု ခေါ်၏။

**၄။ ပဒဋ္ဌာန် = ဆိုင်ရာပရမတ်တရားကို ဖြစ်စေသော အနီးကပ်ဆုံးအကြောင်းတရား။**

ဝေးသော အကြောင်းတရား၊ နီးသော အကြောင်းတရားဟု ၂-မျိုးရှိရာတွင် အနီးကပ်ဆုံးသော အကြောင်းတရားကို **ပဒဋ္ဌာန်** ဟု ခေါ်၏။

ရုပ်နာမ်တရား၊ ကြောင်း/ ကျိုးတရားတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို အကျဉ်းရုံး၍ ဖော်ပြသွားပါမည်။ အကျယ်ကို သိလိုသော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ခန္ဓနိဒ္ဒေသနှင့် အဋ္ဌသာလိနီအဋ္ဌကထာစသော ကျမ်းဂန်များ၌ ရှုကြည့်ကြပါကုန်။

## ရုပ် ၂၈-ပါးတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်

**၁။ ပထဝီ** – ခက်မာခြင်းသဘော (လက္ခဏာ)

- ရုပ်ကလာပ်အတွင်း ယှဉ်ဖက်ရုပ်တရားတို့၏ တည်ရာဖြစ်ခြင်း (ကိစ္စရသ)၊
- ယှဉ်ဖက်ရုပ်တရားတို့ကို အောက်ကခံထားသည့်သဘော (ပစ္စုပဋ္ဌာန်)၊
- ကလာပ်တူ ရုပ်ကလာပ်တစ်ခုအတွင်းရှိ ကျန်ဓာတ်ကြီး ၃-ပါး (ပဒဋ္ဌာန်)။

**၂။ အာပေါ** – ယိုစီးခြင်းသဘော (လက္ခဏာ)

- အတူဖြစ်ဖက်ရုပ်တရားတို့ကို တိုးပွားစေခြင်း (ကိစ္စရသ)၊
- အတူဖြစ်ဖက် ရုပ်တရားတို့ကို ဖွဲ့စည်းခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ကလာပ်တူ ရုပ်ကလာပ်တစ်ခုအတွင်းရှိကျန်ဓာတ်ကြီး ၃-ပါး (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



၃။ **တေဇော** – ပူခြင်း အေးခြင်း သဘော (လက္ခဏာ)၊
- ကလာပ်တူ ရုပ်တရားတို့ကို ရင့်ကျက်စေခြင်း (ကိစ္စရသ)၊
- ကလာပ်တူ ရုပ်တရားတို့ကို နူးညံ့အောင် လျော်စွာပြုပေးခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ကလာပ်တူရုပ်ကလာပ်တစ်ခုအတွင်းရှိ ကျန်ဓာတ်ကြီး ၃–ပါး(ပဒဋ္ဌာန်)။

၄။ **ဝါယော** – ထောက်ကန်မှုသဘော (လက္ခဏာ)၊
- တွန်းကန်ခြင်း၊ ရွေ့လျားခြင်း (ကိစ္စရသ)၊
- ရုပ်တို့ကို တစ်နေရာမှ တစ်နေရာသို့ ရွေးရှသယ်ဆောင်ပေးခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ကလာပ်တူရုပ်ကလာပ်တစ်ခုအတွင်းရှိ ကျန်ဓာတ်ကြီး၃–ပါး(ပဒဋ္ဌာန်)။

၅။ **စက္ခုပသာဒ**

(က) ရူပါရုံရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော ဓာတ်ကြီး ၄–ပါးကို ကြည်လင်စေခြင်း သဘော (လက္ခဏာ)၊

(ခ) ရူပါရုံကို မြင်လိုသည့် ရူပတဏှာအကြောင်းခံရှိသော ကံကြောင့်ဖြစ်သည့် ဓာတ်ကြီး ၄–ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊

- ရူပါရုံဘက်သို့ ဝီထိစိတ်အစဉ်ကို ဆွဲ ဆောင်ခြင်း (ကိစ္စရသ)၊
- စက္ခုဝိညာဏ်၏ တည်ရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- စက္ခုပသာဒ၏ မှီရာ ကလာပ်တူ ဓာတ်ကြီး ၄–ပါး (ပဒဋ္ဌာန်)။

၆။ **သောတပသာဒ**

(က) သဒ္ဒါရုံ ရှေးရှုရိုက်ခတ်ခြင်းငှာထိုက်သော ဓာတ်ကြီး ၄–ပါးကို ကြည်လင် စေခြင်းသဘော (လက္ခဏာ)၊

(ခ) သဒ္ဒါရုံကိုကြားလိုသည့် သဒ္ဒတဏှာအကြောင်းခံရှိသော ကံကြောင့်ဖြစ်သည့် ဓာတ်ကြီး၄–ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊

- သဒ္ဒါရုံဘက်သို့ ဝီထိစိတ်အစဉ်ကို ဆွဲ ဆောင်ခြင်း (ကိစ္စရသ)၊
- သောတဝိညာဏ်၏ တည်ရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- သောတပသာဒ၏မှီရာ ကလာပ်တူဓာတ်ကြီး ၄–ပါး (ပဒဋ္ဌာန်)။

၇။ **ဃာနပသာဒ**

(က) ဂန္ဓာရုံ ရှေးရှုရိုက်ခတ်ခြင်းငှာထိုက်သော ဓာတ်ကြီး ၄–ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ဂန္ဓာရုံကို နံလိုသော ဂန္ဓတဏှာအကြောင်းခံရှိသော ကံကြောင့် ဖြစ်သည့် ဓာတ်ကြီး ၄-ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊
- ဂန္ဓာရုံဘက်သို့ ဝီထိစိတ်အစဉ်ကို ဆွဲဆောင်ခြင်း (ကိစ္စရသ)၊
- ဃာနဝိညာဏ်၏ တည်ရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ဃာနပသာဒ မှီရာ ကလာပ်တူဓာတ်ကြီး ၄-ပါး (ပဒဋ္ဌာန်)။

**၈။ ဇိဝှာပသာဒ**

(က) ရသာရုံရှေးရှုရိုက်ခတ်ခြင်းငှာထိုက်သော ဓာတ်ကြီး ၄-ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊

(ခ) ရသာရုံကို လျက်လိုသော ရသတဏှာအကြောင်းခံရှိသောကံကြောင့် ဖြစ်သည့် ဓာတ်ကြီး ၄-ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊
- ရသာရုံဘက်သို့ ဝီထိစိတ်အစဉ်ကို ဆွဲ ဆောင်ခြင်း (ကိစ္စရသ)၊
- ဇိဝှာဝိညာဏ်၏ တည်ရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ဇိဝှာပသာဒ မှီရာ ကလာပ်တူ ဓာတ်ကြီး ၄-ပါး (ပဒဋ္ဌာန်)။

**၉။ ကာယပသာဒ**

(က) ဖောဋ္ဌဗ္ဗာရုံ ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော ဓာတ်ကြီး ၄-ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊

(ခ) ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုသော ဖောဋ္ဌဗ္ဗတဏှာအကြောင်းခံရှိသော ကံကြောင့် ဓာတ်ကြီး ၄-ပါးကို ကြည်လင်စေခြင်းသဘော (လက္ခဏာ)၊
- ဖောဋ္ဌဗ္ဗာရုံဘက်သို့ ဝီထိစိတ်အစဉ်ကို ဆွဲဆောင်ခြင်း (ကိစ္စရသ)၊
- ကာယဝိညာဏ်၏ တည်ရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ကာယပသာဒ မှီရာကလာပ်တူ ဓာတ်ကြီး ၄-ပါး (ပဒဋ္ဌာန်)။

**၁၀။ ရူပါရုံ** – စက္ခုပသာဒကို ရိုက်ခတ်ခြင်းသဘော (လက္ခဏာ)၊

(က) စက္ခုဝိညာဏ်၏ အာရုံဖြစ်ခြင်း (ကိစ္စရသ)၊

(ခ) အာရမ္မဏပစ္စယသတ္တိဖြင့် ပြည့်စုံခြင်း (သမ္ပတ္တိရသ)၊
- စက္ခုဝိညာဏ်၏ ကျက်စားရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ရုပ်ကလာပ်တစ်ခုအတွင်းရှိ ရူပါရုံမှီရာဓာတ်ကြီး ၄-ပါး (ပဒဋ္ဌာန်)။

**၁၁။ သဒ္ဒါရုံ** – သောတပသာဒကို ရိုက်ခတ်ခြင်းသဘော (လက္ခဏာ)၊

(က) သောတဝိညာဏ်၏ အာရုံဖြစ်ခြင်း (ကိစ္စရသ)၊

(ခ) အာရမ္မဏပစ္စယသတ္တိနှင့် ပြည့်စုံခြင်း (သမ္ပတ္တိရသ)၊
- သောတဝိညာဏ်၏ ကျက်စားရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ရုပ်ကလာပ်တစ်ခုအတွင်းရှိ သဒ္ဒါရုံမှီရာ ဓာတ်ကြီး ၄-ပါး (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



**၁၂။ ဃန္ဓာရုံ** – ဃာနပသာဒကို ရိုက်ခတ်ခြင်းသဘော (လက္ခဏာ)၊
(က) ဃာနဝိညာဏ်၏ အာရုံဖြစ်ခြင်း (ကိစ္စရသ)၊
(ခ) အာရမ္မဏပစ္စယသတ္တိနှင့် ပြည့်စုံခြင်း (သမ္ပတ္တိရသ)၊
– ဃာနဝိညာဏ်၏ ကျက်စားရာဖြစ်ခြင်း (ပစ္စုပဋ္ဌာန်)၊
– ရုပ်ကလာပ်တစ်ခုအတွင်းရှိ ဂန္ဓာရုံမှီရာ ဓာတ်ကြီး ၄–ပါး (ပဒဋ္ဌာန်)။

**၁၃။ ရသာရုံ** – ဇိဝှာပသာဒကို ရိုက်ခတ်ခြင်းသဘော (လက္ခဏာ)၊
(က) ဇိဝှာဝိညာဏ်၏ အာရုံဖြစ်ခြင်း (ကိစ္စရသ)၊
(ခ) အာရမ္မဏပစ္စယသတ္တိနှင့် ပြည့်စုံခြင်း (သမ္ပတ္တိရသ)၊
– ဇိဝှာဝိညာဏ်၏ ကျက်စားရာဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
– ရုပ်ကလာပ်တစ်ခုအတွင်းရှိ ရသာရုံမှီရာ ဓာတ်ကြီး ၄–ပါး (ပဒဋ္ဌာန်)။

**၁၄။ ဣတ္ထိဘာဝရုပ်** – အမျိုးသမီးဖြစ်ကြောင်း သဘော (လက္ခဏာ)၊
– ဤသူကား အမျိုးသမီးဟု ထင်ရှားပြခြင်း (ကိစ္စရသ)၊
– အမျိုးသမီးအသွင်သဏ္ဌာန် အမူအရာစသည်တို့၏ အကြောင်းဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
– ဣတ္ထိဘာဝရုပ်ရှိရာ ကလာပ်တူ ဓာတ်ကြီး ၄–ပါး (ပဒဋ္ဌာန်)။

**၁၅။ ပုရိသဘာဝရုပ်** – အမျိုးသားဖြစ်ကြောင်းသဘော (လက္ခဏာ)၊
– ဤသူကား အမျိုးသားဟု ထင်ရှားပြခြင်း (ကိစ္စရသ)၊
– အမျိုးသားအသွင်သဏ္ဌာန် အမူအရာစသည်တို့၏ အကြောင်းဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
– ပုရိသဘာဝရုပ်ရှိရာ ကလာပ်တူဓာတ်ကြီး ၄–ပါး (ပဒဋ္ဌာန်)။

**၁၆။ ဟဒယဝတ္ထုရုပ်** – မနောဝိညာဏ်၏ မှီရာဖြစ်ခြင်းသဘော (လက္ခဏာ)၊
– မနောဝိညာဏ်၏ တည်ရာဖြစ်ခြင်း (ကိစ္စရသ)၊
– မနောဝိညာဏ်ကို ထမ်းဆောင်ထားတတ်သောသဘော (ပစ္စုပဋ္ဌာန်)၊
– ဟဒယဝတ္ထုမှီရာ ကလာပ်တူ ဓာတ်ကြီး ၄–ပါး (ပဒဋ္ဌာန်)။

**၁၇။ ရုပ်ဇီဝိတ** – ကလာပ်တူကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းသဘော (လက္ခဏာ)၊
– ကလာပ်တူ ကမ္မဇရုပ်တို့ကို အသက်ရှည်စေခြင်း (ကိစ္စရသ)၊
– ကလာပ်တူ ကမ္မဇရုပ်တို့ကို ပျက်ခြင်း 'ဘင်' မတိုင်မီ တည်နေစေတတ်သည့်သဘော (ပစ္စုပဋ္ဌာန်)၊
– ကလာပ်တူ ကမ္မဇရုပ်များ (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



**၁၈။ ကဗဠီကာရအာဟာရ** (ဩဇာ)

- စားမျိုအပ်သော အဆီအစေး ဩဇာသဘော(လက္ခဏာ)၊
- အာဟာရဇရုပ်ကို ဖြစ်စေခြင်း(ကိစ္စရသ)၊
- ဩဇဋ္ဌမကအာဟာရဇရုပ်ကို ဖြစ်စေခြင်းဖြင့် ရုပ်တရားအပေါင်းကို ထောက်ပံ့ ခိုင်ခံ့စေတတ်သောသဘော(ပစ္စုပဋ္ဌာန်)၊
- စားမျိုအပ်သော အစာအာဟာရ(ပဒဋ္ဌာန်)။

**၁၉။ အာကာသဓာတ်** (ပရိစ္ဆေဒရုပ်)

- ရုပ်ကလာပ်တို့ကို ပိုင်းခြားခြင်းသဘော(လက္ခဏာ)၊
- ရုပ်ကလာပ်တို့၏ အဆုံးအပိုင်းအခြားကို ထင်ရှားပြခြင်း(ကိစ္စရသ)၊

(က) ရုပ်ကလာပ်တို့၏ နယ်ခြားမဒသသဘော(ပစ္စုပဋ္ဌာန်)၊

(ခ) မဟာဘုတ်တို့၏ မထိအပ်သည့်သဘော(ပစ္စုပဋ္ဌာန်)၊

(ဂ) ရုပ်ကလာပ်တို့၏ အပေါက်အကြားသဘော(ပစ္စုပဋ္ဌာန်)၊

- အပိုင်းအခြားခံရသော ရုပ်ကလာပ်များ(ပဒဋ္ဌာန်)။

**၂၀။ ကာယဝိညတ်** – စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်လွန်ကဲသည့်ရုပ်တို့၏ ကွေးခြင်းဆန့်ခြင်းစသော အမူအရာသဘော (လက္ခဏာ)၊

- လှုပ်ရှားသောသူ၏ အလိုဆန္ဒကို သူတစ်ပါးအား ထင်ရှားပြခြင်း(ကိစ္စရသ)၊
- ကိုယ်တုန်လှုပ်ခြင်း၏ အကြောင်းသဘော(ပစ္စုပဋ္ဌာန်)၊
- စိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ်(ပဒဋ္ဌာန်)။

**၂၁။ ဝစီဝိညတ်** – စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်လွန်ကဲသည့် ရုပ်တို့၏ စကားပြောသည့်အမူအရာသဘော(လက္ခဏာ)၊

- စကားပြောသူ၏ အလိုဆန္ဒကို သူတစ်ပါးအား ထင်ရှားပြခြင်း(ကိစ္စရသ)၊
- စကားသံဖြစ်ခြင်း၏အကြောင်းသဘော(ပစ္စုပဋ္ဌာန်)၊
- စိတ်ကြောင့်ဖြစ်သော စိတ္တဇပထဝီဓာတ်(ပဒဋ္ဌာန်)။

**၂၂။ ရူပဿလဟုတာ** – စိတ်၊ ဥတု၊ အာဟာရအသီးသီးကြောင့်ဖြစ်သော ရုပ်အစစ်တို့၏ မလေးလံသည့်သဘော(လက္ခဏာ)၊

- ထိုရုပ်တို့၏ လေးလံမှုကို ပယ်ဖျောက်ခြင်း(ကိစ္စရသ)၊
- ထိုရုပ်တို့၏ ပေါ့ပါးလျင်မြန်စွာ ပြောင်းရွှေ့၍ ဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ပေါ့ပါးလျင်မြန်သော ထိုရုပ်များ(ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



**၂၃။ ရူပဿမုဒုတာ** – စိတ်၊ ဥတု၊ အာဟာရ အသီးသီးကြောင့် ဖြစ်သော ရုပ် အစစ်တို့၏ မခက်ထန် မကြမ်းတမ်းခြင်းသဘော (လက္ခဏာ)၊

- ထိုရုပ်တို့၏ ကြမ်းတမ်းခက်ထန်မှုကို ပယ်ဖျောက်ခြင်း (ကိစ္စရသ)
- မိမိက နူးညံ့သည့်အတွက် အလုံးစုံသော ကိုယ်မှုကိစ္စတို့၌ မဆန့်ကျင်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- နူးညံ့သော ထိုရုပ်များ (ပဒဋ္ဌာန်)။

**၂၄။ ရူပဿကမ္မညတာ** – ကိုယ်မှုကိစ္စတို့ လျော်စွာဖြစ်ခြင်း ဟူသောအမှု၌ ခန့်ညားအဆင်ပြေခြင်း သဘော (လက္ခဏာ)၊

- ကိုယ်မှုကိစ္စ၌ မခန့်ညားမှုကို ပယ်ဖျောက်ခြင်း (ကိစ္စရသ)၊
- ရုပ်တို့၏ အားမနည်းသည့် သဘော (ပစ္စုပဋ္ဌာန်)၊
- ကိုယ်မှုကိစ္စ၌ ခန့်ညားသော ထိုရုပ်များ (ပဒဋ္ဌာန်)။

**၂၅။ ဥပစယ**

(က) ဘဝတစ်ခု၌ ရုပ်အစစ်တို့၏ ရှေးဦးစွာဖြစ်ခြင်းသဘော (လက္ခဏာ)၊

(ခ) ဣန္ဒြေပြည့်စုံသည့်တိုင်အောင် တိုးတက်၍ဖြစ်ခြင်းသဘော (လက္ခဏာ)၊

- ရှေ့အဖို့၌ ရုပ်တရားတို့ကို ဖြစ်ပေါ်စေခြင်း (ကိစ္စရသ)၊
- ဤကား ရုပ်တည်းဟု ဆောင်နှင်းပြသကဲ့သို့ ဖြစ်ခြင်းသဘော (ဝါ) ရုပ်တို့၏ ပြည့်စုံသည့်သဘော (ပစ္စုပဋ္ဌာန်)၊
- ဖြစ်ဆဲရုပ်များ (ပဒဋ္ဌာန်)။

**၂၆။ သန္တတိ** – ဣန္ဒြေပြည့်စုံပြီးသည့်နောက် ရုပ်အစစ်တို့၏ ရှေ့နောက်အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ခြင်းသဘော (လက္ခဏာ)၊

- ရှေ့နောက်အစဉ်မပြတ် အဆင့်ဆင့်ဖွဲ့စည်းခြင်း (ကိစ္စရသ)၊
- ရှေ့နောက် အစဉ်မပြတ် စေ့စပ်ဖွဲ့ယှက်ခြင်း သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ရှေ့နောက် အစဉ်မပြတ် ဖွဲ့စပ်သကဲ့သို့ဖြစ်သောရုပ်များ (ပဒဋ္ဌာန်)။

**၂၇။ ဇရတာ** – ရုပ်အစစ်တို့၏ ရင့်ကျက် (ဟောင်း) ခြင်းသဘော (လက္ခဏာ)၊

- ပျက်ခြင်း 'ဘင်'၏ အနီးသို့ ဆောင်ခြင်း (ကိစ္စရသ)၊
- ဖြစ်ခြင်းအခိုက်အတန့်၏ ကင်းချုပ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ရင့်ကျက်ဆဲ ဟောင်းဆဲ ရုပ်များ (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



၂၈။ **အနိစ္စတာ** – ရုပ်အစစ်တို့၏ ထက်ဝန်းကျင်အားဖြင့် ပြိုပျက်ခြင်းသဘော (လက္ခဏာ)၊

– (ငြိသို့ ရောက်သောရုပ်ကို ဖျက်ဆီးသည်၏အဖြစ်ဖြင့်) ရုပ်အစစ်တို့ကို နစ်မြုပ်စေခြင်း (ကိစ္စရသ)၊

– ရုပ်အစစ်တို့၏ ကုန်ခြင်း ပျက်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊

– ထက်ဝန်းကျင်အားဖြင့် ပြိုပျက်ဆဲ ရုပ်များ (ပဒဋ္ဌာန်)။

## ရုပ်တရားများကို လက္ခဏာ-ရသစသည်ရှုပုံ

"အမြတ်ဆုံးပန်းတိုင် ဓေကနိပိုင်" ပထမတွဲ၌ ရုပ်ကလာပ်များကို ခွာတ်ခွဲ၍ ရုပ်တစ်မျိုးစီ တစ်မျိုးစီ ရှုမြင်နိုင်ပုံကို ဖော်ပြခဲ့ပါသည်။ ယခု ရုပ်တရားများကို လက္ခဏာ၊ ရသ စသည် ရှုပွားလိုသောအခါ မိမိရှုပွားလိုသော ရုပ်ကလာပ်ကို ပထမ ခွာတ်ခွဲပါ။ ရုပ်သဘောများကို မြင်သောအခါမှ မိမိရှုမှတ်လိုသည့် ပထဝီဓာတ် စသည်ကို ရွေးထုတ်၍ရှုပါ။

ယောဂီသည် ရုပ်ကမ္မဋ္ဌာန်းရှုမှတ်ခဲ့စဉ်က ရုပ်တရားများကို သိမ်းဆည်းခဲ့သည့်နည်းတူ ရှေးဦးစွာ မျက်စိ၌ရှိသော ရုပ်ကလာပ် ၆–မျိုးကိုမြင်အောင်ရှုပါ။ ထို့နောက် စက္ခုဒသက ကလာပ်ကိုခွာတ်ခွဲပြီး ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဇီဝိတ၊ စက္ခုပသာဒဟူသော ရုပ် ၁၀–ပါးကိုမြင်အောင် ရှုပါ။ ထို့နောက် ထိုရုပ်တစ်ပါးစီ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါ။

စက္ခုဒသက ကလာပ်မှ ရုပ် ၁၀–ပါးကို ကုန်စင်အောင်ရှုပြီးသည့်အခါ ကာယဒသက ကလာပ်ကို ခွာတ်ခွဲ၍ ပထဝီမှအစ ကာယပသာဒအထိ ရုပ် ၁၀–ပါးတို့ကို တစ်ပါးစီ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ရှုပါ။ စက္ခုဒသက ကလာပ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ စသည်တို့ကို ရှုခဲ့ပြီးသည့်အတွက် ကာယဒသက ကလာပ်၌ ထပ်မရှုဘဲ မနေပါနှင့်။ ထပ်မံ၍ ကျေညက်အောင် ရှုပါ။

ထို့နောက်တစ်ဖန် စက္ခု၌ ရှိသော ဘာဝဒသက ကလာပ်၊ စိတ္တဇအဋ္ဌက ကလာပ်၊ ဥတုဇအဋ္ဌက ကလာပ်၊ အာဟာရဇအဋ္ဌက ကလာပ်အသီးသီးကို ခွာတ်ခွဲ၍ ပါဝင်သည့် ရုပ်တရား ၁–ပါးစီ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါ။

အဇ္ဈတ္တမျက်စိ၌ ၅၄–မျိုးသော ရုပ်တရားများကို ရှုပြီးသောအခါ ဗဟိဒ္ဓမျက်စိ၌လည်း ၅၄–မျိုးသော ရုပ်တရားများကို ကုန်စင်အောင် အသီးသီးရှုပါ၊ ထို့နောက် နား၌ရုပ် ၅၄–ပါး၊ နှာခေါင်း၌ ရုပ် ၅၄–ပါး၊ လျှာ၌ ရုပ် ၅၄–ပါး၊ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



၌ ရုပ် ၄၄–ပါး၊ နှလုံး၌ ရုပ် ၅၄–ပါးတို့ကိုလည်း အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂–ဌာနတွင် ၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ရှုပါ။

ထိုနောက်တစ်ဖန် ၄၂–ကောဋ္ဌာသတို့၌လည်းကောင်း၊ အနီပွန္ဒရုပ်များ ၌ ရောနှောနေသော စိတ္တဇကလာပ် ၄–စည်း၊ ဥတုဇကလာပ် ၄–စည်း၊ အာဟာရဇ ကလာပ် ၂–စည်းတို့၌လည်းကောင်း၊ လက္ခဏာရုပ်တို့၌လည်းကောင်း၊ ရုပ်ကမ္မ ဌာန်း ဇယားများတွင် ဖော်ပြထားသည့် ရုပ်အရေအတွက်အတိုင်း ခွဲခြားစိတ်ဖြာ၍ အဇ္ဈတ္တ–ဗဟိဒ္ဓ ၂–ဌာနလုံး၌ လက္ခဏာ၊ ရသ စသည်ကို ရှုပါ။

လက္ခဏာရုပ်များကို ရှုရာ၌ ရုပ်ကလာပ်တစ်ခုအတွင်းရှိ ၈–မျိုး၊ ၉–မျိုး ၁၀–မျိုး စသော ရုပ်အစစ်တို့၏ပြိုင်တူ ဖြစ်မှု၊ တည်မှု၊ ပျက်မှုတို့ကို အာရုံယူ၍ ရှုပါ။ သို့မဟုတ် ရုပ်အစစ်တစ်လုံးစီ၏ ဖြစ်မှု၊ တည်မှု၊ ပျက်မှုတို့ကို အာရုံယူ၍ ရှုပါ။

အထက်ပါနည်းအတိုင်း ရှုနိုင်ခဲ့သော် ရုပ်ဃန ၃–မျိုးပြိုကွဲ၍ ရုပ်တရားပေါ် အပေါ်၌ အသိဉာဏ်ပိုမိုသန့်ရှင်းသွားမည်ဖြစ်သည်။

## နာမ်တရားများ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်

**၁။ ဝိညာဏက္ခန္ဓာ** (စိတ်အားလုံးအတွက်)

- အာရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)၊
- အာရုံကို သိမှု၌ ပဓာနခေါင်းဆောင်ဖြစ်ခြင်း (ကိစ္စရသ)၊
- စိတ်အစဉ် မပြတ်အောင် နောက်နောက်စိတ်ကို ဖွဲ့စပ်တတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- ယှဉ်ဖက် စေတသိက်များနှင့် မှီရာဝတ္ထုရုပ် (ပဒဋ္ဌာန်)။

**၂။ ပဋိသန္ဓေစိတ်** (အတိတ်အာရုံ)

- အတိတ်မရဏာသန္နအာရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)
- ဘဝ ၂–ခုကို (ရှေ့နောက်စိတ်အစဉ်ကို) ဆက်စပ်ပေးခြင်း (ကိစ္စရသ)
- ဘဝ ၂–ခုကို (ရှေ့နောက်စိတ်အစဉ်ကို) ဆက်စပ်ပေးသော သဘော (ပစ္စုပဋ္ဌာန်)၊
- ယှဉ်ဖက်စေတသိက်များနှင့် မှီရာဝတ္ထုရုပ် (ပဒဋ္ဌာန်)။

**၃။ ဘဝင်စိတ်** (အတိတ်အာရုံ)

- အတိတ်မရဏာသန္နအာရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)
- စိတ်အစဉ်မပြတ်အောင် ဘဝ၏အကြောင်းတရားအဖြစ် တည်နေ ခြင်း (ကိစ္စရသ)၊

www.burmeseclassic.com

www.burmeseclassic.com



- စိတ်အစဉ် မပြတ်အောင် ဘဝ၏ အကြောင်းအဖြစ် တည်နေသော သဘော (ပစ္စုပဋ္ဌာန်)၊
- ယှဉ်ဖက်စေတသိက်များနှင့် မှီရာဝတ္ထုရုပ် (ပဒဋ္ဌာန်)။

**၄။ ပဉ္စဒွါရာဝဇ္ဇန်း** = ဆင်ခြင် (ပစ္စုပ္ပန်အာရုံ ၅-ပါး)

- ရူပါရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)၊
- ရူပါရုံကို ဆင်ခြင်ခြင်း (ကိစ္စရသ)၊
- ရူပါရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ဘဝင်စိတ်၏ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

(သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ နည်းတူရှုပါ။)

**၅။ စက္ခုဝိညာဏ်** (ရူပါရုံ)

- စက္ခုဝတ္ထုကို မှီ၍ ရူပါရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)၊
- ရူပါရုံ=အဆင်းမျှကိုသာ အာရုံပြုခြင်း (ကိစ္စရသ)၊
- ရူပါရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

**၆။ သောတဝိညာဏ်** (သဒ္ဒါရုံ)

- သောတဝတ္ထုကို မှီ၍ သဒ္ဒါရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)၊
- သဒ္ဒါရုံ = အသံမျှကိုသာ အာရုံပြုခြင်း, သိခြင်း (ကိစ္စရသ)၊
- သဒ္ဒါရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

**၇။ ဃာနဝိညာဏ်** (ဂန္ဓာရုံ)

- ဃာနဝတ္ထုကို မှီ၍ ဂန္ဓာရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)၊
- ဂန္ဓာရုံ = အနံ့မျှကိုသာ အာရုံပြုခြင်း, သိခြင်း (ကိစ္စရသ)၊
- ဂန္ဓာရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

**၈။ ဇိဝှာဝိညာဏ်** (ရသာရုံ)

- ဇိဝှာဝတ္ထုကို မှီ၍ ရသာရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)၊
- ရသာရုံ = အရသာမျှကိုသာ အာရုံပြုခြင်း, သိခြင်း (ကိစ္စရသ)၊
- ရသာရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



**၉။ ကာယဝိညာဏ်** (ဖောဋ္ဌဗ္ဗာရုံ)

- ကာယဝတ္ထုကို မှီ၍ ဖောဋ္ဌဗ္ဗာရုံကို ရယူခြင်း, သိခြင်း သဘော (လက္ခဏာ)၊
- ဖောဋ္ဌဗ္ဗာရုံ= အတွေ့အထိမျှကိုသာ အာရုံပြုခြင်း,သိခြင်း (ကိစ္စရသ)၊
- ဖောဋ္ဌဗ္ဗာရုံဘက်သို့ ရှေးရှုမျက်နှာမူခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်၏ ချုပ်ပျက်ခြင်းသဘော (ပဒဋ္ဌာန်)။

(ဖောဋ္ဌဗ္ဗာရုံကို သိခြင်းဆိုသည်မှာ တွေ့ထိသည့်နေရာ၌ရှိသော ပထဝီ၊ တေဇော၊ ဝါယောဓာတ်တို့ကို သိခြင်းဖြစ်သည်။)

**၁၀။ သမ္ပဋိစ္ဆိုန်း** = လက်ခံ (အာရုံ ၅-မျိုး)

- စက္ခုဝိညာဏ်၏ အခြားမဲ့၌ ဖြစ်၍ ရူပါရုံကို ရယူခြင်း, သိခြင်းသဘော (လက္ခဏာ)၊
- ရူပါရုံ (သဒ္ဒါရုံ၊ ဂန္ဓာရုံ ...) ကို လက်ခံခြင်း (ကိစ္စရသ)၊
- ရူပါရုံ (သဒ္ဒါရုံ၊ ဂန္ဓာရုံ ...) ကို လက်ခံသောသဘော (ပစ္စုပဋ္ဌာန်)၊
- စက္ခုဝိညာဏ် (သောတဝိညာဏ် ...) ၏ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

(သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော သမ္ပဋိစ္ဆိုန်းအသီးသီး၌လည်း နည်းတူရှုပါ။)

**၁၁။ သန္တီရဏ** = စုံစမ်း (အာရုံ ၅-မျိုး)

- ရူပါရုံ (သဒ္ဒါရုံ ...) ကို ရယူခြင်း,သိခြင်းသဘော (လက္ခဏာ)၊
- ရူပါရုံ (သဒ္ဒါရုံ ...) ကို စူးစမ်းဆင်ခြင်ခြင်း (ကိစ္စရသ)၊
- ရူပါရုံ (သဒ္ဒါရုံ ...) ကို စူးစမ်းဆင်ခြင်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- မိမိ မှီ၍ဖြစ်ရာ ဟဒယဝတ္ထု (ပဒဋ္ဌာန်)။

**၁၂။ ဝုဋ္ဌော** = ဆုံးဖြတ် (အာရုံ ၅-မျိုး)

- ရူပါရုံ (သဒ္ဒါရုံ ...) ကို ရယူခြင်း,သိခြင်းသဘော (လက္ခဏာ)၊
- ရူပါရုံ (သဒ္ဒါရုံ ...) ကို ဣဋ္ဌ-အနိဋ္ဌ စသည် ဆုံးဖြတ်ခြင်း (ကိစ္စရသ)၊
- ရူပါရုံ (သဒ္ဒါရုံ ...) ကို ဣဋ္ဌ-အနိဋ္ဌ စသည် ဆုံးဖြတ်တတ်သောသဘော (ပစ္စုပဋ္ဌာန်)
- သန္တီရဏ စိတ်၏ ချုပ်ပျက်သွားခြင်းသဘော (ပဒဋ္ဌာန်)။

**၁၃။ ဇော** = ခံစား (ကုသိုလ်ဇော)

- အပြစ်မရှိခြင်း၊ ကောင်းကျိုးပေးခြင်းသဘော (လက္ခဏာ)၊
- အကုသိုလ်ကို ဖျက်ဆီးခြင်း (ကိစ္စရသ)၊

www.burmeseclassic.com

www.burmeseclassic.com



- ဖြူစင်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ယောနိသော မနသိကာရ (ပဒဋ္ဌာန်)။

**တစ်နည်း။** ။ သာဝဇ္ဇဖြစ်သော အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် အပြစ်မရှိခြင်းသာလျှင်ဖြစ်သော သဘော (လက္ခဏာ)၊

- ဖြူစင်ခြင်း (သမ္ပတ္တိရသ)၊
- ကောင်းမြတ်သော အကျိုးရှိမှု (ဖလပစ္စုပဋ္ဌာန်)၊
- ယောနိသော မနသိကာရ (ပဒဋ္ဌာန်)။

**၁၄။ ဓော** = ခံစား (အကုသိုလ်ဇော)

- အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းကျိုးရှိခြင်းသဘော (လက္ခဏာ)၊
- အကျိုးမဲ့ကို ဖြစ်စေခြင်း (ကိစ္စရသ)၊
- စိတ်အစဉ်ကို ညစ်နွမ်းစေတတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- အယောနိသော မနသိကာရ (ပဒဋ္ဌာန်)။

**တစ်နည်း။** ။ အကုသိုလ်တရားတို့သည် စင်စစ်ကဲ့ရဲ့ထိုက်သောကြောင့်

- အပြစ်နှင့်တကွဖြစ်ခြင်းသဘော (လက္ခဏာ)၊
- စိတ်ကို ညစ်နွမ်းသည့်အဖြစ်နှင့် ပြည့်စုံခြင်း (သမ္ပတ္တိရသ)၊
- မကောင်းသော အကျိုးရှိမှု (ဖလပစ္စုပဋ္ဌာန်)၊
- အယောနိသော မနသိကာရ (ပဒဋ္ဌာန်)။

**၁၅။ တဒါရုံ** = (အာရုံ ၆–မျိုး)

- ရူပါရုံ (သဒ္ဒါရုံ...) ကို ရယူခြင်း,သိခြင်းသဘော (လက္ခဏာ)၊
- ဇောသိသော အာရုံနောက်သို့လိုက်၍ အာရုံယူခြင်း (ကိစ္စရသ)၊
- ဇောသိသော အာရုံနောက်သို့လိုက်၍ အာရုံယူတတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- ဇောစိတ်ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

**၁၆။ မနောဒွါရာဝဇ္ဇန်း** = ဆင်ခြင်, ဆုံးဖြတ် (အာရုံ ၆–မျိုး)

- ရူပါရုံ (သဒ္ဒါရုံ...) ကို ရယူခြင်း,သိခြင်းသဘော (လက္ခဏာ)၊
- ရူပါရုံ (သဒ္ဒါရုံ...) ကို ဆင်ခြင်,ဆုံးဖြတ်ခြင်းသဘော (ကိစ္စရသ)၊
- ရူပါရုံ (သဒ္ဒါရုံ...) ကို ဆင်ခြင်, ဆုံးဖြတ်တတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- ဘဝင်စိတ်၏ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာကန္ဒာကို လက္ခဏာ၊ရသစသည့်ရှုခြင်း

**၁။ သုခဝေဒနာ** (ကာယအကြည်ကို မှီ၍ဖြစ်သည်)

- ဣဋ္ဌ ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းသဘော(လက္ခဏာ)၊
- ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို လွန်စွာတိုးပွားစေခြင်း(ကိစ္စရသ)၊
- ကိုယ်၌(ကာယအကြည်၌)ဖြစ်သော သာယာအပ်သည့်သဘော(ပစ္စုပဋ္ဌာန်)၊
- ကိုယ်အကြည်ဓာတ်(ကာယိန္ဒြေ)(ပဒဋ္ဌာန်)။

**၂။ ဒုက္ခဝေဒနာ** (ကာယအကြည်ကို မှီ၍ဖြစ်သည်)

- အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းသဘော(လက္ခဏာ)၊
- ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ညှိုးကျုံ့စေခြင်းသဘော(ကိစ္စရသ)၊
- ကိုယ်၌ (ကာယအကြည်၌)ဖြစ်သော နှိပ်စက်တတ်သည့်သဘော (ပစ္စုပဋ္ဌာန်)၊
- ကိုယ်အကြည်ဓာတ် (ကာယိန္ဒြေ) (ပဒဋ္ဌာန်)။

**၃။ သောမနဿဝေဒနာ** (သုခဝေဒနာ)

- သဘာဝ + ပရိကပ္ပ–ဣဋ္ဌာရုံကို ခံစားခြင်းသဘော(လက္ခဏာ)၊
- ဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ ဣဋ္ဌာရုံကို ဣဋ္ဌအခြင်းအရာအားဖြင့် သုံးဆောင်ခံစားခြင်း(ကိစ္စရသ)၊
- စိတ်၌ဖြစ်သော သာယာဖွယ်ရာသဘော(ပစ္စုပဋ္ဌာန်)၊
- စိတ်စေတသိက်တို့၏ ငြိမ်းအေးမှု=ပဿဒ္ဓိ (အကောင်းအုပ်စုအတွက်ဖြစ်သည်၊ မကောင်းအုပ်စုအတွက် ဝတ္ထု၊အာရုံ၊ဖဿ၊မနသိကာရ ဦးဆောင်သည့် သမ္ပယုတ်တရားများဖြစ်ပေသည်။)

(သဘာဝဣဋ္ဌာရုံ=ပင်ကိုသဘာဝအတိုင်း အလိုရှိအပ်သောဣဋ္ဌာရုံ၊ ပရိကပ္ပဣဋ္ဌာရုံ= ဣဋ္ဌဖြစ်အောင် ကြံစည်ပြုပြင်ပါမှဖြစ်လာရသော ဣဋ္ဌာရုံ)

**၄။ ဒေါမနဿဝေဒနာ** =(ဒုက္ခဝေဒနာ)

- သဘာဝ+ပရိကပ္ပ–အနိဋ္ဌာရုံကို ခံစားခြင်းသဘော(လက္ခဏာ)၊
- ဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ အနိဋ္ဌာရုံကို အနိဋ္ဌအခြင်းအရာအားဖြင့် သုံးဆောင်ခံစားခြင်း(ကိစ္စရသ)၊
- စိတ်၌ဖြစ်သော နှိပ်စက်တတ်သည့်သဘော(ပစ္စုပဋ္ဌာန်)၊
- မှီရာဟဒယဝတ္ထု(ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



၅။ **ဥပေက္ခာဝေဒနာ** = (အဒုက္ခမသုခဝေဒနာ)
- အလယ်အလတ် မဇ္ဈတ္တာရုံကို လျှစ်လျူရှု၍ ခံစားခြင်း သဘော (လက္ခဏာ)၊
- ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို မတိုးပွားစေလွန်း၊ မညှိုးကျုံ့စေလွန်း ခြင်း (ကိစ္စရသ)၊
- ငြိမ်သက်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ပီတိမယှဉ်သော စိတ် (ပဒဋ္ဌာန်)။

၆။ **စေတသိက-ဥပေက္ခာ** (စေတသိကဥပေက္ခာ ခံစားမှု)
- ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၏ ဆန့်ကျင်ဘက် ဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားခြင်း သဘော (လက္ခဏာ)၊
- ပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကို အလယ်အလတ် လျစ်လျူရှုထားခြင်း (ကိစ္စရသ)၊
- မထင်ရှားသော ခံစားမှုသဘောတရား (ပစ္စုပဋ္ဌာန်)၊
- သုခဝေဒနာ ချုပ်ပျက်သွားခြင်း (ပဒဋ္ဌာန်)။

## သညာက္ခန္ဓာကို လက္ခဏာ၊ ရသ စသည်ရှုခြင်း

၁။ **သညာက္ခန္ဓာ** (သညာစေတသိက်)
- အညို အရွှေ စသည် ကွဲပြားသော အာရုံကို အမှတ်ပြုခြင်း သဘော (လက္ခဏာ)၊
- ထိုဟာဒါပဲဟု နောက်ထပ်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်အသားကို ပြုခြင်း (ကိစ္စရသ)၊
- စိတ်က စွဲယူထားသည့် အမှတ်နိမိတ်အတိုင်း အာရုံကို နှလုံးသွင်းတတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- ထင်လာတိုင်းသော အာရုံ (ပဒဋ္ဌာန်)။

(သညာ၏ မှတ်သားမှုကား မှားသည်လည်း ရှိ၏၊ မှန်သည်လည်း ရှိ၏၊ သားသမင်တို့က မြက်ခြောက်ရုပ်ကို လူဟုထင်မှတ်သကဲ့သို့ တည်း။)

## သင်္ခါရက္ခန္ဓာကို လက္ခဏာ၊ ရသ စသည်ရှုခြင်း

၁။ **သင်္ခါရက္ခန္ဓာ** (စေတသိက် ၅၀)
- ပေါင်းစည်းခြင်း (ပေါင်းစုအောင်ပြုခြင်း) သဘော (လက္ခဏာ)၊
- ပေါင်းစုရုံးစည်းခြင်း (ကြောင့်ကြဗျာပါရပြုခြင်း) (ကိစ္စရသ)၊

www.burmeseclassic.com

www.burmeseclassic.com



- အကျိုးကို ပြုပြင်ခြင်း၊ ပြီးစေခြင်း၊ ဗျာပါရသတ္တိရှိသော တရား (ပစ္စုပ္ပဋ္ဌာန်)၊
- မိမိမှ ကြွင်းသော ကျန်နာမ်ခန္ဓာ ၃-ပါး (ပဒဋ္ဌာန်)။

(ဤ၌ စေတနာကို ပဓာနထား၍ သင်္ခါရက္ခန္ဓာစာရင်းဝင် စေတသိက်တို့ကို ပေါင်းစုခြုံငုံ၍ ရှုသည့်နည်းကို အဋ္ဌကထာက ဖော်ပြခြင်း ဖြစ်၏။ အတိတ်အကြောင်းတရား ၅-ပါးနှင့် ပစ္စုပ္ပန် ပဋိသန္ဓေအခိုက် ရုပ်တရား နာမ်တရားတို့၏ အကြောင်းအကျိုး ဆက်စပ်မှုသဘောကို မြင်အောင်ရှု၍ အတိတ်သင်္ခါရအုပ်စုက ပစ္စုပ္ပန်ပဋိသန္ဓေဝိပါက်ခန္ဓာ အကျိုးတရားတို့ကို ပြုပြင်ခြင်း, ပြီးစေခြင်း, ဗျာပါရသတ္တိရှိပုံကို ရှုနိုင်သည်။ အလားတူပင် ပစ္စုပ္ပန်အကြောင်းတရား ၅-ပါးနှင့် အနာဂတ်၏ အကျိုးဝိပါက်ခန္ဓာ၏ ကြောင်းကျိုးဆက်သဘောကို မြင်အောင်ရှု ပြီး အကြောင်းသင်္ခါရတရားစု၌ အကျိုးဝိပါက်ခန္ဓာကို ပြုပြင်ခြင်း, ပြီးစေခြင်း, ဗျာပါရသတ္တိကို မြင်အောင်ရှုနိုင်သည်။)

## သဗ္ဗစိတ္တသာဓာရဏစေတသိက်များ

**၂။ ဖဿ** - အာရုံကို တွေ့ထိခြင်းသဘော (လက္ခဏာ)၊
- အာရုံနှင့် အသိစိတ်ကို ဆက်စပ်ပေးခြင်း (ကိစ္စရသ)၊
- ဝတ္ထု + အာရုံ + ဝိညာဏ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော သဘော (ပစ္စုပဋ္ဌာန်)၊
- ထင်လာသော အာရုံ (ပဒဋ္ဌာန်)။

**၃။ စေတနာ** - သမ္ပယုတ်တရားတို့ကို အာရုံနှင့် စေ့စပ်အောင် အာရုံပေါ်သို့ ရောက်အောင် စေ့ဆော်ခြင်းသဘော (လက္ခဏာ)၊
- ပေါင်းစုရုံးစည်းခြင်း (ကြောင့်ကြဗျာပါရပြုခြင်း) (ကိစ္စရသ)၊
- စီမံတတ်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ဝတ္ထု + အာရုံ + ဖဿ + မနသိကာရဦးဆောင်သည့် ယှဉ်ဖက်သမ္ပယုတ် တရားများ (ပဒဋ္ဌာန်)။

**၄။ ဧကဂ္ဂတာ** = သမာဓိ
- (က) အာရုံ၌ မပျံ့လွင့်ခြင်း (တည်ကြည်ခြင်းသဘော) (လက္ခဏာ
- (ခ) အာရုံ၌ သမ္ပယုတ် တရားတို့၏ မပျံ့လွင့်ကြောင်း သဘော (လက္ခဏာ)၊
- (ဂ) အာရုံ၌ မပျံ့လွင့်ရန် သမ္ပယုတ်တရားတို့၏ အကြီးအမှူးဖြစ်ခြင်း သဘော (လက္ခဏာ)၊

www.burmeseclassic.com

www.burmeseclassic.com



- ယှဉ်ဖက်တရားတို့ကို ပေါင်းစုခြင်း (ကိစ္စရသ)၊
(ရေကာ ကသယ်မှုန့်များကို အခဲဖြစ်အောင် ပေါင်းစုသကဲ့သို့)
- (က) စိတ်ငြိမ်သက်သော သဘော (ပစ္စုပဋ္ဌာန်)၊
(ခ) ဉာဏ်ဖြစ်ကြောင်း သဘော (ပစ္စုပဋ္ဌာန်)၊
- (က) အကောင်းအုပ်စုအတွက် – ယေဘုယျအားဖြင့် သုခ ဝေဒနာ (ပဒဋ္ဌာန်)၊
(ခ) မကောင်းအုပ်စုအတွက် – ဝတ္ထု + အာရုံ + သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

၅။ **ဇီဝိတိန္ဒြေ** = နာမ်ဇီဝိတ
- သမ္ပယုတ်တရားတို့ကို စောင့်ရှောက်ခြင်းသဘော (လက္ခဏာ)၊
- သမ္ပယုတ်တရားတို့ကို ဥပါဒ်မှ ဘင်တိုင်အောင် အသက်ရှည်စေခြင်း (ကိစ္စရသ)၊
- သမ္ပယုတ်တရားတို့ကို ဘင်မတိုင်မီ တည်တံ့အောင် ထားတတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- အသက်ရှည်စေအပ်သော သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

၆။ **မနသိကာရ** = သမ္ပယုတ်တရားတို့ကို အာရုံသို့ ဖြောင့်တန်းစွာ ရှေးရှု မောင်းနှင်ခြင်းသဘော (လက္ခဏာ)၊
- သမ္ပယုတ်တရားတို့ကို အာရုံနှင့် ယှဉ်စပ်စေခြင်း (ကိစ္စရသ)၊
- အာရုံဘက်သို့ ရှေးရှုမျက်နှာမူသော သဘော (ပစ္စုပဋ္ဌာန်)၊
- အာရုံ (ပဒဋ္ဌာန်)။

## ပကိဏ်းစေတသိက် ၆-ပါး

၇။ **ဝိတက်** – အာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော (လက္ခဏာ)၊
- အာရုံကို ထပ်တလဲလဲ ရှုခြင်း (ကိစ္စရသ)၊
- အာရုံပေါ်သို့ရောက်အောင် စိတ်ကို ဆွဲခေါ်တတ်သောသဘော (ပစ္စုပဋ္ဌာန်)၊
- ဝတ္ထု + အာရုံ + ဖဿ + မနသိကာရဦးဆောင်သည့် သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

၈။ **ဝိစာရ** = အာရုံကို ထပ်တလဲလဲ သုံးသပ်ဆင်ခြင်ခြင်းသဘော (လက္ခဏာ)၊
- အာရုံ၌ သမ္ပယုတ်တရားတို့ကို ထပ်တလဲလဲ ယှဉ်စေခြင်း (ကိစ္စရသ)၊

www.burmeseclassic.com

www.burmeseclassic.com



- ယူပြီးသော အာရုံ၌ စိတ်ကို အစဉ်မပြတ် ဖွဲ့ထားတတ်သောသဘော (ပစ္စုပဋ္ဌာန်)၊
- ဝတ္ထု + အာရုံ + ဖဿ + မနသိကာရ ဦးဆောင်သည့် သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

**၉။ အဓိမောက္ခ** = အာရုံကို သန္နိဋ္ဌာန်ကျဆုံးဖြတ်ချက်ချခြင်းသဘော (လက္ခဏာ)၊

- အာရုံကို ဆုံးဖြတ်ခြင်း (ကိစ္စရသ)၊
- အာရုံကို ဆုံးဖြတ်တတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- အဆုံးဖြတ်ခံရသော အာရုံ (ပဒဋ္ဌာန်)။

**၁၀။ ဝီရိယ** – ကြိုးစားအားထုတ်ခြင်းသဘော (လက္ခဏာ)၊

- ယှဉ်ဖက်တရားတို့ကို အားပေးထောက်ပံ့ခိုင်ခံ့စေခြင်း (ကိစ္စရသ)
- မဆုတ်နစ်တတ်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- (က) ထိတ်လန့်ခြင်း သံဝေဂဉာဏ် (ပဒဋ္ဌာန်)၊
  (ခ) ဝီရိယ ဖြစ်ကြောင်းဝတ္ထု (ပဒဋ္ဌာန်)။

**၁၁။ ပီတိ** – အာရုံကို နှစ်သက်ခြင်းသဘော (လက္ခဏာ)၊

- ကိုယ်စိတ်တို့ကို နှစ်သက်ပြည့်ဖြိုး ပွားတိုးစေခြင်း (ဝါ) မွန်မြတ်သော စိတ္တဇရုပ်တို့ကို ကိုယ်အလုံး ပျံ့နှံ့စေခြင်း (ကိစ္စရသ)၊
- ကိုယ်စိတ်တို့ကို တက်ကြွရွှင်လန်းစေတတ်သောသဘော (ပစ္စုပဋ္ဌာန်)
- ဝတ္ထု + အာရုံ + ဖဿ + မနသိကာရ ဦးဆောင်သည့် သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

**၁၂။ ဆန္ဒ** – အာရုံကို လိုလားတောင့်တခြင်းသဘော (လက္ခဏာ)၊

- အာရုံကို ရှာမှီးခြင်း (ကိစ္စရသ)၊
- အာရုံကို အလိုရှိသောသဘော (ပစ္စုပဋ္ဌာန်)၊
- အလိုရှိအပ်သော အာရုံ (ပဒဋ္ဌာန်)။

## အကုသိုလ်စေတသိက် ၁၄-ပါး

**၁၃။ မောဟ** – ပရမတ္ထတရားတို့၏ သဘောမှန်ကို မမြင်သိခြင်း၊ ပညာမျက်စိ ကန်းခြင်းသဘော (လက္ခဏာ)၊

- ပရမတ္ထတရား အာရုံ၏ သဘောမှန်ကို ဖုံးလွှမ်းခြင်း (ကိစ္စရသ)၊
- ပညာမျက်စိကန်းအောင် ပြုတတ်သောသဘော (ပစ္စုပဋ္ဌာန်)၊

www.burmeseclassic.com

www.burmeseclassic.com



- အယောနိသော မနသိကာရ (နိစ္စ၊ သုခ၊ အတ္တ၊ သုဘ စသည်ဖြင့် နှလုံးသွင်းမှားမှု) (ပဒဋ္ဌာန်)။

**၁၄။ အဟိရိက** – အကုသိုလ်တရား + ဒုစရိုက်တရားတို့ကို မစက်ဆုတ်ခြင်း, မရှက်ခြင်းသဘော (လက္ခဏာ)၊

- မရှက်သော အခြင်းအရာဖြင့် မကောင်းမှုကို ပြုခြင်း (ကိစ္စရသ)၊
- မရှက်သော အခြင်းအရာဖြင့် မကောင်းမှုမှ မတွန့်ဆုတ်တတ်သည့် သဘော (ပစ္စုပဋ္ဌာန်)၊
- မိမိကိုယ်ကို မရိုသေမလေးစားခြင်း (ပဒဋ္ဌာန်)။

**၁၅။ အနောတ္တပ္ပ** – အကုသိုလ်တရား + ဒုစရိုက်တရားတို့ကို မကြောက်ရွံ့ခြင်း, မထိတ်လန့်ခြင်းသဘော (လက္ခဏာ)၊

- မထိတ်လန့်သော အခြင်းအရာဖြင့် မကောင်းမှုကို ပြုခြင်း (ကိစ္စရသ)၊
- မထိတ်လန့်သော အခြင်းအရာဖြင့် မကောင်းမှုမှ မတွန့်ဆုတ်တတ်သည့် သဘော (ပစ္စုပဋ္ဌာန်)၊
- သူတစ်ပါးတို့ကို မရိုသေ မလေးစားခြင်း (ပဒဋ္ဌာန်)။

**၁၆။ ဥဒ္ဓစ္စ** – (လေကြောင့်လှုပ်သော ရေကဲ့သို့) စိတ်မငြိမ်သက်ခြင်း သဘော (လက္ခဏာ)၊

- (လေကြောင့် လှုပ်သော တံခွန်ကဲ့သို့) စိတ်ငြိမ်ဝပ်စွာ မတည်တံ့ခြင်း (ကိစ္စရသ)၊
- (ပြာပုံထဲ ခဲကျသကဲ့သို့) စိတ်မရပ်မတည် တုန်လှုပ်သည့်သဘော (ပစ္စုပဋ္ဌာန်)၊
- စိတ်မငြိမ်သက်ရာ အာရုံတို့၌ အယောနိသော မနသိကာရဖြစ်ခြင်း (ပဒဋ္ဌာန်)။

**၁၇။ လောဘ** – ငါ့ဟာဟု အာရုံကို စွဲယူခြင်း, စွဲလမ်းခြင်းသဘော (မျောက်နဲ့စေးကဲ့သို့ မှတ်ပါ) (လက္ခဏာ)၊

- အာရုံပေါ်၌ လွန်စွာကပ်ငြိခြင်း (အိုးကင်းပူထဲ ပစ်ချသော သားတစ်ကဲ့သို့) (ကိစ္စရသ)၊
- အာရုံကို မစွန့်လွှတ်နိုင်သောသဘော (အဝတ်ကို ဆီ, မင် စွန်းသကဲ့သို့) (ပစ္စုပဋ္ဌာန်)၊
- သံယောဇဉ်ဖြစ်ရာ အာရုံတို့၌ သုဘဟု ရှုမြင်တတ်သောဒိဋ္ဌိ (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



**၁၈။ ဒိဋ္ဌိ** – အာရုံကို (နိစ္စ၊ သုခ၊ သုဘ၊ အတ္တ) ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းသဘော (လက္ခဏာ)၊
- အာရုံကို (နိစ္စ၊ သုခ၊ သုဘ၊ အတ္တ) ဟု မှားယွင်းစွာ သုံးသပ်ခြင်း (ကိစ္စရသ)၊
- အာရုံကို (နိစ္စ၊ သုခ၊ သုဘ၊ အတ္တ) ဟု မှားယွင်းစွာ နှလုံးသွင်းသည့်သဘော (ပစ္စုပဋ္ဌာန်)၊
- ဘုရား အစရှိသည့် အရိယာသူတော်ကောင်းများကို မဖူးမြင်လိုခြင်း (ပဒဋ္ဌာန်)။

**၁၉။ မာန** – စိတ်ထောင်လွှားတက်ကြွမြင့်မောက်ခြင်းသဘော (လက္ခဏာ)၊
- သမ္ပယုတ်တရားတို့ကို မြှောက်ပင့်ပေးခြင်း (ကိစ္စရသ)၊
- တံခွန်အလံကဲ့သို့ အပေါ်ကျော့လိုသော (နေရာတကာ အသာယူလိုသော) သဘော (ပစ္စုပဋ္ဌာန်)၊
- ဒိဋ္ဌိနှင့် မယှဉ်သော လောဘ (ပဒဋ္ဌာန်)။

**၂၀။ ဒေါသ** – စိတ် (ကိုယ် + စိတ်) ရန့်ရင်းခက်ထန် ကြမ်းတမ်းခြင်းသဘော (လက္ခဏာ)၊
- (က) မြွေဆိပ်တက်သကဲ့သို့ ကိုယ်ကို ဖောက်ပြန်တုန်လှုပ်စေခြင်း (ကိစ္စရသ)၊
  (ခ) ဟဒယဝတ္ထု (ကိုယ် + စိတ်) ကို ပြင်းစွာလောင်ကျွမ်းခြင်း (ကိစ္စရသ)၊
  (ဂ) မြွေဆိပ်တက်သကဲ့သို့ ကိုယ်၏ ဖောက်ပြန်တုန်လှုပ်ခြင်း (သမ္ပတ္တိရသ)၊
- ကိုယ်စိတ် ၂–ပါး၊ တစ်နည်း၊ မိမိနှင့် သူတစ်ပါး ၂–ဦးသား၏ အကျိုးစီးပွား ပျက်စီးခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- ရန်ငြိုးဖွဲ့ခြင်း (အာဃာတဝတ္ထု ၉–ပါး) (ပဒဋ္ဌာန်)။

**၂၁။ ဣဿာ** – သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းသဘော (လက္ခဏာ)၊
- သူတစ်ပါးစည်းစိမ်၌ မမွေ့လျော်နိုင်ခြင်း (ကိစ္စရသ)၊
- သူတစ်ပါးစည်းစိမ်မှ မျက်နှာလွှဲတတ်သောသဘော (ပစ္စုပဋ္ဌာန်)၊
- သူတစ်ပါးစည်းစိမ် (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com





**၂၂။ မစ္ဆရိယ** – ရပြီး၊ ရဆဲ၊ ရလတ္တံ့သော မိမိစည်းစိမ်တို့ကို လျှို့ဝှက်ခြင်းသဘော(လက္ခဏာ)၊
- မိမိ၏ စည်းစိမ်ကို သူတစ်ပါးတို့နှင့် မဆက်ဆံစေလိုခြင်း၊ ဆက်ဆံသည်ကို သည်းမခံနိုင်ခြင်း(ကိစ္စရသ)၊
- မိမိ၏စည်းစိမ်နှင့် သူတစ်ပါးတို့ ဆက်ဆံခြင်းကို မနှစ်သက်သော အခြင်းအရာအားဖြင့် (က) တွန့်တိုခြင်းသဘော၊ (ခ) ခါးစပ်ခံပြင်းသောသဘော(ပစ္စုပဋ္ဌာန်)၊
- မိမိစည်းစိမ်(ပဒဋ္ဌာန်)။

**၂၃။ ကုက္ကုစ္စ** – နောင်တတစ်ဖန်ပူပန်ခြင်းသဘော(လက္ခဏာ)၊
- (က) လွန်ကျူးမိသော ဒုစရိုက်(ခ) မပြုကျင့်ခဲ့မိသောသုစရိုက်တို့ကို အစဉ်လျှောက်၍ အဖန်ဖန်စိုးရိမ်ခြင်း(ကိစ္စရသ)၊
- စိတ်နှလုံး မသာယာမှုကို ဖြစ်စေသည့်သဘော(ပစ္စုပဋ္ဌာန်)၊
- (က) ပြုပြီးဒုစရိုက်၊ (ခ) မပြုလိုက်မိသော သုစရိုက်(ပဒဋ္ဌာန်)။

**၂၄။ ထိန** – အားမထုတ်ခြင်းသဘော(လက္ခဏာ)၊
- ဝီရိယကို ပယ်ရှားဖျက်ဆီးခြင်း(ကိစ္စရသ)၊
- (က) သမ္ပယုတ်တရားတို့၏ဆုတ်နစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
  (ခ) စိတ်ဆုတ်နစ်ခြင်းသဘော(ပစ္စုပဋ္ဌာန်)၊
- ကုသိုလ်အမှု၌ မမွေ့လျော်ခြင်း, ပျင်းရိခြင်း စသည့် အာရုံတို့၌ အယောနိသော မနသိကာရဖြစ်ခြင်း(ပဒဋ္ဌာန်)။

**၂၅။ မိဒ္ဓ** – ထိုထိုအမှုကိစ္စ၌ စိတ်ဓာတ်မခန့်ညားခြင်းသဘော(လက္ခဏာ)၊
- ဝိညာဏ်၊ ဒွါရတို့ကို ပိတ်ထားခြင်း(ဘဝင်အကျများခြင်း)(ကိစ္စရသ)၊
- အာရုံယူခြင်း၌ တွန့်ဆုတ်တတ်သောသဘော(ပစ္စုပဋ္ဌာန်)၊
- ကုသိုလ်အမှု၌ မမွေ့လျော်ခြင်း, ပျင်းရိခြင်းစသည့် အာရုံတို့၌ အယောနိသော မနသိကာရဖြစ်ခြင်း(ပဒဋ္ဌာန်)။

**၂၆။ ဝိစိကိစ္ဆာ** – ရှစ်ဌာနတို့၌ ယုံမှားသံသယရှိခြင်း(လက္ခဏာ)၊
- အထူးထူးသောအာရုံ၌ စိတ်တုန်လှုပ်ခြင်း(ကိစ္စရသ)၊
- ရှစ်ဌာနတို့၌ မဆုံးဖြတ်နိုင်သောသဘော(ဝါ) အမျိုးမျိုး အဖုံဖုံ ယူတတ်သော သဘော(ပစ္စုပဋ္ဌာန်)၊
- ရှစ်ဌာနတို့၌ အယောနိသောမနသိကာရဖြစ်ခြင်း(ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



## သောဘာဏသာမာရဏာစေတသိက် ၁၉-ပါး

**၂၇။ သဒ္ဓါ** – ဘုရား, တရား, သံဃာ၊ သိက္ခာသုံးပါး၊ ကံ, ကံ၏အကျိုး၊ အတိတ်လောက၊ ပစ္စုပ္ပန်လောက၊ တမလွန်လောကဟူသော သဒ္ဓေယျဝတ္ထု ၈–ဌာနတို့၌ ယုံကြည်ခြင်းသဘော (လက္ခဏာ)၊

– (က) (မယုံကြည်မှုစသော နောက်ကျုခြင်းအညစ်အကြေးတို့ကို ပယ်ထုတ်၍) သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်း (ကိစ္စရသ)၊

(ခ) သဒ္ဓေယျဝတ္ထုအာရုံသို့ လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်ခြင်း (ကိစ္စရသ)၊

– (က) သဒ္ဓေယျဝတ္ထု ၈–ဌာနတို့၌ သမ္ပယုတ်တရားတို့ကို မနောက်ကျုစေသည့် သဘော (ပစ္စုပဋ္ဌာန်)၊

(ခ) မယုံကြည်မှုကြောင့် အမှားနှလုံးသွင်း ဆုံးဖြတ်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်၍ သဒ္ဓေယျဝတ္ထုမြဲ တည်လျက် ဆုံးဖြတ်တတ်သော တရား (ပစ္စုပဋ္ဌာန်)၊

– (က) သဒ္ဓေယျဝတ္ထု (ခ) သောတာပတ္တိယင်္ဂတရား ၄–ပါး (ပဒဋ္ဌာန်)၊

[သောတာပတ္တိယင်္ဂတရား ၄–ပါးမှာ

(၁) သဒ္ဓမ္မဿဝန = သူတော်ကောင်းတရားကို နာကြားခြင်း၊

(၂) သပ္ပုရိသူပနိဿယ = သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊

(၃) ယောနိသော မနသိကာရ = နှလုံးသွင်း မှန်ခြင်း၊
(အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ စသည် နှလုံးသွင်းမှန်ခြင်း)

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ = လောကုတ္တရာတရား ၉–ပါးအားလျော်စွာ ကျင့်ခြင်းတို့ ဖြစ်ကြ၏။]

**၂၈။ သတိ**– ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်အာရုံ၌ သမ္ပယုတ်တရားတို့ကို ဗူးတောင်းကဲ့သို့မပေါ်စေဘဲ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား မြဲစွာအောက်မေ့စေခြင်း, အမှတ်ရစေခြင်းသဘော (လက္ခဏာ)၊

– အာရုံကို မပျောက်ပျက်စေခြင်း (ဝါ) မေ့လျော့မှုကို ဖျက်ဆီးခြင်း (ကိစ္စရသ)၊

– (က) စိတ်နှင့် အာရုံကို စောင့်ရှောက်တတ်သောသဘော (ပစ္စုပဋ္ဌာန်)၊

(ခ) အာရုံဘက်သို့ ရှေးရှုမျက်နှာမူစေခြင်းသဘော (ပစ္စုပဋ္ဌာန်)၊

– (က) မြဲမြဲသော အမှတ်သညာ၊ (ခ) သတိပဋ္ဌာန် ၄–ပါး (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



**၂၉။ ဟိရီ** – မကောင်းမှုမှ စက်ဆုပ်ခြင်းသဘော (လက္ခဏာ)၊

- ရှက်သောအားဖြင့် မကောင်းမှုတို့ကို မပြုခြင်း (ကိစ္စရသ)၊
- ရှက်သောအားဖြင့် မကောင်းမှုမှ တွန့်ဆုတ်တတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- မိမိကိုယ်ကို ရိုသေလေးစားခြင်း (ပဒဋ္ဌာန်)။

**၃၀။ ဩတ္တပ္ပ** – မကောင်းမှုမှ ထိတ်လန့်ခြင်းသဘော (လက္ခဏာ)၊

- ထိတ်လန့်သောအားဖြင့် မကောင်းမှုတို့ကို မပြုခြင်း (ကိစ္စရသ)၊
- ထိတ်လန့်သောအားဖြင့် မကောင်းမှုတို့မှ တွန့်ဆုတ်တတ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- သူတစ်ပါးကို ရိုသေလေးစားခြင်း (ပဒဋ္ဌာန်)။

**၃၁။ အလောဘ**

(က) အာရုံကို မလိုချင်မတပ်မက်ခြင်းသဘော (လက္ခဏာ)၊

(ခ) ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ အာရုံ၌ စိတ်၏ မကပ်ငြိ မတွယ်တာခြင်း သဘော (လက္ခဏာ)၊

- ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာကဲ့သို့ တစ်စုံတစ်ခုကို ငါ့ဟာ, ငါ့ဥစ္စာဟု စွဲလမ်းမှုအစွမ်းအားဖြင့် မသိမ်းဆည်းခြင်း (ကိစ္စရသ)၊
- အာရုံ၌ စိတ်၏ မကပ်ငြိလိုသော သဘော (ပစ္စုပဋ္ဌာန်)၊
- ဝတ္ထု + အာရုံ + ဖဿ + မနသိကာရ ဦးဆောင်သည့် သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

**၃၂။ အဒေါသ**

(က) စိတ်မခက်ထန် မကြမ်းတမ်းခြင်းသဘော (လက္ခဏာ)၊

(ခ) (လိုက်လျောညီထွေ ကျင့်တတ်သူကဲ့သို့) မဆန့်ကျင်ခြင်း သဘော (လက္ခဏာ)၊

- (က) ရန်ငြိုးဖွဲ့ခြင်းဒေါသကို ပယ်ဖျောက်ခြင်း (ကိစ္စရသ)၊
  (ခ) (ဂေါသိတ စန္ဒကူးကဲ့သို့) ပူပန်မှုကို ငြိမ်းအေးစေခြင်း (ကိစ္စရသ)၊
- စန်းလအသွင် ကြည်လင်အေးမြသော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ဝတ္ထု + အာရုံ + ဖဿ + မနသိကာရ ဦးဆောင်သည့် သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



**၃၃။ တတြမဇ္ဈတ္တတာ** – သမ္ပယုတ်တရားတို့ကို အညီအမျှဖြစ်စေခြင်းသဘော (လက္ခဏာ)၊

- ထိန, မိဒ္ဓလွန်ကဲသဖြင့် တွန့်ဆုတ်သောစိတ်ဓာတ်၊ မာနဦးဆောင်သဖြင့် မော်ကြွားသော စိတ်ဓာတ်၊ ဤအယုတ်အလွန် ၂–ပါးကို တားမြစ်ခြင်း (ကိစ္စရသ)၊
- အလယ်အလတ်လျစ်လျူရှုတတ်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ဝတ္ထု + အာရုံ + ဖဿ + မနသိကာရဦးဆောင်သည့် သမ္ပယုတ်တရားများ (ပဒဋ္ဌာန်)။

**၃၄၊ ၃၅။ ကာယပဿဒ္ဓိ + စိတ္တပဿဒ္ဓိ**

- စေတသိက်ပူ, စိတ်ပူတို့ကို ငြိမ်းအေးစေခြင်းသဘော (လက္ခဏာ)၊ (ဒေါမနဿအကြောင်းခံ၍ ဥဒ္ဓစ္စလွန်ကဲသော ကိလေသာတရား၏ ဆန့်ကျင်ဘက်သဘော)၊
- စေတသိက်ပူ, စိတ်ပူတို့ကို နှိမ်နင်းဖျက်ဆီးခြင်း (ကိစ္စရသ)၊
- စေတသိက်နှင့် စိတ်တို့ကို ငြိမ်သက်အေးမြစေသော တရား (ပစ္စုပဋ္ဌာန်)၊
- စေတသိက် + စိတ် (ပဒဋ္ဌာန်)။

**၃၆၊ ၃၇။ ကာယလဟုတာ + စိတ္တလဟုတာ**

- စေတသိက် + စိတ်တို့၏ လေးလံမှုကို ငြိမ်းအေးစေခြင်း (လက္ခဏာ)၊ (ထိန, မိဒ္ဓ လွန်ကဲသော ကိလေသာ တရားစု၏ ဆန့်ကျင်ဘက်သဘော)
- စေတသိက် + စိတ်တို့၏ လေးလံမှုကိုနှိမ်နင်းဖျက်ဆီးခြင်း (ကိစ္စရသ)၊
- စေတသိက် + စိတ်တို့ကို မလေးလံစေသောသဘောတရား (ပစ္စုပဋ္ဌာန်)၊
- စေတသိက် + စိတ် (ပဒဋ္ဌာန်)။

**၃၈၊ ၃၉။ ကာယမုဒုတာ + စိတ္တမုဒုတာ**

- စေတသိက် + စိတ်တို့၏ ခက်ထန်ကြမ်းတမ်းမှုကို ငြိမ်းအေးစေခြင်း (လက္ခဏာ)၊ (ဒိဋ္ဌိ, မာန လွန်ကဲသော ကိလေသာ တရားစု၏ ဆန့်ကျင်ဘက်သဘော)
- စေတသိက် + စိတ်တို့၏ ခက်ထန်ကြမ်းတမ်းမှုကို နှိမ်နင်းဖျက်ဆီးခြင်း (ကိစ္စရသ)၊

www.burmeseclassic.com

www.burmeseclassic.com



- အာရုံပေါ်၌ စေတသိက် + စိတ်တို့၏ မထိခိုက်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- စေတသိက် + စိတ် (ပဒဋ္ဌာန်)။

**၄၀၊ ၄၁။ ကာယကမ္မညတာ + စိတ္တကမ္မညတာ**

- စေတသိက် + စိတ်တို့၏ ကုသိုလ်ရေး၌ မခန့်ညားမှုကို ငြိမ်းအေးစေခြင်း သဘော၊
  (ကာမစ္ဆန္ဒနီဝရဏစသော စိတ်ညစ်ညူးကြောင်း ကိလေသာတရားစု၏ ဆန့်ကျင်ဘက်သဘော) (လက္ခဏာ)၊
- စေတသိက် + စိတ်တို့၏ ကုသိုလ်ရေး၌ မခန့်ညားမှုကို နှိမ်နင်းဖျက်ဆီးခြင်း (ကိစ္စရသ)၊
- စေတသိက် + စိတ်တို့ ပြည့်ပြည့်စုံစုံ အာရုံပြုနိုင်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- စေတသိက် + စိတ် (ပဒဋ္ဌာန်)။

**၄၂၊ ၄၃။ ကာယပါဂုညတာ + စိတ္တပါဂုညတာ**

- စေတသိက် + စိတ်တို့၏ မနာဖျားခြင်းသဘော (လက္ခဏာ)၊
  (သဒ္ဓေယျဝတ္ထု၌ မယုံကြည်နိုင်ခြင်း- အသဒ္ဓိယစသော အကုသိုလ်ပါပဓမ္မ၊ ထိုအကုသိုလ်တရား၌ ရပ်တည်၍ ထပ်ဆင့်ဖြစ်ပွားကြသော အကုသိုလ်ပါပဓမ္မတို့၏ ဆန့်ကျင်ဘက်သဘော)
- စေတသိက် + စိတ်တို့၏ နာဖျားမှုကို နှိမ်နင်းဖျက်ဆီးခြင်း (ကိစ္စရသ)၊
- စေတသိက် + စိတ်တို့၏ အပြစ်အနာကင်းခြင်း သဘောတရား (ပစ္စုပဋ္ဌာန်)၊
- စေတသိက် + စိတ် (ပဒဋ္ဌာန်)။

**၄၄၊ ၄၅။ ကာယုဇုကတာ + စိတ္တုဇုကတာ**

- စေတသိက် + စိတ်တို့၏ ဖြောင့်မတ်ခြင်းသဘော (လက္ခဏာ)၊
  (စေတသိက်+ စိတ်တို့၏ ကောက်ကျစ်မှုကိုဖြစ်စေသော မာယာ၊ သာဌေယျတို့၏ ဆန့်ကျင်ဘက်သဘော)
- စေတသိက် + စိတ်တို့၏ ကောက်ကျစ်မှုကို နှိမ်နင်းဖျက်ဆီးခြင်း (ကိစ္စရသ)၊
- စေတသိက် + စိတ်တို့၏ မကောက်ကျစ်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- စေတသိက် + စိတ် (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



## ဝိရတီ စေတသိက် ၃-ပါး

**၄၆။ သမ္မာဝါစာ** – ဝစီဒုစရိုက် ၄–ပါးကို မလွန်ကျူးခြင်းသဘော(လက္ခဏာ)၊
- ဝစီဒုစရိုက် ၄–ပါးမှ တွန့်ဆုတ်ခြင်း(ကိစ္စရသ)၊
- ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းသဘော(ပစ္စုပဋ္ဌာန်)၊
- သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလိုနည်းခြင်းစသောဂုဏ်(ပဒဋ္ဌာန်)။

**၄၇။ သမ္မာကမ္မန္တ** – ကာယဒုစရိုက်၃–ပါးကိုမလွန်ကျူးခြင်းသဘော(လက္ခဏာ)၊
- ကာယဒုစရိုက် ၃–ပါးမှ တွန့်ဆုတ်ခြင်း(ကိစ္စရသ)၊
- ကာယဒုစရိုက်ကို ရှောင်ကြဉ်ခြင်းသဘော(ပစ္စုပဋ္ဌာန်)၊
- သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလိုနည်းခြင်းစသော ဂုဏ်(ပဒဋ္ဌာန်)။

**၄၈။ သမ္မာအာဇီဝ** – အသက်မွေးဝမ်းကျောင်းအတွက် ဝစီဒုစရိုက် ၄–ပါးနှင့် ကာယဒုစရိုက် ၃–ပါးကို မလွန်ကျူးခြင်းသဘော(လက္ခဏာ)၊
- မိစ္ဆာအာဇီဝလုပ်ငန်းမှ တွန့်ဆုတ်ခြင်း(ကိစ္စရသ)၊
- မိစ္ဆာအာဇီဝလုပ်ငန်းကို ရှောင်ကြဉ်ခြင်းသဘော(ပစ္စုပဋ္ဌာန်)၊
- သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလိုနည်းခြင်းစသောဂုဏ်(ပဒဋ္ဌာန်)။

(ဝိရတီစေတသိက် ၃–ပါးတို့သည် ကုသိုလ်ဇောစိတ်များ၌သာ ယှဉ်ကြသည်။ တဒါရုံ၊ ဝိပါက်စိတ်တို့၌ မယှဉ်ကြပါ။)

## ပြဟ္မစိုရ်တရား ၄-ပါး

**၄၉။ မေတ္တာ** – သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောအားဖြင့် ဖြစ်ခြင်းသဘော(လက္ခဏာ)၊
- သတ္တဝါတို့၏အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်း(ကိစ္စရသ)၊
- (က) ရန်ငြိုးကို ပယ်ဖျောက်တတ်သော သဘော(ပစ္စုပဋ္ဌာန်)၊
  (ခ) ရန်ငြိုးကို ပယ်ဖျောက်ခြင်းဟူသော အကျိုးတရား (ဖလ ပစ္စုပဋ္ဌာန်)၊
- သတ္တဝါတို့၏ မြတ်နိုးဖွယ် မနာပသဘောကို ရှုမြင်တတ်သော ယောနိသော မနသိကာရ(ပဒဋ္ဌာန်)။

(မေတ္တာဈာန်သည် သတ္တဝါတို့ကို ဖျက်ဆီးလိုသော ဗျာပါဒကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ခပ်ကြာကြာ ပယ်ခွာထားနိုင်၏။ သို့အတွက် ဗျာပါဒ၏ ဝိက္ခမ္ဘနပဟာန်အားဖြင့် ငြိမ်းခြင်းသည် မေတ္တာ၏ပြည့်စုံခြင်း သမ္ပတ္တိဖြစ်၏။ တဏှာအစေးခံတတ်သည် မေတ္တာယောင်ဆောင်၍ လှည့်ပတ်တတ်၏။ သို့အတွက် သတ္တဝါတစ်ဦးဦးအပေါ်၌ ရာဂဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာခြင်းသည် မေတ္တာ၏ပျက်စီးခြင်း–ဝိပ္ပတ္တိမည်၏။ မေတ္တာကား အဒေါသတည်း၊ စန်းလအသွင် ကြည်လင်အေးမြသောသဘောရှိ၏။ ရာဂကား လောဘတည်း၊ ပူလောင်သောသဘော ရှိ၏ ။)

**၅၀။ ကရုဏာ** – သတ္တဝါတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှားလိုခြင်း သဘော (လက္ခဏာ)၊

– (ပယ်ရှားလိုသည်၏အဖြစ်ဖြင့်) သူတစ်ပါး၏ ဆင်းရဲဒုက္ခကို သည်းမခံနိုင်ခြင်း (ကိစ္စရသ)၊

– (က) သတ္တဝါတို့ကို မညှဉ်းဆဲခြင်းသဘော (ဖလပစ္စုပဋ္ဌာန်)၊

(ခ) သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော ဝိဟိံသ၏ ဆန့်ကျင်ဘက်သဘော (ပစ္စုပဋ္ဌာန်)၊

– ဆင်းရဲဒုက္ခဖြင့် အနှိပ်စက်ခံရသော သတ္တဝါတို့၏ ခိုကိုးရာမဲ့ကို ရှုမြင်တတ်သော ယောနိသော မနသိကာရ (ပဒဋ္ဌာန်)။

(ကရုဏာရှာနှ်သည် သတ္တဝါတို့ကို ညှဉ်းပမ်းနှိပ်စက်လိုသော ဝိဟိံသကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားနိုင်၏။ သို့အတွက် ဝိဟိံသ ငြိမ်းအေးသွားခြင်းသည် ကရုဏာဘာဝနာ၏ ပြည့်စုံခြင်း သမ္ပတ္တိမည်၏။ သို့သော် သတ္တဝါတို့အား ကယ်တင်လိုသောစိတ်ဓာတ်သည် တစ်ခါတစ်ရံ သောက–စိုးရိမ်ခြင်း၏ ဝင်ရောက်နှောင့်ယှက်မှုကို ခံရ၏။ ဒုက္ခိတသတ္တဝါကို သနား၍ ကယ်တင်လိုရာက ထိုသတ္တဝါအပေါ်၌ တဖြည်းဖြည်း စိုးရိမ်သောက ဝင်လာတတ်၏။ ထိုသို့သောကဖြစ်ခဲ့သော် ကရုဏာဘာဝနာ၏ ပျက်စီးခြင်း–ဝိပ္ပတ္တိဖြစ်၏ ။)

**၅၁။ မုဒိတာ** – သုခိတသတ္တဝါနှင့် ထိုသတ္တဝါတို့၏ စည်းစိမ်ဥစ္စာ ကုံလုံပြည့်ဝသည်ကို ကြည့်ရှုဝမ်းမြောက်ခြင်းသဘော (လက္ခဏာ)၊

– သူတစ်ပါး၏ စည်းစိမ်ကို မငြူစူခြင်း (ဝါ) ငြူစူခြင်းဣဿာကို ပယ်ဖျက်ခြင်း (ကိစ္စရသ)၊

– သူတစ်ပါး၏ စည်းစိမ်၌လည်းကောင်း၊ လွန်ကဲမြင့်မြတ်သော ကုသိုလ်တရား၌လည်းကောင်း မမွေ့လျော်မနှစ်သက်ခြင်း (အရတိ) ကို ပယ်ဖျောက်တတ်သော သဘော (ပစ္စုပဋ္ဌာန်)၊

– သူတစ်ပါး၏ စည်းစိမ် ကုံလုံပြည့်ဝသည်ကို နည်းမှန်လမ်းမှန် ရှုမြင်တတ်သော ယောနိသော မနသိကာရ (ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



(မုဒိတာရှာန်သည် သူတစ်ပါးတို့၏ စည်းစိမ်၌လည်းကောင်း၊ လွန်ကဲ မြင့်မြတ်သော ကုသိုလ်တရား၌လည်းကောင်း မမွေ့လျော်မနှစ်သက်ခြင်း အရတိကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားနိုင်၏။ သို့အတွက် အရတိငြိမ်းအေးသွားခြင်းသည် မုဒိတာဘာဝနာ၏ပြည့်စုံခြင်း–သမ္ပတ္တိမည်၏။ သို့သော် သူတစ်ပါးတို့၏သက်ရှိသက်မဲ့ကာယဝတ္ထုအစုစုကို အာရုံပြု၍ တစ်ခါတစ်ရံ တဏှာဖြင့်ကြည်ရွှင်ဝမ်းမြောက်တတ်၏။ ထိုသို့တပ်မက်သည့် တဏှာဖြင့် ကြည်ရွှင်ဝမ်းမြောက်ခဲ့သော် ဂေဟသိတပီတိ = သက်ရှိသက်မဲ့ ကာမဝတ္ထုဟူသော ကာမဂုဏ်အိမ်ကိုမှီ၍ဖြစ်သော ပီတိဖြစ်ပေ၏။ ထိုအခါ မုဒိတာဘာဝနာ၏ ပျက်စီးခြင်း – ဝိပ္ပတ္တိဖြစ်၏။)

၅၂။ **ဥပေက္ခာ** = တတြမဇ္ဈတ္တတာ

- သတ္တဝါတို့အပေါ်၌ အလယ်အလတ်အခြင်းအရာအားဖြင့် လျစ်လျူရှုခြင်း သဘော(လက္ခဏာ)၊
- သတ္တဝါတို့အပေါ်၌ (လျစ်လျူရှုခြင်း–ဥဒါသိန်အားဖြင့် ဖြစ်ခြင်းကြောင့်) ညီမျှသည်၏အဖြစ်ကိုသာ ရှုမြင်ခြင်း (ကိစ္စရသ)၊
- သတ္တဝါတို့အပေါ်၌ မုန်းခြင်း ချစ်ခြင်းကို ငြိမ်းအေးစေတတ်သော သဘော(ဖလပစ္စုပဋ္ဌာန်)၊
- သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏၊ ကံစီမံသလိုဖြစ်ကြရ၏ဟု ရှုမြင်တတ်သော ကမ္မဿကတာဉာဏ် (ပဒဋ္ဌာန်)။

(ဥပေက္ခာဘာဝနာသည် သတ္တဝါတို့အပေါ် ချစ်ခြင်းမုန်းခြင်းတရားများကို ဖယ်ရှားနိုင်၏။ သို့အတွက် ချစ်ခြင်းမုန်းခြင်းတရားတို့၏ ငြိမ်းအေးခြင်းသည် ဥပေက္ခာဘာဝနာ၏ပြည့်စုံခြင်း သမ္ပတ္တိမည်၏။ အာရုံငါးပါးဟူသည့် ကာမဂုဏ်အိမ်ကိုမှီ၍ဖြစ်သော မောဟနှင့်ယှဉ်သည့် ဥပေက္ခာ(ဝါ) အကုသိုလ်စိတ်နှင့်ယှဉ်သည့် ဥပေက္ခာ၏ ဖြစ်ခြင်းသည် ဥပေက္ခာဘာဝနာ၏ ပျက်စီးခြင်းမည်၏။)

## ပညိန္ဒြေ ခေါ် အမောဟစေတသိက်

၅၃။ **အမောဟ** – ပရမတ္ထဓမ္မတို့၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာတို့ကို မလွဲမချော် ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ခြင်းသဘော (လက္ခဏာ)၊

- (က) အာရုံ၏သဘောမှန်ကို ဆီမီးကဲ့သို့ မိမိ၏ပညာရောင်ဖြင့် ထွန်းပြခြင်း (ကိစ္စရသ)၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ပရမတ္ထဓမ္မတို့၏သဘောမှန်ကို ဖုံးလွှမ်းတတ်သော မောဟ အမိုက်အမှောင်ကို ဖျက်ဆီးခြင်း (ကိစ္စရသ)၊

- (က) ပရမတ္ထဓမ္မအာရုံ၌ မတွေဝေခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
(ခ) ပရမတ္ထအာရုံ၌တွေဝေခြင်းမောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် တွေဝေခြင်းကင်းသည်၏အဖြစ် (ဖလပစ္စုပဋ္ဌာန်)၊

- သမာဓိ (ပဒဋ္ဌာန်)။

"သမာဓိရှိသော ပုဂ္ဂိုလ်သည် ဟုတ်တိုင်းမှန်စွာမြင်သိ၏" ဟု ဘုရား ရှင် ဟောကြားတော်မူ၏။

## နာမ်တရားများကို လက္ခဏာ,ရသစသည်ရှုပုံ

နာမ်ကမ္မဋ္ဌာန်း ရှုခဲ့စဉ်က ယောဂီသည် အာယာတနဒွါရအလိုက် နာမ် တရားများကို သိမ်းဆည်းခဲ့သည့်နည်းတူ နာမ်တရားတို့၏ လက္ခဏာ၊ ရသ၊ ပစ္စု ပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုမှတ်ရာ၌လည်း အာယာတနဒွါရအလိုက် ဝီထိစိတ် အစဉ်အတိုင်း ရှုမှတ်ရမည်ဖြစ်သည်။ ထိုသို့ ရှုမှတ်နိုင်ရေးအတွက် စိတ်၊ စေ တသိက်တို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ကျေညက်အောင် ကျက် မှတ်ထားရမည်။

ရှေးဦးစွာ စက္ခုဒွါရဝီထိ၊ နောက်လိုက် မနောဒွါရဝီထိ၊ သုဒ္ဓမနောဒွါရဝီထိ အကောင်းအုပ်စု စိတ်အစဉ်များကို စတင်သိမ်းဆည်းပါ။ ထိုစိတ်အစဉ်တို့၌ ပဉ္စဒွါရာဝဇ္ဇန်းတွင် စိတ်စေတသိက် ၁၁–လုံးရှိရာ အသိစိတ်မှစ၍ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါ။ ထို့နောက် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခတို့ကိုလည်း အစဉ် အတိုင်း တစ်လုံးစီ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါ။

ဤနည်းအတိုင်း စက္ခုဝိညာဏ်၌ နာမ်တရား ၈–လုံး၊ သမ္ပဋိစ္ဆိုန်း၌ နာမ် တရား ၁၁–လုံး၊ သန္တီရဏ၌ နာမ်တရား ၁၂–လုံး၊ ဝုဋ္ဌော၌ နာမ်တရား ၁၂–လုံး၊ ဇော၌ နာမ်တရား ၃၄–လုံး၊ တဒါရုံ၌ နာမ်တရား ၃၄–လုံး၊ ဘဝင်၌ တိဟိတ် သောမနဿပဋိသန္ဓေနေခဲ့လျှင် နာမ်တရား ၃၄–လုံး၊ မနောဒွါရာဝဇ္ဇန်း၌ နာမ် တရား ၁၂–လုံး၊ ဇော၌ နာမ်တရား ၃၄–လုံး၊ တဒါရုံ၌ နာမ်တရား ၃၄–လုံး၊ အ သီးသီးတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါ။

စိတ္တက္ခဏတိုင်း, စိတ္တက္ခဏတိုင်း၌ရှိသော စိတ်စေတသိက်တို့ကို တစ်လုံး စီ, တစ်လုံးစီ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ကုန်စင်အောင် ရှုမှတ်သွား ပါ။ ဝီထိစိတ္တက္ခဏတစ်ခုအတွင်းရှိ ဖဿ၊ ဝေဒနာ၊ သညာစသည်တို့ကို ရှုမှတ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီးသည့်အတွက် နောက်ဝီထိစိတ္တက္ခဏ၌ရှိသော ဖဿ၊ ဝေဒနာ၊ သညာ စသည် တို့ကို မရှာဘဲ မနေပါနှင့်၊ စိတ္တက္ခဏတိုင်း၌ရှိသော ပရမတ္ထဓာတ်သားတိုင်းကို ခွဲခြမ်းစိတ်ဖြာ၍ ရှုသိနိုင်ပါမှ နာမ်ဃန ၄–ပါးကို ဉာဏ်ဖြင့်ဖြိုခွဲနိုင်မည်ဖြစ်သည်။ နာမ်တုံး နာမ်ခဲများ ပြိုကွဲသွားကြမည် ဖြစ်သည်။

ဤနည်းအတိုင်းပင် ပီတိမပါသော ဥပေက္ခာဝေဒနာနှင့်ယှဉ်သည့် ဇော ဝီထိအစဉ်၊ ဉာဏ်မပါ, ပီတိပါသော ဇောဝီထိအစဉ်၊ ဉာဏ်, ပီတိ ၂–မျိုးလုံးမပါ သော ဇောဝီထိအစဉ်အသီးသီး၌လည်း စိတ္တက္ခဏတိုင်းရှိ ပရမတ္ထဓာတ်သား များကို ကုန်စင်အောင် လက္ခဏာ၊ ရသ စသည် ရှုပါလေ။

ရူပါရုံဇိုင်း၌ အကောင်းအုပ်စုများကို ရှုပြီးပါက မကောင်းအုပ်စုများကို လည်း ပုံစံတူရှုပါ။ အဇ္ဈတ္တ၌ ရူပါရုံလိုင်းကို အကောင်းအုပ်စု၊ မကောင်းအုပ်စု ရှုပြီးသောအခါ ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။

အလားတူပင် သဒ္ဒါရုံလိုင်း၊ ဂန္ဓာရုံလိုင်း၊ ရသာရုံလိုင်း၊ ဖောဋ္ဌဗ္ဗာရုံလိုင်း၊ ဓမ္မာရုံလိုင်းအသီးသီး၌လည်း ပုံစံတူရှုပါ။ ၆–လိုင်းစလုံး၌ ဝီထိအစဉ်များ၏ စိတ္တက္ခဏတိုင်းရှိ ပရမတ္ထဓာတ်သားများကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် နည်းဖြင့် အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂–ဌာနလုံး၌ သိမ်းဆည်းနိုင်သော **နာမရူပ ပရိစ္ဆေဒ ဉာဏ်** စခန်း ပြီးစီးအောင်မြင်ပြီးဖြစ်သည်။

## ရုပ်နှင့်နာမ်တို့ကို တစ်လှည့်စီခွဲ၍ လက္ခဏာ၊ရသ စသည်ရှုပုံ

ယောဂီသည် ရှေ့ပိုင်း၌ ရုပ်နာမ်ခွဲ၍ ရုပ်နာမ်သိမ်းဆည်းခဲ့ပုံကို ပြန်အာရုံ ယူပါ။ ယခုလည်း ထိုနည်းအတိုင်း ရုပ်နာမ်ခွဲ၍ ရုပ်တရား နာမ်တရားတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နည်းအားဖြင့် သိမ်းဆည်းရမည်ဖြစ်သည်။ ဤသို့ ရုပ်တစ်လှည့်၊ နာမ်တစ်လှည့်၊ လက္ခဏာ, ရသ စသည် သိမ်းဆည်းသွားပါ က ရုပ်နာမ်နှင့် ပတ်သက်သည့် အသိဉာဏ်သည် ပို၍သန့်ရှင်းကြည်လင်လာ မည် ဖြစ်သည်။

နမူနာအားဖြင့် ရူပါရုံလိုင်း–အကောင်းအုပ်စု၌ ရုပ်နာမ်ခွဲပါ။ ပဉ္စဒွါရ ဝဇ္ဇန်း၌ မှီရာဝတ္ထုရုပ် ၅၄–ပါးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၁၁ လုံးတို့က နာမ်တရားဖြစ်၏။ ၎င်း ရုပ်တရားတို့ကို ၁–ပါးစီ, ၁–ပါးစီ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ရှု၍သိမ်းဆည်းပါ။ နာမ်တရား ၁၁–လုံးတို့ကိုလည်း ၁–လုံးစီ, ၁–လုံးစီ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ရှု၍သိမ်းဆည်းပါ။

ဤနည်းအတိုင်း စက္ခုဝိညာဏ်၌ မှီရာစက္ခုရှိ ရုပ် ၅၄–ပါးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ် စေတသိက် ၈–လုံးတို့က နာမ်တရားဖြစ်၏။ ထိုရုပ်တရားတို့ကို

www.burmeseclassic.com

www.burmeseclassic.com



၁–ပါး၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ရှု၍ သိမ်းဆည်းပါ။ နာမ်တရား ၈–လုံးတို့ကိုလည်း ၁–လုံးစီ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ရှု၍သိမ်းဆည်းပါ။

စိတ္တက္ခဏတိုင်း, စိတ္တက္ခဏတိုင်း၌ရှိသော ရုပ်တရား, နာမ်တရားတို့ကို နည်းတူရှုပါ။ စိတ်အစဉ်များ၏ အကြားအကြား၌ဖြစ်ကြသော ဘဝင်စိတ်တို့၌လည်း နည်းတူရှုပါ။ နာမ်ကမ္မဋ္ဌာန်း–ရှုပါရုံလိုင်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း အကောင်းအုပ်စု–မကောင်းအုပ်စုများကို ကုန်စင်အောင် နည်းတူရှုပါ။

အဇ္ဈတ္တ၌ ရူပါရုံလိုင်း ကုန်စင်အောင် ရှုပြီးသော် ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။ သဒ္ဒါရုံလိုင်း၊ ဂန္ဓာရုံလိုင်း၊ ရသာရုံလိုင်း၊ ဖောဋ္ဌဗ္ဗာရုံလိုင်းတို့၌လည်း နည်းတူ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂–ဌာနလုံးတို့၌ ရှုပါ။

ထို့နောက် ဓမ္မာရုံလိုင်း၌ နာမ်ကမ္မဋ္ဌာန်း– ဓမ္မာရုံလိုင်းဇယားများအတိုင်း အကောင်းအုပ်စု– မကောင်းအုပ်စုများကို ကုန်စင်အောင် နည်းတူရှုပါ။

အောင်မြင်ခဲ့သော် ပဋိသန္ဓေ၌ ရုပ်တရား, နာမ်တရား၊ ပဋိသန္ဓေ နောင် ပထမဘဝင်၌ ရုပ်တရား, နာမ်တရား၊ ပဋိသန္ဓေနောင်ဘဝင် ၁၅–၁၆ ချက်အလွန်တွင် ရှိသော မနောဒွါရာဝဇ္ဇန်းနှင့် ဘဝနိကန္တိက လောဘဇောတို့၌ ရုပ်တရား နာမ်တရား အသီးသီးတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုလည်း နည်းတူရှုမှတ်ပါ။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂–ရပ်တို့၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

၁။ **အဝိဇ္ဇာ** – ပရမတ္ထတရားတို့၏သဘာဝမှန်ကို မမြင်သိခြင်း၊ပညာမျက်စိ ကန်းခြင်းသဘော(လက္ခဏာ)၊
- သမ္ပယုတ်တရားတို့နှင့် အဝိဇ္ဇာယှဉ်သောပုဂ္ဂိုလ်ကို ပြင်းစွာတွေဝေစေခြင်း (ကိစ္စရသ)၊
- အာရုံ၏ သဘောမှန် (ပရမတ္ထဓမ္မ) ကို ဖုံးလွှမ်းတတ်သော သဘော (ပစ္စုပဋ္ဌာန်)၊
- အာသဝေါတရား ၄–ပါး(ပဒဋ္ဌာန်)။

၂။ **သင်္ခါရ** – ကံဖြစ်အောင် စီမံခြင်းသဘော (လက္ခဏာ)၊
- ပဋိသန္ဓေဝိညာဏ်ဖြစ်အောင် ကြောင့်ကြစိုက်ပါရပ္ပြခြင်း (ကိစ္စရသ)၊
- စေတနာသဘောတနဟု ယောဂီဉာဏ်တွင် ရှေးရှုထင်ခြင်း(ပစ္စုပဋ္ဌာန်)၊
- အဝိဇ္ဇာ(ပဒဋ္ဌာန်)။

www.burmeseclassic.com

www.burmeseclassic.com



၃။ **ဝိညာဏ်** – အာရုံကို ရယူခြင်း၊ သိခြင်းသဘော (လက္ခဏာ)၊
- နာမ်ရုပ်တို့၏ ပဓာန ခေါင်းဆောင်ဖြစ်ခြင်း (ကိစ္စရသ)၊
- ရှေးဘဝနှင့် ယခုဘဝကို ဆက်စပ်တတ်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- (က) သင်္ခါရ၊ (ခ) မှီရာဝတ္ထုရုပ်နှင့် ထင်လာသောအာရုံ (ပဒဋ္ဌာန်)။

၄။ **နာမ်ရုပ်မှ နာမ်** – စေတသိက်များ–အာရုံသို့ညွတ်ခြင်းသဘော(လက္ခဏာ)၊
- ယှဉ်ဖက်ဝိညာဏ်နှင့်အတူဖြစ်ခြင်း, အတူချုပ်ခြင်း, မှီရာဝတ္ထုတူခြင်း, အာရုံတူခြင်းအားဖြင့် ယှဉ်စပ်ခြင်း (ကိစ္စရသ)၊
- အသီးသီး ခွဲခြား၍မရသော စေတသိက်သဘော (ပစ္စုပဋ္ဌာန်)၊
- ဝိညာဏ် (ပဒဋ္ဌာန်)။

**နာမ်ရုပ်မှ ရုပ်** – ဖောက်ပြန်တတ်ခြင်းသဘော (လက္ခဏာ)၊
- ရုပ်အချင်းချင်း မတွဲ၊ ဖရိုဖရဲဖြစ်ခြင်း (ကိစ္စရသ)၊
- ကုသိုလ်, အကုသိုလ်မဟုတ်သော အဗျာကတသဘော တစ်နည်း– အာရုံကို မယူတတ်သောသဘော (ပစ္စုပဋ္ဌာန်)၊
- ဝိညာဏ် (ပဒဋ္ဌာန်)။

၅။ **သဠာယတန** – ထိတိုက်ခြင်း (အားထုတ်ခြင်း) သဘော (လက္ခဏာ)၊
- တစ်နည်း – အာယမည်သော စိတ် စေတသိက်တို့ကို ချဲ့ထွင်ခြင်းသဘော (လက္ခဏာ)၊
- မြင်ခြင်း (ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ တွေ့ထိခြင်း၊ သိခြင်း) (ကိစ္စရသ)၊
- ဝိညာဏ်၏ မှီရာဝတ္ထုအဖြစ် အာရုံဝင်ထွက်ရာဒွါရအဖြစ် ဖြစ်ခြင်းသဘော (ပစ္စုပဋ္ဌာန်)၊
- နာမ်ရုပ် (ပဒဋ္ဌာန်)။

(စက္ခာယတန၊ သောတာယတန စသည်ဖြင့် ခွဲ၍လည်း ရှုနိုင်သည်။)

၆။ **ဖဿ** – အာရုံကို တွေ့ထိခြင်းသဘော (လက္ခဏာ)၊
- အာရုံကို ပွတ်တိုက်ထိပါးခြင်း (ကိစ္စရသ)၊
- ဝတ္ထု၊ အာရုံ၊ ဝိညာဏ်၊ ၃–ပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော သဘော (ပစ္စုပဋ္ဌာန်)၊
- သဠာယတန (ပဒဋ္ဌာန်)။

၇။ **ဝေဒနာ** – အာရုံကို ခံစားခြင်းသဘော (လက္ခဏာ)၊
- အာရုံ၏ အရသာကို သုံးဆောင်ခြင်း (ကိစ္စရသ)၊

www.burmeseclassic.com

www.burmeseclassic.com



- သုခသဘော၊ ဒုက္ခသဘော (ပစ္စုပဋ္ဌာန်)၊
- ဖဿ (ပဒဋ္ဌာန်)။

(စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတ သမ္ဖဿဇာဝေဒနာ စသည်ဖြင့် လည်း ခွဲရှုနိုင်၏။)

**၈။ တဏှာ** – ဒုက္ခ၏အကြောင်းဖြစ်ခြင်းသဘော (လက္ခဏာ)၊

- ထိုထိုအာရုံ, ဘုံဘဝတို့ကို အလွန်နှစ်သက်ခြင်း (ကိစ္စရသ)၊
- စိတ် (ဝါ) ပုဂ္ဂိုလ်၏ ထိုထိုအာရုံ, ဘုံဘဝတို့၌ မတင်းတိမ်မရောင့်ရဲနိုင်သော သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ဝေဒနာ (ပဒဋ္ဌာန်)။

(ရူပတဏှာ၊ သဒ္ဒတဏှာ စသည်ဖြင့်လည်း ခွဲရှုနိုင်၏။)

**၉။ ဥပါဒါန်** – ကာမဂုဏ် အာရုံကိုဖြစ်စေ၊ လွဲမှားသော အယူကိုဖြစ်စေ၊ ပြင်းစွာ စွဲလမ်းခြင်းသဘော (လက္ခဏာ)၊

- (တဏှာ–ဒိဋ္ဌိအဘိနိဝေသ၏ အစွမ်းဖြင့်) အာရုံ သို့မဟုတ် အယူကို မစွန့်လွှတ်ခြင်း (ကိစ္စရသ)၊
- တဏှာ၏ ခိုင်မြဲမှုသဘော (ကာမုပါဒါန်အတွက်) (ပစ္စုပဋ္ဌာန်)၊ ဒိဋ္ဌိ = အယူမှားမှုသဘော (ကျန်ဥပါဒါန် ၃–ပါးအတွက်)
- တဏှာ (ပဒဋ္ဌာန်)။

**၁၀။ ဘဝ** – အသိဉာဏ်နုသော ယောဂီတို့အတွက် ကမ္မဘဝ, ဥပပတ္တိဘဝဟူ၍ ၂–မျိုး ခွဲထား၏။ အဋ္ဌကထာများ၌ တစ်ပေါင်းတည်း ဖော်ပြ၏။

(က) **ကမ္မဘဝ** – ကံဟူသောသဘော၊ ကံဖြစ်ခြင်းသဘော (လက္ခဏာ)၊

- ဥပပတ္တိဘဝကို ဖြစ်စေခြင်း (ကိစ္စရသ)၊
- ကုသိုလ်, အကုသိုလ် သဘောတရား (ပစ္စုပဋ္ဌာန်)၊
- ဥပါဒါန် (ပဒဋ္ဌာန်)။

(ခ) **ဥပပတ္တိဘဝ** – ကံ၏အကျိုးဖြစ်ခြင်းသဘော (လက္ခဏာ)၊

- ကံကြောင့်ဖြစ်ခြင်း (ကိစ္စရသ)၊
- ကုသိုလ်, အကုသိုလ်မဟုတ်သော အဗျာကတ သဘော (ပစ္စုပဋ္ဌာန်)၊
- ဥပါဒါန် (ပဒဋ္ဌာန်)။

**၁၁။ ဇာတိ** – ထိုထိုဘဝ၌ ခန္ဓာအစဉ်၏ လက်မွန်အစဖြစ်ခြင်းသဘော (လက္ခဏာ)၊

- (ထို တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်ကို ဝင့်သား

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါအား ရော့–ယူလော့ဟု) ဆောင်နှင်းပေးအပ်သကဲ့သို့ ဖြစ်ခြင်း(ကိစ္စရသ)၊

– ထိုထိုဘဝ၌ ခန္ဓာအစဉ်ကိုပေါ်လာစေတတ်သောသဘော(ပစ္စုပဋ္ဌာန်)၊

– ကမ္မဘဝ(ပဒဋ္ဌာန်)။

၁၂။ **ဇရာ** – (တစ်ခုသောဘဝ၌ ခန္ဓာတို့၏ရင့်ရော်ခြင်းဟူသော) ရင့်ကျက်ခြင်းသဘော(လက္ခဏာ)၊

– သေခြင်း(ပျက်ခြင်း)မရဏာသို့ကပ်၍ဆောင်ခြင်း(ကိစ္စရသ)၊

– ကောင်းသောအရွယ်ကို ဖျက်ဆီးတတ်သောသဘော(ပစ္စုပဋ္ဌာန်)၊

– ဇာတိ(ပဒဋ္ဌာန်)။

**မရဏ** – တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သောခန္ဓာအစဉ်၏ ရွေ့လျောခြင်းသဘော(လက္ခဏာ)၊

– ပြည့်စုံသောဘဝခန္ဓာတို့နှင့် ကင်းခြင်း(ကိစ္စရသ)၊

– ပစ္စုပ္ပန်ဘဝမှ ကွေကွင်းရခြင်းသဘော(ပစ္စုပဋ္ဌာန်)၊

– ဇာတိ(ပဒဋ္ဌာန်)။

**မှတ်ချက်။** ဇရာ၊ မရဏတို့သည် ဇာတိ၏ မုချအကျိုးများ ဖြစ်ကြ၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ကား ဇာတိ၏ မုချမဟုတ်သော အကျိုးဆက်များ ဖြစ်ကြ၏။ ဤအကျိုးဆက် တရားတို့၌ ပဒဋ္ဌာန် များစွာ ရှိနိုင်ပြီး ထူးကဲသော အကြောင်းများ မဟုတ်ကြသဖြင့် အဋ္ဌကထာများတွင်ပဒဋ္ဌာန်ကို ဖော်ပြခြင်း မပြုတော့ချေ။

**သောက** – အတွင်း၌ လောင်မြိုက်ခြင်းသဘော တစ်နည်း– စိတ်ပူပန်ခြင်းသဘော(လက္ခဏာ)၊

– စိတ်ကို ထက်ဝန်းကျင်လောင်မြိုက်ခြင်း(ကိစ္စရသ)၊

– အဖန်ဖန် စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်းသဘော(ပစ္စုပဋ္ဌာန်)၊

**ပရိဒေဝ** – (တရားကိုယ်မှာ ဒေါမနဿဝေဒနာ)

– အဖန်ဖန်မြည်တမ်းပြောဆိုခြင်းသဘော(လက္ခဏာ)၊

– ဂုဏ်၊ အပြစ်တို့ကို ထုတ်ဖော်ပြောဆိုခြင်း(ကိစ္စရသ)၊

– ပရိဒေဝကိန်းရာပုဂ္ဂိုလ်၌ စိတ်၏မရပ်မတည် ချာချာလည်ကြောင်းသဘော၊ တစ်နည်း– စိတ်ဝေနောက်မှုးလည်မှုကိုဖြစ်စေခြင်းသဘော(ပစ္စုပဋ္ဌာန်)၊

www.burmeseclassic.com

www.burmeseclassic.com



**ဒုက္ခ** – ကာယိကဒုက္ခ (ဒုက္ခသဟဂုတ် ကာယဝိညာဏ်နှင့်ယှဉ်သော ဒုက္ခဝေဒနာ)

– ကိုယ်ကို နှိပ်စက်ခြင်းသဘော (လက္ခဏာ)၊
– ပညာမဲ့တို့အား စိတ်နှလုံးမသာယာမှုကို ပြုခြင်း (ကိစ္စရသ)၊
– ကိုယ်၌ ဖြစ်သော နာကျင်မှုသဘောတရား (ပစ္စုပဋ္ဌာန်)။

**ဒေါမနဿ** – စေတသိက ဒုက္ခ (တရားကိုယ်မှာ ဒေါမနဿဝေဒနာ)

– စိတ်ကို နှိပ်စက်ခြင်းသဘော (လက္ခဏာ)၊
– ဗျာပါဒနှင့်ယှဉ်သည်၏ အစွမ်းဖြင့် စိတ်ကိုညှဉ်းဆဲခြင်း (ကိစ္စရသ)၊
– စိတ်နှလုံးဖြစ်သော အနာရောဂါ (ပစ္စုပဋ္ဌာန်)။

**ဥပါယာသ** – ပြင်းစွာပူပန်ခြင်း (တရားကိုယ်မှာ ဒေါသ)

– စိတ်ကို ထက်ဝန်းကျင်မှ လောင်ခြင်းသဘော (လက္ခဏာ)၊
– ညည်းတွားခြင်းကို ပြုခြင်း (ကိစ္စရသ)၊
– ညည်းတွားခြင်းနှင့် ပြည့်စုံခြင်း (သမ္ပတ္တိရသ)၊
– ဉာတိဗျသနစသော အာရုံ၌ ကိုယ်စိတ်တို့ကို နစ်မြုပ်စေတတ်သော သဘောတရား (ပစ္စုပဋ္ဌာန်)။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့ကို လက္ခဏာ၊ရသစသည်ရှုပုံ

ပထမအတိတ်ဘဝတွင် ရှိသော အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကို ကြောင်းကျိုး ဆက်၍ ရှုပါ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကို ဉာဏ်ဖြင့် ပိုင်းခြား၍ရှုမြင်သောအခါ အဝိဇ္ဇာ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါ။ သင်္ခါရ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် စသည်ကို ရှုပါ။

တစ်ဖန် အတိတ်သင်္ခါရ(ကံ)ကြောင့် ပစ္စုပ္ပန်ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ဉာဏ်ဖြင့် ပိုင်းခြား၍ မြင်အောင် ကြောင်းကျိုးဆက်ပါ။ ၎င်းနောက် ပဋိသန္ဓေဝိညာဏ်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါ။ သင်္ခါရ၏ လက္ခဏာ၊ ရသ စသည်တို့ကိုလည်း ပြန်ရှုပါ။

အလားတူပင် ပစ္စုပ္ပန်ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည့်ကြောင်းကျိုး ဆက်သဘောကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ နာမ်ရုပ်တို့၏ လက္ခဏာ၊ ရသ စသည်တို့ကို ရှုပါ။ ဝိညာဏ်ကိုလည်း လက္ခဏာ၊ ရသ စသည်ရှုပါ။

ထိုမှတစ်ဖန် နာမ်ရုပ်ကြောင့် အာယတန ၆–ပါး တဖြည်းဖြည်း ဖြစ်ပေါ်လာပုံ၏ ကြောင်းကျိုးဆက်သဘောကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ သဠာယတန

www.burmeseclassic.com

www.burmeseclassic.com



တို့၏ လက္ခဏာ၊ ရသ စသည်တို့ကို ရှုပါ။ နာမ်ရုပ်၏ လက္ခဏာ၊ ရသ စသည်တို့ကိုလည်း ပြန်ရှုပါ။

ထိုနည်းအတူ အာယတန ၆–ပါးကြောင့် ဖဿ ၆–ပါးဖြစ်ပုံ၊ ဖဿ ၆–ပါးကြောင့် ဝေဒနာ ၆–ပါးဖြစ်ပုံ၊ ဝေဒနာ ၆–ပါးကြောင့် တဏှာ ၆–ပါးဖြစ်ပုံ၊ တဏှာ ၆–ပါးကြောင့် ဥပါဒါန် ၄–ပါး ထိုက်သလိုဖြစ်ပုံ၊ ဥပါဒါန်ကြောင့် ကမ္မဘဝ (သင်္ခါရ) ဖြစ်ပုံ၊ ကမ္မဘဝကြောင့် ဥပပတ္တိဘဝဖြစ်ပုံ အသီးသီးတို့၏ ကြောင်းကျိုးဆက် သဘောများကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပါလေ။

တစ်ဖန် ပစ္စုပ္ပန်ကမ္မဘဝကြောင့် အနာဂတ်၌ ဇာတိဟူသော ပဋိသန္ဓေခန္ဓာ ၅–ပါးဖြစ်ပုံ၏ ကြောင်းကျိုးဆက်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဇာတိ၏ လက္ခဏာ၊ ရသ စသည်ကို ရှုပါ။ ကမ္မဘဝ၏ လက္ခဏာ၊ ရသ စသည်တို့ကိုလည်း ရှုပါ။ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့ကိုလည်း နည်းတူရှုပါ။

အဝိဇ္ဇာနှင့် သင်္ခါရတို့ကား အတိတ်တရားစု ဖြစ်၏။

ဝိညာဏ်မှ ကမ္မဘဝတိုင်အောင် တရား ၈–မျိုးကား ပစ္စုပ္ပန်တရားစုတည်း။

ဇာတိမှ ဥပါယာသတိုင်အောင် တရားစုကား အနာဂတ်တရားစုတည်း။

ဤစနစ်ကို နည်းမှီ၍ ဒုတိယအတိတ်မှ အဝိဇ္ဇာနှင့် သင်္ခါရ။

ပထမအတိတ်–ဝိညာဏ်မှ ကမ္မဘဝတိုင်အောင် တရား ၈–မျိုး။

ပစ္စုပ္ပန်ဘဝ–ဇာတိမှ ဥပါယာသတရားစုတို့ကို ကြောင်းကျိုးဆက်၍ လက္ခဏာ၊ ရသ စသည် ရှုနိုင်၏။

ထိုနည်းတူစွာ တတိယအတိတ်မှ အဝိဇ္ဇာနှင့် သင်္ခါရ၊

ဒုတိယအတိတ်–ဝိညာဏ်မှ ကမ္မဘဝတိုင်အောင် တရား ၈–မျိုး၊

ပထမအတိတ်– ဇာတိမှ ဥပါယာသတိုင်အောင် တရားစုတို့ကို ကြောင်းကျိုး ဆက်၍ လက္ခဏာ၊ ရသ စသည် ရှုနိုင်၏။

ဤသို့လျှင် အတိတ်အဆက်ဆက်ကို သဘောပေါက်ပါလေ။

တစ်ဖန် ပစ္စုပ္ပန်မှ အဝိဇ္ဇာနှင့် သင်္ခါရ၊

ပထမအနာဂတ်မှ–ဝိညာဏ်၊ ပ၊ ကမ္မဘဝ၊

ဒုတိယအနာဂတ်မှ–ဇာတိ၊ ပ၊ ဥပါယာသ။

တို့ကို ကြောင်းကျိုးဆက်၍ လက္ခဏာ၊ ရသ စသည် ရှုနိုင်၏။ ဤနည်းဖြင့် အနာဂတ်အဆက်ဆက်ကိုလည်း သဘောပေါက်ပါလေ။

အတိတ်ဘက်သို့လည်း ဉာဏ်ကို စေလွှတ်၍ များစွာရှုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ဘက်သို့လည်း ဉာဏ်ကိုစေလွှတ်၍ များစွာရှုနိုင်၏။ နောက်ထပ် အနာဂတ်ဘဝကို မမြင်ရသည့်တိုင်အောင် ရှုပါ။ အချို့ယောဂီများသည် နောက် ၁–ဘဝ၊ ၂–ဘဝအတွင်း ဘဝသံသရာပြီးဆုံးသွားသည်ကို မြင်ရတတ်၏။ ဤဘဝတွင်ပင် သံသရာ ဆုံး,မဆုံးကို တရားသဘောအားဖြင့် မြင်အောင်ရှုကြည့်နိုင်သည်။

သတိပြုရန် အချက်တစ်ချက်မှာ ပစ္စုပ္ပန်အကြောင်းတရားများနှင့် အနာဂတ် အကျိုးတရားများကို ကြောင်းကျိုးဆက်၍ရှုရာ၌ လူ့ဘဝ၊ နတ်ဘဝ စသည့် သံသရာဝဋ်ကို ရည်ရွယ်တောင့်တ၍ပြုသော ဝဋ္ဋနိဿိတ–ကမ္မဘဝနှင့်သာ အနာဂတ် အကျိုးတရားတို့ကို တိုက်ဆိုင်၍ ကြောင်းကျိုးဆက်ပြီးရှုရန်ဖြစ်သည်။

နိဗ္ဗာန်ကို ရည်ရွယ်တောင့်တ၍ပြုသောကံသည် ဘဝသစ်ကို မဖြစ်စေနိုင်။ ဘဝတစ်ခုခုကို ရည်ရွယ်တောင့်တ၍ပြုသောကံသာလျှင် ဘဝသစ်ကိုဖြစ်စေနိုင်၏။ ကုသိုလ်ကံ, အကုသိုလ်ကံ (သင်္ခါရ) ၂–မျိုးလုံးနှင့် တိုက်ဆိုင်လျက် ကြောင်းကျိုးစပ်၍ရှုပါ။

## လက္ခဏာ၊ရသ စသည်နည်းဖြင့် ရုပ်နာမ်သိမ်းဆည်းခြင်း၏အကျိုး

ဖားအောက်တောရ၌ ယောဂီအပေါင်းတို့အား ရုပ်နာမ်ကြောင်းကျိုးတရားတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ဖြင့် သိမ်းဆည်းရန် ဆရာတော် ညွှန်ကြားရာတွင် အောက်ပါ ရည်ရွယ်ချက် ၂–ရပ်ကို ထားရှိသည်။

(၁) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ ၃–ပါး၌ အကြောင်းတရားများနှင့် အကျိုးတရားများသာ ရှိသည်။ ပြုလုပ်တတ်သူ, ဖန်ဆင်းတတ်သူ၊ အပြုလုပ်ခံရသူ, အဖန်ဆင်းခံရသူ၊ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဟူ၍ တစ်စုံတစ်ရာမျှမရှိချေ။ ဤသို့ အသိဉာဏ်သန့်ရှင်းသွားရန်မှာ ပထမရည်ရွယ်ချက်ဖြစ်သည်။

(၂) အကြောင်းနှင့် အကျိုး ၂–ရပ်လုံးပေါ်၌ လက္ခဏာယာဉ် ၃–ချက်တင်၍ တွင်တွင်ကြီး ဝိပဿနာရှုသည့်အခါ ကြောင်းကျိုး ၂–ရပ်လုံးတို့အပေါ်၌ စွဲလမ်းနေသော တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ စသည့် ကိလေသာစွဲများသည် တဒင်္ဂအားဖြင့် ကင်းပြတ်ချုပ်ငြိမ်းသွားကြမည်ဖြစ်၏။ ထို့နောက် ဝိပဿနာဉာဏ်တို့က အဆင့်ဆင့်ကျေးဇူးပြုကြသဖြင့် ဝိပဿနာဉာဏ်တို့၏အဆုံးတွင် မဂ်ဉာဏ် ပေါ်ခဲ့သော် ယင်းမဂ်ဉာဏ်က ဆိုင်ရာကိလေသာတရားတို့ကို အကြွင်းမဲ့ပယ်သတ်မည် ဖြစ်သည်။

ထိုသို့ မဂ်ဉာဏ်အဆင့်ဆင့်တို့က ဆိုင်ရာကိလေသာတို့ကို သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ပယ်သတ်ခဲ့သော် အကြောင်းတရားများ ကုန်ဆုံးသွားသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးတရားဖြစ်သည့် သံသရာဝဋ်ဒုက္ခလည်း ကုန်ဆုံးသွားပေလိမ့်မည်။ ဤသို့ ကြောင်းကျိုး ၂–ရပ်လုံးအပေါ်၌ စွဲလမ်းနေသော ကိလေသာတို့ကို အကြောင်း စုံညီလာသည့်အခါ သမုစ္ဆေဒအားဖြင့် အမြစ်ပြတ် ပယ်သတ်ရန်မှာ ဒုတိယ ရည်ရွယ်ချက် ဖြစ်သည်။

အံထက်ပါ ရည်ရွယ်ချက် ၂–ရပ်တို့ ပြည့်စုံလာရေးအတွက် ရုပ်နာမ် ကြောင်း ကျိုး သင်္ခါရတရားတို့အပေါ်၌ ဉာဏ်အမြင် ပိုမိုသန့်ရှင်းလာရန် ရုပ်တရား, နာမ် တရား, အကြောင်းတရား, အကျိုးတရား တစ်ခုစီ တစ်ခုစီကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းစေခြင်း ဖြစ်သည်။

အသုံးပြုနေသည့် ဓားကို များများသွေးပေးလေလေ ထက်မြက်လာလေ လေ ဖြစ်သကဲ့သို့ ယောဂီတို့၏ ဘာဝနာရှုပွားသည့် ဉာဏ်ကိုလည်း အနုစိတ်၍ များများရှုပွားစေလေလေ ပို၍ထက်မြက်စူးရှလာလေလေ ဖြစ်သည်ကို တွေ့မြင် ရပါသည်။

ရုပ်နာမ်–ကြောင်းကျိုး–သင်္ခါရတရားတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့် လေးချက်ပိုင်ပိုင် ရှုမြင်နိုင်ကြသော ယောဂီတို့သည် ပရမတ် တရားတို့အပေါ်တွင် အသိအမြင် အလွန်ကြည်လင်သန့်ရှင်းလာကြပါသည်။ ပြည်တန် ကျောက်မျက်ရတနာ တစ်လုံးစီ တစ်လုံးစီကို လက်ဝါးပေါ် တင်၍ လေးဖက်လေးတန်မှ ရှုကြည့်သောအခါ သေသေချာချာ ရှုမြင်ရသကဲ့သို့တည်း။

ဤသို့ ပရမတ်အမြင် ကြည်လင်သန့်ရှင်းလာကြသော ယောဂီတို့သည် ပရမတ် ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားဖြင့် ဝိပဿနာရှုပွားရန် အဆင်သင့်ဖြစ်နေကြလေပြီ၊ စနစ်တကျ ဝိပဿနာရှုပွားပုံကို ဆက်လက်ဖော် ပြပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

# ဝိပဿနာခေန်း

### ဝိပဿနာဆိုတာ ဘာလဲ

သတ္တဝါများ သံသရာကျင်လည်နေကြရသည့် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ အမှန်တကယ်ရှိကြသော စိတ်, စေတသိက်၊ ရုပ်(ဝါ) နာမ်ရုပ် ၂–ပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမြင်တတ်သော ဉာဏ်ပညာကို ဝိပဿနာဟု ခေါ်ဆိုကြောင်း အဘိဓမ္မာသင်္ဂြိုဟ်တွင် ဖော်ပြထားပါသည်။

ဤဖော်ပြချက်နှင့်အညီ ဋီကာဆရာက ဤသို့ဖွင့်ဆိုထားပါသည်–

*ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန*
*ဝိဝိဓံ ပဿတီတိ ဝိပဿနာ။*

ပညတ္တိံ–ပညတ်တရားကို၊ ဌပေတွာ–ပယ်ထား၍၊ အနိစ္စာဒိအာကာရေန–အနိစ္စ စသော အခြင်းအရာအားဖြင့်၊ ဝိဝိဓံ– အထူးထူး အပြားပြား၊ ပဿတိ–ရှုအပ်၏၊ ဣတိတသ္မာ– ဤအကြောင်းကြောင့်၊ ဝိပဿနာ–ဝိပဿနာမည်၏။

သို့ဖြစ်၍ ဝိပဿနာရှုသည်ဆိုရာမှာ ပညတ်တရားများကို ဘေးဖယ်ထားပြီး ပရမတ်တရားများကိုသာ ရှုရမည်။ ရှုရမည့် ပရမတ်တရားတို့မှာ စိတ်၊ စေတသိက်နှင့် ရုပ်တို့ဖြစ်ကြသည်။ စိတ်၊ စေတသိက်၊ ရုပ်တို့မှာ တစ်ခုချင်း ဖြစ်ရိုးမရှိ။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်နှင့် ထိသိစိတ် အသီးသီးတွင် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ ဟူသော စေတသိက် ၇–ပါးတို့ ယှဉ်တွဲလျက်ဖြစ်ပေါ်ကြသည်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်တွင် စေတသိက် ၃၄–လုံးအထိ ပေါင်းယှဉ်လျက် အတူတကွ ဖြစ်ပေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်တရားတို့ကလည်း အနည်းဆုံး ရုပ် ၈–မျိုးပေါင်းစပ်၍ ရုပ်ကလာပ်များ အဖြစ် ဖြစ်ပေါ်ကြသည်။ တစ်ပေါင်းတည်းယှဉ်ဖြစ်ကြသော အခြေခံရုပ် ၈ မျိုးမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသနှင့် ဩဇာတို့ ဖြစ်ကြသည်။ မျက်စိ၌ အာရုံယူ၍ရှုလျှင် စက္ခုဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ ကာယဒသက ကလာပ်ဟူသော ကံကြောင့်ဖြစ်သည့် ကမ္မဇကလာပ် ၃–မျိုး၊ စိတ်ကြောင့် ဖြစ်သည့် စိတ္တဇအဋ္ဌက ကလာပ် ၁–မျိုး၊ ဥတုကြောင့်ဖြစ်သော ဥတုဇ အဋ္ဌက ကလာပ် ၁–မျိုး၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇ အဋ္ဌက ကလာပ် ၁–မျိုးဟူ၍ ကလာပ် ၆–မျိုးကို ရှုမြင်ရလိမ့်မည်။ ဤရုပ်ကလာပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်းတရား ၄–ပါးကြောင့် ခဏမစဲပင် ကုဋေ ပေါင်း အမြောက်အမြားဖြစ်၍ ခဏမစဲပင် ချုပ်ပျောက်နေကြသည်။

ထိုသို့ စိတ် စေတသိက်ဟူသော နာမ်တရားများနှင့် ရုပ်တရားများသည် အစုအပေါင်းကလာပ်အနေဖြင့် လျင်မြန်စွာဖြစ်ချုပ်လျက်ရှိကြရာ ၎င်းတို့ကို တစ်ခုချင်း ခွဲခြမ်းစိတ်ဖြာ၍ မရှုမြင်နိုင်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ မပေါ်လွင် မထင်ရှားပါ။ ဤလက္ခဏာရေးသုံးပါး မထင်ရှားလျှင် ဝိပဿနာရှု၍ မရပါ။

ဤလက္ခဏာရေးသုံးပါးတို့ ထင်ရှားပေါ်လွင်ရန်အတွက် အောက်ပါဃန လေးမျိုးကို ဖြိုခွဲဖို့ လိုအပ်ကြောင်း တိပိဋကရေဆရာတော် **ဦးဝိစိတ္တသာရာဘိဝံသ**၏ 'မဟာဗုဒ္ဓဝင်' စတုတ္ထတွဲ၊ စာမျက်နှာ ၃၂၃ – ၃၂၅ ၌လည်းကောင်း၊ ဗုဒ္ဓသာသနာ့အဖွဲ့၏ **'တိပိဋက ပါဠိ–မြန်မာ အဘိဓာန်'** တ–ဝဂ်ရှိ ဃနဝိနိဗ္ဘောဂ ခေါင်းစဉ်အောက်၌လည်းကောင်း ရေးသားဖော်ပြထားကြပါသည်။

(၁) **သန္တတိဃန** – အဆင်းတစ်ခုကို မြင်သည်ဆိုရာ၌ ပဉ္စဒွါရာဝဇ္ဇန်း (ဆင်ခြင်)၊ စက္ခုဝိညာဏ် (မြင်သိ)၊ သမ္ပဋိစ္ဆိုန်း (လက်ခံ)၊ သန္တီရဏ (စုံစမ်း)၊ ဝုဋ္ဌော (ဆုံးဖြတ်)၊ ဇော (ခံစား) ၇–ကြိမ်၊ တဒါရုံ (ဆက်ခံစား) ၂–ကြိမ် စသည်ဖြင့် စိတ်အစဉ်တစ်ခု ဖြစ်ပေါ်ရသည်။ ဤစိတ်တို့သည် အကြားကာလ မရှိဘဲ တစ်ခုပြီးတစ်ခု လျင်မြန်စွာ ဖြစ်ပွားသွားကြ၏။ ဤသို့ အကြားမလပ်အောင် တစ်စပ်တည်း ဖြစ်ပွားသွားခြင်းကို 'သန္တတိဃန' ဟု ခေါ်၏။ ထိုစိတ်အစဉ် အတန်းတွင် ပါဝင်သော စိတ်တစ်လုံးစီကို ခွဲခြား၍ရှုမြင်ပါမှ 'သန္တတိဃန' ပြိုသည်ဟု မှတ်ယူရ၏။

စိတ်တစ်လုံးစီကို မရှုမြင်ဘဲ စိတ်အစဉ်တစ်ခုလုံးကို စိတ်တစ်ခုတည်းဟု ထင်မှတ်လျှင် ဃနမပြိုပါ။ ထိုစိတ်အစဉ်၌ မြင်သိစိတ်သည် စက္ခုဝတ္ထုကို မှီ၍ ဖြစ်ပြီး ကျန်စိတ်တို့သည် ဟဒယဝတ္ထုများကိုမှီ၍ ဖြစ်ပေါ်ကြကြောင်းကို မရှုမြင်ဘဲ မြင်လိုက်ရုံမျှကိုသိလျှင် ပညတ်သိအဆင့်သာ ရှိမည်၊ ပရမတ်ဟု မဆိုနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလာပ်များသည်လည်း အစဉ်အတန်းအလိုက် အလွန်လျင်မြန်စွာ ဖြစ်ပေါ်နေကြသည်။ ထိုရုပ်ကလာပ်တို့ကို တစ်ခုချင်းခွဲခြား၍ မရှုမြင်နိုင်လျှင် သန္တတိဃန မပြိုပါ။

**(၂) သမူဟဃန** – စိတ်တစ်လုံးတွင် စေတသိက်အနည်းဆုံး ၇–ခုမှ ၃၄ ခုအထိ ပေါင်းယှဉ်၍ဖြစ်ပေါ်ကြောင်းကို စောစောက ဖော်ပြခဲ့သည်။ ဥပမာ– မြင်သိစိတ်၌ စက္ခုဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရတို့ ပေါင်းစပ်နေကြသည်။ ထိုသဘောတရား ၈–မျိုးကို ခွဲခြား၍ မရှုနိုင်လျှင် သဘောတရားတစ်ခုတည်းဟု ထင်မှတ်သွားလိမ့်မည်။ ဤသို့ ထင်မှတ်ရအောင် သဘာဝတရားတို့ စုတွဲလုံးခဲပြီး ဖြစ်ပျက်ခြင်းကို 'သမူဟဃန' ဟု ခေါ်သည်။

သို့အတွက် စိတ်တစ်လုံးစီတွင် ယှဉ်တွဲပေါင်းစပ်၍ ဖြစ်ပေါ်ကြသောစိတ် စေတသိက်တို့ကို ခွဲခြား၍ မရှုမြင်နိုင်လျှင် နာမ်ဃနမပြိုပါ၊ ထို့အတူ ရုပ်ကလာပ်တစ်ခုစီတွင် ယှဉ်တွဲပေါင်းစပ်၍ဖြစ်ပေါ်ကြသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဇီဝိတရုပ်၊ စက္ခုပသာဒ စသည်တို့ကို ခွဲခြား၍မရှုမြင်လျှင် ရုပ်ဃန မပြိုပါ။

**(၃) ကိစ္စဃန** – ရုပ်ကလာပ်၊ နာမ်ကလာပ် (နာမ်အဖွဲ့အစု) အသီးသီး၌ ပါဝင်ကြသော ပရမတ်တရားအသီးသီးတို့သည် မိမိတို့၏ ဆိုင်ရာကိစ္စအသီးသီးကို ရွက်ဆောင်ကြ၏။ ဥပမာ– ရုပ်ကလာပ်တစ်ခု၌ ပါဝင်သော ပထဝီဓာတ်က ကလာပ်တူရုပ်တရားများ၏ တည်မှီရာအဖြစ် ရွက်ဆောင်၏၊ အာပေါဓာတ်က ကလာပ်တူရုပ်တရားများကို တိုးပွားအောင် ရွက်ဆောင်၏၊ တေဇောဓာတ်က ကလာပ်တူ ရုပ်တရားများကို ရင့်ကျက်စေ၏၊ ဝါယောဓာတ်က ကလာပ်တူ ရုပ်တရားများကို ရွေ့လျားစေ၏။

အလားတူပင် စိတ်တစ်လုံးဖြစ်ပေါ်သည့်အခိုက်၌ ထိုစိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်သော ဖဿက အာရုံနှင့် အသိစိတ်ကို ဆက်စပ်ထိတွေ့ပေး၏၊ ဝေဒနာက အာရုံ၏ အရသာကိုခံစား၍ သညာက အာရုံကို မှတ်သား၏၊ စေတနာက အာရုံယူခြင်းကိစ္စပြီးစီးအောင် စေ့ဆော်ခြင်း,ကြောင့်ကြစိုက်ခြင်းကို ပြု၏၊ စက္ခုဝိညာဏ်က အရောင်အဆင်းကိုသိ၏ စသည်ဖြင့် မိမိတို့ဆိုင်ရာကိစ္စအသီးသီးကို ရွက်ဆောင်ကြ၏။

ဤသို့ ပရမတ်တရားတို့က ကိစ္စအသီးသီး ရွက်ဆောင်နေကြသည်ကို ခွဲခြမ်းစိတ်စစ်၍ မရှုမြင်နိုင်လျှင် ကိစ္စတစ်ခုတည်းကိုသာ ဆောင်ရွက်နေသည်ဟု ထင်မှတ်ပြီး ရုပ်တစ်ခုတည်း, နာမ်တစ်ခုတည်းပဲဟု အထင်လွဲသွားပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ကိစ္စတစ်ခုတည်း ဆောင်ရွက်ကြသည်ဟု ထင်ရအောင် ပရမတ်တရားတို့ တစ်ပြိုင်တည်းကိစ္စဆောင်ရွက်ကြခြင်းကို 'ကိစ္စဃန'ဟု ခေါ်ပါသည်။ ကိစ္စဆောင်ရွက်မှုအသီးသီးကို ခွဲခြမ်းရှုမြင်နိုင်ပါမှ ကိစ္စဃနပြိုကွဲသည်ဟု မှတ်ယူရမည်။

**(၄) အာရမ္မဏဃန** = အဆင်းတစ်ခုကို မြင်သိသော စိတ်အစဉ်တစ်ခုဋ္ဌ ပါဝင်ကြသော စိတ်အားလုံး၊ စေတသိက်အားလုံးတို့သည် ထိုရူပါရုံတစ်ခုတည်းကို အာရုံပြုကြ၏။ ဤသို့အာရုံတစ်ခုတည်းကိုမြင်သဖြင့် စိတ်စေတသိက်တို့သည် တစ်ခုတည်းပဲဟု ထင်မှတ်ရခြင်းကို 'အာရမ္မဏဃန'ဟု ခေါ်၏။ပရမတ်တရား တစ်ခုစီက ထင်ဆဲအာရုံကို တစ်သီးတခြားစီ အာရုံပြုနေကြကြောင်းကို ခွဲခြား၍ ရှုမြင်နိုင်ပါမှ အာရမ္မဏဃနပြိုပါသည်။

*အနတ္တလက္ခဏာကို ဘုရားပွင့်ရာ သာသနာတွင်းမှာသာ ထင်မြင်နိုင်၏၊ သာသနာပမှာ မထင်မြင်နိုင်။*

*အနတ္တလက္ခဏာကို သန္တတိစသော ဃနဖုံးလွှမ်းမှုကြောင့် မသိနိုင်၊ မမြင်နိုင်၊ မထင်နိုင်ခြင်းဖြစ်သည်။ ဃနကို ဖြိုခွဲနိုင်လျှင်ကား အနတ္တလက္ခဏာသည် ဟုတ်မှန်သည့်သဘောအတိုင်း ထင်မြင်လာတော့သည်။*

*(အဘိ၊ဋ္ဌ၊၂၊၄၆–၄၇)*

အနတ္တလက္ခဏာ မထင်လျှင် ဝိပဿနာမရှိနိုင်ပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ ပေါ်လွင်ထင်ရှားရန်အတွက် ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းတို့ကို ရှုမှတ်ပြီးနောက် ရုပ်တစ်လုံးစီ, နာမ်တစ်လုံးစီကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့် လေးချက်ပိုင်ပိုင် ရှုမှတ်ရခြင်း ဖြစ်ပါသည်။

ဤသို့ရှုမြင်နိုင်ပါမှ **နာမရူပ ပရိစ္ဆေဒဉာဏ်** = နာမ်နှင့်ရုပ်တို့ကို ပိုင်းပိုင်းခြားခြား စိတ်ဖြာ၍သိသောဉာဏ် (ဝါ) **ဓမ္မဝဝတ္ထာနဉာဏ်** = ပရမတ်တရားတို့ကို အရှိအရှိအတိုင်း ဟုတ်မှန်စွာသိတတ်သောဉာဏ် ဖြစ်ပေါ်၍ ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်နိုင်ပါသည်။

ဤသို့ရှုရန်လိုအပ်ကြောင်းကို **လယ်တီဆရာတော်ဘုရား** က ကမ္မဋ္ဌာန်းကျမ်းကြီး (နှာ–၂၄၂) ၌ အောက်ပါအတိုင်း သံခိပ်လက်ာသီကုံးပေးထားသည်မှာ မှတ်စရာကောင်းပါသည်–

*(က) လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန်နာမ်နှင့်ရုပ်။*

*(ခ) လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။*

www.burmeseclassic.com

www.burmeseclassic.com



## ဝိပဿနာရှုအပ်သောတရားများ

တစ်ဖန် ဝိပဿနာရှုအပ်သော တရားများကို ဆန်းစစ်ကြည့်ပါဦး။ အချို့က ရုပ်တစ်လုံး, နာမ်တစ်လုံးကို ဝိပဿနာရှုရုံမျှနှင့် မဂ်ဆိုက်နိုင်သည်ဟု ယူဆကြသည်။ **အဘိဓမ္မာအဋ္ဌကထာ** (အဘိ၊ဋ္ဌ၊၁၊၂၇၀–၂၇၁) နှင့် **ဝိသုဒ္ဓိမဂ်** (၂၊ ၃၀၀–၃၀၁) တို့၏ အဆိုအမိန့်အရ–

(၁) ရုပ်သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့် မဂ်မဆိုက်နိုင်ပါ။

(၂) နာမ်သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့်လည်း မဂ်မဆိုက်နိုင်ပါ။

(၃) မိမိခန္ဓာဟူသည့် အဇ္ဈတ္တ ခန္ဓာငါးပါးသက်သက်မျှကို ဝိပဿနာရှုရုံဖြင့်လည်း မဂ်မဆိုက်နိုင်ပါ။

(၄) မိမိခန္ဓာ၏ ပြင်ပဟူသည့် ဗဟိဒ္ဓ ခန္ဓာငါးပါးသက်သက်မျှကို ဝိပဿနာရှုရုံဖြင့်လည်း မဂ်မဆိုက်နိုင်ပါ။

သို့ဖြစ်လျှင် မည်မျှအတိုင်းအတာအထိ ဝိပဿနာရှုရမည်နည်း။ မဟာစည်ဆရာတော် မြန်မာပြန် **ဝိသုဒ္ဓိမဂ်ကျမ်း၊** စတုတ္ထတွဲ၊ (၂၈၂–၂၈၃)၊ **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** (၂၊၂၄၂–၂၄၄)၊ **ပဋိသမ္ဘိဒါမဂ်ပါဠိတော်** (၅၁–၅၂)၊ **သံယုတ်ပါဠိတော်** (၂၊၂၅၈)၊ **မူလပဏ္ဏာသအဋ္ဌကထာ** (၁၊၂၈၁) တို့အရ–

*"အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိက ဟူသော အခြင်းအရာ ၁၁–မျိုးဖြင့် တည်ရှိကြသော ခန္ဓာ ၅–ပါး၊ အာယတန ၁၂–ပါး၊ ဓာတ် ၁၈–ပါးနှင့် အကြောင်းအကျိုးဆက်နွယ်မှုကို ဖော်ပြသည့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါး" တို့ကို ဝိပဿနာရှုရပါမည်။*

*တစ်နည်းဆိုသော် ဝိပဿနာမရှုအပ်သည့် လောကုတ္တရာစိတ်စေတသိက်များကို ချန်လှပ်၍ ကျန်သော အဇ္ဈတ္တရုပ်နာမ်အားလုံး၊ ဗဟိဒ္ဓရုပ်နာမ်အားလုံး၊ အတိတ်, ပစ္စုပ္ပန်, အနာဂတ်၌ရှိကြသော ရုပ်နာမ်အားလုံး၊ အကြောင်းတရား အကျိုးတရားအားဖြင့် ဆက်နွယ်နေကြသည့် ပရမတ်တရားအားလုံးကို အနိစ္စ တစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့်၊ အသုဘတစ်လှည့် တင်ရှုရပါမည်။*

ဤသို့ ပြည့်ပြည့်စုံစုံ ဝိပဿနာတင်ရှုနိုင်ရန်အတွက် **အတိတ်, ပစ္စုပ္ပန်,** အနာဂတ် ရုပ်နာမ်တရားများကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ **အကြောင်း** အကျိုးစပ်ကာ ကြိုတင်၍ ရှုမြင်ထားရန် လိုအပ်ပါသည်။

အကြောင်းတရား, အကျိုးတရားများကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်အညီ ရှုမြင်တတ်သော ဉာဏ်သည် **ပစ္စယပရိဂ္ဂဟဉာဏ်** ဖြစ်ပါသည်။ ဤဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြည့်စုံပါမှ ယုံမှားမှု(ကင်္ခါ) အမျိုးမျိုးနှင့် အယူလွဲမှု(ဒိဋ္ဌိ) အမျိုးမျိုးကို လွန်မြောက်၍ **ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်း** သို့ ဆိုက်ရောက်နိုင်ကြောင်းကို **လယ်တီဆရာတော်ဘုရား** က ကမ္မဋ္ဌာန်းကျမ်းကြီး (နှာ–၂၄၃)၌ အောက်ပါအတိုင်း သံခိပ်လင်္ကာသီကုံးပေးထားသည်ကို အလေးမူအပ်ပါသည်။

*"နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စဓာတ်၊ သမုပ္ပါဒ်ကို၊ အတပ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ၁၆–ပါးနှင့်၊ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။"*

## ဝိပဿနာရှုရန် အခြေခံလိုအပ်ချက်များ

ဝိပဿနာရှုရမည့် ပရမတ်ရုပ်နာမ်တရားများကို စာရှုသူတို့ သိပါပြီ။ ဤပရမတ်ရုပ်နာမ်တရားများကို အကြောင်းတရားအကျိုးတရားနှင့်တကွ လက္ခဏာသုံးပါး တင်ရှုရမည်ကိုလည်း သဘောပေါက်ပါပြီ။ သို့အတွက် ဝိပဿနာရှုနိုင်ရန် အခြေခံလိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားရပေမည်။

အရေးကြီးသော အခြေခံလိုအပ်ချက်များမှာ–

(၁) သီလဝိသုဒ္ဓိဖြစ်ရန် သီလကို ဖြူစင်လုံခြုံအောင် စောင့်ထိန်းရမည်။

(၂) စိတ္တဝိသုဒ္ဓိဖြစ်ရန် အနည်းဆုံး ဥပစာရသမာဓိနှင့်ညီမျှသော သမာဓိကို ထူထောင်ရမည်၊ ဈာန်သမာဓိရောက်အောင် ထူထောင်နိုင်လျှင် ပိုကောင်းသည်။

(၃) ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရန် ခန္ဓာငါးပါးကို ကိုယ်စားပြုသည့် ရုပ်တရား နာမ်တရားများကို ပိုင်းပိုင်းခြားခြား သိတတ်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပေါ်အောင် စနစ်တကျ ရှုပွားရမည်။

(၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပြည့်စုံလာအောင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ရုပ်နာမ်တရားများကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်အညီ အကြောင်း အကျိုးစပ်၍ ရှုမြင်နိုင်တတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ဖြစ်ပေါ်စေရမည်။

**၁၉၈၈ ခုနှစ်၊** ဧပြီလတွင် ဖားအောက်တောရ၌ ကျွန်တော်တရားရှုပွားစဉ် မော်လမြိုင်မြို့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော **ဦးကံဆိုင်** (ထိုစဉ်က ၅၅ နှစ်) သည်လည်း တရားရှုမှတ်နေ၏။ ဦးကံဆိုင်သည် တက္ကသိုလ်ပညာကို ဆည်းပူးခဲ့ရပြီး ဗဟိုဆေးတပ်တွင် ဗိုလ်မှူးဘဝဖြင့် အုပ်ချုပ်ရေးမှူး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ခေတ်အမြော်အမြင်ရှိသူတစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝများက စရဏမျိုးစေ့ကြောင့် ဦးကံဆိုင်သည် သတိပဋ္ဌာန် ဝိပဿနာတရားကို ရှုပွားရန် စိတ်ကိုင်းညွတ်နေခဲ့၏။ ရှေးဦးစွာ မော်လမြိုင်မြို့ တောင်ဝိုင်း မဟာစည်ရိပ်သာတွင် ၁၀–ရက် တရားအားထုတ်၏။ ထိုစဉ်က ဦးကံဆိုင်သည် တရားအမြင်ထူးသူတစ်ဦးဟု အသတ်မှတ်ခံရ၏။

ထို့နောက် တော်ကူးဆရာတော် မပျံလွန်မီအချိန်ကလေးတွင် တော်ကူး ရိပ်သာသို့ သွားရောက်ပြီး တရားရှုမှတ်ရာ ၃–ရက်အတွင်း ၇–နာရီကြာသည့် ဣရိယာပုထ်ဖြင့် တစ်ဆက်တည်း တရားရှုမှတ်နိုင်ခဲ့၏။ ဦးကံဆိုင်သည် တရားကို မြတ်နိုးလိုလား၍ လေးလေးစားစား ကြိုးကြိုးစားစား အားထုတ်ကြောင်း ထင်ရှားပေသည်။

ဖားအောက်တောရစကြံကျောင်း၌ ဦးကံဆိုင် တရားရှုပွားသည့်အခါ သူ၏ အရည်အသွေးမှာ ပို၍သိသာထင်ရှားလာပါသည်။ ဓာတ်ကမ္မဋ္ဌာန်းကို ရှုပွား ရာတွင် ပထမနေ့တွင် ဝါယောဓာတ်၏ တွန်းဖိသည့်သဘောနှင့် ပထဝီဓာတ် ၏ မာသဘော၊ ကြမ်းသဘောတို့ကို တစ်ကိုယ်လုံး၌ ထင်ထင်ရှားရှား ရှုမြင်နိုင် ၏။ ဒုတိယနေ့တွင် ဝါယောဓာတ်၏ ထောက်ကန်သည့်သဘော၊ ပထဝီဓာတ် ၏ လေးခြင်း, ပျော့ခြင်း, ချောခြင်း, ပေါ့ခြင်းသဘောတို့ကို ရှုသိ၏။ တတိယ နေ့တွင် တေဇောဓာတ်၏ ပူခြင်းသဘောနှင့် အေးခြင်းသဘော၊ အာပေါဓာတ် ၏ ဖွဲ့စည်းခြင်းသဘော, ယိုစီးသဘောတို့ကို ရှုမြင်ပြီးနောက် ဓာတ်ကြီးလေးပါး တို့၏သဘော ၁၂–မျိုးကို ခြုံရှု၏။

စတုတ္ထမြောက်နေ့တွင် တစ်ကိုယ်လုံး၌ ဓာတ်ကြီးလေးပါးတို့၏သဘော ၁၂–မျိုးကို စူးစိုက်၍ခြုံရှုနေစဉ် မိုးသားမိုးတိမ်ကဲ့သို့ အလင်းထင်ပေါ်လာ၏။ ထို့နောက် တဖြည်းဖြည်း ဖြူဆွတ်လာပြီးကာ မှန်သားကဲ့သို့ ကြည်လင်လာ ၏။ မှန်ကဲ့သို့ အကြည်ပြင်ကို မြင်ရခြင်းသည် ဥပစာရသမာဓိ၏ စွမ်းအားဖြင့် ပသာဒအကြည်ရုပ်များကို မြင်တွေ့ရခြင်း ဖြစ်သည်ဟု ယူဆရ၏။

ဓာတ်ကမ္မဋ္ဌာန်းသည် သမာဓိထူထောင်ဖို့အတွက် အလွန်ထက်မြက် လျင် မြန်သော ကမ္မဋ္ဌာန်းတစ်ခုဖြစ်ကြောင်း ဖားအောက်တောရ လက်တွေ့အထောက် အထားများအရ သိရှိရသည်။ ဓာတ်ကမ္မဋ္ဌာန်းရှုရာတွင် ပရမတ်ရုပ်နာမ်တရား များအနက် အထင်ရှားဆုံးဖြစ်သည့် ဓာတ်ကြီးလေးပါးကို ရှုမှတ်ရခြင်းဖြစ်ရာ ဓာတ်သဘောများကိုသာ သေသေချာချာရှုမြင်နေလျှင် ဘာဝနာစိတ်အစဉ်သည် ဓာတ်သဘောများတွင် စူးစိုက်၍ လျင်မြန်စွာ တည်ငြိမ်သွားနိုင်ပါသည်။ ဓာတ် သဘောများတွင် နာရီဝက်၊ တစ်နာရီ၊ တစ်နာရီခွဲ စသည်ဖြင့် ဘာဝနာစိတ်အစဉ်

www.burmeseclassic.com

www.burmeseclassic.com



က စူးစိုက်ငြိမ်ဝပ်နေနိုင်လျှင် ထိုရှုမှတ်ချိန်အတွင်း၌ နီဝရဏတရားများ ကင်းရှင်းပြီး စိတ်သည် ပရိယုဋ္ဌာနကိလေသာများမှ ကင်းစင်နေလိမ့်မည်။

ထိုအခါ ယောဂီသည် မိမိ၏စိတ်နှင့်ယှဉ်လျက် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါးတို့ ထင်ရှားပေါ်လွင်နေသည်ကို ကိုယ်တိုင်ဆန်းစစ်နိုင်ပါသည်။ ယောဂီ၏စိတ်အစဉ်နှင့် ခန္ဓာကိုယ်သည်လည်း ပီတိ သုခတို့နှင့် ထုံမွှမ်းထားသည့်အတွက် အလွန်ရွှင်လန်းချမ်းသာနေလိမ့်မည်။ ထို့အပြင် ထက်သန်အားကောင်းလာသော သမာဓိ၏အထောက်အပံ့ကြောင့် အလွန်ထက်မြက်စူးရှတောက်ပသော ဘာဝနာအလင်းရောင် (ဉာဏ်အလင်း) သည်လည်း ယောဂီ၏နှလုံးသားအတွင်းမှ ဖြာထွက်လာလိမ့်မည်။

ဤအခြေအနေများဖြစ်ပေါ်လာလျှင် ယောဂီသည် **ဥပစာရသမာဓိ** အဆင့်သို့ ရောက်ရှိပြီး၊ **စိတ္တဝိသုဒ္ဓိ** ကို ရရှိပြီဟု မှတ်ယူရပါသည်။ **ဥပစာရသမာဓိ** သည် ဓာတ်ကမ္မဋ္ဌာန်းဖြင့် အမြင့်ဆုံးရောက်ရှိနိုင်သော သမာဓိဖြစ်သည်။

ဥပစာရသမာဓိသို့ ရောက်ကြောင်း ခိုင်မာသည့် အထောက်အထားတစ်ခုမှာ ဘာဝနာအလင်းရောင်က တစ်နာရီမျှ တည်ငြိမ်အားကောင်းနေပြီးလျှင် ထိုဘာဝနာအလင်းရောင်၏ အကူအညီဖြင့် ယောဂီသည် အတွင်းအပြင် ကောဋ္ဌာသများကို ရှုမြင်လာနိုင်ခြင်း ဖြစ်ပါသည်။

ဦးကံဆိုင်သည် ပဋ္ဌမမြောက်နေ့တွင်ပင် စိတ်တည်ငြိမ်နေပြီး အလွန်ထူးခြားသည့် ပီတိ–သုခတို့ကို ခံစားရသည့်အပြင် အလွန်စူးရှတောက်ပသော ဘာဝနာအလင်းရောင်၏ အကူအညီဖြင့် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ဟူသော ကောဋ္ဌာသ ၃၂–မျိုးတို့ကို တစ်ခုစီတစ်ခုစီ ရှုမြင်လာပါသည်။

မိမိကိုယ်၌ရှိသည့် ကောဋ္ဌာသများကို ရှုမြင်ပြီးသည့်အခါ မိမိနှင့်အတူ ဓမ္မာရုံတွင် တရားထိုင်နေကြသော ယောဂီတစ်ဦးစီ၏ ကောဋ္ဌာသများကို ရှုပွားရသည်။ ထိုမှတစ်ဆင့် ကျောင်းဝင်းအတွင်းနှင့် ကျောင်းဝင်းပြင်ပသို့ ဘာဝနာအလင်းရောင်ကို ဖြန့်ကျက်ပြီးနောက် အလင်းရောင်အတွင်း ရှုမြင်ရသမျှသော လူနှင့် တိရစ္ဆာန်တို့ကို ကောဋ္ဌာသအပေါင်းအစုအဖြစ် မြင်တွေ့အောင် ရှုပွားရသည်။ ဤကား ဓာတ်ကမ္မဋ္ဌာန်းမှတစ်ဆင့်တက်၍ ကာယဂတာသတိကမ္မဋ္ဌာန်း၌ အကျုံးဝင်သော **ကောဋ္ဌာသကမ္မဋ္ဌာန်း** ကို ရှုပွားနေခြင်းဖြစ်သည်။

ထိုမှတစ်ဆင့်တက်၍ အရိုးစုကောဋ္ဌာသ၌ ရွံစရာအမှတ်သညာကို ရှု၍

www.burmeseclassic.com

www.burmeseclassic.com



**ပဋိကူလမနသိကာရကမ္မဋ္ဌာန်း** ကို ဦးကံဆိုင် ဆက်ရှုရသည်။ ဦးကံဆိုင်သည် မိမိ၏ ကောဋ္ဌာသများကို ဗဟိဒ္ဓကောဋ္ဌာသများထက် ပို၍ထင်ထင်ရှားရှား ရှုမြင်ရသဖြင့် မိမိ၏အရိုးစုကိုပင် "အရိုးစု, ရွံစရာ၊ အရိုးစု, ရွံစရာ" ဟု နှလုံးသွင်းပြီး ရှုရသည်။ အရိုးစုအာရုံ၌ စိတ်ကောင်းစွာ ငြိမ်ဝပ်လာသောအခါ "အရိုးစုအာရုံ၌ တစ်နာရီ စိတ်တည်ငြိမ်နိုင်ပါစေ" ဟု အဓိဋ္ဌာန်ပြီး ရှု၏။ အဓိဋ္ဌာန်တိုင်း ရှုမြင်နိုင်သောအခါ မိမိရှေ့၌ တရားထိုင်နေသော ယောဂီ၏ အရိုးစုကို အာရုံယူ၍ ပဋိကူလမနသိကာရ ဆက်ရှုရသည်။ ဗဟိဒ္ဓအရိုးစုအာရုံ၌ စိတ်ကောင်းစွာ တည်ငြိမ်လာသောအခါ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါများကို ဆန်းစစ်ရသည်။

ဦးကံဆိုင်သည် အဘိဓမ္မာ သင်္ဂြိုဟ် စသော ပရိယတ္တိစာပေကို စနစ်တကျ လေ့လာထားခြင်းမရှိသည့်အတွက် ဈာန်အင်္ဂါများ၏ အနက်အဓိပ္ပာယ်များကို ကျက်မှတ်ပြီး လက်တွေ့ရှုကြည့်သည်။ ရှု၍မရပါ။ ဈာန်အင်္ဂါများ၏ သဘောတို့ကို နားလည်သဘောပေါက်ပြီး မိမိ၏ဘာဝနာစိတ်အစဉ်တွင် ထိုသဘောများ ရှိ,မရှိကို ဆန်းစစ်သောအခါ သေသေချာချာရှုမြင်လာနိုင်ပါသည်။

အရိုးစု၌ ပဋိကူလ မနသိကာရ ကမ္မဋ္ဌာန်းရှုခြင်းသည် လူသေကောင်၏ အရိုးစုကို အသုဘကမ္မဋ္ဌာန်းရှုပွားသည်နှင့် သဘောချင်းအတူတူပင်ဖြစ်သည်။ ဤကမ္မဋ္ဌာန်းတို့၌ **ပထမဈာန်** အထိ တက်ရောက်နိုင်သည်ဟု ကျမ်းဂန်များတွင် သတ်မှတ်ထားပါသည်။ ပထမဈာန်တွင် ဈာန်အင်္ဂါ ၅–ပါးစလုံး ထင်ထင်ရှားရှား ပါရှိပါသည်။ ပထမဈာန်ရသူသည် ထိုဈာန်ကို အဖန်ဖန်ပြန်၍ သမာပတ် ဝင်စားနိုင်ပါသည်။ သမာပတ်ဝင်စားသည့်အခါ "တစ်နာရီကြာ သမာပတ်ဝင်စားနိုင်ပါစေ" ဟု အဓိဋ္ဌာန်လျှင် တစ်နာရီကြာအောင် ပထမဈာန်စိတ်များ ထပ်ကာထပ်ကာ ဖြစ်ပေါ်နေလိမ့်မည်။

ဈာန်ချမ်းသာသည် ကာမဂုဏ်ချမ်းသာထက် သာလွန်၍ ဗြဟ္မာ၏ ချမ်းသာနှင့် ဆင်တူပါသည်။ ပထမဈာန်သမာဓိသည် ဥပစာရသမာဓိထက် များစွာ ပို၍ခိုင်မြဲသွားသည့်အပြင် ဈာန်သမာဓိနှင့်ယှဉ်သည့် ဘာဝနာစိတ်အစဉ်သည် ဥပစာရသမာဓိနှင့်ယှဉ်သော ဘာဝနာစိတ်အစဉ်ထက် ရှုမြင်နိုင်သောစွမ်းရည် ပို၍ထက်မြက်စူးရှလာပါသည်။

ဦးကံဆိုင်သည် မိမိရှေ့ရှိ ယောဂီ၏အရိုးစု၌ စိတ်ငြိမ်ဝပ်စွာ ရှုနိုင်ပြီးသည့်အခါ အခြား ယောဂီ တစ်ဦးစီ တစ်ဦးစီ၏ အရိုးစုများကို ဆက်ရှုရသည်။ ထို့နောက် ဘာဝနာအလင်းရောင်ကို ဖြန့်ကျက်ပြီး မြင်မြင်သမျှ လူနှင့်တိရစ္ဆာန်တို့၏ အရိုးစုများကို ဆက်ရှုရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာစိတ်၏ စွမ်းရည်သည် အံ့သြစရာကောင်းအောင် ထက်မြက်လာ သည်ကို ဦးကံဆိုင် ကိုယ်တွေ့သိမြင်နေရသည်။ အရိုးစုကို အာရုံယူ၍ ရှုကြည့် နေသည့်အခါ မြင်မြင်သမျှ လူနှင့် တိရစ္ဆာန်တို့ကို အရိုးစုအဖြစ် ရှုမြင်နေရသည်၊ ကြည့်လေရာရာ၌ အရိုးစုချည်း ထင်နေသည်။ အရိုးစု၏ ရွံစရာ **"အသုဘသညာ"** သည်လည်း စိတ်၌ကောင်းစွာ စွဲမြဲနေသည်။

ဦးကံဆိုင် ရေချိုးသည့်အခါ ကိုယ်ခန္ဓာပေါ် ရေလောင်းချလျှင် အရိုးစုပေါ် လောင်းချသည့်အသွင် မြင်လာသည်။ ထမင်းစားသည့်အခါ ထမင်းလုတ်က ပါးစပ်နား ရောက်လာသည့်အခါ လက်၏အရိုးချောင်းများ ထင်ပေါ်လာသည်၊ အိပ်ရာဝင်သည့်အခါ၌လည်း အရိုးစုပင် ထင်ပေါ်နေပါသည်။ ညဥ့်သန်းခေါင် အထိ အိပ်၍မပျော်သဖြင့် စိတ်ချောက်ချားမှုကို ငြိမ်သက်စေရန် ပရိတ် ပါဠိ တော်များကို ရွတ်ဖတ်သရဇ္ဈာယ်သည်။

ဦးကံဆိုင် အိပ်သောအခန်းသည် ကျွန်တော်အိပ်သည့်အခန်းနှင့် နံရံတစ်ခု သာ ခြားသည်။ နံရံသည်လည်း အလုံကာထားခြင်းမရှိသဖြင့် ဦးကံဆိုင်၏ လှုပ် ရှားမှုများနှင့် ပရိတ်ရွတ်ဆိုသံများကို ကျွန်တော် အတိုင်းသားကြားနေရသည်၊ ထို့ကြောင့် ကျွန်တော်လည်း အိပ်၍မပျော်ပါ။ အိပ်မပျော်လျှင် နောက်နေ့ တရား ကောင်းကောင်းရှုနိုင်တော့မည်မဟုတ်ဟု တွေးမိသည်။ ဤသို့တွေးမိလေလေ စိတ်အနှောင့်အယှက်ဖြစ်လာလေလေ…၊ ထို့ကြောင့် ဘာပဲဖြစ်ဖြစ် သည်းခံနေ ရမည့်အစား–

"ဦးကံဆိုင်ဗျာ…အသံကျယ်ကျယ်နဲ့ ပရိတ်ရွတ်နေရင် ကျွန်တော်အိပ်လို့ မရဘူးဗျာ"ဟု ပြောဆိုလိုက်မိသည်။

ပြောဆိုပြီးတော့ စိတ်မကောင်းပါ။ နောက် ဦးကံဆိုင် ရှင်းပြတော့မှ သူ့ ကို ခွင့်လွှတ်ပြီး သူ၏ တရားရှုမြင်မှုကို ချီးကျူးရပါတော့သည်။ ကျွန်တော် ပြောဆိုမိသည်ကို ခွင့်လွှတ်ပါရန်လည်း သူ့အား တောင်းပန်ရပါသည်။

ဦးကံဆိုင်သည် ဝိပဿနာရှုရန် အလွန်ဆန္ဒပြင်းပြနေသူဖြစ်ရာ "ဆရာ တော်က ငါ့ကို ဝိပဿနာရှုဖို့ မပြောပြဘဲ ဘာဖြစ်လို့ အရိုးစုတွေကို ရှုခိုင်းနေ သလဲ"ဟု သူတွေးနေမိသည်။ အမှန်မှာ ဓာတ်ကမ္မဋ္ဌာန်းနှင့် အရိုးစုကမ္မဋ္ဌာန်းတို့ သည် ဝိပဿနာ၏ အခြေခံကမ္မဋ္ဌာန်းများ ဖြစ်သည်ကို သူ မသိသေး။ ဝိပဿနာ မရှုမှီခင် သူ့အား သမာဓိသိက္ခာပြည့်စုံအောင် သမာဓိထူထောင်နေစေခြင်းက လည်း သူ သဘောမပေါက်သေး။

ထို့အပြင် **'အင်္ဂိက ကမ္မဋ္ဌာန်း'** ခေါ် အရိုးစုကမ္မဋ္ဌာန်းသည် အသုဘသညာ ကို ဖြစ်ပေါ်စေသဖြင့် တဏှာ ရာဂ ဘီလူးကြီးကို နှိမ်နင်းရန် အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဋ္ဌာန်းတစ်ခု ဖြစ်ပါသည်။ ရာဂဘီလူးကြီးကို နှိမ်နင်းနိုင်သူသည် စိတ်တည်ငြိမ်စွာဖြင့် ဝိပဿနာတရားကို ထက်ထက်မြက်မြက် ရှုပွားနိုင်ပေတော့မည်။ အင်္ဂိက ကမ္မဋ္ဌာန်းမှတစ်ဆင့် မဂ်ဖိုလ်ပေါက်ရောက်သွားကြသည့်သူများလည်း အမြောက်အမြားရှိခဲ့ပါသည်။

သီဟိုဠ်ကျွန်း စေတိယတောင်တွင် သီတင်းသုံးသော **မဟာတိဿထေရ်**သည် အရိုးစုကမ္မဋ္ဌာန်းကို ကောင်းစွာရှုပွားထားသူ ဖြစ်သည်။ တစ်နေ့သော နံနက်၌ အနုရာဓမြို့တွင်းသို့ အမှတ်သတိဖြင့် မထေရ်ဆွမ်းခံကြွစဉ် လမ်းခုလတ်၌ အမျိုးသမီးတစ်ဦး၏ ရယ်မောသံကိုကြား၍ ရုတ်တရက်ကြည့်လိုက်မိသဖြင့် အမျိုးသမီး၏သွားများကို မြင်တွေ့လိုက်ရ၏။ ထိုအခါ မထေရ်စီးဖြန်းနေကျ အရိုးစုကမ္မဋ္ဌာန်း၏ ပဋိဘာဂနိမိတ် ထင်လာသည်။ ထိုပဋိဘာဂနိမိတ်ကို ရှုပွားရာ ပထမဈာန်သို့ ရောက်သည်။ ပထမဈာန်သမာဓိကို အခြေခံပြီး ဝိပဿနာဆက်ပွားရာ ဝိပဿနာဉာဏ်အဆင့်ဆင့်, မဂ်ဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်လာပြီးလျှင် ထိုနေရာ၌ပင် ရဟန္တာဖြစ်တော်မူခဲ့သည် မဟုတ်ပါလား။

ဦးကံဆိုင်သည် အရိုးစုကမ္မဋ္ဌာန်းကို ရှုပွားပြီးသောအခါ **ဩဒါတကသိုဏ်း**ကို ဆက်ရှုရပြန်သည်။ တကူးတက အဖြူရောင်ကသိုဏ်းဝန်းကို ပြုလုပ်၍ ရှုပွားရသည်တော့ မဟုတ်ပါ။ မိမိရှေ့၌ တရားထိုင်နေသော ယောဂီ၏ အရိုးစုမှ ဦးခေါင်းခွံအရိုးကို အာရုံယူ၍ "ဩဒါတ...ဩဒါတ" သို့မဟုတ် "အဖြူ...အဖြူ" ဟု ဆက်ရှုရုံသာ ဖြစ်သည်။

မိမိ၏ခန္ဓာကိုယ်နှင့် သူတစ်ပါး၏ခန္ဓာကိုယ်ထဲ၌ ကောဋ္ဌာသများကို ရှုမြင်နိုင်ကြသော ယောဂီတို့သည် အရိုး၏ အဖြူရောင်ကိုအာရုံယူပြီး ဩဒါတကသိုဏ်း ရှုနိုင်ကြောင်းကို **ဝိသုဒ္ဓိမဂ်** (မြန်မာပြန်-၁၊ ၅၂၅) ၌ ဖော်ပြထားပါသည်။

ဩဒါတကသိုဏ်းကို ရှုပွားသူသည် **ရူပါဝစရစတုတ္ထဈာန်** အထိ တက်လှမ်းနိုင်ပါသည်။ အရိုးစုကမ္မဋ္ဌာန်း၌ ပထမဈာန်အထိ ရှုပွားနိုင်ပြီးသော ယောဂီတို့သည် ဩဒါတကသိုဏ်းဖြင့် စတုတ္ထဈာန်သို့ အလွယ်တကူပင် တက်လှမ်းနိုင်ကြပါသည်။ လှေကားတစ်ထစ်ချင်း အခက်အခဲမရှိဘဲ လှမ်းတက်သွားနိုင်သည်နှင့် တူပါသည်။

ဖားအောက်ဆရာတော်သည် ပိဋကတ်ကျမ်းဂန်များနှင့် ဝိသုဒ္ဓိမဂ် အဆိုအမိန့်များနှင့်အညီ ယောဂီတို့အား စနစ်တကျ နည်းညွှန်ပြပေးနေခြင်းဖြစ်သည်။ အကယ်၍ ယောဂီတို့သည် စတုတ္ထဈာန်အထိ သမာဓိ အဆင့်ဆင့် ထူထောင်သွားနိုင်ပါက ဝိပဿနာရှုမှတ်ရန် အကောင်းဆုံး အခြေခံ ပါဒကဈာန်ကို ရရှိသွားကြမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကံဆိုင်သည် ဆရာတော်ကျေနပ်သည့်အထိ ဩဒါတ ကသိုဏ်းကို ရှုပွားပြီးသည့်နောက် **ဗုဒ္ဓါနုဿတိ၊ မေတ္တာဘာဝနာ၊ အသုဘကမ္မဋ္ဌာန်း** နှင့် **မရဏာနုဿတိ** တို့ကို အဆင့်ဆင့်ဆက်လက်ကာ ရှုမှတ်ရပြန်သည်။ ဤကမ္မဋ္ဌာန်း ၄-ပါးသည် **စတုရာရက္ခကမ္မဋ္ဌာန်း** ဟု အမည်ရ၍ အတွင်းရန်, အပြင်ရန်များ မနှောင့်ယှက်နိုင်အောင် ကာကွယ်စောင့်ရှောက်ပေးတတ်ကြသည်။

အတွင်းရန် ဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသည့် ကိလေသာ ရန်သူများဖြစ်ပြီး အပြင်ရန်ဆိုသည်မှာ လူဆိုး၊ နတ်ဆိုး၊ ဝေမာနိကဆိုးနှင့် တိရစ္ဆာန်ဆိုးတို့၏ အနှောင့်အယှက်ဖြစ်သည်။ ဝေမာနိကဆိုးတွင် တစ္ဆေ၊ သရဲ၊ ခြေဘုတ်၊ ဘီလူး စသည်တို့ ပါဝင်ကြသည်။

စတုရာရက္ခကမ္မဋ္ဌာန်းများသည် မြတ်စွာဘုရား လွန်စွာချီးကျူးတော်မူသော ကမ္မဋ္ဌာန်းများ ဖြစ်ကြသည်။ ဤကမ္မဋ္ဌာန်းတို့ဖြင့် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ တည်းဟူသော ဗိုလ် ၅-ပါး၊ ဣန္ဒြေ ၅-ပါးတို့ကို ထက်သန်အားရှိစေပြီးလျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသည့် ကိလေသာတရားတို့ကို ချိုးနှိမ်၍ ပြင်ပအနှောင့်အယှက်များကိုလည်း တားဆီးပိတ်ပင်နိုင်သည်။ ထို့နောက် ဗလဝဝိပဿနာဟူသော အားကြီးသည့် ဝိပဿနာကိုဆက်လက်ရှုပွားနိုင်ပါသည်။

ဦးကံဆိုင်သည် စတုရာရက္ခကမ္မဋ္ဌာန်းများကို စနစ်တကျရှုပွားရသည်ကို အလွန်အားရကျေနပ်မိပါသည်။ ဤကမ္မဋ္ဌာန်းများ ရှုပြီးလျှင် ဝိပဿနာ ရှုရတော့မည်ဟု မျှော်လင့်ထားသည်။ ဆရာတော်က သူ့အား **ရုပ်ကမ္မဋ္ဌာန်း** ရှုပွားရန် နည်းလမ်း ညွှန်ပြပေးပါသည်။

မိမိရှုမှတ်ခဲ့သော ကမ္မဋ္ဌာန်းအဆင့်ဆင့်ဖြင့် မိမိ အမြင့်ဆုံးထူထောင်နိုင်ခဲ့သည့် သမာဓိသို့ရောက်အောင် သမာဓိထူထောင်ပြီးလျှင် ခန္ဓာကိုယ်ကို ဦးကံဆိုင် စူးစိုက်၍ရှုသည်။ အကြည်ပြင်ကို မြင်ရသောအခါ အကြည်ပြင်၌ ဓာတ်လေးပါး ထင်ပေါ်အောင် စိုက်ရှုသည်။ ထိုအခါ အကြည်ပြင်ပြိုကွဲ၍ ရုပ်ကလာပ်များကို မြင်ရသည်။ ဤရုပ်ကလာပ်များကို စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော ဟူသော ဒွါရ ၆-ပါးအလိုက် ပိုင်းခြား၍ ရုပ်ကလာပ်အသီးသီး၌ ပါရှိကြသည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ စသော ပရမတ်ရုပ်သဘောများကို မြင်သိအောင်ရှုရသည်။

ဦးကံဆိုင်သည် ဖားအောက်တောရ ရုပ်ကမ္မဋ္ဌာန်း လမ်းညွှန် စာအုပ်ကို ကြည့်၍ ပရမတ်ရုပ်တို့၏အမည်များနှင့် ယှဉ်ပါးအောင် အဖန်ဖန်မှတ်သားရသည်။ ဆရာတော်၏ လမ်းညွှန်ချက်ကိုယူ၍ တရားရှုပြီး မြင်တွေ့ချက်များကို ဆရာတော်အား ပြန်လျှောက်ထားရသည်။ ဆရာတော်က ဆက်လက်ရှုရန်

www.burmeseclassic.com

www.burmeseclassic.com



ရန် တရားရှုကွက်များကို ညွှန်ကြားပေးသည်။ ဤသို့ဖြင့် မြောက်မြားလှစွာသော ရုပ်ကမ္မဋ္ဌာန်းတရားရှုကွက်များကို ရက်သတ္တတစ်ပတ်မျှဖြင့် ဦးကံဆိုင် ရှုပြီးသွားပါသည်။

ထိုအခါ ဆရာတော်က **နာမ်ကမ္မဋ္ဌာန်း** ကို ဆက်ရှုစေပါသည်။ ခြောက်ဒွါရအလိုက်ပင် ဝီထိစိတ်အစဉ်များကို ပြတ်ပြတ်သားသား ရှုမြင်အောင် ဆရာတော်က နည်းညွှန်ပြပေးပါသည်။ ဝီထိအသီးသီးတွင် ပါဝင်ကြသောစိတ်များကို ရှုမြင်ပြီးသည့်အခါ စိတ်အသီးသီးတွင် ယှဉ်တွဲ၍ဖြစ်ပေါ်ကြသောစေတသိက်များကို တစ်လုံးပြီး တစ်လုံး စနစ်တကျ ရှုမြင်နိုင်ရန် ဆရာတော်ဆက်လက်နည်းညွှန်ပြပေးသည်။

ဦးကံဆိုင်သည် ဖားအောက်တောရ နာမ်ကမ္မဋ္ဌာန်းလမ်းညွှန် စာအုပ်ကို ဖတ်ရှုလေ့လာလိုက်၊ စိတ်စေတသိက်အမည်များကို ကျက်မှတ်လိုက်၊ လမ်းညွှန်ချက်အတိုင်း တရားရှုလိုက်၊ ဆရာတော်ထံ တရားလျှောက်ပြီး ဆရာတော်၏ လမ်းညွှန်ချက်ကို ခံယူလိုက်နှင့် မနားတမ်း ကြိုးစားအားထုတ်ပါသည်။ နာမ်တရား ရှုကွက်များမှာလည်း အလွန်မြားမြောင်လှသဖြင့် ရှု၍မဆုံးနိုင်ဟု ထင်မှတ်ရသည်။

သို့သော် အလွန်ထက်မြက်သော သမာဓိမျက်မှန်ကို တပ်ဆင်၍ သိပ္ပံနည်းကျ ထက်မြက်စူးရှလှသော တရားရှုနည်းများဖြင့် တရားရှုပွားသွားသောအခါ နာမ်ကမ္မဋ္ဌာန်းတရားရှုကွက်များကို တစ်ခုပြီးတစ်ခု တိခနဲ ပြတ်ခနဲ ရှုမှတ်သွားနိုင်ပါသည်။ ဘာဝနာစိတ်အစဉ်နှင့်ယှဉ်သော ပညာ၏ ရှုသိမှုစွမ်းရည်မှာလည်း အံ့သြစဖွယ်ကောင်းအောင် ထက်မြက်စူးရှလာသည်။ ဤသို့ဖြင့် ရက်သတ္တတစ်ပတ်ခန့်အတွင်း၌ပင် နာမ်ကမ္မဋ္ဌာန်းရှုပွားမှုသည်လည်း ပြီးဆုံးသွားပါသည်။

ဦးကံဆိုင် ဝိပဿနာရှုရတော့မည်ဟု အားတက်နေမိသည်။ အမှန်အားဖြင့် သူ ရှုမှတ်ခဲ့ပြီးသော ရုပ်ကမ္မဋ္ဌာန်းနှင့် နာမ်ကမ္မဋ္ဌာန်းတို့သည် ခန္ဓာကိုယ်အတွင်း၌ ဖြစ်ပျက်နေကြသည့် ရုပ်နာမ်များကို ပိုင်းပိုင်းခြားခြား မြင်သိအောင် စူးစမ်းရှာဖွေရှုမှတ်နေခြင်းဖြစ်သည်။ ဤသို့ပရမတ်ရုပ်နာမ်တို့ကို တိတိကျကျ ပြတ်ပြတ်သားသား ပိုင်းခြား၍ သိမြင်နိုင်သော ဉာဏ်ပညာသည် **နာမရူပ ပရိစ္ဆေဒဉာဏ်** ဟု အမည်ရပြီး သက္ကာယဒိဋ္ဌိကို ပယ်ခွာထားနိုင်သည့် အားကြီးသော ဝိပဿနာအခြေခံဉာဏ်တစ်ပါးပါပေ။

ဤပထမဝိပဿနာအခြေခံဉာဏ်ကို ရရှိပြီးသည့်နောက် ဒုတိယ ဝိပဿနာအခြေခံဉာဏ်ဖြစ်သည့် **ပစ္စယပရိဂ္ဂဟ ဉာဏ်** ကို ရရှိရန်အတွက် ရုပ်တရား, နာမ်တရားတို့ကို ဖြစ်ပေါ်စေကြသော အကြောင်းတရားများကို **စူးစမ်းရှာဖွေ**

www.burmeseclassic.com

www.burmeseclassic.com



ရှုမှတ်ရပါသည်။ ဤသည်ကား မဟာသတိပဋ္ဌာန်ဝိပဿနာလမ်းစဉ်ပင် ဖြစ်ပါသည်။ ဤအဆင့်၌ **ပဋိစ္စသမုပ္ပါဒ်တရားရှုကွက်များ** ကို အသေးစိတ် ရှုပွားရသည့်အတွက် ဝိပဿနာရှုနေသည်ဟု ဦးကံဆိုင် မယူဆသေး။

ပိဋကတ်စာပေနှင့် ထိတွေ့မှု နည်းခဲ့သော ဦးကံဆိုင်သည် ဖားအောက်တောရ တရားလမ်းညွှန်စာအုပ်၌ ပါရှိသော ရုပ်တစ်လုံးစီ, နာမ်တစ်လုံးစီ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို သဘောပေါက်နားလည်အောင်ကြည့်ရှုပြီးလျှင် ဘာဝနာမယဉာဏ်ဖြင့် အမြင်ရှင်းသွားအောင် တရားရှုရသည်။ သိပ္ပံပညာကို ဆည်းပူးလေ့လာရာ၌ စာတွေ့ညွှန်ကြားချက်များကို ကြည့်ရှုပြီးနောက် လက်တွေ့ပြုလုပ်ကာ မှန် မမှန် စူးစမ်းသွားသည်နှင့် ဆင်တူနေပါသည်။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါးတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရှုပွားရာ၌ စောစောက ရှုသိခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ်ရှုကွက်များကိုပါ ပြန်ရှုရသည်။ သို့ဖြစ်၍ လက္ခဏာ၊ ရသ ရှုကွက်များ ပြီးဆုံးသွားသောအခါ ရုပ်တရား, နာမ်တရား၊ အကြောင်းတရား, အကျိုးတရားဟူသော ပရမတ်တရားတို့သည် ပြတ်ပြတ်သားသား ပေါ်လွင်ထင်ရှားနေသည်ကို ဦးကံဆိုင် တွေ့ရ၏။

ဝိပဿနာရှုရန် အချိန်ရောက်လာပါပြီ။ ဦးကံဆိုင် ဝမ်းမြောက်နေသည်။ သို့သော် ဝိပဿနာမရှုမီ ရုပ်တရား, နာမ်တရား၊ အကြောင်းတရား, အကျိုးတရားများကို ဉာတပရိညာစခန်းသို့ ဆိုက်ရောက်အောင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး၌ ပြန်လည်သိမ်းဆည်းရပြန်သည်။

“ဆရာတော်ဟာ ဝိပဿနာရှုနည်းကို မပြသေးဘဲ ရှုပြီးတာတွေကို ဘာဖြစ်လို့ ရှုခိုင်းရပြန်တာလဲ”

ဦးကံဆိုင် တွေးတောနေမိသည်။ တကယ်ဝိပဿနာရှုသောအခါတွင်မှ ဆရာတော် ရှုခိုင်းခဲ့သော ရှုကွက်များ အားလုံးသည် ဝိပဿနာ ပုံမှန်ရှုနိုင်ရန်အတွက် တကယ်လိုအပ်သည့် အခြေခံများဖြစ်ကြောင်း ဦးကံဆိုင် သဘောပေါက် နားလည်လာပါသည်။

ဤသို့ စနစ်တကျ အခြေခံလိုအပ်သမျှကို စေ့စေ့စပ်စပ် ရှုမှတ်ပြင်ဆင်ထားသူသည် ပရမတ်တရားများကို အကြောင်းတရား, အကျိုးတရားနှင့်တကွ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့တွင် ကောင်းမွန်စွာ ပိုင်းပိုင်းခြားခြား ရှုမြင်ထားပြီးဖြစ်၍ ဝိပဿနာ ရှုပွားသည့်အခါ အားလုံး အဆင်သင့် ဖြစ်နေပါပြီ။ ယောဂီအများစုမှာ ၁၅–ရက်မှ တစ်လအထိ စနစ်တကျဆက်လက်ရှုပွားလိုက်သည့်အခါ ဝိပဿနာရှုကွက်များကို ပြီးမြောက်ပြည့်စုံသွားစေနိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဉာတပရိညာတွင်မည့် ပရိဂ္ဂဟာငါးလီ

ဝိပဿနာရှုပွားသူသည် ပရမတ် ရုပ် နာမ် တရားများနှင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှုများကို ပရိညာသုံးတန်ဖြင့် စေ့စေ့ငငတိတိကျကျ ထိုးထွင်းမြင်သိရမည်ဟု ဤစာအုပ် စာမျက်နှာ (၁၇၃) ၌ ဖော်ပြခဲ့ပါသည်။

ပထမပရိညာဖြစ်သည့် ဉာတပရိညာတွင် ဥပါဒါနက္ခန္ဓာငါးပါး တည်းဟူသော ရုပ်နာမ်တရားအားလုံးကို နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပိုင်းခြား၍သိခြင်းနှင့် ရုပ်နာမ်တရားတို့၏ အကြောင်းတရားများကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းတို့ ပါဝင်ပါသည်။

ဤဝိပဿနာ အခြေခံဉာဏ် ၂ – ပါးနှင့် ပြည့်စုံအောင် ယောဂီတို့သည် အောက်ပါပရိဂ္ဂဟာ ၅–မျိုးကို ပြည့်စုံစွာ ရှုပွားကြရသည်။

(၁) ရူပ ပရိဂ္ဂဟာ = ရုပ်တရားများကို သိမ်းဆည်းခြင်း၊
(၂) အရူပ ပရိဂ္ဂဟာ = နာမ်တရားများကို သိမ်းဆည်းခြင်း၊
(၃) ရူပါရူပပရိဂ္ဂဟာ = ရုပ်တရား နာမ်တရားများကို သိမ်းဆည်းခြင်း၊
(၄) ပစ္စယပရိဂ္ဂဟာ = ပစ္စုပ္ပန်၌ အကြောင်းတရားနှင့် အကျိုးတရားများကို သိမ်းဆည်းခြင်း၊
(၅) အဒ္ဓါနပရိဂ္ဂဟာ = အတိတ်နှင့် အနာဂတ်တို့၌ အကြောင်းတရားနှင့် အကျိုးတရားများကို သိမ်းဆည်းခြင်း။

အထက်ပါ ပရိဂ္ဂဟာ ၅–မျိုးကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့နှင့် တကွ ယောဂီတို့ ကျေပွန်စွာ သိမ်းဆည်းရပုံကို အထက်၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။ သို့သော် ကောင်းစွာ အဝါးဝ၍ ဝိပဿနာသွက်သွက်လက်လက်ရှုပွားနိုင်ရန် အတွက် ယခုတစ်ဖန် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူသည့် ကာလသုံးပါးလုံး၌ ပြန်လည်သိမ်းဆည်းရန် ဆရာတော် ထပ်မံညွှန်ကြားပါသည်။

### (၁) ရူပပရိဂ္ဂဟာ

ရှေးဦးစွာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှလုံး ဟူသည့် ၆–ဌာနနှင့် ၄၂ ကောဋ္ဌာသတို့၌ ရှိကြသော ရုပ်အစစ်များနှင့် ရုပ်အတုများကို သိမ်းဆည်းပါ။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂–ဌာနလုံး၌ သိမ်းဆည်းပါ။ တစ်ဌာနစီ, တစ်ကောဋ္ဌာသစီ၌ ရုပ်တရားအားလုံးကို ခြုံ၍လည်းကောင်း၊ တစ်ကိုယ်လုံးရှိ ရုပ်တရားအားလုံး ကို ခြုံ၍လည်းကောင်း၊ "ရုပ်တရား...ရုပ်တရား" ဟူ၍ သိမ်းဆည်းပါ။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ တစ်လှည့်စီ သိမ်းဆည်းပါ။

ထို့နောက် ပစ္စုပ္ပန် ကာလလရေကြည်အခိုက်၌ရှိသော ရုပ် ၃၀ ကိုအစပြု၍

www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်စတိတိုင်အောင် ရုပ်တရားများကို ခြုံငုံ၍ တဖြည်းဖြည်း သိမ်းဆည်းပါ။ အဇ္ဈတ္တ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် အကြိမ်ကြိမ်သိမ်းဆည်းပြီးသော ဗဟိဒ္ဓ၌လည်း နည်းတူသိမ်းဆည်းပါ။

ထို့နောက် အတိတ်သို့ဉာဏ်ကိုစေလွှတ်၍ အတိတ်၌ ဝိဇ္ဇာမျိုးစေ့၊ စရဏမျိုးစေ့တို့ကို ထူထောင်ခဲ့သည့်ဘဝမှ စတင်လျက် ထိုဘဝ၏ ကလလရေကြည် အခိုက်၌ရှိသော ရုပ်တရားများကို ပထမသိမ်းဆည်းပါ။ သိမ်းဆည်းပြီးလျှင် ထိုဘဝ၏ စုတိတိုင်အောင် ရုပ်တရားများကို ခြုံငုံ၍သိမ်းဆည်းပါ။

အကယ်၍ ထိုဘဝသည် ယခုဘဝမှ နောက်ပြန်ရေတွက်သော ၅–ဘဝမြောက်ဖြစ်သည်ဆိုပါစို့၊ ထို ၅–ဘဝမြောက်၏ ပဋိသန္ဓေမှ စုတိတိုင်အောင် ရုပ်တရားများကို သိမ်းဆည်းပြီးလျှင် ၄–ဘဝမြောက် ပဋိသန္ဓေမှ စုတိသို့လည်းကောင်း၊ ၃–ဘဝမြောက် ပဋိသန္ဓေမှ စုတိသို့လည်းကောင်း၊ ၂–ဘဝမြောက် ပဋိသန္ဓေမှ စုတိသို့လည်းကောင်း၊ လွန်ခဲ့သည့်ဘဝ ပဋိသန္ဓေမှ စုတိသို့လည်းကောင်း ရုပ်များကို ပုံစံတူသိမ်းဆည်းပါ။ ထိုသို့သိမ်းဆည်းရာ၌ ရုပ်ကလာပ်အမှုန်များ အတိုင်း မသိမ်းဆည်းပါနှင့်။ ရုပ်ကလာပ်များကို ဓာတ်ခွဲလျက် ရုပ်ပရမတ်များကို မြင်အောင်ရှုပြီးမှ ထိုရုပ်ပရမတ်များကို ခြုံငုံ၍ သိမ်းဆည်းပါ။

တစ်ဖန် အနာဂတ်ဘဝ၌လည်း ထိုထိုပဋိသန္ဓေမှ ထိုထိုစုတိတိုင်အောင် ရုပ်တရားများကို နည်းတူသိမ်းဆည်းပါ။ အဇ္ဈတ္တ၌ သိမ်းဆည်းမှု အောင်မြင်ခဲ့သော် ဗဟိဒ္ဓ၌လည်း နည်းတူသိမ်းဆည်းပါ။

## (၂) နာမပရိဂ္ဂဟ

ယခု ပစ္စုပ္ပန်နာမ်တရားများကို နာမ်ကမ္မဋ္ဌာန်းဇယားများအတိုင်း ရူပါရုံလိုင်းမှစ၍ ၆–လိုင်းစေ့အောင် အကောင်းအုပ်စု၊ မကောင်းအုပ်စုခွဲ၍ သိမ်းဆည်းပါ။ ဝီထိစဉ်များအကြားရှိ ဘဝင်နာမ်တရားများကိုပါ သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာတွင် စိတ္တက္ခဏတိုင်း၌ရှိသော နာမ်တရားစုကို ဓာတ်ခွဲ၍ နာမ် ၁–လုံးစီကို ကွဲကွဲပြားပြားမြင်အောင်ရှုပါ။ လုံးထွေးမနေပါစေနှင့်။

အဇ္ဈတ္တ၌ သိမ်းဆည်းပြီးသော်ဗဟိဒ္ဓ၌လည်း နည်းတူသိမ်းဆည်းပါ။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့၌ အာယတနဒွါရအလိုက် ၆–လိုင်း ကုန်စင်အောင် စိတ္တက္ခဏတိုင်းရှိ နာမ်တရားများကို ခြုံငုံ၍ "နာမ်တရား... နာမ်တရား" ဟု သိမ်းဆည်းပါ။

ယခုဘဝ ပဋိသန္ဓေမှ စုတိတိုင်အောင် နာမ်တရားများကို သိမ်းဆည်းပါ။ ဗဟိဒ္ဓ၌လည်း သိမ်းဆည်းပါ။ ထို့နောက် အတိတ်ဘဝအဆက်ဆက်မှ အနာဂတ်ဘဝအဆက်ဆက်သို့ ဉာဏ်စေလွှတ်၍ ဘဝအသီးသီး၌ ပဋိသန္ဓေမှ စုတိ တိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် စိတ္တက္ခဏတိုင်းရှိ နာမ်တရားများကို အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့၌ ဖော်ပြခဲ့ပြီးသည့် နည်းများအတိုင်း သိမ်းဆည်းပါ။ တစ်ဘဝအတွင်းရှိ နာမ်တရားများကို ကုန်စင်အောင် မသိမ်းဆည်းနိုင်သော်လည်း ခပ်စိပ်စိပ်သိမ်းဆည်းပါ။

ထိုသို့ နာမ်တရားများကို သိမ်းဆည်းရာ၌ မနောအကြည်ကို ရှေးဦးစွာ မြင်အောင် သိမ်းဆည်းပါ။ သို့မှသာ မနောအကြည်ကို ဆိုင်ရာအာရုံများက ရိုက်ခတ်သဖြင့် ဖြစ်ပေါ်လာသည့် ဝီထိစိတ်အစဉ်များကို လည်းကောင်း၊ ဝီထိစိတ်အကြားရှိ ဘဝင်စိတ်များကိုလည်းကောင်း သိမ်းဆည်းနိုင်မည်။ မနောအကြည်ကိုစွဲ၍ဖြစ်သည့် နာမ်တရားများကို သိမ်းဆည်းတတ်ပါက စက္ခုအကြည်တို့ကို စွဲ၍မှီ၍ဖြစ်ကြသော နာမ်တရားများကိုလည်း သိမ်းဆည်းနိုင်မည်ဖြစ်သည်။

## (၃) ရူပါရူပပရိဂ္ဂဟ

အာယတနဒွါရအလိုက် ရုပ်နာမ်များကို ခွဲပါ။ ပဉ္စဒွါရာဝဇ္ဇန်း၌ မှီရာဝတ္ထုရုပ် ၅၄–မျိုးနှင့် ရူပါရုံတို့က ရုပ်တရား၊ စိတ်စေတသိက် ၁၁–လုံးက နာမ်တရား၊ စက္ခုဝိညာဏ်၌ မှီရာဝတ္ထုရုပ် ၅၄–မျိုးနှင့် ရူပါရုံက ရုပ်တရား၊ စိတ်စေတသိက် ၈–လုံးက နာမ်တရား၊ ဤသို့စသည်ဖြင့် ရုပ်နာမ်ခွဲပြီး သိမ်းဆည်းပါ။ ၆–လိုင်းစလုံး အကောင်းအုပ်စု, မကောင်းအုပ်စု ကုန်စင်အောင် အဇ္ဈတ္တ၊ ဗဟိဒ္ဓပါ ရုပ်နာမ် သိမ်းဆည်းပါ။

ထို့နောက် ယခုဘဝပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ရုပ်နာမ်များကို ပူးတွဲ၍ သိမ်းဆည်းပါ။ ပဋိသန္ဓေ၌ မှီရာဝတ္ထုရုပ် ၃၀–က ရုပ်တရား၊ စိတ်စေတသိက် ၃၄–လုံးက နာမ်တရား၊ ဤသို့စသည်ဖြင့် ဝီထိစိတ္တက္ခဏတိုင်း၌လည်းကောင်း၊ ဝီထိများအကြားရှိ ဘဝင်စိတ္တက္ခဏတိုင်း၌လည်းကောင်း ရုပ်နာမ်များကို ပူးတွဲခြင်္ုံ၍ သိမ်းဆည်းပါ။ ဗဟိဒ္ဓ၌လည်း သိမ်းဆည်းပါ။

ထိုနည်းအတူ အတိတ်ဘဝအဆက်ဆက်နှင့် အနာဂတ်ဘဝအဆက်ဆက်သို့ ဉာဏ်စေလွှတ်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် တန်း၍တောက်လျှောက် ရုပ်နာမ်များကို အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့် အကြိမ်ကြိမ်သိမ်းဆည်းပါ။

## (၄) ပစ္စယပရိဂ္ဂဟ

ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေခန္ဓာ ၅–ပါးမှစ၍ ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးစပ်ကာ အကြောင်းတရား,အကျိုးတရားတို့ကိုသိမ်းဆည်းပါ။ ၆–လိုင်းစလုံး၌ အကောင်းအုပ်စု, မကောင်းအုပ်စုများကို ကုန်စင်အောင် သိမ်းဆည်းပါ။ ဗဟိဒ္ဓ၌လည်း ပုဂ္ဂိုလ်, သတ္တဝါအသီးအခြား ဝေဖန်မှုမပြုဘဲ ဗဟိဒ္ဓချင်းတူသဖြင့် စုပေါင်းခြုံ၍ ၆–လိုင်းလုံး ကုန်စင်အောင် သိမ်းဆည်းပါ။

www.burmeseclassic.com

www.burmeseclassic.com



### (၅) အဒ္ဓါနပရိဂ္ဂဟ

အတိတ်ဘဝ အဆက်ဆက်၌ အကြောင်းတရား, အကျိုးတရားများကို လည်းကောင်း၊ အနာဂတ်ဘဝအဆက်ဆက်၌ အကြောင်းတရား, အကျိုးတရား များကိုလည်းကောင်း၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနလုံး၌ အထက်ကနည်းတူ သိမ်းဆည်းပါ။ အကွက်စေ့အောင် ကြိုးစား၍ ရှုပါလေ။

ဤသို့ ပရိဂ္ဂဟ ၅–မျိုးကို တစ်ဖက်ကမ်းခတ်အောင် သိမ်းဆည်းနိုင်ပြီးသော ယောဂီသည် သမ္မသနဉာဏ်မှစ၍ ဝိပဿနာစခန်းသို့ တက်လှမ်းနိုင်ပြီ ဖြစ်သတည်း။

## လက်တွေ့ဝိပဿနာရှုနည်းများ

### ၁။ ရုပ်တရားများကို ဝိပဿနာရှုနည်း

ဝိပဿနာရှုရာတွင် ထင်လွယ်မြင်လွယ် သိမ်းဆည်းရန်လွယ်ကူရာကစ၍ ရှုနိုင်သည်ဟူသော လမ်းညွှန်ချက်အရ ရုပ်တရားမှ စတင်လျက် ဝိပဿနာရှုခြင်းက လွယ်ကူပါသည်။

သို့အတွက် ၆–ဌာနနှင့် ၄၂–ကောဋ္ဌာသတို့၌ ရှိသော ရုပ်အစစ်တို့ကို... (က) ဌာန ၁–ခုစီခွဲ၍လည်းကောင်း၊ (ခ) ကောဋ္ဌာသ ၁–ခုစီ ခွဲ၍လည်းကောင်း၊ (ဂ) ၆–ဌာနနှင့် ၄၂–ကောဋ္ဌာသတို့၌ရှိသော ရုပ်အားလုံးကို ခြုံ၍လည်းကောင်း လက္ခဏာယာဉ် ၃–ချက်တင်၍ရှုပါ။

ရုပ်တရားတို့၏ ဖြစ်ပြီးပျက်သွားမှုသာဘောကို ဉာဏ်ဖြင့်မြင်အောင် ကြည့်၍ **အနိစ္စ** ဟု ရှုပါ။ အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့် အကြိမ်ကြိမ် အဖန်ဖန်ရှုပါ။

ထိုရုပ်တရားတို့၏ ဖြစ်မှုပျက်မှု ဒဏ်ချက်တို့ဖြင့် အနှိပ်စက်ခံနေရသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဒုက္ခ** ဟု ရှုပါ၊ အဇ္ဈတ္တ, ဗဟိဒ္ဓ တစ်လှည့်စီ ရှုပါ။

ထိုရုပ်တရားတို့တွင် မပျက်စီးဘဲ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရ အားဖြင့်တည်ရှိသော အတ္တဟူ၍ မရှိခြင်း၊ အနှစ်အသားမရှိခြင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အနတ္တ** ဟုရှုပါ၊ အဇ္ဈတ္တ, ဗဟိဒ္ဓတစ်လှည့်စီရှုပါ။

ဤကဲ့သို့ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနတို့၌ လက္ခဏာယာဉ် ၃–ချက်တင်၍ အပြန်ပြန် အလှန်လှန် ရှုရာ၌ ဖြစ်မှု, ပျက်မှုသဘောတို့ကို အလွန်လျင်လျင်မြန်မြန် မြင်အောင်ရှုပါ။ မြန်နိုင်သမျှမြန်အောင် မြင်ဖို့ဉာဏ်ဖြင့်ရှုပါ။ အနိစ္စဟု ရှုမှု၊ ဒုက္ခဟု ရှုမှု၊ အနတ္တဟု ရှုမှုတို့ကိုကား ခပ်ဖြည်းဖြည်းရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်အကု(အနိပ္ဖန္နရုပ်)များကို လက္ခဏာယာဉ်တင်၍ ဝိပဿနာမရှုကောင်းသဖြင့် ရုပ်အကုများ ရှုပွားမှုကို ဤအချိန်မှစ၍ ရုပ်ဆိုင်းထားပါ။

**ရုပ်ကလာပ်မှုန်များ ဖြစ်ပျက်နေသည်ကို လက္ခဏာယာဉ် မတင်ပါနှင့်။ ရုပ်ကလာပ်များကို ခွာတ်ခွဲလျက် ရုပ်ပရမတ်သက်သက်ဖြစ်ပျက်နေသည်ကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ တကယ်မြင်ပါမှ လက္ခဏာယာဉ်တင်ပြီးရှုပါ။**

ရုပ်ကလာပ်များသည် သမူဟပညတ် မကွာသေးသော အသေးငယ်ဆုံး အတုံးအခဲဟူသည့် ပညတ်များဖြစ်ကြ၏။ ပညတ်ဟူသည်မှာ တကယ်ထင်ရှားမရှိသဖြင့် ဉာဏ်ဖြင့် ကြာကြာအကြည့်မခံပေ။ ရုပ်ကလာပ်တို့၏ဖြစ်မှုပျက်မှုကိုကြည့်၍ လက္ခဏာယာဉ် တင်နေပါက မကြာခင် ရုပ်ကလာပ်များ ပျောက်ကွယ်သွားတတ်သည်။ ထိုအခါ သမာဓိအရှိန်က မလျော့သေးသဖြင့် အကြည်ဓာတ်များကို အခဲပြင်အနေဖြင့် မြင်နေတတ်၏။ ထိုအကြည်ပြင်၌ စိတ်ကိုငြိမ်ဝပ်နေအောင်လည်း စိုက်ထားနိုင်၏။ သို့မဟုတ် ဝီရိယအနည်းငယ် လျော့ကျသွားပါက ဘဝင်ကျလျက် ဘာကိုမျှမသိဘဲ ကြာမြင့်စွာ တည်နေတတ်၏။

ဤသို့ အကြည်ပြင်၌ စိတ်တည်ငြိမ်နေမှု သို့မဟုတ် ဘဝင်ကျသွားမှုကိုပင် နိဗ္ဗာန်ကို မြင်တွေ့နေရသည်ဟု အချို့ပုဂ္ဂိုလ်တို့က အယူရှိတတ်ကြ၏။ ရုပ်သက်သက်ကို ရှုရုံဖြင့် နာမ်သက်သက်ကို ရှုရုံဖြင့် မဂ်မရနိုင်ကြောင်း၊ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်သဘောတရားများကို ပရိညာ ၃-ချက်ပိုင်အောင် မသိပါက သံသရာဝဲသြဃမှ မလွန်မြောက်နိုင်ကြောင်းဟူသော အဆိုအမိန့်များကို ထောက်ရှု၍ **အကြည်ပြင်ကိုမြင်နေရရုံဖြင့် သို့မဟုတ် ဘဝင်ကျ၍ အသိစိတ် ပျောက်နေရုံဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနေရခြင်းမဟုတ်ကြောင်း** အထူး သတိချပ်ရမည်။

ဘဝင်စိတ်သည် အတိတ်ဘဝ သေခါနီးကာလ၌ ထင်ခဲ့သော မရဏာသန္နဇောက ယူထားသည့်အာရုံကိုပင် ဆက်လက်၍ အာရုံယူ၏။ သို့သော် ဘဝင်စိတ်သည် ပစ္စုပ္ပန်၌ မိမိရှုနေသောအာရုံများကို သိနေသည့်စိတ်ကား မဟုတ်ပေ။ သို့အတွက် အထက်က ဘဝင်ကျနေမှုကို ယောဂီပုဂ္ဂိုလ်က ဘာမျှမသိတော့ဟုလည်း ပြောတတ်၏။ အရှုခံအာရုံနှင့် ရှုနေသည့်စိတ်ပါ ပျောက်သွားသည်ဟုလည်း ပြောတတ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနေရသည်ဟုလည်း ယူဆတတ်၏။

## ၂။ အသုဘာရှုနည်း (ရှင်အသုဘ + သေအသုဘ)

ဝိပဿနာရှုပွားသူများသည် ရာဂကို ပယ်သတ်ရန်အတွက် အသုဘ ဘာဝနာကိုလည်း ရှုပွားပါဟု **ဂိရိမာသုတ္တန်** နှင့် **မေဃိယသုတ္တန်** တို့၌ မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



မိန့်မှာတော်မူခဲ့၏။ သို့အတွက် ယောဂီသည် အသုဘဘာဝနာကိုလည်း ရံခါ ရှုပွားရမည်ဖြစ်သည်။

အသုဘဘာဝနာ၌ သဝိညာဏကအသုဘ(ရှင်အသုဘ)နှင့် အဝိညာဏက အသုဘ(သေအသုဘ)ဟူ၍ ၂–မျိုးရှိကြောင်း **ဝိဇယသုတ္တန်** စသည်တို့၌ ဘုရားရှင် ဟောကြားတော်မူခဲ့၏။

**(က) ရှင်အသုဘရှုနည်း** (သဝိညာဏကအသုဘ)

အသက်ရှင်လျက်ရှိသော လူတစ်ဦး၏ ခန္ဓာကိုယ်သည် ၃၂–ကောဋ္ဌာသတို့နှင့် ဖွဲ့စည်းထားရာ ဤကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ်သဘောကို မြင်အောင် ရှုမှတ်နိုင်လျှင် ဤခန္ဓာကိုယ်သည် မတင့်တယ်သော ရှင်အသုဘအဖြစ် ပေါ်လွင်ထင်ရှားလာလိမ့်မည်။

၃၂–ကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ်သဘောကို နှလုံးသွင်း၍ အသုဘရှုရာ၌ (၁) ရျာန်ရအောင်ရှုနည်း နှင့် (၂) အာဒီနဝါနုပဿနာဟု ခေါ်သော ခန္ဓာအိမ်၏အသုဘအဖြစ်ကို မြင်အောင်ရှုနည်းဟူ၍ ၂–မျိုးကွဲ၏။ ဤရှုနည်း ၂–မျိုးတွင် အကျုံးဝင်သော ကောဋ္ဌာသကမ္မဋ္ဌာန်း, အရိုးစု ပဋိကူလ မနသိကာရနှင့် အသုဘကမ္မဋ္ဌာန်းတို့ကို ယောဂီတို့ ရှုပွားခဲ့ပြီးဖြစ်သည်။

ယခု ထပ်မံ၍ ရှုပွားရမည်မှာ အာဒီနဝါနုပဿနာဖြစ်၏။ ရှုနည်းမှာ ၃၂ ကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ်သဘောကို အာရုံယူပါ။ ရွံရှာစက်ဆုပ်ဖွယ်သဘောကို ဉာဏ်ဖြင့် ထင်ထင်ရှားရှားမြင်ရသည့်အခါ "အသုဘ...အသုဘ" ဟု ရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ အပြန်ပြန်အလှန်လှန်ရှုပါ။

ဤအချိန်တွင် ယောဂီသည် ပရမတ်နယ်၌ အလေ့အကျင့်များနေပြီးဖြစ်သဖြင့် ၃၂–ကောဋ္ဌာသတို့၏ အသုဘသဘောကို အဇ္ဈတ္တ, ဗဟိဒ္ဓ တစ်လှည့်စီ အပြန်ပြန် အလှန်လှန်ရှုမှတ်နေစဉ် မကြာမီ ၃၂–ကောဋ္ဌာသတို့သည် ရုပ်ကလာပ်မှုန်များ ဖြစ်သွားတတ်၏။ ရုပ်ကလာပ်မှုန်များ လွယ်လွယ်ကူကူ ဖြစ်မသွားပါက ကောဋ္ဌာသတို့ကို တစ်ခုစီဖြစ်စေ၊ ခြုံ၍ဖြစ်စေ ဓာတ် ၄–ပါးစိုက်ရှုလိုက်ပါက ကျင့်သားရနေပြီးသော ဘာဝနာဉာဏ်၏ စွမ်းအားကြောင့် လွယ်လွယ်ကူကူပင် ရုပ်ကလာပ်မှုန်များ ဖြစ်သွားကြလိမ့်မည်။

ထိုရုပ်ကလာပ်များကို ဓာတ်ခွဲ၍ ရုပ်ပရမတ်များကို လက္ခဏာယာဉ် တင်ကာ ဆက်လက်ရှုသွားပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ တစ်လှည့်စီရှုပါ။

**(ခ) သေအသုဘရှုနည်း** (အဝိညာဏကအသုဘ)

ပထမဈာန်ပေါက်အောင် အသုဘရှုနည်း၌ အမျိုးသား ယောဂီသည် အမျိုးသား အလောင်းကိုလည်းကောင်း၊ အမျိုးသမီးယောဂီသည် အမျိုးသမီးအလောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း ရှုပွားရပုံကို **"အမြတ်ဆုံးပန်းတိုင် ကောန်ပိုင်"** ပထမတွဲ–စတုရာရက္ခကမ္မဋ္ဌာန်းရှုပွားနည်း၌ ဖော်ပြခဲ့ပြီး ဖြစ်၏။

မြတ်စွာဘုရားသည် သိရိမာ၏အလောင်းကောင်ကို ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမ ဟူသော ပရိသတ် ၄–ပါးတို့အား သေ အသုဘရှုပွားစေခဲ့သောထုံးနမူနာသည် **ဝိမာနဝတ္ထု** ၌ လာရှိ၏။

ယောဂီသည် ဉာဏ်အလင်းအားနည်း၍ အားမရဖြစ်နေလျှင် သမာဓိ အဆင့်ဆင့် ပြန်ထူထောင်ပါ။ သမာဓိနှင့် ယှဉ်တွဲနေသည့် ဉာဏ်မှ အလင်းရောင် တဖျတ်ဖျတ်တောက်ပလာပါက ထိုဉာဏ်အလင်းဖြင့် မိမိအမုတ်တရမြင်ဖူးသော အလောင်းကောင်တစ်ခုကို စိုက်ရှုပါ။ ပုပ်ပွ၍ အပုပ်ရည်ထွက်နေသော အလောင်းကောင်မျိုးဖြစ်မူ ပို၍ကောင်းပါသည်။ ရွံရှာစက်ဆုပ်ဖွယ်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ "အသုဘ…အသုဘ"ဟု ရှုပါ။

အသုဘအာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ တည်သွားသောအခါ မိမိ၏ ကိုယ်ကို ဉာဏ်ဖြင့်ကပ်ဆောင်၍ရှုပါ။ မိမိ၏ခန္ဓာကိုယ်သည်လည်း သေပြီး ပုပ်ပွနေသော အသုဘသဘော ဖြစ်နေသည်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပါ။ မမြင်သေးပါက ဗဟိဒ္ဓအသုဘကို တစ်ဖန်ပြန်ရှုပါ။ ထို့နောက် အဇ္ဈတ္တကို ပြန်ရှုပါ။ အပြန်ပြန်အလှန်လှန်ရှုပါက မိမိ၏အသုဘသဘော ထင်လာပေလိမ့်မည်။

အကယ်၍ မိမိ၏အသုဘသဘော မထင်လာသေးပါက မိမိ၏အနာဂတ်သို့ စိတ်ကို တဖြည်းဖြည်းစေလွှတ်၍ကြည့်ပါ။ မိမိသေနေသော အသုဘသဘောကို လွယ်လွယ်ကူကူပင် တွေ့မြင်လိမ့်မည်။ ဤရှုကွက်သည် အနာဂတ်ဘဝနှင့် ကြောင်းကျိုးစပ်၍ ရှုထားပြီးသော ယောဂီအဖို့ လွယ်ကူနေမည်ဖြစ်သည်။

မိမိ၏အသုဘသဘောကို ကောင်းစွာရှုနိုင်ပါက အဇ္ဈတ္တ,ဗဟိဒ္ဓ တစ်လှည့်စီ လှည့်လည်၍ အသုဘရှုပါ။ မြင်မြင်သမျှ သက်ရှိသတ္တဝါတိုင်းသည် အသုဘဖြစ်နေလိမ့်မည်။ ထိုသို့တစ်လှည့်စီရှုဖန်များလာသည့်အခါ ရှေးရှေးဘာဝနာသမာဓိတို့၏ စွမ်းရည်ကြောင့် အသုဘကောင်သည် ရုပ်ကလာပ်မှုန်များ ဖြစ်သွားသည်လည်း ရှိ၏၊ တဖြည်းဖြည်းပြိုပျက်ကာ အရိုးစုပုံ၊ ထိုမှတစ်ဆင့် အရိုးမှုန်များ ဖြစ်သွားသည်လည်း ရှိ၏။ အလောင်းကောင်၏ အနာဂတ်ဘက်သို့ မိမိ၏ စိတ်ကို စေလွှတ်လိုက်ပါကလည်း အလောင်းကောင်သည် အရိုးစု, အရိုးမှုန်များ ဖြစ်သွားသည်သာဖြစ်၏။ မည်သည့်အဆင့်၌မဆို "အသုဘ…အသုဘ"ဟုပင် ဆက်ရှုပါ။

အကယ်၍ အလောင်းကောင်သည် လွယ်လွယ်ကူကူဖြင့် ကလာပ်မှုန်များ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးပါက အလောင်းကောင်၌ ဓာတ် ၄-ပါး စိုက်၍ရှုပါ။ ရုပ်ကလာပ်မှုန်များ ဖြစ်သွားမည်သာတည်း။

အကယ်၍ အလောင်းကောင်တွင် ပိုးလောက်များ တွယ်နေပါက ဓာတ် ၄-ပါးစိုက်၍ရှုသည့်အခါ ပိုးလောက်တို့၏ ခန္ဓာတို့မှ ဥတုဇသြဇဋ္ဌမကရုပ်ကလာပ်များအပြင် အခြား အကြည်ရုပ်များနှင့် အကြည်ဓာတ်ပါသည့် ရုပ်ကလာပ်များကိုလည်း တွေ့ရတတ်၏။

အဇ္ဈတ္တ, ဗဟိဒ္ဓ အလောင်းကောင်များ၌ ရုပ်ကလာပ်များကို မြင်တွေ့ရသောအခါ ထိုရုပ်ကလာပ်များကို ဓာတ်ခွဲ၍ ရုပ်ပရမတ်သဘောများကို လက္ခဏာယာဉ် ၃-ချက်တင်ကာ ဝိပဿနာဆက်ရှုပါ။

### (ဂ) ရုပ်အသုဘရှုနည်း

ရုပ်ပရမတ်သက်သက်ကိုလည်း အသုဘရှုနိုင်၏။ ရုပ်ပရမတ်တို့၌ မကောင်းသောအနံ့၊ ပုပ်သိုးမှုစသည့် ရွံရှာစက်ဆုပ်ဖွယ်သဘောတရားတို့နှင့် ပြည့်နှက်နေသည်ကို အာရုံယူ၍လည်း အသုဘရှုနိုင်သည်။

### (ဃ) လက္ခဏာ ၁-ပါးကို ဦးစားပေး၍ ရှုနည်း

ပရမတ်ရုပ်တရားများကို လက္ခဏာရေး ၃-တန်တင်၍ အဇ္ဈတ္တ, ဗဟိဒ္ဓတို့၌ အကြိမ်ကြိမ်အဖန်ဖန် ရှုမှတ်ပြီးသည့်အခါ ပို၍ရှုကောင်းသော လက္ခဏာ ၁-ပါးကို ဦးစားပေး၍ ခပ်ကြာကြာရှုနိုင်သည်။ သို့သော် လက္ခဏာ ၃-ပါးလုံးကိုကား စုံအောင်ရှုရမည်။ လက္ခဏာ ၁-ပါး၏ အရှိန်အဝါကောင်းမှုသည် လက္ခဏာ ၂-ပါးတို့၏ အားပေးထောက်ပံ့မှုအပေါ် မူတည်နေ၏။ အထောက်အပံ့ရပါမှ အရှိန်အဝါ ထက်မြက်လာ၏။ ထိုလက္ခဏာကို မြင်သိသောဉာဏ်သည် ကိလေသာကို ပယ်သတ်နိုင်၏။

## ၃။ နာမ်တရားများကို ဝိပဿနာရှုနည်း

(က) ရုပ်တရားများကို အတော်အသင့်သွက်လက်အောင် ဝိပဿနာရှုနိုင်လာသောအခါ နာမ်တရားများကို တစ်ဖန်ဝိပဿနာရှုပါ။

ယောဂီသည် နာမ်တရားများကို အာယတနဒွါရအလိုက် သိမ်းဆည်းခဲ့သဖြင့် အာယတနဒွါရအလိုက်ပင် ဝိပဿနာရှုပါ။ ဝီထိစိတ် အသီးသီးနှင့် ယှဉ်ဖက် စေတသိက်များသည် အတူတကွ စိတ္တက္ခဏတိုင်း ဖြစ်ပြီးပျက်နေကြသည့် သဘောကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ "အနိစ္စ"ဟု ရှုပါ။ ၆-လိုင်းစလုံး အကောင်းအုပ်စု, မကောင်းအုပ်စုများကို အဇ္ဈတ္တ, ဗဟိဒ္ဓတို့၌ ကုန်စင်အောင် ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောဖြင့် အနှိပ်စက်ခံနေရမှုသဘောကို အာရုံယူ၍ "ဒုက္ခ" ဟု ရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ ၆–လိုင်းစလုံး၌ ကုန်စင်အောင် ရှုပါ။

ထို့နောက် နာမ်တရားတို့၏ မပျက်စီးဘဲ အကြိတ်အခဲအဖြစ် အမြဲတည်နေနိုင်သည့် ခိုင်မာသော အနှစ်သာရ–အတ္တမရှိမှုသဘောကို အာရုံယူ၍ "အနတ္တ" ဟု ရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ အကောင်းအုပ်စု၊ မကောင်းအုပ်စုများကို အနိစ္စ တစ်ခေါက်၊ ဒုက္ခတစ်ခေါက်၊ အနတ္တတစ်ခေါက်လောက် အနည်းဆုံးကုန်အောင် ရှုပြီးသောအခါ သို့မဟုတ် သုံးလေးခေါက်မျှ အပြန်ပြန်အလှန်လှန်ရှုပြီးသောအခါ ရှု၍အကောင်းဆုံးဖြစ်သော လက္ခဏာ ၁–ခုကို ရွေးချယ်ပြီး ဦးစားပေးလျက် ဆက်ရှုနိုင်သည်။

### (ခ) နာမ်အသုဘရှုနည်း

နာမ်တရားများမှ လောဘ၊ ဒေါသ၊ မောဟ စသည့် ကိလေသာအညစ်အကြေးများ ယိုစီးကျနေသည့်သဘောကို ဉာဏ်ဖြင့်အာရုံယူ၍ နာမ်အသုဘရှုနိုင်သည်ဟု **မူလပဏ္ဏာသဋီကာ** (၁၊ ၃၄၆) ၌ မိန့်ဆိုထား၏။ ဤအဆိုအမိန့်အရ မကောင်းအုပ်စုဝင် နာမ်တရားများသည် အသုဘစင်စစ်ဖြစ်ကြ၏။ အကယ်၍ အကောင်းအုပ်စုဝင် နာမ်တရားများကို အကြောင်းပြု၍ မကောင်းအုပ်စုဝင် နာမ်တရားများ ဖြစ်ခဲ့သော် (ဥပမာ– ကောင်းမှုတစ်ခု ပြုလုပ်၍ လူချမ်းသာ နတ်ချမ်းသာကို ဆုတောင်းသော်) ထိုအကောင်းအုပ်စု, မကောင်းအုပ်စု နာမ်တရားများကိုလည်း အသုဘရှုနိုင်သည်သာ ဖြစ်၏။

သတိပြုရန်အချက်တစ်ချက်မှာ နာမ်တရားများကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု ရှုရာ၌ ဝီထိစဉ်များ၏ အကြားအကြားရှိဘဝင်နာမ်တရားများကိုပါ ထည့်သွင်း၍ရှုပါ။ သို့မှသာ ခဏပစ္စုပ္ပန်သို့ ဉာဏ်အမြင်သန့်ရှင်းစွာ ဆိုက်ရောက်နိုင်မည် ဖြစ်သည်။

## ၄။ ရုပ်နှင့်နာမ် တွဲ၍ ဝိပဿနာရှုနည်း

ရုပ်သက်သက်, နာမ်သက်သက်ကို ကြိမ်ဖန်များစွာရှုပြီးသော် ရုပ်နှင့် နာမ်တို့ကို တွဲ၍ ဝိပဿနာရှုပါ။ အာယတနဒွါရအလိုက် ရုပ်,နာမ်ခွဲ၍ သိမ်းဆည်းခဲ့ပုံကို ပြန်အာရုံယူ၍ ထိုပုံစံအတိုင်း ဝိပဿနာရှုပါ။

ဥပမာ– ပဥ္စဒွါရဝီထိ၌ မီရာဝတ္ထုရုပ် ၅၄–မျိုးနှင့် ရူပါရုံတို့ကလည်း ဖြစ်ပျက်၊ နာမ်တရား ၁၁–လုံးကလည်း ဖြစ်ပျက်၊ ထိုသို့ဖြစ်ပြီး ပျက်သွားမှုသဘောသည် အနိစ္စ၊ ထိုဖြစ်မှုပျက်မှုဒဏ်ချက်တို့ဖြင့် အနှိပ်စက်ခံနေရသော သဘော

www.burmeseclassic.com

www.burmeseclassic.com



သည် ဒုက္ခ၊ ထိုနာမ်ရုပ်တို့၌ မပျက်စီးဘဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်ရှိသော အတ္တ မရှိမှု၊ အနှစ်အသားမရှိမှုသဘောသည် အနတ္တ၊ ဤသို့ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့်ရှုပါ။

ဝီထိစိတ်အစဉ်အတိုင်း ရုပ်နှင့်နာမ် အစုံလိုက်ဖြစ်ပြီးပျက်မှုသဘောစသည်တို့ကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ လက္ခဏာယာဉ် ၃–ချက်တင်ပါ။ ၆–လိုင်းစလုံး အကောင်းအုပ်စု၊ မကောင်းအုပ်စုများကို ကုန်စင်အောင်ရှုပါ။ ဝီထိများအကြားရှိ ဘဝင်စိတ်များကိုပါ ရောနှော၍ ရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ တစ်လှည့်စီရှုပါ။

## ၅။ အဒ္ဓါပစ္စုပ္ပန်ဝိပဿနာရှုနည်း

ပဋိသန္ဓေမှ စုတိတိုင်အောင် ရုပ်သက်သက်ကို အနည်းဆုံး အနိစ္စ ၁–ခေါက်၊ ဒုက္ခ ၁–ခေါက်၊ အနတ္တ ၁–ခေါက် တင်၍ရှုပါ။ ထို့နောက် ကြိုက်ရာလက္ခဏာကို ဦးစားပေး၍ ရှုနိုင်သည်။ အဇ္ဈတ္တတစ်လှည့်, ဗဟိဒ္ဓတစ်လှည့်ရှုပါ။

ပဋိသန္ဓေမှ စုတိတိုင်အောင် နာမ်သက်သက်ကိုလည်း အလားတူရှုပါ။ ပဋိသန္ဓေမှ စုတိတိုင်အောင် ရုပ်နာမ်အတွဲလိုက်ကိုလည်း အလားတူရှုပါ။ အာယတန ဒွါရအလိုက် ၆–လိုင်းလုံး၌ ရုပ်နာမ်ခွဲ၍ အကောင်းအုပ်စုကို အဇ္ဈတ္တ၌ အနိစ္စဟု ရှုပြီး ဗဟိဒ္ဓ၌ အနိစ္စဟုရှုပါ။ အဇ္ဈတ္တ၌ ဒုက္ခဟုရှုပြီး ဗဟိဒ္ဓ၌ ဒုက္ခဟုရှုပါ။ အဇ္ဈတ္တ၌ အနတ္တဟု ရှုပြီး ဗဟိဒ္ဓ၌ အနတ္တဟုရှုပါ။ အဇ္ဈတ္တ၌ အသုဘဟုရှုပြီး ဗဟိဒ္ဓ၌ အသုဘဟုရှုပါ။ မကောင်းအုပ်စုများကိုလည်း အလားတူရှုပါ။

## ၆။ အတိတ် - ပစ္စုပ္ပန် - အနာဂတ် ဝိပဿနာရှုနည်း

မိမိရှုခဲ့ပြီးသော ရှေးအကျဆုံး အတိတ်ဘဝ၏ ပဋိသန္ဓေမှစ၍ ထိုဘဝ၏ စုတိတိုင်အောင်၊ ဒုတိယရှေးအကျဆုံး အတိတ်ဘဝ၏ ပဋိသန္ဓေမှ ထိုဘဝ၏ စုတိတိုင်အောင်၊ ဤသို့ဖြင့် အတိတ်ဘဝအဆက်ဆက်၏ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်၊ ပထမအနာဂတ်ဘဝ၏ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဤနည်းဖြင့်ရှု၍ ရသလောက် အနာဂတ်ဘဝ၏ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်၊ ထိုအတွင်း၌–

ရုပ်သက်သက်သက်ကို လက္ခဏာ ၃–ချက်တစ်လှည့်စီတင်၍ရှုပါ။

နာမ်သက်သက်ကို လက္ခဏာ ၃–ချက်တစ်လှည့်စီတင်၍ရှုပါ။

ရုပ်နာမ်တို့ကို လက္ခဏာ ၃–ချက် တစ်လှည့်စီ တင်၍ရှုပါ။

အနည်းဆုံး အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနလုံး၌ အနိစ္စ ၁–ခေါက်၊ ဒုက္ခ ၁–ခေါက်၊ အနတ္တ ၁–ခေါက်၊ အသုဘ ၁–ခေါက် ရှုပါ။ ပို၍ရှုနိုင်က ပိုကောင်းသည်သာဖြစ်၏။ ထို့နောက် မိမိကြိုက်ရာ လက္ခဏာ ၁–ခုကို ဦးစားပေး၍ တင်ရှုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



### ၇။ ဩဠာရိက-သုခုမ၊ ဟီန-ပဏီတ၊ ဒူရ-သန္တိက ရှုနည်း

အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလ ၃-ပါးအတွင်း အဇ္ဈတ္တ, ဗဟိဒ္ဓ ၂-ဌာန တို့၌ ရုပ်သက်သက်ကို၊ နာမ်သက်သက်ကို၊ ရုပ်နှင့်နာမ်ကို လက္ခဏာ ၃-ချက် တင်၍ ဘွင်တွင်ကြီးရှုနိုင်ပါက ထိုရုပ်နာမ်တို့တွင် ဩဠာရိက-သုခုမ၊ ဟီန-ပဏီတ၊ ဒူရ-သန္တိက ရုပ်နာမ်တို့လည်း ပါဝင်သွားကြပါသည်။ ကြွင်းကျန်မှု မရှိပါ။

အကယ်၍ စွမ်းနိုင်ပါမူ ရုပ်နာမ်တို့ကို ဩဠာရိက-သုခုမ စသည်ဖြင့် အောက် ပါအတိုင်း ခွဲ၍ အတိတ်, ပစ္စုပ္ပန်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓတို့၌ ရှုပါက ပိုကောင်း သည်သာ ဖြစ်၏။

အကြည်ဓာတ်= ပသာဒရုပ် ၅-ပါးနှင့် အာရုံရုပ်= ဂေါစရရုပ် ၇-ပါး (ဝဏ္ဏ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ပထဝီ၊ တေဇော၊ ဝါယော) တို့သည် ယောဂီ၏ အသိဉာဏ်၌ ထင် လွယ်မြင်လွယ်သောကြောင့် ဩဠာရိက အမည်ရကြ၏။ ကျန်ရုပ် ၁၆-ပါးကား သုခုမ အမည်ရကြ၏။

နာမ်တရားတို့တွင် အကုသိုလ် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကား ယောဂီ၏ အသိဉာဏ်၌ ထင်လွယ်မြင်လွယ်ကြသောကြောင့် ဩဠာရိက အမည် ရကြ၏။ ကုသိုလ် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည်လည်းကောင်း၊ ဝိပါက် + ကြိယာ = အဗျာကတ ဖြစ်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့ သည်လည်းကောင်း သိမ်မွေ့ကြပြီး ယောဂီ၏ အသိဉာဏ်ဝယ် မထင်လွယ် မမြင် လွယ်ကြသောကြောင့် သုခုမ အမည်ရကြ၏။

ဩဠာရိက ရုပ်တရား, နာမ်တရားတို့ကား ဟီန၊ သုခုမရုပ်တရား, နာမ် တရားတို့ကား ပဏီတဟု အမည်ရကြ၏။

အကုသိုလ်ဝေဒနာသည် ကုသိုလ်အဗျာကတဝေဒနာတို့မှ ဝေးသောကြောင့် ဒူရ၊ အလားတူပင် ကုသိုလ်အဗျာကတ ဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးသောကြောင့် ဒူရ၊ ဤသို့ စသည်ဖြင့် အမည်ရကြ၏။

အကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် နီးကပ်သောကြောင့် သန္တိက၊ ကုသိုလ် အဗျာကတဝေဒနာသည် ကုသိုလ်အဗျာကတဝေဒနာနှင့် နီးကပ်သော ကြောင့် သန္တိက၊ ဤသို့စသည်ဖြင့် အမည်ရကြ၏။

### ၈။ ပစ္စုပ္ပန်ခန္ဓာ ၅-ပါးကို ဝိပဿနာရှုနည်း

ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းဖြင့် ကြောင်းကျိုးစပ်၍ ရှုခဲ့ရာ၌ အာယတနဒွါရ အလိုက် ၆-လိုင်းခွဲလျက် အကောင်းအုပ်စု, မကောင်းအုပ်စုအသီးသီး ပါဝင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဝီထိစဉ်များတွင် ဘဝင်ခန္ဓာ ၅-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်းခန္ဓာ ၅-ပါး၊ စက္ခုဝိညာဏ် ခန္ဓာ ၅-ပါး စသည်ဖြင့် စိတ္တက္ခဏတိုင်းအတွက် ခန္ဓာ ၅-ပါးကိုဖွဲ့ပြပြီး ရှုစေခဲ့သည်။

ယခုတစ်ဖန် ပစ္စုပ္ပန်ဘဝ၌ ၆-ဌာန၊ ၄၂-ကောဋ္ဌာသရှိ ရုပ်တရားများကို ခွာတ်ခွဲပြီးလျှင် ပရမတ်ရုပ်တရားများ၏ ဖြစ်ပျက်ကို မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ ထို့နောက် ဗဟိဒ္ဓရှိ ပရမတ်ရုပ်တရားများ၏ ဖြစ်ပျက်ကို မြင်အောင် ကြည့်၍ အနိစ္စဟုရှုပါ။ ထို့နောက် ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့် နည်းတူ ထပ်ရှုပါ။ ဤကား ရူပက္ခန္ဓာကို လက္ခဏာ ၃-ပါးတစ်လှည့်စီတင်၍ ဝိပဿနာ ရှုခြင်းပင်တည်း။

ထို့နောက် အာယတနဒွါရအလိုက် ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိများ၌ ပါဝင်ကြသော စိတ်တစ်လုံးစီ၌ရှိသည့် ဝေဒနာက္ခန္ဓာကို အနိစ္စဟုတစ်လှည့်၊ ဒုက္ခဟုတစ်လှည့်၊ အနတ္တဟုတစ်လှည့်ရှုပါ။ ၆-လိုင်းစလုံး အကောင်းအုပ်စု၊ မကောင်းအုပ်စု ကုန်စင်အောင် အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့်ရှုသွားပါ။

ထို့နောက် စိတ္တက္ခဏအသီးသီး၌ရှိသော သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ အသီးသီးကိုလည်း လက္ခဏာရေး ၃-ပါးတစ်လှည့်စီတင်၍ အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓ တစ်လှည့် ၆-လိုင်းစလုံး အကောင်းအုပ်စု၊ မကောင်းအုပ်စု ကုန်စင်အောင်ရှုပါ။

### ၉။ အတိတ်- ပစ္စုပ္ပန်- အနာဂတ် အဆက်ဆက်ရှိ ခန္ဓာ ၅-ပါးကို ဝိပဿနာရှုနည်း

အတိတ်ဘဝအဆက်ဆက်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝအဆက်ဆက်၌ ရှိကြသော ရုပ်တရားများကို ၆-ဌာန၊ ၄၂-ကောဋ္ဌာသအလိုက် ခွာတ်ခွဲ၍ ပရမတ် တရားများ၏ ဖြစ်ပျက်ကိုမြင်အောင်ကြည့်ပြီး အနိစ္စဟုတစ်လှည့်၊ ဒုက္ခဟု တစ်လှည့်၊ အနတ္တဟုတစ်လှည့်ရှုပါ။ အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့်ရှုပါ။

အတိတ်ဘဝအဆက်ဆက်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝအဆက်ဆက်၌ ရှိကြသော နာမ်တရားများကို အာယတနဒွါရအလိုက် ၆-လိုင်းစလုံးအကောင်းအုပ်စု၊ မကောင်းအုပ်စု ကုန်စင်အောင် သိမ်းဆည်း၍ စိတ္တက္ခဏအသီးသီး၌ရှိသော ဝေဒနာက္ခန္ဓာကို လက္ခဏာရေး ၃-ပါးတစ်လှည့်စီတင်လျက် အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့်ရှုပါ။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကိုလည်း နည်းတူရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ တော ၄၀-ရှုနည်း

ရုပ်နာမ်တို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို ပိုမိုထင်ရှားစေပြီး ဘာဝနာပညာပြည့်စုံရေးအတွက် မြတ်စွာဘုရားသည် ခန္ဓာ ၅-ပါးကို ၄၀-သော အခြင်းအရာဖြင့် ဝေဖန်တော်မူ၏။ **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** (၂၊ ၂၄၇-၂၄၈)၌ ဤအခြင်းအရာတို့ကို တော ၄၀-ရှုကွက်အဖြစ် ဖော်ပြထား၏။ သမ္မသနဉာဏ် မြဲမြဲခိုင်ခံ့သွားရန်အတွက် ဤရှုကွက်များကို ရှုမှတ်စေ၏။

### (က) အနိစ္စလက္ခဏာ ၁၀-ချက်

**(၁) အနိစ္စတော** - ရုပ်နာမ်တို့၏ဖြစ်ခြင်းဟူသော ရှေ့အစွန်း(ဥပါဒ်စွန်း)နှင့် ပျက်ခြင်းဟူသော နောက်အစွန်း(ဘင်အစွန်း)ဟု အစွန်း ၂-စွန်းရှိ၏။ ရုပ်နာမ်တို့သည် ဘင်အစွန်းကို လွန်နိုင်သော သဿတမဟုတ်သောကြောင့် လည်းကောင်း၊ ဥပါဒ်စွန်းနှင့် ဘင်စွန်းတို့ရှိသောကြောင့်လည်းကောင်း၊ အနိစ္စ-မမြဲဟု သုံးသပ်၏။ ခန္ဓာ ၁-ပါးစီကိုဖြစ်စေ၊ ရုပ်တရားတစ်လှည့်, နာမ်တရား တစ်လှည့်ကိုဖြစ်စေ အာရုံယူ၍ အထက်ပါအနက်သဘောကို ဉာဏ်ဖြင့်မြင်အောင်ကြည့်ပြီး အနိစ္စ-မြဲခြင်းသဘောမရှိ, မမြဲဟု ရှုပါ။

**(၂) ပလောကတော** - နာခြင်း၊ အိုခြင်း၊ သေခြင်းတို့ဖြင့် အကြီးအကျယ်ပျက်စီးတတ်သောကြောင့် ပလောကံ = အလွန်ပျက်စီးတတ်၏ဟုရှုပါ။

**(၃) စလတော** - နာခြင်း၊ အိုခြင်း၊ သေခြင်းတို့ဖြင့်လည်းကောင်း၊ လာဘ်ရခြင်း, လာဘ်မရခြင်း အစရှိသော လောကဓံတရားတို့ဖြင့်လည်းကောင်း မတည်ငြိမ်ဘဲ တုန်လှုပ်တတ်သောကြောင့် စလံ = တုန်လှုပ်တတ်၏ဟု ရှုပါ။

**(၄) ပဘင်္ဂုတော** - မိမိနှင့် သူတစ်ပါးတို့ ပျက်စီးအောင် ပြုလုပ်အားထုတ်တတ်ခြင်းကြောင့်လည်းကောင်း၊ မိမိ၏သဘောအတိုင်း အလိုအလျောက်အားဖြင့် ဖရိုဖရဲပြိုကွဲပျက်စီးတတ်သောကြောင့်လည်းကောင်း၊ ပဘင်္ဂု - ပြိုကွဲတတ်၏ဟု ရှုပါ။

**(၅) အဒ္ဓုဝတော** - မည်သည့်အရွယ်၊ မည်သည့်အခိုက်အတန့်၌မဆို လဲပြိုပျက်စီးတတ်သောကြောင့်လည်းကောင်း၊ ခိုင်ခံ့တည်တံ့မှု မရှိသောကြောင့်လည်းကောင်း၊ အဒ္ဓုဝံ - မခိုင်ခံ့ဟု ရှုပါ။

**(၆) ဝိပရိဏာမဓမ္မတော** - အိုခြင်းနှင့် သေခြင်းဟူသော နှစ်မျိုးနှစ်ထွေအားဖြင့် ပြောင်းလဲဖောက်ပြန်ခြင်းသဘော(ဥပါဒ်မှဋ္ဌီ= ဇရာနှင့် ဘင်= မရဏသို့ ပြောင်းခြင်းသဘော)ရှိသောကြောင့် ဝိပရိဏာမံ = ဖောက်ပြန်ခြင်းသဘောရှိ၏ဟု ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



**(၇) အသာရကတော** – အလိုလိုပျက်စီးတတ်၍ အားနည်းသည်၏အဖြစ်ကြောင့် လည်းကောင်း၊ အကာကဲ့သို့ လွယ်ကူစွာချိုးဖျက်နိုင်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ အသာရကံ = ခိုင်မာသည့်အနှစ်မရှိဟု ရှုပါ။

**(၈) ဝိဘဝတော** – ဖြစ်ပြီးလျှင် ပျက်တတ်, ကုန်သွားတတ်သဖြင့် ကြီးပွားစည်ပင်ခြင်း ကင်း၏၊ တဏှာဒိဋ္ဌိ အကြောင်းခံ၍ဖြစ်ပေါ်လာ၏။ ဤသဘောကြောင့် ဝိဘဝံ = ဆုံးရှုံးခြင်းသဘောရှိ၏ဟု ရှုပါ။

**(၉) မရဏဓမ္မတော** – သေခြင်း,ပျက်ခြင်းသဘောရှိသောကြောင့် မရဏဓမ္မံ = သေခြင်းသဘောရှိ၏ဟု ရှုပါ။

**(၁၀) သင်္ခတတော** = မူလအကြောင်းတရားနှင့် အထောက်အပံ့အကြောင်းတရားတို့က ပေါင်းစု၍ပြုအပ်သောကြောင့် သင်္ခတံ = အကြောင်းတရားတို့ ပေါင်းစု၍ ပြုအပ်သည်ဟု ရှုပါ။

### (က) ဒုက္ခလက္ခဏာ ၂၅-ချက်

**(၁၁) ဒုက္ခတော** – ဖြစ်ခြင်း, ပျက်ခြင်းတို့က မပြတ်နှိပ်စက်သောကြောင့် လည်းကောင်း၊ သံသရာ ဝဋ်ဆင်းရဲ၏ တည်ရာဝတ္ထုဖြစ်သောကြောင့် လည်းကောင်း၊ ဒုက္ခံ= ယုတ်မာညစ်ဆိုး ဆင်းရဲမျိုးဟု ရှုပါ။

**(၁၂) ရောဂတော** – ထိုက်သင့်သော အကြောင်းတရားတို့ဖြင့် မျှစေအပ်, တည်စေအပ်သောကြောင့်လည်းကောင်း၊ ခပ်သိမ်းသော ကာယိက, စေတသိက ရောဂါအမျိုးမျိုးတို့၏ တည်ရာဖြစ်သောကြောင့်လည်းကောင်း၊ ရောဂံ–နာကျင်ညစ်ဆိုး ရောဂါမျိုးဟု ရှုပါ။

**(၁၃) အဃတော** – အရိယာတို့ ကဲ့ရဲ့အပ်သောကြောင့်လည်းကောင်း၊ သတ္တဝါတို့၏ အကျိုးစီးပွားမဲ့ခြင်းကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ မကောင်းမှု၏ တည်ရာဖြစ်သောကြောင့်လည်းကောင်း၊ အဃံ = အကျိုးယုတ်, အကျိုးမဲ့မျိုးဟု ရှုပါ။

**(၁၄) ဂဏ္ဍတော** – ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဟူသော နာကျင်ကိုက်ခဲခြင်းအဖြာဖြာနှင့် ယှဉ်သောကြောင့်လည်းကောင်း၊ ကိလေသာသန်ရည် ပြည်ပုပ်တို့ကို ယိုထွက်စေသောကြောင့်လည်းကောင်း၊ ဖြစ်ခြင်း,ရင့်ခြင်း, ပျက်ခြင်းတို့ဖြင့် ဖူးဖူးယောင်၍ မှည့်ရင့်ပြီးလျှင် ပေါက်ကွဲတတ်သောကြောင့် လည်းကောင်း ဂဏ္ဍံ = အိုင်းအမာနှင့်တူ၏ဟု ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



**(၁၅) သလ္လတော** – နှိပ်စက်ခြင်းကိုဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ အတွင်း၌ ထိုးဆွတတ်သောကြောင့်လည်းကောင်း၊ နုတ်ပယ်နိုင်ခဲသောကြောင့် လည်းကောင်း၊ သလ္လ=စူးဝင်နေသော ငြောင့်နှင့်တူ၏ဟု ရှုပါ။

**(၁၆) အာဗာဓတော** – ဖျားနာသူသည် ဣရိယာပုထ် မျှတရေးအတွက် သူတစ်ပါးအား မှီရသကဲ့သို့ ကိုယ့်အလိုအတိုင်း မဖြစ်ဘဲ တစ်ပါးသောအကြောင်း ပစ္စည်းများကို မှီရသောကြောင့်လည်းကောင်း၊ အနာရောဂါအမျိုးမျိုး၏ နီးသော အကြောင်းဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ အာဗာဓ = နှိပ်စက်လွှမ်းမိုး အနာမျိုးဖြစ်သည်ဟု ရှုပါ။

**(၁၇) ဥပဒ္ဒဝတော** – ကြိုတင်မသိနိုင်သည့် ပြန့်ပြောကြီးကျယ်ကုန်သော မင်းဘေး၊ နာဘေး၊ အိုဘေး၊ သေဘေး စသည့် အကျိုးမဲ့တို့ကို ရွက်ဆောင်တတ် သောကြောင့်၊ ဥပဒ္ဒဝ = လွန်စွာကပ်ရပ်နှိပ်စက်တတ်သော ဥပါဒ်မျိုးဟု ရှုပါ။

**(၁၈) ဘယတော** – အလုံးစုံသော ဘေးတို့၏ ဖြစ်ပေါ်ရာဘေးတွင်းသဖွယ် ဖြစ်သောကြောင့်လည်းကောင်း၊ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း၊ ဘယ = ချမ်းသာမရောပြန့်ပြော ကြီးမားသည့် ဘေးမျိုးသာတည်းဟု ရှုပါ။

**(၁၉) ဤတိတော** – များစွာသော ပျက်စီးခြင်း (ဗျသန) တို့ကို ဆောင်တတ် သောကြောင့် ဤတိ = ထိတ်လန့်စဖွယ် ဘေးအန္တရာယ်သာတည်းဟု ရှုပါ။

**(၂၀) ဥပသဂ္ဂတော** – များစွာသောအကျိုးမဲ့တို့ အစဉ်လိုက်ပါသောကြောင့် လည်းကောင်း၊ ရာဂ အစရှိသော အပြစ် ဒေါသနှင့် ကပ်ငြိလူးလဲသောကြောင့် လည်းကောင်း၊ ပူးကပ်သော အမှောင့်ပယောဂကဲ့သို့ပင် လက်ခံရန် မထိုက်သော ကြောင့် လည်းကောင်း၊ ဥပသဂ္ဂ = ကပ်ငြိသော အနှောင့်အယှက်ဟု ရှုပါ။

**(၂၁) အတာဏတော** – ဖြစ်ပြီး မပျက်ရန် မစောင့်ရှောက်တတ်သောကြောင့် လည်းကောင်း၊ အေးငြိမ်းခြင်းကို ရနိုင်ရာ မဟုတ်သောကြောင့်လည်းကောင်း၊ အတာဏ = မစောင့်ရှောက်တတ်သည့်သဘောဟု ရှုပါ။

**(၂၂) အလေဏတော** – မှီကပ်ပုန်းအောင်းခြင်းငှာ မထိုက်သောကြောင့် လည်းကောင်း၊ မှီကပ်ပုန်းအောင်းသောသူတို့အားလည်း ပုန်းအောင်းရာကိစ္စကို မပြုတတ်သောကြောင့်လည်းကောင်း၊ အလေဏ = ပုန်းအောင်းရာမဟုတ်ဟု ရှု ပါ။

**(၂၃) အသရဏတော** – မှီခိုလာသောသူတို့အား ဘေးကိုပယ်ဖျောက်တတ် သည့်သဘော မရှိသောကြောင့် အသရဏ = ကိုးကွယ်ရာမဟုတ်ဟု ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



**(၂၄) ဝဓကတော** – မိတ်ဆွေယောင်ဆောင်သော ရန်သူကဲ့သို့ အကျွမ်းဝင်သူကို အယုံသွင်း၍ သတ်တတ်သောကြောင့် ဝဓကံ = သူသတ်သမားနှင့်တူသည်ဟု ရှုပါ။

**(၂၅) အဃမူလတော** – မကောင်းမှု အကုသိုလ်၏ အကြောင်းရင်းဖြစ်သောကြောင့် အဃမူလံ = မကောင်းမှု၏ အမြစ်အရင်းဟု ရှုပါ။

**(၂၆) အာဒီနဝတော** – ခန္ဓာ ၅–ပါး၏ အနိစ္စစသော အခြင်းအရာအားဖြင့် မပြတ်ဖြစ်ခြင်းဟူသော ဝဋ်ဒုက္ခဖြစ်သောကြောင့်လည်းကောင်း၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမဓမ္မဟူသော အပြစ်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အာဒီနဝ = ဆိုးဝါးညစ်ကျူအပြစ်ဟု ရှုပါ။

တစ်နည်းကား ခိုကိုးရာမဲ့ အထီးကျန်သူဆင်းရဲနှင့်တူသောကြောင့် အာဒီနဝံ = အထီးကျန်သူဆင်းရဲနှင့်တူ၏ဟု ရှုပါ။

**(၂၇) သာသဝတော** – ရုပ်နာမ်တို့၏ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဟူသည့် ကိလေသာဝဋ်ကား အာသဝေါတရားတို့တည်း။ ရုပ်နာမ်တို့သည် အာသဝေါတရားလျှင် နီးသောအကြောင်း ရှိသောကြောင့် သာသဝံ = အာသဝေါတရားတို့၏ အစီးအပွားသာဖြစ်သည်ဟု ရှုပါ။

**(၂၈) မာရာမိသတော** – သေခြင်းတရားဟူသော မစ္စုမာရ်၊ ကိလေသာဟူသော ကိလေသမာရ်တို့၏ စားဖတ်ဝါးဖတ် (ဝါ) သုံးသပ်နင်းနယ်ရာဖြစ်သောကြောင့် မာရာမိသံ = မစ္စုမာရ်, ကိလေသမာရ်တို့၏ စားဖတ်ဝါးဖတ်ဖြစ်သည်ဟု ရှုပါ။

**(၂၉) ဇာတိဓမ္မတော** – ဖြစ်ခြင်းသဘောရှိသောကြောင့် ဇာတိ = ဖြစ်ခြင်းသဘောရှိသည်ဟု ရှုပါ။

**(၃၀) ဇရာဓမ္မတော** – အိုခြင်း, ဆုတ်ယုတ်ခြင်းသဘောရှိသောကြောင့်၊ ဇရံ = အိုခြင်း, ဆုတ်ယုတ်ခြင်းသဘောရှိ၏ဟု ရှုပါ။

**(၃၁) ဗျာဓိဓမ္မတော** – နာခြင်းသဘော ရှိသောကြောင့် ဗျာဓိ = နာခြင်းသဘောရှိ၏ဟု ရှုပါ။

**(၃၂) သောကဓမ္မတော** – စိုးရိမ်ပူပန်ခြင်းသဘောရှိသောကြောင့် သောကံ = စိုးရိမ်ပူပန်ခြင်းသဘောရှိ၏ဟု ရှုပါ။

**(၃၃) ပရိဒေဝဓမ္မတော** – ငိုကြွေးမြည်တမ်းခြင်းသဘောရှိသောကြောင့် ပရိဒေဝံ = ငိုကြွေးခြင်းသဘောရှိ၏ဟုရှုပါ။

**(၃၄) ဥပါယာသဓမ္မတော** – ပြင်းစွာပူပန်ခြင်းသဘောရှိသောကြောင့် ဥပါယာသံ = ပြင်းစွာပူပန်ခြင်းသဘောရှိ၏ဟု ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



(၃၅) **သံကိလေသခမ္မတော** – တဏှာ(ဆာလောင်မှု)၊ ဒိဋ္ဌိ(မှားသောအယူ)၊ ဒုစရိုက် (မကောင်းသောအကျင့်) ဟူသော ညစ်ညူးကြောင်း ကိလေသာတို့၏ အာရုံသဘောဖြစ်သောကြောင့် သံကိလေသခမ္မံ = ကိလေသာတို့၏ စွဲမှီရာအာရုံ သဘော(ဝါ) တဏှာ၊ ဒိဋ္ဌိ၊ ဒုစ္စရိုတတို့ကို ပွားစည်းစေတတ်သောသဘောဟု ရှုပါ။

## (ဂ) အနတ္တလက္ခဏာ ၅-ချက်

(၃၆) **သုညတော** – သာမိ = ခန္ဓာအိမ်၏ ပိုင်ရှင်၊ နိဝါသိ = ခန္ဓာအိမ်ထဲ၌ အမြဲနေသူ၊ ကာရက = ပြုလုပ်တတ်သောသူ၊ ဝေဒက = ခံစားတတ်သောသူ၊ အဓိဋ္ဌာယက = စီမံခန့်ခွဲတတ်သောသူဟု ထင်မှတ်ရသော အတ္တမှကင်းဆိတ်လေ သောကြောင့် သုညံ = အတ္တမှ ဆိတ်သုဉ်း၏ဟု ရှုပါ။

(၃၇) **အနတ္တတော** – မိမိကိုယ်တိုင်လည်း သာမိ = ခန္ဓာအိမ်၏ ပိုင်ရှင် စသည်မဟုတ်သောကြောင့် အနတ္တာ – အတ္တကောင်မဟုတ်ဟု ရှုပါ။

(၃၈) **ပရတော** – ဒုက္ခမဖြစ်ပါစေနှင့်၊ သုခသာ ဖြစ်ပါစေ စသည်ဖြင့် အလို ဆန္ဒအတိုင်း မဖြစ်သောကြောင့်လည်းကောင်း၊ မအို၊ မနာ၊ မသေရန် မစီမံ မခန့်ခွဲ နိုင်သောကြောင့်လည်းကောင်း၊ ပရံ = ပြင်ပသူစိမ်းနှင့်တူ၏ဟု ရှုပါ။

(၃၉) **ရိတ္တတော** – ဗာလပုထုဇဉ်တို့ ကြံစည်ယူဆထားသည့်အတိုင်း ခိုင်မြဲသည်၏ အဖြစ် (ဓုဝ)၊ တင့်တယ်သည်၏ အဖြစ် (သုဘ)၊ ချမ်းသာသည်၏ အဖြစ် (သုခ) တို့နှင့်တကွ အတ္တဟူသောအဖြစ်တို့မှ ကင်းဆိတ်သောကြောင့် ရိတ္တံ = ဓုဝ၊ သုဘ၊ သုခ၊ အတ္တ ဟူသော အနှစ်သာရဟူသမျှတို့မှ ကင်းဆိတ်သည်ဟု ရှုပါ။

(၄၀) **တုစ္ဆတော** – ရုပ်နာမ်တို့သည် ဓုဝ၊ သုဘ၊ သုခ၊ အတ္တ ဟူသည့်အနှစ်သာရတို့ ကင်းဆိတ်နေသည့်အတွက် အချည်းနှီးသာ ဖြစ်ကြ၏။ တစ်နည်းကား ရုပ်နာမ်တို့သည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားရှိကြသော်လည်း သက်တမ်း အလွန်တရာ တိုတောင်းလှသဖြင့် အနည်းငယ်ကလေးမျှသာ ဖြစ်ကြရ၏။ လောက၌ အနည်းငယ်ကိုလည်း အချည်းနှီးဟု ဆိုကြ၏။ ထို့ကြောင့် တုစ္ဆံ= အနှစ်သာရမမှီး အချည်းနှီးသာတည်း(ဝါ) သေးနုပ်ညံ့ဖျင်း အချည်းနှီးတည်းဟု ရှုပါ။

ယောဂီသည် အထက်ပါ တော ၄၀– ရှုကွက်ကို

(၁) ရံခါ ရုပ်သက်သက်ကိုလည်းကောင်း၊

(၂) ရံခါ နာမ်သက်သက်ကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၃) ရုပ်ခါ ရုပ်နှင့်နာမ် အတွဲလိုက်ကိုလည်းကောင်း လက္ခဏာယာဉ် အသီးသီး တင်၍–

(၁) အနိစ္စဟုလည်းကောင်း၊ ပလောက, စလ, ပဘင်္ဂု စသည်ဖြင့် လည်းကောင်း၊

(၂) ဒုက္ခဟုလည်းကောင်း၊, ရောဂ, အဃ, ဂဏ္ဍ စသည်ဖြင့်လည်းကောင်း၊

(၃) အနတ္တဟုလည်းကောင်း၊ သုည, ပရ, ရိတ္တဟုလည်းကောင်း၊

ဤသို့စသည်ဖြင့် ရှုသွားပါ။ ခန္ဓာ ၅–ပါးနည်းနှင့်လည်း ရှုပါ။

ခန္ဓာ၅–ပါးနည်းဟူသည်မှာ စောစောက ခန္ဓာ ၅–ပါး၌လက္ခဏာ၃–ချက် တစ်လှည့်စီတင်၍ ရှုခဲ့သည်ကို အနိစ္စလက္ခဏာ ၁၀–ချက်၊ ဒုက္ခလက္ခဏာ ၂၅–ချက်၊ အနတ္တလက္ခဏာ ၅–ချက်တင်၍ အကျယ်ရှုသွားရန်ဖြစ်သည်။

ရှေးဦးစွာ ပစ္စုပ္ပန်ဘဝ၌ ၆–ဒွာန၊ ၄၂–ကောဋ္ဌာသရှိ ရူပက္ခန္ဓာကို အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့်၊ အနိစ္စံ, ပလောကံ, စလံ, အဒ္ဓုဝံ စသည်ဖြင့် အနိစ္စလက္ခဏာ ၁၀–ချက် စေ့အောင် တစ်ချက်စီရှုပါ။

ပစ္စုပ္ပန်ဘဝ၌ အာယတန·ဒွါရ ၆–လိုင်းစလုံးတွင် အကောင်းအုပ်စု, မကောင်းအုပ်စု ဝေဒနာက္ခန္ဓာကို အဇ္ဈတ္တတစ်လှည့်, ဗဟိဒ္ဓတစ်လှည့်၊ အနိစ္စံ, ပလောကံ စသည်ဖြင့် တစ်လုံးစီ ရှုပါ။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ အသီးသီးကိုလည်း နည်းတူရှုပါ။

ထို့နောက်တစ်ဖန် အတိတ်ဘဝအဆက်ဆက် – ပစ္စုပ္ပန်ဘဝ – အနာဂတ်ဘဝ အဆက်ဆက်ရှိ ခန္ဓာ ၅–ပါးကို အနိစ္စံ၊ ပလောကံ၊ စလံ စသည်ဖြင့် တစ်လုံးစီ ရှုပါ။

ဤကား တော ၄၀ မှ အနိစ္စတောရှုကွက်များတည်း။ ဒုက္ခတောရှုကွက်များနှင့် အနတ္တတောရှုကွက်များကိုလည်း နည်းတူဆက်ရှုပါ။ ဒုက္ခတောရှုကွက်များတွင် ဒုက္ခံ, ရောဂံ, အဃံ, ဂဏ္ဍံ, သလ္လံ, အာဗာဓံ စသည်ဖြင့် ဒုက္ခလက္ခဏာ ၂၅–ချက်ကို ၁–ချက်စီတင်ရှုပါ။

အနတ္တတောရှုကွက်များတွင်လည်း သုညံ၊ အနတ္တာ၊ ပရံ၊ ရိတ္တံ၊ တုစ္ဆံဟူ၍ အနတ္တလက္ခဏာ ၅–ချက်ကို ၁–ချက်စီ တင်ရှုပါ။

ဤသို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်အတိုင်း ကျင့်သုံးခဲ့သော်ပညာဘာဝနာ ပြည့်စုံနိုင်ပေ၏။ မပြည့်စုံခဲ့သော် ရုပ်တရားများ သိမ်းဆည်းသည်မှ စ၍ တစ်ဖန်ပြန်ရှုပါ။ မပြည့်စုံသေးလျှင် ရူပသတ္တက, အရူပ သတ္တကရှုနည်းများကို ပြောင်းရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁။ ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးတရားများကို ဝိပဿနာရှုနည်း

ပစ္စုပ္ပန်ဘဝကိုဗဟိုပြု၍ ပဋိစ္စသမုပ္ပါဒ် ပထမနည်းအရ အတိတ်ဘဝ,ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝတို့အတွက် အကြောင်းတရားများနှင့် အကျိုးတရားများကို ရှာဖွေပြီး၊ ထိုကြောင်းကျိုးတရားတို့၏ ဖြစ်ပျက်ကို မြင်အောင်ကြည့်ကာ လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်လျက် ဝိပဿနာရှုပါ။ ရှုမှတ်နေသည့်အခါတွင် ပရမတ္ထဓာတ်သားသို့ အမြင်ဆိုက်အောင် ဉာဏ်မျက်စိဖြင့် ထိုးထွင်းလျက် ယနအသီးသီး ပြိုနေပါစေ။

ရှုကွက်နမူနာပုံစံများမှာ–

* အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏။
  အဝိဇ္ဇာလည်း ဖြစ်ပျက်–အနိစ္စ၊ သင်္ခါရလည်း ဖြစ်ပျက်–အနိစ္စ။
* သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏။
  သင်္ခါရလည်း ဖြစ်ပျက်–အနိစ္စ၊ ဝိညာဏ်လည်း ဖြစ်ပျက်–အနိစ္စ။
* ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်၏။
  ဝိညာဏ်လည်း ဖြစ်ပျက်–အနိစ္စ၊ နာမ်ရုပ်လည်း ဖြစ်ပျက်–အနိစ္စ။
* နာမ်ရုပ်ဖြစ်ခြင်းကြောင့် သဠာယတန ဖြစ်၏။
  နာမ်ရုပ်လည်း ဖြစ်ပျက်–အနိစ္စ၊ သဠာယတနလည်း ဖြစ်ပျက်–အနိစ္စ။
* သဠာယတနဖြစ်ခြင်းကြောင့် ဖဿဖြစ်၏။
  သဠာယတနလည်း ဖြစ်ပျက်–အနိစ္စ၊ ဖဿလည်း ဖြစ်ပျက်–အနိစ္စ။
* ဖဿဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။
  ဖဿလည်း ဖြစ်ပျက်–အနိစ္စ၊ ဝေဒနာလည်း ဖြစ်ပျက်– အနိစ္စ။
* ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဖြစ်၏။
  ဝေဒနာလည်း ဖြစ်ပျက်–အနိစ္စ၊ တဏှာလည်း ဖြစ်ပျက်–အနိစ္စ။
* တဏှာဖြစ်ခြင်းကြောင့် ဥပါဒါန်ဖြစ်၏။
  တဏှာလည်း ဖြစ်ပျက်–အနိစ္စ၊ ဥပါဒါန်လည်း ဖြစ်ပျက်–အနိစ္စ။
* ဥပါဒါန်ဖြစ်ခြင်းကြောင့် ကမ္မဘဝဖြစ်၏။
  ဥပါဒါန်လည်း ဖြစ်ပျက်–အနိစ္စ၊ ကမ္မဘဝလည်း ဖြစ်ပျက်–အနိစ္စ။
* ကမ္မဘဝဖြစ်ခြင်းကြောင့် ဥပပတ္တိဘဝဖြစ်၏။
  ကမ္မဘဝလည်း ဖြစ်ပျက်–အနိစ္စ၊ ဥပပတ္တိဘဝလည်း ဖြစ်ပျက်–အနိစ္စ။
* ဥပပတ္တိဘဝဖြစ်ခြင်းကြောင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဥပပတ္တိဘဝလည်း ဖြစ်ပျက်–အနိစ္စ။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့လည်းဖြစ်ပျက်–အနိစ္စ။

အစ္ဈတ္တဥ္စရှုပြီးသည့်အခါ ဗဟိဒ္ဓဥ္စလည်း အလားတူပင် အနိစ္စတင်၍ရှုပါ။

အထက်ပါနည်းအတိုင်း အနိစ္စအစား ဒုက္ခဟု တင်၍ရှုပါ။

အထက်ပါအတိုင်း အနိစ္စအစား အနတ္တဟု တင်၍ရှုပါ။

အတိတ်ဘဝ အဆက်ဆက်မှစ၍ ပစ္စုပ္ပန်ဘဝ၊ ထိုနောက် အနာဂတ်ဘဝ အဆက်ဆက်သို့ နည်းတူပင် လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ရှုပါ၊

**၁၂။ ရူပသတ္တကရှုနည်း**(ဝိသုဒ္ဓိ၊ ၂၊ ၂၅၃–၂၆၁)

ရုပ်ကို ၇–မျိုးသော အခြင်းအရာအားဖြင့် သုံးသပ်၍ လက္ခဏာ ၃–ပါ တင်ရှုပုံကို ဖော်ပြပါအံ့၊ ရုပ်ကို အမျိုးမျိုးပိုင်းခြား၍ အသေးစိတ်ရှုနည်းဖြစ်၏

### (၁) အာဒါနနိက္ခေပနရုပ်ရှုနည်း

အာဒါန=ယူခြင်းဟူသည် ပဋိသန္ဓေတည်း။ နိက္ခေပန=ပစ်ချခြင်းဟူသည် စုတိတည်း။ သို့အတွက် ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ရုပ်တရားတို့ကိုအနိစ္စ ဒုက္ခ, အနတ္တ တစ်လှည့်စီရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ တစ်လှည့်စီရှုပါ။

### (၂) ဝယောဝုဍ္ဍတ္ထင်္ဂမရုပ် ရှုနည်း

အရွယ်ရင့်ချုပ်ခြင်း၏ အစွမ်းဖြင့် ရုပ်ကိုသုံးသပ်ပုံမှာ–

ပစ္စုပ္ပန်ဘဝ၏

(၂–၁) အနှစ် ၁၀၀ ကို ၃ ပုံပုံ၍ လည်းကောင်း (၃၃ နှစ်စီ)

(၂–၂) အနှစ် ၁၀၀ ကို ၁၀ ပုံပုံ၍လည်းကောင်း (၁၀ နှစ်စီ)

(၂–၃) အနှစ် ၁၀၀ ကို ၂၀ ပုံပုံ၍လည်းကောင်း (၅ နှစ်စီ)

(၂–၄) အနှစ် ၁၀၀ ကို ၂၅ ပုံပုံ၍လည်းကောင်း (၄ နှစ်စီ)

(၂–၅) အနှစ် ၁၀၀ ကို ၃၃ ပုံပုံ၍လည်းကောင်း (၃ နှစ်စီ)

(၂–၆) အနှစ် ၁၀၀ ကို ၅၀ ပုံပုံ၍လည်းကောင်း (၂ နှစ်စီ)

(၂–၇) အနှစ် ၁၀၀ ကို ၁၀၀ ပုံပုံ၍လည်းကောင်း (၁ နှစ်စီ)

(၂–၈) အနှစ် ၁၀၀ ကို ၃၀၀ ပုံပုံ၍လည်းကောင်း (၁ ဥတုစီ)

(၂–၉) အနှစ် ၁၀၀ ကို ၆၀၀ ပုံပုံ၍လည်းကောင်း (၂ လစီ)

(၂–၁၀) အနှစ် ၁၀၀ ကို ၂၄၀၀ ပုံပုံ၍လည်းကောင်း (၁ ပက္ခ=၁၅ ရက်စီ

ထိုအပုံအတွင်းဖြစ်ပေါ်နေသော ရုပ်တရားတို့ကို အသီးသီး လက္ခဏာ ယာဉ် ၃–ချက်တစ်လှည့်စီတင်၍ရှုပါ။ ၁–ပုံ၌ရှိသော ရုပ်တရားသည် နောက် ၁–ပုံသို့ ပြောင်းရွှေ့မသွားပုံကိုလည်း သဘောပေါက်အောင် ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁–ရက်အတွင်း၌ရှိသော ရုပ်တရားတို့ကို–

(၂–၁၁) နေ့နှင့်ညဉ့်ခွဲလျက် ၂–ပုံ ပုံ၍လည်းကောင်း၊

(၂–၁၂) နေ့၌ နံနက်၊ နေ့လယ်၊ ညနေဟူ၍ ၃–ပုံ ပုံ၍လည်းကောင်း၊

(၂–၁၃) ညဉ့်၌ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံဟု ၃–ပုံ ပုံ၍ လည်းကောင်း၊

(၂–၁၄) တစ်ရက်ကို ၆– ပုံ ပုံ၍လည်းကောင်း၊

ထိုအတွင်းရှိရုပ်တရားများကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီ တင်၍ရှုပါ။ ထို့နောက်–

(၂–၁၅) ရှေ့သို့တက်ရာ၌ ဖြစ်နေသော ရုပ်တရား၊

(၂–၁၆) နောက်သို့ဆုတ်ရာ၌ဖြစ်နေသော ရုပ်တရား၊

(၂–၁၇) တည့်တည့်ကြည့်ခိုက်၌ဖြစ်ပေါ်နေသော ရုပ်တရား၊

(၂–၁၈) စောင်းငဲ့ကြည့်ခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရား၊

စသည်တို့ကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ရှုပါ။ နေ့ရက်တိုင်းကို တစ်ရက်ပြီး တစ်ရက် စုတိတိုင်အောင် ရှုသွားရမည်။

ထို့နောက်တစ်ဖန် ထိုတစ်နေ့တာအတွင်း ရှေ့သို့တက်ခိုက်စသည့် ထိုထို အခိုက်အတန့်တို့၌ (ဣရိယာပထပိုင်း၊ သမ္ပဇဉ်ပိုင်းတို့နှင့် ဆိုင်သော ရှုကွက် အားလုံးကို ရည်ညွှန်းသည်။)

(၂–၁၉) မြေမှ ခြေကို ကြွချီမြှောက်ပင့်စဉ် ဖြစ်ပေါ်နေသော ရုပ်တရား၊

(၂–၂၀) ကြွချီပြီးသော ခြေကို ရပ်နေသည့် ခြေသို့ တိုင်အောင် ရှေ့သို့ ဆောင်ယူစဉ် ဖြစ်သော ရုပ်တရား၊

(၂–၂၁) ရပ်ထားသော ခြေကို လွှဲဖယ်လျက် ရှေ့သို့ဆောင်ခိုက်၌ ဖြစ်သော ရုပ်တရား (တစ်နည်း– ခလုတ်၊ သစ်ငုတ်စသည်ကို ရှောင်လွှဲခိုက်၌ ဖြစ်သော ရုပ်တရား)၊

(၂–၂၂) ရှေ့သို့ ကျော်လွန်အောင် ယူဆောင်ပြီးသောခြေကို အောက်သို့ လွှတ်ချသည့်အခိုက်၌ဖြစ်သော ရုပ်တရား၊

(၂–၂၃) ထိုခြေကို မြေကြီး၌ ချထားစဉ်ဖြစ်ပေါ်နေသော ရုပ်တရား၊

(၂–၂၄) တစ်ဖန် ထိုခြေကို နောက်လှမ်းမည့်ခြေ မကြွခင် မြေကိုဖိနင်း လိုက်သည့်အခိုက်၌ ဖြစ်ပေါ်သည့် ရုပ်တရား၊

ထိုသို့ "ကြွ၊ ဆောင်၊ လွှဲ၊ လွှတ်၊ ချ၊ ဖိ" အခိုက်အတန့် ၆–မျိုး၌ ဖြစ်ပေါ်နေ သော ရုပ်တရားတို့ကို အသီးသီး လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ပြလျှင် အကောင်ထင်" ဟူဘိသို့ တစ်နေ့ တစ်နေ့တာအတွင်း ထိုထို ဣရိယာပထ, သမ္ပဇဉအခိုက်အတန့်များ၌ ဖြစ်ပေါ်သော ရုပ်များကို လက္ခဏာ ယာဉ်တင်၍ ဝိပဿနာရှုရန် ညွှန်ကြားနေခြင်း ဖြစ်သည်။

**(၃) အာဟာရမယရုပ် ရှုနည်း**

(၃–၁) ဆာလောင်သောအခါ၌ ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သော စတုသန္တတိရုပ်၊

(၃–၂) အစာစားပြီး၍ အစာဝသောအခါဖြစ်သော စတုသန္တတိရုပ်၊

တစ်နေ့တာအတွင်း ထိုအချိန်အခါ ၂–မျိုး၌ ဖြစ်သော ရုပ်တရားတို့ကို အသီးသီး လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုပါ။

**(၄) ဥတုမယရုပ်ရှုနည်း**

တစ်နေ့ တစ်နေ့တာအတွင်း၌–

(၄–၁) ပူသည့်အခါ၌ဖြစ်သော စတုသန္တတိရုပ်တရား၊

(၄–၂) အေးသည့်အခါ၌ဖြစ်သော စတုသန္တတိရုပ်တရား၊

တို့ကို လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။

**(၅) ကမ္မဇရုပ်ရှုနည်း**

တစ်နေ့ တစ်နေ့တာအတွင်း၌

(၅–၁) စက္ခုဒွါရ–မျက်စိ၌ဖြစ်သော ရုပ် ၅၄–မျိုး၊

(၅–၂) သောတဒွါရ–နား၌ဖြစ်သော ရုပ် ၅၄–မျိုး၊

(၅–၃) ဃာနဒွါရ–နှာ၌ဖြစ်သော ရုပ် ၅၄–မျိုး၊

(၅–၄) ဇိဝှာဒွါရ–လျှာ၌ဖြစ်သော ရုပ် ၅၄–မျိုး၊

(၅–၅) ကာယဒွါရ–ကိုယ်၌ဖြစ်သော ရုပ် ၄၄–မျိုး၊

(၅–၆) မနောဒွါရ–နှလုံး၌ဖြစ်သော ရုပ် ၅၄–မျိုး၊

အသီးသီးတို့ကို ဒွါရတစ်ခုမှ တစ်ခုသို့ ပြောင်းရွေ့ခြင်းမရှိဘဲ ထိုထိုဒွါရ အတွင်း၌ပင် ဖြစ်ပျက်နေမှုသဘောတို့ကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ လက္ခဏာ ယာဉ် ၃–ချက်တစ်လှည့်စီတင်၍ရှုပါ။

**(၆) စိတ္တသမုဋ္ဌာနရုပ်ရှုနည်း**

တစ်နေ့တစ်နေ့တာအတွင်း၌

(၆–၁) သောမနဿသိတ–ဝမ်းမြောက်ခိုက်ဖြစ်သော စတုသန္တတိရုပ်တရား

(၆–၂) ဒေါမနဿသိတ–စိတ်ဆိုးခိုက်, ဝမ်းနည်းခိုက်စသည်၌ ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



စတုသမုဋ္ဌာနိကရုပ်တရားတို့ကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့် စီတင်၍ ဝိပဿနာရှုပါ။

**(၇) ဓမ္မတာရုပ်ရှုနည်း**

ဓမ္မတာရုပ်ဟူသည်မှာ သတ္တဝါတို့၏ သန္တာန်မှအပဖြစ်သော ဣန္ဒြေတို့နှင့် မစပ်သော သက်မဲ့ရုပ်များဖြစ်ကြ၏။ သံ, ကြေး, သလွဲဖြူ(ဗင်), သလွဲမည်း(ခဲ), ရွှေ, ငွေ, ပုလဲ, ပတ္တမြား, မြောင်မျက်ရွဲ, ခရုသင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်, ရေ, မြေ, ကျောက်,တောင်, မြက်ပင်, သစ်ပင်, နွယ်ပင် စသည်တို့ကို ဉာဏ်အလင်းဖြင့် ထိုးစိုက်၍ ခတ်ကြိုး ၄–ပါးရှုပါ။ ရုပ်ကလာပ်မှုန်များ ဖြစ်လာသောအခါ ခတ်ခွဲ၍ ဥတုဇအဋ္ဌက ကလာပ်မှ ရုပ် ၈–မျိုး၊ သဒ္ဒနဝက ကလာပ်မှ ရုပ် ၉–မျိုးတို့ကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ရှုပါ။

**မှတ်ချက်။** ။ အမှတ်စဉ်(၁)မှ(၆)အထိသော ရုပ်တရားများမှာ သက်ရှိလောကဥ္စရှိသည့် ရုပ်တရားများ ဖြစ်ကြ၏။ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနတို့၌ ရှုပါ။ အမှတ်စဉ်(၇)ဓမ္မတာရုပ်ကား သက်မဲ့ဖြစ်၏။ ဗဟိဒ္ဓသက်မဲ့လောက၌သာ ရှုပါ။

## ၁၃။ အရူပသတ္တကရှုနည်း

နာမ်တရားကို ၇–မျိုးသော အခြင်းအရာအားဖြင့် သုံးသပ်ရှုပွားပုံကို ဆက်လက် ဖော်ပြပါအံ့။

**(၁) ကလာပ=ပေါင်းစုခြုံ၍ရှုနည်း**

ရူပသတ္တကရှုနည်း၌ ဖော်ပြခဲ့သော ၇–ဌာန၌ရှိသည့် ရုပ်တို့ကို ၇–ဌာန မခွဲခြားတော့ဘဲ တစ်ပေါင်းတည်းပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ တစ်လှည့်စီတင်၍ ရှုပါ။

ထိုအနိစ္စဟု ရှုနေသော စိတ်ကို နောက်စိတ်ဖြင့် တစ်ဖန်ပြန်၍ အနိစ္စဟု လည်းကောင်း၊ ဒုက္ခဟုလည်းကောင်း၊ အနတ္တဟုလည်းကောင်း ရှုပါ။

တစ်ဖန် ထို ၇–ဌာနရှိရုပ်တို့ကို တစ်ပေါင်းတည်းပြု၍ ဒုက္ခဟုရှုနေသော စိတ်ကို နောက်စိတ်ဖြင့် တစ်ဖန်ပြန်၍ အနိစ္စဟုလည်းကောင်း၊ ဒုက္ခဟု လည်းကောင်း၊ အနတ္တဟုလည်းကောင်း ရှုပါ။

တစ်ဖန် ထို ၇–ဌာနရှိရုပ်တို့ကို တစ်ပေါင်းတည်းပြု၍ အနတ္တဟု ရှုနေသော စိတ်ကို နောက်စိတ်ဖြင့် တစ်ဖန်ပြန်၍ အနိစ္စဟု လည်းကောင်း၊ ဒုက္ခဟု လည်းကောင်း၊ အနတ္တဟုလည်းကောင်း ရှုပါ။

ဝိပဿနာရှုသော စိတ်သည် (ပုထုဇဉ်နှင့် သေက္ခများအတွက်) မဟာကုသိုလ်ဇောစိတ်များဖြစ်ပြီး ဝိပဿနာဇောနောင်တဒါရုံမကျဟုဆို၏။(အဘိ၊

www.burmeseclassic.com

www.burmeseclassic.com



ဋ၊၂၊၃၈၈၊၁၄၇)။ တရုဏဝိပဿနာ=နုသောဝိပဿနာရှုမှု၌ တဒါရုံကျနိုင်သည်ဟူသော အဆိုလည်း ရှိ၏။ ယောဂီကိုယ်တိုင် လက်တွေ့ရှုမှတ်ခြင်းဖြင့် စစ်ဆေးကြည့်နိုင်သည်။

သို့ဖြစ်၍ ဝိပဿနာရှုသော မနောဒွါရိကစိတ်အစဉ်မှာ–

| | မနောဒွါရာဝဇ္ဇန်း ၁ ကြိမ်၊ | ဇော ၇–ကြိမ်ဖြစ်၏။ |
|---|---|---|
| ဉာဏ်ယှဉ်ပီတိယှဉ် | ၁၂ | ၃၄ |
| ဉာဏ်ယှဉ် ပီတိမယှဉ် | ၁၂ | ၃၃ |
| ဉာဏ်မယှဉ် ပီတိယှဉ် | ၁၂ | ၃၃ |
| ဉာဏ်မယှဉ် ပီတိမယှဉ် | ၁၂ | ၃၂ |

သို့အတွက် 'စိတ်' ဟူသော စကားရပ်၌ ယှဉ်ဖက်စေတသိက်များပါ ပါဝင်သည်ဟု မှတ်ပါ။ ထိုယှဉ်ဖက်စေတသိက်များနှင့်တကွ မနောဒွါရိကဝီထိစိတ်အစဉ်တစ်ခုလုံးကို အနိစ္စဟုရှုသောစိတ်၊ ဒုက္ခဟုရှုသောစိတ်၊ အနတ္တဟုရှုသောစိတ်၊ ပထမစိတ်၊ ဒုတိယစိတ်ဟူ၍ ဧကတ္တနည်းအားဖြင့် ခေါ်ဝေါ်သုံးစွဲထားပါသည်။ နောက်ရှုကွက်များ၌လည်း နည်းတူရှုမှတ်ပါ။

## (၂) ယမက=အစုံအားဖြင့် ရှုနည်း

အာဒါနနိက္ခေပနရုပ်ကို အနိစ္စဟုရှုပြီး ထိုရှုသောစိတ်ကို နောက်စိတ်ဖြင့် အနိစ္စဟုလည်းကောင်း၊ ဒုက္ခဟုလည်းကောင်း၊ အနတ္တဟုလည်းကောင်း ရှုပါ၊ ထိုရုပ်ကို ဒုက္ခဟုရှုသောစိတ်၊ အနတ္တဟု ရှုသောစိတ်အသီးသီးကိုလည်း အလားတူပင် လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ရှုပါ။

ဝယောဝုဒ္ဓတ္ထင်္ဂမရုပ်၊ အာဟာရမယရုပ်၊ ဥတုမယရုပ်၊ ကမ္မဇရုပ်၊ စိတ္တသမုဋ္ဌာနရုပ်၊ ဓမ္မတာရုပ်အသီးသီးကို အနိစ္စဟု၊ ဒုက္ခဟု၊ အနတ္တဟုရှုသော စိတ်အသီးသီးကိုလည်း လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ရှုပါ။

(ကလာပနည်း၌ ၇–ဌာနရှိရုပ်တို့ကို တစ်ပေါင်းတည်းပြု၍ ရှု၏။ ယမကနည်း၌ ၁–ဌာနစီ ခွဲ၍ရှု၏။ ဤမျှသာထူး၏။)

## (၃) ခဏိက=ခဏမျှတည်သောအားဖြင့် ရှုနည်း

အာဒါနနိက္ခေပနရုပ်ကို အနိစ္စဟုရှု၍ (၁) ထိုရှုသော ပထမစိတ် (ပထမ မနောဒွါရိကဝီထိ) ကို ဒုတိယစိတ် (ဒုတိယမနောဒွါရိကဝီထိ)ဖြင့်၊ (၂) ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ (၃) တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်၊ (၄) စတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့် အနိစ္စဟုရှုပါ၊ ဒုက္ခဟုရှုပါ၊ အနတ္တဟု ရှုပါ။

အာဒါနနိက္ခေပနရုပ်ကို ဒုက္ခဟု...အနတ္တဟု ရှုရာအသီးသီး၌လည်း အလား

www.burmeseclassic.com



တူပင် ရှေ့စိတ်အသီးသီးကို နောက်စိတ်အသီးသီးဖြင့် အနိစ္စဟုရှုပါ၊ ဒုက္ခဟု ရှုပါ၊ အနတ္တဟုရှုပါ။

**(၄) ပဋိပါဋိ = အစဉ်အတန်းအားဖြင့် ရှုနည်း**

အာဒါနနိက္ခေပနရုပ်ကို အနိစ္စဟုရှုပြီး–

(၁) ထိုရှုသော ပထမစိတ်ကို ဒုတိယစိတ်ဖြင့်၊ (၂) ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ (၃) တတိယစိတ်ကို စတုတ္ထစိတ်ဖြင့် ၊ ပ ။ (၁၀) ဒသမစိတ် (၁၀–ခုမြောက် စိတ်) ကို ဧကာဒသမစိတ် (၁၁–ခုမြောက်စိတ်) ဖြင့် အနိစ္စဟု အဆင့်ဆင့် ရှုပွားသုံးသပ်၏၊ ဒုက္ခဟု အဆင့်ဆင့်ရှုပွားသုံးသပ်၏၊ အနတ္တဟု အဆင့်ဆင့် ရှုပွားသုံးသပ်၏။

အာဒါနနိက္ခေပနရုပ်ကို ဒုက္ခဟု ရှုပွားသုံးသပ်ရာ အနတ္တဟု ရှုပွားသုံးသပ်ရာ အသီးသီး၌လည်း နည်းတူရှုပါ။

ဝယောဝုဍ္ဎတ္ထင်္ဂမ – ရုပ်စသည်တို့၌လည်း နည်းတူပင်ရှုပါ။

**(၅) ဒိဋ္ဌိဥဂ္ဃါဋနဲ – ဒိဋ္ဌိကို ခွာသောအားဖြင့် ရှုနည်း**

သင်္ခါရတရားတို့ကို အနတ္တသဘောအားဖြင့် တွင်တွင်ရှုပါ။ ဤသို့ရှုသော် ဒိဋ္ဌိကို ခွာနိုင်၏။ အနိစ္စာနုပဿနာဉာဏ်နှင့် ဒုက္ခာနုပဿနာဉာဏ်တို့၏ အားပေး ထောက်ပံ့မှုကို ရရှိသော အနတ္တာနုပဿနာဉာဏ်သည် ဒိဋ္ဌိကို ပယ်ခွာနိုင်၏။

**(၆) မာနဥဂ္ဃါဋနဲ–မာနကို ခွာသောအားဖြင့် ရှုနည်း**

သင်္ခါရတရားတို့ကို အနိစ္စသဘောအားဖြင့် တွင်တွင်ရှုပါ။ ဤသို့ရှုသော် မာနကို ပယ်ခွာနိုင်၏။ ဒုက္ခာနုပဿနာဉာဏ်နှင့် အနတ္တာနုပဿနာဉာဏ်တို့၏ အားပေးထောက်ပံ့မှုကို ရရှိသော အနိစ္စာနုပဿနာဉာဏ်သည် မာနကို ပယ်ခွာနိုင်၏။

**(၇) နိကန္တိပရိယာဒါနဲ– ငြိကပ်သော တဏှာကုန်အောင် ရှုနည်း**

သင်္ခါရတရားတို့ကို ဒုက္ခသဘောအားဖြင့် တွင်တွင်ရှုပါ။ ဤသို့ရှုသော် သိမ်မွေ့သော တဏှာဖြစ်သည့် နိကန္တိကို ကုန်စေနိုင်၏။ အနိစ္စာနုပဿနာဉာဏ်နှင့် အနတ္တာနုပဿနာဉာဏ်တို့၏ အားပေးထောက်ပံ့မှုကို ရရှိသော ဒုက္ခာနုပဿနာဉာဏ်သည် တဏှာကို ကုန်စေနိုင်၏။ ထိုဉာဏ်ကြောင့် တဏှာမဖြစ်တော့ချေ။

**သတိပြုရန်** – သင်္ခါရတရားတို့ကို အနတ္တသက်သက် ရှုရုံမျှဖြင့် အနတ္တာနုပဿနာဉာဏ်က ဒိဋ္ဌိကို မခွာနိုင်ပါ။ ဒုက္ခသက်သက်ရှုရုံမျှဖြင့်လည်း ဒုက္ခာ

www.burmeseclassic.com

www.burmeseclassic.com



နုပဿနာဉာဏ်က တဏှာကို မကုန်စေနိုင်ပါ။ အနိစ္စသက်သက်ရှုရုံမျှဖြင့်လည်း အနိစ္စာနုပဿနာဉာဏ်က မာနကို မခွာနိုင်ပါ။ အနုပဿနာဉာဏ်တစ်ခုက် ကျန်အနုပဿနာဉာဏ် ၂–ခုတို့က အားပေးထောက်ပံ့မှသာလျှင် ဆိုင်ရာအနုပဿနာဉာဏ်က ဆိုင်ရာကိလေသာကို ပယ်ခွာနိုင်ပါသည်။

(ဝိသုဒ္ဓိ၊ ၂၊ ၂၆၂–၂၆၄။ မဟာဋီ၊ ၂၊ ၄၁၅–၄၁၆)

**ပစ္စယာကာရဖြစ်ပြီ** – ရူပသတ္တကရှုနည်းနှင့်အရူပသတ္တကရှုနည်းတို့ကို အဇ္ဈတ္တ–ဗဟိဒ္ဓ ၂–ဌာနတို့၌ အဝါးဝစွာ နိုင်နိုင်နင်းနင်း ရှုပွားနိုင်ခဲ့သော် ရုပ်ကမ္မဋ္ဌာန်းနှင့် နာမ်ကမ္မဋ္ဌာန်းတို့ကို အဝါးဝစွာ လေ့လာနိုင်နင်းပြီးဖြစ်ပေသတည်း။

(ဝိသုဒ္ဓိ၊ ၂၊ ၂၆၄)

ဖားအောက်တောရယောဂီများသည် တော ၄၀ ရှုကွက်၊ ရူပသတ္တက ရှုကွက်၊ အရူပသတ္တကရှုကွက်တို့ကို ရှုမှတ်သွားရာ၌ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့သည် တစ်ဆင့်ပြီးတစ်ဆင့် ပိုပို၍ ရှင်းလင်းလာကြောင်း ထင်ပေါ်လာကြောင်း ပြောဆိုကြကုန်၏။

## သမ္မသနဉာဏ် တစ်ဖက်ကမ်းခတ်ပြီ

အတိတ်, ပစ္စုပ္ပန်, အနာဂတ်၌ ရှိကြသော ရုပ်နာမ်သင်္ခါရတရားတို့ကို လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ တွင်တွင်ကြီးရှုနိုင်လာသည့်အခါ ပစ္စုပ္ပန်ရုပ်သက်သက်ကို လည်းကောင်း၊ နာမ်သက်သက်ကိုလည်းကောင်း၊ ရုပ်နာမ်တွဲ၍ လည်းကောင်း၊ လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ တစ်ဖန်ပြန်ရှုပါ။ ရုပ်နာမ်တို့၏ ခဏပစ္စုပ္ပန်သို့ဆိုက်အောင် တွင်တွင်ကြီး ရှုပါ။

ထိုသို့ရှုပြီးသော် အတိတ်မှစ၍ အနာဂတ်သို့တိုင်အောင်–

(၁) ရုပ်သက်သက်ကိုလည်းကောင်း၊ (၂) နာမ်သက်သက်ကိုလည်းကောင်း၊ (၃) ရုပ်နာမ်တွဲ၍လည်းကောင်း၊ အနိစ္စ ၁–ခေါက်၊ ဒုက္ခ ၁–ခေါက်၊ အနတ္တ ၁–ခေါက် အနည်းဆုံးပေါက်အောင်ရှုပါ။

ထို့နောက် အကောင်းဆုံးရှုနိုင်သော လက္ခဏာကို ဦးစားပေး၍ အဖန်ဖန် အထပ်ထပ်ရှုပါ။

ဖြစ်မှုပျက်မှုတရားများက အလွန့်အလွန် လျှင်လျှင်မြန်မြန် ဉာဏ်ဝ၌ ထင်လာခဲ့သော် **သမ္မသနဉာဏ်** တစ်ဖက်ကမ်းခတ်ပြီဖြစ်၏။

ထိုအခါ မဟာဝိပဿနာ ၁၈–ပါးတို့တွင် တစ်စိတ်တစ်ဒေသကို ထိုးထွင်းသိပြီး ဆိုင်ရာ ဆန့်ကျင်ဘက်တရားတို့ကို ပယ်နိုင်ပြီဖြစ်၏။ ယင်းတို့ကား–

www.burmeseclassic.com

www.burmeseclassic.com



(၁) မမြဲဟုရှုသော အနိစ္စာနုပဿနာကို ပွားများစေခဲ့သည်ဖြစ်၍ မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို ပယ်၏။

(၂) ဆင်းရဲဟုရှုသော ဒုက္ခာနုပဿနာကို ပွားများစေခဲ့သည်ဖြစ်၍ ချမ်းသာသည်ဟု ထင်မှတ်သော သုခသညာကို ပယ်၏။

(၃) အတ္တမဟုတ်ဟု ရှုသော အနတ္တာနုပဿနာကို ပွားများစေခဲ့သည်ဖြစ်၍ အတ္တကောင်ဟု ထင်မှတ်သော အတ္တသညာကို ပယ်၏။

(၄) မြဲသည့်အရိပ်နိမိတ်ပုံဟန်ကင်းသည်ကို ရှုသော အနိမိတ္တာနုပဿနာကိုလည်း ပွားများစေခဲ့သည်ဖြစ်၍ မြဲသည့်အရိပ်နိမိတ်ထင်ခြင်းကို ပယ်၏။

(၅) တောင့်တဖွယ်ကင်းသည်ကိုရှုသော အပ္ပဏိဟိတာနုပဿနာကိုလည်း ပွားများစေခဲ့သည်ဖြစ်၍ တောင့်တတတ်သော တဏှာကို ပယ်၏။

(၆) အတ္တမှ ဆိတ်သုဉ်းသည်ကို ရှုသော သုညတာနုပဿနာကိုလည်း ပွားများစေခဲ့သည်ဖြစ်၍ အတ္တကောင်ဟု သက်ဝင်နှလုံးသွင်းခြင်းကို ပယ်၏။

အနိစ္စာနုပဿနာနှင့် အနိမိတ္တာနုပဿနာတို့သည်လည်းကောင်း၊ ဒုက္ခာနုပဿနာနှင့် အပ္ပဏိဟိတာနုပဿနာတို့သည်လည်းကောင်း၊ အနတ္တာနုပဿနာနှင့် သုညတာနုပဿနာတို့သည်လည်းကောင်း အနက်တူကြပြီး သဒ္ဒါမျှသာ ထူးသည်ဟု ပဋိသမ္ဘိဒါမဂ်၌ ဖော်ပြထား၏။ ထို့အပြင်–

(၇) ဟုတ်တိုင်းမှန်စွာ သိမြင်သော ယထာဘူတ ဉာဏ်အမြင်ကို ပွားများစေခဲ့ပြီးဖြစ်၍ ပြင်းစွာတွေဝေခြင်းကို ပယ်၏။

ကြွင်းသည့် မဟာဝိပဿနာသညာတို့ကိုလည်း တစ်စိတ်တစ်ဒေသအားဖြင့် ထိုးထွင်း၍သိပြီးဖြစ်ကုန်၏။ သို့အတွက် ဥဒယဗ္ဗယဉာဏ်စခန်းသို့ တက်လှမ်းရန် အဆင်သင့်ဖြစ်ပါလေပြီ။

## ဥဒယဗ္ဗယဉာဏ်စခန်း

ဥဒယဗ္ဗယဉာဏ်ဟူသည်မှာ ရုပ်နာမ်ကြောင်းကျိုးတရားတို့၏ ဥဒယ = ဖြစ်ခြင်းနှင့် ဝယ = ပျက်ခြင်းတို့ကို လက္ခဏာ၃–ပါးနှင့်တကွ ပိုင်းပိုင်းခြားခြား သိသောဉာဏ်ဖြစ်၏။

ပြီးခဲ့သော သမ္မသနဉာဏ်ပိုင်းတွင် ရုပ်တရား နာမ်တရား၊ အကြောင်းတရား၊ အကျိုးတရားတို့ကို လက္ခဏာယာဉ် ၃–ချက်တင်၍ တစ်လှည့်စီ တွင်တွင်ကြီး ရှုမှတ်နိုင်ရန် လေ့ကျင့်ခဲ့ပြီးဖြစ်၏။ ယခုတစ်ဖန် ထိုရုပ်နာမ်သင်္ခါရတရားတို့ကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဝိပဿနာတွင်တွင်ရှုပါဦး။

www.burmeseclassic.com

www.burmeseclassic.com



### ၁၄။ ခဏပစ္စုပ္ပန်ဆိုက်အောင် ဝိပဿနာရှုနည်း

ခဏပစ္စုပ္ပန်ဟူသည်မှာ နာမ်တရားတို့၏ ဥပါဒ်အခိုက်၊ ဌီအခိုက်၊ ဘင် အခိုက် အသီးသီးကို ဆိုလို၏။ ထိုဥပါဒ်၊ ဌီ၊ ဘင် ခဏငယ်အခိုက်များ၌ ရှိကြသော ရုပ်တရား, နာမ်တရားများကို ဉာဏ်မျက်စိဖြင့် ထိုးထွင်း၍မြင်အောင်ကြည့်ရှုပြီး လက္ခဏာယာဉ် ၃ – ချက်တင်၍ ရှုပွားခြင်းကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဝိပဿနာရှုခြင်း မည်ပေ၏။

အဇ္ဈတ္တ၌ ရုပ်တရားသက်သက်ကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် လက္ခဏာ ယာဉ် ၃–ချက် တစ်လှည့်စီ တင်၍ရှုပါ။ ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။

အဇ္ဈတ္တ၌ နာမ်တရားသက်သက်ကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် လက္ခဏာ ယာဉ် ၃–ချက်တစ်လှည့်စီတင်၍ ရှုပါ။ ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။

အဇ္ဈတ္တ၌ ရုပ်နာမ်တရားကို ပူးတွဲလျက် ခဏပစ္စုပ္ပန်သို့ဆိုက်အောင် လက္ခ ဏာ ယာဉ် ၃–ချက် တစ်လှည့်စီတင်၍ရှုပါ။ ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။

ခဏပစ္စုပ္ပန်သို့ဆိုက်အောင် တွင်တွင်ကြီး ရှုမှတ်နိုင်သောအခါ အတိတ် အဆက်ဆက်မှ အနာဂတ်အဆက်ဆက်သို့တိုင်အောင်–

(၁) ရုပ်သက်သက်ကိုလည်းကောင်း၊
(၂) နာမ်သက်သက်ကိုလည်းကောင်း၊
(၃) ရုပ်နှင့်နာမ်ကို ပူးတွဲ၍လည်းကောင်း၊

အနိစ္စ ၁–ခေါက်၊ ဒုက္ခ ၁–ခေါက်၊ အနတ္တ ၁–ခေါက်ရှုပါ။ အနည်းဆုံး ၁–ခေါက်စီပေါက်အောင်ရှုပြီးသော် ရှု၍အကောင်းဆုံးဖြစ်သည့် လက္ခဏာကို ဦးစားပေးလျက် အဖန်ဖန်ရှုပါ။ ရုပ်နာမ်တရားတို့၏ ဖြစ်မှုပျက်မှုတို့က အလွန် လျင်မြန်စွာ ဉာဏ်ဝ၌ ထင်လာကြသည့်အခါ ဥဒယဗ္ဗယဉာဏ်ပိုင်း အကျယ်ရှု ပွားနည်းသို့ ပြောင်းရှုနိုင်ပြီ ဖြစ်သည်။

## ဥဒယဗ္ဗယဉာဏ်ပိုင်း အကျယ်ရှုပွားနည်း

### ၁၅။ သမုဒယဓမ္မာနုပဿီ

(ဥဒယဒဿန = အဖြစ်သက်သက်ရှုနည်း)

ပဋိစ္စသမုပ္ပါဒ်ပဉ္စမနည်းဖြင့် အတိတ်ဘဝအဆက်ဆက်မှ အနာဂတ်ဘဝ အဆက်ဆက်သို့တိုင်အောင် ကြောင်းကျိုးဆက်၍ ရှုရန်ဖြစ်သည်။ ရှေးဦးစွာ ဉာဏ်၌ထင်အောင် အကြောင်းအကျိုးစပ်လျက် အဖြစ်ကို မြင်အောင်ကြည့်ပြီး အောက်ပါအတိုင်း ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



ရူပက္ခန္ဓာအတွက်–

(၁) အဝိဇ္ဇာဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။

(၂) တဏှာဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။

(၃) ဥပါဒါန်ဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။

(၄) သင်္ခါရဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။

(၅) ကံဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။ (ကမ္မဇရုပ်၏ ဖြစ်ခြင်းသဘော)

(၆) စိတ်ဖြစ်ခြင်းကြောင့် စိတ္တဇရုပ်ဖြစ်၏။ (စိတ္တဇရုပ်ဖြစ်ခြင်းသဘော)

(၇) ဥတုဖြစ်ခြင်းကြောင့် ဥတုဇရုပ်ဖြစ်၏။ (ဥတုဇရုပ်ဖြစ်ခြင်းသဘော)

(၈) အာဟာရဖြစ်ခြင်းကြောင့် အာဟာရဇရုပ်ဖြစ်၏။ (အာဟာရဇရုပ်ဖြစ်ခြင်းသဘော)

ပဋိသန္ဓေဝေဒနာက္ခန္ဓာအတွက်–

(၁) အဝိဇ္ဇာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

(၂) တဏှာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

(၃) ဥပါဒါန်ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

(၄) သင်္ခါရဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

(၅) ကံဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

(၆) ဝတ္ထုဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

(၇) အာရုံ (မရဏာသန္နနိမိတ်) ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

(၈) ဖဿ (၃၄–ဝေဒနာ = ၃၃) ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။ (ဝေဒနာ၏ ဖြစ်ခြင်းသဘော)

ပဋိစ္စသမုပ္ပါဒ်–ပဉ္စမနည်း ဇယားများကို ကြည့်၍ ကျန်နာမ်ခန္ဓာတို့၌လည်း နည်းတူရှုပါ။ အာယတနဒွါရအလိုက် ဖြစ်ပေါ်နေကြသော ၆–လိုင်းစလုံးမှ ဝီထိစိတ်အသီးသီးတို့၏ နာမ်ခန္ဓာများကိုလည်းကောင်း၊ ဘဝင်နာမ်ခန္ဓာများကိုလည်းကောင်း ကုန်စင်အောင် ရှုပါ။

## ၁၆။ ဝယဓမ္မာနုပဿီ

(ဝယဒဿန = အပျက်သက်သက်ရှုနည်း)

အဝိဇ္ဇာစသော အကြောင်းတရားများဖြစ်ခြင်းကြောင့် ရုပ်စသော အကျိုးတရားများ၏ ဖြစ်ပုံကို ဉာဏ်မျက်စိဖြင့် ထင်ထင်လင်းလင်း သိမြင်ပြီးသော ယောဂီသည် အဝိဇ္ဇာစသော အကြောင်းတရားတို့ ချုပ်ခြင်းကြောင့် ရုပ်စသော အကျိုးတရားတို့ ချုပ်ငြိမ်းပုံကိုလည်း အနာဂတ်သို့ လှမ်းမျှော်၍ ဉာဏ်ဖြင့်ကြည့်ပါက လွယ်ကူစွာ သဘောပေါက်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရုပ်နာမ်တရားတို့သည်လည်းကောင်း၊ အကျိုးရုပ်နာမ်တရားတို့သည်လည်းကောင်း၊ ဖြစ်ပြီးလျှင် ပျက်တတ်သောသင်္ခါရတရားတို့သာ ဖြစ်ကြ၏။ ထိုသင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲဖြစ်ပျက်နေမှု(ဝါ) "ဖြစ်–ချုပ်သော" ကို **ဥပ္ပါဒနိရောဓ** ဟု ခေါ်၏။ အကြောင်းတရားတို့က အဆက်ဆက်ကျေးဇူးပြုနေသမျှကာလပတ်လုံး အကျိုးတရားတို့၏ ဖြစ်ချုပ်မှုသည် အဆက်မပြတ် ဖြစ်နေမည်သာတည်း၊ ဤသို့ချုပ်ပျက်ပြီးနောက် နောက်ကြောင်းမကုန်သေးသဖြင့် ထပ်မံ၍ချုပ်ရမည့်သဘောကို ဥပ္ပါဒနိရောဓ(ဝါ)**ခဏိကနိရောဓ** ဟု ခေါ်ပါသည်။

မဂ်ဉာဏ်အဆင့်ဆင့်တို့သည် ဆိုင်ရာကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်ကြကုန်၏။ ပယ်သတ်ပြီးသော ထိုကိလေသာတို့သည် ရုပ်နာမ်ခန္ဓာအစဉ်၌ နောက်ထပ်တစ်ဖန် ဖြစ်ပေါ်ခွင့်မရှိတော့ချေ။ ဤသို့ နောက်ထပ် တစ်ဖန်ပြန်ဖြစ်နိုင်ခြင်းမရှိအောင် အကြွင်းမဲ့ အပြီးအပြတ် ချုပ်ငြိမ်းမှုကို **အနုပ္ပါဒနိရောဓ** ဟု ခေါ်၏။

အဝိဇ္ဇာစသော အကြောင်းတရားတို့သည် အရဟတ္တမဂ်ဉာဏ်၏ အစွမ်းဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းပြီးသည့်နောက်၌ အကျိုးဖြစ်သော ရုပ်နာမ်တရားတို့သည် ပရိနိဗ္ဗာနစုတိနောက်တွင် တစ်ဖန်ဖြစ်ပေါ်ခွင့်မရှိတော့ချေ။ ဤသည်လည်း အနုပ္ပါဒနိရောဓပင်တည်း။

ယောဂီပုဂ္ဂိုလ်သည် မိမိရရှိမည့် အနာဂတ် အရဟတ္တမဂ်သို့တိုင်အောင် အနာဂတ်သို့ ဉာဏ်စေလွှတ်၍ အနုပ္ပါဒနိရောဓသဘောကို မြင်အောင်ကြည့်ရှုပါ။ အကြောင်းတရားများ ချုပ်ခြင်းကြောင့် အကျိုးတရားများ ချုပ်ပုံကို ဉာဏ်ဖြင့်မြင်သည့်အခါ အောက်ပါရှုကွက်များကို ဆက်ရှုပါ။

ရူပက္ခန္ဓာအတွက်–

(၁) အဝိဇ္ဇာချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓ)

(၂) တဏှာချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓ)

(၃) ဥပါဒါန်ချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓ)

(၄) သင်္ခါရချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓ)

(၅) ကံချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓ)

အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့၌ ကမ္မဇရုပ်တို့၏ ခဏမစဲချုပ်ပျက်နေခြင်းသဘောကား ဥပ္ပါဒနိရောဓ ဖြစ်၏။

(၆) စိတ်ချုပ်ခြင်းကြောင့် စိတ္တဇရုပ်ချုပ်၏။ (အနုပ္ပါဒနိရောဓ)

www.burmeseclassic.com

www.burmeseclassic.com



(အဇ္ဈတ္တ–ဗဟိဒ္ဓတို့၌) စိတ္တဇရုပ်တို့၏ ချုပ်ပျက်နေခြင်းသဘော (ဥပ္ပါဒနိရောဓ)

(၇) ဥတုချုပ်ခြင်းကြောင့် ဥတုဇရုပ် ချုပ်၏။(အနုပ္ပါဒနိရောဓ) (အဇ္ဈတ္တ–ဗဟိဒ္ဓတို့၌) ဥတုဇရုပ်တို့၏ ချုပ်ပျက်နေခြင်းသဘော (ဥပ္ပါဒနိရောဓ)

(၈) အာဟာရချုပ်ခြင်းကြောင့် အာဟာရဇရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓ) (အဇ္ဈတ္တ – ဗဟိဒ္ဓတို့၌) အာဟာရဇရုပ်တို့၏ ချုပ်ပျက်နေခြင်းသဘော (ဥပ္ပါဒနိရောဓ)

ဤရှုကွက်၌ ယောဂီသည် အနုပ္ပါဒနိရောဓနှင့် ဥပ္ပါဒနိရောဓတို့ကို ကွဲကွဲပြားပြား မြင်သိအောင် ရှုရမည်။ နာမ်ခန္ဓာများကိုလည်း အလားတူရှုပါ။ အာယတန ဒွါရအလိုက် ၆–လိုင်းစလုံး စိတ္တက္ခဏတိုင်း၌ ခန္ဓာ ၅–ပါးဖွဲ့၍ အကောင်းအုပ်စု, မကောင်းအုပ်စုများကို စေ့စုံအောင် အဇ္ဈတ္တ–ဗဟိဒ္ဓ ၂–ဌာနလုံး၌ တစ်လှည့်စီ ရှုပါ။

## ၁၇။ သမုဒယ-ဝယဓမ္မာနုပဿီ

(ဥဒယ – ဝယဒဿန = ဖြစ်ပျက်ကိုရှုနည်း)

အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ၊ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ပုံတို့ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား, အကျိုးတရား ၂–ရပ်လုံးကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုရမည်ဟု ဝိသုဒ္ဓိမဂ်(၂၊ ၂၆၇)၊ မဟာသတိပဋ္ဌာနသုတ်နှင့် အဋ္ဌကထာ(မ၊ ဋ္ဌ၊ ၁၊ ၂၈၁) တို့၌ ညွှန်ကြားထား၏၊ ဤညွှန်ကြားချက်နှင့်အညီ အကြောင်းအကျိုးစပ်ပြီး အောက်ပါအတိုင်းရှုပါ။

ရူပက္ခန္ဓာအတွက်–

(၁) အဝိဇ္ဇာဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။ အဝိဇ္ဇာချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။
အဝိဇ္ဇာဖြစ်ပျက် = အနိစ္စ၊ ကမ္မဇရုပ်ဖြစ်ပျက် = အနိစ္စ။

(၂) တဏှာဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။ တဏှာချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။
တဏှာဖြစ်ပျက် = အနိစ္စ၊ ကမ္မဇရုပ် ဖြစ်ပျက် = အနိစ္စ။

(၃) ဥပါဒါန် ဖြစ်ခြင်းကြောင့် ကမ္မဇရုပ် ဖြစ်၏။ ဥပါဒါန် ချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။
ဥပါဒါန်ဖြစ်ပျက် = အနိစ္စ၊ ကမ္မဇရုပ်ဖြစ်ပျက် = အနိစ္စ။

www.burmeseclassic.com

www.burmeseclassic.com



(၄) သင်္ခါရဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။ သင်္ခါရချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။

သင်္ခါရဖြစ်ပျက် = အနိစ္စ၊ ကမ္မဇရုပ်ဖြစ်ပျက် = အနိစ္စ။

(၅) ကံဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်၏။ ကံချုပ်ခြင်းကြောင့် ကမ္မဇရုပ် ချုပ်၏။

ကံဖြစ်ပျက် = အနိစ္စ၊ ကမ္မဇရုပ်ဖြစ်ပျက် = အနိစ္စ။

(၆) စိတ်ဖြစ်ခြင်းကြောင့် စိတ္တဇရုပ်ဖြစ်၏။ စိတ်ချုပ်ခြင်းကြောင့် စိတ္တဇရုပ် ချုပ်၏။

စိတ်ဖြစ်ပျက် = အနိစ္စ၊ စိတ္တဇရုပ်ဖြစ်ပျက် = အနိစ္စ။

(၇) ဥတုဖြစ်ခြင်းကြောင့် ဥတုဇရုပ်ဖြစ်၏။ ဥတုချုပ်ခြင်းကြောင့် ဥတုဇရုပ် ချုပ်၏။

ဥတုဖြစ်ပျက် = အနိစ္စ၊ ဥတုဇရုပ်ဖြစ်ပျက် = အနိစ္စ။

(၈) အာဟာရဖြစ်ခြင်းကြောင့် အာဟာရဇရုပ်ဖြစ်၏။ အာဟာရချုပ်ခြင်းကြောင့် အာဟာရဇရုပ်ချုပ်၏။

အာဟာရဖြစ်ပျက် = အနိစ္စ၊ အာဟာရဇရုပ်ဖြစ်ပျက် = အနိစ္စ။

ဤသို့ အနိစ္စဟုရှုပြီးသည့်နောက် ဒုက္ခဟုတစ်လှည့်၊ အနတ္တဟုတစ်လှည့် တင်ရှုပါ။ နာမ်ခန္ဓာများ၌လည်း နည်းတူလက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ ရှုပါ။

ပဋိစ္စသမုပ္ပါဒ်– ပဉ္စမနည်း၌ ဖော်ပြခဲ့သည့်အတိုင်း အာယတနဒွါရအလိုက် ၆–လိုင်းရှိ စိတ္တက္ခဏတိုင်း၌ ခန္ဓာ ၅–ပါး ဖွဲ့ကာ အကြောင်းအကျိုး စပ်ပြီး လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ရှုပါ။ ပဋိသန္ဓေခန္ဓာ ၅–ပါး၊ ဘဝင် ခန္ဓာ ၅–ပါးတို့ကိုလည်း ပုံစံတူရှုပါ။ အတိတ်အဆက်ဆက်, ပစ္စုပ္ပန်, အနာဂတ် အဆက်ဆက်သို့တိုင်အောင် အဇ္ဈတ္တနှင့် ဗဟိဒ္ဓ ၂–ဌာနစလုံး၌ ရှုပါ။ ကိလေသာ ဝဋ်ချင်း တူညီသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကို တစ်စုထား၍လည်းကောင်း၊ ကမ္မဝဋ်ချင်း တူညီသော သင်္ခါရ, ကံတို့ကို တစ်စုထား၍လည်းကောင်း ဤသို့ ၂–စု ခွဲ၍လည်း ရှုလိုက ရှုနိုင်၏။ ဤအကြောင်းတရားတို့ကို ရှုရာ၌ ပထမ အတိတ်အကြောင်းတရားများ ဖြစ်လျှင် ပထမအတိတ် မနောအကြည်၌ စိတ် စိုက်၍ ယင်းအကြောင်းတရားတို့၏ ဖြစ်ပျက်–အနိစ္စသဘောကို မြင်အောင် ကြည့်ပြီးရှုပါ။ အတိတ်အဆက်ဆက်၊ အနာဂတ်အဆက်ဆက်၌လည်း နည်းတူ ရှုပါ။

ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တို့သည်

www.burmeseclassic.com

www.burmeseclassic.com



မနောဒွါရာဝဇ္ဇန်း၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊
၁၂ ၂၀ ၁၂

ပုံစံဖြင့် အများအားဖြင့် ဖြစ်ကြ၏။ လောဘ-ဒိဋ္ဌိအုပ်စုဖြစ်၏။ မိမိနှင့် ဆိုင်သော ပုံစံကို ရှုပါ။ ဤဝီထိအတွင်း စိတ္တက္ခဏတိုင်း၌ရှိသော နာမ်တရားတို့၏ ဖြစ်ပျက်-အနိစ္စသဘောကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဉာဏ်ဖြင့်မြင်အောင် ကြည့်ပြီးရှုပါ။

တစ်ဖန် သင်္ခါရနှင့် ကံအကြောင်းတရားတို့သည်-

မနောဒွါရာဝဇ္ဇန်း၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊
၁၂ ၃၄ ၃၄

ပုံစံဖြင့် အများအားဖြင့်ဖြစ်ကြ၏။ မိမိနှင့်ဆိုင်သော ပုံစံကို ရှုပါ။ ဤဝီထိအတွင်း စိတ္တက္ခဏတိုင်း၌ရှိသော နာမ်တရားတို့၏ဖြစ်ပျက်-အနိစ္စသဘောကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဉာဏ်ဖြင့်မြင်အောင်ကြည့်ပြီး ရှုပါ။

ဤတွင် ကမ္မသတ္တိသည် လက္ခဏာယာဉ် ၃-ချက်တင်၍ မရှုကောင်းသော တရားဖြစ်၏။ သို့အတွက် ကောင်းမှုကံအတွက် ကုသိုလ်စေတနာအုပ်စုကိုပဓာန ထား၍ လက္ခဏာတင်ရှုရမည်ဖြစ်သည်။

## သင်္ခါရနှင့်ကမ္မဘဝတို့၏ထူးခြားချက်

သင်္ခါရနှင့်ကမ္မဘဝတို့၏ ထူးခြားချက်ကို ဝိသုဒ္ဓိမဂ်(၂၊ ၂၁၄-၂၁၅)၌ ဤသို့ ဖော်ပြထား၏။

(၁) ကုသိုလ်ကောင်းမှုမပြုမီ ရှေ့အဖို့၌ဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရ ဖြစ်၏။ ကောင်းမှုပြုဆဲခဏ၌ဖြစ်သော မုဉ္စစေတနာသည် ကမ္မဘဝဖြစ်၏။

(၂) ကံအားထုတ်စဉ်က ဖြစ်ခဲ့သော မနောဒွါရဝီထိများတွင် ပထမဇောမှ ဆဋ္ဌမဇောတိုင်အောင် ဇောစိတ်တို့၌ ယှဉ်သည့် စေတနာတို့ကား သင်္ခါရဖြစ်ကြ၏၊ သတ္တမဇောစေတနာကား ကမ္မဘဝဖြစ်၏။

(၃) ကံကို အားထုတ်စဉ်က ဖြစ်ခဲ့သော စေတနာက ကမ္မဘဝ၊ ယှဉ်ဖက် သမ္ပယုတ်တရားများကား သင်္ခါရဖြစ်၏။

ဤသို့ခွဲခြားသတ်မှတ်ချက်အရ ကံပြုစဉ်က ဖြစ်ခဲ့သော မနောဒွါရိကဝီထိ အတွင်းရှိ ဇော-နာမ်တရားအုပ်စုတို့သည် တစ်နည်းတစ်ဖုံအားဖြင့် ကမ္မဘဝ အမည်ရနိုင်ကြသဖြင့် ယင်းကုသိုလ်စေတနာအုပ်စု (အကုသိုလ်စေတနာအုပ်စု) နာမ်တရားများကိုပင် လက္ခဏာယာဉ်တင်၍ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဥဒယဗ္ဗယအကျယ်ရှုပွားခြင်း၏ အကျိုးတရားများ

အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ၊ အကြောင်းတရားချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံတို့ကို ဉာဏ်ဖြင့်မြင်အောင်ရှုခြင်းသည် **ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းအားဖြင့် ဖြစ်ပျက်ရှုနည်း** မည်၏။

အကြောင်းသင်္ခါရ၊ အကျိုးသင်္ခါရတရားတို့၏ ထိုထိုခဏ၌ ဖြစ်မှုပျက်မှုတို့ကို ထိုထိုခဏပစ္စုပ္ပန်သို့ ဉာဏ်အမြင်ဆိုက်အောင်ရှုခြင်းသည် **ခဏတော ဥဒဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်ပျက်ရှုနည်း** မည်၏။

ထိုသို့ ရုပ်နာမ်ကြောင်းကျိုးသင်္ခါရတရားတို့ကို နည်း ၂-မျိုးဖြင့် လက္ခဏာယာဉ် ၃-ချက်တင်၍ နှလုံးသွင်းရှုပွားခဲ့သော် "ဤသင်္ခါရတရားတို့သည် မူလက မရှိကုန်ဘဲလျက် ရုတ်ခြည်းဖြစ်ပေါ်လာကြကုန်၏။ ဖြစ်ပြီးသည့်နောက် ရုတ်ခြည်း ချုပ်ပျောက်သွားကြကုန်၏" ဟု သိသောအသိဉာဏ်သည် အထူးသဖြင့် သန့်ရှင်းထက်မြက်လာ၏။

ထိုအပြင် (၁) သစ္စာ ၄-ပါး၊ (၂) ပဋိစ္စသမုပ္ပါဒ်သဘောတရား၊ (၃) ကေတ္တစသော အကြောင်းအကျိုးဆက်နည်း ၄-ပါး၊ (၄) လက္ခဏာ ၅-ပါးတို့သည် ယောဂီ၏ အသိဉာဏ်တွင် ထင်ရှားလာကြကုန်၏။

## သစ္စာလေးပါး ထင်ရှားလာပုံ

(၁) အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့်မြင်အောင်ရှုနိုင်သောယောဂီသည် အကျိုးရုပ်နာမ်တရားတို့ကို ဖြစ်ပေါ်စေတတ်ကုန်သော ဇနကအကြောင်းတရားတို့ကို ထိုးထွင်း၍သိမြင်၏။ ထို့ကြောင့် ထိုယောဂီ၏အသိဉာဏ်၌ **သမုဒယသစ္စာ** ထင်ရှားလာ၏။

(၂) ရုပ်နာမ်ကြောင်းကျိုး သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲဖြစ်မှုကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဉာဏ်ဖြင့်ရှုမြင်နိုင်သောယောဂီသည် ဖြစ်ခြင်းဆင်းရဲ (ဇာတိဒုက္ခ) ကို ထိုးထွင်း၍သိမြင်၏။ သို့အတွက် ထိုယောဂီ၏ အသိဉာဏ်၌ ဒုက္ခသစ္စာ ထင်ရှားလာ၏။

(၃) အကြောင်းတရားချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံကို ဉာဏ်ဖြင့်ရှုမြင်နိုင်သောယောဂီသည် အကြောင်းမဖြစ်လျှင် အကြောင်းနှင့်စပ်သော အကျိုးတရား မဖြစ်ခြင်းကို ထိုးထွင်း၍မြင်သိ၏။ သို့အတွက် ထိုယောဂီ၏ အသိဉာဏ်၌ **နိရောဓသစ္စာ** ထင်ရှားလာ၏။

(၄) ရုပ်နာမ်အကြောင်းအကျိုး သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲပျက်မှုကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဉာဏ်ဖြင့်ရှုမြင်နိုင်သော ယောဂီသည် သေပျက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဆင်းရဲ(မရဏဒုက္ခ)ကို ထိုးထွင်း၍သိမြင်၏။ ထို့ကြောင့် ယောဂီ၏အသိ ဉာဏ်၌ **ဒုက္ခသစ္စာ** ပင်လျှင် ထင်ရှားလာ၏။

(၅) အကြောင်းအားဖြင့် ဖြစ်မှုပျက်မှုတို့ကို ရှုမြင်နိုင်ခြင်း၊ သင်္ခါရတရားတို့၏ ခဏမစဲတသဲသဲဖြစ်ပျက်မှုတို့ကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ရှုမြင်နိုင်ခြင်းဟူသော ဥဒယဗ္ဗယဉာဏ်အမြင်တို့သည် သမ္မာဒိဋ္ဌိပင်တည်း။ တစ်နည်းအားဖြင့် သမ္မာဒိဋ္ဌိပြဋ္ဌာန်းသော သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိဟူသော တရားအစုတည်း။ ဤတရားစုကား **လောကီမဂ္ဂသစ္စာ** ပေတည်း။ ဤလောကီမဂ္ဂသစ္စာသည် ရုပ်နာမ်ကြောင်းကျိုးသင်္ခါရတရားတို့ကို မသိအောင် ဖုံးကွယ်ထားတတ်သည့် မောဟအမိုက်မှောင်ကို တဒင်္ဂအားဖြင့် ပယ်သတ်နိုင်၏။ သို့အတွက် ယောဂီအသိဉာဏ်တွင် **မဂ္ဂသစ္စာ** ထင်ရှားလာ၏။

## ပဋိစ္စသမုပ္ပါဒ်သဘောတရားများ ထင်ရှားလာပုံ

(၁) အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံကို ထင်ထင်လင်းလင်း ရှုမြင်ပြီးသော ယောဂီသည် ဤအကြောင်းတရား ထင်ရှားသည်ရှိသော် ဤအကျိုးတရားဖြစ်၏ဟု ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်၏။ သို့အတွက် ထိုယောဂီ၏အသိဉာဏ်တွင် အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏။ ...ဤသို့ ဖြစ်စဉ်အတိုင်း ဟောကြားထားသော **အနုလုံ ပဋိစ္စသမုပ္ပါဒ်** သည် ထင်ရှားလာ၏။

(၂) အကြောင်းတရားချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံကို ထင်ထင်ရှားရှား ရှုမြင်ပြီးသော ယောဂီသည် ဤအကြောင်းတရားချုပ်ငြိမ်းခြင်းကြောင့် ဤအကျိုးတရား ချုပ်ငြိမ်း၏ဟု ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်၏။ သို့အတွက် ထိုယောဂီ၏ အသိဉာဏ်တွင် အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။...ဤသို့ ဟောကြားထားသော **ပဋိလုံ ပဋိစ္စသမုပ္ပါဒ်** သည် ထင်ရှားလာ၏။

(၃) အကြောင်းသင်္ခါရ အကျိုးသင်္ခါရဟူသော ရုပ်နာမ်တို့၏ ခဏမစဲတသဲသဲဖြစ်ပျက်မှုကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ရှုမြင်ပြီးသော ယောဂီသည် ဖြစ်, တည်, ပျက် ဟူသော သင်္ခတလက္ခဏာကို ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်၏။ သို့အတွက် ထိုယောဂီ၏အသိဉာဏ်တွင် အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ကြသော အကျိုးတရားတို့ဟူသည့် **ပဋိစ္စသမုပ္ပန္နဓမ္မ** တို့သည် ထင်ရှားလာကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



သင်္ခတ တရားတို့ကား ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကြ၏၊ အကြောင်းကို စွဲမှီ၍ ဖြစ်ကြ၏။ အကြောင်းတရားများကိုယ်တိုင်က အနိစ္စ, ဒုက္ခ, အနတ္တ တရားများ ဖြစ်ကြသဖြင့် အကျိုးတရားများဖြစ်ကြသည့် ပဋိစ္စသမုပ္ပန္နဓမ္မတို့သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ တရားများ ဖြစ်ကြရ၏ဟု ဆိုလိုပါသတည်း၊

## အကြောင်းအကျိုးဆက်နည်း ၄-ပါး ထင်ရှားလာပုံ

(၁) အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့် ရှုမြင်ခြင်း (ပစ္စယတော ဥဒယဒဿန) ကြောင့် အကြောင်းတရားနှင့် အကျိုးတရားတို့သည် အမြဲဆက်စပ်လျက် ရုပ်နာမ်သန္တာန်အစဉ်ဝယ် အဆက်မပြတ် ဖြစ်နေသည်ကို ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်လာ၏။ ထို့ကြောင့် ရုပ်နာမ်သန္တာန် အစဉ် ၁-ခုတည်းရှိသည်ဟု သိမြင်သော **ဧကတ္တနည်း** သည် ယောဂီ၏ အသိဉာဏ်၌ ထင်ရှားလာ၏။

ဤသို့ အသိဉာဏ်၌ ထင်ရှားလာခဲ့သော် ပြုလုပ်သူကား တစ်ယောက်၊ ခံစားသူကား တစ်ယောက်ဟု လွဲမှားစွာ စွဲယူတတ်သော **ဥစ္ဆေဒ ဒိဋ္ဌိ** ကို သာလွန်ကောင်းမွန်စွာ ပယ်စွန့်နိုင်၏။

(၂) ရုပ်နာမ်သင်္ခါရတရားတို့သည် အကြောင်းအကျိုးဆက်စပ်လျက် ခဏမစဲ တသဲသဲဖြစ်နေသည်ကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဉာဏ်ဖြင့်ရှုမြင်ခြင်း (ခဏတော ဥဒယဒဿန) ကြောင့် ရုပ်နာမ်အစဉ်သည် သန္တတိသဘောအားဖြင့် တစ်ဆက်တည်း မှန်သော်လည်း ဖြစ်မှုပျက်မှုမရှိသော သန္တတိအစဉ်ကား မဟုတ်၊ ဖြစ်,ပျက် သန္တတိအစဉ်သာ ဖြစ်သည်။ ခဏပစ္စုပ္ပန်ဆိုက်အောင် အပျက်ကို မြင်နေသဖြင့် ပရမတ်ဓာတ်သားများမှာ အသီးသီး ၁-ခုစီသာ ဖြစ်သည်။ ရှေးရှေး ရုပ်နာမ်တို့ကား တခြား၊ နောက်နောက်ရုပ်နာမ်တို့ကား တခြားဖြစ်သည်ဟု အသိအမြင် သန့်ရှင်းလာ၏။

ဤသို့ ယောဂီအသိဉာဏ်တွင် အမြင်သန့်ရှင်းလာသဖြင့် **နာနတ္တ** နည်းသည် ပေါ်လွင်ထင်ရှားလာ၏။ သို့ဖြစ်၍ ထိုသူသည်ပင် ပြုလုပ်၏၊ ထိုသူသည်ပင် ခံစား၏ဟု လွဲမှားစွာစွဲယူတတ်သော **သဿတဒိဋ္ဌိ** ကို သာလွန်ကောင်းမွန်စွာ ပယ်စွန့်နိုင်၏။

(၃) အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ၊ အကြောင်းတရားများ ချုပ်ခြင်းကြောင့် အကျိုးတရားများ ချုပ်ငြိမ်းပုံသဘောကို ဉာဏ်ဖြင့် ရှုမြင်ခြင်း (ပစ္စယတော ဥဒယဗ္ဗယဒဿန) ကြောင့် အကြောင်းတရား ထင်ရှားရှိသော် အကျိုးတရားဖြစ်၏။ အကြောင်းတရားမရှိသော် အကျိုးတရားမဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားဘက်၌လည်း အကျိုးတရားတို့ကို ဖြစ်အောင်ပြုလုပ်မည်ဟူသော ဗျာပါရမရှိ၊ အကျိုးတရားဘက်၌လည်း အကြောင်းတရားတို့ ဖြစ်လာခဲ့သော် ငါတို့ဖြစ်မည်ဟု ဗျာပါရမရှိဟု ယောဂီ၏အသိဉာဏ်တွင် အမြင်ရှင်းလာ၏။ ထို့ကြောင့် **အဗျာပါရနည်း** ပေါ်လွင်ထင်ရှားလာ၏။

ထိုအခါ ဖန်ဆင်းရှင်-ပရမအတ္တရှိသည်၊ အဖန်ဆင်းခံရသော ဇီဝအတ္တရှိသည်ဟု လွဲမှားစွာစွဲယူတတ်သော **အတ္တဒိဋ္ဌိ** ကို ယောဂီ၏အသိဉာဏ်က သာလွန် ကောင်းမွန်စွာ ပယ်စွန့်နိုင်၏။

(၄) အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့်ရှုမြင်ခြင်း(ပစ္စယတော ဥဒယဒဿန)ကြောင့် ယောဂီသည် အကြောင်းတရားနှင့် လျော်ညီသော အကျိုးတရားဖြစ်သည်ကို ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်၏။ ထိုအခါ အကျိုးတရားတို့သည် ဖြစ်ချင်သလို ပရမ်းပတာ စည်းကမ်းမဲ့ ဖြစ်နေခြင်း မဟုတ်၊ အကြောင်းအားလျော်ညီစွာသာ ဖြစ်ကြကုန်၏။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ စသော အကြောင်းတရားတို့ကြောင့် အကျိုးတရားဖြစ်ခဲ့သော် ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အကြောင်းနှင့် လျော်သော အကျိုးတို့သာ ဖြစ်ကြ၏။

ထိုအခါ ယောဂီ၏ အသိဉာဏ်တွင် အကြောင်းနှင့်လျော်သော အကျိုးသာ ဖြစ်သည်ဟူသော **ဧဝံဓမ္မတာနည်း** သည် ပေါ်လွင်ထင်ရှားလာ၏။ သို့အတွက် ယောဂီသည် တစ်စုံတစ်ခုကို ပြုသော်လည်း ပြုသည်မမည်ဟူသော အကြောင်းကံကို တားမြစ်သည့် **အကိရိယဒိဋ္ဌိ** ကို သာလွန်ကောင်းမွန်စွာ ပယ်စွန့်နိုင်၏။

## လက္ခဏာ ၅-ပါး ထင်ရှားလာပုံ

(၁) အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံကို ဉာဏ်ဖြင့်ရှုမြင်နိုင်ခြင်း(ပစ္စယတော ဥဒယဒဿန)ကြောင့် အကြောင်းတရား ထင်ရှားရှိ၍သာ အကျိုးတရားဖြစ်ပေါ်သည်၊ အကြောင်းတရားမရှိသော် အကျိုးတရားမဖြစ်၊ သို့အတွက် ဖန်ဆင်းရှင်ပရမတ်အတ္တနှင့် အဖန်ဆင်းခံ ဇီဝအတ္တတို့မရှိနိုင်ဟု ယောဂီ၏အသိဉာဏ်တွင် ထင်ရှားနေ၏။ ဤသို့သိနေသော အသိဉာဏ်သည် အတ္တဆိတ်သုဉ်းခြင်းကို ဖော်ပြနေ၏။ ထို့ကြောင့် **အနတ္တလက္ခဏာ** ထင်ရှားလာ၏။

(၂) ရုပ်နာမ်သင်္ခါရ အကြောင်းအကျိုးတရားတို့၏ ခဏမစဲသတတ်သဲဖြစ်ပျက်မှုသဘောကို ဉာဏ်ဖြင့်ရှုမြင်ခြင်း(ခဏတော ဥဒယဗ္ဗယဒဿန)ကြောင့် သင်္ခတ တရားတို့သည် ဥပါဒ်, ဋ္ဌီ, ဘင်- ဖြစ်, တည်, ပျက်ဟူသော ခဏ ၃-ပါး

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့၏ ရှေ့၌လည်း ထင်ရှားမရှိကုန်၊ နောက်၌လည်း ထင်ရှားမရှိကုန် ဥပါဒ်=ဖြစ်ခြင်းဟူသော အစနှင့် ဘင်=ပျက်ခြင်းဟူသော အဆုံးသာ ရှိကြကုန်၏ဟု ယောဂီ၏အသိဉာဏ်တွင် ပေါ်လွင်ထင်ရှားလာ၏။

ဤသို့သင်္ခတတရားတို့၏ ဖြစ်,ပျက်ဟူသော အစနှင့်အဆုံးရှိမှုကို ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်လာသောအခါ ယောဂီ၏ဉာဏ်၌ **အနိစ္စလက္ခဏာ** လည်း ထင်ရှားလာ၏။

(၃) ယောဂီသည် သင်္ခတတရားတို့၏ဖြစ်ခြင်း,ပျက်ခြင်း ဒဏ်ချက်တို့ဖြင့် တစ်ရံမစဲ အနှိပ်စက်ခံနေရမှုသဘောကို ဉာဏ်ဖြင့်ထိုးထွင်း၍ သိမြင်နေခြင်းကြောင့် သူ၏အသိဉာဏ်တွင် အနိစ္စလက္ခဏာသာမက **ဒုက္ခလက္ခဏာပါ** ထင်ရှားလာပေ၏။

(၄) သင်္ခတ တရားတို့သည် ဖြစ်ခြင်း=ဥပါဒ်နှင့် ပျက်ခြင်း=ဘင်အတွင်း၌သာ တည်နေနိုင်ကြ၏။ ဤသို့သင်္ခတတရားတို့အား ဖြစ်ခြင်း,ပျက်ခြင်း၂-ပါးဖြင့် ပိုင်းခြားထားမှုကို ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နေခြင်းကြောင့် ယောဂီ၏ အသိဉာဏ်တွင် သင်္ခတတရားတို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာသာမက **သဘာဝလက္ခဏာ** သည်လည်း ထင်ရှားလာပေ၏။

(၅) သင်္ခတ တရားတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာအသီးသီးက ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာသည့်အခါ သင်္ခတတရားတို့သည် ဥပါဒ်,ဌီ,ဘင် ဟူသော အလွန်တိုတောင်းသည့်အချိန်ကာလမျှ၌သာ တည်နေနိုင်သည်ဟု ယောဂီ၏ဉာဏ်တွင် ပေါ်လွင်ထင်ရှားလာ၏။

အထက်ပါ အကျိုးတရားများကား ပစ္စယတော ဥဒယဗ္ဗယ ဒဿန - အကြောင်းတရားအားဖြင့် ဖြစ်မှု, ပျက်မှုကို ဉာဏ်ဖြင့်ရှုမြင်ခြင်း၊ ခဏတော ဥဒယဗ္ဗယဒဿန - ခဏအားဖြင့်ဖြစ်မှု,ပျက်မှုကို ဉာဏ်ဖြင့်ရှုမြင်ခြင်းကြောင့် ရရှိအပ်သော အသိထူး ဉာဏ်ထူးများပေတည်း။

## ပစ္စုပ္ပန် ၃-မျိုးနှင့် တရုဏဝိပဿနာဉာဏ်

(၁) **အဒ္ဓါပစ္စုပ္ပန်** - တစ်ဘဝအတွင်း ပဋိသန္ဓေမှ စုတိတိုင်အောင်သော ရုပ်တရား နာမ်တရားတို့ကို အဒ္ဓါပစ္စုပ္ပန်တရားဟု ခေါ်သည်။

(၂) **သန္တတိပစ္စုပ္ပန်** - စက္ခုဒွါရဝီထိစသော ဝီထိစဉ် တစ်ခု တစ်ခုအတွင်းရှိ နာမ်တရားတို့ကို သန္တတိပစ္စုပ္ပန်တရားဟု ခေါ်သည်။ ထို့အပြင် ရုပ်ကလာပ်တစ်ခု၌ရှိသော တေဇောဓာတ်ကြောင့် ၄,၅,၆ ဆင့် စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပွားသော ရုပ်အစဉ် တစ်ခုကို ၁-ဥတုကြောင့်ဖြစ်သော ရုပ်အစဉ်ဟုခေါ်၏။ ထို့

www.burmeseclassic.com

www.burmeseclassic.com



အတူ ရုပ်ကလာပ်တစ်ခု၌ ရှိသော ဩဇာသည် အာဟာရဇဩဇာ၏ အားပေးထောက်ပံ့မှုကို ရရှိသောအခါ ၄, ၅, ၆ ဆင့် စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပွားသော ရုပ်အစဉ် တစ်ခုကိုဖြစ်စေသည်။

ဤသို့ ၁-ဥတုကြောင့်ဖြစ်သော ရုပ်အစဉ်နှင့် ၁ - အာဟာရကြောင့် ဖြစ်သော ရုပ်အစဉ်တို့ကိုလည်း သန္တတိပစ္စုပ္ပန်တရားဟု ခေါ်သည်။

(၃) **ခဏပစ္စုပ္ပန်** - နာမ်တရားတို့၏ ဥပါဒ်, ဋ္ဌီ, ဘင် ဟူသော ခဏငယ် ၃-ချက် (ဝါ) စိတ္တက္ခဏ ၁-ချက်အတွင်း၌ရှိသည့် နာမ်တရားတို့ကို ခဏပစ္စုပ္ပန်တရားများဟု မှတ်ယူထိုက်၏။ ရုပ်တရားတို့၌လည်း ဥပါဒ်, ဋ္ဌီ, ဘင် ခဏငယ် ၃-ချက်အတွင်းရှိ ရုပ်တရားတို့ကို ခဏပစ္စုပ္ပန်ဟု မှတ်ပါ။

ဤတွင် ဝိပဿနာရှုသည့်အခါ **ပစ္စုပ္ပန်တည့်တည့်ရှုရမည်** ဟု ညွှန်ကြားကြရာတွင် မည်သည့်ပစ္စုပ္ပန်တရားကို ရှုရမည်နည်း။ သန္တတိပစ္စုပ္ပန်တရားကို ရှုပါဟု အများအားဖြင့် ညွှန်ကြားကြပေ၏။

ထိုသန္တတိပစ္စုပ္ပန်တရားကို မည်သို့မြင်အောင်ရှုမည်နည်း။ ဥပစာရသမာဓိသို့မဟုတ် ဈာန်သမာဓိနှင့်ယှဉ်သော ဉာဏ်အလင်း၏ အထောက်အပံ့ကို မရဘဲ ရှုမြင်နိုင်ပါမည်လား။

အဘိဓမ္မာသဘောအရ သာမန်လူ ၁-ဦးက အဆင်း ၁-ခုကို မြင်သဖြင့် မြင်မှန်းသိလိုက်သည့်အချိန်၌ စက္ခုဒွါရဝီထိနှင့်တကွ မနောဒွါရဝီထိများစွာ လွန်မြောက်သွားကြလေပြီ။ ဥပမာ လျှပ်စီးဝင်းခနဲလက်သွားသည်ကို သိလိုက်သည့် အချိန်၌ ထိုလျှပ်စီးလက်ခြင်းသည် ဖြစ်ပြီး၍ ချုပ်သွားနှင့်ပေပြီ။ သိပ္ပံသဘောအရပြောလျှင်လည်း လျှပ်စီးမှ အလင်းရောင် စထွက်လာသည့်အချိန်၌ ပင်လျှင် လျှပ်စီးလက်ခြင်းသည် ပြီးမြောက်သွားလေပြီ။ သို့အတွက် လျှပ်စီးလက်ခြင်းကိုမြင်၍ မြင်တယ်ဟုရှုမှတ်ခြင်းသည် ပစ္စုပ္ပန်ကို ရှုမှတ်သည်ဟု ဆိုနိုင်ပါသလော။

ထို့အပြင် လျှပ်စီးဟု သိမှတ်လိုက်သော အသိသည် ပညတ်သိသာဖြစ်၍ ပရမတ်သိ မဟုတ်ချေ။ ထို့အတူပင် သီချင်းသံကို ကြားခိုက်၌ ကြားတယ်ဟု ရှုမှတ်ခြင်းသည် ပစ္စုပ္ပန်ကိုသိခြင်းလည်း မဟုတ်၊ ပရမတ်ကို ကြားသိခြင်းလည်း မဟုတ်ပေ။

စက္ခုအကြည်၌ အဆင်း = ရူပါရုံ ထင်လာသည်မှစ၍ "ဆင်ခြင်, မြင်သိ, လက်ခံ, စုံစမ်း, ဆုံးဖြတ်, (ဇော) ခံစား" ဟူသည့် ဝီထိစိတ်အစဉ်အတန်းနှင့်တကွ စိတ်အသီးသီးတို့၏ ကိစ္စဆောင်ရွက်ချက်များကို မြင်သိသွားမှသာလျှင် သန္တတိ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်ကို မြင်သိသည်၊ ပရမတ်ကိုမြင်သိသည် မည်ပေ၏။ ဤတွင်လည်း စိတ် အသီးသီး၌ ယှဉ်နေသော စေတသိက် တစ်လုံးစီ၏ သဘောလက္ခဏာနှင့် ကိစ္စ ဆောင်ရွက်ချက်အသီးသီးကိုပါ မြင်သိပါမှလည်း နာမ်ဃနပြိုပြီး ပရမတ်ကို မြင် သည်ဟု ဆိုနိုင်၏။

ဒွါရတစ်ခုခု၌ အာရုံထင်နေသည့်အခိုက် (ဋီအဖြစ် တည်နေသည့်အခိုက်) တွင် ထိုအာရုံကို ဝီထိစိတ်အစဉ်ဖြင့် သိသိနေပါမှ သန္တတိပစ္စုပ္ပန်ကို မြင်သိ သည်ဟု ဆိုနိုင်ပေ၏။ ၁–ဥတုကြောင့်ဖြစ်သော ရုပ်အစဉ်အတန်း၊ ၁– အာဟာရ ကြောင့်ဖြစ်သော ရုပ်အစဉ်အတန်း စသည်ကို ရှုမြင်နိုင်ပါမှ သန္တတိပစ္စုပ္ပန်ကို ရှုနိုင်သည်ဟု ဆိုရပေမည်။

ထိုထက်ပို၍ ပစ္စုပ္ပန်တည့်တည့်ရှုမှတ်ရမည်ဆိုလျှင် ခဏပစ္စုပ္ပန်သို့ ဆိုက် အောင် ရှုမှတ်ရမည်ဖြစ်၏။ ကေစိဆရာအချို့က သာဝကများသည် ဝီထိစိတ် အစဉ်များကို မရှုနိုင်၊ ရုပ်ကလာပ်များကို ခွာတ်မခွဲနိုင်၊ စိတ္တက္ခဏ ၁–ခုအတွင်း ရှိ စိတ်စေတသိက် သမ္ပယုတ်တရားများကို မခွဲခြားနိုင်၊ ခဏငယ်တိုင်း ခဏငယ် တိုင်း၌ ရုပ်နာမ်များ ဖြစ်ပျက်နေကြသည်ကို မမြင်သိနိုင်ဟု အယူရှိကြကုန်၏။

ဤအယူအဆများ မမှန်ကန်ကြောင်းကို ကျမ်းဂန်အထောက်အထားများ နှင့် ဖားအောက်တောရယောဂီများ၏ အတွေ့အကြုံတို့က သက်သေထူပြနေကြ ပါသည်။

ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ သန္တတိပစ္စုပ္ပန်၏အစွမ်းအားဖြင့် ရုပ် တရား, နာမ်တရားတို့၏ ဖြစ်ခြင်းသဘော, ပျက်ခြင်းသဘောတို့ကို ဉာဏ်ဖြင့် မြင်အောင် နှလုံးသွင်းရှုပွား၏။ "အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏"...စသည်ဖြင့် ပစ္စယတော ဥဒယဗ္ဗယ = အကြောင်း တရားအားဖြင့် ဖြစ်မှုပျက်မှုတို့ကို နှလုံးသွင်းရှုပွား၏။ ထိုသို့ရှုပွားဖန် များ လတ်သော် ဘာဝနာဉာဏ်အားသည် အဆင့်ဆင့်သန့်ရှင်းထက်မြက်စူးရှလာ၏။

ထိုအခါ အဝိဇ္ဇာစသောအကြောင်းတရားတို့ကြောင့် ရုပ်စသော အကျိုး တရားတို့၏ဖြစ်မှုကို မြင်အောင်ရှုနေခြင်းကိုစွန့်လွှတ်၍ "အဝိဇ္ဇာဖြစ်ခြင်းကြော ရုပ်ဖြစ်၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏။ အဝိဇ္ဇာဖြစ်ပျက်–အနိစ္စ၊ ရု ဖြစ်ပျက်= အနိစ္စ..."စသည်ဖြင့် အကြောင်းခန္ဓာ၊ အကျိုးခန္ဓာတို့ကို ဉာဏ်ဖြ သိမ်းဆည်း၏။ ထိုအခါ အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြ ပုံ၊ အကြောင်းတရားချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံကို ဉာဏ်ဖြင့်ရှုမြ ခြင်း= ပစ္စယတောဥဒယဗ္ဗယဒဿနကို အလေးမူ၍ ခဏအခိုက်အားဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှုပျက်မှုသဘောကို ဉာဏ်ဖြင့်ရှုမြင်ရန် (ခဏတော ဥဒယဗ္ဗယဒဿနနှင့် ပြည့်စုံရန်) နှလုံးသွင်းရှုပွား၏။

ထိုသို့ နှလုံးသွင်းရှုပွားဖန်များလတ်သော် ယောဂီ၏ အသိဉာဏ်သည် ပို၍ ပို၍ သန့်ရှင်းလာ၏၊ ထက်မြက်စူးရှလာ၏၊ ရုပ်တရား နာမ်တရားတို့၏ ခဏ တိုင်း ခဏတိုင်း ဖြစ်မှုပျက်မှုတို့ကို မြင်သိလာ၏။

ထိုအခါ ယောဂီသည် **ဥဒယဗ္ဗယာနုပဿနာ** ဟု အမည်ရသော **တရုဏ ဝိပဿနာ** ဉာဏ်ကို ရရှိပေပြီ။ ထိုယောဂီကို **အာရဒ္ဓဝိပဿနာပုဂ္ဂိုလ်** ဟု ခေါ် ဆိုရပေ၏။

## ဥပက္ကိလေသ ၁၀-ပါး

ယောဂီသည် တရုဏဝိပဿနာဉာဏ် ရရှိသည့်တိုင်အောင်–

(၁) ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်ပျက် ရှုနည်း၊

(၂) ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်ပျက်ရှုနည်း ဟူ သော ဝိပဿနာရှုနည်း ၂–မျိုးတို့ဖြင့် တွင်တွင်ကြီး ရှုနေသည့်အခိုက်၌ဖြစ်စေ၊ ထိုသို့ရှုပြီး၍ နောက်ထပ်တစ်ဖန် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ ခန္ဓာ ၅–ပါးတို့ကို လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ ဝိပဿနာရှုသည့် အခါ၌ဖြစ်စေ၊ ဩဘာသ, ဉာဏ, ပီတိ, ပဿဒ္ဓိအစရှိသော ဥပက္ကိလေသ ၁၀– မျိုးတို့ ဖြစ်ပေါ်လာရိုး ဓမ္မတာရှိ၏။

ဝိပဿနာဘာဝနာကို ညစ်ညူးစေတတ်သော ဥပက္ကိလေသတရား ၁၀– ပါးတို့သည် ကျင့်စဉ်မှန်ကန်၍ ရှေ့လုံ့လ, နောက်လုံ့လစပ်ကာ ပညာဘာဝနာ ကို မပြတ်ပွားများအားထုတ်နေသော အာရဒ္ဓဝိပဿက အမည်ရသည့် ယောဂီ သူတော်စင်တို့၏ သန္တာန်၌ မချွတ်ကောန်ဖြစ်ပေါ်လာမြဲတည်း။ (ဝိသုဒ္ဓိ ၂၊ ၂၆၉)

ထိုဥပက္ကိလေသတို့ကား–

### (၁) ဩဘာသ = အရောင်အလင်း

ထက်မြက်စူးရှသော ဝိပဿနာဉာဏ်နှင့်ယှဉ်သည့် ဝိပဿနာစိတ်ကြောင့် ဖြစ်သော စိတ္တဇဩဇဋ္ဌမက ရုပ်ကလာပ်များတွင် ဝဏ္ဏ ခေါ် ရူပါရုံသည် အလွန် တောက်ပလာ၏။ ယင်းဩဇဋ္ဌမက ရုပ်ကလာပ်အသီးသီးတွင် ပါဝင်သော တေဇော ခေါ် ဥတုက ဥတုဇဩဇဋ္ဌမက ရုပ်ကလာပ်သစ်များကို ဖြစ်ပေါ်စေပြီး ထိုရုပ်ကလာပ်သစ်များတွင် ပါရှိသည့် ဝဏ္ဏဓာတ်ကလည်း အလွန်တောက်ပ ၏။ စိတ္တဇဝဏ္ဏဓာတ်တို့ကား အဇ္ဈတ္တ၌သာ ပျံ့နှံ့၏။ ဥတုဇဝဏ္ဏဓာတ်တို့ကား

www.burmeseclassic.com

www.burmeseclassic.com



အမွှတ္တတွင်သာမက ဗဟိဒ္ဓသို့တိုင်အောင် ဉာဏ်အာနုဘော်ကြီးမားလျှင် ကြီးမားသလောက် ပျံ့နှံ့၏။

ထိုအရောင်အလင်းကို ယောဂီကိုယ်တိုင်သာ မြင်သိနိုင်၏။ ထိုအရောင်အလင်းနှင့် ထိတွေ့ရာအရပ်တို့၌ တည်ရှိကြသော ရူပါရုံအပေါင်းကိုလည်း ယောဂီမြင်တွေ့နိုင်၏။ ထိုသို့မြင်တွေ့ရာတွင် မနောဝိညာဏ်စိတ်ဖြင့်သာ မြင်တွေ့သည်ဟု မဟာဋီကာဆရာတော်က ဆုံးဖြတ်၏။ (မဟာဋီ–၂၊၄၂၉)

ဖားအောက်တောရယောဂီများ၏ အတွေ့အကြုံအရ ဤတရုဏဝိပဿနာ အခိုက်တွင် ထွက်ပေါ်လာသော အရောင်အလင်းသည် ရှေးရှေး သမထဘာဝနာစိတ်၊ ဝိပဿနာစိတ်တို့နှင့်ယှဉ်သော အရောင်အလင်းနှင့်မတူဘဲ ပို၍တောက်ပ၏၊ ပို၍နှစ်လိုစဖွယ်ကောင်း၏။

အမှန်မှာ ဩဘာသအရောင်အလင်းကိုယ်တိုင်က ဥပက္ကိလေသမဟုတ်။ ဤဩဘာသ ဖြစ်ပေါ်လာသည့်အခါ "*ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာ = ဤဩဘာသသည် ငါ့ဟာတည်း၊ ဤဩဘာသသည် ငါတည်း၊ ဤဩဘာသသည် ငါ၏အတ္တတည်း*" ဟု စွဲလျှင် သာယာတပ်မက်မှုတဏှာ၊ ထောင်လွှားမှု မာနနှင့်အတူ အယူလွဲမှုဒိဋ္ဌိတို့ ဖြစ်လာကြ၏။ ဤတဏှာ၊ မာန၊ ဒိဋ္ဌိတို့က ဝိပဿနာကို ညစ်နွမ်းစေကြ၏။

အချို့သော ယောဂီတို့က ဩဘာသကို မဂ်ဖိုလ်မှထွက်သော အရောင်အလင်းဟု ထင်မှတ်ပြီး ဝိပဿနာရှုပွားမှုကို ရပ်ဆိုင်းလျက် ထိုအရောင်အလင်းတွင် နှစ်သက်နေတတ်ကြ၏။ ထိုအခါ ဝိပဿနာလမ်းမှားသို့ ရောက်သွား၏။

ဖားအောက်တောရယောဂီများသည် ဩဘာသအရောင်အလင်းကို တွေ့ရလျှင် ထိုဩဘာသကို ဓာတ်ကြီး ၄–ပါးစိုက်၍ရှုကြရ၏။ အာကာသဓာတ်မြင်အောင် ဆက်လက်၍ရှုသည့်အခါ ဩဘာသသည် ရုပ်ကလာပ်မှုန်များအဖြစ်သို့ ကူးပြောင်းသွား၏။ ထိုရုပ်ကလာပ်မှုန်များကို ဓာတ်ခွဲ၏။ အဇ္ဈတ္တ–ဩဘာသ ရုပ်ကလာပ်မှုန်များ၌ စိတ္တဇဩဇဋ္ဌမက ရုပ် ၈–မျိုးနှင့် ဥတုဇဩဇဋ္ဌမက ရုပ် ၈–မျိုးတို့ကို တွေ့ကြရ၏။ ဗဟိဒ္ဓအလင်းရောင်ဩဘာသ၌ကား ဥတုဇဩဇဋ္ဌမက ရုပ်များကိုသာ တွေ့ရ၏။ ယင်းပရမတ်ရုပ်များကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုကြ၏။ ဤနည်းဖြင့် ဝိပဿနာလမ်းမှန်ပေါ်၌ ဆက်လက်လျှောက်သွားကြ၏။

**(၂) ဉာဏ = ဝိပဿနာဉာဏ်**

ဥဒယဗ္ဗယဉာဏ် အထွတ်အထိပ်သို့ရောက်အောင် ကြိုးစားအားထုတ်နေသော ယောဂီအား ပစ်လွှတ်လိုက်သော သိကြားမင်း၏ ဝရဇိန်လက်နက်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



အလွန်လျင်မြန်ထက်မြက်ရဲရင့်သော အလွန်သန့်ရှင်းသည့်အသိဉာဏ်သည်ဖြစ်ပေါ်လာ၏။

### (၃) ပီတိ = ဝိပဿနာပီတိ

ဝိပဿနာဉာဏ်နှင့်ယှဉ်၍ နှစ်သက်ဝမ်းမြောက်မှုပီတိသည် လွန်လွန်ကဲကဲဖြစ်ပေါ်လာ၏။ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိစသည်ဖြင့် ပီတိ ၅-မျိုးစလုံး ဖြစ်၏။ အထူးသဖြင့် ဖာရဏာပီတိသည် လွန်ကဲစွာဖြစ်၏။

### (၄) ပဿဒ္ဓိ = ဝိပဿနာပဿဒ္ဓိ

ပဿဒ္ဓိသည် စိတ်စေတသိက်တို့၏ ငြိမ်းအေးမှုသဘောတည်း။ ပဿဒ္ဓိနှင့် တွဲဖက်၍ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ပါဂုညတာနှင့် ဥဇုကတာ စေတသိက်အစုံစုံတို့လည်း ဝိပဿနာဉာဏ်နှင့်ယှဉ်လျက် ထင်ရှားစွာဖြစ်ပေါ်လာကြ၏။

သို့အတွက် ဝိပဿနာဘာဝနာကို နှလုံးသွင်းနေသော ယောဂီသည် ကိုယ်စိတ် ၂-ပါး ပူပန်မှု၊ လေးလံမှု၊ ကြမ်းတမ်းခက်မာမှုတို့ မဖြစ်ချေ။ ဘာဝနာမှု၌ မခံ့ညားခြင်း, မပြုနိုင်စွမ်းခြင်းများလည်း မရှိ။ စိတ်စေတသိက်တို့၏ နာကျင်မှု, ကွေ့ကောက်မှုတို့လည်း မဖြစ်ချေ။

ဖြစ်နေသည်ကား စိတ်စေတသိက်တို့၏ ငြိမ်းအေးမှု၊ ပေါ့ပါးလျင်မြန်မှု၊ နူးညံ့သိမ်မွေ့မှု၊ ဘာဝနာကိစ္စ၌ ခံ့ညားမှု၊ ကိလေသာအနာတို့မှ စင်ကြယ်သန့်ရှင်းမှု၊ ဖြောင့်မတ်မှုသဘောတို့တည်း။

### (၅) သုခ = ဝိပဿနာသုခ

ဝိပဿနာဉာဏ်နှင့်ယှဉ်လျက် စိတ်ချမ်းသာမှုဟူသည့် စေတသိကသုခလည်း ထင်ထင်ရှားရှားဖြစ်ပေါ်နေ၏။ ဤစေတသိက သုခနှင့်ယှဉ်သော ဝိပဿနာစိတ်ကြောင့် အလွန်မွန်မြတ်သည့် စိတ္တဇရုပ်တို့သည် ယောဂီ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက်ရှိ၏။

### (၆) အဓိမောက္ခ = သဒ္ဓါ

ယောဂီ၏ စိတ်စေတသိက်တို့ကို လွန်လွန်ကဲကဲကြည်လင်စေတတ်သော အထူးသဖြင့် သိက္ခာ ၃-ပါးကျင့်စဉ်တရား၌ယုံကြည်မှုဖြစ်သော အားကြီးသော သဒ္ဓါတရားသည် ဝိပဿနာဉာဏ်နှင့်ယှဉ်လျက် ဖြစ်ပေါ်လာ၏။

### (၇) ပဂ္ဂဟ = ဝီရိယ

ယောဂီ၏ သန္တာန်၌ ဘာဝနာဉာဏ်နှင့် ယှဉ်တွဲလျက် လျော့ရဲတွန့်ဆုတ်မှု

www.burmeseclassic.com

www.burmeseclassic.com



မရှိသော ရှေးရှေးသော ဘာဝနာစွမ်းအားဖြင့် သမ္မယုတ်တရားတို့ကို ကောင်းစွာ ထောက်ပံ့ချီးပင့်တတ်သော ဘာဝနာလုပ်ငန်းရပ်၌ ပျင်းရိမှု ကောသဇ္ဇကို တွန်းလှန်တတ်သော ပဂ္ဂဟအမည်ရသည့် ဝီရိယလည်း ဖြစ်ပေါ်လာ၏။

**(၈) ဥပဋ္ဌာန = သတိ**

ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ရုပ်နာမ်ကြောင်းကျိုး ပရမတ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ သဘောမှန်တို့ကို ကောင်းစွာပိုင်းခြားမှတ်သားလျက် ဝိပဿနာဉာဏ်၏ အရှုခံသင်္ခါရအာရုံ၌ စွဲမြဲစွာ ကပ်၍တည်သော မြေတွင်စိုက်ထူထားသည့် ကျောက်စာတိုင်ကဲ့သို့ မယိမ်းမယိုင် မတုန်လှုပ်သော သတိသည် ဖြစ်ပေါ်လာ၏။

လေပြင်းမုန်တိုင်းတို့သည် မြင်းမိုရ်တောင်မင်းကို မတုန်လှုပ်စေနိုင်သကဲ့သို့ နီဝရဏတရားတို့သည် ထိုသတိကို မတုန်လှုပ်စေနိုင်။ ထိုအခါ ယောဂါဝစရပုဂ္ဂိုလ်သည် ရှုချင်သည့် သင်္ခါရအာရုံကို ရှုချင်တိုင်း ရှု၍ရပေပြီ။ အနုပဒဓမ္မ ဝိပဿနာနည်းဖြင့် ရုပ်နာမ်သင်္ခါရတရားတို့ကို ၁–လုံး၊ ၁–လုံးစီ ဝိပဿနာရှု လိုကလည်း ရှုနိုင်နေပေပြီ။

**(၉) ဥပေက္ခာ = ဝိပဿနုပေက္ခာ + အာဝဇ္ဇနုပေက္ခာ**

ရုပ်, နာမ်, ကြောင်း, ကျိုး, သင်္ခါရအာရုံ၌ ဝိပဿနာစိတ်ကို လျစ်လျူရှုသောဖြင့် အလယ်အလတ်၌တည်အောင် ထားတတ်သော တတြမဇ္ဈတ္တတာ စေတသိက်သည် **ဝိပဿနုပေက္ခာ** မည်၏။

ဝိပဿနာဇောစိတ္တုပ္ပါဒ်၏ ရှေ့နား၌ကပ်လျက်ဖြစ်သော မနောဒွါရာဝဇ္ဇန်း စိတ်နှင့်ယှဉ်သည့် စေတနာ စေတသိက်သည် သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘသဘောမှန်တို့ကို ဆင်ခြင်ရာ၌ သင်္ခါရတရားတို့အပေါ်ဝယ် အညီအမျှ လျစ်လျူရှုနိုင်သည်၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် **အာဝဇ္ဇနုပေက္ခာ** မည်၏။

ထိုအချိန်၌ ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်တွင် ရုပ်, နာမ်, ကြောင်း, ကျိုး သင်္ခါရတရားတို့၏ ဥဒယဝယသဘော = ဖြစ်မှုပျက်မှုသဘောသည် အလွန်တရာ ထင်ရှားနေ၏။ ထိုသို့ထင်ရှားနေခြင်းကြောင့် သင်္ခါရတရားတို့ကို ဝိပဿနာရှုရာတွင် ကြောင့်ကြစိုက်မှုမရှိဘဲ အလယ်အလတ်သဘောဖြင့် အညီအမျှ လွယ်လွယ် ကူကူ ရှု၍ရနေ၏။ သင်္ခါရတရားတို့၏ ဖြစ်ပျက်မှုသဘောက အလွန်ထင်ရှားနေခြင်းကြောင့် ဥဒယဗ္ဗယသဘောကို ရှုခြင်း၌ လျစ်လျူရှုသည့်အနေဖြင့် အလယ်အလတ်ဖြစ်သော တတြမဇ္ဈတ္တတာစေတသိက် = တတြမဇ္ဈတ္တုပေက္ခာသည် တရဏဝိပဿနာပိုင်းတွင် ဝိပဿနုပေက္ခာအမည်ရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



### (၁၀) နိကန္တိ = ဝိပဿနာနိကန္တိ

နိကန္တိဟူသည်မှာ အလွန်ငြိမ်သက်သိမ်မွေ့သဖြင့် သိနိုင်ခဲသော တဏှာပေတည်း။ ထိုနိကန္တိသည် သြဘာသအစ, ဥပေက္ခာအဆုံးရှိသော တရား ၉-ပါးဖြင့် တန်ဆာဆင်ထားသည့် ဝိပဿနာဉာဏ်ကို တပ်မက်တွယ်တာသော ငြိမ်သက်သိမ်မွေ့သည့်တဏှာဖြစ်၏။ ဤသို့ နိကန္တိဖြစ်လာသည်ကို ယောဂါဝစရပုဂ္ဂိုလ်သည် နိကန္တိဖြစ်နေမှန်းမသိဘဲ ဝိပဿနာဘာဝနာ၌ နှစ်ခြိုက်ငြိမ်သက်လျက် အပျော်ကြီး ပျော်နေတတ်၏။

သို့သော် ထက်မြက်စူးရှသော ဝိပဿနာဉာဏ်ဖြင့် သိမ်းဆည်းပါက ထိုနိကန္တိကိုသိနိုင်၏။ ထိုနိကန္တိသည် လောဘ-ဒိဋ္ဌိအုပ်စုနှင့် လောဘ-မာနအုပ်စုတို့၌ ပီတိနှင့်ယှဉ်တွဲလျက် ဖြစ်ပေါ်နေလိမ့်မည်။

မနောဒွါရာဝဇ္ဇန်း ၊ ဇော (၇)ကြိမ်။
၁၂ ၂၀ (မာနမပါသော်-၁၉)

တဒါရုံကျသည်လည်း ရှိ၏၊ မကျသည်လည်း ရှိ၏။ နိကန္တိပါဝင်သော မနောဒွါရိကဇောစိတ်အစဉ်ကို နာမ်ဃနပြိုအောင် ဉာဏ်ဖြင့်ခွဲခြမ်းစိတ်ဖြာ၍ လက္ခဏာယာဉ် ၃-ချက်တင်ပြီး ဝိပဿနာရှုပါ။

## လမ်းမှန်နှင့် လမ်းမှား ပိုင်းခြား၍သိပြီ

သြဘာသမှစ၍ ဥပေက္ခာအထိ တရား ၉-လုံးတို့သည် စင်စစ်တွင် ဥပက္ကိလေသများ မဟုတ်ကြပါ။ ဥပက္ကိလေသတရားများ၏ တည်ရာဝတ္ထုတို့သာဖြစ်ကြ၏။ ဉာဏ, ပီတိ, ပဿဒ္ဓိ, သုခ, အဓိမောက္ခ, ပဂ္ဂဟ, ဥပဋ္ဌာန, ဥပေက္ခာ တည်းဟူသော တရား ၈-ပါးတို့မှာ ဝိပဿနာရှုနေသော စိတ်နှင့်အတူယှဉ်တွဲ၍ ဖြစ်ပေါ်နေကြသော စေတသိက်များ ဖြစ်ကြ၏။ ဝိပဿနာဉာဏ်နှင့် အတူယှဉ်လျက်ဖြစ်ကြသော စိတ်စေတသိက် နာမ်တရား ၃၄-လုံးတွင် အားလုံးပါဝင်ကြ၏။ သို့အတွက် ဤတရားတို့သည် ဥပက္ကိလေသများ မဟုတ်ကြပါ။

သို့သော် ထိုဉာဏ, ပီတိ, ပဿဒ္ဓိစသည့် တရား ၈-ပါးကို အာရုံပြု၍-

"ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသော မေအတ္တာ = ဤတရားတို့သည် ငါ့ဟာတည်း၊ ဤတရားတို့သည် ငါတည်း၊ ဤတရားတို့သည် ငါ၏ အတ္တာတည်း" ဟု စွဲယူလိုက်သောအခါ တဏှာ, မာန, ဒိဋ္ဌိတို့ ဖြစ်လာကြ၏။ ဤတဏှာ, မာန, ဒိဋ္ဌိတို့ကား ဥပက္ကိလေသ တရားတို့ ဖြစ်ကြကုန်၏။

နိကန္တိသည်ကား ဥပက္ကိလေသလည်း ဟုတ်၏၊ ဥပက္ကိလေသ၏ တည်ရာမှီရာဖြစ်သော ဥပက္ကိလေသဝတ္ထုလည်း ဟုတ်၏။ အဘယ့်ကြောင့်ဆိုသော် နိ

www.burmeseclassic.com

www.burmeseclassic.com



ကန္တိကို အာရုံပြု၍ "စေတံမမ၊ သောဟမသ္မိ၊ သော မေအတ္တာ=ငါ့ဟာ, ငါ, ငါ့အတ္တ"ဟု စွဲယူပြီး တဏှာ, မာန, ဒိဋ္ဌိတို့ ထပ်မံဖြစ်နိုင်ခြင်းကြောင့်တည်း

ထိုသြဘာသ, ဉာဏ်, ပဿဒ္ဓိ စသည်တို့ ဖြစ်ပေါ်လာကြသည့်အခါ ပရိယတ်၌ မကျွမ်းကျင်သော အချို့ယောဂီတို့သည် ထိုကိုယ်ရောင်ကိုယ်ဝါ, ပီတိ, ပဿဒ္ဓိ စသည်တို့ကို မဂ်စိတ်, ဖိုလ်စိတ်တို့က ဖြစ်ပေါ်စေသည်ဟု အထင်မှားပြီး "ငါ မဂ်ဖိုလ်ရပြီ"ဟု တလွဲယူဆမိကြ၏၊ ထိုအခါ ဝိပဿနာလမ်းလွဲ၍ သာယာ တဏှာ၊ အထင်ကြီးမှု မာနနှင့် အယူမှားမှု ဒိဋ္ဌိတို့ဖြစ်ပေါ်ကြပြီး ဝိပဿနာ ညစ်နွမ်းသွား၏။

ပရိယတ်၌ ကျွမ်းကျင်ကြသည့် ယောဂီတို့ကား ထိုသြဘာသ, ဉာဏ, ပီတိ, ပဿဒ္ဓိ စသည်တို့သည် တဏှာ, မာန, ဒိဋ္ဌိတို့၏ တည်ရာဖြစ်၍ ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဘေးရန်များတည်း။ ထိုသြဘာသစသည်တို့ကို နှစ်သက်စွဲ လမ်းနေမှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်မဟုတ်၊ 'အမဂ္ဂ' ဖြစ်၏။ ထိုသြဘာသစသည်တို့၌ မနှစ်သက် မတွယ်တာဘဲ ရုပ်နာမ်တရားတို့ကို လက္ခဏာ ၃-ချက်တင်ကာ တွင်တွင်ရှုမှတ်ခြင်းသည်သာ မဂ်ဖိုလ် ရကြောင်း လမ်းကောင်း 'မဂ္ဂ' ဖြစ်၏။ ဤသို့ လမ်းမှန်နှင့် လမ်းမှားတို့ကို ပိုင်းခြား၍ သိမြင်တတ်သော ဉာဏ်ကို **"မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ"** ဟု ခေါ်၏။

သို့အတွက် လိမ္မာသော ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် ဒီ ဆောင်သည့် မနော္ဒွါရိက ဇောစိတ်အစဉ်များကို နာမ်ဃနအသီးသီးပြိုအောင် ဉာဏ်ဖြင့်ဖြိုခွဲလျက် စိတ္တက္ခဏတိုင်း၏ ဖြစ်မှုပျက်မှုသဘောကို ဉာဏ်ဖြင့် မြင် အောင်ကြည့်၍ လက္ခဏာယာဉ် ၃-ချက် တစ်လှည့်စီတင်ကာ ဝိပဿနာရှုလေ တော့၏။

မနော္ဒွါရာဝဇ္ဇန်း ၊ ဇော (၇) ကြိမ်။

၁၂ ၃၄

တဒါရုံ ကျ,မကျကို ယောဂီကိုယ်တိုင် ရှာဖွေ၍ လက်တွေ့ရှုမှတ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

# နိဗ္ဗာန်ခရီး၏ ဉာဏ်လမ်းမကြီး

### ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်း

ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းမှစ၍ အနုလောမဉာဏ်တိုင်အောင် ၉–ပါးသော ဉာဏ်စုကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ = မဂ်ဖိုလ်ရောက်ကြောင်း စင်ကြယ်သည့် ဉာဏ်အမြင်ဟု ခေါ်၏။

လမ်းမှန်နှင့် လမ်းမှားတို့ကို ပိုင်းခြား၍သိမြင်ပြီးသော ယောဂီသည် ဩဘာသမှသည် နိကန္တိသို့တိုင်အောင်သော ဥပက္ကိလေသတို့ကိုလည်းကောင်း၊ ရူပသတ္တကနှင့် အရူပသတ္တကတို့၌ ဖော်ပြခဲ့သော ရုပ်တရား, နာမ်တရားတို့ကိုလည်းကောင်း၊ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော အာယတနဒွါရအလိုက် ရုပ်တရား, နာမ်တရားတို့ကိုလည်းကောင်း၊ ရုပ်, နာမ် ၂–ပါးနည်း၊ ခန္ဓာ ၅–ပါးနည်း၊ အာယတန ၁၂–ပါးနည်း၊ ဓာတ် ၁၈–ပါးနည်း စသည်တို့တွင် ကြိုက်ရာနည်းဖြင့် လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်လျက် တွင်တွင်ကြီး ဝိပဿနာရှုပါ။

### ၁၈။ အနုပဿနာ ၄-ပါးရှုနည်း

**(၁) ကာယာနုပဿနာသတိပဋ္ဌာန်** – အထက်တွင် ဖော်ပြခဲ့သော သင်္ခါရတရားတို့ကို ရုပ်နာမ် ၂–ပါး စသည်တို့ဖြင့် တွင်တွင်ကြီး ဝိပဿနာရှုရာတွင် ရုပ်သက်သက်ကို ရှေးဦးစွာ ပဓာနတား၍ ဝိပဿနာရှုပြီးမှ နာမ်တရားတို့ကို ဆက်လက်ကာ ဝိပဿနာရှု၏။ ဤသို့ ရှုပွားခြင်းကို ကာယာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်၏။

**(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်** – နာမ်တရားတို့ကို ဝိပဿနာရှုရာ၌ ရှေးဦးစွာ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကို ပူးတွဲသိမ်းဆည်းရ၏။ ထိုသို့ သိမ်းဆည်း

www.burmeseclassic.com



ပြီးမှ ဝေဒနာကို ဦးစားပေးလျက် နာမ်တရားများကို သိမ်းဆည်း၍ ဝိပဿနာရှု ခဲ့သော် ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ပွားများသည်မည်ပေ၏။ ရှုကွက်မှာ-

ဝတ္ထုဖြစ်ပျက်—အနိစ္စ။

အာရုံဖြစ်ပျက်—အနိစ္စ။

ဝေဒနာဖြစ်ပျက်—အနိစ္စ။

(ဝေဒနာဦးဆောင်သည့် နာမ်တရားအားလုံးကို သိမ်းဆည်းပြီး ဝိပဿနာ ရှုပါ။)

ဤသို့စသည်ဖြင့် အာယတနဒွါရအလိုက် ဝီထိစိတ္တက္ခဏတိုင်း၌လည်း ကောင်း၊ ဘဝင်စိတ္တက္ခဏတိုင်း၌လည်းကောင်း ၃–ချက်စီရှုပါ။ ဒုက္ခ, အနတ္တ တစ်လှည့်စီ တင်၍လည်းရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနလုံး၌ ရှုပါ။ အတိတ် အနာဂတ်တို့၌လည်း နည်းတူရှုပါ။

**(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်** – တစ်ဖန် အသိစိတ်–ဝိညာဏ်ကို ဦး စားပေး၍ နာမ်တရားများကို သိမ်းဆည်းပြီးလျှင် ဝိပဿနာရှုခဲ့သော် စိတ္တာ နုပဿနာသတိပဋ္ဌာန် ပွားများသည် မည်ပေ၏။ ရှုကွက်မှာ–

ဝတ္ထုဖြစ်ပျက် – အနိစ္စ။

အာရုံ ဖြစ်ပျက် – အနိစ္စ။

ဝိညာဏ်ဖြစ်ပျက် – အနိစ္စ။

(ဝိညာဏ်ဦးဆောင်သည့် နာမ်တရားအားလုံး)

ဒုက္ခ, အနတ္တ, အဇ္ဈတ္တ, ဗဟိဒ္ဓ, အတိတ်, အနာဂတ်တို့၌ နည်းတူရှုပါ။

**(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်** – တစ်ဖန် နာမ်တရားများကို ဝိပဿနာ ရာ၌ ဖဿ (စေတနာ) ကို ဦးစားပေး၍ နာမ်တရားများကို သိမ်းဆည်းပြီးလျှင် ဝိပဿနာရှုခဲ့သော် ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပွားများသည်မည်ပေ၏။ ရှု ကွက်မှာ–

ဝတ္ထုဖြစ်ပျက် – အနိစ္စ။

အာရုံဖြစ်ပျက် – အနိစ္စ။

ဖဿ ဖြစ်ပျက် – အနိစ္စ။

(ဖဿဦးဆောင်သည့် နာမ်တရားအားလုံး)

ဒုက္ခ, အနတ္တ, အဇ္ဈတ္တ, ဗဟိဒ္ဓ, အတိတ်, အနာဂတ်တို့၌ နည်းတူရှုပါ။

**မှတ်ချက်။** ။ ရုပ်နာမ်တို့ကို ၅– ပုံ ပုံ၍ ခန္ဓာ ၅–ပါးနည်းဖြင့် ဝိပဿနာ ရှုခြင်း၊ ရုပ်နာမ်တို့ကို ၁၈–ပုံပုံ၍ ဓာတ် ၁၈–ပါးနည်းဖြင့် ဝိပဿနာရှုခြင်း စသည် တို့ကိုလည်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟုပင် ခေါ်ဆိုရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉။ ဣရိယာပထ - သမ္ပဇညရှုနည်း

သွား, ရပ်, ထိုင်, လျောင်း, ကွေး, ဆန့် စသော ဣရိယာပထအခိုက်တို့၌ ခန္ဓာ ၅–ပါး သိမ်းဆည်းပုံကို စာမျက်နှာ (၁၅၇) ၌ ဖော်ပြခဲ့ပြီးဖြစ်၏။

ဤဝိပဿနာပိုင်းတွင် ထိုထိုဣရိယာပထ–သမ္ပဇဉနည်းအရသိမ်းဆည်းထားသော ခန္ဓာ၅–ပါးတို့ကိုလည်းကောင်း၊ အာယတနဒွါရအလိုက် သိမ်းဆည်းထားသော ခန္ဓာ ၅–ပါးတို့ကိုလည်းကောင်း–

(၁) ရုပ်သက်သက်၊ (၂) နာမ်သက်သက်၊ (၃) ရုပ်နှင့်နာမ်တို့ကို လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနလုံး၌ ရှုပါ၊ အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလ (၃) ပါးလုံး၌ ရှုပါ။ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရုပ်နာမ်တို့၏ဖြစ်ပျက်ကို မြင်ခဲ့သော် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို မြင်အောင်ကြည့်၍–

(၁) အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ၊

(၂) အကြောင်းတရားချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံ၊

(၃) အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ+ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံ အသီးသီးတို့ကို ဉာဏ်ဖြင့်မြင်အောင် ရှုပါ။

(၄) တစ်ဖန် အကြောင်းတရား, အကျိုးတရား ၂–မျိုးလုံးတို့၏ ဖြစ်ပျက်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနလုံး၌ ရှုပါ။ အတိတ်, အနာဂတ် တို့၌လည်း ပုံစံတူ ရှုပါ။ ရံခါ အသုဘသဘောကိုလည်း ရှုပေးပါ။ လက္ခဏာရေး ၃–ပါးတို့ အကွက်စေ့အောင် တင်ရှုပြီးသောအခါ ကြိုက်ရာ လက္ခဏာ ၁–ပါးကို ဦးစားပေး၍ ဆက်ရှုနိုင်သည်။

## ၂၀။ ဘင်္ဂါနုပဿနာရှုနည်း

ထိုသို့ ဣရိယာပုထ် ၄–ပါးလုံး၌ သင်္ခါရတရားတို့ကို တွင်တွင်ကြီး ဝိပဿနာရှုနေသောအခါ ရှေးရှေးဘာဝနာဉာဏ်နှင့် နောက်နောက် ဘာဝနာဉာဏ်တို့ကို ဆက်စပ်မိသဖြင့် ဝိပဿနာဉာဏ်သည် အလွန်အားကောင်းလာ၏၊ အရှိန်ကောင်းလာ၏၊ ထက်မြက်လာ၏၊ စူးရှလာ၏၊ သန့်ရှင်းသည်ထက် သန့်ရှင်းလာ၏၊ ထိုအခါ သင်္ခါရတို့၏ အဖြစ်ကို နှလုံးမသွင်းဘဲ အပျက်ကိုသာ နှလုံးသွင်းခဲ့သော်–

"ခယ ဝယ ဘေဒ နိရောဓေယေဝ သတိသန္တိဋ္ဌတိ" (ဝိသုဒ္ဓိ၊ ၂–၂၅၇)

www.burmeseclassic.com

www.burmeseclassic.com



ဟူသည်နှင့်အညီ ရှေးရှေးဝိပဿနာဘာဝနာဉာဏ်တို့၏ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုမှုကို ဆက်ခံလာခဲ့ရသော နောက်နောက်ဝိပဿနာဘာဝနာဉာဏ်တ နှင့် ယှဉ်တွဲလျက်ရှိသည့် သတိသည် သင်္ခါရတရားတို့၏ ကုန်မှု, ပျက်မှု, ချုပ်မှု သဘောသွ်သာလျှင် ကောင်းစွာတည်နေ၏။

ဤသည်ကား ဥဒယဗ္ဗယဉာဏ်မှ ဘင်္ဂဉာဏ်သို့ ကူးပြောင်းသောအခါ တည်း။ ရုပ်နာမ်သင်္ခါရတရားအပေါင်းသည် ဤသို့ဖြစ်ပေါ်ပြီးလျှင် ဤသို့ပ ချုပ်သွားကြကုန်၏ဟုမြင်သော ယောဂီအား ဤသို့ရှုမြင်သောအရာဌာနၶ **ဘင်္ဂါနုပဿနာ** မည်သော ဝိပဿနာဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုအခါ–

(၁) အနိစ္စံ ခယဋ္ဌေန–ဟူသော အဆိုအမိန့်အရ သင်္ခါရတရားတို့၏ ကုန်မှု, ပျက်မှု, ပြိုမှု, ချုပ်မှု သဘောကို အာရုံယူ၍ (ဉာဏ်ဖြင့် မြင်အောင်ကြည့်၍) **အနိစ္စ, အနိစ္စဟု** ရှုနေပါ။

(၂) ဒုက္ခံ ဘယဋ္ဌေန–ဟူသော အဆိုအမိန့်အရ သင်္ခါရတရားတို့၏ ကုန် ကုန် ပျက်ပျက် ချုပ်ချုပ် ပျောက်ပျောက်ဟူသည့် ကြောက်လန့်ဖွယ်သဘော အာရုံယူ၍ (ဉာဏ်ဖြင့် မြင်အောင်ကြည့်၍) ဒုက္ခ, ဒုက္ခဟု ရှုနေပါ။

(၃) အနတ္တာ အသာရကဋ္ဌေန–ဟူသောအဆိုအမိန့်အရ သင်္ခါရတရားတို့ ခိုင်မာသည့်အနှစ်သာရ အတ္တမရှိမှုသဘောကို အာရုံယူ၍ (ဉာဏ်ဖြင့်မြင်အော ကြည့်၍) အနတ္တ, အနတ္တဟု ရှုနေပါ။

(၄) တစ်ခါတစ်ရံတွင် စာမျက်နှာ (၂၄၂) တွင် ဖော်ပြခဲ့သည့် ရှင်အသုဘ သေအသုဘ သဘောများကိုလည်း ပြန်ရှုပါ။ ပရမတ် ရုပ်နာမ်တို့၏ အသုဘ သဘောကိုလည်း ရှုပါ။

**သတိပြုရန်**– သင်္ခါရတရားတို့ကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့် တင်၍ ရှုရာ၌ သင်္ခါရတရားတို့၏ ပျက်မှုသဘောကား မြန်ချင်သလောက်မြ ပါစေ၊ အနိစ္စဟု, ဒုက္ခဟု, အနတ္တဟု လက္ခဏာတင်၍ရှုမှုမှာ ခပ်ဖြည်းဖြည်းသာ ဖြစ်ပါစေ။ ဝိထိစိတ်များစွာတို့၏ ပျက်မှုသဘောကို မြင်ချင်မြင်နေပါစေ ပျက်မှုတိုင်းကို အမှီလိုက်၍ရှုရန်မဟုတ်။ စိတ္တက္ခဏများစွာအတွင်းရှိ ပျက်မှု အာရုံယူ၍ အနိစ္စဟု, ဒုက္ခဟု, အနတ္တဟု ဖြည်းဖြည်းသာသာ လက္ခဏာတင်ရှုရ ဖြစ်သည်။

## ရုပ်ကလာပ်များ ပျောက်ကွယ်ပြီ

ယောဂါဝစရပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိသုဒ္ဓိစခန်း၊ နာမရူပ ပရိစ္ဆေဒဉာဏ်ပိုင်း စ၍ ရုပ်နာမ်တရားတို့ကို ရုပ်ဃန, နာမ်ဃနဟူသည့် ရုပ်တုံး, ရုပ်ခဲ, နာမ်တုံး

www.burmeseclassic.com

www.burmeseclassic.com



နာမ်ခဲများ ပြိုကွဲအောင် ဉာဏ်ဖြင့်ဖြိုခွဲလျက် ရှုပွားခဲ့ရာ ယခုအခါ ဘင်္ဂဉာဏ်ပိုင်းသို့ ရောက်လာလေပြီ။ ဘင်္ဂဉာဏ်သို့ မရောက်မီအခါတို့၌ကား–

(၁) ရုပ်နာမ်, ကြောင်းကျိုး, သင်္ခါရတရားတို့၏ ဖြစ်မှုဥပါဒ်သဘောကိုလည်း မြင်တွေ့နေရ၏။

(၂) ထိုသင်္ခါရတရားတို့၏ အခိုက်အတန့်အားဖြင့် တည်နေမှု ဌီ=ဇရာသဘောကိုလည်း မြင်တွေ့နေရ၏။

(၃) အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ စသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးဝိပါက်ခန္ဓာ ၅–ပါးတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းဟူသော ဥပါဒိန္နကပ္ပဝတ္တိ – ဘဝ၏ဖြစ်ခြင်းသဘောကိုလည်း တွေ့မြင်နေရသေး၏။

(၄) ရုပ်ဃန,နာမ်ဃနများကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရှုပွားနေပါသော်လည်း ရံခါ မရှုလိုက်မိ, မရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်အချို့လည်း ရှိနေတတ်သေး၏။

သို့သော် ဤဘင်္ဂဉာဏ်ပိုင်းသို့ ရောက်လာသည့်အခါ၌မူ ယောဂီ၏ ဝိပဿနာဉာဏ်သည် အလွန်ထက်မြက်စူးရှလာသောကြောင့် ယောဂီ၏ဉာဏ်ဝတွင် သင်္ခါရတရားတို့ အလွန့်အလွန် လျင်မြန်စွာ ထင်လာကြကုန်၏။

(သင်္ခါရတရားတို့သည် ယခုမှ လျင်လျင်မြန်မြန် ပေါ်နေသည် မဟုတ်၊ သင်္ခါရတရားတို့၏ ဓမ္မတာအလျောက် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ပင် လျှင်အကြိမ် ကုဋေပေါင်းများစွာ ဖြစ်ပျက်နေကြသည်သာဖြစ်၏။ ဝိပဿနာဉာဏ် မထက်မြက် မစူးရှသေးခင်က ထိုသင်္ခါရတရားတို့၏ မူလပုံစံမှန်သဘာဝကို မသိမြင်ခဲ့ပါ။ ယခုဝိပဿနာဉာဏ် ထက်မြက်စူးရှလာသောအခါမှ သိမြင်လာရခြင်း ဖြစ်သည်။)

သို့ဖြစ်၍ ထိုဘင်္ဂဉာဏ်ပိုင်း၌–

(၁) သင်္ခါရတရားတို့၏ ဖြစ်မှု–ဥပါဒ်သဘောကို ဉာဏ်ဖြင့် မှီအောင် မရှုလိုက်နိုင်ပါ။

(၂) သင်္ခါရတရားတို့၏ တည်မှု–ဌီသဘောကိုလည်း ဉာဏ်ဖြင့်မှီအောင် မရှုလိုက်နိုင်ပါ။

(၃) အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ စသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် အကျိုးဝိပါက်ခန္ဓာ ၅–ပါးတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်း ဟူသော ဥပါဒိန္နကပ္ပဝတ္တိ = ဘဝ၏ဖြစ်ခြင်းသဘောကိုလည်း ဉာဏ်ဖြင့်မှီအောင် မရှုလိုက်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်နည်းဟူမူ အကြောင်းသင်္ခါရ, အကျိုးသင်္ခါရတို့၏ ဖြစ်မှု ဥပါဒ်သဘော၊ တည်မှု ဌီသဘောသို့ပင် ဉာဏ်သည်မသက်ဝင်နိုင်တော့ဘဲ ယင်းကြောင်းကျိုး သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ကုန်ကုန် ပျက်ပျက် ပြိုပြို ပျောက်ပျောက်နေသော ခဏိကနိရောဓဟူသည့် ချုပ်ပျက်မှုသဘော၌သာ ဉာဏ်သက်ဝင်လျက် ကောင်းစွာတည်နေသောကြောင့် ဖြစ်ပါသည်။

(၄) တစ်ဖန် ဤဘင်္ဂဉာဏ်ပိုင်း၌ ယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် အလွန်ထက်မြက်စူးရှလာသောကြောင့် သမူဟဃန, ကိစ္စဃနများ မပြိုသေးသော ရုပ်တုံး, ရုပ်ခဲများကို မမြင်တွေ့ရတော့ချေ။ ရုပ်ကလာပ်နာမ်ကလာပ်ဟူသော အတုံးအခဲများကို ဉာဏ်ဖြင့် မတွေ့ရသော်လည်း ရုပ်ပရမတ်သဘော, နာမ်ပရမတ်သဘောတရားတို့ကား ယခင်ထက် ပိုမိုပေါ်လွင်ထင်ရှားနေကြပေ၏။ (ဝိသုဒ္ဓိ၊ ၂၊ ၂၇၇၊ မဟာဋီ၊ ၂၊ ၄၃၉ တို့ကို ကြည့်ပါ။)

ရှကွက် – အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလသုံးပါး၌ရှိသော–

(၁) ရုပ်တရားသက်သက် (အဇ္ဈတ္တ, ဗဟိဒ္ဓ)

(၂) နာမ်တရားသက်သက် (အဇ္ဈတ္တ, ဗဟိဒ္ဓ)

(၃) ရုပ်နှင့် နာမ် (အဇ္ဈတ္တ, ဗဟိဒ္ဓ) တို့ကို လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီ တင်၍ ဝိပဿနာဆက်လက်ရှုပါ။

## ၂၁။ ဉာတ–ဉာဏ ဝိပဿနာရှုနည်း

ဝိသုဒ္ဓိမဂ် (၂၊၂၇၈) ၌ ညွှန်ကြားထားချက်အရ ယောဂီသည် သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ ဉာဏ်ဖြင့်မြင်နေသောအခါ အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလသုံးပါး၌ အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန် ၂–ပါးဝယ် တည်ရှိကြကုန်သော ရုပ်တရား, နာမ်တရား, အကြောင်းတရား, အကျိုးတရား ဟူသည့်ဝိပဿနာဉာဏ်ဖြင့် ရှုသိရမည့် ဉာတ တရားတို့ကိုလည်းကောင်း၊ ဉာဏအမည်ရသည့် ဝိပဿနာရှုနေသော ဉာဏ်ကိုလည်းကောင်း ဝိပဿနာရှုရမည်။

ဉာဏအမည်ရသည့် ဝိပဿနာရှုနေသော ဉာဏ်မှာ မနောဒွါရိကဇဝနဇော စိတ်အစဉ်ပင် ဖြစ်၏။ ယင်းမနောဒွါရဝီထိမှာ–

မနောဒွါရာဝဇ္ဇန်း (၁) ကြိမ် ၊ ဇော (၇) ကြိမ်
၁၂ ၃၄ (သဒ္ဒါ–ပညာအုပ်စု)

ယင်း မနောဒွါရိကဇောစိတ်အစဉ်နှင့် ယှဉ်သည့် ဉာဏ်ကိုလည်း တစ်ဖန် လက္ခဏာယာဉ် ၃–ချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုကွက်ပုံစံမှာ–

(၁) ရုပ်ရှု, ရုပ်ပျက်…အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်…အနိစ္စ။

(၂) နာမ်ရှု, နာမ်ပျက်…အနိစ္စ၊ ရှုသည့်ဉာဏ်လည်း ပျက်…အနိစ္စ။

(ဒုက္ခနှင့် အနတ္တနည်းတူရှုပါ။)

ဤသို့ရှုရာဝယ် ပစ္စုပ္ပန်၌–

| | |
|---|---|
| (၁) ရုံခါ – အဇ္ဈတ္တ | (၂) ရုံခါ–ဗဟိဒ္ဓ |
| (၃) ရုံခါ – ရုပ်တရား | (၄) ရုံခါ – နာမ်တရား |
| (၅) ရုံခါ –အကြောင်းတရား | (၆) ရုံခါ – အကျိုးတရား |

တို့ကို လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။

အတိတ်, အနာဂတ်တို့၌လည်း နည်းတူပင် လှည့်လည်၍ ဝိပဿနာရှုပါ။ အတိတ်အဆက်ဆက်မှ ပစ္စုပ္ပန်, အနာဂတ်အဆက်ဆက်တိုင်အောင် ရှုသွားပါ။

## ၂၂။ ဦးစားပေး၍ ရှုနည်း

ဘင်္ဂါနုပဿနာဉာဏ်ပိုင်း၌ ယောဂီသည် တရားစထိုင်လျှင်ထိုင်ချင်း အမြဲတမ်း အပျက်ကိုသာ မြင်နေသည်ကား မဟုတ်။ ရှုခါစ၌ဖြစ်မှု, ပျက်မှု ၂–မျိုးလုံးကိုပင် အသင့်အတင့်မြင်နေဦးမည် ဖြစ်သည်။ ရှုရင်းဉာဏ်ထက်မြက်စူးရှလာသည့်အခါ ဖြစ်မှုကိုမမြင်တော့ဘဲ ပျက်မှုသက်သက်ကိုသာ မြင်တွေ့လာ၏။ ဘင်္ဂဉာဏ်အထွတ်အထိပ်သို့ ရောက်သွားသည့်အခါ၌ကား အပျက်ကိုချည်း အမြဲတမ်း ဉာဏ်ဖြင့် မြင်တွေ့နေမည်ဖြစ်သည်။

ထိုသို့ဘင်္ဂဉာဏ်အထွတ်အထိပ်သို့ ရောက်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ဝိပဿနာရှုပွားခြင်းကို အလိုရှိအပ်၏ဟု **မဟာဋီကာ** (၂၊၄၄၁) တွင် ညွှန်ကြားထား၏။

သို့အတွက် ယောဂီသည် အပျက်ကိုရှုရာတွင် ရုပ်ကိုပိုရှု၍ကောင်းပါက ရုပ်ကို ဦးစားပေး၍ရှုနိုင်သည်။ နာမ်ကိုပိုရှု၍ကောင်းပါက နာမ်ကို ဦးစားပေး၍ ရှုနိုင်သည်။ နာမ်များတွင်လည်း အပျက်ရှုအားကောင်းလာသည့်အခါ အကောင်းအပ်စု နာမ်တရားများကိုသာ ဦးစားပေးရှုလိုက ရှုနိုင်သည်။ လက္ခဏာရေး ၃–တန်တွင်လည်း အားလုံးကို တင်ရှုပြီးပါက ကြိုက်ရာလက္ခဏာ ၁–ပါးကို ဦးစားပေး၍ ရှုနိုင်သည်။

ဝတ္ထု+အာရုံ+ဝေဒနာ စသည့်ရှုကွက်များကိုလည်း ရှုသည့်ဉာဏ်၏ ပျက်မှုကိုပါ ရော၍ရှုနိုင်သည်။ ရှုကွက်မှာ–

www.burmeseclassic.com

www.burmeseclassic.com



(၁) ဝတ္ထုရှု၊ ဝတ္ထုပျက်...အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်...အနိစ္စ။
(၂) အာရုံရှု၊ အာရုံပျက်...အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်...အနိစ္စ။
(၃) ဝေဒနာရှု၊ ဝေဒနာပျက်...အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်...အနိစ္စ။

ဝတ္ထု + အာရုံ + ဝိညာဏ်၊ ဝတ္ထု + အာရုံ + ဖဿရှုကွက်များ၌လည်း ပုံစံ၇ ရှုပါ။ ဒုက္ခတစ်လှည့်၊ အနတ္တ တစ်လှည့်၊ အဇ္ဈတ္တ တစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့် ၆–လိုင်းစလုံးကုန်အောင်ရှုပါ။

ဣရိယာပထ–သမ္ပဇဉ်ရှုကွက်၌လည်း ရုပ်, နာမ်, ကြောင်း, ကျိုး (ခန္ဓာ ၅ ပါး) သင်္ခါရတရားတို့၏ အပျက်ကိုပင် မြင်အောင်ရှု၍ လက္ခဏာရေး ၃–ချက် တင်ပါ။

## ၂၃။ ပဋိစ္စသမုပ္ပါဒ်အပျက်ရှုနည်း

ပဋိစ္စသမုပ္ပါဒ်– ပထမနည်းအရ အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလ ၃ ပါး၌ တည်ရှိကြကုန်သော ရုပ် နာမ်, ကြောင်းကျိုး သင်္ခါရတရားတို့၏ အပျက် သက်သက်ကို ဉာဏ်ဖြင့်မြင်အောင်ရှု၍ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂–ဌာနတို့၌ လက္ခဏာ ယာဉ် ၃–ချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုနေပါ။ ရှုကွက်မှာ–

အဝိဇ္ဇာလည်းပျက်...အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်...အနိစ္စ။
သင်္ခါရလည်းပျက်...အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်...အနိစ္စ။ ပ။
ကမ္မဘဝလည်းပျက်...အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်...အနိစ္စ။
ဥပပတ္တိဘဝလည်းပျက်...အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်...အနိစ္စ။

(ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည် အပျက်တရားများ ဖြစ်နေခြင်းကြောင့် ၎င်းတို့ကို ထည့်မရှုရပါ။)

ဒုက္ခ, အနတ္တ, အသုဘ အခြင်းအရာအားဖြင့်လည်း တစ်လှည့်စီရှုပါ။ ...ဆိုက်သည့်တိုင်အောင် ဆက်ရှုနေရမည်။

## ဘယတုပဋ္ဌာနဉာဏ် (ဘယဉာဏ်) ဖြစ်ပေါ်ခြင်း

အတိတ်–အနာဂတ်–ပစ္စုပ္ပန်–အဇ္ဈတ္တ– ဗဟိဒ္ဓ– ရုပ်– နာမ်– ကြောင်း– ကျိုး သင်္ခါရတရားတို့၏အပျက်ကို မရပ်မနားဉာဏ်ဖြင့် တရစပ်မြင်နေသော ယောဂီ သည် သင်္ခါရတရားတို့၏ မပြတ်မစဲ အဖန်တလဲလဲ ပျက်မှုဒဏ်ချက်ဖြင့် ဥဒ ပန်း နှိပ်စက်ခြင်းဟူသည့် ဒုက္ခသဘောကို အလွန် ထင်ရှားစွာ မြင်သိလာ ငြိမ်းအေးချမ်းသာသည်ဟု ပြောစမှတ်ပြုကြကုန်သော ရူပ, အရူပ ဘဝသည် ကြောက်မက်ဖွယ်ဒုက္ခသဘောအားဖြင့် ထင်လာကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယောဂီအား အလုံးစုံသော ဘုံသုံးပါး၊ ယောနိ ၄–ပါး၊ ဂတိ ၅–ပါး၊ ဝိညာဏဋ္ဌိတိ ၇–ပါး၊ သတ္တာဝါသ ၉–ပါးတို့၌ ခဏတိုင်း ခဏတိုင်း မပြတ်ပျက်စီးနေကြကုန်သော သင်္ခါရတရားတို့သည် ကြီးစွာသော ငြောက်မက်ဖွယ် ဘေးအဖြစ် ထင်လာကြကုန်၏။ ပမာဆိုသော် ချမ်းသာစွာ နေလိုသော ကြောက်တတ်သည့် ယောကျ်ားအား ခြင်္သေ့၊ ကျားသစ်၊ ဝံ၊ ဘီလူး၊ ရက္ခိုသ်၊ နွားကြမ်း၊ မုန်ယိုသော ဆင်ကြမ်း၊ အဆိပ်ထန်သောမြွေဆိုး၊ မိုးကြိုးစက်၊ သုသာန်၊ စစ်မြေပြင်၊ ရဲရဲတောက်သော မီးကျီးတွင်း စသည်တို့သည် ကြီးမားသော ကြောက်ဖွယ်ဘေးအဖြစ် ထင်လာသကဲ့သို့တည်း။

"အတိတ်–သင်္ခါရတို့သည် ချုပ်လေကုန်ပြီ။ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ။ နောင်အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ဤအတူပင် ချုပ်ကုန်လတ္တံ့" ဟု ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သည့်အရာဌာနတိုင်း၌ ကြောက်ဖွယ်ဘေးဟုထင်သောကြောင့် ဘယတုပဋ္ဌာနဉာဏ်မည်သော **ဘယဉာဏ်** သည် ဖြစ်ပေါ်၏။

## အာဒီနဝါနုပဿနာဉာဏ်ဖြစ်ပေါ်ခြင်း

တစ်ဖန် ထိုအတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ရုပ်၊ နာမ်၊ ကြောင်း၊ ကျိုး၊ သင်္ခါရတို့၏ အနိစ္စအဖြစ်၊ ဒုက္ခအဖြစ်၊ အနတ္တအဖြစ်၊ ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမအဖြစ်တို့ကိုလည်း ယောဂီသည် ထင်ထင်ရှားရှား သိမြင်လာ၏။

အလုံးစုံသောဘဝ၊ ယောနိ၊ ဂတိ၊ ဌိတိ၊ နိဝါသတို့၌ တည်ကုန်သော သင်္ခါရတရားတို့တွင် တစ်ခုသော သင်္ခါရ၌သော်လည်း ပုန်းအောင်းရာသည် မထင်၊ တောင့်တဖွယ်ရာသည် မရှိ၊ ငါဟု မှားယွင်းစွာ သုံးသပ်ဖွယ်သည်မရှိ။ သုံးပါးသော ဘဝတို့သည် မီးလျှံကင်းသော မီးကျီးတို့နှင့် ပြည့်နေသည့် မီးကျီးတွင်းကဲ့သို့လည်းကောင်း၊ လေးပါးသော မဟာဘုတ်တို့သည် ပြင်းထန်သည့်အဆိပ် ရှိသော မြွေဆိုးကြီးတို့ကဲ့သို့လည်းကောင်း၊ ၅–ပါးသော ခန္ဓာတို့သည် သန်လျက်ဓားကိုချိမိုးနေသော သူသတ်ယောကျ်ားတို့ကဲ့သို့လည်းကောင်း၊ ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့သည် လူမရှိသည့် ရွာပျက်ကဲ့သို့လည်းကောင်း၊ ခြောက်ပါးသော ဗာဟိရာယတနတို့သည် ရွာဖျက်ဓားပြကြီးတို့ကဲ့သို့လည်းကောင်း၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့နှင့် ကိုးပါးသော သတ္တာဝါသတို့သည် ၁၁–ပါးသော မီးတို့ဖြင့် ရဲရဲတောက်ကုန်သကဲ့သို့လည်းကောင်း၊ တစ်ခဲနက်မီးလျှံသဖွယ် ဖြစ်ကုန်သကဲ့သို့လည်းကောင်း ထင်ပေါ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အလုံးစုံသော သင်္ခါရတို့သည် အိုင်းအမာကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း၊ စွဲကပ်နေသော ရောဂါတို့ကဲ့သို့ဖြစ်ကုန်၍လည်းကောင်း၊ စူးဝင်နေသော ငြောင့် တို့ကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း၊ မကောင်းမှုတို့ကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း၊ အဖျားအနာကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း သာယာဖွယ်ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ အရသာကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ကြီးမားသော အပြစ် အစုသဖွယ် ထင်ကုန်၏။

အဘယ်သို့နည်းဟူမူ ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ် သည့် ယောကျ်ားအား မွေ့လျော်ဖွယ် အခြင်းအရာအားဖြင့် တည်သော်လည် သားရဲရှိသော တောအရပ်ကဲ့သို့၊ ကျားရှိသော လိုဏ်ဂူကဲ့သို့၊ ဖမ်းစားတတ်သော မိကျောင်း, ရက္ခိုသ် ဘီလူး ရှိသော ရေကဲ့သို့၊ ချိမိုးထားသော သန်လျက်ရှိသည ရန်သူကဲ့သို့၊ အဆိပ်နှင့်တကွသော အစာကဲ့သို့၊ သူခိုးဓားပြရှိသောလမ်းခရီး သို့၊ မီးစွဲလောင်နေသောအိမ်ကဲ့သို့ ထင်၏။ ထိုယောကျ်ားသည် ဤဆိုခဲ့ပြီးသော သားရဲရှိကုန်သော တောအုပ်စသည်တို့ကို ရောက်သွားလတ်သော် ကြောက်ရွံ့ ထိတ်လန့်လျက် ကြက်သီးမွေးညင်းထသည်ဖြစ်၍ ထက်ဝန်းကျင်မှ အပြစ် သာလျှင် မြင်သကဲ့သို့ ထို့အတူပင်လျှင် ဤယောဂီပုဂ္ဂိုလ်သည် ပျက်ခြင်းကို သော ဘင်္ဂါနုပဿနာ၏ အစွမ်းအားဖြင့် အလုံးစုံသော သင်္ခါရတို့သည် ကြော ဖွယ် ဘေးအနေအားဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ အပြစ်ကိုသာလျှ မြင်၏။

ဤသို့အပြစ်ကိုမြင်သော ထိုယောဂီအား **အာဒီနဝဉာဏ်** မည်သော အာဒီ ဝါနုပဿနာဉာဏ်သည် ဖြစ်ပေါ်၏။

## နိဗ္ဗိဒါနုပဿနာဉာဏ် ဖြစ်ပေါ်ခြင်း

ထိုသို့ အပြစ်တို့ကို တွင်တွင်ကြီး မြင်လတ်သော် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂ ကာလ ၃-ပါး၌ရှိသော သင်္ခါရတရား၊ အဇ္ဈတ္တ, ဗဟိဒ္ဓ၌ဖြစ်သော ၃၁-ဘုံအတွင်း ရှိ သင်္ခါရတရား အားလုံးတို့အပေါ်၌ ငြီးငွေ့ ရွံမုန်းသော အသိဉာဏ် ဖြစ်ပေ လာ၏။ ခဏတိုင်းခဏတိုင်း မပြတ်ပျက်စီးတတ်သော သင်္ခါရတရားအပေါ် ၌ ငြီးငွေ့၏၊ ပျင်းရိ၏၊ မပျော်မွေ့။

ဥပမာအားဖြင့် စိတ္တကူဋ်တောင်ခြေ၌ ပျော်မွေ့သော ရွှေဟင်္သာမင်းသ မစင်ကြယ်သော ဒွန်းစဏ္ဍားရွာတံခါးအနီး ရေအိုင်ငယ်၌ မပျော်မွေ့သကဲ့သ လည်းကောင်း၊ သားတို့၏ မင်းဖြစ်သော ခြင်္သေ့မင်းသည် ရွှေလှောင်ချိုင့်ထဲ မပျော်ပိုက်သကဲ့သို့ လည်းကောင်း၊ ကောင်းကင်ပျံနိုင်သော ဆဒ္ဒန်ဆင်မင်းသ

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်၌ မပျော်မွေ့သကဲ့သို့လည်းကောင်း၊ ယောဂီသည် ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်ပြီးသော အပြစ်ရှိသော မပြတ်ပျက်စီးတတ်သော သင်္ခါရတရားအပေါင်း၌ မပျော်မွေ့ဘဲ ငြီးငွေ့လေတော့၏။

ဤသို့သင်္ခါရတရားတို့၌ ငြီးငွေ့ရှုမှန်းသော အသိဉာဏ်ကို **နိဗ္ဗိဒါနုပဿနာဉာဏ်** ဟု ခေါ်၏။ ဤဉာဏ်သည် ရှေးဉာဏ် ၂–ပါးနှင့် အနက်တရားကိုယ်တူကြောင်း ရှေးဆရာတို့ ဤသို့မိန့်ဆိုကြ၏ –

"ဘယတုပဋ္ဌာနဉာဏ်တစ်ခုတည်းပင်လျှင် ၃–ပါးသော အမည်တို့ကို ရ၏။ အလုံးစုံသော သင်္ခါရတို့ကို ကြောက်ဖွယ်ဘေးအနေအားဖြင့် မြင်သောကြောင့် **ဘယတုပဋ္ဌာနဉာဏ်** မည်လေ၏။ ထိုသင်္ခါရတို့၌ပင်လျှင် အပြစ်ကို ဖြစ်စေ, ထင်ပေါ်စေသောကြောင့် **အာဒီနဝါနုပဿနာဉာဏ်** မည်လေသည်။ ထိုသင်္ခါရတို့၌ပင်လျှင် ငြီးငွေ့လျက် ဖြစ်ပေါ်သောကြောင့် **နိဗ္ဗိဒါနုပဿနာဉာဏ်** မည်လေသည်။"

တစ်ဖန် ပဋိသမ္ဘိဒါပါဠိတော်၌လည်း–

"ဘယတုပဋ္ဌာနပညာ၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်ဟူသော ဤဉာဏ် ၃ ပါးတို့သည် တူသောအနက်တရားကိုယ် ရှိကုန်၏။ သဒ္ဒါမျှသာထူး၏" ဟု ဟောတော်မူ၏။ (မဟာစည်၊ မြန်မာပြန်၊ ဝိသုဒ္ဓိမဂ် စတုတ္ထတွဲ၊ နှာ–၃၈၆)

## မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်ခြင်း

ခဏတိုင်း ခဏတိုင်း မပြတ်ပျက်စီးတတ်ကုန်သော သင်္ခါရတရားတို့ကို ငြီးငွေ့ရှုမှန်းနေသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ၃၁–ဘုံလုံး၌ ကာလ ၃–ပါးအတွင်းရှိ ရုပ်နာမ်ကြောင်းကျိုး သင်္ခါရတရားတို့တွင် တစ်ခုသော သင်္ခါရ၌သော်လည်း မကပ်မငြိ မတွယ်၊ အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်မြောက်ခြင်းငှာ အလိုရှိ၏၊ ထွက်မြောက်ခြင်းငှာ အလိုရှိ၏။

အဘယ်ကဲ့သို့နည်းဟူမူ ပိုက်ကွန်အတွင်း၌ မိသောငါး၊ မြွေ၏ ခံတွင်းသို့ ရောက်နေသော ဖား၊ လှောင်အိမ်ချိုင့်၌ ထည့်ထားသော တောကြက်၊ ခိုင်မြဲသော ကျော့ကွင်းဖြင့် ဖွဲ့မိနေသော သမင်၊ မြွေအလမ္ပာယ်ဆရာ၏ လက်သို့ ရောက်နေသော မြွေကြီးစွာသော ညွန်အိုင်၌ကျရောက်သော ဆင်၊ ဂဠုန်၏ ခံတွင်းသို့ ရောက်နေသော နဂါးမင်း၊ ရာဟုခံတွင်းသို့ ဝင်ရောက်နေသော လ၊ ရန်သူတို့ ဝန်းရံထားသော ယောကျ်ား ဤသို့အစရှိသော ပုဂ္ဂိုလ်တို့သည် ထိုထိုအနှောင်အဖွဲ့ ဘေးရန်မှ လွတ်မြောက်လိုကုန်သည်သာလျှင် ထွက်မြောက်လိုကုန်သည်သာလျှင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကုန်သကဲ့သို့ ဤအတူပင် ထိုယောဂီ၏ စိတ်သည် အလုံးစုံသော သင်္ခါရတရား အပေါင်းမှ လွတ်မြောက်ခြင်းငှာ အလိုရှိ၏၊ ထွက်မြောက်ခြင်းငှာ အလိုရှိ၏။

ထိုအခါ၌ အလုံးစုံသော သင်္ခါရတရားတို့ဝယ် တွယ်တာခြင်းကင်းလျက် အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်မြောက်ခြင်းငှာ အလိုရှိသော ထိုယောဂီအား **မုဉ္စိတုကမျတာဉာဏ်** သည် ဖြစ်ပေါ်လာ၏။

## ၂၄။ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် ရှုနည်း

ခဏတိုင်းခဏတိုင်း မပြတ်ပျက်စီးတတ်ကုန်သော သင်္ခါရတရားအပေါင်း မှ လွတ်မြောက်လိုသော ယောဂီသည် အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်မြောက်ခြင်းငှာ ထိုသင်္ခါရတရားတို့ကိုပင်လျှင် **ပဋိသင်္ခါနုပဿနာဉာဏ်** ဖြင့် လက္ခဏာ ၃-ပါး တစ်လှည့်စီတင်၍ ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် တစ်ဖန်သိမ်းဆည်းပါ။

ထိုယောဂီသည် ကာလ ၃-ပါးသန္တာန်အားဖြင့် ပိုင်းခြားအပ်သော ၃၁ ဘုံအတွင်း၌ ရှိကြသည့် ရုပ်, နာမ်, ကြောင်း, ကျိုး, သင်္ခါရတရားအပေါင်းတို့ကို (၁) ပျက်ခြင်းဟူသော အဆုံးကို မလွန်နိုင်သောကြောင့်၊ (၂) အခိုက်အတန့်မျှ တည်သောကြောင့်၊ (၃) ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သောကြောင့်၊ (၄) အလွန်ပျက်သောကြောင့်၊ (၅) တုန်လှုပ်သောကြောင့်၊ (၆) ပျက်လွယ်သော ကြောင့်၊ (၇) မခိုင်ခံ့သောကြောင့်၊ (၈) ဖောက်ပြန်ခြင်းသဘောရှိသောကြောင့် (၉) အနှစ်မရှိသောကြောင့်၊ (၁၀) ကြီးပွားစည်ပင်ခြင်း ကင်းသောကြောင့်၊ (၁၁) ပေါင်းစု၍ ပြုအပ်သောကြောင့်၊ (၁၂) သေခြင်းသဘောရှိသောကြောင့် ဤသို့အစ ရှိသော အကြောင်းတို့ကြောင့် **အနိစ္စ** – မမြဲဟု ရှု၏။

(၁) မပြတ်နှိပ်စက်သောကြောင့်၊ (၂) မခံသာသောကြောင့်၊ (၃) ဆင်းရဲ၏ တည်ရာဝတ္ထုဖြစ်သောကြောင့်၊ (၄) စွဲကပ်နေသော ရောဂါနှင့် တူသောကြောင့် (၅) အိုင်းအမာနှင့်တူသောကြောင့်၊ (၆) စူးဝင်နေသောငြောင့်နှင့်တူသောကြောင့် (၇) မကောင်းမှုနှင့်တူသောကြောင့်၊ (၈) ဖျားနာမှုနှင့် တူသောကြောင့်၊ (၉) အော ရန်နှင့် တူသောကြောင့်၊ (၁၀) ဥပဒ္ဒဝေါနှင့် တူသောကြောင့်၊ (၁၁) ဘေးနှင့်တူ သောကြောင့်၊ (၁၂) ကပ်ငြိသော အနှောင့်အယှက်နှင့် တူသောကြောင့်၊ (၁၃) မစောင့်ရှောက်တတ်သောကြောင့်၊ (၁၄) ပုန်းအောင်းရာမဟုတ်သောကြောင့် (၁၅) ကိုးကွယ်ရာမဟုတ်သောကြောင့်၊ (၁၆) အပြစ်အာဒီနဝဖြစ်သောကြောင့် (၁၇) မကောင်းမှု၏ အရင်းအမြစ်ဖြစ်သောကြောင့်၊ (၁၈) သူသတ်ယောက်ျားနှင့် တူသောကြောင့်၊ (၁၉) အာသဝေါ၏ အာရုံဖြစ်သောကြောင့်၊ (၂၀) သူသတ်သ

www.burmeseclassic.com

www.burmeseclassic.com



မာရ်တို့၏ သတ်စရာအစာဖြစ်သောကြောင့်၊ (၂၁) ဖြစ်ခြင်းသဘောရှိသောကြောင့်၊ (၂၂) အိုခြင်းသဘောရှိသောကြောင့်၊ (၂၃) နာခြင်းသဘောရှိသောကြောင့်၊ (၂၄) စိုးရိမ်ဖွယ်သဘောဖြစ်သောကြောင့်၊ (၂၅) ငိုကြွေးဖွယ်သဘောဖြစ်သောကြောင့်၊ (၂၆) ပြင်းစွာပူပန်ဖွယ်သဘောဖြစ်သောကြောင့်၊ (၂၇) ကိလေသာတို့၏ စွဲမှီရာအာရုံသဘောဖြစ်သောကြောင့် ဤသို့အစရှိသောအကြောင်းတို့ကြောင့် **ဒုက္ခ–** ဆင်းရဲဟုရှု၏။

(၁) မနှစ်မြို့ဖွယ်ဖြစ်သောကြောင့်၊ (၂) မကောင်းသောအနံ့ရှိသောကြောင့်၊ (၃) စက်ဆုပ်ဖွယ်ဖြစ်သောကြောင့်၊ (၄) ရွံရှာဖွယ်ဖြစ်သောကြောင့်၊ (၅) တန်ဆာမဆင်ခြင်းဖြင့် တင့်တယ်မှုပျက်စီးသောကြောင့်၊ (၆) အဆင်းမလှသောကြောင့်၊ (၇) အလွန်အမြင်ဆိုးသောကြောင့် အစရှိသောအကြောင်းတို့ကြောင့် **အသုဘ–** မတင့်တယ်ဟု ရှု၏။ (အသုဘသည် ဒုက္ခလက္ခဏာ၏ အခြံအရံဖြစ်၏။)

(၂) ပြင်ပသူစိမ်းဖြစ်သောကြောင့်၊ (၂) အတ္တမှကင်းသောကြောင့်၊ (၃) အချည်းနှီးဖြစ်သောကြောင့်၊ (၄) အတ္တမှ ဆိတ်သုဉ်းသောကြောင့်၊ (၅) ပိုင်ရှင်မရှိသောကြောင့်၊ (၆) အစိုးမရသောကြောင့်၊ (၇) အလိုအတိုင်း မဖြစ်သောကြောင့် ဤသို့အစရှိသော အကြောင်းတို့ကြောင့် **အနတ္တ** – အတ္တမဟုတ်၊ အတ္တမရှိဟု ရှုပါ။

**(မှတ်ချက်။** ။ ဤအပိုင်းတွင် တော ၄၀–ရှုကွက်ကို တစ်ဖန်ပြန်ရှုနိုင်ပါသည်။)

ဤသို့လျှင် ယောဂီသည် သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏ပြီးစီးကြောင်း နည်းလမ်းကို ပြည့်စုံစေခြင်းအကျိုးငှာ လက္ခဏာ ၃–ပါးတင်၍ သိမ်းဆည်းလေ၏။ ဥပမာသော်ကား ငါးဖမ်းယောကျ်ားတစ်ဦးသည် ရေထဲ၌ချလျက် ထောင်ထားသော မြုံးဝဖြင့် လက်ကိုချသွင်း၍ ငှေ့ယမ်းဖမ်းဆီးရာတွင် ငါးနှင့်တူသော အကောင်တစ်ခုကို ဆုပ်ကိုင်မိ၏။ "ငါသည် ငါးကြီးတစ်ကောင်ကို ဖမ်းမိလေပြီ" ဟု ဝမ်းမြောက်ဝမ်းသာဖြင့် လက်ကို ရေပေါ်သို့ မြှောက်တင်၍ ကြည့်လတ်သော် လည်ရေးသုံးရစ်ကို မြင်သဖြင့် ရေမြွေဟောက်မှန်း သိလိုက်လေ၏။

ထိုအခါ ထိတ်လန့်လျက် အသက်ဘေးအန္တရာယ်ရောက်ရှိသည်ဟူသော အပြစ်ကိုမြင်ကာ ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့လျက် မြွေကို လွှတ်ပစ်လိုက်ချင်၏။ သို့သော် အားမထုတ်ဘဲ လွှတ်ပစ်လိုက်ချေက မြွေပေါက်ခြင်းကို ခံရပေလိမ့်မည်။ သို့အတွက် မြွေအန္တရာယ်မှ လွှတ်မြောက်နိုင်ရန် မနှစ်သက်သော်လည်း ပင့်သက်ရှူကာ မြွေကို မြဲမြဲဆုပ်ကိုင်လျက် လက်ကိုရစ်ပတ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



မြွေခန္ဓာကိုယ်ကို ဖြေထုတ်ပြီး လက်ရုံးကို မြှောက်တင်ကာ ဦးခေါင်းထက်၌ မြွေကို နှစ်ကြိမ်သုံးကြိမ် ဝှေ့ယမ်းလှည့်ပတ်ပြီးနောက် အဝေးသို့ရောက်အောင် ပစ်လွှင့်လိုက်၏။ ထို့နောက် လျင်မြန်သောအဟုန်ဖြင့် ကန်ပေါင်ရိုးပေါ်သို့ တက်၍ "မြွေဟောက်အန္တရာယ်မှ ငါလွတ်မြောက်ခဲ့လေပြီ"ဟု လာခဲ့ရာလမ်းကို မျှော်ကြည့်လျက် ရပ်တည်နေလေ၏။

ဤဥပမာ၌ ငါးဟုထင်မှတ်၍ ရေမြွေဟောက်ကို လည်ပင်း၌ဆုပ်ကိုင်လျက် ထိုယောက်ျား၏ ဝမ်းမြောက်ခြင်းသည် ခန္ဓာကိုယ်အတ္တဘောကို ရ၍ အစဦး၌ ယောဂီ၏ ဝမ်းမြောက်ခြင်းနှင့်တူ၏။ မြုံးဝမှ မြွေခေါင်းကို ထုတ်ဆောင်၍ လည်ရေး သုံးရစ်ကို ထိုယောက်ျား၏ မြင်ခြင်းသည် ဃနပညတ်ကိုဖြိုခွဲပြီးလျှင် သင်္ခါရတို့၌ လက္ခဏာ ၃-ပါးကို ယောဂီ၏ ရှုမြင်ခြင်းနှင့် တူ၏။ ထိုယောက်ျား၏ ကြောက်လန့်သောစိတ် ဖြစ်ခြင်းသည် ယောဂီ၌ ကြောက်မက်ဖွယ် ဘေးအနေအားဖြင့် ထင်သော ဘယတုပဋ္ဌာနဉာဏ်ဖြစ်ခြင်းနှင့်တူ၏။

တစ်ဖန် ထိုယောက်ျား၏ အပြစ်မြင်ခြင်းကဲ့သို့ ယောဂီ၏ အပြစ်ဟု မြင်သော အာဒီနဝါနုပဿနာဉာဏ်ကို မှတ်အပ်၏။ ထိုယောက်ျား၏ မြွေကို ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့ခြင်းကဲ့သို့ ယောဂီ၏ ငြီးငွေ့လျက်ရှိသော နိဗ္ဗိဒါနုပဿနာဉာဏ်ကို မှတ်အပ်၏။ ထိုယောက်ျား၏ မြွေကို လွှတ်လိုခြင်းကဲ့သို့ ယောဂီ၏ သင်္ခါရတို့ကို လွှတ်လိုလျက်ဖြစ်သော မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ လွှတ်ခြင်း၏ ပြီးစီးကြောင်း နည်းလမ်းကို ထိုယောက်ျား၏ ပြုခြင်းကဲ့သို့ ယောဂီ၏ သိလျက်တစ်ဖန်ရှုသော ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် သင်္ခါရတို့၌ လက္ခဏာ ၃ ပါး တင်ခြင်းကို မှတ်အပ်၏။

ထိုယောက်ျားသည် မြွေကို ဝှေ့ယမ်းလှည့်ပတ်လျက် အားနည်းအောင် ပြုကာ လှည့်မကိုက်နိုင်သည်၏ အဖြစ်သို့ ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့် လွှတ်လိုက်သကဲ့သို့ ထို့အတူ ဤယောဂီသည် လက္ခဏာ ၃-ပါး တင်ခြင်းဖြင့် သင်္ခါရတို့ကို ဝှေ့ယမ်းလှည့်ပတ်၍ အားနည်းအောင်ပြုကာ မြဲသောအခြင်းအရာ၊ ချမ်းသာသော အခြင်းအရာ၊ တင့်တယ်သော အခြင်းအရာ၊ အတ္တကောင်အခြင်းအရာ အားဖြင့် တစ်ဖန်မထင်ပေါ်နိုင်သည်၏ အဖြစ်သို့ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့် လွှတ်၏။

ဤမျှအားထုတ်ခဲ့သော ဘာဝနာအစီအရင်ဖြင့် ယောဂီ၌ **ပဋိသင်္ခါဉာဏ်** ဖြစ်ပေါ်ပြီဟု မှတ်အပ်၏။

www.burmeseclassic.com

www.burmeseclassic.com



## သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီ

၃၁–ဘုံ၌ ကာလသုံးပါးအတွင်း တည်ရှိကြသော ရုပ်နာမ်, ကြောင်းကျိုးတရားတို့ကို ခြုံ၍ အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့်၊ အနိစ္စအခြင်းအရာ၊ ဒုက္ခအခြင်းအရာ၊ အသုဘအခြင်းအရာ၊ အနတ္တအခြင်းအရာအားဖြင့် တွင်တွင်ကြီးဝိပဿနာရှုခဲ့သော် သင်္ခါရတရားတို့၏ အပျက်သဘောသည် အလွန့်အလွန်ထင်ရှားလျက် အလွန်လျင်မြန်စွာထင်လာတတ်၏။ အပျက်များ သိပ်ကြမ်းလာတတ်၏။ ထိုပျက်မှုသဘောတို့ကို လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ဝိပဿနာဆက်ရှုပါ။

ဝိပဿနာဘာဝနာစိတ်သည် သင်္ခါရတို့အပေါ်၌ ကြောင့်ကြမှု၊ တောင့်တမှုတစ်စတစ်စ ကင်းပြတ်ကာ အညီအမျှလျစ်လျူရှုထားနိုင်သောအဆင့်သို့ ရောက်လာ၏။ ဘာဝနာစိတ်သည် သင်္ခါရတရားတို့၏ ပျက်မှုအာရုံပေါ်၌သာ ငြိမ်ဝပ်စွာ ကပ်ရပ်လာ၏။

ထိုသို့ ဘာဝနာစိတ်ငြိမ်ဝပ်လာသောအခါ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အထိဟူသော အာရုံငါးပါးကို သိသည့် ပဉ္စဒွါရဝီထိစိတ်များ မဖြစ်တော့ဘဲ မနောဒွါရဝီထိစိတ်များသာ ဖြစ်နေတတ်၏။

ထိုအခါ အဇ္ဈတ္တတစ်လှည့်, ဗဟိဒ္ဓတစ်လှည့်၊ ရုပ်တစ်လှည့်, နာမ်တစ်လှည့်လက္ခဏာယာဉ် ၃–ချက်တစ်လှည့်စီတင်၍ ရှုနေရာက–

**ရှုကွက် (၂၅) –** အဇ္ဈတ္တရှုခိုက်၌ ဘာဝနာစိတ် ငြိမ်ဝပ်နေလျှင် အဇ္ဈတ္တ၌သာ ရုပ်တစ်လှည့်၊ နာမ်တစ်လှည့် ဝိပဿနာရှုနေပါ။

ဗဟိဒ္ဓရှုခိုက်၌ ဘာဝနာစိတ် ငြိမ်ဝပ်နေလျှင် ဗဟိဒ္ဓ၌သာ ရုပ်တစ်လှည့်, နာမ်တစ်လှည့် ဝိပဿနာရှုနေပါ။

လက္ခဏာရေး ၃–ပါးတွင်လည်း ရှု၍ပိုကောင်းသောလက္ခဏာ ၁–ပါးကိုသာ ဦးစားပေး၍ ရှုပါ။

**အထူး သတိပြုရန် –** ဤသို့ သင်္ခါရတရားတို့၏ အပျက်ကို အာရုံယူ၍ ဝိပဿနာရှုနေသော ဘာဝနာစိတ်သည် အဇ္ဈတ္တရုပ်နာမ်ကို ရှုခိုက်၌ အဇ္ဈတ္တ ရုပ်နာမ်တို့၏ ဖြစ်ပျက်အာရုံပေါ်ဝယ် ငြိမ်ဝပ်နေသည်ဖြစ်အံ့။ ထိုအခါ ဗဟိဒ္ဓသို့ ပြောင်း၍ စိတ်ကိုလွှတ်လိုက်သော် ငြိမ်ဝပ်နေသော သမာဓိ ပျက်ပြားသွားတတ်၏။ ဗဟိဒ္ဓရုပ်နာမ်တို့၏ အပျက်ကို အာရုံယူ၍ ဝိပဿနာရှုခိုက်၌ ဗဟိဒ္ဓ ရုပ်နာမ် အပျက်အာရုံပေါ်ဝယ် ဝိပဿနာစိတ် ငြိမ်ဝပ်နေစဉ်အခါ အဇ္ဈတ္တ ရုပ်နာမ်၏ အပျက်အာရုံသို့ ပြောင်းရှုပြန်ပါကလည်း ဘာဝနာသမာဓိပျက်သွားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအပိုင်းကား သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ကို အထူးညီမျှအောင် သတိဖြင့် ညှိပေးရသောအပိုင်းဖြစ်၏။ ဣန္ဒြေ ၅-ပါးတို့ညီပါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ တက်လှမ်းနိုင်ပါသည်။

နောက်ထပ်သတိပြုရန် အချက်တစ်ရပ်မှာ နာမ်တရားတို့၏ အပျက်သဘောကို အာရုံယူ၍ လက္ခဏာ ၃-ချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုရာ၌ ရုပ်နာမ်သင်္ခါရတို့၏ အပျက်ကို အညီအမျှလျစ်လျူရှုမှု ဥပေက္ခာသဘောသို့ ရောက်လုနီးသည့်အချိန်မှစ၍ ဓမ္မာရုံလိုင်း အကောင်းအုပ်စု နာမ်တရားတို့ကိုသာ ဦးစားပေး၍ ရှုပါ။

ဥပမာ–အဖြူကသိုဏ်း၌ ဈာန်အဆင့်ဆင့်ဝင်စားပြီး ထိုဈာန်တို့၏အပျက်သဘောကို အနိစ္စ, ဒုက္ခ, အနတ္တ တစ်လှည့်စီရှုပါ။ ထို့နောက် မိမိနှစ်သက်သော ဈာန်တစ်ခုတည်း၏ အပျက်သက်သက်ကို လက္ခဏာတင်ရှုပါ။

ထိုသို့ရှုရာဝယ် သင်္ခါရတရားတို့၏ အပျက်အာရုံ၌ ဘာဝနာစိတ် ငြိမ်ဝပ်လာမည်ဖြစ်၏။ ထိုအချိန်တွင် အပြင်အသံဗလံစသည်တို့ကို ကြားသိခြင်းမရှိတော့ချေ။ ထိုသို့ အသံစသည်တို့ကို မကြားရတော့ဘဲ ရုပ်နာမ်သင်္ခါရတို့၏ အပျက်အာရုံ၌ ဘာဝနာစိတ်သည် လှုပ်မရအောင်ငြိမ်ဝပ်လာပါက ဝိပဿနာ စွမ်းအားသည် အထူးအားကောင်းလာပြီဖြစ်၏။

ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓရှုပွားမှုကို ခေတ္တရပ်ဆိုင်း၍ အဇ္ဈတ္တ၌ငြိမ်နေလျှင် အဇ္ဈတ္တ၌၊ ဗဟိဒ္ဓ၌ငြိမ်နေလျှင် ဗဟိဒ္ဓ၌ ရုပ်တစ်လှည့်, နာမ်တစ်လှည့် ကြိုက်နှစ်သက်ရာ တစ်ခုကို ရွေးချယ်ပြီး ဦးစားပေး၍ ရှုနေပါ။

ထိုသို့ရှုရာ၌ အချို့ယောဂီများသည် ရုပ်နာမ် ၂-မျိုးလုံးကို တွဲ၍ရှုရ[illegible] ကို ပို၍နှစ်ခြိုက်ကြ၏။ အချို့ယောဂီများက ရုပ်သက်သက် ရှုရသည်ကို [illegible] နှစ်ခြိုက်ကြ၏။ အချို့ကမူ နာမ်သက်သက်ရှုရခြင်းကို ပို၍နှစ်သက်ကြ[illegible]

အချို့က အနိစ္စဟုရှုရသည်ကို ပို၍နှစ်သက်ကြ၏။ အချို့က ဒုက္ခဟု[illegible] သည်ကို ပိုနှစ်ခြိုက်ကြ၏။ အချို့က အနတ္တဟု ရှုရသည်ကို ပိုနှစ်သက်ကြ[illegible]

မိမိရှု၍ ပိုကောင်းသည့် သင်္ခါရတရား၌ ရှု၍ပိုကောင်းသော လက္ခဏာ[illegible] တင်လျက် ဆက်ရှုနိုင်သည်။ ဤသို့ရှုရာ၌ တစ်ဖန် အချို့ယောဂီများသည် [illegible] တရားတို့၏ အပျက်ကို လုံးဝမမြင်တော့ဘဲ နာမ်တရားတို့၏ အပျက်သက်[illegible] ကိုသာ တွေ့နေရသည်လည်း ရှိတတ်၏။ ဤအခါမျိုးတွင် နာမ်တရားတို့[illegible] အပျက်ကိုသာ လက္ခဏာယာဉ်တင်၍ရှုပါ။ မတွေ့ရတော့ပြီဖြစ်သည့် ရုပ်တရား[illegible] ၏ အပျက်ကို အထူးရှာဖွေ၍ မရှုပါနှင့်။

ထိုအခါမျိုး၌ ပျက်နေသော နာမ်တရားများသည် များသော[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာရှုနေသော မနောဒွါရိကဇောဝီထိစိတ်များနှင့် ဘဝင်များ ဖြစ်တတ်ကြ၏။ ရှေ့စိတ်ကို နောက်စိတ်ဖြင့် (ဝါ) ရှေ့စိတ်ကို နောက်စိတ်ဖြင့် တစ်ဖန်ပြန်၍ ဝိပဿနာရှုနေပါ။

အချို့ယောဂီများကား ရုပ်နာမ် ၂–မျိုးလုံး၏ အပျက်ကိုပင် မြင်နေရတတ်၏။ ဤသို့ဖြစ်လျှင် ရုပ်တစ်လှည့်, နာမ်တစ်လှည့်ဖြစ်စေ၊ ရုပ်နာမ်တွဲ၍ဖြစ်စေ အပျက်သဘောကိုသာ အာရုံယူ၍ လက္ခဏာယာဉ် တစ်ခုခုတင်ရှုပါ။

အထက်ပါအတိုင်း ရှုနေသော ယောဂီအား ၃၁–ဘုံအတွင်းရှိ သင်္ခါရတရားတို့အပေါ်၌ လျစ်လျူရှုထားနိုင်မှု ဥပေက္ခာသဘောသည် ကောင်းစွာတည်လာမည် ဖြစ်၏။

*ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသီနော*
*ဟောတိ မဇ္ဈတ္တော။* (ဝိသုဒ္ဓိ၊ ၂၊ ၂၉၄)

သင်္ခါရတို့၏ အပြစ်ကို ကောင်းစွာမြင်သဖြင့် သင်္ခါရတို့မှ လွတ်မြောက်လိုသော စိတ်ဓာတ်ဖြင့် သင်္ခါရတို့၏ အပျက်သဘောကို ဝိပဿနာရှုနေသော ယောဂီသည် "ငါ၊ ဟာ...ငါ...ငါ၏ အတ္တ" ဟု စွဲယူထိုက်သည့် တစ်စုံတစ်ခုသော သင်္ခါရကိုမျှ မမြင်တွေ့တော့ချေ။ ထိုအခါ–

သင်္ခါရတရားတို့ကို ကြောက်လန့်ခြင်း – ဘယဟူသော အစွန်းတစ်ခု၊ သင်္ခါရတရားတို့ကို နှစ်သက်တောင့်တခြင်း–နန္ဒီဟူသော အစွန်းတစ်ခု၊ ဤအစွန်း ၂–ခုကို ပယ်၍ အလုံးစုံသော သင်္ခါရတရားတို့အပေါ်၌ ဥဒါသိန်မှုနိုင်ခြင်းသဘော (ဝါ) အလယ်အလတ်လျစ်လျူရှုထားနိုင်မှုသဘောသည် ဖြစ်ပေါ်လာပေ၏။

ဤသဘောသို့ ဆိုက်ရောက်အောင် ပို့ဆောင်ပေးလိုက်သော ဉာဏ်သည်ကား **သင်္ခါရုပေက္ခာဉာဏ်ပေတည်း။**

သင်္ခါရတရားတို့၌ လျစ်လျူရှုနိုင်လာခြင်းနှင့် ဆီလျော်သော ဥပမာတစ်ခုသည်ကား...အခါတစ်ပါး၌ ယောကျ်ားတစ်ယောက်တွင် အလွန်ချောမောလှပသည့် ဇနီးတစ်ဦးရှိ၏။ ယောကျ်ားသည် မိမိ၏ဇနီးအား အလွန်ချစ်မြတ်နိုးသဖြင့် ဇနီးထံပါးမှ တစ်ခဏမျှသော်လည်း ခွဲခွာ၍နေခြင်းငှာ မစွမ်းနိုင်ပေ။

ထိုယောကျ်ားသည် တစ်ပါးသောယောကျ်ားနှင့် မိမိ၏ဇနီး လော်လီဖောက်ပြားနေသည်ကို သိရသောအခါ အတိုင်းထက်အလွန် အမျက်ထွက်ခြင်း, နှလုံးမသာခြင်း, စိတ်ဆင်းရဲခြင်းတို့ကို ခံစားရ၏။ စိတ်ဆင်းရဲရဖန်များလာသောအခါ မိန်းမ၏အပြစ်ဒေါသကိုမြင်သောကြောင့် ထိုမိန်းမမှ ကင်းလွတ်လိုသည် ဖြစ်၍ ထိုမိန်းမကို ကွာရှင်းလိုက်လေ၏။ ထိုအခါမှစ၍ ထိုမိန်းမသည် တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သော ယောက်ျားနှင့် လော်လီဖောက်ပြားနေသည်ကို ကြားသိရပါသော်လည်း အမျက်မထွက်တော့၊ နှလုံးမသာခြင်းမဖြစ်တော့၊ ငါနှင့်ဘာမျှမဆိုင်ဟု လျစ်လျူရှုလျက် အလယ်အလတ်သဘောဖြင့် တည်နေနိုင်လေ၏။

ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသောသင်္ခါရတို့မှ လွတ်မြောက်လိုသည်ဖြစ်၍ ပဋိသင်္ခါနုပဿနာဖြင့် သင်္ခါရတို့ကိုသိမ်းဆည်းလျက် ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း မှတ်ယူဖွယ်ကို မမြင်သောကြောင့် ကြောက်လန့်ခြင်းနှင့် နှစ်သက်ခြင်းတို့ကို ပယ်စွန့်၍ အလုံးစုံသောသင်္ခါရတို့၌ လျစ်လျူရှုလျက် အလယ်အလတ်သဘောဖြင့် တည်နေနိုင်လေတော့၏။

သင်္ခါရုပေက္ခာဉာဏ်သည် ရှေ့ဉာဏ် ၂–ပါးနှင့် အနက်တရားကိုယ် တူကြောင်းကို ရှေးဆရာတို့ ဤသို့မိန့်ဆိုကြ၏။

"ဤသင်္ခါရုပေက္ခာဉာဏ်သည် တစ်ပါးတည်းဖြစ်လျက် သုံးပါးသော အမည်တို့ကို ရ၏။ အောက်ပိုင်း၌ မုဉ္စိတုကမျတာဉာဏ်မည်ခဲ့၏၊ အလယ်ပိုင်း၌ ပဋိသင်္ခါနုပဿနာဉာဏ်မည်ခဲ့၏၊ အဆုံးပိုင်း၌ ခေါင်ထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ် မည်၏။"

ထိုသင်္ခါရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍မြင်ငြားအံ့၊ ထိုသို့မြင်လျှင် အလုံးစုံသော သင်္ခါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊ ထိုသို့ မမြင်သေးလျှင် သင်္ခါရကိုသာ အာရုံပြုလျက် အဖန်တလဲလဲ ဖြစ်ပေါ်နေ၏။

(ဝိသုဒ္ဓိ၊ ၂၊ ၂၉၄–၂၉၅)

ဥပမာသော်ကား သင်္ဘောဖြင့် ပင်လယ်ခရီးကို ဖြတ်သန်းသွားလာကြသော ကုန်သည်တို့သည် ဒိသာကာက ခေါ် အရပ်မျက်နှာထောက်လှမ်းရေးကျီးတို့ကို ယူဆောင်သွားကြကုန်၏။ လေမုန်တိုင်းတိုက်လွှင့်သောကြောင့် သင်္ဘောသည် မရောက်ဖူးသောအရပ်သို့ ရောက်ပြီး ကမ်းကို မမြင်နိုင် မမှန်းဆနိုင်သောအခါ ဒိသာကာကကျီးကို လွှတ်ကြကုန်၏။ ထိုကျီးသည် ကောင်းကင်သို့ပျံတက်ပြီးလျှင် အရပ်မျက်နှာအသီးသီးသို့ အစဉ်အတိုင်း လှည့်လည်ပျံသွား၍ ကမ်းကို အကယ်၍မြင်ငြားအံ့၊ ထိုကမ်းဆီသို့သာ ရှေးရှုလျက် ပျံသွားလေ၏။ ကမ်းကို မမြင်ရလျှင်မူကား အဖန်တလဲလဲ ပြန်လာပြီးလျှင် လင်းယဉ်တိုင်ဖျား၌ နားနေ၏။

ဤအတူပင် သင်္ခါရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍မြင်ငြားအံ့၊ ထိုသို့မြင်လျှင် အလုံးစုံ

www.burmeseclassic.com

www.burmeseclassic.com



သော သင်္ခါရအယဉ်ကို စွန့်လွှတ်၍ ထိုနိဗ္ဗာန်အအေးဓာတ်ဆီသို့ ပြေးဝင်သွား၏။ အကယ်၍ မမြင်သေးလျှင် သင်္ခါရကိုသာ အာရုံပြုလျက် အဖန်တလဲလဲဖြစ်ပေါ်နေ၏။

ထိုသို့ဖြစ်နေလျှင် သင်္ခါရုပေက္ခာဉာဏ် ရင့်ကျက်လာအောင်–

**ရှုကွက် ၂၆–**

(၁) ရုံခါ ပစ္စုပ္ပန်၊ (၂) ရုံခါ အတိတ်၊ (၃) ရုံခါ အနာဂတ်၊ (၄) ရုံခါအဇ္ဈတ္တ၊ (၅) ရုံခါ ဗဟိဒ္ဓ၊ (၆) ရုံခါရုပ်တရား၊ (၇) ရုံခါ နာမ်တရား၊ (၈) ရုံခါ အကြောင်းတရား၊ (၉) ရုံခါ အကျိုးတရားတို့ကို (၁၀) ရုံခါအနိစ္စ၊ (၁၁) ရုံခါ ဒုက္ခ၊ (၁၂) ရုံခါ အနတ္တ လက္ခဏာတင်၍ ရှုပါလေ။

## အနုလောမဉာဏ်မှ တစ်ဆင့်တက်ပြီ

ထိုသင်္ခါရုပေက္ခာဉာဏ်ကို မှီဝဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော ယောဂီအား ယုံကြည်ဆုံးဖြတ်မှု–အဓိမောက္ခ (သဒ္ဓါ) သည် အားကြီးစွာဖြစ်၏။ ကောင်းစွာ ချီးမြှောက်ထောက်ပံ့အပ်သော ထက်သန်သော ဝီရိယသည် ဖြစ်၏။ သတိသည် ကောင်းစွာထင်၏။ စိတ်သည် ကောင်းစွာတည်ကြည်၏။ အထူးသဖြင့် ထက်မြက်သောသင်္ခါရုပေက္ခာဉာဏ်သည် ဖြစ်၏။ ထိုအခါ–

(၁) ပဝတ္တဟူသော သင်္ခါရတို့၏ ပျက်မှုသဘောမှ

(၂) အပဝတ္တဟူသော သင်္ခါရတို့၏ မဖြစ်မပျက်မှုသဘော (နိဗ္ဗာန် အငြိမ်းဓာတ်) သို့ ဉာဏ်သက်ဝင်ဆိုက်ရောက်သွားမည့်ကာလ၌ အောက်ပါ မဂ်ဝီထိ ဖြစ်ပေါ်၏။

(မန္ဒပညာ) "န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်" ...ဘဝင်၊

(တိက္ခပညာ) "န–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်" ...ဘဝင်၊

နောက်ဆုံးသင်္ခါရုပေက္ခာ ဝိပဿနာက အာရုံပြုသော သင်္ခါရတို့၏ အနိစ္စ သို့မဟုတ် ဒုက္ခ၊ သို့မဟုတ် အနတ္တလက္ခဏာသည် မနောအကြည်၌ ထင်လာသဖြင့် ဘဝင်္ဂစလန (န) ဘဝင်္ဂုပစ္ဆေဒ (ဒ) ဟူ၍ ဘဝင် ၂–ကြိမ်လှုပ်ပြီး ပြတ်၏။ ထို့နောက် ထိုထင်လာသော သင်္ခါရလက္ခဏာကို အာရုံပြု၍ပင် မနောဒွါရာဝဇ္ဇန်း (မ) ၁–ကြိမ်နှင့် ပရိကံ (ပ)၊ ဥပစာ (ဥ)၊ အနုလုံ (နု) အသီးသီး အမည်ရကြသော ဇောစိတ် ၃–ကြိမ်ဖြစ်၏။

ထို့နောက် နိဗ္ဗာန်၏ အငြိမ်းဓာတ်ကို အာရုံပြုလျက် ဂေါတြဘု (ဂေါ) ဟု အမည်ရသော ဇောစိတ် ၁–ကြိမ်ဖြစ်၏။ ထို့နောက် နိဗ္ဗာန်၏အငြိမ်းဓာတ်ကို အာရုံပြု၍ပင် သောတာပတ္တိမဂ်စိတ် ၁–ကြိမ်နှင့် ဖိုလ်စိတ် ၂–ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကား နုံ့သောပညာရှိသူ (မန္ဒပညာပုဂ္ဂိုလ်) ၏ ပထမမဂ်ဝီထိပေတည်း။ ထက်သောပညာရှိသူ (တိက္ခပညာပုဂ္ဂိုလ်) ၏ မဂ်ဝီထိ၌ ပရိကံမဖြစ်ဘဲ ဖိုလ်စိတ် ၁-ကြိမ်တိုး၍ ဖြစ်၏။

အထက်ပါဝီထိများ၌ "ပ-ဥ-နု-ဂေါ" တို့သည် မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောစိတ်များ ဖြစ်ကြ၏။ ၎င်းတို့ အသီးသီးဆောင်ရွက်ကြသည့် ကိစ္စကို လိုက်၍ ၎င်းတို့ရရှိထားသောအမည်များမှာ-

ပ =ပရိကံ =ပရိကမ္မ = မဂ်ဖြစ်ရန်ကြိုတင်ပြုပြင်ပေးသောစိတ်၊

ဥ =ဥပစာ =မဂ်အနီး၌ကပ်၍ဖြစ်သော ဇောစိတ်၊

နု =အနုလုံ =အောက်ပရိကံဇောအားလည်းကောင်း၊ အထက် အပ္ပနာဇောအားလည်းကောင်း လျော်စွာဖြစ်တတ်သောစိတ်။

ဤပရိကံ၊ ဥပစာ၊ အနုလုံဟုအမည်ရကြသော ဇောစိတ် ၃-ပါးသည် ရှေ့အဖို့ နောက်အဖို့ဖြစ်ကြသော တရားအဖို့အစုတို့အားလျော်သောကြောင့် **အနုလောမဉာဏ်** ဟု အမည်ရ၏။ မှန်ပေ၏။ ထိုအနုလောမဉာဏ်သည် ရှေး၌ဖြစ်ကုန်သော **ဥဒယဗ္ဗယဉာဏ်** အစရှိကုန်သော ဝိပဿနာဉာဏ် ၈-ပါးတို့၏ မှန်သော ကိစ္စရှိသည်၏ အဖြစ်အားလျော်၏။ အထက်မဂ်၌ပါဝင်သောဗောဓိပက္ခိယ ၃၇-ပါးတို့၏ မှန်သောကိစ္စ ရှိသည်၏ အဖြစ်အားလည်းလျော်၏။

**ဂေါတြဘု** စိတ်သည် ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သော စိတ်ဖြစ်၏။ မှန်ပေ၏။ ထိုစိတ်သည် မဂ်ဝီထိတွင် နောက်ဆုံးဖြစ်သည့် ကာမစိတ်ပေတည်း။ ထိုစိတ်ဖြစ်နေသောကာလတိုင်အောင် ယောဂီသည် ပုထုဇဉ်အဆင့်၌သာရှိနေသေး၏။ ဂေါတြဘုစိတ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် မဂ်စိတ်ဖြစ်ပေါ်လာသဖြင့် ယောဂီသည် အရိယာအနွယ်သို့ ကူးပြောင်းသွား၏။

ဂေါတြဘုစိတ်၏ ထူးခြားမှုမှာ ကာမစိတ်ဖြစ်လျက် နိဗ္ဗာန်ကိုလှမ်း၍အာရုံယူနိုင်ခြင်းဖြစ်၏။ ဂေါတြဘုသည် မဂ်ရှေ့မှ နိဗ္ဗာန်ကိုညွှန်ပြတတ်သောကြောင့် မဂ်ဇော ဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သည့် အာဝဇ္ဇန်းနှင့်တူ၏ ဟု မှတ်ချက်ချကြ၏။

ဂေါတြဘုနှင့်ယှဉ်သောပညာကို **ဂေါတြဘုဉာဏ်** ဟု ခေါ်၏။

မဂ်စိတ်နှင့်ယှဉ်သောပညာကို **မဂ်ဉာဏ်** ဟု ခေါ်၏။

ဖိုလ်စိတ်နှင့်ယှဉ်သောပညာကို **ဖိုလ်ဉာဏ်** ဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်

(၁) ခေါင်ထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်၊ (၂) အနုလောမဉာဏ်၊ (၃) ဂေါတြဘုဉာဏ်၊ ဤဉာဏ် ၃–ပါးတို့ကို စုပေါင်း၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဟု ခေါ်၏။

သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်တို့သည် သင်္ခါရတရားတို့၏ လက္ခဏာရေး ၃–ပါးကို အာရုံပြုကြသဖြင့် ၎င်းတို့ကို ဝိပဿနာဉာဏ်ဟု ခေါ်ဆိုထိုက်၏။ ဂေါတြဘုဉာဏ်ကား သင်္ခါရကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြုသောကြောင့် အမှန်တွင် ဝိပဿနာဉာဏ်အမည်မရထိုက်ချေ။ သို့သော် ဝိပဿနာဉာဏ်များ၏ အထွတ်အထိပ်နှင့်တူသောကြောင့် ဝိပဿနာဉာဏ်တွင် သွင်းယူရ၏။

အဆိုပါ ဉာဏ် ၃–ပါးတို့သည် ခေါင်ထိပ်ဟူသော မြတ်သည်၏ အဖြစ်သို့ ရောက်သောကြောင့် သိခါပတ္တ = ခေါင်ထိပ်သို့ရောက်သည်မည်၏။ ထသော မဂ်သို့ သွားရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ = ထသောမဂ်သို့ သွားရောက်သည် မည်၏။

အရိယာမဂ်သည် သင်္ခါရအာရုံဝတ္ထုကို မရှုတော့ဘဲ နိဗ္ဗာန်ကို အာရုံပြုသောကြောင့် ဗဟိဒ္ဓနိမိတ် ခေါ် ပြင်ပအာရုံမှ ထသည်မည်၏။ ထို့အပြင် ကိလေသာအယဉ်၊ ဝိပါက်ခန္ဓာအယဉ်တို့ကို လွှန်မြောက်သွားခြင်းကြောင့် အဇ္ဈတ္တပဝတ္တမှ ထသည် မည်၏။ သို့အတွက် အရိယာမဂ်ကို ဝုဋ္ဌာန = ထသည်ဟု ခေါ်ဆိုအပ်၏။ ထို ထသော အရိယာမဂ်သို့ သွားရောက်တတ်သောကြောင့် သင်္ခါရုပေက္ခာ၊ အနုလောမနှင့် ဂေါတြဘုဟူသော ဉာဏ် ၃–ပါးကို ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဟု ခေါ်ဆိုပေ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

# အရိယာစခန်း

## ဉာဏဒဿန ဝိသုဒ္ဓိ

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် တည်းဟူသော မဂ်လေးတန်သည် ကိလေသာအမိုက်မှောင်ကို ပယ်ခွင်း၍ သစ္စာလေးပါးကို မြင်သိစေသောကြောင့် ဉာဏဒဿနဝိသုဒ္ဓိ (ဉာဏ်အမြင်စင်ကြယ်ခြင်း)ဟု အမည်ရကြ၏။

စိတ်ကိုညစ်နွမ်းစေသော ကိလေသာအညစ်အကြေးများကို ဝိပဿနာတည်းဟူသော ချွတ်ဆေးရည်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် လျှော်ဆေးခဲ့ရာတွင် ဤဉာဏဒဿနဝိသုဒ္ဓိစခန်း၌ စိတ်သန့်ရှင်းဖြူစင်သွားသည့်အတွက် ဝိပဿနာလုပ်ငန်းသည်လည်း ပြီးမြောက်သွားလေ၏။

အရိယာမဂ်သည် ဆီမီးကဲ့သို့ ကိစ္စလေးချက်ကို တစ်ပြိုင်နက်တည်း ပြီးစီးစေနိုင်၏။ ဆီမီးသည် မီးစာကို လောင်၊ အမှောင်ကိုပယ်ခွင်း၊ အလင်းရောင်လွှမ်း၊ ဆီကုန်ခန်းစေမှု၊ ဤကိစ္စ လေးခုကို တစ်ပြိုင်တည်းပြုနိုင်၏။ ထို့အတူ အရိယာမဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်စေခြင်းဟူသော ကိစ္စလေးရပ်ကို တစ်ပြိုင်နက်တည်း ပြီးပြတ်စေ၏။

## သောတာပတ္တိမဂ်ဉာဏ်

ယောဂီသည် သီလဝိသုဒ္ဓိမှစ၍ အဆင့်ဆင့် အားထုတ်ခဲ့ရာတွင် အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ်တို့ကို ဖြစ်စေပြီးသည့်အခါဝယ် ပထမမဂ်အတွက် ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးသည်မည်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနုလောမဉာဏ် ၃–ပါးတို့သည် မိမိတို့၏ အစွမ်းအာနုဘော်အားလျော်စွာ သစ္စာကို ဖုံးလွှမ်းတတ်သော ရုန့်ရင်းသည့် ကိလေသာအမှောင်ကို ကွယ်ပျောက်စေကြ၏။ အနုလောမဉာဏ်၏အခြားမဲ့၌ ဂေါတြဘုဉာဏ်သည် သင်္ခါရနိမိတ်မရှိသော မပြတ်ဖြစ်နေသည့် ခန္ဓာအယဉ်မရှိသော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်အနွယ် ပုထုဇဉ်ဘုံအဆင့်ကို ကျော်လွန်လျက် အရိယာအနွယ် အရိယာဘုံအဆင့်သို့ ဆိုက်ရောက်စေ၏။ ဂေါတြဘုဉာဏ်၏အခြားမဲ့၌ သောတာပတ္တိမဂ်စိတ် ၁–ကြိမ်ဖြစ်ပြီးလျှင် မဂ်စိတ်၏အခြားမဲ့၌ ဖိုလ်စိတ် ၂–ကြိမ် သို့မဟုတ် ၃–ကြိမ် ဖြစ်၏။

ဤမဂ်ဝီထိဖြစ်ပုံသည် ယောကျ်ားတစ်ဦးက ရေမြောင်းကြီးကို ခုန်ကူးသော ဥပမာနှင့် တူ၏။ ရေမြောင်းကြီးကို ခုန်ကျော်လိုသော ယောကျ်ားသည် လျင်သော အဟုန်ဖြင့် ပြေးသွားပြီးလျှင် ရေမြောင်း၏ ဤမှာဘက်ကမ်း၌ရှိသည့် သစ်ပင်၏အကိုင်း၌ ဖွဲ့ချည်ထားသောကြိုးကိုဖြစ်စေ၊ တုတ်ချောင်းကိုဖြစ်စေ ဆွဲကိုင်လျက် လွှဲခုန်လိုက်၏။ ထိုယောကျ်ား၏ ခန္ဓာကိုယ်သည် မြောင်းကို ကျော်လွန်၍ တစ်ဖက်ကမ်းအထက်၌ တည်နေသည့်အခါ ထိုယောကျ်ားသည် ကြိုးသို့မဟုတ် တုတ်ချောင်းကို ဆွဲကိုင်ထားရန်မလိုတော့သဖြင့် စွန့်လွှတ်လိုက်၏။ စွန့်လွှတ်လိုက်သည်၏အခြားမဲ့၌ ထိုယောကျ်ားသည် တစ်ဖက်ကမ်းပေါ်သို့ တုန်လှုပ်လျက် ကျရောက်သွားလေ၏။ ထို့နောက် ခိုင်မြဲစွာ ရပ်တည်မိလေ၏။

ထို့အတူပင် ယောဂီသည် ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တာဝါသ ကိုးပါးတို့၏ တစ်ဖက်ကမ်းဖြစ်သော နိဗ္ဗာန်၌ တည်စေခြင်းငှာ ဥဒယဗ္ဗယဉာဏ်အစရှိသည့် လျင်သောအဟုန်ဖြင့် ပြေးသွားပြီးလျှင် အတ္တဘောတည်းဟူသော သစ်ပင်ကိုင်း၌ ဖွဲ့ချည်ထားသည့် ရုပ်တည်းဟူသော ကြိုးကိုဖြစ်စေ၊ နာမ်ခန္ဓာတည်းဟူသော တုတ်ချောင်းကိုဖြစ်စေ အနုလောမဉာဏ်ဖြင့် ဆွဲကိုင်လျက် လွှဲခုန်လိုက်၏။ နိဗ္ဗာန်ဟူသော ဟိုမှာဘက်ကမ်းအထက်သို့ ရောက်သောအခါ အနုလောမဉာဏ် ချုပ်ခြင်းဖြင့် သင်္ခါရအာရုံကို စွန့်လွှတ်ပြီးလျှင် ဂေါတြဘုစိတ်ဖြင့် နိဗ္ဗာန်ကမ်းပေါ်သို့ ကျသွား၏။ သို့သော် တူသော အာရုံ၌ အာသေဝနပစ္စည်းကိုမရသောကြောင့် တုန်လှုပ်သောယောကျ်ားကဲ့သို့ ကောင်းစွာ မတည်တံ့သေးချေ။ ထိုဂေါတြဘုနောက်၌ မဂ်ဉာဏ်ဖြင့် တည်တံ့သွားလေ၏။

ထိုအနုလောမဉာဏ်နှင့် ဂေါတြဘုဉာဏ် ၂–ပါးတွင် အနုလောမဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကိုပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်၏။ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ မစွမ်းနိုင်ချေ။ ဂေါတြဘုဉာဏ်သည်

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ကို အာရုံပြုခြင်းငှာသာလျှင် စွမ်းနိုင်၏။ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ချေ။

သို့အတွက် ဂေါတြဘုဉာဏ်ကို **"မဂ်၏ အာဝဇ္ဇန်း"** ဟူ၍ ခေါ်ဆိုအပ်၏။ မှန်ပေ၏။ ဂေါတြဘုဉာဏ်သည် အာဝဇ္ဇန်းမဟုတ်ငြားသော်လည်း အာဝဇ္ဇန်း၏ အရာ၌တည်၍ မဂ်အား "ဤသို့ဖြစ်ရစ်လော့" ဟု အမှတ်သညာပေးသကဲ့သို့ ဖြစ်ပြီးလျှင် ချုပ်လေ၏။ မဂ်သည်လည်း ထိုဂေါတြဘုပေးသော အမှတ်သညာကို မလွှတ်မူဘဲ အခြားအပြတ်မရှိသော စိတ်အစဉ်၏ အစွမ်းအားဖြင့် ထိုဂေါတြဘုဉာဏ်သို့ အစဉ်လိုက်လျက် မဖောက်ထွင်းဖူး, မခွဲဖျက်ဖူးသေးသော ကိလေသာ အတုံးအခဲတို့ကို ဖောက်ထွင်းဖြိုခွဲလျက် ဖြစ်ပေါ်၏။

အရိယာမဂ်သည် ကိလေသာတုံးကို ဖောက်ခွဲခြင်းကိုသာမက အစမထင်သော သံသရာဝဋ်ဆင်းရဲဟူသည့် သမုဒ္ဒရာကိုလည်း ခန်းခြောက်စေ၏။ အလုံးစုံသော အပါယ်တံခါးတို့ကိုလည်း ပိတ်စေ၏။ ခုနစ်ပါးသော အရိယာဥစ္စာတို့ကိုလည်း ရရှိစေ၏။ မိစ္ဆာမဂ်ခေါ်သည့် လမ်းမှားကိုလည်း ပယ်ဖျက်၏။ အလုံးစုံသော ဘေးရန်တို့ကိုလည်း ငြိမ်းအေးစေ၏။ မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ်သားတော် သမီးတော် အစစ်အမှန်အဖြစ်သို့လည်း ရောက်ရှိစေ၏။ ထိုမှတစ်ပါး အရာမကများစွာကုန်သော အကျိုးအာနိသင်တို့ကိုလည်း ရရှိစေ၏။

ဤသို့ များစွာသော အကျိုးအာနိသင်တို့ကို ပေးတတ်သည့် သောတာပတ္တိမဂ်နှင့် ယှဉ်သောဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ် မည်၏။

(မဟာစည်၊ ဝိသုဒ္ဓိမဂ်၊ မြန်မာပြန်၊ စတုတ္ထတွဲ၊ နှာ-၄၃၇-၄၄၃)

## သောတာပန်ပုဂ္ဂိုလ်

သောတာပတ္တိမဂ်သည် ပထမလောကုတ္တရာကုသိုလ်စိတ် ဖြစ်၏။ ထိုမဂ်၏ အခြားမဲ့၌ လောကုတ္တရာကုသိုလ်၏ အကျိုးဖြစ်သော ဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် ၂-ကြိမ် သို့မဟုတ် ၃-ကြိမ်ဖြစ်၏။ ဤကား အချိန်ကွာဟမှု မရှိဘဲ လက်ငင်းအကျိုးပေးနိုင်သော တရားတော်၏ အကာလိကဂုဏ်တော်ပင် တည်း။

မဂ်ဝီထိပြီးဆုံးသွားသည့်အခါ ဘဝင်ကျ၏။ ထို့နောက် "ငါသည် ဤမဂ်ဖြင့် နိဗ္ဗာန်ကိုရပြီ" ဟု မဂ်ကို ဆင်ခြင်သော ဝီထိ၊ "မဂ်၏ အကျိုးကိုလည်း ခံစားရပေပြီ" ဟု ဖိုလ်ကိုဆင်ခြင်သော ဝီထိ၊ "နိဗ္ဗာန်ကို မျက်မှောက်ပြုရပေပြီ" ဟု နိဗ္ဗာန်ကိုဆင်ခြင်သော ဝီထိ၊ "ဤမျှသော ကိလေသာကို ပယ်ပြီးပြီ" ဟု ပဟီနကိလေသာကို ဆင်ခြင်သော ဝီထိ၊ "ဤမျှလောက်သော ကိလေသာများ ကျန်သေးသည်"

www.burmeseclassic.com

www.burmeseclassic.com



ဟု သေသကိလေသာကို ဆင်ခြင်သော ဝီထိ၊ ဤသို့ **ပစ္စဝေက္ခဏာဝီထိ** ၅–မျိုး ဖြစ်၏။

ဤတွင် "မဂ္ဂ ဖလဉ္စ နိဗ္ဗာနံ ပစ္စဝေက္ခတိ" ဟူသည်နှင့်အညီ မဂ်ဖိုလ်နိဗ္ဗာန် တို့ကို ဆင်ခြင်သော ဝီထိ၃–မျိုးမှာ ကေန်ဖြစ်၏။ ပဟီနကိလေသာနှင့် သေသ ကိလေသာတို့ကို ဆင်ခြင်သော ဝီထိ ၂–မျိုးကား အချို့ပုဂ္ဂိုလ်တို့၌ဖြစ်ပြီး အချို့ ပုဂ္ဂိုလ်တို့၌ မဖြစ်ဟု သင်္ဂြိုဟ်ကျမ်းက အယူရှိ၏။

နိဗ္ဗာန်ဆိပ်ကမ်းသို့ ဝင်ရောက်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် သောတာ ပတ္တိမဂ်စိတ် ဖြစ်နေသည့်အခိုက်၌ "သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်" (ဝါ) ပထမ အရိ ယာ ပုဂ္ဂိုလ်ဟု အမည်ရ၏။ ဤပုဂ္ဂိုလ်သည် မဂ်စိတ္တက္ခဏတစ်ချက်သာ တည် ၏။ ထို့နောက် ဖိုလ်စိတ်ဖြစ်သည့်အချိန်မှစ၍ "**သောတာပတ္တိဖလဋ္ဌ ပုဂ္ဂိုလ်**" (ဝါ) ဒုတိယအရိယာပုဂ္ဂိုလ် (ဝါ) သောတာပန်အဖြစ်သို့ **ကူးပြောင်းသွား၏။**

သောတာပန်ဟူသည်မှာ မဂ္ဂင်ရှစ်ပါးဟူသော အရိယာမဂ်ရေအလျဉ်သို့ ရောက်သူဟု အဓိပ္ပာယ်ရ၏။ သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်အဖြစ်သို့ ပြန် လည် ဆုတ်နစ်ခြင်းမရှိ။ လူ့ဘုံ၊ နတ်ဘုံဟူသော ကာမသုဂတိဘုံတို့၌ အလွန် ဆုံး ခုနစ်ဘဝသာကျင်လည်ရပြီးနောက် နိဗ္ဗာန်သို့ ရောက်မည့်သူဖြစ်သည်။

သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာ နှစ်ပါးကို အမြစ်ပြတ် ပယ်သတ်၏။ ကျန်ကိလေသာများကိုမူ အပါယဂါမနိယသတ္တိ (အပါယ်ကျဖို့ ရန် ရန့်ရင်းကြမ်းတမ်းသော သတ္တိ) လောက်ကိုသာ ပယ်သေး၏။ သံယောဇဉ် အားဖြင့်မူ သောတာပတ္တိမဂ်သည် ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယော ဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဣဿာသံယောဇဉ်နှင့် မစ္ဆရိယသံယောဇဉ်တို့ကို ပယ် ၏။

သို့အတွက် သောတာပန်ပုဂ္ဂိုလ်တွင် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ ကင်း ရှင်းနေ၏။ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် မောဟမူဝိစိကိစ္ဆာ သမ္ပယုတ်စိတ် တစ်ပါး၊ ပေါင်း အကုသိုလ်စိတ် ငါးပါးတို့မဖြစ်တော့ချေ။ ထို့ အပြင် ကျန်ကိလေသာမှ အပါယဂါမနိယသတ္တိတို့ကို ပယ်ရှားထားသဖြင့် သော တာပန်ပုဂ္ဂိုလ်သည် အပါယ်ကျရောက်စေတတ်သော ဒုစရိုက်မကောင်းမှုများ ကို မပြုလုပ်တော့ချေ။ ငါးပါးသီလ လုံပြီး ရတနာ သုံးပါး၌ သက်ဝင်ယုံကြည် သောသဒ္ဓါတရားသည် မည်သည့်အခါမျှ မယိုင်လဲအောင် ခိုင်မြဲသွား၏။ မနာလို ဝန်တိုမှုများလည်း မဖြစ်တော့ချေ။

သောတာပန်မဖြစ်မီက ပြုခဲ့သော အပါယ်ရောက်ကြောင်း **မကောင်းမှုကံ** များသည် ပျောက်ပျက်၍မသွား၊ ရှိနေကြဆဲပင် ဖြစ်၏။ **သို့သော်ထိုမကောင်းမှု**

www.burmeseclassic.com

www.burmeseclassic.com



ကံများသည် သူတို့ချည်းသက်သက် အပါယ်မချနိုင်။ အဝိဇ္ဇာ, တဏှာဟူသော ဝဋ်မြစ်အဖော်ရမှသာ အပါယ်ချနိုင်၏။ သောတာပန်၏သန္တာန်၌ အဝိဇ္ဇာ,တဏှာ ဟူသော ဝဋ်မြစ်တို့သည် အပါယ်၌ တွယ်ကပ်နိုင်လောက်အောင် အစွမ်းသတ္တိ မရှိကြတော့ချေ။ သို့အတွက် ထိုမကောင်းမှုကံများသည် အပါယ်မချနိုင်တော့ချေ။

**သောတာပန် ၃–မျိုးရှိ၏–**

(၁) ဧကဗီဇီသောတာပန် = ကာမဘုံ၌ ပဋိသန္ဓေမျိုးစေ့ တစ်ကြိမ်သာရှိသူ၊
(၂) ကောလံကောလသောတာပန် = ကာမဘုံ၌ နှစ်ကြိမ်မှ ခြောက်ကြိမ်တိုင်အောင် အမျိုးကောင်း တစ်မျိုးမှတစ်မျိုးသို့ ပြောင်း၍ပဋိသန္ဓေနေသူ၊
(၃) သတ္တက္ခတ္တုပရမသောတာပန် = ကာမဘုံ၌ ခုနစ်ကြိမ် ပဋိသန္ဓေနေပြီးလျှင် ရဟန္တာဖြစ်သူ။

ဤသို့ သောတာပန် သုံးမျိုးကွဲပြားရခြင်းမှာ ယောဂီတို့၏ ပင်ကိုယ်ပါရမီ ဓာတ်ခံအလိုက် သဒ္ဓါ၊ ပညာ စသည့် ဣန္ဒြေ ကွာခြားခြင်းကြောင့်ဖြစ်၏။ ဣန္ဒြေ အညံ့စားရှိသောပုဂ္ဂိုလ်တို့သည် သတ္တက္ခတ္တုပရမသောတာပန် ဖြစ်ကြရ၏။ ဣန္ဒြေ အလတ်စားရှိသောပုဂ္ဂိုလ်တို့သည် ကောလံကောလသောတာပန် ဖြစ်ကြရ၏။ ဣန္ဒြေအမြတ်စားရှိသော ပုဂ္ဂိုလ်တို့သည် ဧကဗီဇီသောတာပန် ဖြစ်ကြရ၏။

ဧကဗီဇီသောတာပန်သည် နောက်တစ်ဘဝ ပဋိသန္ဓေနေပြီးလျှင် ထိုဘဝ၌ပင် သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်၏။ ကောလံကောလ သောတာပန်သည် အလွန်ဆုံး နောက်ထပ် ခြောက်ဘဝ ပဋိသန္ဓေနေရ၏။ ထိုခြောက်ဘဝ အတွင်း၌ နောက်ဆုံးဘဝမရောက်ခင် သကဒါဂါမ်ဖြစ်နိုင်၏။ နောက်ဆုံးဘဝ ကျမှလည်း သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်၏။ သတ္တက္ခတ္တုပရမ သောတာပန်သည် ခုနစ်ဘဝလုံး သောတာပန်အဖြစ်ချည်း ပဋိသန္ဓေနေသူ၊ ခြောက်ဘဝ မြောက်၌ သကဒါဂါမ်ဖြစ်သူဟူ၍ နှစ်မျိုးရှိကောင်း၏။ ခုနစ်ဘဝမြောက်၌ မုချ အနာဂါမ်, ရဟန္တာဖြစ်မည်။

အထက်ပါ သောတာပန်သုံးမျိုးကား ကာမဘုံသားတို့အတွက်သာ ခွဲခြားချက် ဖြစ်သည်။ ထိုသုံးမျိုးမှအလွတ်ဖြစ်သော သောတာပန်လည်း ရှိနိုင်သေး၏။ သာဓကအဖြစ် ဝိသာခါ၊ အနာထပိဏ်နှင့် သိကြားမင်းတို့သည် အထက် နတ်ပြည်, ဗြဟ္မာပြည်တို့၌ ဘုံစဉ်စံပြီးမှသာ ပရိနိဗ္ဗာန်စံဝင်ကြလိမ့်မည်။

(အရှင်ဇနကာဘိဝံသ၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ နှာ–၇၁၈–၇၂၀)

www.burmeseclassic.com

www.burmeseclassic.com



## သကဒါဂါမိမဂ်ဉာဏ်

သောတာပန်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒတို့ ခေါင်းပါးစေခြင်းအကျိုးငှာ၊ တစ်နည်း–သကဒါဂါမိဖိုလ်ဟူသော ဒုတိယဘုံအဆင့်သို့ ဆိုက်ရောက်ခြင်းအကျိုးငှာ ဝိပဿနာအားထုတ်ခြင်းကို တစ်ဖန်ပြု၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ကာလသုံးပါး၊ သန္တာန် နှစ်ပါး၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟု ငါးပါးအပြားရှိသော ရုပ်၊ နာမ်၊ ကြောင်း၊ ကျိုး၊ သင်္ခါရတရားအပေါင်းတို့ကို မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ရှု၏။ အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ ဉာဏ်ကို ဖြစ်စေ၏။ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။

ဤသို့ကျင့်သော ထိုယောဂီအား ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တစ်ခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်တို့ ဖြစ်ပေါ်လာကုန်ပြီးလတ်သော် ဂေါတြဘုဉာဏ်အခြားမဲ့၌ သကဒါဂါမိမဂ်ဖြစ်ပေါ်၏။ ထိုမဂ်နှင့်ယှဉ်သောဉာဏ်သည် သကဒါဂါမိမဂ်ဉာဏ် မည်၏။

## သကဒါဂါမ်ပုဂ္ဂိုလ်

စာမျက်နှာ (၃၀၁) ၌ဖော်ပြထားသည့် မဂ်ဝီထိအတိုင်း သကဒါဂါမိမဂ်တစ်ကြိမ်ဖြစ်ပြီးသည်၏အခြားမဲ့၌ သကဒါဂါမိဖိုလ်စိတ် နှစ်ကြိမ်၊ သို့မဟုတ် သုံးကြိမ် ဖြစ်၏။ ဘဝင်ကျပြီးနောက် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် စသည်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ငါးမျိုးဖြစ်နိုင်၏။

သကဒါဂါမိမဂ်ဖြစ်ဆဲ စိတ္တက္ခဏတစ်ခုအတွင်း၌ ထိုယောဂီကို သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။ သကဒါဂါမိဖိုလ်ဖြစ်သည့်အချိန်မှစ၍ ထိုယောဂီအား သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ် (ဝါ) စတုတ္ထအရိယာပုဂ္ဂိုလ် (ဝါ) သကဒါဂါမ်ဟု ခေါ်ဆိုရ၏။

သကဒါဂါမိမဂ်သည် နောက်ထပ်ကိလေသာများကို မပယ်သတ်နိုင်သော်လည်း သောတာပတ္တိမဂ်က မပယ်ဖြတ်နိုင်သေးသည့် ကိလေသာတို့ကို ပို၍ပါးလျားအောင် ပြုလုပ်၏။ အထူးသဖြင့် ကာမရာဂနှင့် ဗျာပါဒတို့ကို ပို၍ ခေါင်းပါးစေ၏။

သကဒါဂါမ်ပုဂ္ဂိုလ်သည် သောတာပန်ထက် ကိလေသာပိုနည်း၏။ ကာမဘုံတွင် တစ်ကြိမ်သာ နောက်ထပ်ပဋိသန္ဓေနေပြီးနောက် ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အနာဂါမိမဂ်ဉာဏ်

သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်ခြင်းငှာ၊ တစ်နည်း– အနာဂါမိဖိုလ်ဟူသော တတိယဘုံအဆင့်သို့ ဆိုက်ရောက်ခြင်း အကျိုးငှာ ဝိပဿနာအားထုတ်ခြင်းကို တစ်ဖန်ပြုပြန်၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ကာလသုံးပါး၊ သန္တာန် နှစ်ပါး၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟု ငါးပါး အပြားရှိသော ရုပ် နာမ်, ကြောင်း ကျိုး, သင်္ခါရတရားအပေါင်းကို မမြဲ, ဆင်းရဲ, အတ္တမဟုတ် ဟု လက္ခဏာယာဉ် သုံးချက် တစ်လှည့်စီတင်၏။ အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏။ အဖန်တလဲလဲ ဉာဏ်ကို ဖြစ်စေ၏။ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။

ဤသို့ကျင့်သော ထိုယောဂီအား ဆိုခဲ့ပြီးသည့် နည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တစ်ခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ် ဂေါတြဘုဉာဏ်တို့ ဖြစ်ပေါ်ကုန်ပြီးလတ်သော် ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ အနာဂါမိမဂ်သည် ဖြစ်ပေါ်၏။ ထိုအနာဂါမိမဂ်နှင့်ယှဉ်သောဉာဏ်သည် အနာဂါမိမဂ်ဉာဏ်မည်၏။

## အနာဂါမ်ပုဂ္ဂိုလ်

အနာဂါမိမဂ်ဝီထိနှင့် ပစ္စဝေက္ခဏာဝီထိတို့သည် ယခင်ဖော်ပြခဲ့သည့်အစဉ် အတိုင်းပင် ဖြစ်ကြ၏။ အနာဂါမိမဂ်ဖြစ်နေသော စိတ္တက္ခဏ တစ်ချက်၌ ထိုပုဂ္ဂို[illegible] အား အနာဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။ အနာဂါမိဖိုလ်ဖြစ်သည့်အချိန်မှစ[illegible] ထိုသူအား အနာဂါမိဖလဋ္ဌပုဂ္ဂိုလ် (ဝါ) ဆဋ္ဌမအရိယာပုဂ္ဂိုလ် (ဝါ) အနာဂါမ်[illegible] ခေါ်ဆို၏။

အနာဂါမိမဂ်သည် ကာမရာဂသံယောဇဉ်နှင့် ဗျာပါဒသံယောဇဉ် (ဒေါသ[illegible] ကိလေသာ) တို့ကို အကြွင်းမဲ့ပယ်သတ်သဖြင့် အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဂုဏ်[illegible] ခံစားခြင်းမရှိ၊ ဒေါသထွက်ခြင်းမရှိ၊ ကြောက်လန့်ခြင်းမရှိတော့ချေ။ ၁၀–ပ[illegible] သီလသည် အနာဂါမ်ပုဂ္ဂိုလ်တို့၏ နိစ္စသီလဖြစ်၏။ တစ်ထပ်သာစား၏။ ငွေ[illegible] ငွေကို မသာယာ, မကိုင်။ ဤမှတ်ကျောက်တို့ဖြင့် အနာဂါမ်ပုဂ္ဂိုလ်ကို ဆန်းစ[illegible] နိုင်၏။

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမလောကသို့ တစ်ဖန်ပြန်လာခြင်း မရှိတော့[illegible] ဗြဟ္မာ့ဘုံတွင် ဥပပတ်ပဋိသန္ဓေနေပြီးလျှင် ဗြဟ္မာ့ဘုံ၌ပင်လျှင် ရဟန္တာဖြစ်က[illegible] ပရိနိဗ္ဗာန်ပြုမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အရဟတ္တမဂ်ဉာဏ်

အနာဂါမ်ပုဂ္ဂိုလ်သည် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာတို့ကို အကြွင်းမဲ့ပယ်ခြင်းငှာ အရဟတ္တဖိုလ်ဟူသော စတုတ္ထဘုံအဆင့်သို့ ဆိုက်ရောက်ခြင်း အကျိုးငှာ ဝိပဿနာအားထုတ်ခြင်းကို တစ်ဖန်ပြုပြန်၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ကာလသုံးပါး၊ သန္တာန်နှစ်ပါး၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ငါးပါးအပြားရှိသော ရုပ်နာမ်, ကြောင်းကျိုး, သင်္ခါရတရားအပေါင်းကို မမြဲ, ဆင်းရဲ, အတ္တမဟုတ်ဟု လက္ခဏာယာဉ်သုံးချက်တစ်လှည့်စီ တင်၍ရှု၏။ အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ ဉာဏ်ကို ဖြစ်စေ၏။ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။

ဤသို့ကျင့်သော ထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသည့်နည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏အဆုံး၌ တစ်ခုတည်းသောအာဝဇ္ဇန်းဖြင့် အနုလောမဉာဏ်, ဂေါတြဘုဉာဏ်တို့ဖြစ်ပေါ်ကုန်လတ်သော် ဂေါတြဘုဉာဏ်၏အခြားမဲ့၌ အရဟတ္တမဂ်သည် တစ်ကြိမ်ဖြစ်ပေါ်၏။ ထိုအရဟတ္တမဂ်နှင့်ယှဉ်သော်ဉာဏ်သည် အရဟတ္တမဂ်ဉာဏ်မည်၏။

## ရဟန္တာပုဂ္ဂိုလ်

အရဟတ္တမဂ်ဝီထိနှင့် ပစ္စဝေက္ခဏာဝီထိတို့သည် ယခင်ဖော်ပြခဲ့သည့်အစဉ်အတိုင်းပင် ဖြစ်ကြ၏။ အရဟတ္တမဂ်ဖြစ်နေသော စိတ္တက္ခဏ တစ်ချက်၌ ထိုပုဂ္ဂိုလ်အား အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။ အရဟတ္တဖိုလ်ဖြစ်သည့်အချိန်မှစ၍ ထိုသူအား အရဟတ္တဖလဋ္ဌပုဂ္ဂိုလ် (ဝါ) အဋ္ဌမအရိယာပုဂ္ဂိုလ် (ဝါ) ရဟန္တာဟု ခေါ်ဆိုအပ်၏။

အရဟတ္တမဂ်သည် ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ်၊ မာန သံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တို့ကို အကြွင်းမဲ့ပယ်သတ်၏။ ကိလေသာအားဖြင့် လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတို့ကို အမြစ်ပြတ်ပယ်သတ်၏။ သို့အတွက် ရဟန္တာ၏သန္တာန်တွင် အာသဝေါများ ကုန်လေပြီ၊ ကိလေသာများ အကြွင်းမရှိတော့ပြီ၊ အကုသိုလ်စိတ်နှင့် ကုသိုလ်စိတ်တို့ မဖြစ်ကြတော့ပြီ။

ရဟန္တာပုဂ္ဂိုလ်သည် အဆုံးစွန်သော ခန္ဓာကိုယ်ကို ဆောင်သော ဝန်ထုပ်ဝန်ပိုးကို ချထားပြီးသောပုဂ္ဂိုလ်ဖြစ်၏။ အရဟတ္တဖိုလ်ဟူသော အမြင့်ဆုံး ပန်းတိုင်သို့ ရောက်ရှိပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသောပုဂ္ဂိုလ်ဖြစ်၏။ မှန်စွာသိ၍ လွတ်မြောက်၏၊ နတ်နှင့်တကွသော လူအပေါင်းတို့၏ မြတ်သောအလှူ

www.burmeseclassic.com

www.burmeseclassic.com



ကို ခံယူထိုက်သော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပေ၏။ လက်ရှိဘဝ၏ စုတိနောက်၌ နိဗ္ဗာန်ပြည်မြတ်သို့ ထာဝရစံဝင်တော့မည်ဖြစ်ပေ၏။

## ဖလသမာပတ် ဝင်စားခြင်း

ဖလသမာပတ်ဟူသည်မှာ ကိလေသာချုပ်ငြိမ်းရာနိဗ္ဗာန်သို့ အရိယာဖိုလ်ဖြင့် ရောက်နေခြင်း၊ တစ်နည်း– နိဗ္ဗာန်၏ အငြိမ်းဓာတ်ကို ဖိုလ်စိတ်အစဉ်ဖြင့် မျက်မှောက်ပြုလျက် နိဗ္ဗာန်၏အရသာကိုခံစားနေခြင်းပင် ဖြစ်၏။ ဖလသမာပတ်ကို ဖိုလ်ဝင်စားသည်ဟု ပြောစမှတ်ပြုကြ၏။

ဖလသမာပတ်ကို အရိယာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြ၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့ မဝင်စားနိုင်ပါ။ သောတာပန်သည် မိမိရပြီးသော သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်၏။ မရသေးသော အထက်ဖိုလ်များကို မဝင်စားနိုင်ပါ။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့သည်လည်း မိမိတို့ရရှိထားကြသည့် ဖိုလ်အသီးသီးကိုသာ ဝင်စားနိုင်ကြ၏။ မိမိနှင့်မဆိုင်တော့သည့် အောက်ဖိုလ်များကို မဝင်စားနိုင်ကြပါ။

ဤအချက်ကို ထပ်ရှင်းပါအံ့၊ ပုထုဇဉ်တစ်ဦးသည် သောတာပတ္တိဖိုလ်ကို ရလျှင် ပုထုဇဉ်မဟုတ်တော့ပြီ၊ သောတာပန်ဖြစ်သွားလေပြီ၊ သကဒါဂါမိဖိုလ်ရသည့်အခါ သကဒါဂါမ်ဖြစ်သွားလေပြီ။ ထို့ကြောင့် သောတာပတ္တိဖိုလ်သည် သောတာပန်နှင့်သာဆိုင်ပြီး သကဒါဂါမ်နှင့်မဆိုင်ချေ။ ဥပမာပြရသော် ရှေးဘဝက မိမိ၌ဖြစ်ခဲ့သော ဘဝင်စိတ်သည် ဘဝတစ်ပါးသို့ပြောင်းသွားသောအခါ မိမိနှင့် မဆိုင်တော့သကဲ့သို့တည်း။

သို့အတွက် သကဒါဂါမ်သည် သကဒါဂါမိဖိုလ်ကိုသာ ဝင်စားနိုင်၏။ သောတာပတ္တိဖိုလ်ကို မဝင်စားနိုင်ချေ။ ထို့အတူ အနာဂါမ်သည် အနာဂါမိဖိုလ်ကိုသာ ဝင်စားနိုင်၏။ ရဟန္တာသည် အရဟတ္တဖိုလ်ကိုသာ ဝင်စားနိုင်၏။ အခြားဖိုလ်များ မဝင်စားနိုင်ချေ။

အရိယာပုဂ္ဂိုလ်တို့သည်အဘယ့်ကြောင့် **ဖလသမာပတ်ဝင်စားကြသနည်း။** မျက်မှောက်ဘဝမျက်မှောက်အတ္တဘော၌ ချမ်းသာစွာနေရခြင်းအကျိုးငှာ ဝင်စားကြကုန်၏။ ဥပမာအားဖြင့် မင်းသည် မင်း၏ စည်းစိမ်ချမ်းသာကို ခံစားရသကဲ့သို့၊ နတ်တို့သည် နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားကုန်သကဲ့သို့၊ ဤအတူပင် အရိယာပုဂ္ဂိုလ်တို့သည် အရိယာ၏ဥစ္စာဖြစ်သော လောကုတ္တရာချမ်းသာကို ခံစားကုန်အံ့ဟု နှလုံးသွင်း၍ ကာလအပိုင်းအခြားကို ပြုပြီးလျှင် ဖလသမာပတ်ကို ဝင်စားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



**ဖလသမာပတ်ကို အဘယ်သို့ဝင်စားသနည်း။** နိဗ္ဗာန်မှတစ်ပါးသော အာရုံကို နှလုံးမသွင်းခြင်း၊ နိဗ္ဗာန်ကိုသာ နှလုံးသွင်းခြင်း၊ ဤအကြောင်း နှစ်ပါးတို့ဖြင့် ဖလသမာပတ်ဝင်စားခြင်းသည် ဖြစ်၏။ ဤအချက်ကို ရည်ရွယ်၍... "ငါ့ရှင်၊ အနိမိတ္တစေတောဝိမုတ္တိ (မြဲသည့် သင်္ခါရနိမိတ်ကင်းသော စိတ်၏ လွတ်မြောက်ခြင်း) မည်သော ဖလသမာပတ်ကို ဝင်စားခြင်း၏ အကြောင်းတို့သည် အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း၊ သင်္ခါရနိမိတ်ကင်းသော နိဗ္ဗာန်ဓာတ်ကို နှလုံးသွင်းခြင်း၊ ဤသို့အားဖြင့် နှစ်ပါးတို့ပေတည်း" ဟု ဟောတော်မူ၏။

ဖလသမာပတ်ဝင်စားလိုသော အရိယာသာဝကသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် တစ်ပါးတည်းကိန်းအောင်းသည်ဖြစ်၍ ဥဒယဗ္ဗယဉာဏ်စသည်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို ဝိပဿနာရှု၏။ ထိုအရိယာသာဝကအား အစဉ်အတိုင်း ဝိပဿနာဉာဏ်ဖြစ်ပြီးလတ်သော် သင်္ခါရလျှင် အာရုံရှိသော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ ဖိုလ်သို့ရောက်သည်၏ အစွမ်းအားဖြင့် ချုပ်ငြိမ်းရာနိဗ္ဗာန်၌ စိတ်သည်သက်ဝင်၏။ နိဗ္ဗာန်ကို အာရုံပြုလျက် ဖိုလ်စိတ်အစဉ်သည် အဓိဋ္ဌာန်ထားသလောက် မပြတ်ဖြစ်နေ၏။

ဖလသမာပတ်ဝင်စားသော မနောဒွါရဝီထိစိတ်အစဉ်မှာ–

"န–ဒ–မ–ပ–ဥ–နု–ဂေါ–ဖိုလ်–ဖိုလ် (များစွာ)"...ဘဝင်–ဖြစ်၏။ တိက္ခပညာပုဂ္ဂိုလ်အတွက် ပရိကံ (ပ) ကို နုတ်ပါ။

ဤ ဖလသမာပတ် ဝင်စားရာ၌ ဖိုလ်သို့ရောက်ရန် စိတ်ညွတ်ထားသော ကြောင့် ဖိုလ်သာ ဖြစ်ပေ၏။ အထက်မဂ် မဖြစ်ချေ။

အနိမိတ္တစေတောဝိမုတ္တိမည်သော **ဖလသမာပတ်၏ တည်တံ့ခြင်းအကြောင်း** တို့ကား အဘယ်နည်း။ အကြောင်းသုံးပါး ရှိ၏။ အလုံးစုံသော သင်္ခါရနိမိတ်ကို နှလုံးမသွင်းခြင်း၊ သင်္ခါရနိမိတ်ကင်းသော နိဗ္ဗာန်ဓာတ်ကို နှလုံးသွင်းခြင်း၊ ရှေးအဖို့၌ ပြုပြင်ခြင်းဟူသော အကြောင်းသုံးပါးတို့ပင်တည်း။

ထိုတွင် ရှေးအဖို့၌ ပြုပြင်ခြင်းဟူသည်ကား ဖိုလ်သို့မရောက်မီ အချိန်ကာလကို ပိုင်းခြားခြင်းဖြစ်၏။ ဤမည်သောကာလ၌ သမာပတ်မှ ထအံ့ဟု ပိုင်းခြားထားသောကြောင့် ထိုပိုင်းခြားထားသည့်အချိန် မကျရောက်သေးမီ ကာလပတ်လုံးကို ဖလသမာပတ်၏ တည်တံ့ခြင်းသည် ဖြစ်၏။

**ဖလသမာပတ်မှထခြင်း၏ အကြောင်းတို့ကား** အဘယ်သည်တို့နည်း။ "ငါ့ရှင်...အနိမိတ္တစေတောဝိမုတ္တိမည်သော ဖလသမာပတ်မှထခြင်းငှာ အကြောင်းတို့သည် အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးသွင်းခြင်း၊ သင်္ခါရနိမိတ် ကင်းသော နိဗ္ဗာန်ဓာတ်ကို နှလုံးမသွင်းခြင်း၊ ဤသို့အားဖြင့် နှစ်ပါးတို့တည်း" ဟု

www.burmeseclassic.com

www.burmeseclassic.com



ဟောတော်မူ၏။ အမိဋ္ဌာန်ထားသောအချိန်ကာလ စေ့ရောက်သည့်အခါ ဖိုလ်စိတ်အစဉ်ပြတ်စဲ၍ ဘဝင်စိတ်ဖြစ်ပေါ်၏။ ထိုအခါ ဖလသမာပတ်မှ ထ၏။

ကိလေသာအပူကို တစ်ဖန်ငြိမ်းစေတတ်သော အမြိုက်နိဗ္ဗာန်လျှင် အာရုံရှိသော တင့်တယ်သော မြတ်သောမဂ်တရား၏ အကျိုးဖြစ်သော အရိယာဖိုလ်သည် တဏှာဟူသော လောကမိသကို ထွေးအန်စွန့်ပယ်ပြီးသည်ဖြစ်၍ ငြိမ်သက်အေးချမ်းလှပါပေ၏။

"အရိယာတို့၏ဥစ္စာဖြစ်သော အမြတ်ဆုံးအရသာဖြစ်သည့် ထိုဖိုလ် ချမ်းသာကို ပညာရှိသောသူသည် ဝိပဿနာပညာကို ပွားစေ၍ ခံစားရပေ၏။ ထို့ကြောင့် ထိုဖိုလ်ချမ်းသာကို ဝိပဿနာပညာကို ပွားစေခြင်းဟူသည့် ပညာဘာဝနာ၏ အကျိုးအာနိသင်ဟူ၍ ဆိုအပ်ပေ၏။"

## နိရောဓသမာပတ်ဝင်စားခြင်း

အရိယာဖိုလ်၏ အရသာကို ခံစားခြင်းသည်သာလျှင် ပညာဘာဝနာ၏ အကျိုးအာနိသင်ဖြစ်သည်မဟုတ်သေး။ ဤနိရောဓသမာပတ်ကို ဝင်စားခြင်းသည်လည်း ပညာဘာဝနာ၏ အကျိုးအာနိသင်ဖြစ်သည်ဟု သိအပ်၏။

နိရောဓသမာပတ်ဟူသည်ကား အဘယ်နည်း။

အစဉ်အတိုင်း ချုပ်သည်၏အစွမ်းအားဖြင့် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းသည် နိရောဓသမာပတ် မည်၏။

ထိုနိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့ ဝင်စားနိုင်ကြသနည်း။

အလုံးစုံသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်တို့သည်လည်းကောင်း၊ သုက္ခဝိပဿကဖြစ်သော (ဈာန်မရသော) အနာဂါမ်–ရဟန္တာတို့သည် လည်းကောင်း နိရောဓသမာပတ်ကို မဝင်စားနိုင်ကြချေ။ သမာပတ်ရှစ်ပါးကို ရပြီးသော အနာဂါမ်နှင့် ရဟန္တာတို့သာ ဝင်စားနိုင်ကြကုန်၏။

နိရောဓသမာပတ်ကို အဘယ်ဘုံ၌ ဝင်စားနိုင်သနည်း။

ခန္ဓာ ငါးပါးရှိသော ပဉ္စဝေါကာရဘဝ ခေါ် ကာမဘုံနှင့် ရူပဘုံတို့၌ ဝင်စားနိုင်၏။ အကြောင်းသော်ကား အစဉ်အတိုင်း ဈာန်ဝင်စားခြင်းရှိသောကြောင့်တည်း။ ခန္ဓာ လေးပါးရှိသော စတုဝေါကာရဘဝ ခေါ် အရူပဘုံတို့၌ ရူပါဝစရဈာန် ဖြစ်ခြင်းမရှိသောကြောင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ချေ။

နိရောဓသမာပတ်ကို အဘယ်ကြောင့်ဝင်စားသနည်း။

သင်္ခါရတို့၏ဖြစ်ခြင်း ပျက်ခြင်း၌ ငြီးငွေ့၍ မျက်မှောက်ဘဝ မျက်မှောက်အတ္တဘော၌ပင်လျှင် စိတ်မရှိသည်ဖြစ်၍ ချုပ်ခြင်းဟူသော အငြိမ်းဓာတ်နိဗ္ဗာန်သို့ ရောက်လျက် ချမ်းသာစွာ နေကုန်အံ့ဟု ရည်ရွယ်ပြီး ဝင်စားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



နိရောဓသမာပတ်ကို အဘယ်သို့ ဝင်စားရသနည်း။

သမထဝိပဿနာတို့၏ အစွမ်းအားဖြင့် အဆင့်ဆင့် အားထုတ်ပြီးလျှင် ပြုအပ်သော ပုဗ္ဗကိစ္စရှိသည်ဖြစ်၍ နေဝသညာ နာသညာယတနစျာန်ကို ချုပ်စေသော ပုဂ္ဂိုလ်အား ဤသို့ချုပ်စေခြင်းဖြင့် နိရောဓသမာပတ်ကို ဝင်စားခြင်းသည်ဖြစ်၏။ မှန်ပေ၏။ သမထ၏ အစွမ်းဖြင့် အဆင့်ဆင့်အားထုတ်သောပုဂ္ဂိုလ်သည် နေဝသညာ နာသညာယတနသမာပတ်သို့ ရောက်၍တည်၏။ ဝိပဿနာ၏ အစွမ်းဖြင့် အဆင့်ဆင့်အားထုတ်သော ပုဂ္ဂိုလ်သည် ဖလသမာပတ်သို့ရောက်၍ တည်၏။ သမထဝိပဿနာ နှစ်ပါးစုံ၏ အစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့်အားထုတ်၍ ပုဗ္ဗကိစ္စကိုပြုပြီးနောက် နေဝသညာ နာသညာယတနစျာန်ကို ချုပ်စေသောပုဂ္ဂိုလ်သည် ထိုနိရောဓသမာပတ်သို့ ရောက်၏။

ရှင်းပါဦးအံ့။ ဤသာသနာတော်၌ နိရောဓသမာပတ်ကို ဝင်စားလိုသော ရဟန်းသည် ဆွမ်းစားခြင်းကိစ္စ ပြုပြီးလတ်သော် လက်, ခြေတို့ကို ဆေးကြော သုတ်သင်ပြီးလျှင် ဆိတ်ငြိမ်သောအရပ်ဝယ် ကောင်းစွာခင်းထားသော နေရာ၌ ကိုယ်အထက်ပိုင်းကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကိုဖြစ်စေပြီးလျှင် တင်ပျဉ်ခွေလျက် ထိုင်နေ၏။

ထိုရဟန်းသည် ပထမစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထ၍ ထိုပထမစျာန်၌ ပါဝင်သော သင်္ခါရတို့ကို အနိစ္စဟု, ဒုက္ခဟု, အနတ္တဟု ရှု၏။ ထို့နောက် ဒုတိယစျာန်ကို ဝင်စားပြီးလျှင် ထိုစျာန်မှထ၍ ထိုဒုတိယစျာန်၌ ပါဝင်သော သင်္ခါရတို့ကို ထို့အတူပင်လျှင်ရှု၏။ ထို့နောက် တတိယစျာန်၊ စတုတ္ထစျာန်၊ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်တို့ကို အလားတူပင် အဆင့်ဆင့်ဝင်စားပြီးလျှင် ထိုစျာန်အသီးသီးမှထ၍ ထိုစျာန်အသီးသီး၌ပါဝင်သော သင်္ခါရတို့ကို အနိစ္စဟု, ဒုက္ခဟု, အနတ္တဟု ရှု၏။

ထို့နောက် ပုဗ္ဗကိစ္စလေးပါးကို ပြု၏။ ထိုကိစ္စလေးပါးကား (၁) မိမိ၏ အသက်အပိုင်းအခြားကိုကြည့်၍ နိရောဓသမာပတ်ဝင်စားရန် တစ်နာရီ၊ နှစ်နာရီစသည်မှ ခုနစ်ရက်တိုင်အောင် အဓိဋ္ဌာန်ခြင်း၊ (၂) နိရောဓသမာပတ်ဝင်စားစဉ်ကာလ၌ မိမိ၏ အသက်ခန္ဓာ၊ ပရိက္ခရာ၊ ကျောင်းသင်္ခမ်း စသည်တို့ကို ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်ရန် အဓိဋ္ဌာန်ခြင်း၊ (၃) သံဃာအဖွဲ့အစည်းက အလိုရှိလျှင် နိရောဓသမာပတ်မှ ထနိုင်ရန် အဓိဋ္ဌာန်ခြင်း၊ (၄) မြတ်စွာဘုရား ခေါ်တော်မူလျှင် နိရောဓသမာပတ်မှ ထနိုင်ရန် အဓိဋ္ဌာန်ခြင်းတို့ ဖြစ်ပေ၏။

ထိုရဟန်းသည် ပုဗ္ဗကိစ္စ လေးရပ်ကို ပြုပြီးသော် နေဝသညာ နာသညာယတနစျာန်ကို ဝင်စား၏။ ထိုစျာန်ဇောနှစ်ကြိမ်ဖြစ်ပြီးနောက် စိတ်အစဉ်ပြတ်စဲ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုအခါ စေတသိက်များနှင့် စိတ္တဇရုပ်များလည်း ဖြစ်ခွင့်မရှိကြတော့သဖြင့် ချုပ်ငြိမ်းနေကြ၏။ ကမ္မဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့ကား ဆက်လက် ဖြစ်ပျက်နေကြ၏။

"ထမင်းအသက် ခုနစ်ရက်" ဟူသော စကားနှင့်အညီ လူ့ဘုံ၌ ခုနစ်ရက်အထိ နိရောဓသမာပတ်ကို ဝင်စားနိုင်၏။ အစာမသုံးဆောင်ကြသော ရူပဗြဟ္မာများသည် ရှည်ကြာစွာ ဝင်စားနိုင်ကြ၏။

အဓိဋ္ဌာန်ခဲ့သည့်အချိန် စေ့ရောက်သောအခါ စိတ်စေတသိက်တို့ပြန်လည်ဖြစ်ပေါ်လာကြ၏။ ဤသည်ပင် နိရောဓသမာပတ်မှ ထသည်ဟုဆို၏။ ထိုသို့ထသည့်အခါ အနာဂါမ်ပုဂ္ဂိုလ်၌ အနာဂါမိဖိုလ်စိတ် တစ်ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်၌ အရဟတ္တဖိုလ်စိတ် တစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ကျပြီးလျှင် မိမိဖိုလ်ကိုပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဖြစ်၏။

နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်၏စိတ်သည် အဘယ်တရားသို့ ညွတ်သနည်းဟု မေးလျှင် ဖိုလ်စိတ်တစ်ကြိမ်ဖြစ်သည်ကို ထောက်၍ နိဗ္ဗာန်သို့ ညွတ်သည်ဟု ဖြေရ၏။ ဓမ္မဒိန္နာထေရီမက ဝိသာခ သူဌေးအား... "ဒကာ ဝိသာခသူဌေးကြီး၊ သညာ, ဝေဒနာ၏ ချုပ်ရာဖြစ်သည့် သမာပတ်မှ ထလာသောရဟန်း၏ စိတ်သည် သင်္ခါရကင်းဆိတ်ရာ နိဗ္ဗာန်သို့ ညွတ်၏၊ သင်္ခါရကင်းဆိတ်ရာ နိဗ္ဗာန်သို့ ကိုင်း၏၊ သင်္ခါရကင်းဆိတ်ရာ နိဗ္ဗာန်သို့ ရှိုင်း၏" ဟု ဟောကြားခဲ့ပေ၏။

## နိရောဓသမာပတ် ဝင်စားသူနှင့် သေသောသူတို့ မည်သို့ ကွာခြားကြသနည်း

ဤမေးခွန်း၏အဖြေကို မဟာဝေဒလ္လသုတ်၌ ဤသို့ဟောကြားထား၏။

"ငါ့ရှင်... သေသောသူမှာ ထွက်သက် ဝင်သက်ဟူသော ကာယသင်္ခါရတို့သည် ချုပ်ကုန်ငြိမ်းကုန်၏။ ဝိတက်, ဝိစာရ ဟူသော ဝစီသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏။ သညာ, ဝေဒနာဟူသော စိတ္တသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏။ ဇီဝိတိန္ဒြေခေါ်သော အသက်သည် ကုန်ဆုံးသွား၏။ ဥသ္မာခေါ်သော ကိုယ်ငွေ့ အပူရှိန်သည် ငြိမ်းအေးသွား၏။ စက္ခုစသော ဣန္ဒြေတို့သည် အကြွင်းမဲ့ပျက်စီးကုန်၏။

သညာ, ဝေဒနာ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားသောရဟန်းမှာလည်း ထွက်သက် ဝင်သက် ဟူသော ကာယသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏။ ဝိတက်, ဝိစာရ ဟူသော ဝစီသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ သညာ, ဝေ

www.burmeseclassic.com



ဒနာ ဟူသော စိတ္တသင်္ခါရတို့သည် ချုပ်ကုန်ငြိမ်းကုန်၏၊ သို့သော် ဇီဝိတိန္ဒြေဟု ခေါ်သော အသက်သည်ကား မကုန်သေး၊ ဥသ္မာခေါ်သော ကိုယ်ငွေ့ အပူရှိန်သည် လည်း မငြိမ်းအေး၊ စက္ခုစသော ဣန္ဒြေတို့သည်လည်း မပျက်စီးကုန်။

**နိရောဓသမာပတ်သည် သင်္ခတတရားလော** ဟု မေးဖွယ်ရာ ရှိသေး၏။ အဖြေကား နိရောဓသမာပတ်သည် သင်္ခတတရားဖြစ်သည်ဟူ၍လည်း မဆိုအပ်၊ အသင်္ခတဖြစ်သည်ဟူ၍လည်း မဆိုအပ်၊ လောကီတရားဖြစ်သည်ဟူ၍လည်း မဆိုအပ်၊ လောကုတ္တရာတရားဖြစ်သည်ဟူ၍လည်း မဆိုအပ်။ အဘယ်ကြောင့် ဆိုသော် ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိခြင်းကြောင့်တည်း။

သို့သော် ထိုနိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် နိရောဓသမာပတ်သည် ဝင်စားအပ်သော သမာပန္နတရား မည်ပေ၏။ ထို့ကြောင့် ပြီးစီးသော နိပ္ဖန္နတရားဟူ၍ ဆိုသင့်ပေ၏။

ဤဆိုခဲ့ပြီးသောစကားအစဉ်အားဖြင့် ဈာန်သမာပတ်ရရှိကြသည့် အနာဂါမ် ရဟန္တာအရှင်မြတ်တို့ မှီဝဲအပ်သော ဤနိရောဓသမာပတ်သည် ငြိမ်သက် သိမ်မွေ့၏။ မျက်မှောက်ဘဝ၊ မျက်မှောက်အတ္တဘောဌ်ပင်လျှင် ခံစားနိုင်သည့် အငြိမ်းဓာတ် နိဗ္ဗာန်ဟု မှတ်ယူနိုင်၏။ ပညာရှိတို့သည် အရိယာမဂ်ပညာကို ပွား စေပြီးလျှင် ဤနိရောဓသမာပတ်ကို ဝင်စားနိုင်ကြကုန်၏။

## အမြင့်ဆုံးပန်းတိုင် ဟူသည်ကား

တောင်တက်သမားများအဖို့ အမြင့်ဆုံးပန်းတိုင်သည် ဧဝရက်တောင်ထိပ် ဖြစ်၏။ ဧဝရက်တောင်သည် ဟိမဝန္တာတောင်ကြီး၏ အမြင့်ဆုံးသော တောင် ထိပ် ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၀၂၈–ပေ မြင့်၏။ တစ်နှစ်ပတ် လုံး ရေခဲ နှင်းခဲတို့နှင့် ဖုံးလွှမ်းနေပြီး သွေးခဲလောက်အောင် ချမ်းအေးလှ၏။ လေထုမှာလည်း အလွန်ပါးလွှာနေသဖြင့် အသက်ဝဝရှူနိုင်ရန်အတွက် အောက် ဆီဂျင်ဘူးကို ဆောင်ထားရ၏။

ထိုဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်သော ခရီးလမ်းဟူသည်မရှိ။ ကျောက်တုံး ကျောက်ခဲကြီးများတွင် လမ်းထွင်၍ အလွန်ခဲခဲယဉ်းယဉ်း ပင်ပင် ပန်းပန်း သက်စွန့်ဆံဖျား ကြိုးပမ်းတက်သွားရမည်ဖြစ်၏။ ဤတောင်ကြီးကိုတက် ရင်း အသက်ဆုံးရှုံးခဲ့ကြသောသူများလည်း မနည်းတော့ပေ။

သို့စေကာမူ တောင်တက်သမားများသည် ဧဝရက်တောင်ထိပ်ကို အမြင့် ဆုံး ပန်းတိုင်အဖြစ် သတ်မှတ်၍ တစ်သုတ်ပြီးတစ်သုတ်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကြိုး စားကာ တက်နေကြ၏။ အဘယ့်ကြောင့် တက်နေကြရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဧဝရက်တောင်ထိပ် ရှိနေလို့ တက်တာ" ဟု အဖြေပေးကြ၏။

ရှိလို့ တက်ချင်ကြသည်။ တက်ချင်လို့ ကြံဆကြသည်။ ကြံဆလို့ နည်းလမ်းရပြီး ဧဝရက်တောင်ထိပ်သို့ ရောက်သွားကြသည်။ ၁၉၅၃ ခုနှစ်တွင် **ဟီလာရီ** နှင့် **တင်ဇင်း (Hillary and Tenzing)** တို့ ရောက်သွားကြသည်။ ထို့နောက် တောင်ထိပ်သို့ရောက်ပြီးသော လူဦးရေ တဖြည်းဖြည်းတိုးလာသည်။

"ဧဝရက်တောင်ထိပ်သို့ ရောက်ပြီးတော့ကော ဘယ်လိုအကျိုးရှိသနည်း"

ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်၌ မတ်တတ်ရပ်ပြီး ကမ္ဘာတစ်ဝန်းကို ဆီးကြည့်ရသည့် ခံစားချက်မှာ အလွန်ထူးခြားပေလိမ့်မည်။ သို့ရာတွင် အလွန်ရခဲသော ခံစားချက်ဖြစ်၍ အလွန်ထူးခြားသည်ဟု စိတ်က ထင်စားမှုသာဖြစ်သည်။ အမှန်မှာ ပေ ၃၀၀၀၀ အထက် ပျံသန်းနိုင်သည့် ဂျက်လေယာဉ်ပေါ်မှ ကမ္ဘာမြေပြင်ကို ဆီးကြည့်ရသော ခံစားမှုထက် သိပ်ထူးခြားလှမည်မထင်ပါ။ ထို့ကြောင့်လည်း ဧဝရက်တောင်ထိပ်သို့ ရောက်သွားသောသူများသည် ထိုတောင်ထိပ်၌ တစ်နာရီ ပြည့်အောင်ပင် မနေကြပါ၊ အောက်သို့ပြန်ဆင်းလာကြသည်သာဖြစ်၏။

သို့ဖြစ်လျှင် အဘယ်အကျိုးထူးကို ရရှိသနည်း။

မဖြစ်နိုင်ဟု ထင်ရသည့်အလုပ်တစ်ခုကို အောင်မြင်အောင် လုပ်ပြလိုက်သော အကျိုးကို ရရှိ၏။ တစ်ဘဝ၌ ရင်ဆိုင်ကြုံတွေ့နိုင်သော အခက်ခဲဆုံး ပြဿနာတစ်ရပ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သည့် အတွေ့အကြုံကို ရရှိခဲ့၏။ ဤအတွေ့အကြုံကို တစ်သက်လုံး ပြန်တွေးတိုင်း ကျေနပ်နှစ်သိမ့်မှု ရနိုင်၏၊ ဂုဏ်ယူနိုင်၏။ ဤဘဝတွင် အခြားမည်သည့်အခက်အခဲနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ, နောက်တွန့်ကြောက်ရွံ့နေစရာမလို ဟူသောစိတ်ထားမျိုးဖြင့် ရဲရဲဝံ့ဝံ့ နေထိုင်သွားနိုင်၏။

ဤကား လူအများ၏ ထင်မြင်ယူဆချက်သာ ဖြစ်၏။ အမှန်မှာ ဧဝရက်တောင်ထိပ်သို့ ရောက်သွားပြီးသောသူတို့သည်လည်း အများနည်းတူ အလိုမပြည့်မှု၊ မကျေနပ်မှု၊ ကိုယ်စိတ်ဆင်းရဲမှု စသည်တို့နှင့် ရင်ဆိုင်ကြရမည်သာဖြစ်၏။

ဤသို့ဖြစ်ရခြင်းမှာ လောကီအောင်မြင်မှုများ၌ အနှစ်သာရမရှိခြင်းကြောင့် ဖြစ်ပေ၏။ ခဏခေတ္တကလေးမျှ မတည်တံ့ဘဲ တစ်ရံမစဲ ဖြစ်ပျက်နေကြသည့် ရုပ်နာမ်သင်္ခါရတရားတို့တွင် အနှစ်သာရမရှိဟု မြတ်စွာဘုရား မိန့်ကြားထားသည်နှင့်အညီ ထိုသင်္ခါရတရားတို့၏ လောကီရေးရာစွမ်းဆောင်ချက် ခံစားချက် ဟူသမျှသည်လည်း အနှစ်သာရ မရှိသည်သာဖြစ်ပေ၏။

ထိုသင်္ခါရတရားတို့မှ လွတ်မြောက်သော အနိစ္စ, ဒုက္ခ, အသုဘ အခြင်းအရာတို့နှင့် မရောယှက်သော၊ ထာဝရငြိမ်းအေးတည်မြဲသော လောကုတ္တရာပန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် အမြင့်ဆုံး အမြတ်ဆုံး ဘဝပန်းတိုင်သည်ကား ဝေရက်တောင်ထိပ်နှင့် မတူချေ။ ထိုဘဝပန်းတိုင်သို့ ရောက်ရှိပြီးသော ပုဂ္ဂိုလ်သည် အလွန်ကြောက်မက်ဖွယ်ကောင်းသည့် အပါယ်ဒုဂ္ဂတိဘေးမှ ထာဝရကင်းဝေးရပြီဟု အမြဲကျေနပ်နှစ်သိမ့်နေနိုင်ကြ၏။

ပထမဘဝပန်းတိုင်ဖြစ်သည့် သောတာပတ္တိမဂ်သည်ပင်လျှင် အစမထင်သော သံသရာဝဋ်ဆင်းရဲဟူသည့် သမုဒ္ဒရာကို ခြောက်ခန်းစေ၏၊ အလုံးစုံသော အပါယ်တံခါးကို ပိတ်စေ၏၊ သဒ္ဓါ, သီလ, ဟီရိ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ ဟူသော အရိယာဥစ္စာ ခုနစ်ပါးကို ရရှိစေ၏၊ အင်္ဂါရှစ်ပါးရှိသော မိစ္ဆာမဂ် ခေါ်လမ်းမှားကိုလည်း ပယ်၏၊ အလုံးစုံသော ဘေးရန်တို့ကိုလည်း ငြိမ်းစေ၏။

ထိုအလုံးစုံသော ဘေးရန်ဟူသည်ကား (၁) ဆွေမျိုးတို့၏ ပျက်ဆီးခြင်း၊ (၂) ရောဂါနှိပ်စက်ခြင်း၊ (၃) ဥစ္စာပျက်စီးခြင်း၊ (၄) သီလပျက်စီးခြင်း၊ (၅) အယူပျက်စီးခြင်း၊ (၆) မင်းဘေး၊ (၇) ခိုးသူဘေး၊ (၈) ရန်သူဘေး၊ (၉) ငတ်မွတ်သောဘေး၊ (၁၀) မီးဘေး၊ (၁၁) ရေဘေး၊ (၁၂) လှိုင်းတံပိုးဘေး၊ (၁၃) ရေဝဲဘေး၊ (၁၄) မိကျောင်းဘေး၊ (၁၅) မကရ်းငါးရဲဘေး၊ (၁၆) မိမိကိုယ်တိုင် စွပ်စွဲ၍ နောင်တပူပန်ခြင်းဘေး၊ (၁၇) သူတစ်ပါးက စွပ်စွဲခြင်းဘေး၊ (၁၈) မင်းဒဏ်သင့်သောဘေး၊ (၁၉) အပါယ်ဒုဂ္ဂတိဘေး၊ (၂၀) ပရိသတ်အလယ်၌ ရှက်ရွံ့သောဘေး၊ (၂၁) သူတစ်ပါးကို အမှီပြု၍အသက်မွေးရသောဘေး၊ (၂၂) ပဋိသန္ဓေနေရခြင်းဘေး၊ (၂၃) အိုခြင်းဘေး၊ (၂၄) နာခြင်းဘေး၊ (၂၅) သေခြင်းဘေး ဟူသော ၂၅–ပါးသောဘေးကြီးတို့ဖြစ်သည်ဟု **မဟာနိဒ္ဒေသ**– ၂၈၉ နှင့် **မိလိန္ဒပဉှာ** – ၁၉၄ တို့၌ လာကြောင်း မဟာစည် **ဝိသုဒ္ဓိမဂ်** မြန်မာပြန်၊ စာမျက်နှာ–၄၄၃ ၌ မှတ်ချက်ရေးထား၏။

သောတာပန်သည် ခုနစ်ဘဝထက် မပိုသော ကာလအတွင်း၌ပင်လျှင် ရဟန္တာအဖြစ်သို့ရောက်ပြီး ပရိနိဗ္ဗာန်စံဝင်နိုင်တော့မည်ဖြစ်သဖြင့် ထိုအခါ ဘေးရန် အပေါင်း၊ ဆင်းရဲဒုက္ခအပေါင်းတို့ ထာဝရကင်းဝေးငြိမ်းအေးရံတော့မည်ဖြစ်သည်။

## ကေန်ပိုင်ပိုင် တက်လှမ်းနိုင်

လူသားတို့၏ စွမ်းရည်ကား အံ့မခန်းဖွယ်ဖြစ်၏။ "မိုးစွန်တမွတ်၊ ကြယ်ကို ဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်းတည်း" ဟု စာဆိုထားကြ၏။

သိပ္ပံပညာ ထွန်းကားသော အနောက်တိုင်း၌ "လူသားတို့၏ စွမ်းဆောင်ချက်သည် ကောင်းကင်သာအဆုံးသတ်ရှိ၏။ "The sky is the limit" ဟု ဆိုစမှတ်ပြုကြ၏။ ကောင်းကင်တွင် အဆုံးသတ်မရှိသလို လူသားတို့၏ စွမ်းရည်သည်လည်း အကန့်အသတ်မရှိခြင်းကို ပြဆိုလိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူသားတို့၏ စွမ်းရည်ဟူသည်မှာလည်း စိတ်၏ စွမ်းရည်သာဖြစ်၏။ စိတ်ကသာ အလိုရှိပါလျှင် "လိုလျှင်ကြံဆ နည်းလမ်းရ" မည်သာတည်း။

လူသားတို့သည် လမ်းမရှိသော ဧဝရက်တောင်ထိပ်သို့ပင် တက်လှမ်းနိုင်ခဲ့ကြသည်။ အာကာသနယ်ပြင်ကျယ်ခြားနေသည့် လကမ္ဘာသို့ပင် ရောက်အောင်သွားနိုင်ခဲ့ကြသည်။ အမြင့်ဆုံးပန်းတိုင်ဟူသည်မှာ အဘယ်နည်း။ ထိုပန်းတိုင်ကို ညွှန်ပြပေးနိုင်လျှင် ထိုပန်းတိုင်သို့ တက်လှမ်းနိုင်မည်သာဖြစ်သည်။

ထိုအမြင့်ဆုံး အမြတ်ဆုံးပန်းတိုင်ကို သဗ္ဗညုတရှင်ဖြစ်တော်မူသော မြတ်စွာဘုရားအဆူဆူတို့က ညွှန်ပြပေးတော်မူခဲ့ကြ၏။ ထိုပန်းတိုင်သို့ ရောက်ရှိသည့် နည်းလမ်းကိုလည်း တိတိကျကျ ချမှတ်ပေးထားတော်မူခဲ့ကြ၏။

ထိုပန်းတိုင်သည်ကား မဂ်လေးတန်၊ ဖိုလ်လေးတန်နှင့် နိဗ္ဗာန်တို့ပင်တည်း။ ထိုပန်းတိုင်သို့ သွားရောက်ရန်နည်းလမ်းသည်ကား အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်လမ်းစဉ် (မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရား) ပင်တည်း။

မဂ်လမ်းစဉ်ကား တစ်ကြောင်းတည်း ပြတ်ပြတ်သားသားရှိ၏။ ဤလမ်းအတိုင်း တည့်တည့်မတ်မတ်သွားလျှင် ပထမဆုံးပန်းတိုင်ဖြစ်သည့် သောတာပတ္တိမဂ်သို့ မနေးမကြာ ရောက်ရှိသွားမည်ဖြစ်၏။ သောတာပတ္တိမဂ်ဆိုက်လျှင် သောတာပတ္တိဖိုလ်သည် အခြားမရှိဘဲ ဆက်လက်ရောက်ရှိသွားတော့၏။ ဤမဂ် ဤဖိုလ်တို့ကိုရောက်လျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဖြစ်၏။ ဤမဂ်ဖိုလ်တို့ကို ရရှိပြီးသူသည် ကျန်သုံးမဂ်၊ သုံးဖိုလ်ကိုလည်း အနေးနှင့်အမြန် မလွဲမသွေရရှိတော့မည်သာ ဖြစ်၏။

ထို့ကြောင့် ပထမပန်းတိုင်သို့ ရောက်ဖို့ရန်သာ အရေးတကြီး ဆောင်ရွက်ရမည်ဖြစ်သည်။ ဤပန်းတိုင်သို့ ရောက်စေနိုင်သော ခရီးလမ်းက သတ်သတ်မှတ်မှတ် တိတိကျကျ ရှိနေသေးလျှင် အံ့မခန်းစဖွယ် စွမ်းရည်သတ္တိရှိသော လူသားသည် ထိုခရီးလမ်း ဆုံးသည်အထိ လျှောက်သွားနိုင်မည်သာဖြစ်သည်။

ထိုမဂ်လမ်းမကြီး အမြဲပွင့်လင်းဖြောင့်ဖြူးနေဖို့ လိုသည်။ ထိုမဂ်လမ်းမကြီးကို ဖုံးအုပ်လွှမ်းမိုးမည့် ချုံနွယ်ပိတ်ပေါင်းများကို အမြဲရှင်းလင်းသုတ်သင်ပစ်ရမည်။

ထိုမဂ်လမ်းမကြီးသည် ယနေ့ပွင့်လန်းသာယာနေပါ၏လော။

## သင်ရိုးကျေလျှင် ဘွဲ့ရမည်

ယနေ့ တက္ကသိုလ်ဘွဲ့များနှင့် ပရိယတ္တိဆိုင်ရာ ဓမ္မာစရိယဘွဲ့ စသည်တို့အတွက် သင်ရိုးများကို ပိုင်းပိုင်းခြားခြား တိတိကျကျ သတ်မှတ်ထားကြ၏။ ဘွဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအတွက် သင်ရိုးများကို ကျေညက်အောင် လေ့လာဆည်းပူးထားသူသည် ထိုဘွဲ့နှင့်ဆိုင်သော စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်မည်ဖြစ်ပြီး ထိုဘွဲ့ကို လှမ်းဆွတ်ယူနိုင်မည်ဖြစ်သည်။

ဤတွင် တက္ကသိုလ်ဝိဇ္ဇာဘွဲ့ သို့မဟုတ် သိပ္ပံဘွဲ့အတွက်ပြဋ္ဌာန်းထားသော သင်ရိုးများနှင့် စာအုပ်များသည် အလွန်များပြားလှပေ၏။ သို့သော်ကျောင်းသူကျောင်းသားတို့က ကျောင်းမှန်မှန်တက်ပြီး ဆရာက မှန်မှန်သင်ကြားပို့ချပေးသောအခါ ထိုသင်ရိုးတို့ကို တစ်စတစ်စ နားလည်သဘောပေါက်လာကြ၏။ နားလည်လာသည့်အခါ ထိုသင်ရိုးစာများကို ပိုင်နိုင်အောင် လေ့လာကျက်မှတ်ပြီး နှစ်စဉ်ကျင်းပသည့် စာမေးပွဲများကို ကောင်းစွာဖြေဆိုနိုင်ကြ၏။ စာမေးပွဲလေးဆင့် အောင်မြင်ပြီးသောအခါ တက္ကသိုလ်ဘွဲ့ကို ရရှိကြတော့၏။

ထို့အတူပင် ပထမလောကုတ္တရာဘွဲ့ဖြစ်သည့် သောတာပတ္တိမဂ်ကို ဖြေဆိုအောင်မြင်ဖို့အတွက်လည်း သတ်မှတ်ချက်များ အတိအကျရှိပါသည်။ ဤသတ်မှတ်ချက်များကို ပိဋကတ်ကျမ်းဂန်များ၌ ဖော်ပြထားသည်။ အထူးသဖြင့် ဝိသုဒ္ဓိမဂ်တွင် ပြည့်စုံစွာ ပေါင်းစု၍ ဖော်ပြထားသည်။

လောကုတ္တရာပညာသည် သိပ္ပံပညာကဲ့သို့ပင် စာတွေ့နှင့်လက်တွေ့ပညာ နှစ်မျိုးနှင့် ဖွဲ့စည်းထားသည်။ သိပ္ပံပညာတွင် စာတွေ့သဘောတရားကို နားလည်သဘောပေါက်ပြီးမှ လက်တွေ့စမ်းသပ်ချက်များကို ပြုလုပ်ရသည်။ လက်တွေ့ စမ်းသပ်ချက်များမှ သိမြင်လာရသော တွေ့ရှိချက်များကို တစ်ဖန် သဘောတရားပိုင်းနှင့် ညှိနှိုင်းဆန်းစစ်ပြီး အကြောင်းအကျိုးဆက်စပ်ကာ ဝေဖန်သုံးသပ်ရသည်။ စာတွေ့သက်သက်ဖြင့်လည်း သိပ္ပံပညာကို မတတ်မြောက်နိုင်။ လက်တွေ့ သက်သက်ဖြင့်လည်း သိပ္ပံပညာကို သဘောမပေါက်နိုင်။ စာတွေ့အသိနှင့် လက်တွေ့အသိတို့ ဟန်ချက်ညီညီ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်ကျေးဇူးပြုသွားစေမှသာလျှင် သိပ္ပံပညာကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်နိုင်ပါသည်။

လောကုတ္တရာပညာတွင် စာတွေ့သဘောတရားပိုင်းကို 'ပရိယတ္တိ'ဟု ခေါ်ပြီး လက်တွေ့ကျင့်စဉ်ပိုင်းကို 'ပဋိပတ္တိ'ဟု ခေါ်၏။ မြန်မာတို့က ပရိယတ်နှင့် ပဋိပတ်ဟု လွယ်လွယ်သုံးနှုန်းကြ၏။

ပရိယတ်သည် ပဋိပတ်၏အခြေခံဖြစ်သည်။ ပဋိပတ်ကို အားမထုတ်ခင် ပရိယတ်အခြေခံလောက်ကိုတော့သိရှိထားဖို့ လိုသည်။ အထူးသဖြင့် အဘိဓမ္မာ သင်္ဂြိုဟ် ကိုးပိုင်းလောက်ကို နားလည်သဘောပေါက်ထားလျှင် ပိုကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ပဋိပတ်အလုပ်သည် ပရမတ်တရားများဖြစ်ကြသည့် ရုပ်တရား၊ နာမ်ဓာတ်ရားတို့၏ သဘာဝအမှန်ကို ထိုးထွင်း၍မြင်သိအောင် အားထုတ်ရသော အလုပ်ဖြစ်သောကြောင့်တည်း။ ထိုပရမတ်သဘောတရားတို့ကို သုတမယဉာဏ်ဖြင့် ကြိုတင်သိရှိထားလျှင် လက်တွေ့အလုပ်တွင် ဘယ်တရားတို့ကို ဘယ်လို မြင်အောင် မည်သည့်နည်းဖြင့် မည်သည့်အကြောင်းကြောင့် ရှုမှတ်ရသည်ကို အလွယ်တကူ သဘောပေါက်နိုင်ပါသည်။

သဂြိုဟ် ကိုးပိုင်းသည် ပရမတ်သဘောတရားများကို အလွယ်ဆုံး အကျဉ်းဆုံးသော နည်းဖြင့် ခြုံငုံဖော်ပြထားသော အဘိဓမ္မာ၏ အနှစ်ချုပ်ဖြစ်သည်။ ဤသဘောတရားများကို သိနားလည်သော ဆရာကောင်းများထံ၌ လေ့လာယူလျှင် တစ်လ နှစ်လအတွင်း တတ်မြောက်နိုင်ပါသည်။ အမြို့မြို့ အနယ်နယ်သို့ ကျွန်တော် သွားရောက်ပြီး အထူးရက်တိုသင်တန်းများ ပို့ချရာတွင် သဂြိုဟ် ကိုးပိုင်းကို လေးရက်ဖြင့်ပင် အကျေအလည် ရှင်းလင်းပို့ချပေးခဲ့ပါသည်။ သင်တန်းတက်ရောက်သူများကလည်း လိပ်ပတ်လည်အောင် နားလည်သဘောပေါက်သွားကြပါသည်။

အဆိုပါ အဘိဓမ္မာ သဘောတရားများကို သိနားလည်ထားသူတို့က ဝိပဿနာတရားကို ရှုပွားသည့်အခါ အဘိဓမ္မာမသိသူတို့ထက် ပိုမိုရှင်းလင်းစွာ ပိုမိုလွယ်ကူလျင်မြန်စွာ ပေါက်မြောက်ကြသည်ကို ဖားအောက်တောရ၌ လက်တွေ့မြင်သိရပါသည်။

တစ်ဖန် လောကုတ္တရာပညာတွင် ပရိယတ်အသိဟူသော 'စာသိ' နှင့် ပဋိပတ် အသိဟူသော 'ဉာဏ်သိ' တို့သည် ကဏ္ဍကွဲနေကြပါသည်။ သိပ္ပံပညာတွင် 'စာတွေ့' နှင့် 'လက်တွေ့' တို့ ကွာခြားသည်ထက်ပင် ပို၍ကွဲပြားခြားနေပါသည်။ အကြောင်းသော်ကား သိပ္ပံပညာတွင် ကိုယ်တိုင် လက်တွေ့မလုပ်ဘဲ သူများ လက်တွေ့လုပ်နေသည်ကို ထိုင်ကြည့်နေလျှင်ဖြစ်စေ၊ သူများ လက်တွေ့လုပ်ထားသည်ကို လေ့လာလျှင်ဖြစ်စေ ထိုလက်တွေ့သဘောများကို သိနားလည်နိုင်ပါသည်။ ပဋိပတ်အလုပ်တွင်ကား ထိုသို့မဟုတ်ချေ။ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်သိနိုင်သည်။ သူတစ်ပါးလုပ်၍ သူမြင်သိထားသည်ကို သူဘယ်လိုပင် ရှင်းပြသော်လည်း သူ ထိုးထွင်း၍သိမြင်သလို နားထောင်သူက မမြင်သိနိုင်ပါ။

ပဋိပတ်အလုပ်ဖြင့် ထိုးထွင်း၍မြင်သိရသောအရာတို့ကား ပရမတ် ရုပ်တရား၊ ပရမတ်နာမ်တရားများနှင့် ထိုတရားတို့၏ အကြောင်းအကျိုး ဆက်နွယ်ကာ ဖြစ်ပျက်နေမှုများ ဖြစ်ကြ၏။ ဤသဘောတရားတို့သည် အလွန်တရာ သိမ်မွေ့ပြီး အလွန်နက်ရှိုင်းကျယ်ပြောလှပေ၏။ - မည်မျှသိမ်မွေ့သနည်းဟူမူ

www.burmeseclassic.com

www.burmeseclassic.com



အထက်မြက်ဆုံး သိပ္ပံအဏုကြည့်မှန်ပြောင်းဖြစ်သည့် အီလက်ထရွန် မိုက်ကရိစကုပ်ဖြင့် ကြည့်၍လည်း မမြင်နိုင်၊ အာကာသခေတ်ပေါ် သိပ္ပံကိရိယာများဖြင့် စမ်းသပ်၍လည်း မသိနိုင်အောင် သိမ်မွေ့လှပါသည်။ မည်မျှနက်ရှိုင်းသနည်းဟူမူ သဗ္ဗညုတဉာဏ်တော်ဖြင့် မြတ်စွာဘုရားသာ မဟောကြားခဲ့လျှင် မည်သည့်လူနတ်ဗြဟ္မာတို့မှ မမြင်သိနိုင်သော သဘောတရားများ ဖြစ်ကြပါသည်။ မည်မျှကျယ်ပြောသနည်းဟူမူ အစမရှိ အဆုံးမရှိသည့် သံသရာ တစ်လျှောက်လုံး၌ ကျင်လည်နေကြရသော အတိတ်, ပစ္စုပ္ပန်, အနာဂတ် သတ္တဝါအားလုံးတို့၏ ကြောင်းကျိုးဆက်စပ်၍ ဖြစ်ပျက်နေမှုများကို ရှင်းပြထားသော သဘောတရားများ ဖြစ်ကြပါသည်။

ထိုသဘောတရားတို့ကို မည်သည့်အတိုင်းအတာအထိ အသေးစိတ်၍ အမြင်ရှင်းအောင် သိဖို့လိုသနည်း။

ရုပ်တရား, နာမ်တရားတို့၏ သဘောတရားကို ပရမတ္ထသို့ အမြင်ဆိုက်အောင် သိဖို့လိုသည်။ ထိုရုပ်တရား, နာမ်တရားတို့၏ အကြောင်းအကျိုးစပ်၍ ဖြစ်ပျက်ပုံကိုလည်း ရှင်းရှင်းလင်းလင်း သိမြင်ဖို့လိုပါသည်။

ရုပ်တရား, နာမ်တရားတို့ကို ပရမတ်သို့ အမြင်ဆိုက်အောင် သိဖို့အတွက် ပရမတ်ရုပ် တစ်ခုစီနှင့် နာမ်တစ်ခုစီကို ပိုင်းခြား၍သိရှိရပေမည်။ ထိုသို့ပိုင်းခြားပြီး သိရှိရန်အတွက် ရုပ်တစ်ခုစီနှင့် နာမ်တစ်ခုစီ၏ ဖြစ်မှု ခေါ် ဥပါဒ်အစွန်းနှင့် ပျက်မှု ခေါ် ဘင်အစွန်းတို့ကို မြင်အောင်ကြည့်နိုင်ရမည်။ ရုပ်တရား, နာမ်တရားတို့သည် အလွန်လျင်မြန်စွာဖြစ်ပျက်နေကြသည်။ လက်ဖျစ်တစ်တွက်တွင် ရုပ်တရားတို့က ရှေ့ဆက် နောက်ဆက် ကုဋေပေါင်းများစွာ၊ နာမ်တရားတို့က ကုဋေတစ်သိန်းကျော် ဖြစ်ပျက်နေကြသည်။

စိတ်တစ်လုံး၏သက်တမ်းကို ဖြစ်, တည်, ပျက် ခဏငယ်သုံးချက်ဖြင့် တိုင်းတာသည်။ ရုပ်တရား, နာမ်တရားတို့၏ ဖြစ်ခိုက်အချိန်သည် ခဏငယ် တစ်ချက်သာကြာပြီး ပျက်ခိုက်အချိန်သည်လည်း ခဏငယ် တစ်ချက်သာ ကြာ၏။ ထိုဖြစ်ခိုက် ပျက်ခိုက်ဟူသည့် ခဏပစ္စုပ္ပန်အတွင်းမှာ ရုပ်တရား, နာမ်တရားတို့ကို ရှုမြင်နိုင်ပါမှ ရုပ်နာမ်တို့၏ သန္တတိဃနပြိုပြီး ပရမတ်သဘာဝကိုမြင်နိုင်သိနိုင်ပါသည်။

ထို့အပြင် ရုပ်တရားတို့သည် အနည်းဆုံး ရုပ်ရှစ်ခုပါသည့် ရုပ်ကလာပ်များအဖြစ်လည်းကောင်း၊ နာမ်တရားတို့သည်လည်း အနည်းဆုံး စိတ်နှင့် သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်လုံးတို့ ပါဝင်ကြသည့် နာမ်တရားရှစ်ခုအစု (ဝါ) နာမ်ကလာပ်များအဖြစ်လည်းကောင်း တစ်ပေါင်းတည်းဖြစ်ပျက်ကြရာ ထိုရုပ်

www.burmeseclassic.com

www.burmeseclassic.com



ကလာပ်၊ နာမ်ကလာပ်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ရုပ်တစ်ခုစီ, နာမ်တစ်ခုစီ၏ သဘာဝကို မြင်သိပါမှ သမူဟဃနပြိုပြီး ပရမတ္ထဆိုက်အောင် မြင်သိသည်မည်၏။

ပရမတ္ထဆိုက်အောင် မမြင်သိလျှင် ရုပ်ဃန, နာမ်ဃနဟူသည့် ရုပ်တုံး ရုပ်ခဲ၊ နာမ်တုံး နာမ်ခဲ ပညတ်သဘော မပြိုကွဲသဖြင့် အမှန်ကိုမြင်သိသည်ဟု မဆိုနိုင်ပါ။ ပရမတ္ထသို့ အသိဉာဏ်အမြင်ဆိုက်မှ ဃနပြိုပြီး အနတ္တအသိဉာဏ်ကို ရနိုင်သည်။ အနတ္တအသိဉာဏ်ကို ရမှ သစ္စာလေးပါးကို ထိုးထွင်းဉာဏ်ဖြင့် မြင်သိပြီး မဂ်ဖိုလ်ဆိုက်နိုင်သည်။

သို့အတွက် ရုပ်တရား နာမ်တရားတို့ကို ပရမတ်အခြေဆိုက်အောင် ထိုးထွင်းမြင်သိရန်အတွက် အထူးကိရိယာလိုအပ်သည်။ သတ္တုရိုင်းတစ်တုံးတွင် ပါဝင်ကြသည့် သတ္တုများ၏ အမျိုးအမည်များနှင့် အတိုင်းအတာပမာဏများကို သိလိုလျှင် အထူးခွဲခြမ်းစိတ်ဖြာကိရိယာများနှင့် ခွဲခြမ်းစိတ်ဖြာနည်းပညာတို့ကို အသုံးပြုရသည်။ ထို့အတူ ရုပ်နာမ်တို့ကို ခွဲခြမ်းစိတ်ဖြာရန် အထူးကိရိယာနှင့် နည်းပညာတို့ လိုအပ်သည်။ ထိုလိုအပ်သော ကိရိယာသည်ကား **'သမာဓိလက်နက်'** ဖြစ်ပြီး ထို လိုအပ်သော နည်းပညာမှာ **'ပဋိပတ်ကျင့်စဉ်တရား'** ပင် ဖြစ်သည်။

ဤစာအုပ်တွင် 'သမာဓိလက်နက်'ကို ထုထောင်ပုံနှင့် ထိုလက်နက် ကိရိယာကို အသုံးပြု၍ ရုပ်ကလာပ် နာမ်ကလာပ်များကို ခွဲခြမ်းစိတ်ဖြာပုံ၊ အကြောင်းတရား အကျိုးတရားများကို ရှာဖွေပုံ၊ ထိုရုပ်တရား, နာမ်တရား၊ အကြောင်းတရား, အကျိုးတရားတို့က အတိတ်, ပစ္စုပ္ပန်, အနာဂတ် ဟူသည့် ကာလသုံးပါးနှင့် အဇ္ဈတ္တ,ဗဟိဒ္ဓဟူသည့် သန္တာန်နှစ်ပါးတို့၌ အကြောင်းအကျိုးဆက်စပ်ကာ တစ်ရံမစဲ တသဲသဲဖြစ်ပျက်နေပုံ၊ ထိုသင်္ခါရတရားတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ ပေါ်လွင်ထင်ရှားလာအောင် ရှုမှတ်ပုံတို့ကို အပြည့်အစုံ ဖော်ပြထားပါသည်။ ဤတရားရှုနည်းတို့သည် ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာအဋ္ဌကထာ၊ ဋီကာစသည်တို့၌ ဖော်ပြထားသည့်နည်းများနှင့် ကိုက်ညီကြောင်းကိုလည်း ကျမ်းကိုးများနှင့်တကွ ဖော်ပြခဲ့ပါသည်။

ထို့အပြင် သင်္ခါရတရားတို့၏ အမှန်သဘောတို့ကို အဇ္ဈတ္တဟူသော မိမိခန္ဓာကိုယ်တွင်သာမက ဗဟိဒ္ဓဟူသည့် သတ္တဝါတို့၏ ခန္ဓာကိုယ်များနှင့် သက်မဲ့ဝတ္ထုများ၌လည်း ဉာဏ်ဖြင့်မြင်သိအောင် ရှုမှတ်ရပေဦးမည်။ မိမိနှင့် အခြားသက်ရှိသက်မဲ့တို့၏ ပစ္စုပ္ပန်ခန္ဓာကိုယ်များ၌သာမက အတိတ်နှင့် အနာဂတ်ခန္ဓာကိုယ်များ၌လည်း မြင်နိုင်သလောက်မြင်အောင် ဉာဏ်ဖြင့် လှမ်းကြည့်၍ရှုရမည်ဟု ကျမ်းဂန်များ၌ ညွှန်ကြားထားသည်နှင့်အညီ ဖားအောက်တောရ၌ လက်တွေ့ရှုတတ်အောင် နည်းပြပေးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကဟု ခေါ်ဆိုအပ်သော လောကသုံးပါး၌ ရုပ်နာမ်တရားတို့သည် ကြောင်းကျိုးစပ်ကာ အတိတ်ဘဝအဆက်ဆက်မှ ပစ္စုပ္ပန်ဘဝသို့တိုင်အောင်၊ ဤပစ္စုပ္ပန်မှ အနာဂတ်ဘဝအဆက်ဆက်သို့တိုင်အောင် ခဏမစဲ တသဲသဲဖြစ်ပျက်နေသည်ကို သံသယ ကင်းရှင်းစွာ ဉာဏ်မျက်စိဖြင့် ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား မြင်သိပါမှ အဝိဇ္ဇာခေါ် မောဟအမိုက်မှောင်ကြီးကို အကြွင်းမဲ့ ဖြိုခွဲပြီး လောဘတဏှာအား တွယ်တာရာမဲ့ဖြစ်စေကာ ထိုအဝိဇ္ဇာ, တဏှာတို့ကို အမြစ်ပါမကျန်အောင် တွန်းလှန်ဖြိုဖျက်နိုင်ပေမည်။

ဤသို့ မောဟ (အဝိဇ္ဇာ) နှင့် လောဘ (တဏှာ) ဟူသော သံသရာဝဋ်မြစ်နှစ်ပါးကို အမြစ်ပါမကျန်ကြွင်းရအောင် တွန်းလှန်ဖြိုဖျက်နိုင်ပါမှ သံသရာလည်စေသော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး ပျက်စီးကာ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည် ဖြစ်သတည်း။

ဤကား ပဋိပတ်ကျင့်စဉ်အတွက် ဉာဏ်ဖြင့်ထိုးထွင်း၍မြင်သိအောင် ရှုမှတ်ရမည့် လိုအပ်ချက်၊ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များ ဖြစ်ပေ၏။ ဤပဋိပတ်ပြဋ္ဌာန်းချက်များကို အောင်မြင်ပေါက်မြောက်အောင်ရှုမှတ်နိုင်လျှင် လောကုတ္တရာဘွဲ့လက်မှတ်ကို မချွတ်ကေန် အမှန်ရရှိမည်ဖြစ်သတည်း။

## ဘွဲ့နှင့် ထိုက်ထိုက်တန်တန်

တက္ကသိုလ်ဘွဲ့တစ်ခုခုကို ရရှိထားသူအားလုံးသည် ထိုဘွဲ့အတွက် ပြဋ္ဌာန်းထားသည့် သင်ရိုးစာအားလုံးကို ကျေကျေညက်ညက် သိနားလည်ခဲ့သည်ဟု မဆိုနိုင်ပေ။ ကျေကျေညက်ညက် သိနားလည်သူများရှိသလို စာမကျေဘဲ မှန်းဆ၍ကျက်မှတ်ထားသည်နှင့် မေးခွန်းတိုက်ဆိုင်သဖြင့် စာမေးပွဲ အောင်မြင်သွားကြသူများလည်း ရှိကြ၏။

သို့အတွက် ဘွဲ့လက်မှတ်ချင်း အဆင့်တူစေကာမူ ဘွဲ့ရသူတို့၏ အရည်အချင်းများကား မတူညီကြပေ။ ယေဘုယျအားဖြင့်သာ အရည်အချင်းတူညီသည်ဟု ဆိုနိုင်ပါသည်။

လောကုတ္တရာဘွဲ့၌ကား ပြဋ္ဌာန်းထားသော ရှုကွက်များအားလုံးကို ကျေကျေညက်ညက် ရှုမြင်သွားပါမှ နောက်ဆုံးသစ္စာလေးပါးကို ထိုးထွင်း၍မြင်သိနိုင်ပြီး မဂ်ဝီထိဖြစ်ပေါ်ကာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသည့် **'သောတာပန်ဘွဲ့'** ကို ရရှိနိုင်ပါသည်။ ရုပ်နာမ်ကြောင်းကျိုး သင်္ခါရတရားတို့၏ လက္ခဏာရေးသုံးပါးကို ရှင်းရှင်းလင်းလင်း မြင်သိပါမှ အရိယာသစ္စာလေးပါးကို မြင်သိနိုင်ပြီး သစ္စာလေးပါးကို မြင်သိပါမှ မဂ်ဆိုက်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သောတာပန်အဆင့်ရရှိသူအပေါင်းတို့သည် အရိယာသစ္စာလေးပါးကို ထိုးထွင်း၍မြင်သိသော (ဝါ) သောတာပတ္တိမဂ်ဆိုက်နိုင်သော အရည်အသွေးနှင့် ပြည့်စုံခဲ့သူများဖြစ်သည်ဟုဆိုရပေမည်။ သို့အတွက် ဤပုဂ္ဂိုလ်တို့သည် လောကုတ္တရာဘွဲ့နှင့် ထိုက်တန်သူများဖြစ်သည်ဟု သတ်မှတ်ရပေမည်။

ဤတွင်လည်း သောတာပန်များအားလုံးသည် အရိယာသစ္စာလေးပါးကို ထိုးထွင်း၍မြင်သိခဲ့ကြသော်လည်း အရည်အသွေးချင်းကား တူညီကြမည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အတိတ်က ပါရမီချင်းမတူညီကြသည့်အပြင် ဤဘဝ၌ ပဋိပတ်ကျင့်စဉ်များကို အားထုတ်ရာ၌ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟူသော ဣန္ဒြေတို့၏ အရည်အသွေးချင်း ကွာခြားမှုရှိနိုင်သောကြောင့် ဖြစ်၏။ မြတ်စွာဘုရားလက်ထက်တော်၌ ဧတဒဂ်ဘွဲ့များ ချီးမြှင့်ခဲ့သည်ကို ထောက်ရှု၍ သာဝကများ အရည်အသွေးမတူကြသည်ကို သိရှိနိုင်ပါသည်။

သို့စေကာမူ ပဋိပတ်ကျင့်စဉ်တစ်လျှောက်လုံး၌ ယောဂီတို့၏ တွေ့မြင်ပုံချင်းကား ဆင်တူကြလိမ့်မည်။ အကြောင်းကား စိတ်, စေတသိက်, ရုပ်တို့သည် ပရမတ်တရားများ ဖြစ်ကြသည်နှင့်အညီ မိမိတို့၏ ပင်ကိုသဘောမှ မည်သည့်အခါမျှ မဖောက်ပြန်မသွေဖည်ဘဲ တစ်မျိုးတစ်စားတည်းသော နိယာမများကို လိုက်နာလျက် တည့်တည့်မတ်မတ် မှန်မှန်ကန်ကန် ဖြစ်ပျက်နေသောကြောင့်ပေတည်း။

သို့အတွက် ပုဂ္ဂိုလ်အသီးသီး၌ ရှိကြသော စိတ်, စေတသိက်, ရုပ်တို့သည် ပုံစံတစ်မျိုးတည်းဖြင့် ကြောင်းကျိုးစပ်ကာ ဖြစ်ပျက်နေကြသည်။ ယောဂီတစ်ဦးက ဥပစာရသမာဓိအဆင့်သို့ သမာဓိကို ထူထောင်နိုင်သဖြင့် သူ၏နှလုံးမှစ၍ ထက်မြက်စူးရှသော ဉာဏ်အလင်း ထွက်ပေါ်လာလျှင် အခြားယောဂီတို့သည်လည်း ဥပစာရသမာဓိအဆင့်သို့ ရောက်သော် အလားတူသည့်ဉာဏ်အလင်းကို မြင်တွေ့ကြရပေမည်။ ယောဂီတစ်ဦးက ဈာန်ဝင်စား၍ ကာမဂုဏ်ချမ်းသာထက် သာလွန်သည့် ဈာန်ချမ်းသာကို ခံစားနေရလျှင် အခြားယောဂီတို့သည်လည်း ဈာန်ဝင်စားနိုင်ကြသောအခါ ထူးခြားသော ဈာန်ချမ်းသာကို အလားတူစွာ ခံစားကြရပေမည်။ သို့သော် ဣန္ဒြေအဆင့်အတန်းကိုလိုက်၍ ဈာန်အဆင့်အတန်း ဉာဏ်အလင်းအဆင့်အတန်း ကွာခြားမှုကား ရှိမည်ဖြစ်သည်။

တစ်ဖန် ယောဂီတစ်ဦးက ရုပ်ကလာပ် နာမ်ကလာပ်များကို ဖောက်ခွဲနိုင်သဖြင့် ရုပ်တစ်လုံးစီ နာမ်တစ်လုံးစီ၏ သဘောလက္ခဏာများကို ပိုင်းခြား၍ သိနိုင်သော နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိသော် အခြားယောဂီများလည်း ရုပ်နာမ်တို့ကို အလားတူ ရှုသိပြီး သိမ်းဆည်းနိုင်သည့်အခါ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်ဟု ဆိုနိုင်ပါသည်။ ယောဂီတစ်ဦးက ရုပ်နာမ်တို့၏ အကြောင်းတရားများကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်အညီ အတိတ်,ပစ္စုပ္ပန်,အနာဂတ် ကာလသုံးပါး၌ ဆက်စပ်၍ သိမ်းဆည်းနိုင်သဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရလျှင် အခြားယောဂီများကလည်း အကြောင်းတရားများကို အလားတူသိမ်းဆည်းနိုင်ကြသောအခါ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိကြသည်ဟု ဆိုနိုင်ပါသည်။

ထို့အတူ ပိဋကတ်ကျမ်းဂန်များတွင် မည်သည့်ရုပ်နာမ်သဘောများကို မည်သို့ရှုသိနိုင်လျှင် မည်သည့်ဝိပဿနာဉာဏ်ဖြစ်ပေါ်သည်ဟု သတ်မှတ်ထားသည်နှင့်အညီ ယောဂီတို့က ထိုရုပ်နာမ်သဘောများကို ညွှန်ပြထားသည့်အတိုင်း တကယ်ရှုသိလျှင် သတ်မှတ်ထားသော ဝိပဿနာဉာဏ်ကို ရရှိသည်ဟု ဆိုနိုင်ပါသည်။

ဝိပဿနာဉာဏ်များသည် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်စသည်ဖြင့် အစီအစဉ်အတိုင်းသာ ဖြစ်ပေါ်သွားရသည်။ ဉာဏ်ကျော်၍ဖြစ်ရိုးမရှိချေ။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို မရရှိဘဲနှင့် ရုပ်နာမ် ကြောင်းကျိုးတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ် သုံးချက်တစ်လှည့်စီတင်၍ အဇ္ဈတ္တတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့် မရှုနိုင်ပါ။ ထိုသို့မရှုနိုင်ဘဲနှင့် သမ္မသနဉာဏ် မဖြစ်ပေါ်နိုင်ပါ။

ထို့အပြင် ရုပ်နာမ်ကြောင်းကျိုးသင်္ခါရတရားတို့ကို ပစ္စယတောဥဒယဗ္ဗယဒဿန = အကြောင်းအားဖြင့် ဖြစ်ပျက်ရှုနည်း၊ ခဏတောဥဒယဗ္ဗယဒဿန = ခဏပစ္စုပ္ပန်သို့ဆိုက်အောင် အဖြစ်အပျက်ရှုနည်း ဤနည်းနှစ်မျိုးဖြင့် လက္ခဏာယာဉ် သုံးချက် တစ်လှည့်စီတင်၍ မရှုမြင်နိုင်လျှင် ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်သည်ဟု မဆိုနိုင်ပါ။ ဥဒယဗ္ဗယဉာဏ်မရောက်ဘဲနှင့် ဩဘာသ စသည့် ဥပက္ကိလေသများ မဖြစ်ပေါ်နိုင်ပါ။ ဥဒယဗ္ဗယဉာဏ် ဦးစွာမရဘဲနှင့် ပညတ်ရုပ်ကလာပ်များ ပျောက်ပျက်နေသည်ကို မြင်ရရုံဖြင့် ဘင်္ဂဉာဏ်ရောက်သည်ဟု မဆိုနိုင်ပါ။ ဘင်္ဂဉာဏ်ကိုပင် မရသေးလျှင် သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ ရောက်ဖို့ရန်ကား အဝေးကြီးပင် ကွာလှမ်းနေချေသေးသည်။

သို့အတွက် ပိဋကတ်ကျမ်းဂန်များတွင် သတ်မှတ်ထားသည်နှင့်အညီ ဝိသုဒ္ဓိအဆင့်ဆင့် ဉာဏ်စဉ်အဆင့်ဆင့် ပုံစံမှန်မြင့်တက်သွားမှသာလျှင် ဝိပဿနာလမ်းဆုံးသည့်အခါ၌ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဟူသောအမြင့်ဆုံးပန်းတိုင်သို့ ရောက်ရှိသွားနိုင်ပေမည်။ သင်္ခါရုပေက္ခာဉာဏ်မှတစ်ဆင့် အနုလောမဉာဏ်ဖြစ်ပေါ်ပြီး၊ နိဗ္ဗာန်ကို ဂေါတြဘုဉာဏ်ဖြင့် လှမ်းမြင်ပြီးသည့်နောက်၌ကား မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ မဖြစ်ပေါ်၍မရတော့ပါ။ ဖြစ်ကိုဖြစ်ရပေတော့မည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားများ ပြည့်စုံသောအခါ အကျိုးတရားများ ကေန်ဖြစ်ရမည် သာတည်း။

## ဝိမောက္ခ ၃-ပါး

ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းဟူသော မဂ်ဖိုလ်တရားကို **ဝိမောက္ခ** ဟု ခေါ်၏။

မဂ်ဖိုလ်သို့ရောက်အောင် ပို့ဆောင်ပေးသော ဝိပဿနာတရားသည် မဂ်ဖိုလ်တည်းဟူသော ဝိမောက္ခသို့ဝင်ရောက်ဖို့ရာ တံခါးပေါက်နှင့်တူသဖြင့် ထို ဝိပဿနာတရားကို **ဝိမောက္ခမုခ** ဟု ခေါ်၏။

ဝိမောက္ခမုခ သုံးပါးရှိ၏။ ၎င်းတို့မှာ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာနှင့် အနတ္တာနုပဿနာတို့ဖြစ်ကြ၏။

မဂ်ဖိုလ်သို့ ဝင်ရောက်ရာတံခါးပေါက်ကို အကြောင်းပြု၍ မဂ်ဖိုလ်ဟူသော ဝိမောက္ခကိုလည်း သုံးမျိုးခွဲခြား၍အမည်ပေးထား၏။

(၁) **အနိမိတ္တဝိမောက္ခ** – ရုပ်နာမ်ကြောင်းကျိုး သင်္ခါရတရားတို့ကို အနိစ္စ အနိစ္စဟု အနိစ္စာနုပဿနာဖြင့် တွင်တွင်ရှုပွားသဖြင့် ရုပ်နာမ်တရားတို့၌ 'နိမိတ္တ' ခေါ် ပုံသဏ္ဌာန်မရှိကြောင်းကို ဉာဏ်ဖြင့်မြင်သိ၍ ကိလေသာမှ လွတ်မြောက်သွားသော မဂ်ဖိုလ်ကို အနိမိတ္တဝိမောက္ခဟု ခေါ်၏။

BURMESE CLASSIC .com

(၂) **အပ္ပဏိဟိတဝိမောက္ခ** – ရုပ်နာမ်ကြောင်းကျိုး သင်္ခါရတရားတို့ကို ဒုက္ခ–ဒုက္ခဟု ဒုက္ခာနုပဿနာဖြင့် တွင်တွင်ရှုပွားသဖြင့် ရုပ်နာမ်တရားတို့၌ 'တဏှာ'ဖြင့် တောင့်တအပ်သည့် 'သုခ' မရှိကြောင်းကို ဉာဏ်ဖြင့်မြင်သိ၍ ကိလေသာမှ လွတ်မြောက်သွားသော မဂ်ဖိုလ်ကို အပ္ပဏိဟိတဝိမောက္ခဟု ခေါ်၏။

(၃) **သုညတဝိမောက္ခ** – ရုပ်နာမ်ကြောင်းကျိုး သင်္ခါရတရားတို့ကို အနတ္တ အနတ္တဟု အနတ္တာနုပဿနာဖြင့် တွင်တွင်ရှုပွားသဖြင့် ရုပ် နာမ်တရားတို့၌ 'အတ္တ' မရှိဟု ဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သွားသော မဂ်ဖိုလ်ကို သုညတဝိမောက္ခဟု ခေါ်၏။

ဤသို့ မဂ်ဖိုလ်သို့ဝင်ရောက်ရာတံခါးဝကို စွဲ၍ ဝိမောက္ခ သုံးမျိုးဟု ခွဲထားသော်လည်း မျက်မှောက်ပြုရသော မဂ်ဖိုလ်မှာ အတူတူပင်ဖြစ်၏။ ဥပမာဆောင်ပြရသော် ရွှေတိဂုံဘုရားရင်ပြင်ပေါ်သို့ စောင်းတန်းလေးသွယ်မှ တက်ရောက်နိုင်သဖြင့် လူတစ်ယောက်က "ကျွန်ုပ် အရှေ့စောင်းတန်းက တက်လာတယ်"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က "ကျွန်ုပ် အနောက်စောင်းတန်းက တက်လာတယ်" စသည်ဖြင့် အချင်းချင်းပြောဆိုနိုင်ကြပါသော်လည်း ရွှေတိဂုံဘုရားရင်ပြင်တော်မှာ တစ်ခုတည်းသာ ဖြစ်သကဲ့သို့တည်း။

ဖားအောက်တောရယောဂီများသည် ရုပ်နာမ်ကြောင်းကျိုးသင်္ခါရတရားတို့ကို အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့် တွင်တွင်ကြီးလှည့်ပတ်၍ ရှုနေသည့်အခါ အချို့က အနိစ္စ၊ အနိစ္စဟု တင်ရှုခိုက် ရုပ်နာမ်များ ချုပ်ငြိမ်းသွားကြပြီး အငြိမ်းဓာတ်ကို မြင်တွေ့ကြ၏။ အချို့က ဒုက္ခ–ဒုက္ခဟု တင်ရှုခိုက် ရုပ်နာမ်များ ချုပ်ငြိမ်းသွားကြပြီး အငြိမ်းဓာတ်ပေါ်လာ၏။ အချို့က အနတ္တ–အနတ္တဟု တင်ရှုခိုက် မဖြစ်မပျက်နယ်သို့ ရောက်ပြီး ငြိမ်းအေးမှုကို ခံစားကြရ၏။ ဤကား ဝိမောက္ခသုံးပါးနှင့် ညီညွတ်သည်ကို ဖော်ပြ၏။

ထိုသို့မဖြစ်မပျက်သည့် အသင်္ခတနယ်သို့ ရောက်ရှိသွားပြီးသည့်နောက် ယောဂီတို့သည် မည်သည့်တရား (ရုပ်တရား/နာမ်တရား/အကြောင်းတရား/အကျိုးတရား) ကို မည်သည့်သန္တာန် (အဇ္ဈတ္တ/ဗဟိဒ္ဓ) ၌ မည်သည့်ကာလ (အတိတ်/ပစ္စုပ္ပန်/အနာဂတ်) ဝယ် မည်သည့်လက္ခဏာ (အနိစ္စ/ဒုက္ခ/အနတ္တ) ကို တင်ရှုခိုက် ရုပ်နာမ်များ ချုပ်ငြိမ်းသွားကြသည်ကို ပစ္စဝေက္ခဏာဝီထိများဖြင့် ပြန်လည်ဆန်းစစ်ကြရ၏။ ထို့အပြင် ရုပ်နာမ်ချုပ်ငြိမ်းပြီး အငြိမ်းဓာတ်ကို မျက်မှောက်ပြုနေသော စိတ်၌ နာမ်တရားဘယ်နှစ်လုံးပါရှိသည်ကိုလည်း ဆန်းစစ်ကြရ၏။

BURMESE CLASSIC .com

ဥပမာ– ပထမဈာန်ကိုအခြေခံ၍ မဂ်ဆိုက်သောပုဂ္ဂိုလ်၏ မဂ်စိတ်တွင် သိစိတ် ၁၊ အညသမာန်းစေတသိက် ၁၃၊ သောဘဏသာဓာရဏစေတသိက် ၁၉၊ ဝိရတိစေတသိက် ၃၊ ပညာစေတသိက် ၁ ဟူ၍ စုစုပေါင်း နာမ်တရား ၃၇–လုံးရှိမည်။ ဒုတိယဈာန်အခြေခံသော မဂ်စိတ်တွင် ဝိတက်၊ ဝိစာရတို့ လျော့သွားသဖြင့် နာမ်တရား ၃၅ လုံးရှိမည်။ တတိယဈာန် သို့မဟုတ် စတုတ္ထဈာန် အခြေခံသော မဂ်စိတ်တွင် ပီတိပါ ထပ်လျော့သွားသောကြောင့် နာမ်တရား ၃၄ လုံးရှိမည်။

မဂ်စိတ်နောက်၌ ကပ်၍ဖြစ်ပေါ်ကြသော ဖိုလ်စိတ်များတွင် နာမ်တရားအရေအတွက်သည် ရှေ့မဂ်စိတ်၏ နာမ်တရားအရေအတွက်နှင့် တူညီလိမ့်မည်။ သို့ရာတွင် ယောဂီသည် နောက်ကာလ၌ ဖိုလ်ဝင်စားသည့်အခါ မိမိနှစ်သက်ရာ ဈာန်အမျိုးမျိုးကိုအခြေခံ၍ ဝင်စားနိုင်သဖြင့် ဖလသမာပတ်အတွင်းရှိ ဖိုလ်စိတ်တွင်ပါဝင်သော နာမ်တရားအရေအတွက်မှာ ဈာန်နှင့်အညီ ပြောင်းလဲသွားလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ပထမမဂ်ဖိုလ်သို့ဆိုက်ရောက်စဉ်က မည်သည့်ဝိမောက္ခမုခဖြင့် ဝင်ရောက်ခဲ့သည်ဖြစ်စေ၊ ဖိုလ်ဝင်စားသောအခါ၌ ယောဂီသည် မိမိကြိုက်ရာတရားကို မိမိနှစ်သက်သည့် အနုပဿနာဖြင့် ရှုပွားပြီး ဝင်ရောက်နိုင်ပါသည်။ ဥပမာ– အဖြူရောင်ကသိဏ်းတွင် စတုတ္ထဈာန်ဝင်စားပြီးနောက် ထိုဈာန်တွင် ပါဝင်သည့် နာမ်တရားများကို အနိစ္စ, ဒုက္ခ, အနတ္တ တစ်လှည့်စီတင်၍ ရှုပွားခြင်းဖြင့် ဖိုလ်ဝင်စားသည့်အမှုကို ပြုလုပ်နိုင်ပါသည်။

## အမြတ်ဆုံးပန်းတိုင်တောင်ပိုင်

အမြတ်ဆုံးပန်းတိုင်ကား အပါယ်တံခါးကို ပိတ်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကာ အတုမဲ့နိဗ္ဗာန်ချမ်းသာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ရေးပင် ဖြစ်၏။

ထိုပန်းတိုင်သို့ရောက်ရန် ယနေ့ဖောက်ချပြီးလုပ်ရမည့်အလုပ်ကား သမထ ဝိပဿနာအားထုတ်ခြင်း ဖြစ်၏။

လျှောက်လှမ်းသွားရမည့်ခရီးလမ်းကား မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားဟူသော မဇ္ဈိမပဋိပဒါလမ်းကြောင်းဖြစ်၏။

BURMESE CLASSIC .com

လမ်းကြောင်းတကာတို့တွင် မအိုရာ၊ မနာရာ၊ မသေရာနိဗ္ဗာန်သို့ ရောက်စေတတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဤမဂ်လမ်းကြောင်းသည် အေးကင်း၍ အမြတ်ဆုံးသောလမ်းကြောင်း ဖြစ်ပေ၏။

ထိုမဂ်လမ်းမကြီးသည် ယနေ့သင်၏ရှေ့မှောက်ဝယ် ဖြောင့်ဖြောင့်မတ်မတ် ပြတ်ပြတ်သားသား ထူးခြားအံ့သြစဖွယ်ရပ်တည်နေပေ၏။ ဤမဂ်လမ်းမသည် အမြင့်ဆုံးပန်းတိုင်သို့ ဦးတည်သွားသော်လည်း ဧဝရက်တောင်တက်လမ်း ကဲ့သို့ ရေခဲပြင်နှင့် ဆီးနှင်းထုတို့ ဖုံးလွှမ်းနေသော အေးအန္တရာယ်ပေါ်များသဖြင့် အသက်စွန့်ကာ တက်လှမ်းရသောလမ်းမျိုး မဟုတ်။ ကျောက်လှေကားထစ်များကို ညီညီညာညာ ထွင်းထားဘိသို့ ဉာဏ်မျက်စိဖြင့် ထင်ထင်ရှားရှား မြင်သိပြီး လှမ်းတက်သွားနိုင်သော လမ်းမကြီး ဖြစ်၏။ လမ်းဘေးတစ်လျှောက်တွင် ပီတိ ပဿဒ္ဓိ၊ သုခ၊ သမာဓိပန်းအလှများ ဖူးပွင့်ဝေဆာလျက် အာကာသယာဉ်ထက် ပို၍ငြိမ့်ညောင်းသာယာသည့် ဈာန်ယာဉ်ကို စီးလျက် ချမ်းချမ်းသာသာ ခရီးသွားနိုင်သော လမ်းမကြီး ဖြစ်ပေသည်။

လသာခိုက် ဗိုင်းငင်၍ အခွင့်ကောင်းကို အသုံးပြုတတ်ကြသောသူအပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဤမဂ်လမ်းကြောင်းအတိုင်း ခရီးနှင်၍ အမြတ်ဆုံးပန်းတိုင်သို့ ရောက်သွားကြလေပြီ။

ဤမဂ်လမ်းမအတိုင်း ချမ်းသာလွယ်ကူစွာ ခရီးသွားနိုင်ရေးအတွက် သိပ္ပံနည်းကျ၍ လက်တွေ့ကျပြီး အောင်ပွဲရပြီးသော နည်းပညာကို ဤစာအုပ်တွင် သင့်အား မခြွင်းမချန် မထိမ်ချန်ဘဲ မှန်ကန်ပြည့်စုံစွာ ဖွင့်ပြထားလေပြီ။

ဤနည်းပညာသည် ပိဋကတ်ကျမ်းဂန်များနှင့် ပြည့်ပြည့်စုံစုံ ကိုက်ညီလျက် ဗုဒ္ဓဝါဒနည်းကျ နည်းမှန်လမ်းမှန်ဖြစ်သဖြင့် သိကြားမင်း၏ ဝရဇိန်လက်နက်ကဲ့သို့ အလွန်တရာထက်မြက်စူးရှလှပေ၏။ ယနေ့လက်တွေ့အားထုတ်ကြည့်လျှင် လက်ငင်းဒိဋ္ဌ အကျိုးခံစားရမည်ဖြစ်သည်။

သင်၏ မမြဲ ဆင်းရဲသော ခန္ဓာအစဉ်ကို စွန့်၍ ထာဝရတည်မြဲပြီး အတုမဲ့ချမ်းသာသော နိဗ္ဗာန်သို့ လှမ်းဝင်လေလော့။

သင်၏ အနှစ်အသားကင်းမဲ့သော ခန္ဓာအစဉ်ကို စွန့်ပယ်ပြီး အနှစ်အသားပြည့်သည့် နိဗ္ဗာန်ချမ်းသာနှင့် လဲလှယ်ယူပါလော့။

လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသ မီးတို့ဖြင့် တညီးညီးတပြောင်ပြောင် တောက်လောင်နေသော ဘဝသံသရာဝဋ်ဆင်းရဲကြီးမှ ရဲဝံ့စွာရုန်းထွက်ပြီး ထာဝရငြိမ်းချမ်းသည့် နိဗ္ဗာန်အေးရိပ်သာတွင် ခိုလှုံပါလော့။

အမြတ်ဆုံးပန်းတိုင်သည် သင်လက်လှမ်းမီနိုင်သော လက်တစ်ကမ်းအလိုတွင် တည်ရှိနေပေ၏။

စိတ်ဓာတ်ခိုင်ခိုင် ကျင့်နည်းပိုင်ပိုင်ဖြင့် အမြတ်ဆုံးပန်းတိုင်သို့ ရွှင်လန်းချမ်းမြေ့စွာ မြန်မကြာတက်လှမ်းနိုင်ကြပါစေသော်။

●●●

www.burmeseclassic.com

www.burmeseclassic.com



## ဆုမွန်

ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့ လင်းစေသော်။
ဗုဒ္ဓဟောကြား၊ မြတ်တရား၊ ရှည်လျားကာလ တည်စေသော်။
ဗုဒ္ဓလမ်းစဉ်၊ ရှစ်မဂ္ဂင်၊ ပီပြင်တိကျ နှံ့စေသော်။
ကမ္ဘာငြိမ်းချမ်း၊ မဂ္ဂင်ပန်း၊ ဆင်မြန်းနိုင်ကြပါစေသော်။
ဘဝငြိမ်းချမ်း၊ နိဗ္ဗာန်လမ်း၊ ကြွလှမ်းနိုင်ကြပါစေသော်။
မြတ်ဆုံးပန်းတိုင်၊ ကေန်ပိုင်၊ ယူနိုင်ရနိုင်ကြစေသော်။

၁၈-၁-၉၅ ဒေါက်တာမင်းတင်မွန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ကျမ်းကိုးစာရင်း


၁။ သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေသော ဆဋ္ဌ သင်္ဂါယနာတင် ပိဋကတ်တော် မြန်မာပြန်များ။

၂။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော ဒီပနီကျမ်းများ။

၃။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတအရှင်ဇနကာဘိဝံသ မထေရ် ရေးသား စီရင်တော်မူသော အခြေပြုသင်္ဂြိုဟ်ဘာသာဋီကာ၊ ဓမ္မစကြာတရား တော် စသည့်ကျမ်းများ။

၄။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်အရှင်သောဘန မထေရ် ရေးသားစီရင်တော်မူသော ဝိသုဒ္ဓိမဂ်မြန်မာပြန် ၄-ကျမ်း၊ ဝိပဿနာရှုနည်းကျမ်း စသည့်ကျမ်းများ။

၅။ ကျိုက်ထိုမြို့ ဘုရားသုံးဆူဆရာတော် အရှင်နန္ဒမာလာမထေရ် မြန်မာ ပြန်ဆိုတော်မူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာသုံးကျမ်း။

၆။ ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော် ရေးသားစီရင်တော်မူသော ဓိနတ္ထပကာသနီကျမ်း။

၇။ သစ္စာဒီပကာ မူလဓမ္မာစရိယဆရာ ဦးကြည် ရေးသားစီရင်သော အရိ ယာလမ်း မဂ်စခန်း၊ မဟာဒုက္ခက္ခန္ဓသုတ်အဖွင့် စသည့်စာအုပ်များ။

၈။ ပိဋကတ်မြန်မာပြန်အဖွဲ့၏ ကျမ်းဦးအမော်။

၉။ ဓမ္မာစရိယဦးဌေးလှိုင်ရေးသားစီရင်သော ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ၊ သီဟိုဠ်သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ အနာဂါမ် ဆရာ သက်ကြီး စသည့်စာအုပ်များ။

၁၀။ ဦးမင်းရှိန် ရေးသားစီရင်သည့် "အပ္ပနာဈာန်လမ်း-ကိုယ်တိုင် အား ထုတ်သော သမထလက်တွေ့သိပ္ပံနည်း"။

၁၁။ ဒေါက်တာမင်းတင်မွန်ရေးသားစီရင်သည့် ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်၊ ရှေးဘဝ-နောက်ဘဝ-သိပ္ပံနည်းကျအထောက်အထားများ စသည့် စာအုပ်များ။

၁၂။ ကျေးဇူးရှင် ဖားအောက်တောရဆရာတော် အရှင်အာစိဏ္ဏရေးသား စီရင်တော်မူသော မာတိကမ္မဋ္ဌာန်း ရှုပွားနည်း-ရုပ်ကမ္မဋ္ဌာန်းပိုင်း၊ နာမ်ကမ္မဋ္ဌာန်းပိုင်း၊ ပဋိစ္စသမုပ္ပါဒ်ကမ္မဋ္ဌာန်းပိုင်း၊ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် ကမ္မဋ္ဌာန်းပိုင်း၊ ဝိပဿနာကမ္မဋ္ဌာန်းပိုင်း၊ ဤကမ္မ ဋ္ဌာန်းလမ်းညွှန်ချက်တို့ကို အဓိကထား၍ မှီငြမ်းထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

ဤဓမ္မရတနာစာအုပ်များကို ဖတ်ရှုလေ့လာလျှင်
ကြီးကျယ်သော ဓမ္မသဘဝနကာသိုလ်နှင့်
ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာကို ရရှိမည်ဖြစ်သည်။

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။

၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်လိုစောင့်ရှောက်မလဲ။

၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့် အမြတ်ဆုံး ရတနာ ဖြစ်သလဲ။

၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျဘူး။

၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာ ပြန်ရိုက်ရသော စာအုပ်။

၆။ **ဘဝ လမ်းနှစ်သွယ်** – သုဂတိ အလင်းလမ်းနှင့် အပါယ်ဒုဂ္ဂတိလမ်း ဘယ်လိုလှမ်း?

၇။ **ဘဝ ချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံး ချမ်းသာတွေက ဘာလဲ ။

BURMESE CLASSIC .com

၈။ **ဖားအောက်တောရ မိတ်ဆက်** – ဗုဒ္ဓအလိုတော်ကျ သမထ ဝိပဿနာ ရှုနည်းက?

၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာရေးခြားကြဖို့။

၁၀။ **မေတ္တာနှင့်သစ္စာ သရုပ်ဖော်** – အလှဆုံးတရားနှင့် အမြတ်ဆုံးတရားတို့ကို လက်တွေ့ကျင့်ဖို့။

၁၁။ **မေတ္တာနှင့်သစ္စာအဖွင့်** – တစ်လောကလုံးကိုအလှပုံဖော်စေ, မြင့်မြတ်စေသော တရားနှစ်ပါး။

၁၂။ **တော်ကူးဝိပဿနာဂုဏ်ထူးဆောင်** – ထူးဆန်းစွာ ရောဂါ ပျောက်ခြင်းများ

၁၃။ **ဆေးမကုဘဲ ငြိမ်းအေးနည်း** – ကျန်းမာချမ်းသာစွာ နေနိုင်သည့် တရား ရှုနည်း။

၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အံကျိုးကြီးအောင် ဘယ်လိုလှူဒါန်း ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com

၁၅။ **မြတ်သီလ**– အလှဆုံး တန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်စာရိတ္တ၊ လိုတိုင်းရစေ။

၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း ဘာဝနာ ရှုနည်းများ။

၁၇။ **ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာသိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲလက်စွဲ။

၁၈။ **ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်** – The Aim and Way of Life.

၁၉။ **ဗုဒ္ဓဘာသာစာရိတ္တနှင့် ကျင့်ဝတ်များ** – Buddhist Ethics and Duties.

၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.

၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.

၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of The Buddha.

၂၃။ **တော်ကူးဆရာတော် ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား** – တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။

၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ** – အတိတ်ဘဝတွေကို ဘယ်လိုသိနိုင်သလဲ။

၂၅။ **အမြတ်ဆုံးပန်းတိုင် နေကန်ပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော တရားရှုနည်း။

၂၆။ **တက္ကသိုလ် အဘိဓမ္မာ ပေါင်းချုပ်** – ဗုဒ္ဓဒဿန အဘိဓမ္မာကို အရှင်းဆုံး တင်ပြထားသည့် စာအုပ်။
စာသင်သားများအား အဘိဓမ္မာ အထောက်အကူပြု။

၂၇။ **The Essence of Buddha - Abhidhamma** – ဗုဒ္ဓ အဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။

၂၈။ **Good English** – အင်္ဂလိပ်စာကို တတ်အောင် တော်အောင် သင်ပြမယ့်စာအုပ်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသားလက်စွဲ။

၂၉။ **ယဉ်ကျေးလိမ္မာ ရင်သွေးကျွှာ** (အိတ်ဆောင်)– မူ–လယ်–ထက် စာရိတ္တ ပညာ လက်စွဲ။

၃၀။ **တော်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှု ရယူနည်း။

၃၁။ **ဖားအောက်တောရ မိတ်ဆက်** (အိတ်ဆောင်) – သမာဓိ ပြည့်မီအောင် ထူထောင်၍ ပရမတ်တရားများကို မြင်အောင် ဝိပဿနာရှုနည်း။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၃၂။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချ ကြီးပွားတိုးတက်မည်။

၃၃။ **အဘိဓမ္မမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး** – သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး။

၃၄။ **သောက, ဒေါသ, အဗ္ဗ ဘဝအခက်အခဲဟူသမျှ ကျော်လွှားအံ့** – How to Live without Fear and Worry (I).

၃၄။ **ပျော်ရွှင်အောင်မြင်သော နေထိုင်နည်း** – How to Live without Fear and Worry (II).

၃၅။ **ခေတ်အမြင်နှင့် သိမှတ်စရာ ဗုဒ္ဓဘာသာအကျဉ်း** – Buddhism in Nutshell.

၃၆။ **အမြတ်ဆုံးပန်းတိုင် စကန်ပိုင် (ဒုတိယတွဲ)** – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော ဝိပဿနာရှုနည်း။

၃၇။ **ဗုဒ္ဓစကားတော်** – The Word of the Buddha.

တရားကို ပေးလှူခြင်းသည် အမြတ်ဆုံးအလှူဖြစ်သည်။
တရားအရသာသည် အမွန်မြတ်ဆုံး အရသာ ဖြစ်သည်။
တရားနှင့် မွေ့လျော်ခြင်းသည် အကောင်းဆုံးမွေ့လျော်ခြင်းဖြစ်သည်။
တရားကို သိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံး ချမ်းသာကို ရယူနိုင်ကြပါစေ။

မြမွန်ရတနာ စာပေ
၁၅/၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀

www.burmeseclassic.com